INDEX.

BURMA ACTS 1959.

I - The State Timber Board (Amendment) Act 1959

II - The States (Extension of Laws) (Amendment) Act

III - The Supplementary Appropriation Act 1959

IV - The Constitution (Amendment) Act 1959

V - The Powers and Privileges of Parliament and Members of Parliament Act (D)

VI - The Union of Burma Applied Research Institute Board (Temporary Amendment) Act 1959 (B)

VII - The National Service Act, 1959 (B)

VIII - The Foreign Exchange Regulation (Amendment) Act 1959

IX - The University of Rangoon (Amendment) Act 1959

X - The Constitution (Second Amendment) Act 1959.

XI - The Rangoon Port (Amendment) Act 1959

XII - The Auditor-General (Amendment) Act (B)

XIII - The Code of Criminal Procedure (Amendment) (Repeal) Act 1959

XIV - The International Monetary Fund and Bank (Amendment) Act 1959 (B)

XV - The Supplementary Appropriation Act 1959 (B)

XVI - The Suppression of Bribery and Corruption (Amendment) Act 1959 (B)

XVII - The Rangoon Police (Amendment) Act 1959

XXXV - The Parliamentary of the Union of Burma (Salaries of the Speakers and Deputy Speakers of the Chamber of Nationalities and Chamber of Deputies (Amendment) Act 1959

XXXVI - The Land Revenue (Repealing) Act 1959

XXXVII - The Prohibition of Smoking in Places of Entertainments Act

XXXVIII - The Trade Unions (Amendment) Act

XXXIX - The Union Constitution Protection Act 1959 (B)

XL - The Printers and Publishers Registration Act 1959 (B)

XLI - The Union of Burma Investment Act 1959 (B)

XLII - The Union Ministers (Salaries and Allowances) (Amendment) Act 1959 (B)

XLIII - The Burma Army Act 1959 (B)

XLIV - The City of Rangoon (Amendment) Act 1959

XLV - The Shan State Criminal Law and Procedure Extension Act 1959 (B)

XLVI - The Democratic Local Administration (Amendment) Act 1959 (B)

XLVII - The Moulmein Kaladan Soortee Bazar Municipalisation (Amendment) Act 1959 (T)

XLVIII - The Burma Companies (Amendment) Act 1959

XLIX - The Soortee Bara Bazar (Thaingyizu) Municipalisation (Amendment) Act 1959

L - The Finance Act 1959

LI - The Appropriation Act 1959

—— o ——

၁၉၅၉ ခုနှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁။]

အောက်ပါအတိုင်း ဘိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၂၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၆ အဖြစ်ထည့်သွင်းရမည်။

"၂၆။ ။(၁) အဖွဲ့သည်၊ နိုင်ငံတော် သမတက ဆင့်ဆိုသည့်ကာလ အပိုင်းအခြားများအတွက်အဖွဲ့၏ဌေးစာရင်းရှင်းတမ်းအပြင်အခြေးရှင်းတမ်းနှင့် အစီရင်ခံစာများကို၊ နိုင်ငံတော်သမတထံပေးပို့ရမည်။

(၂) အဖွဲ့သည်၊ မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ဌေးစာရင်းများကို၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ဌေးစာရင်းထားရှိပုံနည်းစံနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ ဌေးစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက် အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးခန့်ကားသောမှတ်ပုံဝင် စာရင်းစစ်များအား၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ ဌေးစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့်ဌေးစာရင်းများကိုစစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ အဖွဲ့သည်၊ နိုင်ငံတော်သမတထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာမိတ္တူတစောင်နှင့်တကွတင်ပြရမည်။ ထို့ပြင် ယိုယွင်းတန်းနှင့်အစီရင်ခံစာအပေါ်မိတ္တူတစောင်စီကို၊ အဖွဲ့၏ဗဟိုရုံးတွင် လူအများကြည့်ရှုစေဆေးနိုင်ရန်ဆက်ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော် ပုဂ္ဂလိကစီးပွားရေးစီမံခန့်ခွဲရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော် စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အကောလွဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားနိုင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းမဲကြောင့်ဖြစ်စေ မိမိအလုပ်နှင့်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိ မဖား၊ အာဏာလွှဲအပ်ခြင်းမပြုရ။"

THE STATES (EXTENSION OF LAWS) (AMENDMENT) ACT, 1959.

[ACT No. II OF 1959.]

It is hereby enacted as follows :—

1. This Act may be called the States (Extension of Laws) (Amendment) Act, 1959.

2. In the Schedule to the States (Extension of Laws) Act, 1949, *for* the words "The Shan, Kachin and Kayah States." in column (2) *against* item 11, the words "The Shan, Kachin, Kayah and Karen States." *shall be substituted.*

Price, 10 pyas]

G.U.B.C.P.O,—No. 95. Min. of J.A., 28-3-59—2,200—II.

၁၉၅၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဋ္ဌန်တော်များမှစုစုပေါင်းကျပ်ငွေ ၅,၅၂,၃၃,၀၅၀ (ဤအက်ဥပဒေပါ ဇယားတွင်ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက် ဤအက်ဥပဒေပါ ဇယားတွင်ဖော်ပြထားသော ဝန်ဆောင်မှုများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၀ ခုနှစ်၊ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၀ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၃) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဇယား

အစိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ။ ကျပ်။
ပါလီမန်	၉,၀၄,၅၁၀
အရပ်ရပ်စီရင်အုပ်ချုပ်မှု	၁၀
ရဲအဖွဲ့	၆၁,၅၀,၀၀၀
သာသနာရေးကိစ္စများ	၁,၉၀,၇၀၀
ပညာရေး	၆,၀၃,၀၂၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး	၃၈,၅၆,၆၄၀
အထွေထွေဌာနများ	၁,၃၉,၉၁,၀၀၀
အထွေထွေ	၃,၁၅,၀၀၀
အမြတ်တော်ခွန်အတွက် မ,တည်ငွေရင်း	၃၇,၀၀၀
မြေခွန်တော်အတွက် မ,တည်ငွေရင်း	၉၀,၀၀၁
ဆည်မြောင်းအတွက် မ,တည်ငွေရင်း	၁၀
အရပ်ရပ်စီရင်အုပ်ချုပ်မှုအတွက် မ,တည်ငွေရင်း	၇,၃၀,၀၀၀
အကျဉ်းထောင်များအတွက် မ,တည်ငွေရင်း	၁၀,၆၂,၉၀၀
ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ...	၁၁,၂၉,၃၀၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ...	၂၇
လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ...	၀,၇၆,၇၂၀
အထွေထွေဌာနများအတွက် မ,တည်ငွေရင်း	၅,၃၄,၅၃၀
မြို့ပြဆိုင်ရာလုင်ခန်းချုံးအတွက် မ,တည်ငွေရင်း	၁၀
ကာကွယ်ရေးဘဏ္ဍာထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ...	၀၅,၀၀,၀၀၀
စက်မှုလက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း	၀၀,၀၀၀
မ,တည်ငွေရင်းအတွက် ပြည်နယ်အစိုးရများသို့သောက်ပံ့ငွေ ...	၁,၅၀,၀၀,၀၀၀
အခြားအတိုးရသည့် ကြိုဘင်ထုတ်ပေးငွေများနှင့် အတိုးမရသည့် ကြိုတင်ထုတ်ပေးသည့်ငွေများ	၁၂,၀၀,၀၀၀
ပေါင်း ...	၅,၁၂,၃၃,၀၅၀

အတိုး—၁၀ ပြား]။

ပကမ၊စာစု—အမှတ် ၉၆၊ တရားရေးဝန်ကြီးဌာန ၃၀-၃-၅၉—၂,၂၀၀—၂၊

THE CONSTITUTION (AMENDMENT) ACT, 1959.

[ACT No. IV OF 1959.]

[*An Act to amend the Constitution of the Union of Burma.*]

It is hereby enacted as follows :—

1. (*1*) This Act may be called the Constitution (Amendment) Act, 1959.

(*2*) It shall remain in force until the date on which the Prime Minister shall have been appointed by the President on the nomination of the next Chamber of Deputies.

(*3*) When this Act ceases to have effect, the provisions of section 5 of the Burma General Clauses Act shall apply.

2. So long as this Act remains in force, the provisions of section 116 of the Constitution shall be deemed to have been repealed.

Price, 10 pyas]

G.U.B.C.P.O.—No. 98, Min. of J.A., 28-3-59—2,000—II.

၁၉၅၉ ခုနှစ်၊ လွတ်တော်နှင့် အမတ်များ၏ အာဏာနှင့်အခွင့်အရေးများအက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၅။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁

၁။ ။၎င်းအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊လွတ်တော်နှင့်အမတ်များ၏ အာဏာနှင့် အခွင့်အရေးများ အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။၎င်းအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေနောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) “ လွတ်တော် ”ဆိုသည်မှာ၊ ပါလီမန်ဆိုင်ရာ လွှက်တော်တရပ်ရပ်၊ သို့တည်းမဟုတ် တွဲဖက်အစည်းအဝေးကျင်းပနေသည့် လွတ်တော်နှစ်ရပ်ကိုဆိုလိုသည်။

(ခ) “ လွတ်တော်ဥပစာ ” ဆိုသည်မှာ၊ လွတ်တော်ညီလာခံ ကျင်းပရာ၊ သို့တည်းမဟုတ် လွတ်တော် နှစ်ရပ်တွဲဖက်အစည်းအဝေးကျင်းပရာ အဆောက်အဦကိုငင်း၊ နာယက၊ သို့တည်းမဟုတ် ဥက္ကဋ္ဌက၊ လွတ်တော်ဥပစာအဖြစ် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်းရှိ လွတ်တော်၏ ပတ်ဝန်းကျင်ဒေသကိုငင်း ဆိုလိုသည်။

(ဂ) “ လွတ်တော်ခန်းမ ” ဆိုသည်မှာ၊ အံစည်းအဝေးကျင်းပရာခန်းမကြီးကိုဆိုလိုသည့်ပြင် ထိုစကားရပ်တွင် ခန်းပကြီးနှင့်တဆက်တည်း တည်ရှိနေသည့် ဥက္ကဋ္ဌ၏နေ့သည်ဆောင်၊ သတင်းထောက်များ အဆောင်၊ ပြည်သူအများအတွက် ဧည့်သည်ဆောင်၊ အထူးဧည့်သည်ဆောင်၊ မဲဆန္ဒပေးခန်းများ၊ ဥက္ကဋ္ဌ၏ လက်ျာဘက်အရာရှိများအဆောင်၊ ဥက္ကဋ္ဌ၏လက်ဝဲဘက် လွတ်တော်ရုံးမှူထမ်း ရာထမ်းများအဆောင်နှင့်ဥက္ကဋ္ဌက အခါအားလျော်စွာ “ လွတ်တော်ခန်းမ ” စကားရပ်အတွင်းသက်ရောက်သည်ဟုပြဋ္ဌာန်းသည့်အခန်း၊ သို့တည်းမဟုတ် အဆောင်များလည်းပါဝင်သည်။

(ဃ) “ ကော်မိတီ ” ဆိုသည်မှာ၊ လွတ်တော်၏ယာယီ၊သို့တည်းမဟုတ် အမြဲတမ်းကော်မိတီနှင့် လွတ်တော်နှစ်ရပ်တွဲဖက် ကော်မိတီကိုဆိုလိုသည်။

(င) “ အမတ် ” ဆိုသည်မှာ၊ လွတ်တော်အမတ်၊ သို့တည်းမဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၇၉ တွင်ရည်ညွှန်းထားသည့်အခွင့်အရေးရရှိသော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(စ) “ သတင်းစာ ” ဆိုသည်မှာ၊ ၁၈၆၇ ခုနှစ်၊ ပုံနှိပ်တိုက် (မှတ်ပုံတင်) အက်ဥပဒေ ပုဒ်မ ၁ တွင်ပါရှိသည့် “ သတင်းစာ ” ဆိုသည့်

အတိုး—၂၅ ပြား]

စကားရပ် အဓိပ္ပါယ်ဖေါ်ပြချက်အတွင်း သက်ရောက်သည့်စာတမ်းကိုလိုဆိုသည်။

(ဆ) ''ဥက္ကဋ္ဌ'' ဆိုသည်မှာ၊ လူမျိုးစုလွှတ်တော်နာယကက၊သို့တည်းမဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကိုဆိုလိုသည့်ပြင် ထိုစကားရပ်တွင် အဆိုပါနာယက၊ သို့တည်းမဟုတ် ဥက္ကဋ္ဌမရှိသည့်အခါ ဒုတိယနာယက၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌ၊ ထိုသူတဦးဦး မရှိသည့်အခါ၊ ထိုသူ၏ကိုယ်စား လွှတ်တော်တွင် ယာယီဝင်ရောက်ဆောင်ရွက်သည့် သဘာပတိလည်းပါဝင်သည်။

(ဇ) ''လွှတ်တော်အရာရှိ'' ဆိုသည်မှာ၊ လွှတ်တော်အတွင်းဝန်၊ သို့တည်းမဟုတ် ဒုတိယအတွင်းဝန်၊ သို့တည်းမဟုတ် လက်ထောက်အတွင်းဝန်ကိုဆိုလိုသည့်ပြင်၊ထိုစကားရပ်တွင် အဆိုပါလွှတ်တော် ညီလာခံကျင်းပနေသောအချိန်အတွင်း အမှုထမ်းရွက်နေသည့် ကျိုင်းတော်ကိုင်အရာရှိလည်းပါဝင်သည်။

(ဈ) ''အခြေခံဥပဒေ'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဗဟိုစည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုဆိုလိုသည်။

အပိုင်း ၂

အမတ်များနှင့် လွှတ်တော်အရာရှိများ၏ အရပ်ရပ်အခွင့်အရေးများ

၃။ (၁) အခြေခံဥပဒေ ပုဒ်မ ၆၀ပါပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်တွင်ဖြစ်စေ၊ ကော်မိတီ တွင်ဖြစ်စေ၊ ဆွေးနွေးခြင်း၊ ပြောဆိုခြင်း၊ အဆိုဘင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဥပဒေကြမ်းတင်းသွင်းခြင်း၊ စာရွက် စာတမ်းများတင်ပြခြင်း မဲဆန္ဒပေးခြင်း၊ သို့တည်းမဟုတ် အခြားနည်းနှင့်ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် မည်သည့်အမတ်ကိုမျှတရားမစွဲဆိုရ။

လွှတ်တော်တွင် ဆောင်ရွက်သည့်အတွက် တရားမစွဲဆိုခွင့်မရှိ။

(၂) ဤအက်ဥပဒေအရသော်၎င်း၊ လွှတ်တော်၏ နည်းဥပဒေများအရသော်၎င်း၊လွှတ်တော်၏၊သို့တည်းမဟုတ် ကော်မိတီ၏ဆောင်ရွက်ချက်အတွက်ဖြစ်စေ၊ လွှတ်တော်အရာရှိတဦးဦးက ဝတ္တရားအလျောက်ပေးသော အမိန့်အရဆောင်ရွက်ချက်အတွက်ဖြစ်စေ၊လွှတ်တော်၏၊ သို့တည်းမဟုတ် ကော်မိတီ၏အခွင့်အာဏာအရသော်၎င်း၊ ဆုံးဖြတ်ချက်အရသော်၎င်း၊ ပြုလုပ်ထောင်ရွက်ချက်အတွက်ဖြစ်စေ၊ မည်သူကိုမျှ တရားမစွဲဆိုရ။

(၃) အမတ်တဦးကအဆို၊ မေးခွန်း၊ ဥပဒေကြမ်း၊ သို့တည်းမဟုတ် အခြားကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် ဖြစ်စေ၊ ကော်မိတီ တွင်ဖြစ်စေ မေးမြန်းလိုသည်၊ သို့တည်းမဟုတ် တင်သွင်းလိုသည်ဟု လွှတ်တော်သို့ဖြစ်စေ၊ ကော်မိတီသို့ဖြစ်စေ၊ အကြောင်းကြားခြင်းအတွက် ထိုအမတ်ကို တရားမစွဲဆိုရ။

၄။ ။အမတ်တဦးအား၊ ရာဇဝတ်ကြောင်းဖြင့်ဖမ်းဆီးပြီး၊ သို့တည်းမဟုတ် ချုပ်နှောင်ပြီး အာမခံဖြင့်အပြင်တွင်နေထိုင်ခွင့်မပြုလျှင်၊ သို့တည်းမဟုတ် ဖြစ်မှုထင်ရှားသဖြင့် တရားရုံးက အပြစ်ဒဏ် စီရင်လျှင်၊ထိုသို့ဖမ်းဆီးထားသည့်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားသည့်၊ သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်သည့် အာဏာ

ဖမ်းဆီးသည့် အခါ ဥက္ကဋ္ဌအား အကြောင်းကြားရခြင်း။

ပိုင်ကဒသော်၎င်း၊ တရားရုံးကဒသော်၎င်း ထိုသို့ဖမ်းဆီးထားကြောင်းကို ဖြစ်စေ၊ ချုပ်နှောင်ထားကြောင်းကိုဖြစ်စေ၊ ပြစ်ဒဏ်စီရင်ကြောင်းကိုဖြစ်စေ စွပ်စွဲချက်နှင့်တကွ ပြစ်မှုထင်ရှားစီရင်သည့် စွဲချက်နှင့်ပြစ်ဒဏ်စီရင်ခြင်းတို့ကို ဥက္ကဋ္ဌဖြစ်သို့ချက်ခြင်း အကြောင်းကြားရမည်။ ညီလာခံကျင်းပဆဲရက်များအတွင်း ထိုကဲ့သို့သောအကြောင်းကြားစာကို ရရှိလျှင် ဥက္ကဋ္ဌသည်၊ ရရှိသည့်အကြောင်းကြားချက်အပြည့်အစုံကို လွှတ်တော်သို့ချက်ခြင်းကျေညာရမည်။ ညီလာခံကျင်းပဆဲမဟုတ်လျှင် နောက်တဆက်တည်းကျင်းပမည့်ညီလာခံ၏ အစည်းအဝေးပဌမနေ့တွင်ဆိုခဲ့သည့်အတိုင်းကျေညာရမည်။

အာမခံရနိုင်သော အမှုများတွင် လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ တက်ရောက်နိုင်ခြင်း။

၅။ ။အာမခံရနိုင်သော ရာဇဝတ်ပြစ်မှုတခုကို ကျူးလွန်သူဟု စွပ်စွဲခံရ၍ဖမ်းဆီးထားခြင်းသော်၎င်း၊ ချုပ်နှောင်ထားခြင်းသော်၎င်း ခံရသောအမတ်တဦးသည်၊ဖမ်းဆီးထားသော၊သို့တည်းမဟုတ် ချုပ်နှောင်ထားသော အာဏာပိုင်အား၊ သို့တည်းမဟုတ် စစ်ဆေးရန်တင်ပို့ထားသည့် တရားရုံးအား၊ မိမိသည်၊လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေး တက်ရောက်ရန်အကြောင်းကြားလျှင်၊ ထိုအာဏာပိုင်၊ သို့တည်းမဟုတ် တရားရုံးက၊ ထိုအမတ်အား၊ လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးသို့တက်ရောက်နိုင်ရန်လုံလောက်သောအချိန်ရရှိစေ၍၊ ထိုအမတ်ကကိုယ်တိုင်ခံဝန်ချုပ်ဆိုပြီးသည့်အခါ၊ လွှတ်တော်၊သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးသို့တက်ရန်ခွင့်ပြုရမည်။

အာမခံမရသော အမှုများတွင် မည်ကဲ့သို့ လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီသို့ တက်ရောက်ခြင်း။

၆။ ။(၁) (က) အာမခံ မရနိုင်သော ရာဇဝတ်ပြစ်မှုတခုကို ကျူးလွန်သည်ဟုစွပ်စွဲခံရ၍ချုပ်နှောင်ထားခြင်းခံရသော အမတ်တဦးသည်ဖြစ်စေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (၃) ကို မဆန့်ကျင်စေဘဲ အပြစ်ဒဏ်စီရင်ခြင်းခံရ၍ ထောင်ကျအကျဉ်းထားခြင်းခံရသော်လည်း အမတ်အဖြစ်တည်နေနိုင်သောအရည်အချင်းမပျက်ယွင်းသေးသည့်အမတ်တဦးသည်ဖြစ်စေ၊ လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးသို့တက်ရောက်ခွင့်တောင်းခံရမည်။

(ခ) ထိုသို့တက်ရောက်ခွင့်လျှောက်ထားသည့်အကြောင်းကြားစာကို ရရှိပျှင် ဥက္ကဋ္ဌ သည်၊ အဆိုပါအမတ်၏အရည်အချင်းများ ပျက်ယွင်းသည်၊ မပျက်ယွင်းသည်ကို စစ်ဆေးပြီး၊အရည်အချင်းမပျက်ယွင်းဟု တွေ့ရှိရပါကလွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးသို့တက်ရောက်ခွင့်ပြုရမည်။

(၂) ဥက္ကဋ္ဌကခွင့်ပြုသည့်အခါ အစိုးရကလိုအပ်သည့် အကာအကွယ် အစောင့်အရှောက်ဖြင့်အဆိုပါအမတ်အား၊ လွှတ်တော်အစည်းအဝေး၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးသို့တက်ရောက်နိုင်စေရန် လိုအပ်သည့်အစီစဉ်များ ပြုလုပ်ပေးရမည်။

ဥက္ကဋ္ဌအား၊ တရားရုံးများသို့ တက်ရောက်ရမည့် တာဝန် ကင်းလွတ်ခွင့် ပြုခြင်း။

၇။ ။ဥက္ကဋ္ဌသည်၊တရားမရုံး၊ သို့တည်းမဟုတ် ရာဇဝတ်ရုံးသို့ သက်သေအဖြစ် အစစ်အဆေးခံရန် ကိုယ်တိုင် တက်ရောက်ရမည့် တာဝန်မှ ကင်းလွတ်ခွင့်ရရှိစေရမည်။ သို့ရာတွင် ဥက္ကဋ္ဌသည်၊ ထိုသို့အစစ်အဆေးခံရန် မိမိအလိုအလျောက် တရားရုံးသို့ ကိုယ်တိုင် တက်ရောက်နိုင်သည်။

ရှင်းလင်းချက်။ ။ဤပုဒ်မပါ ကိစ္စအလို့ငှါ ''ဥက္ကဋ္ဌ'' ဆိုသည်စကားရပ်တွင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယနာယကနှင့် လွှတ်တော်တွင် ယာယီဆောင်ရွက်သည့်သဘာပတိများမပါဝင်ချေ။

၈။ ။အမတ်၊ သို့တည်းမဟုတ် လွှတ်တော်အရာရှိကိုငင်းနှင့်မသက်ဆိုင်သည့် အခြားလွှတ်တော်သို့ဖြစ်စေ၊ကော်မီတီသို့ဖြစ်စေတက်ရောက်ရန် ဆင့်ဆိုခြင်းမပြုရ။ သို့ရာတွင် ထိုအမတ်၊သို့တည်းမဟုတ် ထိုအရာရှိသည်၊ ငင်းနှင့်သက်ဆိုင်သည့်လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေးကျင်းပနေဆဲဖြစ်လျှင် ထိုလွှတ်တော်၏၊ သို့တည်းမဟုတ် ကော်မီတီ၏ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ထိုလွှာတော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေး ကျင်းပနေဆဲမဟုတ်လျှင် သက်ဆိုင်ရာဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေသက်သေခံရန်သော်၎င်း၊ စာတမ်းအမှတ်အသားများ တင်ပြရန်သော်၎င်း အခြားလွှတ်တော်သို့ဖြစ်စေ၊ ကော်မီတီသို့ဖြစ်စေ တက်ရောက်နိုင်သည်။

သက် ဆိုင် ရာ လွှတ်တော်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ အ ခြား လွှတ် တော် သို့ မတက်ရောက်နိုင်ခြင်း။

၉။ ။အမတ်၊ သို့တည်းမဟုတ် လွှတ်တော်အရာရှိတိုင်းကို၊ ဣန္ဒြိယလှုံ့ကြွးအဖြစ် ဆောင်ရွက်ရမည့် တာဝန်မှကင်းလွှတ်ခွင့်ပြုရမည်။

ဣန္ဒြိယအဖြစ် ဆောင်ရွက်ရန်တာဝန်မှ ကင်းလွှတ်ခွင့်ပြုခြင်း။

၁၀။ ။လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေး ကျင်းပနေသည့်အချိန်အတွင်းတွင်၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေးမကျင်းပမီ ၁၄ ရက်၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေးပြီးဆုံးသည့်နေ့ရက်မှ ၁၄ ရက်အတွင်းတွင်၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီအစည်းအဝေးကို အချိန်ကန့်သတ်၍ရွှေ့ဆိုင်းခဲ့သော်၊ ထိုသို့ရွှေ့ဆိုင်းခဲ့သောကာလအပိုင်းအခြားသည်၊ ၁၄ ရက်ထက်မပိုပါက၊ ထိုသို့ရွှေ့ဆိုင်းသောကာလအပိုင်းအခြားအတွင်းတွင်၎င်း၊ အမတ်တဦးအား၊ တရားမကြောင်းဖြင့်ဖမ်းဆီးခြင်း၊ သို့တည်းမဟုတ် ချုပ်နှောင်ခြင်း၊ သို့တည်းမဟုတ် ထောင်ချခြင်း မပြုလုပ်ရ။

တ ရားမ ကြောင်း ဖြင့် ဖမ်းဆီး ချုပ် နှောင်ခြင်း၊ ထောင်ချခြင်းမှကင်းလွှတ်ခွင့်။

၁၁။ ။လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေး ကျင်းပနေသည့်အချိန်အတွင်းတွင်၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေးမကျင်းပမီ ၁၄ ရက်၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မီတီ အစည်းအဝေးပြီးဆုံးသည့်နေ့ရက်မှ ၁၄ ရက်အတွင်းတွင်၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ်ကော်မီတီ အစည်းအဝေးကို အချိန်ကန့်သတ်၍ရွှေ့ဆိုင်းခဲ့သော်၊ ထိုသို့ရွှေ့ဆိုင်းခဲ့သော ကာလအပိုင်းအခြားသည်၊ ၁၄ ရက်ထက်မပိုပါက၊ ထိုသို့ရွှေ့ဆိုင်းသောကာလအပိုင်းအခြားအတွင်းတွင်၎င်း၊ အမတ်တဦးအား၊ မည်သည့်တရားရုံး၊ သို့တည်းမဟုတ် အခွန်တော်ရုံးတွင်မျှအမှုနှင့်သက်ဆိုင်သည့်ကိစ္စများကို ဆောင်ရွက်ရန်မဆင့်ဆိုရ။ ထို့ပြင် အဆိုပါကာလ အပိုင်းအခြား

ညီလာခံအတွင်း တရားမနှင့် အခွန်တော်ရုံးများက အမတ်အား၊ သက်သေ အဖြစ်မဆင့်ခေါ်ရခြင်း။

အတွင်းအမတ်တဦးအား၊ မည်သည့်တရားမရုံး၊ သို့တည်းမဟုတ် အခွန်တော်ရုံးတွင်မျှ အမှုတခုနှင့်စပ်လျဉ်း၍ သက်သေအဖြစ်အစစ်အဆေးခံရန်လည်းဆင့်ဆိုခြင်းမပြုရ။

လွှတ်တော် ဥပစာအတွင်း ဆင့်စာမချအပ်ရခြင်း။

၁၂။ ။တည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ လွှတ်တော် ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးကျင်းပနေသည့် အချိန်အတွင်းတွင်၎င်း၊ ညီလာခံ၊သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးမကျင်းပမီ ၁၄ ရက်၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးပြီးဆုံးသည့် နေ့ရက်မှ ၁၄ ရက်အတွင်းတွင်၎င်း၊ ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးကို အချိန်ကန့်သတ်၍ချေဆိုင်းခဲ့သော်၊ ထိုသို့ချေဆိုင်းခဲ့သောကာလ အပိုင်းအခြားသည်၊ ၁၄ ရက်ထက်မပိုပါက၊ ထိုသို့ချေဆိုင်းသော ကာလအပိုင်း အခြား အတွင်းတွင်၎င်း၊ အမတ်တဦးအား၊ တရားမကြောင်းဖြင့် အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝါရမ်းစာ၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းမှုတပါး၊ တရားဥပဒေအရ ထုတ်ဆင့် သော အခြားဆင့်စာ ချအပ်ခြင်း၊ ဝါရမ်းအရဖမ်းဆီးခြင်း၊ ချုပ်နှောင်ထားရှိခြင်းတို့ မပြုရ။ ထို့ပြင် လွှတ်တော်ဥပစာအတွင်းတွင်ရာဇဝတ်ကြောင်းဖြင့်အမတ်အား၎င်း၊လွှတ်တော် အရာရှိအား၎င်း၊ အမိန့်ဆင့်စာ၊ သမ္မာန်စာ၊ ဝါရမ်းစာ၊ သို့တည်းမဟုတ် တရားဥပဒေ အရထုတ်ဆင့်သောအခြားဆင့်စာချအပ်ခြင်းမပြုရ။

ခြွင်းချက်။ ။သို့ရာတွင် အမှတ်၊ သို့တည်းမဟုတ် လွှတ်တော်အရာရှိအား၊ နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် အကြီးအကဲမှတဆင့်အမိန့်စာ၊ သမ္မာန်စာ၊ ဝါရမ်းစာ၊ သို့တည်းမဟုတ် တရားဥပဒေအရထုတ်ဆင့်သောအခြားဆင့်စာချအပ်ခြင်း ပြုနိုင်သည်။

အပိုင်း ၃

လွှတ်တော်တွင် ဖြန့်ချိထုတ်ဝေသည့်အစီရင်ခံစာစာရွက် စာတမ်းနှင့်မှတ်တမ်းများ

အစီရင်ခံစာနှင့်စာရွက် စာတမ်းများအတွက် တရားစွဲဆိုပိုင်ခွင့် လုံးဝမရှိစေရ။

၁၃။ ။လွှတ်တော်အစီရင်ခံစာများနှင့် ဖြန့်ချိထုတ်ဝေသောစာရွက် စာတမ်းများအတွက် တရားစွဲဆိုပိုင်ခွင့် လုံးဝမရှိစေရ။

အစီရင်ခံစာ စာတမ်းနှင့် မှတ်တမ်းများကိုလွှတ်တော်၏ အာဏာဖြင့်ထုတ်ဝေသည်ဟုယူဆခြင်း။

၁၄။ ။ဥက္ကဋ္ဌ၏အမိန့်အရဖြန့်ချိထုတ်ဝေသည့် လွှတ်တော်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာ၊ စာရွက် စာတမ်းများ၊မဲဆန္ဒနှင့်စပ်လျဉ်းသည့် အကြောင်းအရာနှင့်မှတ်တမ်းတို့ကို လွှတ်တော်က၊ သို့တည်းမဟုတ် လွှတ်တော်၏အမိန့်အရ၊ဖြန့်ချိထုတ်ဝေသည်ဟုယူဆရမည်။ ထိုကဲ့သို့ ဖြန့်ချိထုတ်ဝေခြင်းအတွက်မည်သူကိုမျှတရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

၁၅။ ။လွှတ်တော်၊သို့တည်းမဟုတ် ကော်မိတီ၊ သို့တည်းမဟုတ် အမတ်တဦးဦး၏အခွင့်အရေးအာဏာများနှင့်စပ်လျဉ်း၍စုံစမ်းစစ်ဆေးသောအခါ၊ အစိုးရပုံစံပုံစံတိုက်မှ ဖြန့်ချီထုတ်ဝေသော လွှတ်တော့်မှတ်တမ်းများကိုတရားရုံးများနှင့်မည်သည့်အာဏာပိုင်ရှေ့တွင်မဆို၊ ထိုမှတ်တမ်းများ မည်သို့မည်ပုံ ရိုက်နှိပ်သည်ကို ဖေါ်ပြရန်မလိုဘဲသက်သေခံအဖြစ်လက်ခံရမည်။

အစိုးရပုံစံတိုက်မှ ဖြန့်ချီထုတ်ဝေသည့် လွှတ်တော် မှတ်တမ်းများ။

၁၆။ ။လွှတ်တော်မှတ်တမ်းများကို မှန်ကန်တိကျစွာဖြင့် အကျဉ်းချုပ်၍ဖြန့်ချီထုတ်ဝေခြင်းကြောင့်သတင်းစာဆရာ၊ပုံနှိပ်သူ၊ ဖြန့်ချီထုတ်ဝေသူ၊ သို့တည်းမဟုတ် သတင်းစာတည်းဖြတ်ခြင်း၊ပုံနှိပ်ခြင်း၊ ဖြန့်ချီထုတ်ဝေခြင်း တခုခုနှင့် သက်ဆိုင်သူ တဦးဦးအား၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

အကျဉ်းချုပ် ဖြန့်ချီထုတ်ဝေခြင်းကို အကာအကွယ်ပေးခြင်း။

၁၇။ ။(၁) လွှတ်တော်မှတ်တမ်းများမှသော်၎င်း၊ လွှတ်တော်နှင့် သက်ဆိုင်သည့်စာရွက် စာတမ်းများမှသော်၎င်း၊ မည်သည့်စကားလုံး၊ သို့တည်းမဟုတ် စကားရပ်ကိုမဆို နုတ်ပယ်ရန် သင့်သည်ဟု လွှတ်တော်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌက ယူဆလျှင်၊ လွှတ်တော်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ က၊ ထိုစကားလုံး၊ သို့တည်းမဟုတ် စကားရပ်ကိုနုတ်ပယ်နိုင်သည်။

လွှတ်တော် မှတ်တမ်းနှင့်စာရွက် စာတမ်းစသည်များမှ စကားရပ်များနုတ်ပယ်နိုင်ခြင်း။

(၂) လွှတ်တော်နှင့်သက်ဆိုင်သည့် စာရွက် စာတမ်း၊ သို့တည်းမဟုတ် မှတ်တမ်းကိုဖြစ်စေ၊ အဆိုပါစာရွက် စာတမ်း၊ သို့တည်းမဟုတ် မှတ်တမ်း၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ဥက္ကဋ္ဌက လွှတ်တော်ပြင်ပတွင် ဖြန့်ချီထုတ်ဝေခြင်းကိုပိတ်ပင်နိုင်သည်။

အပိုင်း ၄

လွှတ်တော်ကို မထိမဲ့မြင်ပြုခြင်း

၁၀။ ။မည်သူမဆို—

လွှတ်တော်ကို မထိမဲ့မြင်ပြုသည့်ပြစ်မှု။

(က) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ၏ ဆွေးနွေးချက်ကိုဖြစ်စေ၊ သို့တည်းမဟုတ် ယုံငန်းကိုဖြစ်စေ၊ အထင်အမြင်မှားစေရန်တမင်သက်သက်လုပ်ကြံပြောဆိုလျှင်၊

(ခ) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ၊သို့တည်းမဟုတ် ဥက္ကဋ္ဌ တို့၏ လုပ်ငန်းနှင့်စပ်လျဉ်း၍ ၎င်းတို့၏ဂုဏ်သိက္ခာကိုထိပါး၍ ပြောဆိုလျှင်၊ သို့တည်းမဟုတ် ရေးသားလျှင်၊ သို့တည်းမဟုတ် ထိုရေးသားချက်ကို ဖြန့်ချီထုတ်ဝေလျှင်၊

(ဂ) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီရှေ့တွင် သက်သေခံမည့်သူ တဦးဦးအား မလျော်သောဩဇာလွှမ်းမိုးခြင်းဖြင့်သွေးဆောင်လျှင်၊

(ဃ) လွှတ်တော်ခန်းမတွင်ဖြစ်စေ၊ လွှတ်တော် ဥပစာတွင် ဖြစ်စေ၊ လွှတ်တော် ဥပစာ၏ နယ်နိမိတ်ပြင်ပ ပေ ၎၀၀ အတွင်းလွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးသို့ အသွားတွင်ဖြစ်စေ၊

လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီအစည်းအဝေးမှအပြန်တွင် ဖြစ်စေ၊ အမတ်တဦးအပေါ် ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုကျူးလွန်လျှင်၊

(ဂ) ပုဒ်မ ၂၂ အရကင်းလွတ်ခွင့်မရရှိဘဲ လွှတ်တော်ရှေ့ဘွင်ဖြစ်စေ၊ ကော်မိတီရှေ့တွင်ဖြစ်စေ၊ အစစ်အဆေးခံရန်သော်၎င်း၊ စာတမ်းအမှတ်အသားများ တင်ပြရန်သော်၎င်း၊ ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် တင်ပြရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ညီညွတ်၍ မေးမြန်းလိုသည့် ကိစ္စနှင့်သက်ဆိုင်သော မေးခွန်းကို ဖြေဆိုရန် ငြင်းဆိုလျှင်၊

(စ) လွှတ်တော်နည်းဥပဒေ၊ သို့တည်းမဟုတ် လွှတ်တော်၏ တည်ဆဲအမိန့်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏အမိန့်ကိုလိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် လွှတ်တော်အရာရှိတဦးအား၊ ၎င်း၏တာဝန်ဝတ္တရား ဆောင်ရွက်ရာတွင် စော်ကားလျှင်၊ သို့တည်းမဟုတ် ခုခံလျှင်၊ သို့တည်းမဟုတ် ဟန့်တားလျှင်၊

(ဆ) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် လိမ်လည်အထုပ်ပြုလုပ်ထားသည့်မှန်သောစာတမ်း အမှတ်အသားများတင်ပြလျှင်၊

(ဇ) လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးကျင်းပမည့်နေရာတွင် သော်၎င်း၊ အဆိုပါ ညီလာခံ၊ သို့တည်းမဟုတ် အစည်းအဝေးကျင်းပမည့် အဆောက်အဦ စသည့် အနီးအနားတဝိုက်တွင်သော်၎င်း၊ ဆူပူနှောင့်ယှက်မှုကို ပြုလုပ်လျှင်၊ သို့တည်းမဟုတ် ထိုကဲ့သို့ ဆူပူနှောင့်ယှက်မှုပြုလုပ်ခြင်းကို အားပေးခြင်းဖြင့်၊ လွှတ်တော်ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးကိုအနှောင့်အယှက်ဖြစ်စေလျှင်၊

(ဈ) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီသို့တင်သွင်းရန် ရည်ရွယ်သည့်၊ သို့တည်းမဟုတ် တင်သွင်းသည့် ဥပဒေကြမ်း၊ အဆို၊ နည်းဥပဒေ၊ သို့တည်းမဟုတ် အခြားလွှတ်တော် လုပ်ငန်းတခုခုကို ဖြစ်မြောက်အောင် အားပေးကူညီထောက်ခံရန်၊ သို့တည်းမဟုတ် ကန့်ကွက်ရန်အတွက်အမတ်၊ သို့တည်းမဟုတ် လွှတ်တော်အရာရှိတဦးအား၊ ၎င်း၏တာဝန်ဝတ္တရား ဆောင်ရွက်ရာတွင်လာဘ်လာဘပေးခြင်း၊ အခကြေးငွေပေးခြင်း၊ သို့တည်းမဟုတ် ထိုအမတ်၊ သို့တည်းမဟုတ် ထိုအရာရှိကလာဘ်လာဘယူခြင်း၊ အခကြေးငွေယူခြင်း ပြုလျှင်၊

(ည) မေးခွန်းကိုဖြစ်စေ၊ တင်သွင်းလိုသည်ဟု အကြောင်းကြားထားသည့် အဆို၊ သို့တည်းမဟုတ် ဥပဒေကြမ်းကိုဖြစ်စေ၊ ဥက္ကဋ္ဌကခွင့်မပြုသေးမီ သတင်းစာတွင် ဖြန့်ချီထုတ်ဝေလျှင်၊ သို့တည်းမဟုတ် ပြင်ပသို့ပေါက်ကြားအောင်ပြုလျှင်၊

(ဋ) လွှတ်တော်နည်းဥပဒေများအရသော်၎င်း၊ လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ အမိန့်အရသော်၎င်း၊

လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် စာတမ်းအမှတ်အသားများကို ပြင်ပသို့ပေါက်ကြားအောင်ပြုလျှင်၊

(၄) လွှတ်တော်နည်းဥပဒေများအရသော်၎င်း၊ လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏အမိန့်အရသော်၎င်း၊ ပြင်ပတွင်ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိထုတ်ဝေခြင်းမပြုရန် ပိတ်ပင်ထားသည့်ကိစ္စများတွင်မလိုက်နာ၊ မဆောင်ရွက်ဘဲထိုကဲ့သို့ပြောဆိုလျှင်၊ သို့တည်းမဟုတ် ရေးသားလျှင်၊ သို့တည်းမဟုတ် ဖြန့်ချိထုတ်ဝေလျှင်၊

(၅) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ ၏အမိန့်အရ သော်၎င်း၊ လွှတ်တော်၏ နည်းဥပဒေများအရ သော်၎င်း၊ ကော်မိတီတွင် ဝင်ရောက်ဆောင်ရွက်ရမည့် ဖြစ်သော်လည်း အကြောင်းမပြဘဲထိုကဲ့သို့ဆောင်ရွက်ရန်ပျက်ကွက်လျှင်၊

(၆) လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီက စဉ်းစားဆုံးဖြတ်ရမည့် ကိစ္စတခုခုနှင့် စပ်လျဉ်း၍၊ အမတ်တဦးသည်၊ ရှေ့နေအဖြစ်ဖြင့်သော်၎င်း၊ အခြားပညာရှင်အဖြစ်ဖြင့်သော်၎င်း၊ အခကြေးငွေကိုယူ၍ လွှတ်တော်တွင် သော်၎င်း၊ ကော်မိတီတွင် သော်၎င်း၊ ဆောင်ရွက်လျှင်

ထိုသူသည်၊ လွှတ်တော်ကို မထီမဲ့မြင်ပြုသည့် ပြစ်မှုကျူးလွန်သည်မည်၏။

အပိုင်း ၅

လွှတ်တော်ရှေ့တွင် လာရောက်၍သက်သေခံခြင်း၊ စာရွက် စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်နှင့် အခြားစာတမ်း အမှတ်အသားများတင်ပြခြင်း

၁၉။ ။(၁) လွှတ်တော်က၊ သို့တည်းမဟုတ် ကော်မိတီက၊ တဦးတယောက်သောသူအား၊ လာရောက် သက်သေခံရန် ဖြစ်စေ၊ ၎င်းလက်ဝယ်ရှိသော၊ သို့တည်းမဟုတ် ၎င်းစီမံခန့်ခွဲပိုင်ခွင့်ရှိသောစာရွက် စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်၊ သို့တည်းမဟုတ် အခြားစာဟမ်းအမှတ်အသားကို တင်ပြရန် ဖြစ်စေ၊ ဆင့်ဆိုနိုင်သည်။

လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီတွင်သက်သေခံခြင်း၊ စာတမ်းအမှတ်အသားများတင်ပြခြင်း။

(၂) သက်ဆိုင်သူ တဦးဦးအား၊ လွှတ်တော်သို့၊ သို့တည်းမဟုတ် ကော်မိတီသို့တက်ရောက်ရန်ဖြစ်စေ၊ ၎င်းလက်ဝယ်ရှိသော၊ သို့တည်းမဟုတ် ၎င်းစီမံခန့်ခွဲပိုင်ခွင့်ရှိသောစာရွက် စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်: သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားကို တင်ပြရန်ဖြစ်စေ၊ ဥက္ကဋ္ဌ၏၊ သို့တည်းမဟုတ် ကော်မိတီသဘာပတိ၏ ညွှန်ကြားချက်အရ၊အတွင်း၀န်က လက်မှတ်ရေးထိုး၍၊ စာဖြင့်ဆင့်ဆိုနိုင်သည်။

(၃) ထိုဆင့်စာတွင် တက်ရောက်ရမည့်နေ့ရက်၊ နေရာနှင့်အချိန်ကိုဖော်၊ စာတမ်းအမှတ်အသားကိုသာတင်ပြရန်ဖြစ်ပါက၊ တင်ပြရမည့် စာတမ်းအမှတ်အသားကိုဖော်၊ သိမ်းခြားဖေါ်ပြနိုင်သမျှသိမ်းခြားဖေါ်ပြရမည်။

၂၀။ ။စာရွက် စာတမ်း၊စာအုပ်၊မှတ်တမ်း၊ စာချုပ်နှင့်အခြား စာတမ်းအမှတ်အသားကို တင်ပြရန်အတွက် ဆင့်ဆိုထားလျှင်၊ဆင့်ဆိုခြင်း ခံရသူကိုယ်တိုင် မလာရောက်နိုင်သော်လည်း၊ တင်ပြရန်လိုသောစာရွက် စာတမ်း၊စာအုပ်၊မှတ်တမ်း၊စာချုပ်နှင့်အခြား စာတမ်းအမှတ်အသားများကို ဆင့်ဆိုသည့် အချိန်အတွင်း အခြားသူတဦးမှ တဆင့်တင်ပြလျှင်၊ ဆင့်ဆိုသည့်အတိုင်းဆောင်ရွက်သည်ဟု မှတ်ယူရမည်။

အခြားသူမှတဆင့် စာတမ်း အမှတ်အသား များ တင်ပြခြင်း။

၂၁။ ။လွှတ်တော်တွင်၊ သို့တည်းမဟုတ် ကော်မိတီတွင် သက်သေများအား ကျမ်းကျိန်ဆို၍ ဖြစ်စေ၊ သို့တည်းမဟုတ် ကတိသစ္စာဆို၍ ဖြစ်စေ အစစ်ခံစေလိုလျှင်၊ ထိုသက်သေများသည်၊ ထိုသို့ ကျမ်းကျိန်ဆို၍ဖြစ်စေ၊ ကတိသစ္စာဆို၍ဖြစ်စေ၊ သက်သေခံရမည်။

ကျမ်းကျိန်ဆိုခြင်း၊ကတိသစ္စာဆိုခြင်း။

၂၂။ ။(၁) လွှတ်တော်ရှေ့တွင်၊ သို့တည်းမဟုတ် ကော်မိတီ ရှေ့တွင် သက်သေခံရန်၊ သို့တည်းမဟုတ် စာရွက် စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားကိုသော်၎င်း၊ မေးသောမေးခွန်းကိုသော်၎င်း၊ တင်ပြရန်ရှိသော စာရွက် စာတမ်း၊စာအုပ်၊မှတ်တမ်း၊စာချုပ်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားကိုသော်၎င်း၊ အစစ်အဆေးခံနေသည့်ကိစ္စနှင့် မသက်ဆိုင်၍ မိမိအတွင်းရေးကိစ္စသဘောလည်း ပါဝင်သဖြင့်မဖြေလိုကြောင်း၊ မတင်ပြလိုကြောင်း အကြောင်းကြားလျှင်၊ ဥက္ကဋ္ဌက၊ သို့တည်းမဟုတ် ကော်မိတီသဘာပတိက၊ ထိုသို့မဖြေလိုကြောင်း၊ မတင်ပြလိုကြောင်းအကြောင်းကြားချက်ကိုစိစစ်၍ ကျေနပ်လျှင် အဆိုပါမေးခွန်းဖြေကြားရန် တာဝန်မှသော်၎င်း၊အဆိုပါစာရွက် စာတမ်း၊စာအုပ်၊မှတ်တမ်း၊စာချုပ်၊သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတင်ပြရန်တာဝန်မှသော်၎င်း၊ ကင်းလွှတ်ခွင့်ပြုနိုင်သည်။

(၂) နိုင်ငံစော်လုံခြုံမှုကို၊ သို့တည်းမဟုတ် နိုင်ငံတော်၏ လျှို့ဝှက်မှုကို သို့တည်းမဟုတ် နိုင်ငံတော်အကျိုးကိုထိခိုက်နစ်နာဘွယ်ရာရှိသည်ဟူသောအကြောင်းပြချက်ဖြင့်၊ အစိုးရက စာရွက် စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတရပ်ကိုထုတ်ဖော်ခြင်း၊ သို့တည်းမဟုတ် တင်ပြခြင်းကို မပြုလိုကြောင်းဖော်ပြပြီးငြင်းဆိုနိုင်သည်။

၂၃။ ။လွှတ်တော်တွင်၊ သို့တည်းမဟုတ် ကော်မိတီတွင် သက်သေခံရန်၊ သို့တည်းမဟုတ် စာရွက်၊ စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားကိုတင်ပြရန်ဆင့်ဆိုခြင်းခံရသော ပုဂ္ဂိုလ်တဦးသည်၊ မေးမြန်းသည့်မေးခွန်းများကို တတ်စွမ်းနိုင်သမျှ မှန်ကန်စွာအပြည့်အစုံဖြေဆိုရမည်၊ သို့တည်းမဟုတ် တင်ပြရန်ဆင့်စာရှိသည့်အခါ အလိုရှိသော စာရွက် စာတမ်း၊စာအုပ်၊ မှတ်တမ်း၊ စာချုပ်၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားကိုတင်ပြရမည်။

မှန်ကန်စွာ ဖြေဆိုရန်နှင့်စာတမ်းအမှတ် အသားများတင်ပြရန်။

တမင်သက်သက် မမှန်မကန်လိမ်ဇာတ်ဖြေဆိုလျှင်၊ သို့တည်းမဟုတ် မဟုတ်မမှန်သောသက်သေခံချက်များပြုလျှင်၊ ထိုသို့သောဖြေဆိုပြုမူချက်သည်၊ လွှတ်တော်ကိုမထိမဲ့မြင်ပြုသည့်ပြစ်မှုကိုကျူးလွန်သည်မည်၏။

အမှုကိုတရားရုံးကဆက်လက်အရေးမယူခြင်း။

၂၄။ ။လွှတ်တော်တွင်၊ သို့တည်းမဟုတ် ကော်မိတီတွင်၊ တဦးတယောက်သောသူက သက်သေခံခြင်း၊ သို့တည်းမဟုတ် စာရွက်စာတမ်း၊ စာအုပ်၊ မှတ်တမ်း၊ စာချုပ်၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားများ တင်ပြခြင်းကြောင့် တရားစွဲဆိုခြင်းခံရသော်၊ ထိုသို့သက်သေခံခြင်း၊ သို့တည်းမဟုတ် တင်ပြခြင်းသည်၊ လွှတ်တော်ကချမှတ်သော ဆင့်စာအရသက်သေခံခြင်း၊ တင်ပြခြင်းဖြစ်သည်ဟု အတွင်းဝန်ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို တရားရုံးသို့တင်ပြသျှင်၊ ထိုအမှုကို တရားရုံးကဆက်လက်အရေးမယူစေရ။

သက်သေ ခံရန်နှင့် စာတမ်းအမှတ်အသား တင်ပြရန်ပျက်ကွက်ခြင်း။

၂၅။ ။ပုဒ်မ ၂၂ တွင် ဖေါ်ပြသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ လွှတ်တော်က၊ သို့တည်းမဟုတ် ကော်မိတီက၊ တဦးတယောက်သောသူအားသက်သေခံရန်၊ သို့တည်းမဟုတ် စာရွက် စာတမ်းများကိုဖြစ်စေ၊ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ တင်ပြရန်ဆင့်ဆိုသောအခါ၊ ထိုသို့သက်သေခံရန်၊ သို့တည်းမဟုတ် စာရွက် စာတမ်းများကို ဖြစ်စေ၊ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ တင်ပြရန်ပျက်ကွက်ခဲ့သော်၊ ထိုသူသည်၊ လွှတ်တော်ကို မထီမဲ့မြင်ပြုသည့်ပြစ်မှုကိုကျူးလွန်သည်မည်၏။

လွှတ်တော်၊ သို့တည်းမဟုတ် ကော်မီတီတွင် ဆောင်ရွက် သည့် မှုခင်းကိစ္စများနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်မရှိဘဲ အခြား အာဏာပိုင်ရှေ့တွင် သက်သေခံခြင်းမပြုရ။

၂၆။ ။မည်သည့်အမတ်၊ သို့တည်းမဟုတ် လွှတ်တော်အရာရှိ၊ သို့တည်းမဟုတ် လွှတ်တော်မှတ်တမ်းရေးမှူးမျှ၊ လွှတ်တော် ရှေ့တွင်ဖြစ်စေ၊ ကော်မီတီရှေ့တွင် ဖြစ်စေ၊ တဦး တယောက်သော သူကပေးသည့် သက်သေခံချက်၊ သို့တည်းမဟုတ် တင်ပြသည့် လက်ရေးမူ၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားပါ အကြောင်းအရာများနှင့်စပ်လျဉ်း၍သော်၎င်း၊ ဆောင်ရွက်သည့် မှုခင်းကိစ္စများ၊ သို့တည်းမဟုတ် စစ်ဆေးမေးမြန်းမှုနှင့် စပ်လျဉ်း၍သော်၎င်း၊ သက်ဆိုင်ရာလွှတ်တော်၏၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ အထူးခွင့်ပြုချက်မရဘဲ၊ အခြားအာဏာပိုင်တဦးဦးရှေ့တွင် သက်သေခံခြင်းမပြုရ။

အပိုင်း ၆

ပြစ်ဒဏ်များနှင့်တရားစွဲဆိုရန်ကျင့်ထုံး

လွှတ်တော်ကို မထီမဲ့မြင်ပြုသည့် ပြစ်မှုအတွက် ပြစ်ဒဏ်။

၂၇။ ။၍အက်ဥပဒေတွင် ဖေါ်ပြသည့် လွှတ်တော်ကို မထီမဲ့မြင်ပြုသည့် ပြစ်မှုတခုခုကိုကျူးလွန်သူအား၊ အလုပ်မဲ့ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်။

၂၈။ ။(၁) ပုဒ်မ ၂၇ တွင်အကျုံးဝင်သော ပြစ်မှုတခုခုကို၊ သက်ဆိုင်ရာ အာဏာပိုင်၏အမိန့်ရယူပြီးလျှင်၊ အတွင်းဝန်က တိုင်တန်းခြင်းမပြုခဲ့သော်၊ မည်သည့်တရားရုံးကမျှ ထိုပြစ်မှုကို အရေးမယူရ။

တရားစွဲဆိုခြင်းနှင့်ရှုပ်သိမ်းခြင်း။

(၂) ဤအက်ဥပဒေအရစွဲဆိုသည့်အမှုတခုခုကို၊ သက်ဆိုင်ရာ အာဏာပိုင်၏အမိန့်အရ၊ အတွင်းဝန်ကရုပ်သိမ်းခွင့်တောင်းနိုင်သည်။

ရှင်းလင်းချက်။ ။ဤပုဒ်မတွင်ရည်ညွှန်းသည့် ''သက်ဆိုင်ရာအာဏာပိုင်'' ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အာဏာပိုင်ကိုဆိုလိုသည်။

၂၉။ ။ဤအက်ဥပဒေအရတိုင်တန်းသည့် အမှုများကို ခရိုင်ရာဇဝတ်တရားသူကြီးက၊ သို့တည်းမဟုတ် ပဋမတန်းအာဏာရ ရာဇဝတ်တရားသူကြီးကသာ စစ်ဆေးစီရင်ရမည်။

အမှုစစ်ဆေးရမည့်တရားသူကြီး။

၃၀။ ။ပုဒ်မ ၂၈ တွင်ဖေါ်ပြသည့်အတိုင်း အတွင်းဝန်က စာဖြင့်ရေးသားတိုင်တန်းလျှင်၊ တရားရုံးသည်၊ တိုင်တန်းသူအား၊ သို့တည်းမဟုတ် အခြားသူများအား၊ စစ်ဆေးရန်မလိုဘဲတိုင်တန်းသည့်အမှုကိုအရေးယူရမည်။

အမှုကိုအရေးယူခြင်း။

၃၁။ ။ဤအက်ဥပဒေအရတိုင်တန်းအရေးယူသည့် အမှုများကို တရားရုံးတွင် နိုင်ငံတော်ရှေ့နေချုပ်က၊ သို့တည်းမဟုတ် နိုင်ငံတော်ရှေ့နေချုပ်၏ကိုယ်စား အစိုးရရှေ့နေတဦးဦးက၊ လွှတ်တော်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌကိုယ်စား အမှုကိုပြီးဆုံးသည့်အထိ ဆောင်ရွက်ရမည်။

တရားလိုအတွက် ဆောင်ရွက်ရမည့်ရှေ့နေ။

၃၂။ ။ဤအက်ဥပဒေအရတိုင်တန်းအရေးယူသည့် အမှုများကို တရားရုံးတွင် နိုင်ငံတော်ရှေ့နေချုပ်၏ကိုယ်စား အစိုးရရှေ့နေတဦးဦးက၊ လွှတ်တော်၊ သို့တည်းမဟုတ် ဥက္ကဋ္ဌကိုယ်စား အမှုကိုပြီးဆုံးသည့်အထိ ဆောင်ရွက်ရမည်။

၃၃။ ။ဤအက်ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ရာဇဝတ်ကျင့်ထုံးကိုဥပဒေ နှင့်သက်သေခံအက်ဥပဒေပါပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေတွင် ဖေါ်ပြသည့် ပြစ်မှုများစစ်ဆေးစီရင်ခြင်းနှင့်သက်ဆိုင်စေရမည်။

အမှုများကိုမည်ကဲ့သို့ စစ်ဆေးရန်။

၃၄။ ။ဤအပိုင်းမဟုတ်မများတွင် မည်သို့ပင် ဖေါ်ပြထားစေကာမူ၊ ဤအက်ဥပဒေတွင် ဖေါ်ပြသော လွှတ်တော်ကို မထိမဲ့မြင်ပြုသည့် ပြစ်မှုတခုခုကိုကျူးလွန်သူ တဦးဦးအား၊ တရားစွဲဆိုခြင်းမပြုသည့်ကိစ္စများတွင် အဆိုပါပြစ်မှုတခုခုကို ကျူးလွန်သူသည်—

လွှတ်တော်ကို မထိမဲ့မြင်ပြုသည့်ပြစ်မှု ကျူးလွန်သူနှင့် ပတ်သက်၍ လွှတ်တော်၏၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏အာဏာများ။

(က) အမတ်ဖြစ်လျှင် ဥက္ကဋ္ဌ က၊ ထိုအမတ် အား၊ ၎င်း၏ပြုမှုချက်အတွက် လွှတ်တော်ကို ဝန်ချတောင်းပန်ရန်၊ သို့တည်းမဟုတ် ၎င်း၏အပြုအမူသည် အလွန်တရာ မဖွယ်မရာဖြစ်သည်ဟု ဥက္ကဋ္ဌက ထင်မြင်ယူဆလျှင်၊ ထိုအမတ်ကို လွှတ်တော်ထဲမှ ချက်ခြင်းထွက်ခွါသွားရန် ဥက္ကဋ္ဌ က ညွှန်ကြားနိုင်သည်။ ထိုသို့ညွှန်ကြားခြင်းခံရသော အမတ်သည် လွှတ်တော်မှချက်ခြင်းထွက်ခွါ၍၊ ထိုနေ့အတွက်အစည်းအဝေးကိုဆက်လက်၍မတက်ရ။ ဥိလာခံတခုအတွင်းတွင် လွှတ်တော်တွင်းမှ ထွက်ခွါသွားရန် ဒုတိယအကြိမ် ညွှန်ကြားခြင်းခံရသော အမတ်ဖြစ်ပါမူ၊ ဥက္ကဋ္ဌ က ကန့်သတ်သော ကာလအပိုင်းအခြားအတွင်း ဥိလာခံအစည်းအဝေးများသို့ဝင်း၊လွှတ်တော် ကော်မီတီအစည်းအဝေးများသို့ဝင်း၊ မတက်ရန်ညွှန်ကြားနိုင်သည်။ ထိုသို့ညွှန်ကြားအပ်သော ကာလအပိုင်းအခြားသည် ကျန်ဥိလာခံ ရက်များထက်မပိုစေရ။ ထိုသို့ညွှန်ကြားခြင်းခံရသော အမတ်သည် လွှတ်တော် ဥပစာထဲသို့ မလာမရောက်ရ။

(ခ) အမတ်မဟုတ်သူဖြစ်၍ လွှတ်တော်ထဲ ဝင်ရောက်ကြည့်ရှုနေသူဖြစ်လျှင် လွှတ်တော်အား၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ အား၊ ဝန်ချတောင်းပန်ရန်သော်၎င်း၊ လွှတ်တော်ဥပစာမှ ချက်ခြင်း ထွက်ခွါသွားရန်သော်၎င်း၊ မည်သည့်ကာလအပိုင်းအခြားအတွင်း အစည်းအဝေးသို့ မတက်ရောက်ရန်သော်၎င်း၊ ဥက္ကဋ္ဌ က ထိုသူအားညွှန်ကြားနိုင်သည်။

(ဂ) အခြားလွှတ်တော်၏အမတ်၊ သို့တည်းမဟုတ် အရာရှိတဦးဖြစ်လျှင် ပုဒ်မ ၄၀ ပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

လွှတ်တော်တွင်ရုန်းရင်းဆန်ခတ်မှုအတွက် အရေးယူခြင်း။

၃၄။ ။(၁) တဦးတယောက်သောသူသည်၊လွှတ်တော်ဥိလာခံကျင်းပနေစဉ် လွှတ်တော်ခန်းမတွင်ဖြစ်စေ၊ လွှတ်တော်ဥပစာတွင်ဖြစ်စေ၊ ရုန်းရင်းဆန်ခတ်မှုကို ပြုလုပ်လျှင်၊ သို့တည်းမဟုတ် ရုန်းရင်းဆန်ခတ်မှု ပြုလုပ်ရာတွင် ပါဝင်လျှင်၊ ထိုသူကို ကျွင်းတော်ကိုင်အရာရှိက ဥက္ကဋ္ဌ၏နှုတ်မိန့်အရ၊ ဝါးရမ်းမပါဘဲဘခ်းဆီးနိုင်သည်။ ထိုသို့ဘခ်းဆီးပြီး၊ ထိုသူအား၊ လွှတ်တော်ကို မထိမဲ့မြင် ပြုသည့်ပြစ်မှုဖြင့် အရေးယူရမည်၊ မယူရမည်ကို လွှတ်တော်က မဆုံးဖြတ်မီအချိန်အတွင်း၊ ထိုသူကို လွှတ်တော်ဥပစာတနေရာရာတွင် ကျွင်းတော်ကိုင်အရာရှိက ချုပ်နှောင်ထားနိုင်သည်။ သို့ရာတွင် ထိုသို့ချုပ်နှောင်ထားခြင်းမှာ၊ ထိုနေ့လွှတ်တော် အစည်းအဝေးပြီးဆုံးသည့် အချိန်အထိသာဖြစ်စေရမည်။

(၂) အဆိုပါရုန်းရင်းဆန်ခတ်မှုပြုလုပ်သူအား၊ ပုဒ်မခွဲ (၁) တွင်ဖေါ်ပြသည့် ဥက္ကဋ္ဌ အမိန့်အရဘခ်းဆီးခြင်းနှင့် ချုပ်နှောင်ထားခြင်းဖြစ်မြောက်အောင် ရဲအရာရှိများ၊ ရဲအမှုထမ်းများနှင့် အခြားပုဂ္ဂိုလ်များအားကူညီရန် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ အမိန့်အရ၊ လွှတ်တော်အရာရှိတဦးကတောင်းဆိုလျှင်၊ ထိုပုဂ္ဂိုလ်များသည် လိုအပ်သည့် အကူအညီများကိုပေးရမည်။

(၃) ဤပုဒ်မအရ ဆောင်ရွက်သည့် သူများအား ၎င်းတို့ဆောင်ရွက်ခြင်းအတွက် မည်သည့်တရားရုံးတွင်မျှ ဘာရားစွဲဆိုခြင်းမပြုရ။

အပိုင်း ၇

အထွေထွေ

အခွင့်အရေးကော်မိတီ။

၃၅။ ။လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အမတ်များ၊ သို့တည်းမဟုတ် လွှတ်တော် အရာရှိများအခွင့်အရေးနှင့် သက်ဆိုင်သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍လွှတ်တော်က၊ သို့တည်းမဟုတ် ဥက္ကဋ္ဌကမည်ကဲ့သို့ဆောင်ရွက်ရမည်ကို လွှတ်တော်၏နည်းဥပဒေများတွင် ဖေါ်ပြထားခြင်းမရှိပါက၊ နည်းဥပဒေများပြုလုပ်ရမည်။ အထူးသဖြင့် အခွင့်အရေးကော်မိတီတရပ်ဖွဲ့စည်းပုံ၊ကော်မိတီ၏လုပ်ငန်းစဉ်များ၊တာဝန်ဝတ္တရားများနှင့် အာဏာများကိုအဆိုပါနည်းဥပဒေများတွင်ပြဋ္ဌာန်းထားရမည်။

လွှတ်တော် ပတ်ဝန်းကျင်တွင်လူထုဆန္ဒပြခြင်း။

၃၆။ ။(၁) လွှတ်တော် ညီလာခံ၊ သို့တည်းမဟုတ် ကော်မိတီ အစည်းအဝေးကျင်းပနေစဉ်၊ လွှတ်တော်၊ သို့တည်းမဟုတ် ကော်မိတီ၏ လုပ်ငန်းများကို အနှောင့်အယှက် ဖြစ်စေမည့် မည်သည့်စီတန်းလှည့်လည်ခြင်း၊ သို့တည်းမဟုတ် မည်သည့် ဆန္ဒပြခြင်းမျိုးကိုမှ လွှတ်တော်ဥပဒေနယ်နိမိတ်မှ ပေ ၅၀၀ အတွင်း၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ က အခါကာလအားလျော်စွာ သတ်မှတ်ထားသော နယ်နိမိတ်အတွင်းတွင်မပြုလုပ်ရ။

(၂) မည်သည့်တရားသူကြီး၊ သို့တည်းမဟုတ် ရဲအုပ်ရာထူး အဆင့်အတန်းအောက်မနိမ့်သည့် ရဲအရာရှိကမဆို၊ ပုဒ်မခွဲ (၁) တွင် ဖေါ်ပြသည့် စီတန်းလှည့်လည်ခြင်း၊ သို့တည်းမဟုတ် ဆန္ဒပြခြင်းကိုရပ်ထားရန်၊ သို့တည်းမဟုတ် လူစုခွဲရန်အမိန့်ပေးနိုင်သည်။

(၃) ထိုသို့စီတန်းလှည့်လည်ရာတွင်၊ သို့တည်းမဟုတ် ဆန္ဒပြရာတွင် ပါဝင်သူများက ပုဒ်မခွဲ (၂) တွင် ဖေါ်ပြသည့် အမိန့်ကိုမနာခံလျှင်၊ အဆိုပါစီတန်းလှည့်လည်ခြင်း၊ သို့တည်းမဟုတ် ဆန္ဒပြခြင်းမှာ ရာဇသတ်ကြီး ပုဒ်မ ၁၄၁ အရ၊ တရားဥပဒေနှင့်ဆန့်ကျင်သော အစည်းအဝေးဖြစ်သည်ဟု မှတ်ယူရမည်။

တရားစွဲဆိုခြင်းမှခွင့်လွှတ်ခြင်း။

၃၇။ ။အခြေခံဥပဒေအရသော်ငင်း၊ ဤအက်ဥပဒေအရသော်ငင်း၊ လွှတ်တော်နည်းဥပဒေများအရသော်ငင်း၊ လွှတ်တော်၏၊ သို့တည်းမဟုတ် ဥက္ကဋ္ဌ၏ တည်ဆဲအမိန့်များအရသော်ငင်း၊ ပြုလုပ်ဆောင်ရွက်သည့်ကိစ္စများအတွက် မည်သူကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ ဒေခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

လွှတ်တော်ခန်းမသို့ဝင်ရောက်ခြင်း။

၃၈။ ။(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရရှိဘဲ အမတ်များမှတပါး မည်သူမျှ လွှတ်တော်ခန်းမတွင်းသို့ မဝင်ရ။

(ခ) ထိုသို့ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်ခန်းမတွင်းသို့ဝင်သောသူသည်၊ ဥက္ကဋ္ဌ၏အမိန့်ဖြင့်၊ဖယ်ရှားခြင်းခံရမည်။

လိမ်လည်၍လွှတ်တော်ခန်းမသို့ဝင်ရောက်ခြင်း။

၃၉။ ။မည်သူမဆို လွှတ်ဘော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်ခန်းမတွင်းသို့ ဝင်ရောက်ရန် လိမ်လည်ပြောဆိုခြင်း၊ သို့တည်းမဟုတ် သူဘပါးယောင်ဆောင်ခြင်းပြုခဲ့သော်၊ ထိုသူအား၊ အလုပ်ခဲ့ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ကျပ် ၅၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ရမည်။

လွှတ်တော်၏ အခွင့်အရေးကိုအခြားလွှတ်တော်က ထိပါးခြင်း။

၄၀။ ။(၁) လွှတ်တော်၏ အခွင့်အရေးကို ထိပါးသည်သူမှာ၊ အခြားလွှတ်တော်၏အမတ်၊ သို့တည်းမဟုတ် အရာရှိ၊ သို့တည်းမဟုတ် အမှုထမ်းတဦးဖြစ်လျှင်၊သက်ဆိုင်ရာဥက္ကဋ္ဌက၊ ထိုအမတ်၊ သို့တည်းမဟုတ် အရာရှိ၊သို့တည်းမဟုတ် အမှုထမ်းသည်၊ လွှတ်တော် အခွင့်အရေးကို မည်ကဲ့သို့ ထိပါးကြောင်း အကြောင်းစုံလင်စွာဖေါ်ပြလျက်၊ အခြားလွှတ်တော်ဥက္ကဋ္ဌထံသို့ အရေးယူရန်အကြောင်းကြားရမည်။

(၂) အဆိုပါအကြောင်းကြားစာကိုရလျှင်ရခြင်း၊ အခြားလွှတ်တော်၏ဥက္ကဋ္ဌက တိုင်ကြားစာနှင့်စပ်လျဉ်း၍၊ ထိုအမတ်၊ သို့တည်းမဟုတ် ထိုအရာရှိ၊သို့တည်းမဟုတ် အမှုထမ်းသည်၊ ထိုသက်ဆိုင်ရာ လွှတ်တော်၏အခွင့်အရေးကို ထိပါးဘိသကဲ့သို့စုံစမ်းစစ်ဆေးပြီးထိုက်သင့်သလိုအရေးယူရမည်။

(၃) အခြားလွှတ်တော်၏ဥက္ကဋ္ဌသည်၊ ပုဒ်မခွဲ (၂) အရစစ်ဆေးပြီး၊ တိုင်ကြားချက်နှင့်စပ်လျဉ်း၍ မည်သို့အရေးယူကြောင်းကို တိုင်ကြားသည့် ဥက္ကဋ္ဌထံသို့ အကြောင်းပြန်ကြားရမည်။

ရာဇဝတ်မှုများ အရေးမယူနိုင်ရန် ခိုလှုံရာအနေဖြင့် လွှတ်တော် ဥပစာအတွင်း မနေထိုင်ရခြင်း။

၄၁။ ။(၁) အမတ်တဦးသည်၊ ရာဇဝတ်ပြစ်မှုတခုကိုကျူးလွန်ခဲ့သည့် ကိစ္စတရပ်အတွက်ကြောင့်သော်၎င်း၊ ၎င်းအား၊ ရာဇဝတ်ကြောင်းဖြင့်အစိုးရက ဖြစ်စေ၊ အခြားသက်ဆိုင်ရာအာဏာပိုင်တဦးကဖြစ်စေ၊ဖမ်းဆီးမည်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားမည်ဟု သိရှိရသောကြောင့်သော်၎င်း၊ ဖမ်းဆီးရန်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားရန် အမိန့်ချမှတ်ထားကြောင်းကိုသိရှိရသောကြောင့်သော်၎င်း၊ ၎င်းအား၊ ရာဇဝတ်ကြောင်းဖြင့် အရေးမယူနိုင်ရန် ခိုလှုံရာအနေဖြင့် လွှတ်တော်ခန်းမတွင်ဖြစ်စေ၊ လွှတ်တော် ဥပစာအတွင်းရှိ အခန်း၊ သို့တည်းမဟုတ် အဆောင်တခုခုတွင်ဖြစ်စေ မည်သည့်အခါမျှခိုအောင်း၍မနေရ။

(၂) အမတ်တဦးသည်၊ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်၊ထိုအမတ်ကိုအစိုးရကဖြစ်စေ၊ အခြားသက်ဆိုင်ရာအာဏာပိုင်ကဖြစ်စေ၊ ဥက္ကဋ္ဌ၏အမိန့်ကိုခံယူပြီး၊ ၎င်းခိုလှုံရာလွှတ်တော်ခန်းမတွင်ဖြစ်စေ၊ လွှတ်တော်ဥပစာအတွင်းရှိ အခြားအခန်းတခန်း၊ သို့တည်းမဟုတ် အဆောင်တခုခုတွင်ဖြစ်စေ ဝင်ရောက်ဖမ်းဆီးနိုင်သည်။

(၃) ပုဒ်မခွဲ (၂)တွင်ပေါ်ပြသည့်ဖမ်းဆီးခြင်းကို၊ လွှတ်တော် အစည်းအဝေးကျင်းပနေသည့်အချိန်ကာလအပိုင်းအခြားအတွင်းတွင် မပြုလုပ်ရ။

(၄) ဤပုဒ်မပါပြဋ္ဌာန်းချက်ကို ကျူးလွန်သူသည်၊ လွှတ်တော်ကို မထီမဲ့မြင်ပြုသည့်ပြစ်မှုကိုကျူးလွန်သည်မည်၏။

၄၂။ ။(၁) လွှတ်တော်ညီလာခံကျင်းပနေသည့် အခါဖြစ်စေ၊ လွှတ်တော် ညီလာခံမကျင်းပသည့်အခါဖြစ်စေ မည်သူမျှဥက္ကဋ္ဌ၏ အနေနှင့် ကိုမရရှိဘဲ၊ လွှတ်တော်ခန်းမ၊ သို့တည်းမဟုတ် လွှတ်တော် ဥပစာအတွင်းရှိ အခြားမည်သည့်အခန်း၊ သို့တည်းမဟုတ် အဆောင်တွင်မျှ ညှဉ်းဆဲခံညှဉ်နေပြုခြင်းအတွက် အသုံးမပြုရ၊ ထင်းပြင် လွှတ်တော်နှင့်မဆိုင်သည့် အခြားမည်သည့်ကိစ္စ အတွက်ကိုမျှ အသုံးမပြုရ။

လွှတ်တော်တွင် ညှဉ်းဆဲခံခြင်းသော်၎င်း၊ အခြားကိစ္စများအတွက်သော်၎င်း အသုံးမပြုရခြင်း။

(၂) ဤပုဒ်မပါပြဋ္ဌာန်းချက်ကို ကျူးလွန်သူသည်၊ လွှတ်တော်ကို မထိမဲ့မြင်ပြုသည့်ပြစ်မှုကိုကျူးလွန်သည်မည်၏။

၄၃။ ။(၁) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ လူမျိုးစုလွှတ်တော်နာယကနှင့်ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှစ်ဦးတွဲဖက်၍နည်းဥပဒေများကို ပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁)တွင် ဖော်ပြသည့်နည်းဥပဒေများကိုပြုပြီး၊ လွှတ်တော်နှစ်ရပ်သို့တင်ပြ၍ လွှတ်တော်နှစ်ရပ်က အတည်ပြုမှသာ အဆိုပါနည်းဥပဒေများသည်၊ စတင် အာဏာတည်ရမည်။

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ တရားရေးဝန်ကြီးဌာန၊ ပါမောက္ခ—အမှတ် ၁၀၁၂၊ ၂—၂၀၀၈—၂။

၁၉၅၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသန လုပ်ငန်းအဖွဲ့ (ယာယီပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၊]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ (ယာယီပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၅ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင်စတင် အာဏာတည်သည်ဟု မှတ်ယူရမည်ပြင်၊ နိုင်ငံတော်သမတ က၊ အာဏာတည်ခြင်း မှရပ်စဲရမည်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆင့်ဆိုသည့်နေ့တိုင်အောင်လည်း ဆက်လက်၍ အာဏာတည်ရမည်။ ယင်းသို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းအားဖြင့် ဤအက်ဥပဒေအာဏာတည်ခြင်းမှ ရပ်စဲသောအခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ၏ ပုဒ်မ ၅ ရှိအက်ဥပဒေရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရမည်။

၂။ ။ဤအက်ဥပဒေ အာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး၊ ၁၉၅၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့အက်ဥပဒေသည်၊ ၎င်း၏ရှိရင်း ပုဒ်မ ၃၉ အစား၊ အောက်ပါကို၊ ပုဒ်မ ၃၉ အဖြစ်ထည့်သွင်းထားဘိ သကဲ့သို့အကျိုးသက်ရောက်စေရမည်။

"၃၉။ ရာထူးသက်တမ်း။ ။ကော်မိတီလူကြီး အသီးသီး၏ရာထူးသက်တမ်းသည်၊ ငါးနှစ် ဖြစ်ရမည်။ သို့ရာတွင် ကော်မိတီလူကြီးများ၏ ရာထူးသက်တမ်း ကုန်ဆုံးသော်လည်း၊ ထိုကော်မိတီလူကြီးများသည်၊ ကော်မိတီလူကြီးသစ်များကို၊ မြန်မာနိုင်ငံ သုတေသနအဖွဲ့က ခန့်ထားသည့် အချိန်တိုင်အောင်၊ မိမိတို့၏အာဏာနှင့်တာဝန် ဝတ္တရားများကို ဆက်လက်သုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံတော် သမတသည်၊ မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆလျှင်၊ မည်သည့်အခါမဆို၊ ကော်မိတီလူကြီးအုပ်လုံး၏၊ သို့တည်းမဟုတ် တဦးဦး၏ ရာထူးသက်တမ်းကိုရပ်စဲနိုင်သည်။"

၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၇၊]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) “ တပ်မတော် ” ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့ကို ဆိုလိုသည်။

(ခ) “ ဆရာဝန် ” ဆိုသည်မှာ၊ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်အရထားရှိသော ဆရာဝန်မှတ်ပုံတင်စာရင်းတွင် အမည်ပါရှိသူ တဦးဦးကိုသော်၎င်း၊ ထိုအက်ဥပဒေအရ မှတ်ပုံတင်ပိုင်ခွင့်ရှိသူ တဦးဦးကိုသော်၎င်း ဆိုလိုသည်ပြင်၊ ထိုစကားရပ်တွင်၊ သွားဘက်ဆိုင်ရာ ဆရာဝန်များလည်းပါဝင်သည်။

(ဂ) “ အင်ဂျင်နီယာ ” ဆိုသည်မှာ၊ အုသိအမှတ်ပြု တက္ကသိုလ်၊ သို့တည်းမဟုတ် ကျောင်းကပေးအပ်သောအင်ဂျင်နီယာဘွဲ့ရသူ၊ သို့ဟည်းမဟုတ် ဒီပလိုမာရသူကိုသော်၎င်း၊ အလားတူဘွဲ့၊ သို့တည်းမဟုတ် အလားတူဒီပလိုမာရသူကိုသော်၎င်း ဆိုလိုသည်။

(ဃ) “ ကျွမ်းကျင်သူ ” ဆိုသည့်စကားရပ်တွင် ဆရာဝန်များ၊ အင်ဂျင်နီယာများ၊စက်မှုလက်မှုပညာတတ်မြောက်သူများနှင့် အခြားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းသူများပါဝင်သည်။

(င) “ စစ်မှုထမ်းအရွယ်ရောက်သူ ” ဆိုသည်မှာ၊ယောကျ်ားဖြစ်လျှင်၊ အသက် ၁၈ နှစ်ပြည့်၍၊ အသက် ၄၆ နှစ်မပြည့်သေးသော ပြည်ထောင်စု နိုင်ငံသားကိုဝင်း၊ မိန်းမဖြစ်လျှင်၊ အသက် ၁၈ နှစ်ပြည့်၍၊ အသက် ၃၆ နှစ်မပြည့်သေးသော ပြည်ထောင်စု နိုင်ငံသားကိုဝင်း၊ ဆရာဝန်၊ သို့တည်းမဟုတ် အင်ဂျင်နီယာ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူဖြစ်လျှင်၊ အသက် ၁၈ နှစ်ပြည့်၍၊ အသက် ၅၆ နှစ်မပြည့်သေးသူကိုဝင်း ဆိုလိုသည်။

(စ) “ ယခင်အလုပ်ရှင် ”ဆိုသည်မှာ၊ အလုပ်တွင် ပြန်လည်ခန့်ထားရေးအတွက် လျောက်ထားသူနှင့် စပ်လျဉ်း၍၊ အဆိုပါလျောက်ထားသူအား၊ စတင်စစ်မှုထမ်းရွက်သည့်နေ့ရက်နှင့်ကြားကာလ မရှိ တဆက်တည်း အလျင်ကျရောက်သော ရက်သတ္တလေးပတ်

အတိုး ၂၅ ပြား]

အတွင်း နောက်ဆုံးအလုပ်လုပ်စေခဲ့သည့် ယခင်အလုပ်ရှင်ကို ဆိုလိုသည်။ ထိုစကားရပ်တွင် အောက်ပါသူတို့လည်း ပါဝင်သည်။

(၁) လုပ်ငန်း၊ သို့တည်းမဟုတ် အလုပ်အကိုင်တခုတည်းတွင် အဆိုပါ ယခင်အလုပ်ရှင်နောက်၊ ဆက်လက်ဆောင်ရွက်သူ၊ သို့တည်းမဟုတ်

(၂) အဆိုပါ လျှောက်ထားသူအား အလုပ်တွင် ပြန်လည်ခန့်ထားရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချာဝယ် ထိုယခင် အလုပ်ရှင်ကို ဖြစ်စေ၊ထိုယခင် အလုပ်ရှင်နောက်၊ ဆက်လက်ဆောင်ရွက်သူကိုဖြစ်စေ၊ ကြီးမှူးအပ်ချုပ်သည့် အဓိကအလုပ်ရှင်။

(ဆ) " အလုပ်ရှင် " ဆိုသည်မှာ၊ စစ်မှုထမ်းရန်အတွက် ဆင့်ခေါ်ခြင်းခံရသည့် အလုပ်သမားနှင့် စပ်လျဉ်း၍၊ အဆိုပါ အလုပ်သမားအား၊ အလုပ်ရပ်စဲပိုင်ခွင့်ရှိသူကိုဖြစ်စေ၊ အာဏာပိုင်ကိုဖြစ်စေ၊ ထိုသူ၊ သို့တည်းမဟုတ် ထိုအာဏာပိုင်နောက်၊ ဆက်လက်ဆောင်ရွက်သူကိုဖြစ်စေ၊ ဆိုလိုသည်ပြင်၊ ထိုစကားရပ်တွင်၊ အဆိုပါအလုပ်သမားအား အလုပ်ရပ်စဲရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချာဝယ်၊ ထိုအလုပ်ရှင်အား ကြီးမှူးအုပ်ချုပ်သည့်အဓိက အလုပ်ရှင်လည်း ပါဝင်သည်။

(ဇ) " အလုပ်သမား " ဆိုသည်မှာ၊ အခိုက်အတန့် အလုပ်ခန့်ထားခြင်းခံရသူမှတပါး၊ အလုပ်ရှင်နှင့် ချုပ်ဆိုသည့် အောက်ပါ ပဋိညာဉ် စာချုပ်တခုခုအရ အလုပ်ဝင်ရောက်လုပ်ကိုင်သူကို ဆိုလိုသည်။

(၁) လက်နှင့်လုပ်ရသည့်အလုပ်၊ သို့တည်းမဟုတ် စာရေးစာချီအလုပ်၊ သို့တည်းမဟုတ် အခြားအလုပ်အတွက် ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်၊

(၂) အလုပ်လုပ်ရန်၊ သို့တည်းမဟုတ် အလုပ်သင်ရန် ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်၊

(၃) အတည့်အလင်း ချုပ်ဆိုသည့်၊ သို့တည်းမဟုတ် ချုပ်ဆိုသည့် သဘောဃက်ရောက်သော ပဋိညာဉ်စာချုပ်၊ သို့တည်းမဟုတ်

(၄) စာဖြင့်ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်၊ သို့တည်းမဟုတ် နှုတ်ပဋိညာဉ်။

သို့သော်လည်း ထိုစကားရပ်တွင်၊နိုင်ငံတော် သမတ က၊ အထူးအမိန့်ဖြင့်ကျေညာထားသူများ၊ သို့တည်းမဟုတ် ကျေညာထားသူအမျိုးအစားများမပါဝင်ချေ။

(ဈ) " အိမ်ထောင်သားစု " ဆိုသည်မှာ၊ မိဘများ၊ လင်၊ သို့တည်းမဟုတ် မယား၊ သားသမီးများ၊ နှညီအစ်ကို မောင်နှမများကို ဆိုလိုသည်။

(ည) " သတ်မှတ်သည် " ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ ပြုသည့် နည်းဥပဒေများဖြင့် သတ်မှတ်သည်ကို ဆိုလိုသည်။

(ဋ္ဌ) " သာသနာ့ဝန်ထမ်း " ဆိုသည်မှာ—

(က) ဗုဒ္ဓဘာသာအတွက်ဖြစ်လျှင်၊ ဗုဒ္ဓသာသနာတော်ဝန်ကိုအစဉ် ထမ်းရွက်နေသော ရဟန်းနှင့် သာမဏေကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် အောက်ပါ စည်းကမ်းချက်များအတိုင်း လိုက်နာကျင့်သုံးနေထိုင်သော မယ်သီလများလည်းပါဝင်သည်။

(၁) ရဟန်းသာမဏေများကဲ့သို့ ဆံပင်ကိုရိတ်ပယ်ခြင်း၊

(၂) ရဟန်းသာမဏေများကဲ့သို့ အိမ်ထောင်မပြုခြင်း၊

(၃) ရှစ်ပါးသီလ၊ သို့တည်းမဟုတ် ဆယ်ပါးသီလမြဲခြင်း၊

(၄) ပရိဘုဏ် ရဟန်းတို့အသုံးအဆောင်ဖြစ်သော ဓြေနီဆိုး အဝတ်ကို အမြဲဝတ်ခြင်း၊

(၅) လူများကဲ့သို့ လူမှုကိစ္စနှင့် စီးပွါးရေးကိစ္စများကို မဆောင်ရွက်ခြင်း၊

(၆) လူများနှင့်အတူ ရောယှက်မနေဘဲ၊ ကျောင်း၊ ကျောင်းတိုက်၊ ဇရပ် စသည့်သီးခြား အဆောက်အဦများ၌ နေထိုင်ခြင်း၊ ထို့ပြင်

(၇) ရဟန်းသာမဏေများကဲ့သို့ ဗုဒ္ဓပိဋကတ် ကျမ်းဂန်တို့ကို သင်အံ့ဝှေ့ချဆောင်ရွက်လျက်၊ ပရိယတ္တိသာသနာတော်ကို စောင့်ရှောက်ချီးမြှောက်ခြင်း၊ သို့တည်းမဟုတ် ကမ္မဋ္ဌာန်းဘာဝနာကို ပွါးများအားထုတ်လျက်၊ ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာကို စောင့်ရှောက်ချီးမြှောက်ခြင်း၊

(ခ) ခရစ်ယာန်ဘာသာအတွက် ဖြစ်လျှင် သာသနာဝန်ထမ်းဆောင်ရန်အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသော ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော၊ သို့တည်းမဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် မိမိတို့ကိုးကွယ်သော ဘာသာအရဂိုဏ်းချုပ်၏အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက် လက်ခံ၍ ဘာသာရေးစည်းမျဉ်း၊ သို့တည်းမဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသောပုဂ္ဂိုလ်တစုတွင်၊ သို့တည်းမဟုတ် အဖွဲ့အစည်းတွင်ပါဝင်သော ပုဂ္ဂိုလ်ကိုဆိုလိုသည်။

(ဂ) ဟိန္ဒူဘာသာအတွက်ဖြစ်လျှင်၊ စံယာစီ၊ မဟန္တ်၊ သို့တည်းမဟုတ် ဟိန္ဒူဘုန်းတော်ကြီးတို့ကို ဆိုလိုသည်။

စစ်မှုထမ်းရွက်ရမည့်တာဝန်။

၃။ ။ဤအက်ဥပဒေတွင် သီးခြားဖေါ်ပြထားသည့်၊ပြည်ထောင်စု နိုင်ငံသားတိုင်းကို၊ နှစ်မျိုးခွဲခြားပြီး စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။ ထိုနှစ်မျိုးမှာအောက်ပါအတိုင်းဖြစ်သည်။

(က) အချိန်ပြည့်စစ်မှုထမ်းခြင်း။

(၁) ယောကျ်ားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်၍ အသက် ၃၅ နှစ်မပြည့်သေးသော ပြည်ထောင်စု နိုင်ငံသားတိုင်းကို၊ ၆ လ အောက်မနည်း၊ ၂၄ လထက်မပိုသည့်နည်းဥပဒေများဖြင့် သတ်မှတ်ထားသောကာလအပိုင်းအခြားမျှ စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သည်။

(၂) မိန်းမဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်၍ အသက် ၂၇ နှစ်မပြည့်သေးသော ပြည်ထောင်စုနိုင်ငံသားတိုင်းကို၊ ၆ လ အောက်မနည်း ၂၄ လ ထက်မပိုသောနည်းဥပဒေများဖြင့် သတ်မှတ်ထားသောကာလအပိုင်းအခြားမျှ စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သည်။

(၃) အသက် ၁၈ နှစ်ပြည့်၍ အသက် ၃၅ နှစ်မပြည့်သေးသော ပြည်ထောင်စု နိုင်ငံသားတိုင်းသည်၊ တပ်မတော် စက်မှုလက်မှုတပ် (Technical Units) ဟုသတ်မှတ်ထားသည့် တပ်များတွင် စစ်မှုထမ်းရမည့်သူဖြစ်ပြီး၊ ပုဒ်မ ၁၅ အရ ခန့်ထားသည့်ဗဟိုအဖွဲ့က၊ ၎င်းအား ဆက်လက်စစ်မှု ထမ်းစေရန်လိုအပ်သည်ဟုယူဆလျှင်၊ အဆိုပါပြည်ထောင်စု နိုင်ငံသားသည်၊ နောက်ထပ် ၁၂ လ ထက်မပိုသည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားသောကာလအပိုင်းအခြားမျှ ဆက်လက်စစ်မှုထမ်းရမည်။သို့ရာတွင် အထူးပညာများတတ်မြောက်စေခြင်းငှါဖြစ်စေ၊အထူးကျွမ်းကျင်သူတဦးဖြစ်မြောက်စေခြင်းငှါဖြစ်စေ၊ ဆက်လက်သင်ကြားပေးရန်လိုအပ်သည်ဟု ဗဟိုအဖွဲ့ကယူဆလျှင်၊ သို့တည်းမဟုတ် အထူးကျွမ်းကျင်သူတဦးဟု အဖွဲ့ကယူဆပြီး၊ ဆက်လက်စစ်မှုထမ်းစေရန်လိုအပ်လျှင် ပြည်ထောင်စု နိုင်ငံသားကဦးအား ၅ နှစ်ထက်မပိုသော ကာလ အပိုင်းအခြားမျှဆက်လက်စစ်မှုထမ်းစေနိုင်သည်။

(၄) မိန်းမဖြစ်လျှင် အသက် ၂၇ နှစ်ပြည့်၍ အသက် ၃၅ နှစ်မပြည့်သေးသောဆရာဝန်၊ သို့တည်းမဟုတ် အင်ဂျင်နီယာ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူတိုင်းကို၊ ၂၄ လကာလအပိုင်းအခြားမျှ စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။

(၅) ယောကျ်ားဖြစ်လျှင် အသက် ၃၅ နှစ်ပြည့်၍ အသက် ၅၆ နှစ်မပြည့်သေးသော ဆရာဝန်၊ သို့တည်းမဟုတ် အင်ဂျင်နီယာ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူတိုင်းကို၊ ၁၈ လကာလအပိုင်းအခြားမျှ စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။

(ခ) အချိန်ပိုင်း စစ်မှုထမ်းခြင်း။

(၁) ယောကျ်ားဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်၍ အသက် ၄၆ နှစ် မပြည့်သေးသော ပြည်ထောင်စု နိုင်ငံသားတိုင်းကို၊ တနှစ် လျှင် ရက်ပေါင်း ၃၀ ထိ စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။

(၂) မိန်းမဖြစ်လျှင် အသက် ၁၈ နှစ်ပြည့်၍ အသက် ၃၅ နှစ် မပြည့်သေးသော ပြည်ထောင်စု နိုင်ငံသားတိုင်းကို၊ တနှစ် လျှင်ရက်ပေါင်း ၃၀ ထိ စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။

(၃) တပ်ကြပ်နှင့် ၎င်းအထက်အဆင့်ရှိသည့် ပြည်ထောင်စု နိုင်ငံ သားတိုင်းကို၊ အပိုဒ် (ခ)၊ အပိုဒ်ခွဲ (၁) နှင့် (၂) တွင်ဖော်ပြထားသော ရက်ပေါင်းအပြင်၊ တနှစ်လျှင် ရက် ပေါင်း ၇ ရက်ထိပို၍ စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။

၄။ ။စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်းဆူပူမှုကြောင့်ဖြစ်စေ၊ ပြည်ထောင်စု နိုင်ငံ၏တည်တံ့မှုကို အန္တရာယ်ဖြစ်စေအံ့သော အထူးအရေးတကြီး အခြေဖြစ်ပေါ်နေပြီ ဟူ၍သော်၎င်း၊ ပြည်ထောင်စုနိုင်ငံကို ထိခိုက်နေသော စီးပွါးရေးအရေးတကြီး အခြေသည်၊ ပြည်ထောင်စုနိုင်ငံ၏တစိတ်ဘဒေသ၌ ပေါ်ပေါက်နေပြီဟူ၍သော်၎င်း ယူဆလျှင်—

(က) နိုင်ငံတော် သမတသည်၊ စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရမည့် ပြည်ထောင်စုနိုင်ငံသားတဦးအား အမိန့်ဖြင့်၊ ၎င်း၏အလုပ်ခွင်၌ ရှိမြဲရှိစေရန်သော်၎င်း၊ ထိုအလုပ်ကို ဆက်လက်လုပ်ကိုင်စေရန် သော်၎င်း၊ အဆိုပါအမိန့်တွင်ဖော်ပြသည့် တပ်မတော်မှဖြစ်လျှင်၊ ဗိုလ်မှူးအဆင့်အောက်မနိမ့်သော၊ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်မှ ဖြစ်လျှင် ခရိုင်ဝန်၊သို့တည်းမဟုတ် အခြားဝန်ထမ်းအဖွဲ့မှဖြစ်လျှင် အရွေးချယ်ခံတန်းအောက်မနိမ့်သောအာဏာပိုင်က ညွှန်ကြား သော အလားတူအခြားအလုပ်ကို လုပ်ကိုင်စေရန်သော်၎င်း ဆင့်ဆိုနိုင်သည်။

(ခ) ၎အက်ဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ၊ဆရာဝန်များ၊သို့တည်း မဟုတ် ဒေါက်တာနိုယာများ၊ သို့တည်းမဟုတ် အခြားကျွမ်းကျင်သူ များသည်၊ အသက်အရွယ်မရွေး စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်း ခံထိုက်စေရမည့်ပြင်၊ ၎င်းတို့၏ရှိရင်းစွဲအလုပ်မှအလားတူအခြား အလုပ်လုပ်ကိုင်ရန်ပြောင်းလွှဲခြင်းကိုလည်းခံထိုက်စေရမည်။

အသက်ကိုတွက်ချက်ခြင်း။

၅။ ။၎အက်ဥပဒေပါ ကိစ္စအလို့၄၇—

(က) တဦးတယောက်သောသူ၏အသက်ကို၊ အင်္ဂလိပ်ပြက္ခဒိန်အရ တွက်ချက်ရမည်။

(ခ) တဦးတယောက်သောသူသည်၊အင်္ဂလိပ်ပြကွဒ်နှစ် တန္ဒစ်တွင်—

(၁) ဇန္နဝါရီလ ၁ ရက်နေ့နောက်နှင့် ဇူလိုင်လ ၁ ရက်နေ့ အလျင် ဤမည်သောအသက်ပြည့်လျှင်၊ အဆိုပါနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်အဆိုပါအသက်ပြည့်သည်ဟု မှတ်ယူရမည်။

(၂) ဇူလိုင်လ ၁ ရက်နေ့ နောက်တွင် ဤမည်သော အသက်ပြည့်လျှင်၊ အဆိုပါနှစ်ဇူလိုင်လ ၁ ရက်နေ့တွင် အဆိုပါအသက်ပြည့်သည်ဟုမှတ်ယူရမည်။

ဆင့်ခေါ်ခြင်းနည်းစနစ်။

၆။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စအလို့၄၂၊ ဆင့်ခေါ်ရေးအဖွဲ့တဖွဲ့ကို၊ သို့တည်းမဟုတ် အဖွဲ့များကို၊ ဖွဲ့စည်းနိုင်သည်။

(၂) ဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းပုံနှင့် ထိုအဖွဲ့က လိုက်နာရမည့်စည်းကမ်းနည်းလမ်းများကိုနည်းဥပဒေများဖြင့်သတ်မှတ်ရမည်။

၇။ ။(၁) ဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်ဖြင့်၊ စစ်မှုထမ်း အရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦးအား၊ အမိန့်တွင် ဖေါ်ပြထားသော အချိန်၌ ဖေါ်ပြထားသောနေရာသို့ မှတ်ပုံတင်ရန်လာရောက် အကြောင်းကြားရမည်ဟု ဆင့်ခေါ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရလာရောက်အကြောင်းကြားရန်ဆင့်ခေါ်ခြင်းခံရသော စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စု နိုင်ငံသားတဦးသည်၊ အမိန့်တွင် ဖေါ်ပြထားသောအချိန်၌ ဖေါ်ပြထားသောနေရာသို့ လာရောက်အကြောင်းကြားရမည်ပြင်၊ မိမိနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် အကြောင်းအရာများနှင့် မိမိဝင်ရောက် စစ်မှုထမ်းရွက်လိုသော တပ်၏ အမည်ကိုဆင့်ခေါ်ရေးအဖွဲ့အားသော်၎င်း၊ ဤကိစ္စအလို့၄၂၊ ဆင့်ခေါ်ရေးအဖွဲ့က ခန့်အပ်ထားသူအားသော်၎င်း ဖေါ်ပြအကြောင်းကြားရမည်။

(၃) စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသား တဦးသည်၊ပုဒ်မခွဲ (၁) အရလာရောက်အကြောင်းကြားရန် ဆင့်ခေါ်ခြင်းခံရသဖြင့်၊ ပုဒ်မခွဲ (၂) အရ မိမိ၏တာဝန်ဝတ်တရားများကိုဆောင်ရွက်ပြီးသည့်နောက်၊ ပုဒ်မခွဲ (၂) တွင်ရည်ညွှန်းသည့်အကြောင်းအရာများအနက်၊ နည်းဥပဒေများတွင် အရေးကြီးသည့် အကြောင်းအရာဖြစ်သည်ဟု သတ်မှတ်ထားသော အကြောင်း အရာတခုခု ပြောင်းလဲ ခဲ့သော်၊ ပြောင်းလဲခြင်းကို၊ ယင်းသို့ပြောင်းလဲသည့် နေ့ရက်မှ ၁၄ ရက်အတွင်း၊ ဆင့်ခေါ်ရေးအဖွဲ့အားသော်၎င်း၊ ဆိုခဲ့သည့်၊ ဆင့်ခေါ်ရေးအဖွဲ့က ခန့်ထားသူအားသော်၎င်း အကြောင်းကြားရမည်။

(၄) ဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်ဖြင့်၊ အသက် ၁၇ နှစ် ပြည့်သော ပြည်ထောင်စု နိုင်ငံသားတဦးအား၊ ထိုအမိန့်တွင် ဖေါ်ပြထားသောအချိန်၌ဖေါ်ပြထားသောနေရာသို့ မှတ်ပုံတင်ရန် လာရောက်အကြောင်းကြားရမည်ဟု ဆင့်ခေါ်နိုင်သည်။ အဆိုပါအမိန့်ကို ရရှိသော ပြည်ထောင်စု နိုင်ငံသားသည်၊ စစ်မှုထမ်း အရွယ်ရောက်သူဖြစ်ဘိသကဲ့သို့၊ ပုဒ်မခွဲ (၂) နှင့် (၃) ပါပြဋ္ဌာန်းချက်များသည်၊ ၎င်းနှင့်သက်ဆိုင်စေရမည်။

(၅) ဆင့်ခေါ်ရေးအဖွဲ့သည်၊ နည်းလမ်းတကျမှတ်ပုံတင်ပြီးသူအား၊ မှတ်ပုံတင်သက်သေခံ လက်မှတ်ထုတ်ပေးရမည်။

(၆) မှတ်ပုံတင်သက်သေခံလက်မှတ်ကိုထုတ်ပြရန်၊နည်းလမ်းတကျအာဏာ လွှဲအပ်ထားခြင်းခံရသောရဲအမှုထမ်းကဖြစ်စေ၊ စစ်အမှုထမ်းကဖြစ်စေ၊ အခြားသူတဦးဦး က ဖြစ်စေ၊ မည်သည့်အခါမဆိုတောင်းဆိုလျှင်၊ မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိသူ သည်၊ ထိုမှတ်ပုံတင်သက်သေခံလက်မှတ်ကို၊ အဆိုပါရဲအမှုထမ်း၊ သို့တည်းမဟုတ် စစ်အမှုထမ်း၊ သို့ဘည်းမဟုတ် အခြားသူတဦးဦး အား၊ထုတ်ပြရမည်။ မှတ်ပုံတင်လက်မှတ် မပါရှိလျှင်၊ ၇ ရက်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း၊ ထိုသူသည်၊ အဆိုပါ အမှုထမ်းက ရေးသားညွှန်ကြားသည့်ထိုသူနေထိုင်ရာအရပ်နှင့်အနီးဆုံးရဲဌာနာသို့ဖြစ်စေ၊ အနီးဆုံး စစ်တပ်သို့ဖြစ်စေ၊ အနီးဆုံးအခြားနေရာတခုခုသို့ဖြစ်စေ ကိုယ်တိုင်လာရောက် ၍မှတ်ပုံတင်သက်သေခံလက်မှတ်ကိုပြရမည်။

သို့ရာဘွင် အဆိုပါကာလအပိုင်းအခြားအတွင်း၊ မကျန်းမာ၍ဖြစ်စေ၊အခြားလုံ လောက်သောအကြောင်းရှိ၍ဖြစ်စေ၊မှတ်ပုံတင်သက်သေခံလက်မှတ်ကို လာရောက်၍မပြ နိုင်လျှင်၊ ယင်းသို့လာရောက်မပြနိုင်ကြောင်းကိုသက်ဆိုင်ရာသို့ အကြောင်းကြားရမည်။

၈။ ။(၁) ဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်ဖြင့်၊စစ်မှုထမ်း အရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦးအား၊ စစ်မှုထမ်းရန် ကျန်းမာရေးအဆင့်အတန်း ၎င်း၌ရှိ မရှိ အမှန်သိအောင် ဆေးစစ်အဖွဲ့က စမ်းသပ်စစ်ဆေးနိုင်ရန်အလို့၄၊ ထိုအမိန့်တွင်ဖော် ပြထားသောအချိန်၌၊ ဖော်ပြထားသည့်နေရာသို့ လာရောက်အကြောင်းကြားရန် ဆင့် ခေါ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရလာရောက်အကြောင်းကြားရန်၊ ဆင့်ခေါ်ခြင်းခံရသော စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦးသည်၊ အမိန့်တွင်ဖော်ပြထား သောအချိန်၌ ဖော်ပြထားသောနေရာသို့ လာရောက်အကြောင်းကြားရမည့်ပြင်၊ စစ်မှု ထမ်းရန်ကျန်းမာရေးအဆင့်အတန်း၌ မရှိ အမှန်သိအောင်ဆေးစစ်အဖွဲ့ကလိုအပ်သည် ဟုယူဆသည့်အတိုင်းစမ်းသပ်စစ်ဆေးခြင်းကိုလည်းခံရမည်။ ကျန်းမာရေးအဆင့်အတန်း အမျိုးမျိုးအတွက် စမ်းသပ်စစ်ဆေးမှုများကို၊ နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

(၃) ဆေးစစ်အဖွဲ့သည်၊ စစ်မှုထမ်းအရွယ်ရောက်သူပြည်ထောင်စုနိုင်ငံသား တဦးအားစမ်းသပ်စစ်ဆေးပြီးသည့်အခါ၊ ထိုသူ၌၊ စစ်မှုထမ်းရန် ကျန်းမာရေးအဆင့် အတန်းရှိလျှင်ရှိကြောင်း၊ မရှိလျှင် မရှိကြောင်းကို၊ စစ်ဆေးသိရှိရသည့်အတိုင်းဖော်ပြ ရမည်။

(၄) စစ်မှုထမ်းအရွယ်ရောက်သူပြည်ထောင်စုနိုင်ငံသားတဦး၌၊စစ်မှုထမ်းရန် ကျန်းမာရေးအဆင့်အတန်းရှိသည်ကိုဖြစ်စေ၊ မရှိဟုသည်ကိုဖြစ်စေ၊ ဆေးစစ်အဖွဲ့ကစစ်ဆေး သိရှိခဲ့လျှင်၊ထိုပြည်ထောင်စုနိုင်ငံသားသည်၊ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် အညီ၊ မိဘအား၊အထက်တန်းဆေးစစ်အဖွဲ့တဖွဲ့က ထပ်မံစစ်သပ်စစ်ဆေး၍ငင်း၌ စစ်မှု ထမ်းရန်ကျန်းမာရေးအဆင့်အတန်း၌ မရှိကို စစ်ဆေးသိရှိရသည့်အတိုင်း ဖော်ပြစေလို ကြောင်းဖြင့် တောင်းဆိုနိုင်သည်။

(၅) ဆေးစစ်အဖွဲ့နှင့် အထက်တန်းဆေးစစ်အဖွဲ့ ဖွဲ့စည်းပုံနှင့် ထိုအဖွဲ့များက လိုက်နာရမည့် စည်းကမ်း နည်းလမ်းများကို၊ နည်းဥပဒေများဖြင့်သတ်မှတ်ရမည်။

(၆) ဆင့်ခေါ်ရေး အဖွဲ့သည်၊ အမိန့်ဖြင့်၊ အသက် ၁၇ နှစ် ပြည့်သော ပြည်ထောင်စု နိုင်ငံသားတဦးအား၊ စစ်မှုထမ်းရန် ကျန်းမာရေးအဆင့်အတန်း ရှိ မရှိ အမှန်သိအောင် ဆေးစစ်အဖွဲ့က စမ်းသပ်စစ်ဆေးနိုင်ရန်အလို့၄၊ ထိုအမိန့်တွင်ဖော် ပြထားသောအချိန်၌ ဖော်ပြထားသောနေရာသို့ လာရောက်အကြောင်းကြားရန် ဆင့်

ခေါ်နိုင်သည်။ ထိုသူ၏ အသက်ကို ကွက်ချက်ရာတွင်၊ ပုဒ်မ ၅၊ အပိုဒ် (ခ) ပါ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမရှိစေရ။ အဆိုပါ အမိန့်ထုတ်ဆင့်ပြီးသည့်နောက်၊ ထို ပြည်ထောင်စုနိုင်ငံသားသည်၊ စစ်မှုထမ်းအရွယ်ရောက်သူဖြစ်ဘိသကဲ့သို့၊ပုဒ်မခွဲ (၂)၊ (၃) နှင့် (၄) ပါပြဋ္ဌာန်းချက်များသည်၊ ၎င်းနှင့်သက်ဆိုင်စေရမည်။

အချိန်ပြည့်စစ်မှုထမ်းခြင်း။

၉။ ။(၁) နိုင်ငံတော်သမတကအမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားသည့်အခါ ဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်ဖြင့် အချိန်ပြည့်စစ်မှုထမ်းရမည့်ပြည်ထောင်စုနိုင်ငံသား တဦးအား၊ စစ်မှုထမ်းရန်ကျန်းမာရေးအဆင့်အတန်း ထိုသူ၌ရှိသည်ကိုတွေ့လျှင်၊အချိန် ပြည့်စစ်မှုထမ်းရန်အတွက်၊ ထိုအမိန့်တွင်ဖော်ပြထားသော အချိန်၌ ဖော်ပြထားသော နေရာသို့ လာရောက်အကြောင်းကြားရန်ဆင့်ခေါ်နိုင်သည်။ ထိုသို့ဆင့်ခေါ်သည့်အတိုင်း ထိုသူသည် လာရောက်အကြောင်းကြားရမည်။

(၂) အသက် ၁၇ နှစ်နှင့် ၆ လပြည့်၍၊ အသက် ၁၈ နှစ် မပြည့်သေး သောပြည်ထောင်စုနိုင်ငံသားတဦးသည်၊ အချိန်ပြည့်စစ်မှုထမ်းလိုလျှင်၊မိမိ မိဘများ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူများ၏ခွင့်ပြုချက်စာနှင့်တကွ၊ ဆင့်ခေါ်ရေးအဖွဲ့ထံစာဖြင့် ရေးသားလျှောက်ထားနိုင်သည်။ ထိုပြည်ထောင်စုနိုင်ငံသား၌၊စစ်မှုထမ်းရန်ကျန်းမာရေး အဆင့်အတန်းရှိလျှင်၊ ဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်ဖြင့်၊ ပုဒ်မခွဲ (၁) အရ၊ ၎င်းအား အချိန်ပြည့်စစ်မှုထမ်းရန်ဆင့်ခေါ်နိုင်သည်။ ယင်းသို့ဆင့်ခေါ်သည့်အခါ၊ ထိုသူသည်၊ အသက် ၁၈ နှစ်ပြည့်သော ပြည်ထောင်စုနိုင်ငံသားဖြစ်ဘိသကဲ့သို့ ၅၂အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ၎င်းနှင့်သက်ဆိုင်စေရမည်။

(၃) အချိန်ပြည့်စစ်မှုထမ်းနေသော ပြည်ထောင်စုနိုင်ငံသားတဦး၏ အချိန် ပြည့်စစ်မှုထမ်းရမည့်ကာလအပိုင်းအခြားကိုရေတွက်ရာတွင်၊ ထိုသူအချိန်ပြည့်စစ်မှုထမ်း ရမည့်ကာလအတွင်း ပြစ်မှုတခုခုအတွက် စစ်ဘက်ဆိုင်ရာတရားရုံး၊ သို့တည်းမဟုတ် ပြည်ပြဆိုင်ရာတရားရုံးတခုခု၏စီရင်ချက်အရ ထောင်ဒဏ်ကျခံရသည့်ကာလအပိုင်းအခြား ကိုသော်၎င်း၊ ခွင့်မဲ့ပျက်ကွက်မှုကြောင့် တရားဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ထိုသို့ပျက်ကွက်သည့် ကာလအပိုင်းအခြားကိုသော်၎င်း၊ သတ်မှတ်ထားသည့် အခွင့်ရ စစ်ဘက်အာဏာပိုင်က အခြားနည်းညွှန်ကြားခြင်းမပြုပါက၊ ထိုသူအချိန်ပြည့် စစ်မှု ထမ်းသည့်ကာလအဖြစ် ထည့်သွင်းရေတွက်ခြင်းမပြုရ။

(၄) စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦးအား အခြေခံ စစ်ပညာပေးပြီးနောက်၊ စစ်မှုထမ်းရမည့်ကာလတခုလုံးအတွက်ဖြစ်စေ၊ တစိတ်တဒေသ အတွက်ဖြစ်စေ ၎င်းကို—

(က) ကြည်းတပ်တွင်၊ သို့တည်းမဟုတ် ရေတပ်တွင်၊ သို့တည်းမဟုတ် လေတပ်တွင် စစ်မှုထမ်းရွက်စေနိုင်သည်၊ သို့တည်းမဟုတ်

(ခ) စိုက်ပျိုးမှုသင်တန်း၊ သို့တည်းမဟုတ် စက်မှုလက်မှုသင်တန်း သို့တက်ရောက်သင်ကြားစေနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုနိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်း၊သို့တည်း မဟုတ် စီးပွါးရေးထူထောင်မှုလုပ်ငန်းများတွင် ဝင်ရောက် ဆောင်ရွက်စေနိုင်သည်။

ခြင်းချက်။ ။သို့ရာတွင်၊ ကြည်းကပ်တွင်၊ သို့တည်းမဟုတ် ရေတပ်တွင်၊ သို့တည်းမဟုတ် လေတပ်တွင် စစ်မှုထမ်းရသည့် စစ်မှုထမ်းအရွယ်ရောက်သော မိန်းမတဦးကို သတ်မှတ်ထားသည့် စစ်ဘက်တာဝန်ဝတ်တရားများကိုသာလျှင် ထမ်းရွက်စေရမည်။

(၅) စိုက်ပျိုးမှုသင်တန်းနှင့် စက်မှု လက်မှုသင်တန်းအမျိုးမျိုးကိုဝင်း၊ အဆိုပါသင်တန်းအစီအစဉ်၊ ပေးပုံပေးနည်းနှင့်စံနှစ်တို့ကိုဝင်း၊ ပြည်ထောင်စုနိုင်ငံတော်ပြန်လည်ထူထောင်ရေးလုပ်ငန်းအမျိုးမျိုး၊ သို့တည်းမဟုတ် စီးပွါးရေးထူထောင်မှုလုပ်ငန်းအမျိုးမျိုးကိုဝင်း နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

အချိန်ပိုင်း စစ်မှုထမ်းခြင်း။

၁၀။ ။(၁) နိုင်ငံတော်သမတ ကအမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားသည့် အခါဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်ဖြင့်၊အချိန်ပိုင်း စစ်မှုထမ်းရမည့်ပြည်ထောင်စုနိုင်ငံသားတဦးအား၊ အချိန်ပိုင်း စစ်မှုထမ်းရန်အတွက်၊ ထိုအမိန့်တွင် ဖေါ်ပြထားသော အချိန်၌၊ ဖေါ်ပြထားသောနေရာသို့လာရောက်အကြောင်းကြားရန် ဆင့်ခေါ်နိုင်သည်။ ထိုသို့ဆင့်ခေါ်သည့်အတိုင်း ထိုသူလာရောက်အကြောင်းကြားရမည်။

(၂) အချိန်ပိုင်း စစ်မှုထမ်းရမည့် ပြည်ထောင်စုနိုင်ငံသား ကဦးသည်၊ တပ်မတော်အရံတပ်တခုခုတွင် ပါရှိသူဖြစ်လျှင်၊ သတ်မှတ်ထားသည့်နည်းဥပဒေများနှင့်အညီ ထိုသူအား၊ ပြန်တမ်းဝင်အရာရှိဖြစ်သည့် ၎င်း၏တပ်မှူးက၊ သီးခြားဖေါ်ပြထားသောအချိန်၌၊ သီးခြားဖေါ်ပြထားသော နေရာသို့၊ အချိန်ပိုင်းစစ်မှုထမ်းရန်အတွက် လာရောက်အကြောင်းကြားရန်၊ သင့်လျော်သည်ဟု ထင်မြင်သည့်နည်းလမ်းအတိုင်း ဆင့်ခေါ်နိုင်သည်။ ယင်းသို့ဆင့်ခေါ်သည့်အတိုင်း ထိုသူလာရောက်အကြောင်းကြားရမည်။

(၃) အချိန်ပိုင်းစစ်မှုထမ်းနေသောစစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦး၏ အချိန်ပိုင်းစစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို ရေဟွက်ရာတွင်၊ ထိုသူအချိန်ပိုင်း စစ်မှုထမ်းရမည့်ကာလအတွင်း ပြစ်မှုတခုခုအတွက် စစ်ဘက်ဆိုင်ရာတရားရုံး၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာတရားရုံးတခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံရသည့် ကာလအပိုင်းအခြားကိုသော်ငင်း၊ ခွင့်မဲ့ပျက်ကွက်မှုကြောင့် တရားဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ထိုသို့ပျက်ကွက်သည့် ကာလအပိုင်းအခြားကိုသော်ငင်း၊ သတ်မှတ်ထားသည့်အခွင့်ရစစ်ဘက်အာဏာပိုင်က အခြားနည်းညွှန်ကြားခြင်းမပြုပါက၊ ထိုသူ အချိန်ပိုင်းစစ်မှုထမ်းသည့်ကာလအဖြစ် ထည့်သွင်းရေတွက်ခြင်းမပြုရ။

ဆင့်ခေါ်သည့်အခါလာရောက်အကြောင်းကြားရမည့်စည်းကမ်းနည်းလမ်း။

၁၁။ ။ဤအက်ဥပဒေအရ လာရောက်အကြောင်းကြားရန်စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားများအား၊ ဆင့်ခေါ်သည့်အမိန့်များ ထုတ်ဆင့်ရာတွင် ဆင့်ခေါ်ရေးအဖွဲ့များက လိုက်နာရမည့်စည်းကမ်းနည်းလမ်းနှင့် ဆင့်ခေါ်ခြင်းခံရသူများ လာရောက်အကြောင်းကြားရမည့် စည်းကမ်းနည်းလမ်းများကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

စစ်အာဏာရုံးခြင်း။

၁၂။ ။(၁) စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်း ဆူပူမှုကြောင့်ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံ၏တည်တံ့မှုကို အန္တရာယ်ဖြစ်စေခဲ့သော အထူးအနေးတကြီးအခြေဖြစ်ပေါ်နေပြီဟူ၍သော်ငင်း၊ ပြည်ထောင်စုနိုင်ငံကိုထိခိုက်နေသောစီးပွါးရေး အရေးတကြီးအခြေသည်၊ ပြည်ထောင်စုနိုင်ငံ၏ တစိတ်တဒေသ၌ ပေါ်ပေါက်နေပြီဟူ၍သော်ငင်း ယူဆလျှင် နိုင်ငံတော်သမတ သည်၊တပ်မတော်တခုလုံးကိုဖြစ်စေ၊အစိတ်အပိုင်းကိုဖြစ်စေ စုရုံးရန်အမိန့်ထုတ်ဆင့်နိုင်သည်။

(၂) တပ်မတော်တခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ စုရုံးရန်အမိန့်ထုတ်ဆင့်သည့်အခါတိုင်း၊ တပ်မတော်အရံတပ်တွင်၊ ပါဝင်သူတို့သည်၊ မိမိတို့ဆိုင်ရာတပ်မှူးများထံ လာရောက်အကြောင်းကြားကြရမည်။ ထိုသို့လာရောက်အကြောင်းကြားရမည့် စည်းကမ်းနည်းလမ်းမှာ အဆိုပါ တပ်မှူးများကချမှတ်သည့်အတိုင်းဖြစ်ရမည်။

စစ်ဘက်ဥပဒေကိုလိုက်နာရခြင်း။

၁၃။ ။အချိန်ပြည့် စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် အချိန်ပိုင်း စစ်မှုထမ်းရန် လာရောက် အကြောင်းကြားရမည့်စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦးသည်၊ ၎င်းအား၊ စစ်မှုထမ်းရန်လာရောက်အကြောင်းကြားရန်အမိန့်တွင် ဖော်ပြထားသည့်အချိန်မှစ၍၊ တပ်မတော်စစ်ဘက်ဆိုင်ရာ ဥပဒေများကို လိုက်နာရသူတဦးဖြစ်ရမည်။ ထိုသူသည်၊ လုံလောက်သောအကြောင်းမရှိဘဲ၊ လာရောက်အကြောင်းကြားရန်ပျက်ကွက်လျှင်၊ ထိုအချိန်၌အခွင့်ရောဘဲ၊စစ်မှုထမ်းခြင်းမှ ပျက်ကွက်သည်ဟု မှတ်ယူရမည်။

စစ်မှုထမ်းခြင်းမှကင်းလွှတ်ခွင့်ရသူများ။

၁၄။ ။(၁) အောက်ပါသူတို့သည် စစ်မှုထမ်းရမည့်တာဝန်များမှကင်းလွှတ်စေရမည်။

(က) သာသနာ့ဝန်ထမ်း၊

(ခ) သားသမီးရှိသောမိခင် (တရားဝင်မွေးစားသားသမီးရှိသော မိခင်လည်းပါဝင်သည်)၊

(ဂ) ကိုယ်ဝန်ဆောင်မိန်းမ၊

(ဃ) စိတ်ပေါ်သွပ်၍၊ စိတ်ပေါ်သွပ်သူဟု အခွင့်အာဏာရ တရားရုံး၏အမိန့်ချမှတ်ခြင်းခံနေရသူ။

(၂) အိမ်ထောင်သည် မိန်းမတဦးသည်၊ အချိန်ပြည့်စစ်မှုထမ်းရမည့်တာဝန်များမှကင်းလွှတ်စေရမည်။

စစ်မှုထမ်းရမည့်တာဝန်လွှတ်ငြိမ်းခြင်းနှင့်ရွေ့ဆိုင်းခြင်း။

၁၅။ ။(၁) စစ်မှုထမ်း အရွယ်ရောက်သူ ပြည်ထောင်စုနိုင်ငံသားတဦးအား၊ စစ်မှုထမ်းရန်ဆင့်ခေါ်သဖြင့်၊ ထိုသူအတိုက္ခရောက်မည် ဖြစ်သောအကြောင်း

ကြောင့်ဖြစ်စေ၊ ၎င်းကိစ္စအလို့ငှါ သတ်မှတ်ထားသော အခြားအကြောင်းတခုခုကြောင့် ဖြစ်စေ နိုင်ငံတော်သမတ ကခန့်ထားသည့်အဖွဲ့သည်—

(က) ထိုစစ်မှုထမ်း အရွယ်ရောက်သူအား၊ အချိန်ပြည့်စစ်မှုထမ်းရမည့် တာဝန်မှလွတ်ငြိမ်းစေဟူ၍သော်၎င်း၊ ထိုသူအချိန်ပြည့်စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားကို လျော့ပေါ့စေဟူ၍သော်၎င်း၊

(ခ) ထိုစစ်မှုထမ်းအရွယ်ရောက်သူ၏ အချိန်ပြည့် စစ်မှုထမ်းရမည့်ကာလ အပိုင်းအခြား တဒေါ်ကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ၎င်း၏ လျောက်ထားချက်အရ၊ သီးခြားဖေါ်ပြထားသည့် ကာလအပိုင်း အခြားအထိရွှေ့ဆိုင်းစေဟူ၍သော်၎င်း၊

(ဂ) အချိန်ပိုင်း စစ်မှုထမ်းရမည့် စစ်မှုထမ်းအရွယ်ရောက်သူအား အချိန်ပိုင်း စစ်မှုထမ်းရမည့်တာဝန်မှ လုံးဝဖြစ်စေ၊ သီးခြားဖေါ်ပြ ထားသည့် ကာလအပိုင်းအခြားအထိဖြစ်စေ လွှတ်ငြိမ်းစေဟူ၍ သော်၎င်း

အမိန့်ဖြင့်ညွှန်ကြားနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါ ကိစ္စရပ်များဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတသည်၊ အောက်ပါအဖွဲ့များကိုခန့်ထားရမည်။

(က) ဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဒုနေပြည်ကြီးဌာန၊ ပါလီမန်အတွင်းဝန်၊ ဒုတိယဥက္ကဋ္ဌအဖြစ်ကာကွယ်ရေးဝန်ကြီးဌာနစစ်ရေးချုပ်၊ အဖွဲ့ဝင် များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယကာကွယ်ရေးဦးစီး ချုပ်တဦး၊ လူမျိုးစုလွှတ်တော်ကရွေးကောက်တင်မြှောက်သော လူမျိုးစုလွှတ်တော် အမတ်တဦး၊ ပြည်သူ့လွှတ်တော်က ရွေး ကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော် အမတ်တဦး ပါဝင်သည့်မဟိုအဖွဲ့။

(ခ) ဥက္ကဋ္ဌအဖြစ် တပ်မတော်မှူး၊ လျောက်ထားသူနေထိုင်သည့်တိုင်း၏ တိုင်းမင်းကြီးနှင့်အစိုးရအမှုထမ်းမဟုတ်သည့် ဂုဏ်သရေရှိပုဂ္ဂိုလ် တဦးပါဝင်သည့်တပ်မတော်နယ်မြေအဖွဲ့။

(၃) မဟိုအဖွဲ့ဝင်ဖြစ်သောကာကွယ်ရေးဝန်ကြီးဌာန ဒုတိယကာကွယ်ရေး ဦးစီးချုပ်သည်၊ မဟိုအဖွဲ့တွင်တနှစ်သာအမှုထမ်းရွက်ရမည်။ မဟိုအဖွဲ့ဝင်ဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ မည်သည့်ဒုတိယကာကွယ်ရေးဦးစီးချုပ်မှမဟိုအဖွဲ့ဝင်ရာထူးဌာ နှစ်နှစ်တဆက်တည်းမထမ်းရွက်ရ။

(၄) မဟိုအဖွဲ့ဝင်ဖြစ်သောလူမျိုးစုလွှတ်တော်အမတ်နှင့်ပြည်သူ့လွှတ်တော် အမတ်သည်၊ မဟိုအဖွဲ့တွင်နှစ်နှစ်မျှအမှုထမ်းရွက်ရမည်။ သို့ရာတွင် ပဌမအကြိမ်ခန့်ထား သည့် မဟိုအဖွဲ့တွင်အဖွဲ့ဝင်ဖြစ်သော လူမျိုးစုလွှတ်တော်အမတ်၏ ရာထူးသက်တမ်း သည်၊ တနှစ်သာဖြစ်ရမည်။

သို့ရာတွင် မဟိုအဖွဲ့ဝင်ဖြစ်သော ပါလီမန်ဆိုင်ရာလွှတ်တော်အမတ်တဦးသည်၊ အဖွဲ့ဝင်အဖြစ် မိမိ၏ရာထူးသက်တမ်းကုန်ဆုံးသော်လည်း၊ သက်ဆိုင်ရာလွှတ်တော်က ၎င်း၏နေရာတွင်အဖွဲ့ဝင်သစ်အဖြစ်အမတ်တဦးကို နောက်ထပ်ရွေးကောက်တင်မြှောက် ခြင်း မပြုရသေးမီ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ် မိမိ၏ရာထူးသက်တမ်းအတွင်း

လွှတ်တော်ကို ဖျက်သိမ်းလိုက်သဖြင့်အမတ်အဖြစ်မှရပ်စဲသွားသော်လည်း၊ သက်ဆိုင်ရာ လွှတ်တော်က ၎င်း၏နေရာတွင် အမတ်တဦးကိုနောက်ထပ်ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးမီ၊ ဗဟိုအဖွဲ့ဝင်အဖြစ်ဆက်လက်ဆောင်ရွက်ရမည်။

(၅) ဗဟိုအဖွဲ့၏အစည်းအဝေးသို့ ထိုအဖွဲ့၏ဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ဒုတိယ ဥက္ကဋ္ဌနှင့်အခြားအဖွဲ့ဝင်နှစ်ဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

(၆) ဗဟိုအဖွဲ့၌၊ပုဒ်မခွဲ (၁)၊ အပိုဒ် (က)၊ (ခ) နှင့် (ဂ) တွင် ဖော်ပြသည့် ကိစ္စများကို ဆောင်ရွက်နိုင်သည့်အာဏာရှိရမည်။

(၇) တပ်မဟာနယ်မြေအဖွဲ့၏အစည်းအဝေးသို့၊ ထိုအဖွဲ့၏ဥက္ကဋ္ဌနှင့်အခြား အဖွဲ့ဝင်တဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

(၈) ပုဒ်မခွဲ (၆) တွင်မည်သို့ပင်ပါရှိစေကာမူတပ်မဟာနယ်မြေအဖွဲ့၌ အချိန်ပြည့်စစ်မှုထမ်းရမည့် ကာလအပိုင်းအခြားတခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ သက်ဆိုင်ရာနယ်အတွင်းနေထိုင်သော စစ်မှုထမ်းအရွယ်ရောက်သူတဦး၏ လျှောက်ထားချက်အရ၊ သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအထိ ရွှေဆိုင်းပေးရန်နှင့် အချိန်ပိုင်းစစ်မှုထမ်းရမည့် စစ်မှုထမ်းအရွယ်ရောက်သူအား အချိန်ပိုင်းစစ်မှုထမ်းရမည့် တာဝန်မှ သီးခြားဖော်ပြထားသည့်ကာလအပိုင်းအခြားအထိ လွှတ်ငြိမ်းခွင့်ပေးရန်ဆုံးဖြတ်နိုင်သည့်အာဏာရှိရမည်။

(၉) တပ်မဟာနယ်မြေအဖွဲ့သည်၊ မိမိကသင့်တော်သည်ဟု၊ လိုအပ်သည်ဟု ထင်မြင်လျှင်၊ ဗိုလ်မှူးအဆင့်အောက်မနိမ့်သောစစ်ဘက်အရာရှိတဦး၊ မြို့ပြဆိုင်ရာအရာရှိတဦးနှင့်ဂုဏ်သရေရှိပုဂ္ဂိုလ်တဦး ပါဝင်သည့်အဖွဲ့ငယ်တခုကိုခန့်ထားနိုင်သည်။ ထိုအဖွဲ့ငယ်သည်တပ်မဟာနယ်မြေအဖွဲ့က လွှဲအပ်သည့် မိမိနှင့်သက်ဆိုင်သော ဒေသအတွင်း နေထိုင်သည့် စစ်မှုထမ်းအရွယ်ရောက်သူတဦး၏ လျှောက်ထားချက်ကိုစုံစမ်းစစ်ဆေးရမည်ပြင်၊ ထိုလျှောက်ထားချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတပ်မဟာနယ်မြေအဖွဲ့သို့ အစီရင်ခံစာကိုလည်းတင်သွင်းရမည်။

(၁၀) ဗဟိုအဖွဲ့တွင်ဖြစ်စေ၊ တပ်မဟာနယ်မြေအဖွဲ့တွင်ဖြစ်စေ အဖွဲ့ဝင်ရာထူးနေရာလစ်လပ်သည့်၊ သို့တည်းမဟုတ် ဗဟိုအဖွဲ့ကိုသော်၎င်း၊ တပ်မဟာနယ်မြေအဖွဲ့ကိုသော်၎င်း၊ ခန့်ထားရာ၌ ချို့ယွင်းချက်ရှိသည့်အကြောင်းမျှကြောင့် ဗဟိုအဖွဲ့၊ သို့တည်းမဟုတ် တပ်မဟာနယ်မြေအဖွဲ့၏ ဆောင်ရွက်ချက်သည်ပျက်ပြယ်ခြင်းမရှိစေရ။

(၁၁) ဤပုဒ်မအရဖွဲ့စည်းသည့် အဖွဲ့ကလိုက်နာရမည့်စည်းကမ်းနည်းလမ်းများကိုနည်းဥပဒေများဖြင့်သတ်မှတ်ရမည်။

ပြည်ထောင်စုနိုင်ငံမှထွက်ခွါသွားခြင်း။

၁၆။ ။(၁) ဤအက်ဥပဒေအရ အချိန်ပြည့် စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရမည့်စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စု နိုင်ငံသားတဦးသည်၊ နိုင်ငံတော်သမတ၏ ခွင့်ပြုချက်မရဘဲ၊ ပြည်ထောင်စုနိုင်ငံမှ ထွက်ခွါမသွားရ။

(၂) ပုဒ်မ ၁၅ နှင့်အညီ လျှောက်ထားချက်အရ၊ အချိန်ပြည့်စစ်မှုထမ်းရန် ရွှေဆိုင်းထားသော စစ်မှုထမ်းအရွယ်ရောက်သူ ပြည်ထောင်စု နိုင်ငံသားတဦးသည်၊ ထိုသို့ရွှေဆိုင်းထားသော ကာလအပိုင်းအခြားအတွင်း၊ ပုဒ်မ ၁၅ အရခန့်ထားသည့် ဗဟိုအဖွဲ့၏ခွင့်ပြုချက်မရဘဲ၊ ပြည်ထောင်စုနိုင်ငံမှ ထွက်ခွါမသွားရ။

အကြောင်းအရာဖော်ပြခြင်း။

၁၇။ နိုင်ငံတော်သမတ သည်၊ မည်သူအားမဆို၊ စစ်မှုထမ်းအရွယ်ရောက်သူပြည်ထောင်စု နိုင်ငံသားတဦးနှင့်စပ်လျဉ်း၍၊ သတ်မှတ်ထားသော အကြောင်းအရာများကို၊ဆင့်ခေါ်ရေးအဖွဲ့ကဖြစ်စေ၊ ဆင့်ခေါ်ရေးအဖွဲ့ကခန့်ထားသူကဖြစ်စေ၊ တောင်းဆိုလျှင်၊ ထိုဆင့်ခေါ်ရေးအဖွဲ့၊သို့တည်းမဟုတ် ထိုသူထံသို့၊အဆိုပါအကြောင်းအရာများကို၊ သိရှိရသလောက် အပြည့်အစုံပေးပို့ရန်ဆင့်ဆိုနိုင်သည်။ ထိုဆင့်ဆိုခြင်းခံရသူ၌၊ယင်းသို့ဆင့်ဆိုသည့်အတိုင်းလိုက်နာဆောင်ရွက်ရန် တာဝန်ရှိစေရမည်။

အမိန့်များ။

၁၈။ ။(၁) ပုဒ်မ ၁၅ အရ၊ ထုတ်ဆင့်သော အမိန့်သည်၊ တဦးတယောက်သောသူနှင့်သော်၎င်း၊လူတစုနှင့်သော်၎င်း သက်ဆိုင်စေနိုင်သည်။ ၎အက်ဥပဒေအရ ထုတ်ဆင့်သော အခြားအမိန့်သည်၊ယေဘုယျအားဖြင့် လူအများနှင့်ဖြစ်စေ၊ သီးခြားလူတစုနှင့်ဖြစ်စေ သက်ဆိုင်စေနိုင်သည်။

(၂) ပြန်တမ်းတွင် ထုတ်ပြန်ကျေညာခြင်းမပြုသောအမိန့်တခုခုကို၊သက်ဆိုင်သူအား၊ သို့တည်းမဟုတ် ၎င်းနှင့်အတူနေ အသက် ၁၈ နှစ်အောက် မငယ်သောမိမိထောင်သားစုတွင် ပါဝင်သူတဦးဦးအား ပေးအပ်လျှင် ထိုအမိန့်ကို အဆိုပါသက်ဆိုင်သူသိရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

ဖြစ်မှုနှင့်ဖြစ်ဒဏ်များ။

၁၉။ ။(၁)မည်သူမဆို—

(က) ၎အက်ဥပဒေအရမိမိလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ်တရားတခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) ၎အက်ဥပဒေအရ မိမိဖော်ပြရမည့် အကြောင်းအရာတခုခုနှင့်စပ်လျဉ်း၍မမှန်သည့်အကြောင်းအရာကို သက်ဆိုင်ရာဆင့်ခေါ်ရေးအဖွဲ့အားဖြစ်စေ၊ ထိုအဖွဲ့ကခန့်ထားသောသူအားဖြစ်စေ မမှန်ကြောင်းသိလျက်နှင့်ဖော်ပြလျှင်၊သို့တည်းမဟုတ်

(ဂ) ပုဒ်မ ၁၆ ပါပြဋ္ဌာန်းချက် တခုခုကိုဆန့်ကျင်လျှင်

သုံးနှစ်ထိ အလုပ်ကြမ်းဖြင့်ထောင်ဒဏ်သော်၎င်း၊ ကျပ်သုံးထောင်ထိငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံရမည်။

(၂) မည်သူမဆို—

(က) စစ်မှုထမ်းခြင်းမှ တိမ်းရှောင်လွှဲဖယ်လိုသည့်အကြံဖြင့် ပုဒ်မခွဲ(၁)တွင် သီးခြားဖော်ပြထားသည့် ပြစ်မှုတခုခုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ခ) စစ်မှုထမ်းရန်အတွက်မိမိကျန်းမာရေးအဆင့်အတန်းကို ထိခိုက်စေလိုသောအကြံဖြင့် မိမိကိုယ်ကိုအနာရောဂါ စွဲကပ်ဟန်ဆောင်လျှင်၊သို့တည်းမဟုတ် မသန်မစွမ်းဟန်ဆောင်လျှင်၊ သို့တည်းမဟုတ် မိမိကိုယ်ကို ရောဂါစွဲကပ်စေအောင်သော်၎င်း၊ မသန်

မစ္စမ်းဖြစ်အောင်သော်၎င်း ပြုလုပ်လျှင်၊ သို့တည်းမဟုတ် မိမိ၏ အနာရောဂါကိုဖြစ်စေ၊ မသန်မစွမ်းခြင်းကိုဖြစ်စေ ပျောက်ကင်း အောင်မကုသဘဲ တမင်နှောင့်နှေး ကြန့်ကြာအောင်သော်၎င်း၊ ပိုမို့ဆိုးရွားလာအောင်သော်၎င်း ပြုလျှင်၊ သို့တည်းမဟုတ် မိမိ အလိုအလျောက်မိမိကိုယ်ကိုအနာတရဖြစ်စေအောင်ပြုလျှင်

၎င်းနှစ်ထိ အလုပ်ကြမ်းဖြင့်ထောင်ဒဏ်သော်၎င်း၊ ကျပ်၎င်းထောင်ထိငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံရမည်။

(၃) ပုဒ်မ ၇၊ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ (၂) အရလာရောက် အကြောင်းကြားရမည့်တာဝန်ဝတ်တရားကို ဆောင်ရွက်ရန်ပျက်ကွက်သည့်အတွက်စွဲဆို သည့်ရာဇဝတ်မှုတခုခုတွင်၊ ဟရားခံ၌၊ အဆိုပါ တာဝန်ဝတ်တရားဆောင်ရွက်ရန်ရှိ ကြောင်းကိုသာ၊တရားလိုက သက်သေထင်ရှားပြလျှင်၊ ထိုတာဝန်ဝတ်တရားကို ဆောင် ရွက်ပြီးကြောင်းဖြင့်၊ သက်သေထင်ရှားပြရန်မှာ၊ တရားခံ၏တာဝန်ဖြစ်ရမည်။

၂၀။ ။၅၏အက်ဥပဒေအရအမိန့်ဖြင့်၊တဦးတယောက်သောသူအား အဆိုပါ အမိန့်တွင် ဖော်ပြထားသောအချိန်၌ တာဝန်ဝတ်တရားတခုခုကို ဆောင်ရွက်ရန် ညွှန် ကြားသည့်အတိုင်း၊ ထိုသူကလိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ထိုသူနှင့်စပ်လျဉ်း၍ အဆိုပါအမိန့်သည်၊ ထိုတာဝန်ဝတ်တရားကို၊ ထိုသူဆောင်ရွက်ပြီးသည်အထိ၊ သို့ တည်းမဟုတ် အဆိုပါအမိန့်ကိုဖျက်သိမ်းလိုက်သည်အထိ၊ အတည်ဖြစ်လျက်ရှိရမည်။ ၅၏ပုဒ်မပါပြဋ္ဌာန်းချက်သည်၊ အမိန့်တရပ်ရပ်တွင် ဖော်ပြထားသောအချိန်၌ တာဝန်ဝတ် တရားတခုခုဆောင်ရွက်ရန် ပျက်ကွက်သူတဦးအား ရာဇဝတ်မှုစွဲဆိုနိုင်ခွင့်ကို မထိခိုက် စေရ။ ထို့ပြင် ထိုသူမှာ၊ ထိုပျက်ကွက်မှုအတွက် ရာဇဝတ်ပြစ်ဒဏ်ထင်ရှားစီရင်ခြင်း ခံရ စေကာမူ၊ ထိုတာဝန်ဝတ်တရားဆောင်ရွက်ရခြင်းမှ လွတ်ငြိမ်းခွင့်မရှိစေရ။

ပြည်ထောင်စုနိုင်ငံပြင်ပရှိ စစ်မှုထမ်းအရွယ်ရောက်သူများ။

၂၁။ ။(၁) စစ်မှုထမ်းအရွယ်ရောက်သူတဦးသည်၊ ၅၏အက်ဥပဒေအရ ပြစ်မှုတခုခုကို၊ ပြည်ထောင်စုနိုင်ငံအတွင်း၌ဖြစ်စေ၊ပြင်ပ၌ဖြစ်စေ၊ ကျူးလွန်လျှင်၊ထိုသူကို ထိုပြစ်မှုအတွက် အရေးယူတရားစွဲဆိုနိုင်သည်။

(၂) ပြည်ထောင်စုနိုင်ငံ၏ပြင်ပ၌ နေထိုင်လျက်ရှိသော၊ စစ်မှုထမ်းအရွယ် ရောက်သူပြည်ထောင်စုနိုင်ငံသား တဦးအပေါ်၊ ၅၏အက်ဥပဒေအရ ပြစ်မှုတခုအတွက် အရေးယူတရားစွဲဆိုခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းနည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ်ရမည်။

အလုပ်အကိုင်ကိုကာကွယ်စောင့်ရှောက်ခြင်း။

၂၂။ ။စစ်မှုထမ်းရန်ဆင့်ခေါ်သဖြင့်စစ်မှုထမ်းရသူတဦးက၊ ယခင်အလုပ်ရှင် ထံသို့၊ အလုပ်ခန့်ထားရန်လျောက်လွှာတင်သွင်းလျှင်၊ ယခင်အလုပ်ရှင်၌လျောက်လွှာအ

တည်ဖြစ်နေသမျှ ကာလပတ်လုံး၊လျှောက်ထားသူအား၊ အောက်ပါအလုပ်အကိုင်တွင်၊ ဖေါ်ပြရာပါ အမှုထမ်းစည်းကမ်းများအတိုင်း ခန့်ထားရန်တာဝန်ရှိရမည်။

(က) လျှောက်ထားသူ စတင်စစ်မှုမထမ်းမီ၊ ယခင်အလုပ်ရှင်က၊ လျှောက်ထားသူအား နောက်ဆုံးခန့်ထားခဲ့သောအလုပ်အကိုင်၊ ထိုအလုပ်အကိုင်တွင်၊ လျှောက်ထားသူအား စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းမခံရပါမူ၊ ၎င်းနှင့်သက်ဆိုင်မည်ဖြစ်သည့်အမှုထမ်းစည်းကမ်းများအောက်မည်သို့ဖျင်းသောအမှုထမ်းစည်းကမ်းများအတိုင်း ခန့်ထားရမည်။ သို့တည်းမဟုတ်

(ခ) ထိုအလုပ်အကိုင်တွင်ထိုအမှုထမ်းစည်းကမ်းများနှင့်အညီလျှောက်ထားသူအား မခန့်ထားနိုင်လျှင်၊ ထိုသူအတွက်ခန့်ထားနိုင်သည့် အခွင့်အသာဆုံးအလုပ်အကိုင်။ ထိုအလုပ်အကိုင်တွင်၊ လျှောက်ထားသူအား၊ ၎င်းအတွက် အခွင့်အသာဆုံးအမှုထမ်းစည်းကမ်းများအတိုင်း ခန့်ထားရမည်။

အလုပ်ပြန်လည်ခန့်ထားရန် လျှောက်လွှာ။

၂၃။ ။(၁) ပုဒ်မ ၂၂ အရတင်သွင်းသောလျှောက်လွှာသည်—

(က) စာဖြင့်ရေးသားတင်သွင်းသော လျှောက်လွှာ မဟုတ်လျှင်၊ အတည်မဖြစ်စေရ။

(ခ) လျှောက်ထားသူကိုယ်တိုင်က သော်၎င်း၊ ၎င်း၏အခွင့်အမိန့်အရ ဆောင်ရွက်သော သူကဦးစီးက သော်၎င်း တင်သွင်းသည့် လျှောက်လွှာဖြစ်ရမည်။

(၂) ပုဒ်မ ၂၂ အရတင်သွင်းသောလျှောက်လွှာသည်၊အချိန်ပြည့်စစ်မှုထမ်းရသည့် ကာလအပိုင်းအခြားမကုန်ဆုံးမီ ၁၅ ရက်အတွင်း တင်သွင်းသောလျှောက်လွှာမဟုတ်လျှင်၊ သို့တည်းမဟုတ် အချိန်ပြည့်စစ်မှုထမ်းရသည့် ကာလအပိုင်းအခြားကုန်ဆုံးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း တင်သွင်းသောလျှောက်လွှာမဟုတ်လျှင်၊ အတည်မဖြစ်စေရ။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် မမာမကျန်းသောအကြောင်းကြောင့်သော်၎င်း၊အခြားခိုင်လုံသော အကြောင်းကြောင့်သော်၎င်း၊ လျှောက်လွှာကို အချိန်မီမတင်သွင်းနိုင်လျှင် အဆိုပါအကြောင်းပပျောက်သည့်နေ့ရက်မှရက်ပေါင်း ၃၀ အတွင်း တင်သွင်းနိုင်သည်။ သို့သော်လည်း စစ်မှုထမ်းရသည့် ကာလ အပိုင်းအခြား ကုန်ဆုံးပြီးနောက် ၆ လ အတွင်းလျှောက်လွှာမတင်သွင်းလျှင်၊ သို့တည်းမဟုတ် စစ်မှုထမ်းရသည့် ကာလအပိုင်းအခြားကုန်ဆုံးသည့်အချိန်၌၊ ယခင်အလုပ်ရှင်ထံမှ အလုပ်ရပ်စဲခြင်းခံရသည့်အတွက် လျှောက်ထားသူက အကျိုးခံစားခွင့်ရပြီးဖြစ်လျှင်၊ယခင်အလုပ်ရှင်၌၊ ဤပုဒ်မအရလျှောက်ထားသူအား အလုပ်ခန့်ထားရမည့်တာဝန်မရှိစေရ။

(၃) ပုဒ်မ ၂၂ အရတင်သွင်းသောလျှောက်လွှာကို၊ ယခင်အလုပ်ရှင်ထံသို့ တိုက်ရိုက်ဖြစ်စေ၊ သတ်မှတ်ထားသောနည်းလမ်းအတိုင်း အလုပ်ဆက်သွယ်ရေးရုံး တခု ခုသို့ဖြစ်စေ၊ သတ်မှတ်သားသည့် အာဏာပိုင်တဦးဦးထံသို့ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအလုပ်သမားရုံးများသို့ဖြစ်စေ တင်သွင်းနိုင်သည်။ လျှောက်လွှာတင်သွင်းသည့်အခါ၊ လျှောက်ထားသူသည်၊ မိမိအလုပ်ဝင်နိုင်မည့်နေ့ရက်ကို အကြောင်းကြားရမည်။ ထိုနေ့ရက်သည် အချိန်ပြည့်စစ်မှုထမ်းရသည့် ကာလအပိုင်းအခြားကုန်ဆုံးမည့်နေ့ရက်မှ ရက်ပေါင်း ၃၀ ထက် နောက်မကျသော နေ့ရက်ဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် မမာမကျန်းသော အကြောင်းကြောင့် သော်၎င်း၊ အခြားခိုင်လုံသော အကြောင်းကြောင့်သော်၎င်း လျှောက်ထားသူသည်၊ အဆိုပါရက်ပေါင်း ၃၀ ကျော်လွန်ပြီးသည့်နောက်မှသာ အလုပ်ဝင်နိုင်မည်ဖြစ်လျှင်၊ ထိုသို့အကြောင်းကြားရမည့် နေ့ရက်မှာ၊ အဆိုပါရက်ပေါင်း ၃၀ ကျော်လွန်ပြီးနောက်၊ ဆောလျင်နိုင်သမျှဆောလျင်စွာ သင့်လျော်သည့်နေ့ရက်လည်းဖြစ်နိုင်သည်။ သို့ဖြစ်၍ ထိုအကြောင်းကြားစာသည်၊ အဆိုပါရက်ပေါင်း ၃၀ ကျော်လွန်ပြီးမှပေးပို့သည်ဟူသော အကြောင်းတခုတည်းကြောင့် ပျက်ပြယ်ခြင်းမရှိစေရ။

ယခင် အလုပ် သမားများကို အလုပ် ပြန်လည် ခန့်ထားရန် အလုပ်ရှင် တို့၏ တာဝန်များ။

၂၄။ ။(၁) ယခင်အလုပ်ရှင်သည်၊ ပုဒ်မ ၂၂ အရလျှောက်ထားသူကို၊ ၎င်း၏လျှောက်လွှာတွင်ဖော်ပြထားသော နေ့ရက်၌ အလုပ်အကိုင်တွင် ပြန်လည်ခန့်ထားရမည်၊ သို့တည်းမဟုတ် ထိုနေ့ရက်၌ မခန့်ထားနိုင်လျှင်၊ လျှောက်လွှာရရှိသည့် နေ့ရက်မှတလအတွင်း အစောဆုံးခန့်ထားနိုင်သည့်နေ့ရက်၌ ခန့်ထားရမည်။

(၂) ပုဒ်မ ၂၂ အရလျှောက်ထားသူအား၊ ယခင်အလုပ်ရှင်၏အလုပ်အကိုင်တွင်ခန့်ထားပြီးသည့်အခါ၊ ယခင်အလုပ်ရှင်၌၊ လျှောက်ထားသူအား နောက်လာမည့် ၆ လအတွက်၊ အောက်ပါအလုပ်အကိုင်တွင်၊ ဖော်ပြရာပါအမှုထမ်းစည်းကမ်းများအတိုင်းခန့်ထားရန်တာဝန်ရှိရမည်—

(က) လျှောက်ထားသူအား ယခင်ကခန့်ထားခဲ့သည့် အလုပ်အကိုင်အောက်မနိမ့်သော အလုပ်အကိုင်။ ထိုအလုပ် အကိုင်တွင် လျှောက်ထားသူအားယခင်ကခန့်ထားသည့်အမှုထမ်းစည်းကမ်းများအောက်မည့်ဖျင်းသော အမှုထမ်းစည်းကမ်းများအတိုင်းခန့်ထားရမည်၊သို့တည်းမဟုတ်

(ခ) ဤပုဒ်မအရ၊ခန့်ထားရမည့် ၆ လ ကာလအပိုင်းအခြားအတွင်း၊ မည်သည့်အခါတွင်မဆို၊ ထိုအလုပ်အကိုင်တွင် ထိုအမှုထမ်းစည်းကမ်းများအတိုင်း လျှောက်ထားသူအား ခန့်ထားရန်မသင့်လျော်သည့်အပြင် ခန့်ထားရန်လည်းမဖြစ်နိုင်လျှင်၊ ထိုလျှောက်ထားသူအတွက်ခန့်ထားသင့် ခန့်ထားနိုင်သည့် အခွင့်အသာဆုံး

အလုပ်အကိုင်။ ထိုအလုပ်အကိုင်တွင်ထိုသူအတွက် ထိုအချိန်၌ ခန့်ထားသင့်ခန့်ထားနိုင်သည့်အမှုထမ်းစည်းကမ်းများအတိုင်းခန့်ထားရမည်။

(ဂ) ဆိုခဲ့သည့် ၆ လအတွင်း၊ ယခင်အလုပ်ရှင်သည်၊ အလုပ်အကိုင်တွင် ပြန်လည်ခန့်ထားခြင်းခံရသော အလုပ်သမားအား၊ လွန်ကဲစွာ အကျင့်သိက္ခာပျက်ပြားခြင်းမရှိလျှင်၊ အလုပ်မှထုတ်မပစ်ရ။

(ဃ) အလုပ်အကိုင်တွင် ပြန်လည်ခန့်ထားသည့်နေ့ရက်မှ ၆ လ ကုန်ဆုံးပြီးနောက်၊ ယခင်အလုပ်ရှင်သည် မိမိအစိုးမရသောအကြောင်း တခုခုကြောင့်၊အလုပ်သမားများကိုသော်၎င်း၊ လုပ်ခများကိုသော်၎င်း၊လျော့ပေါ့ရလျှင်၊ယင်းသို့လျော့ပေါ့ခြင်းသည်၊ အလုပ် အကိုင်တွင်ပြန်လည်ခန့်ထားခြင်းခံရသောအလုပ်သမားနှင့်လည်းသက်ဆိုင်စေရမည်။

(င) ယခင်အလုပ်ရှင်သည်၊ အလုပ်အကိုင်တွင် ပြန်လည် ခန့်ထားရန် လျှောက်လွှာပေါင်းများစွာရရှိ၍၊ လျှောက်ထားသူအားလုံးကို၊ နေရာချထား မပေးနိုင်လျှင်၊ ထိုလျှောက်လွှာများအနက် မည်သည့်လျှောက်လွှာများကို ဦးစားပေး၍၊ စဉ်းစားရမည်ဟု၊ ပုဒ်မ ၂၉ အရ၊ဖွဲ့စည်းသည့်အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီက ဆုံးဖြတ်ရမည်။

၂၅။ ။ယခင်အလုပ်ရှင်သည်—

(က) အဆောက်အဦများဖြစ်စေ၊ ကိရိယာတန်ဆာပလာများဖြစ်စေ၊ ပျက်စီးခြင်းကြောင့်လုပ်ငန်း၏၊သို့တည်းမဟုတ် အလုပ်အကိုင်၏ အခြေအမြစ်ပြောင်းလဲချက်များ၊ မူလကုန်ထုတ်လုပ် နည်းစံနစ်ပြောင်းလဲချက်များ၊ သို့တည်းမဟုတ် ယာယီဖြစ်စေ၊ ရာသီအလိုက်ဖြစ်စေ ပြုလုပ်ရခြင်းကြောင့်မဟုတ်ဘဲကုန်ထွက် အခြောက်အမြားလျော့နည်းခြင်း၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၂၂ အရလျှောက်ထားသူအား၊ အလုပ်အကိုင်တွင် ပြန်လည်ခန့်ထားရန် လုံးဝ မဖြစ်နိုင်လောက်အောင်၊ ၎င်းတွင်လုပ်ကိုင်နိုင်စွမ်းမှုမရှိခြင်း

ဟူသော အကြောင်းအတွက်မှတပါး၊ အခြားမည်သည့် အကြောင်းကြောင့်မျှ အလုပ်သမားတဦးအား အလုပ်အကိုင်တွင် ပြန်လည်မခန့်ထားနိုင်ဟုဆိုခြင်း မပြုရ။

၂၆။ ။ပုဒ်မ ၂၂ အရလျှောက်ထားသူစာင်စစ်မှုထမ်းသည့်နေ့ရက်မတိုင်မီ အလုပ်အကိုင်တွင် ခန့်ထားခြင်းခံရသူဖြစ်၍၊ လျှောက်ထားသူစာင်စစ်မှုထမ်းရွက်သည့် နေ့ရက်၌၊ လျှောက်ထားသူထက် အလုပ်အကိုင်တွင် လုပ်သက်ပိုမိုရှင်သူ ဖြစ်သော၊ လျှောက်ထားသူ၏ အလုပ်အကိုင်မျိုးတွင် ခန့်ထားခြင်းခံရသူလည်းဖြစ်သည့်၊ အလုပ်သမားတဦးကို ယခင်အလုပ်ရှင်က၊ အလုပ်အကိုင်မှထုတ်ပယ်မှသာ၊ ထိုလျှောက်ထား

သူအားအလုပ်တွင်ပြန်လည်ခန့်ထားနိုင်မည်ဖြစ်လျှင်၊ ၎င်းအက်ဥပဒေပါကိစ္စများအလို
၄၊ အလုပ်ရှင်သည်၊ ထိုလျှောက်ထားသူအားခန့်ထားသင့်ခန့်ထားနိုင်သည်ဟု မမှတ်
ယူရ။

၂၇။ ။ပုဒ်မ ၂၂ အရလျှောက်ထားသူအားအလုပ်အကိုင်တွင် ပြန်လည်
ခန့်ထားရန်အလို့၄၊အောက်ဖေါ်ပြရာပါ တဦးတယောက်သောသူအား အလုပ်အကိုင်မှ
ထုတ်ပယ်ရလျှင်၊ ယခင်အလုပ်ရှင်၌ ထိုသို့ထုတ်ပယ်၍ ထိုလျှောက်ထားသူကို ခန့်ထား
ခြင်းမပြုနိုင်ဟု ငြင်းဆိုပိုင်ခွင့်မရှိစေရ။

(က) ထိုလျှောက်ထားသူ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးနောက်မှ၊ ယခင် အလုပ်ရှင်က အလုပ်ခန့်ထားသူ၊ သို့တည်းမဟုတ်

(ခ) အလုပ်သမားညွှန်ကြားရေးဝန်၏သဘောအရ ဦးစားပေးအစီအစဉ်တွင် လျှောက်ထားသူအောက် ကျရောက်နေသူ။

လုပ်သက်တဆက်တည်းဖြစ်ခြင်း။

၂၀။ ။စစ်မှုထမ်းလည်ကာလအပိုင်းအခြားကို၊အလုပ်သမား၏ ယခင်လုပ်
သက်နှင့်တဆက်တည်း ရေတွက်ရမည်။ ထို့ပြင် သတ်မှတ်ထားသည့်အကျိုးခံစားခွင့်
များမှတပါး၊ စစ်မှုထမ်းရန် ထိုအလုပ်သမားအားဆင့်ခေါ်ခြင်းမပြုခဲ့ပါမူ၊ အလုပ်
သမားရရှိမည်ဖြစ်သည့်အခြားအကျိုးခံစားခွင့်အားလုံးသည်၊ ထိုအလုပ်သမား၏အကျိုး
ခံစားခွင့်များဖြစ်စေရမည်။

အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီဖွဲ့စည်းပုံ။

၂၉။ ။(၁) အလုပ်ပြန်လည်ခန့်ထားရေး ကော်မီတီတွင် အောက်ပါ
ပုဂ္ဂိုလ်များပါဝင်ရမည်။

(က) အမိန့်ကြော်ငြာစာဖြင့် ကျေညာထားသောအလုပ်ပြန်လည်ခန့်ထားရေး ကော်မီတီဥက္ကဋ္ဌစာရင်းမှ နိုင်ငံတော်သမတ က၊ ရွေးချယ်ခန့်ထားသောပုဂ္ဂိုလ်တဦး၊

(ခ) အမိန့်ကြော်ငြာစာဖြင့်ကျေညာထားသော အလုပ်ရှင်များ၏ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ရန် အလုပ်ရှင်စာရင်းမှ နိုင်ငံတော်သမတ က၊ ရွေးချယ်ခန့်ထားသောပုဂ္ဂိုလ်တဦး၊ ထို့ပြင်

(ဂ) အမိန့်ကြော်ငြာစာဖြင့် ကျေညာထားသောအလုပ်သမားများ၏ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် အလုပ်သမားစာရင်းမှ နိုင်ငံတော်သမတ က၊ ရွေးချယ်ခန့်ထားသောပုဂ္ဂိုလ်တဦး။

(၂) နိုင်ငံတော်သမတ သည်၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အာဏာပိုင်သည်၊ အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီအတွက် အဆက်ဆာလူကြီးများရနိုင်စေရန်၊ မိမိသင့်သည်ဟု ထင်မြင်သည့်အရေအတွက်ထိ အဲ့ဆက်ဆာလူကြီးများခန့်ထားနိုင်သည်။ ထိုအဆက်ဆာလူကြီးများသည်၊ ထိုကော်မီတီက စဉ်းစားရမည့်ကိစ္စများနှင့် စပ်လျဉ်း၍၊အထူးသိကျွမ်းနားလည်သည်ဟု နိုင်ငံတော် သမတ ကယူဆသော သူများဖြစ်ရမည်။

(၃) အဆက်ဆက်လုပ်ကြွေးသည်၊အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီကဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် အမိန့်တခုချမှတ်ရာတွင် မဲပေးခြင်းသော်၎င်း၊ အခြားနည်းပါဝင်ဆောင်ရွက်ခြင်းသော်၎င်း မပြုရ။

၃၀။ ။(၁) အချိန်ပြည့် စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသော၊ သို့တည်းမဟုတ် ဆင့်ခေါ်ခြင်းခံရသည်ဆိုသောသူတဦးသည်၊အထက်ပါပြဋ္ဌာန်းချက်များအရ မိမိခံစားထိုက်သည့်အခွင့်အရေးများရှိလျက်နှင့် မခံစားရလျှင်၊ သို့တည်းမဟုတ် မခံစားခဲ့ရလျှင်၊ထိုသို့မခံစားရကြောင်းကိုသော်၎င်း၊မခံစားခဲ့ရကြောင်းကိုသော်၎င်း၊ဖော်ပြ၍၊သတ်မှတ်ထားသည့်ကာလအပိုင်းအခြားအတွင်းအလုပ်ပြန်လည်ခန့်ထားရေးကော်မီတီထံသို့၊ မိမိ၏အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ကိစ္စတခုခုကိုဆုံးဖြတ်ပေးရန် လျှောက်ထားနိုင်သည်။ ထိုကော်မီတီသည်၊ထိုကိစ္စကိုဆုံးဖြတ်ပေးရမည်။

(၂) ထိုလျှောက်ထားသူ၏ယခင်အလုပ်ရှင်သည်၊၎င်း၏တာဝန်ဝတ်တရားများ ဆောင်ရွက်ရာတွင် ပျက်ကွက်ခဲ့သည်ဟု အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီကယုံကြည်ကျေနပ်လျှင်၊ ထိုကော်မီတီသည်၊ အမှုသွား အမှုလာ အားလုံးကိုင်း၊ မည်သို့ပျက်ကွက်သည်ကိုင်း၊ မည်မျှပျက်ကွက်သည်ကိုင်း ထောက်ထား၍၊ မိမိသင့်သည်ဟုထင်မြင်သည့်အကိုင်း အောက်ပါအမိန့်တခုခုကိုဖြစ်စေ၊ နှစ်ခုစလုံးကိုဖြစ်စေ ချမှတ်နိုင်သည်။

(က) ယခင်အလုပ်ရှင်ကထိုလျှောက်ထားသူအားအလုပ်ပေးစေဆိုသည့် အမိန့်။ မည်သည့်နေရက်တွင်မည်သည့်အလုပ်အကိုင်၌မည်သည့် စည်းကမ်းချက်များအရ မည်သည့်နေရာတွင် အလုပ်အကိုင်ပေးစေဟုထိုအမိန့်တွင် သီးခြားဖော်ပြရမည်။

(ခ) ယင်းသို့ ပျက်ကွက်သည့်အတွက် ထိုလျှောက်ထားသူနစ်နာသည့်၊ သို့တည်းမဟုတ် နစ်နာဘွယ်ရာအကြောင်းရှိသည့် ဆုံးရှုံးမှုတခုခုအတွက်၊ အထက်အဆိုပါပြဋ္ဌာန်းချက်များဖြင့် ချမှတ်ထားသောတာဝန်ဝတ်တရားများကို၊ ထိုလျှောက်ထားသူနှင့် စပ်လျဉ်း၍၊ နည်းလမ်းဟကျ ဆောင်ရွက်ခဲ့ပါမူ၊ ယခင်အလုပ်ရှင်က လျှောက်ထားသူအားထုတ်ပေးရမည်ဖြစ်သည့် နောက်ဆုံး လုပ်ခနှုန်းအတိုင်း ၃ လတွက်လုပ်ခအောက်မနည်း ၆ လတွက် လုပ်ခထက် မပိုသည့်ငွေကို လျှောက်ထားသူအား လျော်ကြေးအဖြစ်ပေးစေဆိုသည့်အမိန့်။

၃၁။ ။(၁) မည်သည့်ယခင်အလုပ်ရှင်မဆို၊ ပုဒ်မ ၃၀ အရအလုပ်ပြန်လည်ခန့်ထားရေးကော်မီတီကချမှတ်သည့်အမိန့်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သုံးနှစ်ထိ အလုပ်ကြပ်မဲဖြင့်ထောင်ဒဏ်နှင့်ငွေဒဏ်စီရင်ခြင်းခံရမည်။ သို့ရာတွင် ၅၂ပုဒ်မ အရစီရင်သည့်ငွေဒဏ်သည် ပုဒ်မ ၃၀၊ပုဒ်မခွဲ (၂)၊အပိုဒ် (ခ) အရ အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီက ချမှတ်သည့်လျော်ကြေးအောက်မနည်းစေရ။ ထို့ပြင် ရရှိသည့်ဒဏ်ငွေထဲမှ အလုပ်ပြန်လည်ခန့်ထားရေးကော်မီတီက ချမှတ်သည့်လျော်ကြေးနှင့်ညီမျှသောငွေကို သက်ဆိုင်ရာအလုပ်သမားအား လျော်ကြေးအဖြစ်ပေးစေရန်အမိန့်ချမှတ်ရမည်။

(၂) အလုပ်ပြန်လည်ခန့်ထားရေးကော်မိတီကချမှတ်သည့်အမိန့်ကိုလိုက်နာရန် ပျက်ကွက်သည့်အတွက် စွဲဆိုသည့်အမှုကို၊ ထိုအမိန့်အယူခံဝင်ရန် သတ်မှတ်ထားသည့်ကာလအပိုင်းအခြားကုန်ဆုံးပြီးသည့်နောက်မှသော်၎င်း၊ ထိုအမိန့်ကို အယူခံဝင်လျှင်၊ အယူခံမှုကို ဆုံးဖြတ်ပြီးသည့်၊ သို့တည်းမဟုတ် ပြန်လည်ရုပ်သိမ်းပြီးသည့်နောက်မှသော်၎င်း စွဲဆိုရမည်။

အယူခံဝင်ခြင်း။

၃၂။ ။ပုဒ်မ ၃၀ အရ၊ အလုပ်ပြန်လည်ခန့်ထားရေးကော်မိတီက ချမှတ်သော ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ သက်ဆိုင်ရာအလုပ်ရှင်ကသော်၎င်း၊ လျော်ကထားသူကသော်၎င်း အယူခံကော်မိတီသို့၊သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း အယူခံဝင်နိုင်သည်။

၃၃။ ။(၁) နိုင်ငံတော် သမဝါယသည်၊ မိမိသင့်သည်ဟု ထင်မြင်သည့်ဒေသ၊သို့တည်းမဟုတ် ဒေသများအတွက်၊ ပုဒ်မ ၃၂ အရတင်သွင်းသော အယူခံမှုများကို ကြားနာဆုံးဖြတ်ရန် အယူခံကော်မိတီ၊ သို့တည်းမဟုတ် အယူခံကော်မိတီများကိုဖွဲ့စည်းနိုင်သည်။

(၂) အယူခံကော်မိတီတိုင်းတွင် နိုင်ငံတော် သမဝါယကရွေးချယ်ခန့်ထားသည့် ပုဂ္ဂိုလ်သုံးဦးပါဝင်ရမည်။ ထိုသုံးဦးအနက် တဦးသည်၊ ဥက္ကဋ္ဌဖြစ်ရမည်။ အဆိုပါကော်မိတီ၏ ဥက္ကဋ္ဌသည်၊ မြန်မာနိုင်ငံဝန်ထမ်းအဖွဲ့အရွေးချယ်ခံတန်းအရာရှိ၊ သို့တည်းမဟုတ် တရားဥာနဝန်ထမ်းအဖွဲ့ အရွေးချယ်ခံတန်းအရာရှိဖြစ်ရမည်။ အခြားတဦးသည်၊ ဗိုလ်မှူး အဆင့်အောက်မနိမ့်သောတပ်မတော်အရာရှိဖြစ်ရမည်။ ကျန်တဦးသည် အစိုးရအမှုထမ်းမဟုတ်သူဖြစ်ရမည်။

(၃) အယူခံကော်မိတီသည်၊မိမိသင့်သည်ဟု ထင်မြင်သည့်အချိန်နှင့်နေရာများတွင် အစည်းအဝေးကျင်းပနိုင်သည်။

(၄) အစည်းအဝေးသို့၊ အယူခံကော်မိတီ၏ ဥက္ကဋ္ဌနှင့် ကော်မီတီလူကြီးတဦးတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။

(၅) အယူခံကော်မိတီသည်၊သက်သေထွက်ချက်ကိုလက်ခံခြင်း၊ကျမ်းသစ္စာကျိန်ဆိုစေခြင်း၊ သက်သေများကိုလာရောက်စေရန်အတင်းအကြပ် ဆင့်ခေါ်ယူခြင်း၊ထို့ပြင် စာချုပ်စာတမ်းများကို ဖွင့်လှစ်ထုတ်ဖော်စေရန်နှင့် တင်ပြစေရန်အတင်းအကြပ်ဆင့်ဆိုခြင်းကိစ္စများအတွက် တရားမရုံး၏အာဏာများရှိရမည်။ ထို့ပြင် အယူခံကော်မိတီသည် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

အချိန်ပြည့် စစ်မှုထမ်းရမည့်တာဝန်ကြောင့် အလုပ်သမားများအား အလုပ်မှထုတ်ပယ်ခြင်းကိုတားမြစ်ခြင်း။

၃၄။ ။(၁) ဤအက်ဥပဒေအရအချိန်ပြည့် စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းခံရသော အလုပ်သမားတဦး၏အလုပ်ရှင်သည်၊ ထိုသို့ဆင့်ခေါ်ခြင်း ခံရသဖြင့်၊ ထိုအလုပ်သမားဆောင်ရွက်ရသည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရမည်ဖြစ်သည့် တာဝန် ဝတ်

တရားကိုအကြောင်းပြု၍၊ ထိုအလုပ်သမားအား၊ ၎င်း၏ သဘောတူညီချက်မရဘဲ၊ ယင်းသို့ အချိန်ပြည့်စစ်မှုထမ်းရန် သွားရောက် အကြောင်းကြားရမည့် နေ့ရက်မတိုင်မီ၊ အလုပ်မှရပ်စဲလျှင်၊ ထိုအလုပ်ရှင်သည်၊ သုံးနှစ်ထိအလုပ်ကြမ်းဖြင့် ထောင်ဒဏ်နှင့်ငွေဒဏ် စီရင်ခြင်းခံရမည်။ ထို့ပြင် ထိုအလုပ်ရှင်အပေါ် ပြစ်မှုထင်ရှားစီရင်သည့်တရားရုံးသည်၊ အလုပ်ရပ်စဲခြင်းခံရသူအား၊ ထိုသို့အလုပ်ရပ်စဲခြင်းခံရသောကြောင့်နစ်နာသည့်၊ သို့တည်းမဟုတ် နစ်နာဘွယ်ရာအကြောင်းရှိသည့်ဆုံးရှုံးမှုအတွက် အလုပ်ရှင်ကထိုအလုပ်သမားအား နောက်ဆုံးပေးခဲ့သည့် လုပ်ခနှုန်းအတိုင်း ၃ လတွက်လုပ်ခအောက်မနည်း ၆ လတွက်လုပ်ခထက်မပိုသည့်ငွေကို၊ ရရှိသည့်ဒဏ်ငွေထဲမှ၊ လျော်ကြေးအဖြစ်ပေးစေရန် အမိန့်ချမှတ်ရမည်။

(၂) ဤပုဒ်မအရအလုပ်ရှင်အားစွဲဆိုသော မည်သည့်မှုခင်းကိစ္စတွင်မဆို၊ အလုပ်ရပ်စဲခဲ့ရခြင်းမှာ၊ အလုပ်တွင်ပြန်လည်ခန့်ထားရမည့်တာဝန်ဝတ်တရားကိုရှောင်တိမ်းလွှဲဖယ်လိုသောကြောင့်မဟုတ်ဟု အလုပ်ရှင်က သက်သေထင်ရှားမပြနိုင်သမျှ ကာလပတ်လုံး၊ အဆိုပါတာဝန်ဝတ်တရားကိုရှောင်တိမ်းလွှဲဖယ်လိုသောကြောင့်အလုပ်ရှင်က အလုပ်ရပ်စဲခဲ့သည်ဟု ယူဆရမည်။

အချိန်ပိုင်း စစ်မှုထမ်းသူများဆိုင်ရာပြဋ္ဌာန်းချက်များ။

၃၅။ ။(၁) ဤအက်ဥပဒေအရမည်သူကိုမဆို၊ အချိန်ပိုင်းစစ်မှုထမ်းရန် ဆင့်ခေါ်သောကြောင့်၊ ထိုသူ၏အလုပ်ရှင်က၊ ထိုသူဆောင်ရွက်ရသည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရမည်ဖြစ်သည့် တာဝန်ဝတ်တရားများကိုအကြောင်းပြု၍၊ ထိုသူကိုအလုပ်မှရပ်စဲလျှင်၊ ထိုသူ၌၊ အလုပ်ရှင်က ၎င်းအားနောက်ဆုံးပေးခဲ့သော လုပ်ခနှုန်းအတိုင်း၊ ၃ လတွက် လုပ်ခအောက်မနည်း ၆ လတွက် လုပ်ခထက်မပိုသည့်ငွေကို၊ လျော်ကြေးအဖြစ် အရတောင်းခံပိုင်ခွင့်ရှိရမည်။

(၂) လျော်ကြေးနှင့်စပ်လျဉ်း၍အငြင်းပွားမှုတခုခုပေါ်ပေါက်လျှင်၊ နစ်နာသူသည်၊ မိမိ၌လျော်ကြေးအရတောင်းခံနိုင်သောအခွင့်အရေး ရှိ မရှိဆုံးဖြတ်ပေးရန်၊ အလုပ်ပြန်လည်ခန့်ထားရေး ကော်မီတီသို့၊ သက်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း လျှောက်ထားနိုင်သည်။ အဆိုပါကော်မီတီသည်၊ အဆိုပါ အခွင့်အရေးရှိသည်ဟု ယုံကြည်ကျေနပ်လျှင်၊ လျှောက်ထားသူက အရတောင်းခံပိုင်ခွင့်ရှိသည်ဟု မိမိယူဆသောငွေကို၊ အလုပ်ရှင်က ထိုလျှောက်ထားသူအား ပေးစေဟု အမိန့်ချမှတ်ရမည်။

(၃) ဤပုဒ်မအရလျော်ကြေးတောင်းဆိုသည့်မှုခင်းကိစ္စတွင်၊ အလုပ်ရပ်စဲခဲ့ရခြင်းမှာ၊ အလုပ်အကိုင်တွင် ပြန်လည်ခန့်ထားရမည့်တာဝန်ဝတ်တရားကို ရှောင်တိမ်းလွှဲဖယ်လိုသောကြောင့်မဟုတ်ဟု အလုပ်ရှင်က သက်သေထင်ရှားမပြနိုင်သမျှကာလပတ်လုံး၊ အဆိုပါ တာဝန်ဝတ်တရားကို ရှောင်တိမ်းလွှဲဖယ်လိုသောကြောင့် အလုပ်ရှင်က အလုပ်ရပ်စဲခဲ့သည်ဟု ယူဆရမည်။

၃၆။ ။မည်သည့်ယခင်အလုပ်ရှင်မဆို၊ ပုဒ်မ ၃၅ အရအလုပ်ပြန်လည်ခန့်ထားရေးကော်မီတီက ချမှတ်သည့်အမိန့် တခုခုကိုလိုက်နာရန်ပျက်ကွက်လျှင်၊ သုံးနှစ်ထိအလုပ်ကြမ်းဖြင့် ထောင်ဒဏ်နှင့် ငွေဒဏ်စီရင်ခြင်းခံရမည်။ သို့ရာတွင် ဤပုဒ်မအရစီရင်

သည့်ငွေဒဏ်သည်ပုဒ်မ ၃၅၊ပုဒ်မခွဲ (၂) အရအလုပ်ပြန်လည်ခန့်ထားရေးကော်မိတီက ချမှတ်သည့်လျော်ကြေးအောက်မနည်းစေရ။ ထို့ပြင် ရှိသည့်ဒဏ်ငွေထဲမှ၊ အလုပ်ပြန်လည်ခန့်ထားရေးကော်မိတီကချမှတ်သည့်လျော်ကြေးနှင့်ညီမျှသောငွေကို သက်ဆိုင်ရာအလုပ်သမားအားလျော်ကြေးအဖြစ်ပေးစေရန် အမိန့်ချမှတ်ရမည်။

အလုပ်နှင့် သက်ဆိုင်သည့်သဘောတူစာချုပ်။

၃၇။ ။အလုပ်သမားများအား၊စစ်မှုထမ်းရန်ဆင့်ခေါ်သည့်အခါ၊အလုပ်ရှင်နှင့် အလုပ်သမားတို့အချင်းချင်းချုပ်ဆိုအတည်ဖြစ်လျက်ရှိသောအလုပ်နှင့်ဆိုင်သည့် သဘောတူစာချုပ်ကို၊ သို့တည်းမဟုတ် အလုပ်သင်သဘောတူ စာချုပ်ကို၊ တရားမျှတစွာ စီမံနိုင်စေရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်၊နည်းဥပဒေများဖြင့်၊ အဆိုပါစာချုပ်ချုပ်ဆိုသူတို့အား၊ စစ်မှုထမ်းရန်လိုအပ်သော ကာလအပိုင်းအခြားနှင့်စပ်လျဉ်း၍၊ ထိုစာချုပ်အရ၊ထိုသူတို့ဆောင်ရွက်ရမည့် တာဝန်အားလုံးမှဖြစ်စေ၊တခုခုမှဖြစ်စေ လွှတ်ငြိမ်းစေနိုင်သည်ပြင်၊ ထိုစာချုပ်အရ လုပ်ကိုင်ရမည့်၊ သို့တည်းမဟုတ် အလုပ်သင်ရမည့် ကာလအပိုင်းအခြားကို၊ အဆိုပါ စစ်မှုထမ်းရန် လိုအပ်သော ကာလအပိုင်းအခြားထက် မပိုသော ကာလအပိုင်းအခြားအတွက် တိုးပေးပြီးလျှင်၊ ထိုစာချုပ်ပါ စည်းကမ်းချက်များကို၊ ထိုသို့တိုးပေးသည့်ကာလအပိုင်းအခြားနှင့်စပ်လျဉ်း၍ ဆီလျော်အောင်ပြုလုပ်ကာ၊ အဆိုပါစာချုပ်ကိုလည်း ပြောင်းလဲနိုင်သည်။

အဖွဲ့များနှင့်ကော်မိတီများခန့်ထားနိုင်သည့်အာဏာ။

၃၈။ ။နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို၊ နည်းလမ်းတကျနှင့်ထိရောက်စွာဆောင်ရွက်ရန်အဖွဲ့၊ သို့တည်းမဟုတ် အဖွဲ့များကိုငင်း၊ ကော်မိတီ၊ သို့တည်းမဟုတ် ကော်မိတီများကိုငင်း ခန့်ထားနိုင်သည်။

၃၉။ ။ပဌမတန်း ရာဇဝတ်တရားသူကြီးရုံးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ၊ဤအက်ဥပဒေအရပြစ်ဒဏ်ထိုက်သင့်သောပြစ်မှုတခုခုကို၊စစ်ဆေးစီရင်ခြင်းမပြုရ။

၄၀။ ။(၁) ဤအက်ဥပဒေနှင့်အညီဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ၊ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန် ကြံရွယ်သည့်ပြုမှုတခုခုအတွက်၊ မည်သူကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ စွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေအရ အခြားနည်းအတည့်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ဤအက်ဥပဒေနှင့်အညီဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ၊ ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပြုမှုကြောင့်ဖြစ်သော၊ သို့တည်းမဟုတ် ဖြစ်ဟန်လက္ခဏာရှိသော နစ်နာမှုတခုခုအတွက်၊အစိုးရအား၊ တရားမမှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ စွဲဆိုခြင်းမပြုရ။

နည်းဥပဒေများဖြန့်နိုင်သည့်အာဏာ။

၄၁။ ။(၁) နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါအာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အထူး အားဖြင့်၊ ထိုနည်းဥပဒေများသည်၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ဆင့်ခေါ်ခြင်းခံရသူနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကိုငင်း၊ ပုဒ်မ ၇ အရ၊ လိုအပ်သည့်အတိုင်း အရေးကြီးသည့်အကြောင်း အရာများကိုငင်း၊ သတ်မှတ်ရန်ကိစ္စ။

(ခ) ပုဒ်မ ၈ အရ၊ ဆေးစစ်အဖွဲ့နှင့် အထက်တန်းဆေးစစ်အဖွဲ့များဖွဲ့ စည်းပုံဖွဲ့စည်းနည်းနှင့် ထိုအဖွဲ့များလိုက်နာရမည့်စည်းကမ်းနည်း လမ်းများသတ်မှတ်ရန်ကိစ္စ။

(ဂ) ပုဒ်မ ၉ အရ၊ အခြေခံသင်တန်းပြီးဆုံးသည့်နောက် ဆောင်ရွက်ရ မည့်စိုက်ပျိုးမှုသင်တန်း၊ သို့တည်းမဟုတ် စက်မှုလက်မှုသင်တန်း၊ သို့တည်းမဟုတ် နိုင်ငံတော် ပြန်လည်ထူထောင်ရေး လုပ်ငန်း တခုခု၊ သို့တည်းမဟုတ် စီးပွါးရေး ထူထောင်မှု လုပ်ငန်းတခုခု၊ သို့တည်းမဟုတ် မိန်းမများ ထမ်းရွက်ရမည့် တာဝန်ဝတ်တရား များ သတ်မှတ်ရန်ကိစ္စ။

(ဃ) ပုဒ်မ ၁၁ အရ၊ ဆင့်ခေါ်ရေးအဖွဲ့များနှင့် ဆင့်ခေါ်ခြင်းခံရသူ ကလိုက်နာရမည့် စည်းကမ်းနည်းလမ်းများ သတ်မှတ်ရန်ကိစ္စ။

(င) ပုဒ်မ ၁၇ အရ၊ အကြောင်းအရာများသတ်မှတ်ရန်ကိစ္စ။

(စ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၂) အရ၊ စည်းကမ်း နည်းလမ်းများ သတ် မှတ်ရန်ကိစ္စ။

(ဆ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (၃) အရ၊ အလုပ်ပြန်လည်ခန့်ထားရေးအတွက် လျောက်လွှာတင်သွင်းရန် နည်းလမ်းသတ်မှတ်ရန်ကိစ္စ။

(ဇ) ပုဒ်မ ၃၇ အရ၊ အလုပ်နှင့် စပ်လျဉ်းသည့် သဘောတူစာချုပ်ကို၊ သို့တည်းမဟုတ် အလုပ်သင်စာချုပ်ကို တရားမျှတစွာစီမံရေး ကိစ္စ။

(ဈ) အရံစစ်မှုထမ်းများ စစ်မှုမထမ်းသည့်အခါ၊ ၎င်းတို့ဆောင်ရွက်ရ မည့်တာဝန်ဝတ်တရားများ သတ်မှတ်ရန်ကိစ္စ။

(ည) နည်းဥပဒေများဖြင့် သတ်မှတ်ရမည့်၊ ဤအက်ဥပဒေပါအခြားကိစ္စ များ။

ပြည်ထောင်စု—အမှတ် ၁၀၄၊ တရားရေးဝန်ကြီးဌာန၊ ၇-၅-၂၉—၂,၂၀၀—၂။

THE FOREIGN EXCHANGE REGULATION (AMENDMENT) ACT, 1959.

[ACT No. VIII OF 1959.]

It is hereby enacted as follows :—

1. This Act may be called the Foreign Exchange Regulation (Amendment) Act, 1959.

2. In section 9 of the Foreign Exchange Regulation Act, 1947—

(*a*) the words " notes or bank notes or coin " in sub-section (*1*) *shall be deleted* ; and

(*b*) *for* the words " Burma currency notes, bank notes or coin " in sub-section (*2*) the words " any currency " *shall be substituted*.

Price—10 pyas]

G.U.B.C.P.O.—No.105, Min. of J.A., 3-4-59—2 200—11

THE UNIVERSITY OF RANGOON (AMENDMENT) ACT, 1959.

[ACT NO. IX OF 1959.]

It is hereby enacted as follows :—

1. This Act may be called the University of Rangoon (Amendment) Act, 1959.

2. In section 2 of the University of Rangoon Act, hereinafter referred to as the said Act—

(*a*) in clause (*a*) the words " situated outside the limits of the University and " *shall be deleted* ;

(*b*) clause (*f*) *shall be deleted* ; and

(*c*) *for* clause (*p*) the following *shall be substituted* as clause (*p*); namely :—

" (*p*) 'Dean' means an officer of professorial rank and status appointed to be a Dean of the hostels or of students of the University in accordance with the provisions of this Act ;".

3. In section 9 of the said Act—

(*a*) in sub-section (*1*) the words " salary or " *shall be deleted* ; and

(*b*) in sub-section (*2*) the words " the chief executive officer of the University, and " *shall be deleted*.

4. In section 11 of the said Act—

(*a*) in sub-section (*1*)—

(i) *for* clause (*b*) the following *shall be substituted* as clause (*b*) ; namely :—

" (*b*) the Director of Education ;";

(ii) clause (*e*) *shall be deleted* ;

(iii) *for* clause (*f*) the following *shall be substituted* as clause (*f*) ; namely :—

"(*f*) eight members of the Senate being permanent professors who are Heads of Departments of Studies in the Faculties other than those of Medicine, Engineering and Education, elected by the Senate in rotation on the basis of seniority ; such members shall hold office for a period of two years.

Explanation.—Members shall be eligible for re-election only after all the Heads of Departments of Studies in the Faculty concerned have each served one term in the Council.";

Price—10 pyas]

(iv) *for* clause (*k*) the following *shall be substituted* as clause (*k*); namely :—

"(*k*) two graduates of at least ten years' standing, not being members of the University staff or students in the University, elected by the students of the University. Such members shall hold office for a period of two years and shall be eligible for re-election.";

(v) *after* the semi-colon (;) at the end of clause (*m*), the words " such members shall hold office for a period of three years unless the new Chancellor nominates their successors earlier ;" *shall be inserted* ;

(vi) clause (*o*) *shall be deleted* ;

(vii) the following *shall be inserted* as clause (*p*); namely :—

" (*p*) the Head of each of the Faculties of Medicine Engineering and Education." ; and

(*b*) in sub-section (*3*)—

(i) *for* the words " clause (*k*) " the words " clauses (*f*), (*k*) and (*m*) " *shall be substituted* ; and

(ii) *after* the first proviso, the following *shall be inserted* as further provisos ; namely :—

" Provided further that members elected by the Chamber of Deputies and the Chamber of Nationalities shall, notwithstanding the expiry of the period of three years for which they were appointed, continue to be members of the Council until their successors shall have been duly elected :

Provided further that the members elected by the Chamber of Deputies and the Chamber of Nationalities shall, notwithstanding the dissolution of the Parliament, continue to be members of the Council until their successors shall have been elected by the Chamber concerned on the re-assembly of the respective Chambers after the dissolution :".

5. In section 12 of the said Act—

(*a*) in sub-section (*2*)—

(i) in clause (*e*) the words " outside the limits of the University " *shall be deleted.*

(ii) *for* clause (*v*) the following *shall be substituted* as clause (*v*) ; namely :—

" (*v*) to appoint Heads of the Faculties of Medicine, Engineering and Education and all academic staff including Deans, in consultation with the Senate ;";

(iii) *for* clause (*w*) the following *shall be substituted* as clause (*w*) ; namely :—

" (*w*) to fix the emoluments of all academic staff, including Deans, to define their duties and conditions of service, and to provide for the filling of temporary vacancies ; " ; and

(iv) *for* the words "servants" in clause (*aa*) the words "administrative and other staff" *shall be substituted* ;

(*b*) in sub-section (*4*), *for* the word "servants" the words "administrative and other staff" *shall be substituted* ; and

(*c*) *after* sub-section (*4*) the following *shall be inserted* as sub-section (*5*) ; namely :—

"(*5*) The supervision and control of residence, discipline, general health and welfare of students shall primarily be assigned to the Rector, aided and advised by the Deans, subject to the control of the Council.".

6. In sub-section (*1*) of section 14 of the said Act—

(*a*) *for* the words "the Director of Public Instruction" in clause (*b*) the words "the Director of Education" *shall be substituted* ;

(*b*) *for* the period (.) at the end of clause (*g*), a semi-colon (;) *shall be substituted* ; and

(*c*) *after* clause (*g*) the following *shall be inserted* as clauses (*h*), (*i*) and (*j*) ; namely :—

"(*h*) the Deans ;

(*i*) the University Librarian ;

(*j*) the Chief Editor, Translation and Publication Department of the University.".

7. Sub-sections (*b*) and (*c*) of section 31 of the said Act *shall be deleted*.

8. In section 32 of the said Act—

(*a*) *for* sub-section (*1*) the following *shall be substituted* as sub-section (*1*) ; namely :—

"(*1*) There shall be Deans for the supervision of the hostels and of the students of the Faculties other than those of Medicine, Engineering and Education ; the Deans shall be appointed from among the professors and lecturers of at least five years' standing in the University, or graduates with at least fifteen years' administrative experience." ;

(*b*) clauses (*a*), (*b*) and (*c*) of sub-section (*2*) *shall be deleted* ; and

(*c*) *after* clause (*d*) the following *shall be inserted* as clause (*e*) ; namely :—

"(*e*) The Deans shall have the authority to call for academic and other information relating to students from the Heads of Departments of Studies and other officers of the University.".

G.U.B.C.P.O.—No. 106, M. of J. A., 3-4-59—2,300—II

THE CONSTITUTION (SECOND AMENDMENT) ACT, 1959.

[ACT No. X OF 1959.]

(*An Act to amend the Constitution of the Union of Burma.*)

It is hereby enacted as follows :—

1. (*1*) This Act may be called the Constitution (Second Amendment) Act, 1959.

(*2*) It shall come into force on the next day after the day on which the next elected Chamber of Deputies is dissolved.

2. Sub-section (*2*) of section 154, and sub-section (*1*) of section 183 of the Constitution are hereby repealed.

G.U.B.C.P.O.—No.108, M, of J.A., 3-4-59—2,200—II.

Price—10 pyas]

THE RANGOON PORT (AMENDMENT) ACT, 1959.

[ACT NO. XI OF 1959.]

It is hereby enacted as follows :—

1. (*1*) This Act may be called the Rangoon Port (Amendment) Act, 1959.

(*2*) It shall come into force on such date as the President may, by notification, direct.

2. In sub-section (*1*) of section 87 of the Rangoon Port Act, 1905, *for* the words "four months", the words "two months" *shall be substituted*.

Price,—10 pyas]

G.U.B.C.P.O.—No. 195, J.A., 23-9-59—2,200—II.

၁၉၅၉ ခုနှစ်၊ နိုင်ငံတော် စာရင်းစစ်ချုပ် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ နိုင်ငံတော် စာရင်းစစ်ချုပ် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ နိုင်ငံတော် စာရင်းစစ်ချုပ် အက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) နိုင်ငံတော်စာရင်းစစ်ချုပ်အား၊ လစဉ် လစာငွေ ကျပ် ၂,၅၀၀ နိုင်ငံတော်စာရင်းစစ်ချုပ်ရာထူး ပေးရမည်။"

ဆိုင်ရာ စည်းကမ်းချက်များ။

အတိုး—၁၀ ပြား]

ပထမပုံစံ—အမှတ် ၁၉၆၊ တရားရေးဝန်ကြီးဌာန၊ ၂၄-၉-၅၉—၂,၂၀၀—၂။

THE CODE OF CRIMINAL PROCEDURE (TEMPORARY PROVISIONS) (REPEAL) ACT, 1959.

[Act No. XIII of 1959.]

It is hereby enacted as follows :—

1. This Act may be called the Code of Criminal Procedure (Temporary Provisions) (Repeal) Act, 1959.

2. (*1*) The Code of Criminal Procedure (Temporary Provisions) Act, 1957, is hereby repealed.

(*2*) On the repeal of the Code of Criminal Procedure (Temporary Provisions) Act, 1957, the provisions of sub-section (*1*) of section 497 and of section 498 of the Code of Criminal Procedure as amended by the Criminal Procedure Code (Amendment) Act, 1948 (Act No. XXXVIII of 1948) shall revive.

(*3*) In section 498, as so revived, of the Code of Criminal Procedure, the following *shall be inserted* ; namely :—

> " Provided that no person shall be admitted to bail under this section, unless the Attorney-General or the District Magistrate, as the case may be, has had an opportunity of being heard."

Price,—10 pyas.]

G.U.B.C.P.O.—No. 197, M of J.A., 23-9-59—2,200—II.

၁၉၅၉ ခုနှစ်၊အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့နှင့်ဘဏ် အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေ အဖွဲ့နှင့်ဘဏ်အဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့နှင့်ဘဏ်အဖွဲ့အက်ဥပဒေ ပုဒ်မ ၄ ၏ ပုဒ်မခွဲ (၁) နောက်တွင်၊ အောက်ပါကို၊ ပုဒ်မခွဲ (၁-က) အဖြစ်ထည့်သွင်းရမည်။

"(၁-က)။ ။ဤအက်ဥပဒေ၏ စတုတ္ထဇယားရှိ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ ဆုံးဖြတ်ချက်များအရ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ဝေပုံကျအစု (quota) ကိုတိုးမြှင့်ခြင်းကြောင့်၊ နောက်ထပ်ထည့်ဝင်ရန်ရှိသည့် ရွှေနှင့်မြန်မာနိုင်ငံသုံးငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအခွန်တော်ငွေများထည်းမှ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့သို့ ထုတ်ပေးရမည်။"

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၆ ၏ ပုဒ်မခွဲ (၁) နောက်တွင်၊အောက်ပါကို၊ ပုဒ်မခွဲ (၁-က) အဖြစ်ထည့်သွင်းရမည်။

"(၁-က)။ ။ဤအက်ဥပဒေ၏ပဉ္စမဇယားရှိအပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့၏ဆုံးဖြတ်ချက်များအရ၊ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ထည့်ဝင်ရန်ကြေးငွေကို တိုးမြှင့်ခြင်းကြောင့်၊ နောက်ထပ်ထည့်ဝင်ရန်ရှိသည့် ရွှေ၊ အမေရိကန်ပြည်ထောင်စုဒေါ်လာနှင့်မြန်မာနိုင်ငံသုံးငွေများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော်ငွေများထည်းမှ အပြည်ပြည်ဆိုင်ရာ ဘဏ်အဖွဲ့သို့ထုတ်ပေးရမည်။"

၄။ ။အဆိုပါ အက်ဥပဒေ၏တတိယဇယားနောက်တွင်၊ အောက်ပါတို့ကို၊ စတုတ္ထဇယားနှင့်ပဉ္စမဇယားအဖြစ်ထည့်သွင်းရမည်။

စတုတ္ထဇယား

WHEREAS the Executive Directors have considered the question referred to them by the Resolution of the Board of Governors of the International Monetary Fund at their Thirteenth Annual Meeting—

That the Executive Directors promptly consider the question of enlarging the resources of the Fund through increases in quotas and that, if, having regard to views expressed by Governors and considering all other aspects of the matter,

they find that action to carry out such increases would be desirable, they submit an appropriate proposal to the Board of Governors for action either at a meeting of the Board or by vote without a meeting, as the Executive Directors may determine ;

And having found that action to carry out increases in quotas would be desirable, have set out their conclusions in a report, entitled Enlargement of Fund Resources Through Increases in Quotas, in which it is proposed that the present quota of each member of the Fund shall be increased by 50 per cent, with additional increases for certain members ;

And having noted that there are various legal requirements in member countries for giving effect to this proposal, have submitted to the Board of Governors the following Resolutions for a vote without meeting pursuant to section 13 of the By-Laws of the Fund, which Resolutions propose increases of quotas for all members of the Fund, make provision for consents by members, and establish the conditions upon which the increases consented to shall take effect ;

NOW THEREFORE the Board of Governors hereby RESOLVES that—

First Resolution

1. The International Monetary Fund proposes that, subject to the provisions of this Resolution, the quotas of members of the International Monetary Fund as of January 31, 1959 shall be increased by 50 per cent for each member.

2. None of the increases in quotas proposed in paragraph 1 of this Resolution shall become effective unless—

(၂) အလုပ်ရှင်သည်၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနက ပုဒ်မခွဲ (၃) အရပေးပို့သည့်စာရင်းကို ရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း လစ်လပ်သောနေရာ၊ သို့တည်းမဟုတ် အလုပ်သစ်နေရာအတွက် ထိုစာရင်းတွင်အမည်ပါရှိသောအလုပ်သမားများထဲမှ သင့်တော်သူကိုရွေးချယ်ခန့်ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသောအလုပ်သမားသည်၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနတွင်အမည်တင်ထားပြီးသူဖြစ်ရမည်။

(၃) အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနသည်၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့်အကြောင်းကြားစာကိုရရှိသည့်နေ့ရက်မှခုနစ်ရက်အတွင်း၊ အလုပ်သမားများ၏အမည်စာရင်းကို အလုပ်ရှင်ထံသို့ပေးပို့ရမည်။

(၄) အလုပ်ရှင်က၊ ပုဒ်မခွဲ (၁) အရ၊ အကြောင်းကြားစာပေးပို့ပြီးနောက်၊ ပုဒ်မခွဲ (၃) တွင် သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြား အတွင်း၊ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးဌာနကအလုပ်ရှင်ထံသို့ အလုပ်သမားများမပေးသွင်းနိုင်ကြောင်း အကြောင်းကြားစာ ပေးပို့လျှင် ဤပုဒ်မခွဲပါကန့်သတ်ချက်များသည်၊ ထိုလစ်လပ်သော၊ သို့တည်းမဟုတ် အသစ်ပေါ်ပေါက်သောနေရာနှင့် စပ်လျဉ်း၍ အတည်ဖြစ်ခြင်းမရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် လစ်လပ်သော၊ သို့တည်းမဟုတ် အသစ်ပေါ်ပေါက်သော နေရာတခုခုတွင်၊ အလုပ်ရှင်က၊ တည်ဆဲအလုပ်ခန့်ထားရေးစည်းမျဉ်းဥပဒေများအရ၊ မိမိ၏ဌာနမှသော်၎င်း၊ လုပ်ငန်းမှသော်၎င်း၊ သင့်တော်သောအလုပ်သမားများကို တိုးတက်ပြောင်းလဲခန့်ထားနိုင်သည်။ ထို့ပြင် ထိုသို့လစ်လပ်သော၊ သို့တည်းမဟုတ် အသစ်ပေါ်ပေါက်သော နေရာတခုခုတွင် ခန့်ထားရန်မလိုလျှင်၊ ယင်းသို့ မလိုသည့်အကြောင်းအချက်အလက်အပြည့်အစုံကို၊ ပုဒ်မခွဲ (၁) အရ ပေးပို့သည့်အကြောင်းကြားစာနှင့်တကွ၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနသို့ ပေးပို့ရမည်။

၄။ ။ပုဒ်မ ၁ ၏ပုဒ်မခွဲ (၂) အရ သတ်မှတ်ထားသည့်အရပ်ဒေသ၌ရှိသော သတ်မှတ်သည့်လုပ်ငန်းများတွင် ဤအက်ဥပဒေစတင်အာဏာမတည်မီက၊ အလုပ်လုပ်ကိုင်နေကြသောအလုပ်သမားအားလုံး၏အမည်စာရင်းကို ဤအက်ဥပဒေစတင်အာဏာတည်ပြီးသည့်နောက် သုံးလအတွင်းသက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနတွင် သက်ဆိုင်ရာအလုပ်ရှင်က ပေးပို့တင်သွင်းထားကြရမည်။

အပိုင်း ၂ ။

အရပ်ရပ်ဆိုင်ရာပြဋ္ဌာန်းချက်များ။

၅။ ။နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ အကျိုးနည်းဥပဒေပြုအာဏာ။ သက်ရောက်စေရန်အလို့ငှါ၊ ဤအက်ဥပဒေနှင့်အညီ၊ နည်းဥပဒေများပြုနိုင်သည်။

၆။ ။(၁) အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်ဘခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေဘခုခုကိုဖြစ်စေ၊ ဆန့်ကျင်လျှင်၊သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်သျှင်၊ ထိုဌာန၏ မန်နေဂျာသည်၊ သို့တည်းမဟုတ် တာဝန်ခံအရာရှိသည်၊ ဌာနဆိုင်ရာအရေးယူခြင်းခံရမည်။

ပြစ်ဒဏ်။

(၂) ဤပုဒ်မအရ ဖြစ်သောပြစ်မှုကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနတွင် အမည်တင်သွင်းထားသည့် သက်ဆိုင်ရာ နစ်နာသူ အလုပ်သမား၊ သို့တည်းမဟုတ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနသို့ လာရောက်အမည်တင်သွင်းသောနစ်နာသူအလုပ်သမားတို့ကသာ တိုင်တန်းနိုင်ခွင့်ရှိသည်။

(၃) ပုဒ်မခွဲ (၂)အရ တိုင်တန်းသောအလုပ်သမားသည်၊ မိမိ၏တိုင်တန်းချက်တွင်၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနကို မိမိကိုယ်တိုင်သိလျက်နှင့် မမှန်ကန်သောစွပ်စွဲချက်များဖြင့် စွပ်စွဲလျှင်၊သုံးလထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

သို့ရာတွင် ဤပုဒ်မခွဲအရစီရင်သည့်ငွေဒဏ်သည်၊ကျပ်တရာအောက်မနည်းစေရ။

၇။ ။(၁) အလုပ်ရှင်သည်၊ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ ဌာနတခုဖြစ်လျှင်၊ ထိုဌာနတွင် ပါဝင်သူတို့အနက်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊အလုပ်ရှင်အဖြစ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနတွင် အမည်တင်သွင်းထားသူမည်သူမဆို၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေတခုခုကိုဖြစ်စေ၊ ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင် ဌာနဆိုင်ရာ အရေးယူခြင်းခံရမည်။

မည်သူသည် အလုပ်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ချက်။

သို့ရာတွင် ယင်းသို့အမည်တင်သွင်းထားခြင်းမရှိလျှင်၊ ထိုဌာန၏ အတွင်းဝန်သည်၊ထိုပြစ်မှုအပ်ွက်ဌာနဆိုင်ရာအရေးယူခြင်းခံရမည်။

(၂) အလုပ်ရှင်သည်တရားဥပဒေအရ ဖွဲ့စည်းထားသောဘုတ်အဖွဲ့၊သို့တည်းမဟုတ် ကော်ပိုရေးရှင်းဖြစ်လျှင်၊ ထိုအဖွဲ့၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းလက်အောက်တွင် အမှုထမ်းရွက်နေသူတို့အနက်၊ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ၊အလုပ်ရှင်အဖြစ် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးဌာနတွင် အမည်တင်သွင်းထားသူသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်း ဥပဒေတခုခုကိုဖြစ်စေ၊ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင်၊ ဌာနဆိုင်ရာ အရေးယူခြင်းခံရမည်။

သို့ရာတွင် ယင်းသို့အမည်တင်သွင်းထားခြင်းမရှိလျှင်၊ ထိုဘုတ်အဖွဲ့၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်း၏၊ အထွေထွေမန်နေဂျာသည်သော်၎င်း၊ တာဝန်ခံအုပ်ချုပ်သူသည်သော်၎င်း၊ ဌာနဆိုင်ရာအရေးယူခြင်းခံရမည်။

(၃) အလုပ်ရှင်သည်၊ ဒေသန္တရအာဏာပိုင်အဖွဲ့၊သို့တည်းမဟုတ် ဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြား ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဖြစ်လျှင်၊ထိုဒေသန္တရအာဏာပိုင်အဖွဲ့၏ ဥက္ကဋ္ဌသည်၊သို့တည်းမဟုတ် ထိုဖက်စပ်လုပ်ငန်းတွင်ဖက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူများအနက် မည်သူမဆို၊ ဤအက်ဥပဒေပါ

ပြဋ္ဌာန်းချက် တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ တခုခုကိုဖြစ်စေ၊ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင်၊ ပဌမပြစ်မှု အတွက် ကျပ် ငါးရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင် ဒုတိယအကြိမ်မှစ၍ နောက်ထပ် ကျူးလွန်သည့်ပြစ်မှုအသီးသီးအတွက် အနည်းဆုံးတလ၊ အများဆုံး သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံးကျပ်သုံးရာ၊အများဆုံး ကျပ်ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊စီရင်ခြင်းခံရမည်။

ယိုရာတွင် ထိုဒေသန္တရ အာဏာပိုင်အဖွဲ့၊ သို့တည်းမဟုတ် ထိုဖက်စပ်လုပ်ငန်း သို့တည်းမဟုတ် ထိုအဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ နေထိုင်သူ တဦးတယောက်ကို၊ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊အလုပ်ရှင်အဖြစ်ရွေးချယ်ထားပြီးဖြစ်ကြောင်းဖြင့် ထိုဒေသန္တရအာဏာပိုင်အဖွဲ့၊ သို့တည်းမဟုတ် ထိုဖက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် ထိုအဖွဲ့က၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနသို့ အမည်တင်သွင်းထားရန်လျှောက်ထားရမည်။ ထို့ပြင် ထိုသူသည်၊ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သမျှကာလပတ်လုံး မိမိအားအမည်တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနက မရမီသော်၎င်း၊ မိမိသည် ထိုဒေသန္တရ အာဏာပိုင်အဖွဲ့တွင်၊ သို့တည်းမဟုတ် ထိုဖက်စပ်လုပ်ငန်းတွင်၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊အလုပ်ရှင်ဖြစ်သည်ဟုမှတ်ယူရမည်။

(၄) အလုပ်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ လူကြီးများအနက်၊ မည်သည့်ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ထိုကုမ္ပဏီတွင် အစုပါဝင်သူများအနက်၊ မည်သည့်အစုပါဝင်သူကိုမဆို၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေတခုခုကိုဖြစ်စေ၊ ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ် လိုက်နာရန်ပျက်ကွက်လျှင်၊ ပဌမပြစ်မှုအတွက် ကျပ်ငါးရာထက် မပိုသောငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့အပြင် ဒုတိယအကြိမ်မှစ၍ နောက်ထပ်ကျူးလွန်သည့် ပြစ်မှုအသီးသီးအတွက် အနည်းဆုံးတလ၊ အများဆုံးသုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးရာ၊ အများဆုံးကျပ်ငါးရာထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

သို့ရာတွင် ထိုကုမ္ပဏီသည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သည့် ဒါရိုက်တာလူကြီးတဦးကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေထိုင်သည့် အစုပါဝင်သူတဦးကိုသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ်ရွေးချယ်ထားပြီးဖြစ်ကြောင်းဖြင့်၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနသို့ အမည်တင်သွင်းထားရန်လျှောက်ထားရမည်။ ထို့ပြင် ယင်းသို့အမည်တင်သွင်းထားသည့်ဒါရိုက်တာလူကြီးသည်၊သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သမျှကာလပတ်လုံး၊ မိမိအား အမည်တင်သွင်းထားခြင်းကိုပယ်ဖျက်သည့် နောက်ထပ်လျှောက်လွှာကို၊ အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးဌာနကမရမီသော်၎င်း၊ မိမိသည်၊ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအဖြစ်မှရပ်စဲခြင်းမပြုမီသော်၎င်း၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟုမှတ်ယူရမည်။

၈။ ။ပဌမတန်းရာဇဝတ်တရားသူကြီးရုံးအောက်နိမ့်သော မည်သည့်တရားရုံးကမျှ၎င်အက်ဥပဒေအရဖြစ်သောပြစ်မှု တခုခုကိုစစ်ဆေးစီရင်ခြင်းမပြုရ။ ပြစ်မှုများကို အရေးယူပိုင်ခွင့်။

၉။ ။ပုဒ်မ ၇၊ ပုဒ်မခွဲ (၃)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၄) အရ ဖြစ်သော ပြစ်မှုကို၊ ၎ကိစ္စအလို့ငှါ နိုင်ငံတော်သမတ ခန့်ထားသည့် အာဏာပိုင်ကတိုင်တန်းခြင်းမပြုလျှင်၊ မည်သည့်တရားရုံးကမျှ အရေးမယူရ။ တိုင်တန်းခွင့်သူ။

၁၈၈၈ခု—အမှတ် ၀ (က)၊ တရားရေးဝန်ကြီးဌာန၊ ၂၃-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပါလီမန်အတွင်းဝန်များ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ထပ်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်က အမည်တင်သွင်းသော ပုဂ္ဂိုလ်အား၊ နိုင်ငံတော်သမတက ဝန်ကြီးချုပ်ခန့်ထားသည့်နေ့ရက်တွင်စတင်အာဏာတည်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ပါလီမန်အတွင်းဝန်များအက်ဥပဒေ၏ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။ပါလီမန်၏ငွေများထဲမှ၊ ပါလီမန်အတွင်းဝန် အသီးသီးအား၊ လစဉ် လစာငွေ ကျပ် ၁,၃၅၀ ပေးရမည့်ပြင်၊ တလလျှင် ကျပ် ၁၅၀ ထက်မပိုသည့် ငှါးရမ်းခပေးရသော နေအိမ်တွင်ဖြစ်စေ၊ အိမ်ခန်းတွင်ဖြစ်စေ အခမဲ့ နေထိုင်ခွင့်လည်းပြုရမည်၊ သို့တည်းမဟုတ် တလလျှင် ကျပ် ၁၅၀ ဝိပေးရမည်။"

ပါလီမန်အတွင်းဝန်များ အားပေးရန်လစာငွေများ။

ပမ၊၈၊၈၊—အမှတ် ၉ (က)၊ တရားရေးဝန်ကြီးဌာန၊ ၂၀-၁၀-၅၉—၂,၂၀၀—၂။

THE BURMA LAWS (SHAN STATE) (AMENDMENT) ACT, 1959.

[ACT No. XXXI OF 1959.]

WHEREAS the *Saohpas* of the Shan State have severally signed agreements relinquishing their authority, jurisdiction and powers in respect of governance of their States ;

WHEREAS by the provisions of the Burma Laws Act, 1898, the administration of Civil and Criminal Justice within their respective States have been vested in them ;

AND WHEREAS it is expedient to amend the Burma Laws Act, 1898, in its application to the Shan State ;

It is hereby enacted as follows :—

1. (*1*) This Act may be called the Burma Laws (Shan State) (Amendment) Act, 1959.

(*2*) It shall come into force in the Shan State on such date and in such area as the President may, by notification, appoint in that behalf and different dates may be appointed for different areas.

2. Sections 11 and 12 of the Burma Laws Act, 1898, as in force in the Shan State shall cease to have effect.

Price,—10 pyas]

G.U.B.C.P O —No. 10, Min. of J.A., 20-10-59—*2*,200—11.

၁၉၅၉ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့် စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ဆုံတကြိမ်ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်၏ပဌမအစည်းအဝေးကို ကျင်းပသည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပါလီမန်အမတ်များ (လစာနှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ၏ ပုဒ်မ ၃ တွင်၊ အပိုဒ်(၁) အစား၊ အောက်ပါကို အပိုဒ်(၁) အဖြစ် ထည့်သွင်းရမည်။

"(၁) တလလျှင်လစာကျပ် ၅၀၀။"

အတိုး—၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၁၁၊ တရားရေးဝန်ကြီးဌာန၊ ၂၀-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ၏တတိယဇယားပါ "အပိုင်း ၃။ ။ချင်းဝိသေသတိုင်း" ဟူသော ခေါင်းစဉ်အောက်တွင် မဲဆန္ဒနယ် အမှတ်စဉ် ၄၊ ဟားခါးမြောက်ပိုင်း မဲဆန္ဒနယ် အကျယ်အဝန်းတွင် (၁) အဆုံး၌ "ဟားခါးတိုက်နယ်အမှတ် ၂ မှ ချွန်ကျွန်းရွာ (Chuncung) နှင့်ဟားခါးတိုက်နယ် အမှတ် ၉ မှတုံကလန် (Bungtlang) ကျေးရွာ။" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၁၉၅၉ ခုနှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ (ရုပ်သိမ်းခြင်း)၊ အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၉၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ (ရုပ်သိမ်းခြင်း) အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ ကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင်စတင်အာဏာတည်ရမည်။

၂။ ။၁၉၅၀ ပြည့်နှစ်၊ ချည်မျှင်နှင့်အထည်စက်ရုံအဖွဲ့ အက်ဥပဒေကို၊ ဤအက်ဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

အတိုး—၁၀ ပြား]

ပါမောက္ခစာ—အမှတ် ၁၃၊ တရားရေးဝန်ကြီးဌာန၊ ၁၉-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော်နာယကနှင့်ဒုတိယနာယက၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့၏ လစာငွေများ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၅။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော်နာယကနှင့် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လစာငွေများ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ထပ်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်က၊ မိမိ၏အမတ်များအနက် အမတ်တဦးကို လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဖြင့်၊ ပဌမအကြိမ်ရွေးချယ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့်၊ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော်နာယကနှင့် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လစာငွေများ အက်ဥပဒေ၏ ပုဒ်မ ၂ အစား၊ အောက်ပါကို ပုဒ်မ ၂ အဖြစ်ထည့်သွင်းရမည်။

"၂။ ။လူမျိုးစုလွှတ်တော်နာယကအား၊ တလလျှင် လစာ ကျပ် ၃,၅၀၀ ပေးရမည်။ဒုတိယနာယကအား၊ တလလျှင် လစာ ကျပ် ၃,၃၅၀ ပေးရမည်။"

နာယကနှင့် ဒုတိယနာယက လစာများ။

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃ အစား၊ အောက်ပါကို၊ ပုဒ်မ ၃ အဖြစ် ထည့်သွင်းရမည်။

"၃။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား၊တလလျှင် လစာကျပ် ၃,၅၀၀ ပေးရမည်။ ဒုတိယဥက္ကဋ္ဌအား၊တလလျှင် လစာကျပ် ၃,၃၅၀ ပေးရမည်။"

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၏ လစာများ။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၃-က အဖြစ်ထည့်သွင်းရမည်။

"၃-က။ ။နာယကနှင့် ဥက္ကဋ္ဌတို့အား၊ အစိုးရကပေးသော ဆင်ယင်မွမ်းမံထားသည့်နေအိမ်တဆောင်စီကို အခမဲ့သုံးပိုင်ခွင့်ပေးရမည်၊ သို့တည်းမဟုတ် တလလျှင် ကျပ် ၂၅၀ စီပေးရမည်။"

နာယကနှင့် ဥက္ကဋ္ဌ ရထိုက်သည့် အခြားအခွင့်အရေးများ။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄-ခ တွင် "မော်တော်ယာဉ်တစီးစီကို လည်း၊ လိုအပ်သောစရိတ်နှင့်တကွ အခမဲ့သုံးပိုင်ခွင့်ပေးရမည်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

အတိုး—၁၀ ပြား]

ပါမောက္ခချုပ်—အမှတ် ၁၀၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ မြေခွန်တော် (ရုပ်သိမ်းခြင်း) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ မြေခွန်တော် (ရုပ်သိမ်းခြင်း) အက်ဥပဒေဟု ခေါ်တွင်ရေးရမည်။

၂။ ။(၁) ၁၉၅၅ ခုနှစ်၊ မြေခွန်တော် အက်ဥပဒေ (၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉) ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(၂) ၁၉၅၅ ခုနှစ်၊ မြေခွန်တော် အက်ဥပဒေကို ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်အရ ပျက်ပြယ်သော၊ မြေခွန်တော်နှင့်စပ်လျဉ်းသည့် အခြားတည်ဆဲ တရားဥပဒေများပါ ပြဋ္ဌာန်းချက်များသည်၊ ပြန်လည်တည်ရှိရမည်။

ပါမောက္ခ၊—အမှတ် ၁၄၊ တရားရေးဝန်ကြီးဌာန၊ ၂၀-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ ပွဲကျင်းပပြသရာ အဆောက်အဦများတွင် ဆေးလိပ်သောက်ခြင်းတားမြစ်ရေးအက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပွဲကျင်းပပြသရာအဆောက်အဦများတွင် ဆေးလိပ်သောက်ခြင်းတားမြစ်ရေး အက်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသနှင့်နေ့ရက်တွင် စတင်အာဏာတည်ရမည့်ပြင်၊ ဒေသများပိုင်းခြားပြီး နေ့ရက်များကိုခွဲခြား၍သတ်မှတ်နိုင်သည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က အမိန့်ကြော်ငြာစာဖြင့် သီးခြားဖေါ်ပြသည့် ပွဲကျင်းပပြသရာအဆောက်အဦ၊ သို့တည်းမဟုတ် ပွဲကျင်းပပြသရာအဆောက်အဦအမျိုးအစားများနှင့်သာ သက်ဆိုင်စေရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

(က) ‘‘ပွဲကျင်းပပြသခြင်း’’ ဆိုသည်မှာ၊ အများပြည်သူတို့ထံမှ အခကြေးငွေယူ၍ ရုပ်ရှင်၊ ပြဇာတ်၊ သို့တည်းမဟုတ် ဇာတ်ပွဲ ပြသခြင်းကိုဆိုလိုသည်။

(ခ) ‘‘ပွဲကျင်းပပြသရာအဆောက်အဦ’’ ဆိုသည်မှာ၊ ပွဲကျင်းပပြသခြင်းအတွက်အသုံးပြုသောအဆောက်အဦကို ဆိုလိုသည်။

(ဂ) ‘‘ဆေးလိပ်သောက်ခြင်း’’ ဆိုသည့်စကားရပ်တွင် ဆေးလိပ်၊ ဆေးတံ၊ ဆေးခြောက်၊ သို့တည်းမဟုတ် မီးခိုးထွက်စေသည့် အခြားအရာဝတ္ထုများကို မည်သည့်နည်းနှင့်မဆို မီးညှိ၍သောက်ခြင်းဖြစ်စေ၊ ရှူခြင်းဖြစ်စေ၊ ပါဝင်သည်။

၃။ ။မည်သူမဆို၊ ပွဲကျင်းပပြသရာအဆောက်အဦ၏ပွဲကျင်းပပြသသည့်ခန်းမဆောင်အတွင်း၌ ပွဲကျင်းပပြသခြင်းအတွက် အသုံးပြုနေစဉ် ဆေးလိပ်သောက်လျှင်—

(က) ပဌမအကြိမ်ကျူးလွန်သည့် ပြစ်မှုအတွက် နှစ်ဆယ့်ငါးကျပ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။ ထို့ပြင်

(ခ) ဒုတိယအကြိမ်၊ သို့တည်းမဟုတ် နောက်တပ်ကျူးလွန်သည့် ပြစ်မှုအတွက် ကျပ်တရာထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

၄။ ။ရဲအုပ်ရာထူးအောက်မနိမ့်သော ရဲအရာရှိတဦးသည်၊ ပုဒ်မ ၃ အရဖြစ်သောပြစ်မှုကို၊ မိမိမျက်မှောက်တွင် ကျူးလွန်သူမည်သူအားမဆို၊ ဝါးရမ်းမပါဘဲ ဘမ်းဆီးနိုင်သည်။

ခြင်းချက်။ ။သို့ရာတွင်၊ ဤပုဒ်မအရဘဝ်းဆီးခြင်းခံရသူအား၊ သက်ဆိုင်ရာတရားရုံးသို့လာရောက်ရန် ကိုယ်တိုင်ခံဝန်နှင့်ဖြစ်စေ၊ အခြားသင့်လျော်သောအာမခံနှင့်ဖြစ်စေ၊ ဘဝ်းဆီးခြင်းမှလွှတ်ရမည်။

၅။ ။ပွဲကျင်းပပြသရာအဆောက်အဦတွင်၊ကျင်းပပြသသည့်ပွဲကိုကြီးကြပ်အုပ်ချုပ်ရန်တာဝန်ရှိသူအသီးသီးသည်၊အဆိုပါအဆောက်အဦ၏ပွဲကျင်းပပြသသည့် ခန်းမဆောင်၌ပရိသတ်အတွက် သီးသန့်ထားသည့်နေရာများတွင် ပွဲကျင်းပပြသနေစဉ်၊ ဆေးလိပ်သောက်သူမည်သူကိုမဆို၊ ဝါးရမ်းပေါ်ဘဲဘဝ်းဆီးခြင်းခံရမည့်ပြင်၊ငွေဒဏ်စီရင်ခြင်းလည်းခံရမည်ဟူသောအကြောင်းကို ပရိသတ်သိရှိစေရန်၊ အများမြင်သာသည့်နေရာတွင် နှိုးဆော်စာဆွဲချိပ်ကပ်ထားခြင်းဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့် သော်၎င်း၊ ပရိသတ်သိရှိအောင်ပြုလုပ်ရမည်။

၆။ ။မည်သူမဆို၊ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များကိုဆန့်ကျင်လျှင်၊ကျပ်ငါးဆယ်ထိ ငွေဒဏ်စီရင်ခြင်းခံရမည်။

၇။ ။နိုင်ငံတော်သမတ သည်၊ ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) အရ၊သို့တည်းမဟုတ် ပုဒ်မခွဲ (၃) အရထုတ်ပြန်သည့် မည်သည့်ဗဟိုနှိမ်နှင်းကြော်ငြာစာကိုမဆို၊ အမိန့်ကြော်ငြာစာဖြင့်ပြင်ဆင်နိုင်သည်၊ သို့တည်းမဟုတ် ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းသည့်အခါ၊ အက်ဥပဒေရုပ်သိမ်းခြင်းနှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည်အကျိုးသက်ရောက်စေရမည်။

၈။ ။နိုင်ငံတော် သမတ သည်၊ အမိန့်ကြော်ငြာစာဖြင့်၊ ပွဲကျင်းပပြသရာအဆောက်အဦတခုခု၊ သို့တည်းမဟုတ် ပွဲကျင်းပပြသရာ အဆောက်အဦ အမျိုးအစားတခုခုကို စည်းကမ်းချက်များထား၍ဖြစ်စေ၊ စည်းကမ်းချက်များ မထားရှိဘဲဖြစ်စေ၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်တခုခုနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

ပုံမှတ်စာစု — အမှတ် ၁၉၊ တရားရေးဝန်ကြီးဌာန၊ ၂၆-၁၀-၅၉—၂,၂၀၀—၂။

THE TRADE UNIONS (AMENDMENT) ACT, 1959.

[ACT NO. XXXVIII OF 1959.]

It is hereby enacted as follows :—

1. (*1*) This Act may be called the Trade Unions (Amendment) Act, 1959.

(*2*) It shall come into force on such date as the President may, by notification, appoint in this behalf.

2. In section 2 of the Trade Unions Act, hereinafter referred to as the said Act—

(*a*) the following *shall be inserted* as clause (*a*) ; namely :—

"(*a*) 'craftsman' includes any carpenter, mason, cabinet-maker, blacksmith, riveter, welder, electric welder, fitter, plumber, iron moulder, brass moulder, engine mechanic, pump mechanic, mill-wright, electrician, electrical equipment repairer, process machine operator and any other person whom the President of the Union, by notification, declares to be a craftsman ;"

(*b*) the existing clause (*a*) *shall be re-lettered* as clause (*aa*) ;

(*c*) *for* clause (*g*), the following *shall be substituted* as clause (*g*); namely :—

"(*g*) 'trade dispute' means a trade dispute as defined in clause (*j*) of section 2 of the Trade Disputes Act, and 'workman' means all persons employed in trade or industry, whether or not in the employ ment of the employer with whom the trade dispute arises ; and"

3. *For* section 4 of the said Act, the following *shall be substituted* as section 4 ; namely :—

"4. (*1*) Any Trade Union having 10 or more members may, provided they comprise more than 50 per cent of the total number of employees of an establishment or an undertaking, apply for registration as a Registered Trade Union under this Act.

(*2*) A Trade Union registered under this Act shall report to the Registrar whenever the number of its members falls below 50 per cent of the employees of the establishment or the undertaking.

(*3*) The Registrar shall de-register a Trade Union registered under this Act whenever its membership falls below 50 per cent of the total number of employees of the establishment or the undertaking.

(*4*) The Registrar shall have the power to check the number of members of any Trade Union registered under this Act.

(*5*) For the purpose of registration under this Act, a Trade Union of Craftsmen shall consist of a minimum number of fifty members. Provided that the Registrar may register a Trade Union of Craftsmen with less than fifty members."

Price,—15 pyas.]

4. In sub-section (*1*) of section 5 of the said Act—

(*a*) the word "and " at the end of clause (*c*) *shall be deleted* ;

(*b*) *for* the period (.) at the end of clause (*d*), a semi-colon (;) *shall be substituted*, and *thereafter* the word " and " *shall be inserted* ; and

(*c*) *after* clause (*d*) the following *shall be inserted* as clause (*e*) ; namely :—

" (*e*) the total number of persons in the establishment or undertaking eligible for membership of the Trade Union at the date of application."

5. In section 6 of the said Act—

(*a*) *for* clause (*e*), the following *shall be substituted* as clause (*e*) ; namely :—

"(*e*) the admission of ordinary members who shall be persons actually engaged or employed in an establishment or undertaking with which the Trade Union is connected, and the election of officers as required under section 22 to form the executive of the Trade Union ; " and

(*b*) in clause (*h*), *for* the semi-colon (;) at the end, a colon (:) *shall be substituted*, and the following *shall be inserted* as provisos thereto ; namely :—

" Provided that a member of the Trade Union who has been dismissed for an offence involving moral turpitude, either from any establishment or undertaking, or who has been convicted under section 32A (*1*) for three times, shall not be eligible to be a member of the executive or an official of the Trade Union ;

Provided further that any official of the Trade Union who is an executive member of any political party shall cease to be an official of that Trade Union ; "

6. In section 10 of the said Act—

(*a*) *for* the colon (:) at the end of clause (*b*), a semi-colon (;) *shall be substituted*, and *thereafter* the word " or " *shall be inserted* ; and

(*b*) *after* clause (*b*), the following *shall be inserted* as clauses (*c*) and (*d*) ; namely :—

" (*c*) if the membership of the Trade Union falls below 50 per cent of the total number of employees of the establishment or undertaking provided in sub-section (*1*) of section 4 ; or

(*d*) if, in the case of a Trade Union of Craftsmen, its membership falls below the number provided in sub-section (*5*) of section 4."

7. Section 16 of the said Act, *shall be deleted.*

8. In section 20 of the said Act, *for* the period (.) at the end, a comma (,) *shall be substituted*, and *thereafter* the words " or by the Registrar." *shall be inserted.*

9. *After* section 20 of the said Act, the following *shall be inserted* as section 20A ; namely :—

" 20A. If the Registrar has reasons to believe that the funds of a Trade Union are being or has been misappropriated by any person, he may call for a statement of accounts and he shall be competent to inspect the accounts and report to the police for appropriate action. For the purpose of this section, the Registrar may require the accounts of the Trade Union to be audited by a qualified auditor nominated by him."

Registrar's powers where misappropriation of Trade Union funds is apprehended.

10. *For* section 22 of the said Act, the following *shall be substituted* as section 22 ; namely :—

" 22. (*1*) The officers of every registered Trade Union shall be employees of the establishment or undertaking for which the Trade Union is formed.

(*2*) The employer in respect of whose establishment or undertaking the Trade Union is formed may allow such officers serving whole time on the Executive Committee of the Trade Union, to retain lien on their respective posts in the said establishment or undertaking."

Proportion of employee-officers of the establishment or undertaking.

11. *After* section 28 of the said Act, the following *shall be inserted* as sections 28A and 28B ; namely :—

" 28A. The following shall be deemed to be unfair labour practices on the part of a Trade Union which has been registered under this Act ; namely :—

Unfair labour practices of a Trade Union or its officials.

(*a*) participation by a majority of its members in a strike which is illegal under the Trade Disputes Act ; or

(*b*) actively supporting or instigating by its executive a strike which is illegal under the Trade Disputes Act ; or

(*c*) submitting by any of its officers any return required by or under this Act containing a statement which is false and which he either knows or believes to be false or does not believe to be true.

28B. The following shall be deemed to be unfair labour practices on the part of an employer; namely :—

Unfair labour practices of an employer.

(*a*) to declare a lock-out which is illegal under the Trade Disputes Act ; or

(*b*) to interfere with, restrain, or coerce his workmen in the exercise of their rights to organize, form, join or assist a Trade Union and to engage in concerted activities for the purpose of mutual aid or protection ; or

(*c*) to discharge, or otherwise discriminate against any officer of a registered Trade Union because of his being such officer ; or

(*d*) to discharge or otherwise discriminate against any workman because he has made allegations or given evidence in any inquiry or proceedings conducted under the Trade Disputes Act:

Provided that the refusal by any employer to permit his workmen to engage in Trade Union activities during their hours of work shall not be deemed to be unfair labour practice on his part."

12. *After* section 32 of the said Act, the following *shall be inserted* as sections 32A, 32B and 32C ; namely :—

" 32A. (*1*) If any registered Trade Union commits any unfair labour practice as enumerated in section 28A every member of the executive thereof shall be punishable with fine which may extend to five hundred kyats.

Commission of unfair labour practice.

(*2*) Any employer who commits any unfair labour practice as enumerated in section 28B shall be punishable with fine which may extend to ten thousand kyats.

(*3*) The Registrar may institute legal proceedings as provided in section 33 against any person whom he has reason to believe has committed or abetted the commission of any unfair labour practice as enumerated in sections 28A and 28B.

32B. (*1*) Where the employer is a firm or other association of individuals, any one of the individual partners or members thereof may be prosecuted and punished under this Act for any offence for which the employer is punishable :

Determination of employer in certain cases.

Provided that the firm or association may give notice to the Registrar that it has nominated one of its members who is resident in the Union of Burma to be the employer for the purposes of this Act, and such individual shall so long as he is so resident be deemed to be the employer until further notice cancelling his nomination is received by the Registrar or until he ceases to be a partner or member of the firm or association.

(*2*) Where the employer is a company, any onel of the directors thereof, or, in the case of a private company, any one of the share-holders thereof, may be prosecuted and punished under this Act for any offence for which the employer is punishable :

Provided that the company may give notice to the Registrar that it has nominated a director, or, in the case of a private company, a share-holder, who is resident in either case in the Union of Burma, to be the employer for the purposes of this Act, and such employer or share-holder, as the case may be, shall, so long as he is so resident, be deemed to be the employer until further

notice cancelling his nomination is received by the Registrar or until he ceases to be a director or share-holder.

32c. The Registrar may institute legal proceedings as provided in section 33 against any person whom he has reason to believe has committed or abetted the commission of any offence in respect of the funds of a Trade Union."

Offence in respect of funds of a Trade Union.

G.U.B.C.P.O.—No. 21, Min. of J.A., 27-10-59—2,200—II.

၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ။ဤအက်ဥပဒေတွင်၊အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ‘‘အသင်း’’ ဆိုသည်မှာ၊ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရည်ရွယ်ချက်တခုခုအတွက်၊ သို့တည်းမဟုတ် လုပ်ငန်းစဉ်တခုခုအတွက်၊ လူအများ စုပေါင်းဖွဲ့စည်းထားသော အသင်း၊ အစည်းအရုံး၊ အဖွဲ့အစည်း၊ ပါတီ၊ ကလပ်၊ ကော်မီတီ၊ အသင်းစု၊ အဖွဲ့ချုပ်နှင့် အခြားအလားတူ အဖွဲ့အစည်းကို ဆိုလိုသည်။

(ခ) ‘‘အမှုဆောင်အဖွဲ့’’ ဆိုသည်မှာ၊ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများ၊ ဆုံးဖြတ်ချက်များ၊သို့တည်းမဟုတ် အသင်းကိုဖွဲ့စည်းခြင်းနှင့်ဝင်း၊အသင်း၏အာဏာများ၊ သို့တည်းမဟုတ် ကိစ္စများနှင့်ဝင်း၊ သက်ဆိုင်သည့် အခြားစာတမ်းအမှတ်အသားတခုခုဖြင့်၊ ဗဟိုအသင်း၏ ဝါဒကိုဖြစ်စေ၊အသင်းခွဲ၏ဝ ါဒကိုဖြစ်စေ၊ အသင်းနှင့်ဆက်သွယ်ထားသည့်အဖွဲ့အစည်း၏ဝ ါဒကိုဖြစ်စေ၊ သတ်မှတ်ရန်သော်ဝင်း၊ ဗဟိုအသင်းကိုဖြစ်စေ၊အသင်းခွဲကိုဖြစ်စေ၊အသင်းနှင့်ဆက်သွယ်ထားသည့်အခြားအဖွဲ့အစည်းကိုဖြစ်စေ၊စီမံအုပ်ချုပ်ရန်၊သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်ရန်သော်ဝင်း၊ လွှဲအပ်ထားသောအဖွဲ့အမှုဆောင်ကော်မီတီ၊ ဗဟိုကော်မီတီ၊ သို့တည်းမဟုတ် အခြားအဖွဲ့ကိုဆိုလိုသည်။

(ဂ) ‘‘နိုင်ငံရေးဆောင်ရွက်မှု’’ ဆိုသည်မှာ၊ မိမိအတွက်ဖြစ်စေ၊ သူတပါးအတွက်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအစိုးရအာဏာကိုသော်ဝင်း၊ ပြည်နယ်အစိုးရအာဏာကိုသော်ဝင်း၊ ဒေသန္တရအာဏာပိုင်၏ အာဏာကိုသော်ဝင်း၊ အစိုးရဌာနဆိုင်ရာလုပ်ငန်းအလိုက်၊ သို့တည်းမဟုတ် နယ်မြေဒေသအလိုက်ရရှိအောင် ရွေးကောက်ပွဲများတွင်ဖြစ်စေ၊ သို့တည်းမဟုတ် ပါလီမန်ရွေးကောက်ပွဲများတွင်ဖြစ်စေ၊ ဒေသန္တရအာဏာပိုင်ဆိုင်ရာ ရွေးကောက်ပွဲများတွင်ဖြစ်စေ၊ မြို့နိုစီပါယ်

ရွေးကောက်ပွဲများတွင်ဖြစ်စေ၊ ပါဝင်ဆောင်ရွက်မှုကိုသော်၎င်း၊ ရွေးကောက်တင်မြှောက်ခံ ရာထူးတခုခုအတွက် ပါဝင်ဆောင်ရွက်မှုကိုသော်၎င်း၊ ဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် ဗာတ်၊ ပြဗာတ်၊ ရုပ်သေး၊ အငြိမ့်၊ သို့တည်းမဟုတ် ရုပ်ရှင်ပြသခြင်းဖြင့်၊ အဆိုပါဆောင်ရွက်မှုကို ပြုလုပ်ခြင်းလည်းပါဝင်သည်။

ခြွင်းချက်။ ။သို့ရာတွင် "နိုင်ငံရေးဆောင်ရွက်မှု" ဆိုသောစကားရပ်၌ ရွေးကောက်ပွဲများတွင် တည်ဆဲအခြားတရားဥပဒေအရ ကိုယ်တိုင်အရွေးခံခြင်းနှင့်သော်၎င်း၊ မိမိ၏ ကိုယ်တိုင်မဲပေးခြင်းနှင့်သော်၎င်း၊ ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲအက်ဥပဒေအရဖြစ်စေ၊ အဆိုပါအက်ဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊အခြားရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အက်ဥပဒေ၊ သို့တည်းမဟုတ် နည်းဥပဒေများအရဖြစ်စေ၊ ခန့်အပ်ခြင်းခံရသည့် ရာထမ်း မှထမ်းများနှင့် တာဝန် လွဲအပ်ခန့်ထားခြင်းခံရသော အခြားပုဂ္ဂိုလ်များက အဆိုပါအက်ဥပဒေနှင့်နည်းဥပဒေများအရဆောင်ရွက်သည့်ဆောင်ရွက်မှုများနှင့်သော်၎င်း၊မသက်ဆိုင်စေရ။

(ဃ) "လူထုဖျော်ဖြေရေးအဖွဲ့" ဆိုသည့်စကားရပ်တွင် ကပြဖျော်ဖြေသောဗာတ်အဖွဲ့၊ ပြဗာတ်အဖွဲ့၊ အငြိမ့်အဖွဲ့၊ ရုပ်သေးအဖွဲ့၊ ကွက်စိပ်ဆရာ၊ စာပြောဆရာ၊ တူရိယာအဖွဲ့၊ ဓါတ်ပြားထုတ်လုပ်သူ၊ ဓါတ်ပြားဖြန့်ဖြူးသူ၊ ရုပ်ရှင်ကားထုတ်လုပ်သူ၊ ရုပ်ရှင်ကားပြသသူ၊ သို့တည်းမဟုတ် ရုပ်ရှင်ကားဖြန့်ဖြူးသူပါဝင်သည်။

(င) "အခြေခံဥပဒေ" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆိုလိုသည်။

၃။ ။မည်သူမဆို၊ တဦးချင်းအနေဖြင့်သော်၎င်း၊ အသင်းတခုအနေဖြင့်သော်၎င်း၊ လူထုဖျော်ဖြေရေးအဖွဲ့အနေဖြင့်သော်၎င်း—

(က) အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော မူလအခွင့်အရေးတခုခုကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော အကြံပေးမှု၊တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် မည်သည့်ဝါဒဖြန့်မှုမျိုးကိုမဆို၊ သို့တည်းမဟုတ်

(ခ) နိုင်ငံရေးဆောင်ရွက်မှုကို၊ လက်နက်ကိုင်နည်းဖြင့် မည်သည့်ရှေ့ရှုချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို၊ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စု မြန်မာနိုင်ငံတွင်၊ အခြေခံဥပဒေ ပုဒ်မ ၃ နှင့် ၄ ၏ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍၊ မည်သည့်နိုင်ငံရေးအာဏာရှင်စံနစ်မျိုးကိုမဆို၊ ရှေ့ရှုရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ်

ကျင့်သုံးရန် ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း၊ သို့တည်းမဟုတ်

(ဃ) အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်းများထားရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီစံနစ်ကိုပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသောအကြံပေးမှု၊တိုက်တွန်းမှု၊ လှုံဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကို၊ သို့တည်းမဟုတ်

(င) လျှို့ဝှက်ရဲအဖွဲ့ (Secret Police) ဖွဲ့စည်း၍၊ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုးတည်ထောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန်ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ အကြံပေးခြင်း၊ လှုံဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း၊ သို့တည်းမဟုတ်

(စ) အခြေခံဥပဒေ၏ ဥပဒေနိဒါန်းတွင် ပါရှိသောမူများကို ဆန့်ကျင်သည့်အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း

ပြုလုပ်လျှင်၊ ထိုသူသည်၊ သို့တည်းမဟုတ် အသင်းသည်၊ သို့တည်းမဟုတ် လူထုဖော်ဖြေရေးအဖွဲ့သည် အခြေခံဥပဒေကို ဖေါက်ဖျက်သည့် ပြစ်မှုကျူးလွန်သည်ဟုမှတ်ယူရမည်။

၄။ ။(၁) မည်သူမဆို၊ ပုဒ်မ ၃ အရဖြစ်သော ပြစ်မှုတခုခုကိုကျူးလွန်လျှင် ၂ နှစ်အောက်မနည်း၊ ၃ နှစ်ထက်မများသော ထောင်ဒဏ်နှင့် ငွေဒဏ်စီရင်ခြင်းခံရမည်။

(၂) ပုဒ်မ ၃ အရဖြစ်သောပြစ်မှုကို—

(က) အသင်းဝင်တဦးဦးက ဒုတိယအကြိမ်ကျူးလွန်သည့်အတွက် ပြစ်ဒဏ်စီရင်ခြင်းခံရပါလျက်၊ သက်ဆိုင်ရာ အသင်း၏ အမှုဆောင်အဖွဲ့က၊ ၎င်းအပေါ် အရေးမယူသောအခါဖြစ်စေ၊

(ခ) အသင်းဝင် ၂ ဦးအောက်မနည်းသည့် အသင်းဝင်များက ကျူးလွန်သည့်အတွက် တဦးစီပြစ်ဒဏ်စီရင်ခြင်းခံရပါလျက်၊ သက်ဆိုင်ရာ အသင်း၏အမှုဆောင်အဖွဲ့က၊ ၎င်းအပေါ် အရေးမယူသောအခါဖြစ်စေ

ထိုအသင်းသည်၊ ပုဒ်မ ၃ အရဖြစ်သော ပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုအသင်း၏ အမှုဆောင်အဖွဲ့ဝင်လူကြီး အသီးသီးအား ၂ နှစ်အောက်မနည်း၊ ၃ နှစ်ထက်မများသော ထောင်ဒဏ်နှင့်ငွေဒဏ်စီရင်ခြင်းခံရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မပါကိစ္စအလို့ငှါ "အမှုဆောင်အဖွဲ့ဝင်လူကြီး" ဆိုသည်မှာ၊ ပြစ်မှုကျူးလွန်သည့်အသင်းသား တိုက်ရိုက်ပါဝင်သော အခြေခံအသင်း၏ အမှုဆောင်အဖွဲ့ဝင်လူကြီးကိုဆိုလိုသည်။

(၃) ပုဒ်မ ၃ အရဖြစ်သော ပြစ်မှုတခုခုကို ကျူးလွန်သောသူသည်၊ လူထုဖော်ဖြေရေးအဖွဲ့ဝင်ဖြစ်လျှင်၊ ထိုအဖွဲ့၏ပိုင်ရှင်၊ သို့တည်းမဟုတ် အဖွဲ့သားများက၊ ၎င်း

တို့၏ခေါင်းဆောင်အဖြစ် တင်မြှောက်ထားသော၊ သို့တည်းမဟုတ် လက်ခံအသိအမှတ်ပြုထားသောပုဂ္ဂိုလ်သည်၊ ၂ နှစ်အောက်မနည်း၊ ၃ နှစ်ထက်မများသော၊ ထောင်ဒဏ်နှင့်ငွေဒဏ်စိရင်ခြင်းခံရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆိုပါပြစ်မှုကျူးလွန်ခဲ့သည်ကို၊ ထိုပုဂ္ဂိုလ်က၊ မိမိမသိရှိကြောင်း၊ သို့တည်းမဟုတ် အဆိုပါပြစ်မှုမကျူးလွန်ရအောင် ကန့်ကွက်ပြောဆိုကြောင်း၊ ကာကွယ်တားဆီးကြောင်းသက်သေထင်ရှားပြလျှင်၊ ထိုပုဂ္ဂိုလ်အား ပြစ်ဒဏ်မစိရင်ရ။

(၄) ပုဒ်မခွဲ (၂) နှင့် ပုဒ်မခွဲ (၃) တွင်၊ မည်သို့ပင်ပါရှိစေကာမူ၊ အဆိုပါပြစ်မှုတခုခုကိုအသင်းက၊သို့တည်းမဟုတ် လူထုဖျော်ဖြေရေးအဖွဲ့ကကျူးလွန်ပြီး၊အဆိုပါပြစ်မှုကို အသင်း၏ အမှုဆောင်အဖွဲ့ဝင်လူကြီးတဦးဦး၏ သဘောတူညီချက်အရဖြစ်စေ၊ အသင်း၏အမှုဆောင်အဖွဲ့ဝင်လူကြီးတဦးဦး၏၊ သို့တည်းမဟုတ် လူထုဖျော်ဖြေရေးအဖွဲ့ပိုင်ရှင်၏၊ သို့တည်းမဟုတ် ခေါင်းဆောင်၏ သဘောတူညီချက်အရဖြစ်စေ၊ လစ်လျူရှုချက်အရဖြစ်စေ၊ ထိုအမှုဆောင်အဖွဲ့ဝင်လူကြီးက၊ သို့တည်းမဟုတ် ပိုင်ရှင်က၊ သို့တည်းမဟုတ် ခေါင်းဆောင်ကပေါ့လျော့ပျက်ကွက်သဖြင့်ဖြစ်စေ၊ အဆိုပါပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားပြလျှင်၊ ထိုအမှုဆောင်လူကြီးသည်၊ သို့တည်းမဟုတ် လူထုဖျော်ဖြေရေးအဖွဲ့ပိုင်ရှင်သည်၊ သို့တည်းမဟုတ် ခေါင်းဆောင်သည်၊ အဆိုပါပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ ပုဒ်မ ၂၊ အပိုဒ် (ဂ) တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့် နိုင်ငံရေးဆောင်ရွက်မှုကို ပြုလုပ်သည့်အသင်း၊ ထိုအသင်း၏အမှုဆောင်အဖွဲ့ဝင်များနှင့် မသက်ဆိုင်စေရ။

၅။ ။ဤအက်ဥပဒေ၏အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များသည်၊ အခြေခံဥပဒေ၏ အခန်း ၁၁ နှင့်အညီ၊ အခြေခံဥပဒေရှိပြဋ္ဌာန်းချက်တခုခုကိုပြင်ရန်ဆောင်ရွက်ခြင်း၊သို့တည်းမဟုတ် ဟောပြောခြင်းနှင့်သော်၎င်း၊ အခြားတည်ဆဲတရားဥပဒေများပါ အလားတူ သဘောသက်ရောက်သည့်ပြဋ္ဌာန်းချက်များအရဆောင်ရွက်ခြင်းနှင့်သော်၎င်း မသက်ဆိုင်စေရ။

၆။ ။ဤအက်ဥပဒေအရဖြစ်သောပြစ်မှုအတွက်၊ နိုင်ငံတော်သမတ ၏ကြိုတင်ခွင့်ပြုချက်မရရှိဘဲ၊ အရေးယူခြင်း၊ သို့တည်းမဟုတ် တရားစွဲဆိုခြင်းမပြုရ။

၇။ ။ဤအက်ဥပဒေအရဖြစ်သောပြစ်မှုကို၊ စက်ရှင်တရားသူကြီးရုံးအောက်နိမ့်သော၊ မည်သည့်တရားရုံးကမျှ စစ်ဆေးစိရင်ခြင်းမပြုရ။

ပါမောက္ခစာ၊—အမှတ် ၂၂၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၉—၂,၂၀၀ + ၃,၀၀၀—၂။

၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သီးခြားဖေါ်ပြသည့်နေ့ရက်များနှင့် သီးခြားဖေါ်ပြသည့်အရပ်ဒေသများတွင် စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားဝှက်၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) "ပုံနှိပ်ထုတ်ဝေစာ" ဆိုသည့်စကားရပ်တွင် လက်ရေးစာ၊ သို့တည်းမဟုတ် ပုံနှိပ်စာအားလုံးပါဝင်သည့်ပြင် လက်ရေးစာနှင့်သော်၎င်း၊ ပုံနှိပ်စာနှင့် သော်၎င်း၊ အမျိုးအစား တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသောပုံသဏ္ဌာန်ပါရှိသည့်၊ သို့တည်းမဟုတ် ပုံအားဖြင့်သော်၎င်း၊ သဏ္ဌာန်အားဖြင့်သော်၎င်း၊ အခြားတနည်းအားဖြင့်သော်၎င်း၊ စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ၊ ရိုပ်မိစေနိုင်သည့် အရာဟူသရွေ့နှင့်၎င်း၏မိတ္တူ။ သို့တည်းမဟုတ် ၎င်းကိုလုံးဝဖြစ်စေ၊ လုံးဝနီးနီးဖြစ်စေ ထုတ်ပြန်သည့်အရာဟူသရွေ့လည်းပါဝင်သည်။

(ခ) "သတင်းစာ" ဆိုသည်မှာ၊ ပြည်သူ့သတင်းများဖြစ်စေ၊ ပြည်သူ့သတင်းဝေဘန်ချက်များဖြစ်စေ ပါရှိသောအချိန် မှန်မှန်ထုတ်သည့်ပုံနှိပ်ထုတ်ဝေစာတခုခုကိုဆိုလိုသည်။

(ဂ) "စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း" ဆိုသည်မှာ၊ အချိန်မှန်မှန်ထုတ်သည့်၊ သို့တည်းမဟုတ် အချိန်မှန်မှန်ဖြစ်စေ၊ အချိန်မှန်မှန်မဟုတ်ဘဲဖြစ်စေ၊ အပိုင်းလိုက်သော်၎င်း၊ အမှတ်စဉ်လိုက်သော်၎င်း၊ ထုတ်သည့်ပုံနှိပ်ထုတ်ဝေစာတခုခုကိုဆိုလိုသည်။

(ဃ) "စာအုပ်" ဆိုသည့် စကားရပ်တွင် မည်သည့် ဘာသာဖြင့်မဆိုထုတ်သည့် စာအုပ်အတွဲ၊ စာအုပ်အတွဲ အစိတ်အပိုင်းနှင့် စာတမ်းဟူသရွေ့ ပါဝင်သည့်ပြင်၊ တသီးတခြားအချပ်လိုက်ပုံနှိပ်ထားသည့်၊ သို့တည်းမဟုတ် ကျောက်ပုံနှိပ်ထားသည့် တူရိယာတီးကွက်ပုံ၊ မြေပုံ၊ ပုံစံဟူသရွေ့လည်းပါဝင်သည်။

(င) "ပုံနှိပ်သူ"၊ သို့တည်းမဟုတ် "ထုတ်ဝေသူ" ဆိုသည့်စကားရပ်တွင် တဦးတည်းပိုင်ရှင်ပါဝင်ရမည့်ပြင်၊ ပိုင်ရှင်အများရှိသည့်

အတိုး—၁၅ ပြား]

ကိစ္စတွင်၊ အစုစပ်ဖြင့်သော်၎င်း၊ ကုမ္ပဏီဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့် လုပ်ငန်း ကြီးကြပ်စီမံအုပ်ချုပ်ရေးကို ခွဲဝေဆောင်ရွက်သူများလည်းပါဝင်ရမည်။

(စ) ''မှတ်ပုံတင်အာဏာပိုင်''ဆိုသည်မှာ၊ပုဒ်မ ၃ အရဖွဲ့စည်းထားသည့် မှတ်ပုံတင်အဖွဲ့ကိုဆိုလိုသည်။

(ဆ) ''သတ်မှတ်ထားသည်''ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြဋ္ဌာန်းသည့် နည်းဥပဒေများဖြင့်သတ်မှတ်သည်ကိုဆိုလိုသည်။

၃။ ။နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေပါကိစ္စရပ်များနှင့် တာဝန်ဝတ်တရားများကို စိစစ်ထိန်းသိမ်းညွှန်ကြားရန်အလို့ငှါ မှတ်ပုံတင်အဖွဲ့တခုကို ဖွဲ့စည်းရမည်။ ထိုမှတ်ပုံတင်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာနအတွင်းဝန်သည်၊ ဥက္ကဋ္ဌဖြစ်စေရမည့်ပြင်၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်နှစ်ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားလှယ်နှစ်ဦးတို့လည်းပါဝင်ရမည်။

၄။ ။(၁) ပုံနှိပ်တိုက် (မှတ်ပုံတင်ရေး) အက်ဥပဒေတွင်ဖြစ်စေ၊ ပုံနှိပ်တိုက် (အရေးပေါ်အာဏာများ) အက်ဥပဒေတွင်ဖြစ်စေ၊ ပုံနှိပ်ထုတ်ဝေစာများမှတ်ပုံတင်ခြင်း၊ထုတ်လုပ်ခြင်း၊ သို့တည်းမဟုတ် ဖြန့်ချိခြင်းနှင့်သက်ဆိုင်သော အခြားတည်ဆဲတရားဥပဒေတခုခုတွင်ဖြစ်စေ၊ မည်သို့ပင်ရှိစေကာမူ၊ ပုံနှိပ်ထုတ်ဝေစာများကို၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူတိုင်းသည်၊ မှတ်ပုံတင်အာဏာပိုင်ထံတွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း ဤအက်ဥပဒေအရမှတ်ပုံတင်ရမည်။

(၂) ဤအက်ဥပဒေအရထုတ်ပေးသည့်မှတ်ပုံတင်သက်သေခံ လက်မှတ်နှင့် ထိုလက်မှတ်ပါစည်းကမ်းချက်၊ လိုအပ်ချက်များအရမှတပါး၊ မည်သူမျှ၊ သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သို့တည်းမဟုတ် စာအုပ်ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့်လုပ်ငန်းကို မဆောင်ရွက်ရ။

ခြွင်းချက်။ ။သို့ရာတွင် ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် မည်သူမဆို ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့်ပြင်၊ ပုဒ်မခွဲ (၁) အရမှတ်ပုံတင်ရန် လျှောက်လွှာကိုလည်း တင်သွင်းထားလျှင် ထိုလျှောက်လွှာနှင့်စပ်လျဉ်း၍ ငြင်းပယ်သည့်အမိန့်မချမှတ်သေးမီကာလ၊ သို့တည်းမဟုတ် အဝင်ခံမဖြစ်သေးမီကာလ၊ ထိုကာလ နှစ်ရပ်အနက် များရာကာလအပိုင်းအခြားအတွင်း ထိုသူ၌ အဆိုပါလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ခွင့်ရှိရမည်။

၅။ ။(၁) မှတ်ပုံတင်ရန်တင်သွင်းသည့်လျှောက်လွှာကို၊ ပုံနှိပ်သူကသော်၎င်း၊ ထုတ်ဝေသူကသော်၎င်း၊ နည်းလမ်းတကျအာဏာအပ်နှင်းထားသည့် ၎င်း၏ကိုယ်စားလှယ်ကသော်၎င်း၊ လက်မှတ်ရေးထိုးရမည့်ပြင်၊ ဤအက်ဥပဒေ၏ပဋိညာဉ်တွင် ဖော်ပြထားသည့်စာတမ်းအမှတ်အသားများ၊ အကြောင်းအရာများနှင့်အတူပေးပို့ရမည်။

(၂) ပုံနှိပ်သူသည်၊သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ပုံနှိပ်ထုတ်ဝေစာကို အကြောင်းအားလျော်စွာ ပုံနှိပ်သည့်အခါတိုင်း၊ သို့တည်းမဟုတ် ထုတ်ဝေသည့်အခါ

ဆိုင်း၊ ထိုစာတစောင်ကို မှတ်ပုံတင်အာဏာပိုင်ထံပေးပို့ရမည့် ငွေ၊ ထိုစာစောင်နှင့်အတူ ငှင်းအတွက်စောင်ရေပေါင်းမည်ရွေးမည်မျှ ပုံနှိပ်သည်ကိုငှင်း၊ မည် သို့ဖြန့်ချိသည်ကိုငှင်း ဖော်ပြသောအစီရင်ခံစာလည်းပါရှိစေရမည်။

(၃) ဤပုဒ်မအရတင်သွင်းသည့်အစီရင်ခံစာ၊စာတမ်းအမှတ်အသားနှင့်ပုံနှိပ်ထုတ်ဝေစာအားလုံးသည်၊ ပြည်သူ့မှတ်တမ်းများဖြစ်၍၊ ငှင်းတို့ကို မှတ်ပုံတင် အာဏာပိုင်က အခါအားလျော်စွာ သီးခြားဖော်ပြသည့် လျော်ကန်သင့်မြတ်သောအချိန်ကာလ ဟူသရွေ့တွင် အများပြည်သူတို့ စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိစေရမည်။

၆။ ။အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ပုံနှိပ်သူသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ဤအက်ဥပဒေစတင်အာဏာတည်ပြီးနောက် ပုံနှိပ်သောစာစောင်၊ဂျာနယ်၊မဂ္ဂဇင်း၊စာအုပ်အသီးသီး သုံးစောင်စီကို ငှင်းတို့ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အချင်းချင်းသဘောတူညီချက် မည်သို့ပင်ရှိသော်ငြားလည်း—

(က) အမျိုးသားစာကြည့်တိုက်၊
(ခ) ပြန်ကြားရေးဝန်ကြီးဌာန နှင့်
(ဂ) ပြည်ထဲရေးဝန်ကြီးဌာန

သို့၊ ရှေးဦးစွာပုံနှိပ်ထုတ်ဝေသည့်နေ့ရက်မှ ရက်သတ္တတပတ်အတွင်း အခဲ့ပေးအပ်ရမည်။

၇။ ။(၁) ပုံနှိပ်သူသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ဤအက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့်ဝန်ခံချက်များနှင့်အညီ ထာဝစဉ်ဆောင်ရွက်ရန် ကတိခံဝန်ချက်ပြုပါသည်ဟု အဆိုပါဝန်ခံချက်များပါရှိသော စာတမ်းကိုလက်မှတ်ရေးထိုး၍ ပုဒ်မ ၅ အရတင်သွင်းသောလျှောက်လွှာနှင့်အတူ မှတ်ပုံတင်အာဏာပိုင်ထံပေးပို့ရမည်။

(၂) ပုံနှိပ်သူသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ ဤအက်ဥပဒေ၏ ဒုတိယဇယားတွင်ဖော်ပြထားသော ဝန်ခံချက်များနှင့်အညီ ထာဝစဉ်ဆောင်ရွက်ရန် ကတိခံဝန်ချက်ပြုကြောင်းကို၊ မှတ်ပုံတင်အာဏာပိုင်က အခါအားလျော်စွာ ညွှန်ကြားသည့်အတိုင်း အများသိရှိစေရန် ကျေညာရမည်။

၈။ ။(၁) မှတ်ပုံတင်အာဏာပိုင်သည်၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူတင်သွင်းသည့်မှတ်ပုံတင်ရန်လျှောက်လွှာနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ငွေရေးကြေးရေးတည်တံ့ခိုင်လုံမှုနှင့်ငှင်း၊ သန့်စင်မှုနှင့်ငှင်း၊အထူးသက်ဆိုင်သော စုံစမ်းစစ်ဆေးမှုကို ပြုလုပ်စေနိုင်သည်။

(၂) မှတ်ပုံတင်အာဏာပိုင်သည်၊မိမိသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ထိုပုံနှိပ်သူအား၊ သို့တည်းမဟုတ် ထိုထုတ်ဝေသူအား၊ မှတ်ပုံတင်သက်သေခံလက်မှတ်ထုတ်ပေးနိုင်သည်။ ထိုသက်သေခံလက်မှတ်သည်၊ သတ်မှတ်ထားသည့်စည်းကမ်းချက်နှင့် လိုအပ်ချက်များအရအတည်ဖြစ်လျက်ရှိစေရမည်။

(၃) မှတ်ပုံတင်အာဏာပိုင်သည်၊ သတင်းစာ၊ စာစောင်၊ဂျာနယ်၊မဂ္ဂဇင်း၊ သို့တည်းမဟုတ် စာအုပ်ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့်လုပ်ငန်း၏ရည်ရွယ်ချက်များနှင့်ငှင်း၊ ငွေရေးကြေးရေးတည်တံ့ခိုင်လုံမှုနှင့်ငှင်း၊ သန့်စင်မှုနှင့်ငှင်း၊ အထူး

သက်ဆိုင်သော စုံစမ်းစစ်ဆေးမှုကို ပြုလုပ်စေပြီးနောက် ယုံကြည်ကျေနပ်ခြင်းမရှိလျှင်၊ ထိုလုပ်ငန်းနှင့်သက်ဆိုင်သော ပုံနှိပ်သူအား၊ သို့တည်းမဟုတ် ထုတ်ဝေသူအား၊ မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူကို မှတ်ပုံတင်အာဏာပိုင်က မှတ်ပုံမတင်ဟု ဆုံးဖြတ်ခြင်းမပြုမီ ထိုသူအား၊ လာရောက်ချမည်သည့် အကြောင်းကြောင့်မှတ်ပုံမတင်ဟုမဆုံးဖြတ်ထိုက်ကြောင်းရှင်းလင်းချေပပြောဆိုခွင့်ပြုရမည်။

၉။ ။ပုံနှိပ်သည့်၊သို့တည်းမဟုတ် ထုတ်ဝေသည့်လုပ်ငန်း၏အမည်ကိုဖြစ်စေ၊ ၎င်း၏တည်ရာဌာန၊သို့တည်းမဟုတ် အဖွဲ့အစည်းကိုဖြစ်စေ၊ပြောင်းလဲလျှင် ထိုသို့ပြောင်းလဲသည့်နေ့ရက်မှ ရက်သတ္တပတ်အတွင်း မှတ်ပုံတင်အာဏာပိုင်ထံ စာဖြင့်အကြောင်းကြားရမည်။

၁၀။ ။(၁)မည်သည့်ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမဆို ဌေစာရင်းစာအုပ်များကို၎င်း၊ မှတ်ပုံတင်အာဏာပိုင်က အခါအားလျော်စွာ လိုအပ်သည့် အခြားစာအုပ်များ၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားများကို၎င်း၊ စိစစ်ထားရှိရမည်။

(၂) မှတ်ပုံတင်အာဏာပိုင်၌၊ မည်သည့်စာအုပ်၊ သို့တည်းမဟုတ် စာတမ်းအမှတ်အသားကိုမဆို တင်ပြစေဟု အမိန့်ချမှတ်ပိုင်ခွင့်အာဏာသော်၎င်း၊ လုပ်ငန်းနှင့်သက်ဆိုင်သော မည်သည့်အကြောင်းအရာကိုမဆို တောင်းယူနိုင်ခွင့်အာဏာသော်၎င်း၊ ရှိရမည်။ ထို့ပြင် ထိုပုံနှိပ်သူမှာ၊ သို့တည်းမဟုတ် ထုတ်ဝေသူမှာ၊ အဆိုပါအမိန့်အတိုင်း လိုက်နာဆောင်ရွက်ရန်တာဝန်ရှိရမည်။

(၃) မှတ်ပုံတင်အာဏာပိုင်သည်၊သို့တည်းမဟုတ် ၅၏ကိစ္စအလို့ငှါမှတ်ပုံတင်အာဏာပိုင်က နည်းလမ်းတကျအာဏာလွှဲအပ်ထားသောသူတဦးဦးသည်၊ လုပ်ငန်း၏အမှုကိစ္စများစုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ထိုလုပ်ငန်းနှင့်သက်ဆိုင်သောစာအုပ်များးကိုသော်၎င်း၊ စာတမ်းအမှတ်အသားများကိုသော်၎င်း၊ ကြည့်ရှုစစ်ဆေးရန်၊ သို့တည်းမဟုတ် သိမ်းယူရန်၊ပုံနှိပ်သူ၊သို့တည်းမဟုတ် ထုတ်ဝေသူတဦးဦး၏လုပ်ငန်းဥပစာများသို့ဝင်ရောက်နိုင်သည်။ပုံနှိပ်သူမှာ၊ သို့တည်းမဟုတ် ထုတ်ဝေသူမှာ၊ အဆိုပါစာအုပ်များကိုသော်၎င်း၊ စာတမ်းအမှတ်အသားများကိုသော်၎င်း၊ ထုတ်ပြရန်၊ သို့တည်းမဟုတ် ပေးအပ်ရန်တာဝန်ရှိရမည်။

၁၁။ ။ပုံနှိပ်သူသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်၊ မှတ်ပုံတင်အာဏာပိုင်ထံသို့ခြောက်လတကြိမ် အစီရင်ခံစာတင်သွင်း၍ မိမိ၏ဆောင်ရွက်မှုများကိုဖော်ပြရမည်။ ထိုအစီရင်ခံစာနှင့်အတူ မိမိ၏လုပ်ငန်းအကြောင်းကို၎င်း၊ အထူးသဖြင့် ပုဂ္ဂိုလ်အသီးသီးကဖြစ်စေ၊ အဖွဲ့အစည်းအသီးသီးကဖြစ်စေ၊ မိမိအားပေးကမ်းသည့် အလှူငွေများ၊ သို့တည်းမဟုတ် ငွေကြေးအကူအညီ၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီကို၎င်း၊ ဖော်ပြသောလက်ကျန်ငွေစာရင်းရှင်းတမ်းကိုတင်သွင်းရမည့်ပြင်၊ မိမိပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့်၊ မည်သည့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သို့တည်းမဟုတ် စာအုပ်အတွက်မဆို ဖြန့်ချိသည့်စောင်ရေနှင့်စပ်လျဉ်း၍ လစဉ်ပျမ်းမျှရစောင်ရေကိုဖော်ပြသော စာရင်းကိုလည်းတင်ပြရမည်။

၁၂။ ။မည်သည့်ပုံနှိပ်သူ၊သို့တည်းမဟုတ် ထုတ်ဝေသူမဆို၊မိမိ၏လုပ်ငန်းကို ဖျက်သိမ်းလျှင်၊ ထိုသို့ဖျက်သိမ်းကြောင်းကို ဖျက်သိမ်းသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်အာဏာပိုင်အားအစီရင်ခံရမည့်ပြင်၊ ထိုအစီရင်ခံစာတင်သွင်းသော အခါ မှတ်ပုံတင်သက်သေခံလက်မှတ်ကိုလည်းပြန်လည်ပေးအပ်ရမည်။

၁၃။ ။မည်သည့်ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမဆို၊၅၂အက်ဥပဒေ ပါ ပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ကျူးလွန်လျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၄။ ။(၁) ပုံနှိပ်သူသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်—

(က) ပုဒ်မ ၁၃ အရဖြစ်သောပြစ်မှုအတွက် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ သို့တည်းမဟုတ်

(ခ) မိမိ၏လုပ်ငန်းရည်ရွယ်ချက်များနှင့် အကျိုးကိုအားပေးဆောင်ရွက်စဉ်၊ ရာဇသတ်ကြီးပုဒ်မ ၁၃၀-က၊ သို့တည်းမဟုတ် ပုဒ်မ ၁၃၀-ခ အရ ဖြစ်သော၊ သို့တည်းမဟုတ် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရဖြစ်သောပြစ်မှုအတွက် သီးခြားအကြိမ်ပေါင်း သုံးကြိမ်ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်

မှတ်ပုံတင်အာဏာပိုင်က၊ ထိုပုံနှိပ်သူအား၊သို့တည်းမဟုတ် ထုတ်ဝေသူအားထုတ်ပေးသည့်မှတ်ပုံတင်သက်သေခံလက်မှတ်ကိုဖျက်သိမ်းရမည်။

(၂) မှတ်ပုံတင်အာဏာပိုင်သည်၊ မိမိသင့်သည်ထင်မြင်သည့် စုံစမ်းစစ်ဆေးမှုတခုခုပြုလုပ်ပြီးနောက်သော်၎င်း၊ လုပ်ငန်း၏ဌေးရေးကြေးရေး၊ သို့တည်းမဟုတ် အခြား အခြေအနေနှင့် စပ်လျဉ်း၍ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူထံမှဖြစ်စေ၊ အခြားယုံကြည်အားထားလောက်သည့် ဌာနများမှဖြစ်စေ၊ ရရှိသောအစီရင်ခံစာများနှင့် စာရင်းများကို စစ်ဆေးသည့်အခါ၌သော်၎င်း၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူ တဦးဦးမှာ၊၅၂အက်ဥပဒေ၏ဒုတိယဇယားတွင် ဖေါ်ပြထားသောဝန်ခံချက်များအတိုင်း၊ ဆောင်ရွက်ရန်ပျက်ကွက်သည်ဟု၊ သို့တည်းမဟုတ် ပုံနှိပ်သူ၏၊ သို့တည်းမဟုတ် ထုတ်ဝေသူ၏လုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်းမှာ တရားစီရင်ရေးကိုသော်၎င်း၊ ငြိမ်ဝပ်ပိပြားရေးကိုသော်၎င်း ထိခိုက်နစ်နာစေမည်ဖြစ်သည်ဟု မည်သည့်အခါမဆို ယုံကြည်ကျေနပ်လျှင်၊ ထိုပုံနှိပ်သူအား၊ သို့တည်းမဟုတ် ထိုထုတ်ဝေသူအား၊ ထုတ်ပေးထားသည့်မှတ်ပုံတင်သက်သေခံလက်မှတ်ကို ဖျက်သိမ်းနိုင်သည်။

<u>ခြွင်းချက်</u>။ ။သို့ရာတွင် မှတ်ပုံတင်အာဏာပိုင်က ၅၂ပုဒ်မအရ အရေးယူဆောင်ရွက်သောအခါ သက်ဆိုင်ရာပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူမှာ ကိုယ်တိုင်လာရောက်ထုချေပိုင်ခွင့်ရှိစေရမည်။

(၃) ၅၂ပုဒ်မအရ၊ မှတ်ပုံတင်သက်သေခံလက်မှတ်ကိုဖျက်သိမ်းသောအခါ၊ ထိုသို့ဖျက်သိမ်းခြင်းသည်၊ သက်ဆိုင်ရာပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူက ၎င်းအလိုအလျောက်လုပ်ငန်းကိုဖျက်သိမ်းပြီးဖြစ်ဘိသကဲ့သို့၊ အကျိုးသက်ရောက်စေရမည်။

၁၅။ ။ပုဒ်မ ၀၊ ပုဒ်မခွဲ (၃)အရဖြစ်စေ၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၂) အရဖြစ်စေ၊ မှတ်ပုံတင်အာဏာပိုင်ချမှတ်သောအခြင်္ကိုမကျေနပ်လျှင်၊ ပုံနှိပ်သူ၊ သို့တည်း

မဟုတ် ထုတ်ဝေသူသည်၊ ထိုအမိန့်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တရားလွှတ်တော်သို့အယူခံဝင်နိုင်သည်။ တရားလွှတ်တော်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်ရမည်။

၁၆။ ။မည်သူမဆို၊ ပုံနှိပ်သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူအဖြစ်ဖြင့် မိမိ အားထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို ဖျက်သိမ်းပြီးနောက်၊ ပုံနှိပ် သည့်လုပ်ငန်းကိုသော်၎င်း၊ ထုတ်ဝေသည့်လုပ်ငန်းကိုသော်၎င်း၊ ဆက်လက်လုပ်ကိုင် ဆောင်ရွက်လျှင် သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၁၇။ ။နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေပါ ကိစ္စများနှင့် တာဝန် ဝတ်တရားများကို မှတ်ပုံတင်အာဏာပိုင်က ထိရောက်စွာ ဆောင်ရွက်ရန်အလို့ငှါ လို အပ်သည့်ရာထမ်း မှုထမ်းများကိုခန့်ထားနိုင်သည်။

၁၈။ ။မှတ်ပုံတင်အာဏာပိုင်သည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤအက် ဥပဒေပါအခြားပြဋ္ဌာန်းချက်များဖြင့်၊ မိမိအားအပ်နှင်းထားသော အာဏာများ၊ သို့တည်း မဟုတ် တာဝန်ဝတ်တရားများအားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ၊ မိမိသင့်တော်သည် ထင်မြင်သည့်သူ၊ သို့တည်းမဟုတ် အရာရှိတဦးဦးအားလွှဲအပ်နိုင်သည်။

၁၉။ ။(၁) နိုင်ငံတော် သမတ သည်၊အမိန့်ကြော်ငြာစာဖြင့်မည်သည့်ပုံနှိပ် သူ၊ သို့တည်းမဟုတ် ထုတ်ဝေသူကိုမဆို ဤအက်ဥပဒေ၏ပြဋ္ဌာန်းချက်အားလုံး၊ သို့တည်း မဟုတ် တခုခုနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက်များ ထားရှိ၍ဖြစ်စေ၊ စည်းကမ်း ချက်များမထားရှိဘဲဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေ၏ တတိယ ဇယားတွင်ဖေါ်ပြပါရှိသော ပုံနှိပ်ထုတ်ဝေစာများနှင့်မသက်ဆိုင်စေရ။

၂၀။ ။နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန်အလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

၂၁။ ။ဤအက်ဥပဒေနှင့်အညီဖြစ်စေ၊ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် ချမှတ်သည့်အမိန့်တခုခုနှင့်အညီဖြစ်စေ၊ သဘောရိုးဖြင့် ဆောင်ရွက် သည့်ကိစ္စတခုခုအတွက်၊ မှတ်ပုံတင် အာဏာပိုင်ကိုသော်၎င်း၊ အဆိုပါအာဏာပိုင်က မိမိကိုယ်စားဆောင်ရွက်ရန် အာဏာလွှဲအပ်ထားသည့်သူတဦးဦးကိုသော်၎င်း၊ တရားမ မှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားတရားမှုခင်းစွဲဆိုခြင်းမပြုရ။

၂၂။ ။မှတ်ပုံတင်အာဏာပိုင်သည်၎င်း၊ မှတ်ပုံတင် အာဏာပိုင်က နည်း လမ်းတကျ အာဏာလွှဲအပ်ထားသူ၊ သို့တည်းမဟုတ် အရာရှိ တဦးဦးသည်၎င်း၊ ထိုအာဏာပိုင်၏ လက်အောက်ရှိ ရာထမ်း မှုထမ်းအားလုံးသည်၎င်း၊ ဤအက်ဥပဒေနှင့် အညီဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေ၊ သို့တည်းမဟုတ် ချမှတ်သည့် အမိန့်တခုခုနှင့်အညီဖြစ်စေ၊ ဆောင်ရွက်သောအခါ၊ သို့တည်းမဟုတ် ဆောင်ရွက်သည့် သဘောသက်ရောက်သော ပြုမူတခုခုကိုပြုသောအခါ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

ပဌမဇယား။

(ပုဒ်မ ၅ ကိုကြည့်ပါ။)

(က) မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် ကုန်ဖက်စင်လုပ်ငန်းစာချုပ်မိတ္တူ၊သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊သို့တည်းမဟုတ် လုပ်ငန်းပိုင်ဆိုင်ခြင်း၊ ပိုင်ဆိုင်ခွင့်ရှိခြင်း၊ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သော အခြား စာတမ်းအမှတ်အသား။

(ခ) လုပ်ငန်းတွင် အစုပါဝင်သူ အသီးသီး၏၊ သို့တည်းမဟုတ် လုပ်ငန်းကြီးကြပ်စီမံအုပ်ချုပ်ရေးကိုခွဲဝေဆောင်ရွက်သူအသီးသီး၏အမည်၊ လိပ်စာ၊ အလုပ်အကိုင်နှင့်လူမျိုး။

(ဂ) လုပ်ငန်းအမည်နှင့် လိပ်စာ၊ ထို့ပြင် ပုံနှိပ်သည့်၊ သို့တည်းမဟုတ် ထုတ်ဝေသည့်နေရာလိပ်စာ။

(ဃ) လုပ်ငန်းတွင် ငွေကြေး၊ ပစ္စည်း၊ သို့တည်းမဟုတ် အတိုးတန် အရာဝတ္ထုတခုခု ထည့်ဝင်သည့်သူ၊ သို့တည်းမဟုတ် အဖွဲ့အစည်း အသီးသီး၏ အမည်နှင့် လိပ်စာ။

(င) လုပ်ငန်းပိုင်ပစ္စည်းများအသေးစိတ်ဖေါ်ပြချက်၊ထိုပစ္စည်းများကိုမည်သို့ရယူခဲ့ကြောင်း အသေးစိတ်ဖေါ်ပြချက်၊ ထို့ပြင် လုပ်ငန်း၏ ကြွေးမြီတာဝန်များနှင့် ဝင်ငွေအသေးစိတ်စာရင်း။

(စ) မှတ်ပုံတင်အာဏာပိုင်က အခါအားလျော်စွာ လိုအပ်သည့်အခြား အကြောင်းအရာနှင့် စာတမ်းအမှတ်အသားများ။

ဒုတိယဇယား။

(ပုဒ်မ ၇ ကိုကြည့်ပါ။)

<u>ဝန်ခံချက်များ။</u>

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ပါရှိသော မူလအခွင့်အရေးများကိုပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါဟူသော ဝန်ခံချက်။

(ခ) ဘာသာရေးဆိုင်ရာကိုးကွယ်မှုကိုသော်၎င်း၊ ယုံကြည်မှုကိုသော်၎င်း၊ မည်သည့်အခါမျှမပုတ်ခတ်၊ သို့တည်းမဟုတ် မလှုံ့ချေပါဟူသော ဝန်ခံချက်။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့်သိမ်းယူရန် မည်သည့်ရွေ့ရွှေ့ချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံဆော်ခြင်း၊ အားပေးခြင်း၊ သို့ဟုတ်သည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါဟူသော ဝန်ခံချက်။

(ဃ) ပြည်ထောင်စုမြန်မာနိုင်ငံတွင် မည်သို့သော နိုင်ငံရေးအာဏာရှင်စံနစ်မျိုးကိုမဆို ရွေ့ရွှေ့ရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန်၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊တိုက်တွန်းခြင်း၊လှုံဆော်ခြင်း၊အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါဟူသောဝန်ခံချက်။

(ဂ) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများ ထားရှိခွင့်ပြုသော ပါလီမန် ဒီမိုကရေစီစံနစ်ကိုပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့် အကြောင်းဖြစ်ပေါ်စေသော၊ မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံဆော်မှု၊ အားပေး မှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့်အခါမျှ မပြုပါဟူသောဝန် ခံချက်။

(စ) လျှို့ဝှက်ရဲအဖွဲ့ (Secret Police) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့်စံနစ် မျိုးတည်ထောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အား ပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါဟူသောဝန်ခံချက်။

(ဆ) အခြားနိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများထံမှဖြစ်စေ၊ ရံပုံငွေ အတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ၊ အထောက်အပံ့ကိုမှတ်ပုံတင် အာ ဏာပိုင်၏ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှလက်ခံခြင်း မပြုပါဟူတာဝန်ခံချက်။

(ဇ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏မူများ ကိုဆန့်ကျင်သော အဖွဲ့အစည်းများနှင့်လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချီပေးခြင်း မပြုပါဟူသောဝန်ခံချက်။

တတိယ ဇယား။

[ပုဒ်မ ၁၉ (၂) ကိုကြည့်ပါ။]

(က) နိုင်ငံတော်အစိုးရနှင့်အစိုးရဌာနများမှ ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာ များ။

(ခ) တက္ကသိုလ်များ၊ စာသင်ကျောင်းများ၊ ဘုတ်အဖွဲ့များ၊ ကော်ပိုရေး ရှင်းများ၊ မြို့နိုစီပါယ်အဖွဲ့များ၊ ဒေသန္တရအဖွဲ့များ၏အာဏာပိုင်များက လုပ်ရိုးလုပ်စဉ် ဝတ်တရားအတိုင်းဆောင်ရွက်ရာတွင် ဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

(ဂ) တရားဥပဒေအတွင်းတွင် ဆောင်ရွက်လျက်ရှိသော အသင်းများ၊ အ သင်းခွဲများ၊ အသင်းစုများကဝတ်တရားအတိုင်းဆောင်ရွက်ရာတွင် ဖြန့်ဖြူးသောပုံနှိပ် ထုတ်ဝေစာများ။

(ဃ) ကုန်တိုက်များ၊ ပွဲစားများ၊ ကုန်သည်များ၊ သမဝါယမအသင်းများ ကဝတ်တရားအတိုင်းရောင်းဝယ်ရေးလုပ်ငန်းအတွက်ဖြန့်ဖြူးသောပုံနှိပ် ထုတ်ဝေစာများ။

(င) ဘာသာရေး၊ သာရေးနာရေး၊ လူမှုဆက်ဆံရေးတို့နှင့် ရွေးကောက်ပွဲ များအတွက်၊ ဝတ်တရားအတိုင်းဖြန့်ဖြူးသောပုံနှိပ်ထုတ်ဝေစာများ။

ပထမစာစု—အမှတ် ၂၀၊ တရားရေးဝန်ကြီးဌာန၊ ၂၀၁၀-၅၉—၂,၀၀၀—၂။

၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ငွေရင်းနှီးရေး အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ငွေရင်းနှီးရေးအက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တရုပ်လုံးတွင် အာဏာတည်ရမည်ဖြင့်၊ ကုန်ထုတ်လုပ်ငန်း၊ သတ္တုတွင်းတူးဖေါ်ရေးလုပ်ငန်း၊ တံငါလုပ်ငန်း၊ ခရီးသွားဧည့်သည်များကြိုဆိုပြုစုရေးလုပ်ငန်း၊ ကောက်ပဲသီးနှံ၊ သစ်တောထွက်ပစ္စည်း၊ တွင်းထွက်ပစ္စည်း၊ သို့တည်းမဟုတ် အင်းအိုင်ထွက်ပစ္စည်းများ ပြုပြင်ရေးလုပ်ငန်းစဉ်နှင့်ဆိုင်ငံ၊ နည်းဥပဒေများဖြင့် သတ်မှတ်သည့် အခြားစီးပွါးရေးလုပ်ငန်းများနှင့်ဆိုင်ငံ သက်ဆိုင်စေရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော် သမတ က၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ‘‘ကော်မိတီ’’ ဆိုသည်မှာ၊ ပုဒ်မ ၃ အရခန့်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံငွေရင်းနှီးရေးကော်မိတီကို ဆိုလိုသည်။

(ခ) ‘‘ကမကထပြုသူ’’ ဆိုသည်မှာ၊ ကော်မိတီသို့ ငွေရင်းနှီးရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် အကြံဉာဏ်တင်သွင်းသည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံသား တဦးဦးကိုသော်၎င်း၊ နိုင်ငံခြားသား တဦးဦးကိုသော်၎င်း ဆိုလိုသည်။

(ဂ) ‘‘ဆောင်ရွက်ရန်အကြံဉာဏ်’’ ဆိုသည်မှာ၊ ကမကထပြုသူက၊ ရည်ရွယ်ထားသော ငွေရင်းနှီးရေးအတွက် သဘောတူရန် ကော်မိတီသို့ တင်သွင်းသောလျှောက်လွှာကို ဆိုလိုသည်။

(ဃ) ‘‘အခွင့်အမိန့်စာ’’ ဆိုသည်မှာ၊ ဆောင်ရွက်ရန် အကြံဉာဏ်နှင့်စပ်လျဉ်း၍ ကော်မိတီ၏ သဘောတူချက်ဖေါ်ပြသည့် စာတမ်းအမှတ်အသားကို ဆိုလိုသည်။

(င) ‘‘နိုင်ငံခြားမ,တည်ငွေရင်း’’ ဆိုသည်မှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ စီးပွါးရေးလုပ်ငန်းတွင် ငွေရင်းနှီးရန်ကိစ္စအလို့ငှါ၊ နိုင်ငံခြားသားတဦးက၊ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ယူဆောင်လာသောပစ္စည်းကိုငင်း၊ ယင်းသို့ ယူဆောင်လာသည့်

အဆို—၁၀ ပြား]

ပစ္စည်းများမှရရှိ၍၊ ဆိုခဲ့သည့်အတိုင်း ရင်းနှီးထားသော ပစ္စည်းကိုငင်း ဆိုလိုသည်။ ထိုဖစ္စည်းများတွင် အောက်ပါတို့ပါဝင်သည်။

(၁) နိုင်ငံခြားငွေ။

(၂) ငွေရင်းနှီးရေးအတွက်စက်ကိရိယာ၊ အသုံးအဆောင်၊တန်ဆာပလာများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ အပိုအစိတ်အပိုင်းများနှင့်အခြားအလားတူပစ္စည်းများ။

(၃) လိုင်စင်များ၊ ကုန်တံဆိပ်များ၊ မူပိုင်အခွင့်အရေးများနှင့် အထည်ဖြစ်မရှိသော အလားတူအခွင့်အရေးများ။

(၄) ပြည်ပသို့လွှဲပြောင်းပိုင်ခွင့်ရှိလျက်နှင့်မလွှဲပြောင်းဘဲ၊ ပြန်လည်ရင်းနှီးထားသောအမြတ်ငွေများ။

(စ) ''ငွေရင်းနှီးသူ'' ဆိုသည်မှာ၊ တင်သွင်းထားသည့်ဆောင်ရွက်ရန်အကြံဉာဏ်အတွက် သဘောတူချက်ရရှိပြီးဖြစ်သော ကမကထပြုသူကိုဆိုလိုသည်။

၃။ ။ပြည်ထောင်စု မြန်မာနိုင်ငံ ငွေရင်းနှီးရေး ကော်မိတီဟု ခေါ်သည့် ကော်မိတီတခုကို၊ နိုင်ငံတော်သမတ ကခန့်ထားရမည်။

၄။ ။(၁) ကော်မိတီသည်၊ မိမိထံတင်သွင်းသည့် ဆောင်ရွက်ရန်အကြံဉာဏ်ဟူသ၍ကိုစဉ်းစားရမည်။ ထို့ပြင် ကော်မိတီသည်၊ တည်ဆဲတရားဥပဒေတရပ်ရပ်ကိုမထိခိုက်စေဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွါးရေးအကျိုးနှင့် ညီညွတ်သော ဆောင်ရွက်ရန်အကြံဉာဏ်ကိုသသောတူလက်ခံနိုင်သည်။

(၂) ကော်မိတီ သည်၊ ဆောင်ရွက်ရန်အကြံဉာဏ်ကို သဘောတူ လက်ခံသည့်အခါ၊ အခွင့်အမိန့်စာကို၊ နိုင်ငံတော်သမတ ကနည်းဥပဒေဖြင့် သတ်မှတ်သော ပုံစံအတိုင်း၊ ငွေရင်းနှီးသူအားထုတ်ပေးရမည်။

၅။ ။ငွေရင်းနှီးသူများအား၊ အောက်ပါ အခွင့်အရေး အားလုံးကိုဖြစ်စေ၊ တခုခုကိုဖြစ်စေ ပေးရမည်။

(က) လိုအပ်သောကုန်ကြမ်းများနှင့် အရံပစ္စည်းများတင်သွင်းရန်ခွင့်ပြုချသားသည့်နိုင်ငံခြားသုံးငွေအလွယ်တကူရနိုင်ခွင့်။

(ခ) နိုင်ငံခြားသားများဖြစ်သည့်မန်နေဂျာများ၊စက်မှုလက်မှုကျွမ်းကျင်သူများနှင့်ကျင်လည်သောအလုပ်သမားများကို၊ ကော်မိတီက သဘောတူသည့် ပဋိညာဉ်စာချုပ်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ခေါ်ယူနိုင်ခွင့်။ သို့ရာတွင် အဆိုပါငွေရင်းနှီးသူများမှာ၊ ပြည်ထောင်စုနိုင်ငံသားများ၏ တိုးတက်ရေးအတွက် ကော်မိတီက သဘောတူလက်ခံပြီးဖြစ်သည့် အလုပ်သင်တန်းပေးရေးနှင့်ရာထူးတိုးမြှင့်ပေးရေးအစီအစဉ်ရှိရမည်။

(ဂ) နိုင်ငံခြားသား ရာထမ်း မူထမ်းများအတွက် အမြတ်တော်ခွန်ပေးဆောင်နိုင်ခွင့်။ ယင်းသို့ ပေးဆောင်သည့် အမြတ်တော်ခွန်များကို၊ အခွန်စည်းကြပ်ရေး ကိစ္စအလို့ငှာ၊ လုပ်ငန်းစရိတ်အဖြစ် ယူဆရမည်။

(ဃ) လုပ်ငန်းမှရရှိသည့် အမြတ်ငွေများကို ပြန်လည်ရင်းနှီးရန်အတွက် သီးသန့်ထားနိုင်ခွင့်နှင့် ထိုအမြတ်ငွေများကို၊ သီးသန့်ထားပြီးနောက်၊ တနှစ်အတွင်းပြန်လည်ရင်းနှီးလျှင်၊ ထိုအမြတ်ငွေပေါ်တွင် အမြတ်တော်ခွန်ထမ်းဆောင်ရခြင်းမှကင်းလွတ်ခွင့်။

(င) အခွန်စည်းကြပ်ရန်ကိစ္စအလို့ငှါ၊ ပစ္စည်းတန်ဘိုးလျော့တွက်ငွေကို ကော်မိတီကသတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့် မူလရင်းနှီးငွေပြည့်အောင် အမြတ်ငွေထဲမှနုတ်ပယ်ပိုင်ခွင့်။

(စ) ပဌမသုံးနှစ်အတွင်း အမြတ်ဘော်ခွန်ထမ်းဆောင်ရခြင်းမှ လုံးဝကင်းလွတ်ခွင့်နှင့် ကော်မိတီက သတ်မှတ်သည့် နောက်ထပ်ကာလအပိုင်းအခြားရှိလျှင်၊ ထိုကာလအပိုင်းအခြားအတွင်း တစိတ်တဒေသကင်းလွတ်ခွင့်။

(ဆ) ပဌမသုံးနှစ်အတွင်း တင်သွင်းသည့် စက်ကိရိယာများပေါ်တွင် အကောက်တော်ထမ်းဆောင်ရခြင်းမှ ကင်းလွတ်ခွင့်။

(ဇ) ပဌမသုံးနှစ်အတွင်း ကူးသန်းရောင်းဝယ်ရေးအတွက် ထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းများပေါ်တွင် အကောက်တော်ထမ်းဆောင်ရခြင်းမှ ကင်းလွတ်ခွင့်။

၆။ ။(၁) မည်သည့် လုပ်ငန်းကိုမဆို ကုန်ထုတ်ရောင်းဝယ်ရေးကိစ္စစတင်ဆောင်ရွက်သည့်နေ့ရက်မှစ၍ ၁၀ နှစ်အတွင်း နိုင်ငံပိုင်မပြုလုပ်ရ၊သို့ရာတွင် နိုင်ငံတော်သမတ သည်၊ပြည်သူ့အကျိုးစီးပွါးနှင့် ရင်းနှီးငွေများပါဝင်ခြင်းကိုထောက်ရှု၍ အဆိုပါ ကာလအပိုင်းအခြားကို အနှစ် ၂၀ အထိပေးနိုင်သည်။

(၂) ရင်းနှီးငွေအဖြစ် နိုင်ငံခြား မ,တည်ငွေရင်းတစိုက်တဒေသပါဝင်သော လုပ်ငန်းကို နိုင်ငံပိုင်ပြုလုပ်လျှင်၊ထိုသို့ရင်းနှီးထားသည့်နိုင်ငံခြား မ,တည်ငွေရင်းအတွက် လျော်ကြေးကို ထိုသို့ရင်းနှီးရာ၌ ထည့်ဝင်သောနိုင်ငံခြားသုံးငွေဖြင့် ထုတ်ပေးရမည်။

(၃) အောက်ပါငွေများကို နိုင်ငံခြားသို့ သက်ဆိုင်ရာနိုင်ငံခြားငွေဖြင့် တည့်ဆဲအစိုးရငွေလဲလှယ်နှုန်းအတိုင်း လဲပြောင်းနိုင်စေရမည်။

(က) ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်မှစ၍၊ နိုင်ငံခြား မ,တည်ငွေရင်းဖြင့် ငွေရင်းနှီးသူများရရှိသည့်အမြတ်ငွေများထဲမှအခွန် ပေးဆောင်ပြီးနောက် ကျန်ရှိသောအမြတ်ငွေ၊

(ခ) လုပ်ငန်းကို၊တစိတ်တဒေသဖြစ်စေ၊ လုံးဝဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင်၊ လုပ်ငန်းပိုင်ပစ္စည်းများ ရောင်းချရငွေများထဲမှ နိုင်ငံခြား မ,တည်ငွေရင်းဖြင့် ငွေရင်းနှီးသူရရှိသော အသားတင်ဝေစု၊

(ဂ) လုပ်ကိုင်ဆဲလုပ်ငန်းတွင်ပါဝင်သော နိုင်ငံခြား မ,တည်ငွေရင်းအချို့အဝက်၊ သို့တည်းမဟုတ် အားလုံးရောင်းချရငွေများ၊ ထို့ပြင်

(ဃ) နိုင်ငံခြားမှ ချေးယူသော ငွေရင်းနှင့် ၎င်းအပေါ် ကျသင့်သည့် အတိုးငွေ။

၇။ ။ကော်မိတီသည်၊ ဆောင်ရွက်ရန်အကြံဉာဏ်တင်သွင်းသော ကမကထပြုသူအား၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ မိမိလိုအပ်သည်ထင်မြင်သည့်သက်သေခံအထောက်အထားကိုဖြစ်စေ၊ အကြောင်းအရာကိုဖြစ်စေ မိမိသတ်မှတ်သည့်နည်းလမ်းအတိုင်းတင်ပြရန်၊ မည်သည့်အခါမဆို တောင်းဆိုနိုင်သည်။

၈။ ။ကော်မိတီမှာ၊ မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ လိုအပ်သော၊ သို့တည်းမဟုတ် သင့်လျော်သောမည်သည့်ကိစ္စကိုမဆို ဆောင်ရွက်နိုင်သည့်အာဏာရှိစေရမည်။

၉။ ။ကော်မိတီသည်၊ ငွေရင်းနှီးရေးစီမံကိန်းများကို စီမံရန်နှင့်အထမြောက်အောင်ဆောင်ရွက်ရန်၊ ကမကထပြုသူများနှင့် အခြားအကျိုးသက်ဆိုင်သူများအား၊ အကြောင်းအရာ၊ အကြံဉာဏ်နှင့်အကူအညီများပေးရမည်။

၁၀။ ။ငွေရင်းနှီးသူများက၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍၊ သာတူညီမျှသောအခွင့်အရေးကို ဆောလျင်စွာမရရှိကြောင်းဖြင့် တိုင်တန်းလျှင်၊ ကော်မိတီသည်၊ ထိုတိုင်တန်းချက်များကို ကြားနာစစ်ဆေးရမည်ဖြစ်၊ ထိုတိုင်တန်းချက်များနှင့်စပ်လျဉ်း၍လည်း လိုအပ်သည့်အတိုင်း အရေးယူဆောင်ရွက်ရမည်။

၁၁။ ။ကော်မိတီသည်၊ ပြည်တွင်းနှင့်ပြည်ပ ကိုယ်ပိုင်ငွေရင်းနှီးရေးလွယ်ကူစေရန်နှင့် အားပေးရန် လိုအပ်သည့်စီမံချက်များနှင့် အရေးယူဆောင်ရွက်ချက်များကို၊ အစိုးရအား၊ အခါအားလျော်စွာ အကြံပေးရမည်။

၁၂။ ။(၁) နိုင်ငံတော်သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေနှင့် ညီညွတ်သောနည်းဥပဒေများပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည်၊ အောက်ပါကိစ္စများအတွက်ပြဋ္ဌာန်းရမည်။

(က) ကော်မိတီတွင် ပါဝင်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များကိုငင်း၊ ကော်မိတီ၏သက်တမ်းကိုငင်း၊ ကော်မိတီ အစည်းအဝေးများတွင် လိုက်နာရမည့် စည်းကမ်းနည်းလမ်းနှင့် အဆိုပါအစည်းအဝေးများ အထမြောက်ရန် တက်ရောက်ရမည့် ကော်မိတီလူကြီးဦးရေကိုငင်း သတ်မှတ်ရန်ကိစ္စ။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ (၂) အရထုတ်ပေးရမည့် အခွင့်အမိန့်စာပုံစံသတ်မှတ်ရန်ကိစ္စ။

(ဂ) ပုဒ်မ ၇ အရ၊ သက်သေခံ အထောက်အထားကိုဖြစ်စေ၊ အကြောင်းအရာကိုဖြစ်စေ တင်ပြခြင်းနှင့်စပ်လျဉ်း၍ နည်းလမ်းသတ်မှတ်ရန်ကိစ္စ။

(ဃ) ကော်မိတီ၏ကိုယ်စား ပဋိညာဉ်စာချုပ်များနှင့် အခြားစာတမ်းအမှတ်အသားများကိုလက်မှတ်ရေးထိုးရန်ကိစ္စ။

(င) ဤအက်ဥပဒေအရ၊ နည်းဥပဒေဖြင့် သတ်မှတ်ရန် လိုအပ်သည့် အခြားကိစ္စများ။

ပမာဏစာရင်း—အမှတ် ၂၃၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ ပြည်ထောင်စုအစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏ လစာငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၂။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ပြည်ထောင်စု အစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏လစာငွေများ) (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နောက်ထပ်တကြိမ် ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်က အမည်တင်သွင်းသောပုဂ္ဂိုလ်အား၊ နိုင်ငံတော်သမတက ဝန်ကြီးချုပ်ခန့်ထားသည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုအစိုးရ (အဖွဲ့ဝင်ဝန်ကြီးများ၏လစာငွေများ) အက်ဥပဒေတွင်၊ ပုဒ်မ ၃ အစား၊ အောက်ပါကို ပုဒ်မ ၃ အဖြစ်ထည့်သွင်းရမည်။

"၃။ ။ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် အခြားဝန်ကြီး အသီးသီးနှင့် အတိုက်အခံခေါင်းဆောင်အား၊ လစဉ်လစာ ကျပ် ၃,၄၀၀ စီတို့ကို ပါလီမန်က ပြဋ္ဌာန်းထားသော ငွေများထဲမှထုတ်ပေးရမည်။ ဝန်ကြီးချုပ်အား၊ တလလျှင် စရိတ်ငွေကျပ် ၁,၀၀၀ ပေးရမည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့အား၊ တလလျှင်စရိတ်ငွေကျပ် ၅၀၀ စီပေးရမည်။"

ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးများနှင့် အတိုက်အခံခေါင်းဆောင်အားပေးအပ်သော လစာငွေများနှင့် စရိတ်ကြေးငွေများ။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် အခြားဝန်ကြီး အသီးသီးနှင့် အတိုက်အခံ ခေါင်းဆောင်အား၊ အစိုးရက ပေးသော ဆင်ယင်မွမ်းမံထားသည့် နေအိမ်တဆောင်စီကို၊ အခမဲ့ သုံးပိုင်ခွင့်ပေးရမည်၊ သို့တည်းမဟုတ် တလလျှင် ကျပ် ၂၅၀ စီပေးရမည်။ ဝန်ကြီးချုပ်အား၊ မော်တော်ယာဉ်ကစီးကိုလည်း လိုအပ်သောစရိတ်နှင့်တကွ အခမဲ့သုံးပိုင်ခွင့်ပေးရမည်။"

ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် အခြားဝန်ကြီးများနှင့် အတိုက်အခံခေါင်းဆောင်ရထိုက်သည့် အခြားအခွင့်အရေးများ။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၅ တွင် " ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးများသည်၊ မိမိတို့၏ရာထူးလက်ရှိကာလအတွင်းတွင် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးများ " ဆိုသည့်စကားရပ်အစား၊ " ဝန်ကြီးချုပ်၊ အစိုးရအဘိုး—၁၀ ပြား။]

အဖွဲ့ဝင်အခြားဝန်ကြီးများနှင့်အတိုက်အခံခေါင်းဆောင်သည်၊ မိမိတို့၏ ရာထူးလက်ရှိ ကာလအတွင်းတွင်၊ ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးများနှင့် အတိုက်အခံ ခေါင်းဆောင် '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆ အစား၊ အောက်ပါကို ပုဒ်မ ၆ အဖြစ် ထည့်သွင်းရမည်။

'' ၆။ ။ဝန်ကြီးချုပ်ရာထူး၌ဖြစ်စေ၊အစိုးရအဖွဲ့ဝင် အခြားဝန်ကြီးရာထူး၌ဖြစ်စေ၊ အတိုက်အခံခေါင်းဆောင် ရာထူး၌ဖြစ်စေ ထမ်းရွက်နေသည် ဖြစ်သောကြောင့် ထိုသို့ထမ်းရွက်နေသောသူတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်တရပ်ရပ်၏ အမတ်အဖြစ်ဖြင့် အရွေးခံရန်သော်၎င်း၊ ထိုကဲ့သို့သော အမတ်အဖြစ်ဖြင့် တည်နေရန်သော်၎င်း အရည်အချင်းပျက်ယွင်းခြင်းမရှိစေရ။ ''

အခင်းကြေးငွေ ရရှိသော ရာထူးလက်ရှိဖြစ်သည့် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် အခြား ဝန်ကြီးများနှင့် အတိုက်အခံ ခေါင်းဆောင်သည်၊ ပါလီမန်အမတ်ဖြစ်ရန် အရည်အချင်း ပျက်ယွင်းခြင်းမရှိစေရ၊

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၇ တွင် '' ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးအသီးသီးမှာ '' ဆိုသည့်စကားရပ်အစား၊ '' ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်အခြားဝန်ကြီးအသီးသီးနှင့်အတိုက်အခံခေါင်းဆောင်မှာ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၇။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၇ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၈ အဖြစ်ထည့်သွင်းရမည်။

'' ၈။ ။ဤအက်ဥပဒေတွင် ' အတိုက်အခံခေါင်းဆောင် ' ဆိုသည်မှာ၊ ပြည်သူ့လွှတ်တော်၌ အစိုးရနှင့် အတိုက်အခံဖြစ်သည့် အမတ်ဦးရေအများဆုံးရှိသောပါတီ၏ခေါင်းဆောင်အဖြစ်အခါအားလျော်စွာဆောင်ရွက်နေသည့် အမတ်ကိုဆိုလိုသည်။ ''

၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၃။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အခန်း ၁။

နိဒါန်း။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင် အာဏာတည်ရမည်။

၂။ ။(၁) အောက်တွင် ဖော်ပြထားသူများသည်၊ မည်သည့်နေရာအရပ်၌ မဆို ရောက်ရှိနေစေကာမူ၊ ဤအက်ဥပဒေကို လိုက်နာကြရမည်။

ဤအက်ဥပဒေကို လိုက်နာရသူများ။

(က) တပ်မတော်တွင် အမှုထမ်းနေကြသော အရာရှိများ၊

(ခ) ဤအက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသောသူများ၊

(ဂ) မြန်မာနိုင်ငံကြည်းတပ်အက်ဥပဒေ (The Burma Army Act)၊ သို့တည်းမဟုတ် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံရေတပ် စည်းကမ်းအက်ဥပဒေ (The Burma Naval Discipline Act, 1947)၊ သို့တည်းမဟုတ် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလေတပ် (စည်းကမ်း) အက်ဥပဒေ [The Burma Air Force (Discipline) Act, 1947] ကို၊ ဤအက်ဥပဒေ အာဏာတည်ဆဲဆဲကာလက လိုက်နာရသူများ၊ ထို့ပြင်

(ဃ) အခြားနည်းအားဖြင့် စစ်ဘက်ဥပဒေကို လိုက်နာရသည် မဟုတ်စေကာမူ၊ တန်းပြည့်စစ်မှုထမ်းချိန်၌၊ စစ်စခန်းတွင်၊ စစ်ချီနေသည့်အခါတွင်၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှါ အမိန့်ကြော်ငြာစာဖြင့် သီးခြား သတ်မှတ်ထားပြီးဖြစ်သော နယ်စပ်စစ်စခန်းတခုခုတွင်၊ တပ်မတော်၏ အစိတ်အပိုင်းတခုခုက စေခိုင်းခြင်းခံရသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုတွင် အမှုထမ်းရွက်နေရသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်း တခုခုတွင် နောက်လိုက်နောက်ပါဖြစ်ကြသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုနှင့် လိုက်ပါလာကြသူများ။

(၂) ပုဒ်မခွဲ(၁)၊ အပိုဒ် (က)၊ (ခ)၊ သို့တည်းမဟုတ် (ဂ) အရ ဤအက်ဥပဒေကို လိုက်နာရသူတိုင်းသည်၊ မိမိ၏ စစ်မှုထမ်းခြင်း ရှုစ်လိုက်သည်အထိ၊ နည်းလမ်းတကျ အငြိမ်းစားပေးလိုက်သည် အထိ၊ ထွက်ခွင့်ပေးလိုက်သည် အထိ၊ နုတ်ပယ်လိုက်သည်အထိ၊ အမြဲတန်းထုတ်ပစ်လိုက်သည်အထိ၊ သို့တည်းမဟုတ် ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်လိုက်သည်အထိ၊ ဤအက်ဥပဒေကို လိုက်နာလျက်ရှိရမည်။

၃။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ် ဖော်ပြချက်များ။

(က) "တန်းပြည့်စစ်မှုထမ်းချိန်" ဆိုသည်မှာ၊ ဤအက်ဥပဒေကိုလိုက်နာရသူတဦးနှင့် သက်ဆိုင်စေရာ၌၊ အောက်ပါအတိုင်း၊ ထိုသူပါဝင်ဆောင်ရွက်နေသည့်အချိန်ကို ဆိုလိုသည်။

(၁) ရန်သူနှင့်ပြိုင်ဆိုင် တိုက်ပွဲဆင်နွှဲနေသော တပ်ဖွဲ့တဖွဲ့တွင်၊ တွဲဘက်ထားသည့်အချိန်၊ သို့တည်းမဟုတ် ပါဝင်သည့်အချိန်၊ သို့တည်းမဟုတ်

(၂) ရန်သူက လုံးဝသော်၎င်း၊ တစိတ်တဒေသသော်၎င်း၊ သိမ်းပိုက်ထားသော တိုင်းပြည်တပြည်၌ဖြစ်စေ၊ နေရာတခု၌ဖြစ်စေ၊ တိုက်ပွဲဆင်နွှဲနေသည့်အချိန်၊ သို့တည်းမဟုတ် ယင်းကဲ့သို့သော တိုင်းပြည်တပြည်သို့ဖြစ်စေ၊ နေရာတခုသို့ဖြစ်စေ၊ စစ်ရှိတက်ရာ၌ ပါဝင်သည့်အချိန်၊ သို့တည်းမဟုတ်

(၃) နိုင်ငံခြားနိုင်ငံတခုကို သိမ်းပိုက်ထားသော တပ်ဖွဲ့တဖွဲ့တွင်တွဲဘက်ထားသည့်အချိန်၊ သို့တည်းမဟုတ် ပါဝင်သည့်အချိန်။

(ခ) "လေယာဉ်" ဆိုသည့် စကားရပ်တွင် လေယာဉ်ပျံများ၊ ဓါတ်ပုံးပံ့များ၊ လေတံခွန်ဓါတ်ပုံးပံ့များ၊ လေသင်္ဘောများ၊စက်မဲ့လေယာဉ်များ၊ သို့တည်းမဟုတ် အခြားပံ့သန်းရေး စက်ယန္တရားများပါဝင်သည်။

(ဂ) "လေယာဉ်ပစ္စည်း" ဆိုသည့် စကားရပ်တွင် လေယာဉ်နှင့်စပ်လျဉ်း၍ အသုံးပြုသောစက်များ၊ တပ်ဆင်ထားသောပစ္စည်းများ၊ သေနတ်များ၊ ကိရိယာများ၊ ချိန်ခွင်များ၊ သို့တည်းမဟုတ် တန်ဆာပလာများ၊ လေယာဉ်၏ အဘက်ပစ္စည်းများနှင့် အကူပစ္စည်းများ၊ ထို့ပြင် လေယာဉ်ပံ့များ ပံ့သန်းနိုင်ရန် စွမ်းအားပေးရေးအတွက် အသုံးပြုသော ဓါတ်ဆီ၊ စက်ဆီနှင့် အခြားအရာဝတ္ထုများ ပါဝင်သည်။

(ဃ) "လေကြောင်းအချက်ပြ" ဆိုသည်မှာ၊ အလိုအလျောက်ဖြစ်စေ၊ မြေပြင်မှအချက်ပြခြင်းဖြင့်ဖြစ်စေ၊ မီးရောင်ဖြင့်ဖြစ်စေ၊ လေညွှန်းကိရိယာဖြင့်ဖြစ်စေ၊ အခြားနည်းတခုခုဖြင့်ဖြစ်စေ၊ လေယာဉ်ကို လမ်းညွှန်ပြရေးအတွက် ရည်စူးပြုလုပ်သော အချက်ပြခြင်းကိုဆိုလိုသည်။

(၈) ''နယ်ဘက်ပြစ်မှု'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ကျူးလွန်သည့် ပြစ်မှုဖြစ်လျှင်၊ ရာဇဝတ်တရားရုံးတရုံးက စစ်ဆေးစီရင်နိုင်သော ပြစ်မှုကိုဆိုလိုသည်။

(၉) ''နယ်ဘက်အကျဉ်းထောင်'' ဆိုသည်မှာ၊ အကျဉ်းထောင်များအက်ဥပဒေအရသော်၎င်း၊ တည်ဆဲ အခြားတရားဥပဒေတခုခုအရသော်၎င်း၊ မည်သည့်ရာဇဝတ် အကျဉ်းသားကိုမဆို၊ ချုပ်ထားရန် အသုံးပြုသော အကျဉ်းထောင်တခုခု၊ သို့တည်းမဟုတ် နေရာတခုခုကိုဆိုလိုသည်။

(၁၀) ''တပ်မှူး''ဆိုသည်မှာ၊ ၎င်အက်ဥပဒေကို လိုက်နာရသူတဦးနှင့်ပတ်သက်၍သုံးနှုန်းထားသည့်အခါ၊ ထိုသူပါရှိသော၊ သို့တည်းမဟုတ် ထိုသူအား တွဲဘက်ထားသော တပ်ကိုသော်၎င်း၊ ခွဲထုတ်တပ်ကိုသော်၎င်း၊ အခါအားလျော်စွာ ကွပ်ကဲနေသော အရာရှိကို၊ သို့တည်းမဟုတ် နိုင်ငံတော်သမတက ''တပ်မှူး'' ဟုသီးခြားသတ်မှတ်လိုက်သောအရာရှိတဦးဦးကို ဆိုလိုသည်။

(၁၁) ''တပ်အဖွဲ့''ဆိုသည်မှာ၊ ၎င်အက်ဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊သို့တည်းမဟုတ် တခုခု၏ကိစ္စများအတွက် တပ်အဖွဲ့တဖွဲ့ဟု သတ်မှတ်ထားသော ၎င်အက်ဥပဒေကို လိုက်နာရသည့် သီးခြားလူစုတစုကို ဆိုလိုသည်။

(၁၂) ''စစ်တရားရုံး''ဆိုသည်မှာ၊၎င်အက်ဥပဒေအရ ရုံးထိုင်သောစစ်တရားရုံးကိုဆိုလိုသည်။

(၁၃) ''စစ်ဘက်အယူခံတရားရုံး'' ဆိုသည်မှာ၊ ၎င်အက်ဥပဒေ၏ အခန်း ၁၇ အရဖွဲ့စည်းအပ်သော စစ်ဘက်အယူခံတရားရုံးကို ဆိုလိုသည်။

(၁၄) ''ရာဇဝတ်တရားရုံး'' ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင်းရှိသာမန်ရာဇဝတ်မှုတရားစီရင်သောရုံးကိုဆိုလိုသည်။

(၁၅) '' တပ်မတော်'' ဆိုသည်မှာ၊ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့ကို ဆိုလိုသည်။

(၁၆) '' ဌာန'' ဆိုသည့်စကားရပ်တွင် ဌာနတခု၏ အစိတ်အပိုင်းတခုခု၊ သို့တည်းမဟုတ် ဌာနခွဲတခုခုပါဝင်သည်။

(၁၇) '' ရန်သူ'' ဆိုသည့်စကားရပ်တွင် လက်နက်ကိုင်စစ်ပုန်ကန်မှုပြုသူအားလုံး၊ လက်နက်ကိုင်သူပုန်အားလုံး၊ လက်နက်ကိုင်ရန်းရင်းဆန့်ခတ်မှုပြုသူအားလုံး၊ ရေကြောင်းလေကြောင်း ဓါးပြအားလုံးအပြင်၊ စစ်ဘက်ဥပဒေကို လိုက်နာရသူတဦး၏ အရေးယူခြင်း ခံရမည့်၊ မည်သည့်လက်နက်စွဲကိုင်သူမဆိုပါဝင်သည်။

(၁၈) '' စစ်ဘက်'' ဆိုသည့်စကားရပ်သည် တပ်မတော်တခုလုံး၊ သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်းတခုခုကို ရည်ညွှန်းသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

(၁၉) '' စစ်ဘက်အချုပ်'' ဆိုသည်မှာ၊ တပ်မတော်ထုံးတမ်းအတိုင်း တဦးတယောက်သော သူအား ဘမ်းဆီးထားခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့်ထားခြင်းကိုဆိုလိုသည်။

(ထ) ''စစ်ဘက်အကျဉ်းထောင်'' ဆိုသည်မှာ၊ ပုဒ်မ ၁၀၀ ပါပြဋ္ဌာန်းချက်များအရ ထားရှိသော စစ်ဘက်အကျဉ်းထောင်ကို ဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာ ထုတ်ပြန်ကျေညာသည့်စစ်ဘက်အကျဉ်းထောင်လည်း ပါဝင်သည်။

(ဒ) '' စစ်ဘက်ဆု'' ဆိုသည့်စကားရပ်တွင် လုပ်သက်ရှည်အတွက်သော့ငင်း၊ စာရိတ္တကောင်းအတွက်သော့ငင်း၊ ပေးသောဆုကြေးတခုခု၊ သို့တည်းမဟုတ် နှစ်စဉ်ဆုကြေးတခုခု၊ စာရိတ္တကောင်းလစာတခုခု အပြင်၊ အခြားမည်သည့်စစ်ဘက်ဆုငွေမဆိုပါဝင်သည်။

(ဓ) '' အကြပ်'' ဆိုသည်မှာ၊ တပ်မတော်တွင် အကြပ်အဆင့်လက်ရှိဖြစ်သောသူကိုဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် ခေတ္တအကြပ်များလည်းပါဝင်သည်။

(န) '' ပြစ်မှု''ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့် ပြုလုပ်မှုတခုခု၊ သို့တည်းမဟုတ် ပျက်ကွက်မှုတခုခုကို ဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် နယ်ဘက်ပြစ်မှုလည်း ပါဝင်သည်။

(ပ) '' အရာရှိ'' ဆိုသည်မှာ၊ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပြီးသော အစိုးရပြန်တမ်းတွင်ထုတ်ပြန်ပြီးသော၊သို့တည်းမဟုတ် တပ်မတော်၏တပ်တခုခုတွင် ပြန်တမ်းဝင်အရာရှိတဦးအဖြစ်ဖြင့် လစာရရှိနေသောသူကို ဆိုလိုသည်။

(ဖ) '' သတ်မှတ်သည်'' ဆိုသည်မှာ၊ဤအက်ဥပဒေအရပြဋ္ဌသည့်နည်းဥပဒေများဖြင့် သတ်မှတ်ခြင်းကိုဆိုလိုသည်။

(ဗ) '' တပ်ထိန်းချုပ်'' ဆိုသည်မှာ၊ပုဒ်မ ၁၀၉ အရခန့်အပ်သော တပ်ထိန်းချုပ်ကိုဆိုလိုသည်။ ထို့ပြင် ထိုစကားရပ်တွင် ဒုတိယတပ်ထိန်းချုပ်၊ သို့တည်းမဟုတ် လက်ထောက်တပ်ထိန်းချုပ်၊ သို့တည်းမဟုတ် တပ်ထိန်းချုပ်၏ လက်အောက်ခံအဖြစ်သော်ငင်း၊ တပ်ထိန်းချုပ်၏ ကိုယ်စားသော်ငင်း၊ ဤအက်ဥပဒေနှင့်အညီ အာဏာသုံးစွဲနိုင်သည့် အခြားသူတဦးဦးလည်းပါဝင်သည်။

(ဘ) '' အတွင်းဝန်'' ဆိုသည်မှာ၊ စစ်ဘက်အယူခံတရားရုံး၏ အတွင်းဝန်ကိုဆိုလိုသည်။

(မ) '' စစ်ဘက်အယူခံတရားရုံးနည်းဥပဒေများ'' ဆိုသည်မှာ၊ နိုင်ငံတော်သမတ၏ သဘော တူညီချက်ဖြင့်: တရားလွှတ်တော်ချုပ်က ပြုသော စစ်ဘက်အယူခံတရားရုံးနည်းဥပဒေများကို ဆိုလိုသည်။

(ယ) '' အထက်အရာရှိ'' ဆိုသည့်စကားရပ်တွင် ဤအက်ဥပဒေကိုလိုက်နာရသူတဦးနှင့်ပတ်သက်၍ သုံးနှုန်းထားသည့်အခါ အရာခံဗိုလ်နှင့် အကြပ်တို့ပါဝင်သည်။

(ရ) ''တပ်'' ဆိုသည့်စကားလုံးတွင်—

(၁) သီးခြားဖွဲ့စည်းပုံဇယားခွင့်ပြုရရှိထားသော၊ အရာရှိများနှင့်အရာရှိမဟုတ်သူများပါဝင်သည့်အဖွဲ့အစည်းတခုခုနှင့်

(၂) နိုင်ငံတော် သမတက တပ်တတပ်ဟု သီးခြားဖေါ်ပြထားပြီး၊ ဤအက်ဥပဒေကို လိုက်နာရသူအားလုံး၊ သို့တည်းမဟုတ် အချို့ ပါဝင်သည့် အခြားသီးခြားအဖွဲ့အစည်းတခုခုပါဝင်သည်။

(လ) '' အရာခံဗိုလ် '' ဆိုသည်မှာ၊ တပ်မတော်တွင် အရာခံဗိုလ်တဦးအဖြစ် ခန့်ထားသော၊ သို့တည်းမဟုတ် အရာခံဗိုလ်တဦးအဖြစ်လစာရရှိနေသောသူကိုဆိုလိုသည်။

(ဝ) '' စခန်းဦးဖြစ်စေ၊ နေထိုင်ရာနေရာဦးဖြစ်စေ၊ ရှိသည့်တပ်ကြွေးမြီများနှင့်အခြားကြွေးမြီများ '' ဆိုသည့်စကားရပ်တွင်၊ စစ်ဘက်ကြွေးမြီများဖြစ်သော၊ အောက်ပါတို့နှင့်စပ်လျဉ်းသည့် ကျသင့်ငွေ၊ သို့တည်းမဟုတ် ကြိုတင်ပေးငွေအတွက် ပေးဆပ်ရမည့်ငွေပါဝင်သည်။

(၁) နေထိုင်ရာနေရာ။

(၂) ရိပ်သာ၊ တီးဝိုင်း၊ ထို့ပြင် တပ်ရင်းအခြေးငွေစာရင်း။

(၃) သေဆုံးသူ၏သုံးလအတွက် လစာနှင့်ညီမျှသည့် ငွေထက်မပိုသည့်ပြင်၊ ထိုသူမသေမီက တဆယ့်ရှစ်လအတောအတွင်းပေးဆပ်ရမည်ဖြစ်သည့်၊ စစ်ဘက်အဝတ်အစား၊ အဆောင်အယောင်နှင့် ကိရိယာတန်ဆာပလာ။

(သ) '' ကိုယ်စားဆောင်ရွက်ခွင့်လက်မှတ် '' ဆိုသည့်စကားရပ်တွင်သူတဦးအား သေဆုံးသူ၏သေတမ်းစာအတည်ပြုသူသော်ငင်း၊ အမွေထိန်းသော်ငင်း၊ ဖြစ်စေသည့်၊ သို့တည်းမဟုတ် သေဆုံးသူ၏ကြွေးမြီဆပ်ပြီးကျန်ရှိသည့်အမွေပစ္စည်းများကို လက်ခံရန်ဖြစ်စေ၊ရယူရန်ဖြစ်စေ၊ အာဏာလွှဲအပ်သည့် သေတမ်းစာ အတည်ပြုလက်မှတ်၊ သေတမ်းစာပူးတွဲပါသော၊ သို့တည်းမဟုတ် ပူးတွဲမပါသောအမွေထိန်းခန့်ခြာ၊ ထိုပြင် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာပါဝင်သည်။

(ဟ) '' ကိုယ်စားဆောင်ရွက်သူ '' ဆိုသည်မှာ၊ ကိုယ်စားဆောင်ရွက်ခွင့် လက်မှတ်ရသူ တဦးဦးကိုဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် အမွေထိန်းမင်းကြီးမပါဝင်ချေ။

(ဋ) '' စုံစမ်းစစ်ဆေးရေးခုံရုံး '' ဆိုသည်မှာ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးခုံရုံးကို ဆိုလိုသည်။

(အ) ရာဇသတ်ကြီးတွင်အဓိပ္ပါယ်ဖေါ်ပြထားပြီးဖြစ်၍အထက်တွင် အဓိပ္ပါယ်ဖေါ်ပြမထားသော၊ ဤအက်ဥပဒေတွင်သုံးနှုန်းထားသည့် စကားလုံးနှင့်စကားရပ်အားလုံး၏အဓိပ္ပါယ်သည်၊ ထိုရာဇသတ်ကြီးတွင် ဖေါ်ပြထားသော အဓိပ္ပါယ်များအတိုင်း ဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း ၂။

၅။ ။ဤအက်ဥပဒေနှင့်သက်ဆိုင်စေခြင်း။

ပြည်ထောင်စု အစိုးရ လက်အောက်ရှိအချို့သော တပ်ဖွဲ့များနှင့် ဤအက်ဥပဒေသက်ဆိုင်စေခြင်း။

၄။ ။(၁) ဤအက်ဥပဒေရှိပြဋ္ဌာန်းချက်အားလုံးသည်၊သို့တည်းမဟုတ် တခုခုသည် ပါလီမန်ကဖြစ်စေ၊ ပြည်နယ်ကောင်စီတခုခုကဖြစ်စေ၊ နိုင်ငံတော်သမတ၏ အမိန့်အာဏာအရဖြစ်စေ၊ ဖွဲ့စည်းတည်ထောင်ထားသော တပ်ဖွဲ့တခုခုနှင့် သက်ဆိုင်ရမည်ဟု နိုင်ငံတော် သမတက အမိန့်ကြော်ငြာစာဖြင့် ကျေညာနိုင်သည်။

(၂) ယင်းသို့အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာသည့်အခါ၊ ထိုသို့သက်ဆိုင်စေသည့် ဤအက်ဥပဒေရှိပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေနှင့် ယင်းသို့သက်ဆိုင်စေသော တပ်ဖွဲ့တွင်ပါဝင်သူများ၊အခါအားလျော်စွာ၊ရရှိထားသော အဆင့်နှင့်တူညီသည့်အဆင့်ကို တပ်မတော်တွင်ရရှိထားသော ဤအက်ဥပဒေကို လိုက်နာကြရသူများအပေါ် အကျိုးသက်ရောက်သကဲ့သို့၊ ပြဋ္ဌာန်းချက်များသည်၊ ထိုတပ်ဖွဲ့တွင်ပါဝင်သူများအပေါ် အကျိုးသက်ရောက်စေရမည်။ ထို့ပြင် ပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၏အပိုဒ် (ဃ) အရ ဤအက်ဥပဒေကို လိုက်နာရသူများအပေါ် အကျိုးသက်ရောက်သကဲ့သို့ အဆိုပါတပ်ဖွဲ့တခုခု၏အစိတ်အပိုင်းတခုခုကစေခိုင်းခြင်းခံရသူများ၊သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုတွင် ပါဝင်အမှုထမ်းရွက်နေရသူများ၊သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုတွင် နောက်လိုက်နောက်ပါဖြစ်ကြသူများ၊ သို့တည်းမဟုတ် ယင်းအစိတ်အပိုင်းတခုခုနှင့်လိုက်ပါလာကြသူများ အပေါ်လည်း အကျိုးသက်ရောက်စေရမည်။

(၃) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်တခုခုသည်၊ ထိုတပ်ဖွဲ့တမူခုအပေါ် အကျိုးသက်ရောက်နေစဉ်၊ ထိုပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်ခြင်းကြောင့် သုံးစွဲဆောင်ရွက်ရမည့်စီရင်ပိုင်ခွင့်အာဏာ၊ အခြားအာဏာများ၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားတခုခုကို မည်သည့်အာဏာပိုင်က ထိုတပ်ဖွဲ့နှင့်စပ်လျဉ်း၍ သုံးစွဲဆောင်ရွက်ရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင် အခါအားလျော်စွာ ထိုတပ်ဖွဲ့နှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းထားသော အခြားဥပဒေတရပ်ရပ်ကို ရပ်ဆိုင်းထားနိုင်သည်။

အချို့ ကိစ္စရပ်များတွင် အဆင့်နှင့် စပ်လျဉ်းသော အထူးပြဋ္ဌာန်းချက်။

၅။ ။(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁)၏ အပိုဒ် (ဃ) အရ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအားဖြစ်စေ၊ လူအမျိုးအစား တမျိုးတစားအားဖြစ်စေ၊ အရာရှိများ၊ အရာခံဗိုလ်များ၊ သို့တည်းမဟုတ် အကြော်များအဖြစ်၊ ထိုအက်ဥပဒေကို လိုက်နာရမည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ညွှန်ကြားနိုင်သည်ပြင်၊ ထိုသူတဦးဦးနှင့်ပတ်သက်၍ အလားတူ ညွှန်ကြားချက်တရပ်ပေးရန်နှင့် ထိုညွှန်ကြားချက်ကိုပယ်ဖျက်ရန်အရာရှိတဦးဦးအား အခွင့်အာဏာအပ်နှင်းနိုင်သည်။

(၂) အရာရှိများ၊ အရာခံဗိုလ်များနှင့် အကြော်များမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသူအားလုံးသည်၊ ပုဒ်မခွဲ (၁) အရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ သို့တည်းမဟုတ် ညွှန်ကြားချက်တရပ်နှင့် သက်ဆိုင်သူများမဟုတ်ပါက၊ အကြော်တဦး၏ အဆင့်အောက်နိမ့်သော အဆင့်ရှိသူများဖြစ်သည်ဟု မှတ်ယူရမည်။

၆။ ။(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) ၏ အဝိုဒ် (ဃ) အရ ဤအက်ဥပဒေကို လိုက်နာ ရသူတိုင်းသည်၊ မိမိအား တွဲဘက်ထားသော တပ်အဖွဲ့ကို၊ ဌာနကို၊ တပ်ကို၊ သင်္ဘောကို၊အဖွဲ့အစည်းကို၊ သို့တည်းမဟုတ် ခွဲထုတ်တပ်ဝင်ကို ကွပ်ကဲသော တပ်မှူး၏ လက်အောက်တွင် ရှိသည်ဟု၊ ဤအက်ဥပဒေ၏ ကိစ္စများ အတွက် မှတ်ယူရမည်ဖြင့်၊ မိမိအားတပ်အဖွဲ့၊ ဌာန၊ တပ်၊ သင်္ဘော၊ အဖွဲ့အစည်း၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုခုသို့ဘွဲ့ဘက်၍ မထားခဲ့လျှင်၊ မိမိအမှုထမ်းရွက်လျက်ရှိမည့်တပ်ဖွဲ့ကို၊ အခါအားလျော်စွာ၊ ကွပ်ကဲရသောအရာရှိက၊ထို အချိန်တွင် မိမိ၏တပ်မှူးဖြစ်သည်ဆိုသည့်အရာရှိတဦးဦး၏ လက်အောက်တွင် ဖြစ်စေ၊ သတ်မှတ်ထားသော ဒုခြားအရာရှိတဦးဦး၏ လက်အောက်တွင် ဖြစ်စေ၊ ယင်းသို့ အရာရှိတဦးကို၊ တပ်မှူးဖြစ်သည်ဟုဆိုထားခြင်း၊ သို့တည်းမဟုတ် သတ်မှတ်ထားခြင်း မရှိလျှင်၊ တပ်ဖွဲ့ကို ကွပ်ကဲသော အဆိုပါအရာရှိ၏ လက်အောက်တွင် ရှိသည်ဟု မှတ်ယူရမည်။

ပုဒ်မ ၂၊ ပုဒ်မခွဲ (၁) ၏အဝိုဒ်(ဃ)အရ စစ်ဘက် ဥပဒေကို လိုက် နာ ရသူများ၏ တပ်မှူး။

(၂) တပ်ဖွဲ့တခုကိုကွပ်ကဲနေသော အရာရှိတဦးသည်၊ တဦးတယောက်သော သူအား၊ ထိုသူရှိသောနေရာတွင် ထိုသူကိုကွပ်ကဲနိုင်သည်လည်းဖြစ်၍၊ အဆင့်လည်း ပို၍မြင့်သော အရာရှိတဦးဦးရှိလျှင်၊ ထိုသူ၏အဆင့်အောက်နိမ့်သော အရာရှိတဦး၏ လက်အောက်တွင်မထားရ။

၇။ ။ဤပုဒ်မတွင် အမည်သီးခြားဖော်ပြမထားသည့်ပြင်၊ ကြည်းတပ် အတွက် ဖြစ်ပါက၊ တပ်မဟာ အောက်မငယ်ဟုငင်း၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက် ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသော အဖွဲ့အစည်းအဖြစ်သတ်မှတ် ထားသည့် အဖွဲ့အစည်း အောက်မငယ်ဟုငင်း၊ နိုင်ငံတော် သမတကထင်မြင်ယူဆသော စစ်ဘက်အဖွဲ့အစည်းတခုခုကို ကွပ်ကဲနေသည့်အရာရှိ၏ လက်အောက်တွင်၊ ဤအက်ဥပဒေကို လိုက်နာရသူများ အမှုထမ်းရွက်နေကြသည့်အခါ တိုင်း၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်တော်များ၊တပ်မကြီးများ၊တပ်မများနှင့်တပ်မ ဟာများကို ကွပ်ကဲသော အရာရှိများကငင်း၊ ရေတပ်၊သို့တည်းမဟုတ် လေတပ် အတွက်ဖြစ်ပါက၊ ကြည်းတပ်ရှိတပ်တော်၊တပ်မကြီး၊တပ်မ၊ သို့တည်းမဟုတ် တပ်မဟာ နှင့်တူညီသော အဖွဲ့အစည်းများကို ကွပ်ကဲသော အရာရှိများကငင်း၊ ဤအက်ဥပဒေ အရသုံးစွဲနိုင်သော အာဏာများကို၊ထိုသူများနှင့်ပတ်သက်၍မည်သည့်အရာရှိက သုံးစွဲရ မည်ဟု၊ နိုင်ငံတော်သမတကသတ်မှတ်နိုင်သည်။

အချို့ ကိစ္စ ရပ် များ အတွက် အာဏာ များ သုံးစွဲမည့်အရာရှိများ။

၀။ ။ပုဒ်မ ၃၊ အဝိုဒ်ခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား ဖြစ်စေ၊ လူတမျိုးတစားအား ဖြစ်စေ၊ထိုသူများ အမှုထမ်းလျက်ရှိမည့်နယ်တခုခုကိုရည်ညွှန်း၍ သော်၎င်း၊ ဤအက်ဥပဒေ၏၊ သို့တည်းမဟုတ် အခါအား လျော်စွာတည်ဆဲအခြားတရားဥပဒေတရပ်ရပ်၏ပြဋ္ဌာန်းချက် တခုခုကိုရည်ညွှန်း၍သော်၎င်း၊ ဤအက်ဥပဒေ၏အဓိပ္ပါယ်အရ တန်းပြည့်စစ်မှုထမ်းရွက် နေကြသူများအဖြစ် မှတ်ယူရမည်ဟု၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ကျေညာနိုင်သည်။

တန်းပြည့် စစ်မှုထမ်း နေကြသူများဟု ကျေညာ ရန် အာဏာ။

အခန်း ၃။

ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းနှင့် စစ်မှုထမ်းအဖြစ်စာရင်း သွင်းခြင်း။

ပြန်တမ်းဝင် အရာရှိ အဖြစ် ခန့်အပ်ခြင်း။

၉။ ။နိုင်ငံတော် သမတသည်၊ မည်သူကိုမဆို တပ်မတော်တွင် ပြန်တမ်းဝင် အရာရှိတဦးအဖြစ် ခန့်အပ်နိုင်သည်။

နိုင်ငံခြားသားများ စစ်မှုထမ်းအဖြစ် စာရင်းသွင်း နိုင်ခွင့်မရှိခြင်း။

၁၀။ ။ပြည်ခေတာင်စုနိုင်ငံသားမဟုတ်လျှင်၊ နိုင်ငံတော် သမတ၏သဘောတူညီ ချက်စာမရရှိဘဲ၊ မည်သူ့ကိုမျှ တပ်မတော်တွင် စစ်မှုထမ်း အဖြစ် စာရင်းမသွင်းရ။

မိန်းမများ စစ်မှုထမ်း အဖြစ်စာရင်း သွင်းနိုင်ခွင့်၊ သို့တည်းမဟုတ် အလုပ် လုပ်နိုင်ခွင့်ရှိခြင်း။

၁၁။ ။ဤကိစ္စအလို့ငှါ၊နိုင်ငံတော်သမတက အမိန့်ကြော်ငြာဖြင့်သီးခြားဖေါ်ပြ သည့်၊ တပ်မတော်၏တပ်အဖွဲ့၊ဌာန၊ဌာနခွဲ၊သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်းတခုခု၌ တစိတ်တဒေသပါဝင် နေသော၊ သို့တည်းမဟုတ် ဟဲ့ဘက်ထားသော အခြားအဖွဲ့ တွင် မိန်းမများစစ်မှုထမ်းအဖြစ် စာရင်းသွင်းနိုင်ခွင့်ဖြစ်စေ၊ အလုပ်လုပ်ကိုင်နိုင်ခွင့်ဖြစ်စေ၊ ရှိရမည်။

စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိ မျက်မှောက်တွင် လိုက် နာရန် နည်းလမ်း။

၁၂။ ။သတ်မှတ်ထားသောစစ်မှုထမ်းအဖြစ်စာရင်းသွင်းရေးအရာရှိမျက်မှောက် သို့ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလိုသူတဦးဦးရောက်ရှိသည့် အခါ၊ ထိုအရာရှိကစစ်မှုထမ်းလိုက်နာရမည့် စည်းကမ်းချက် များကို ထိုသူအား ဘတ်ရှင်းပြရမည်၊ သို့တည်းမဟုတ် မိမိ၏ မျက်မှောက်တွင် ဘတ်ပြစေပြီး ရှင်းပြစေရမည်။ ထို့ပြင် စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် သတ်မှတ်ထား သည့် ပုံစံတွင် ဖေါ်ပြထားသော မေးခွန်းများကို၊ ထိုသူအား မေးမြန်းရမည်။ ထို့ပြင် အဆိုပါမေးခွန်းတခုခုနှင့် စပ်လျဉ်း၍ မဟုတ်မမှန်သော အဖြေတရပ်ကို ထိုသူကပေးလျှင်၊ ဤအက်ဥပဒေအရ၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟုထိုသူအားသတိပေး ပြီး အဆိုပါမေးခွန်းတခုစီအတွက် ထိုသူ၏အဖြေကိုရေးမှတ်ရမည်၊သို့တည်းမဟုတ် ရေး မှတ်စေရမည်။

စစ်မှုထမ်းအဖြစ်စာရင်း သွင်းနည်း။

၁၃။ ။ပုဒ်မ ၁၂ ၏ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး၊ စစ်မှု ထမ်းအဖြစ် စာရင်းသွင်းလိုသူသည်၊ မေးခွန်းများကိုပြည့်စုံစွာ နားလည်၍၊စစ်မှုထမ်း လိုက်နာရမည့် စည်းကမ်းချက်များကို သဘောတူသည်ဟု စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေးအရာ ရှိကကျေနပ်လျှင်၊ထို့ပြင် စာရင်းသွင်းခြင်းကို ငြင်းပယ်ရန်အကြောင်းမရှိဟုထင်မြင်လျှင်၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် ပုံစံတွင် မိမိကိုယ်တိုင်က လက်မှတ်ရေးထိုး၍ ထိုသူ အားလည်း လက်မှတ်ရေးထိုးစေပြီးနောက်၊ ထိုသူကို စစ်မှုထမ်းအဖြစ် စာရင်းသွင်း ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ။စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူတဦးအနေနှင့် သုံးလမျှ စစ်ဘက်လုပ်ငန်းတာဝန်ကို ရရှိနေပြီးလျှင်၊ မည်သည့်တပ်အဖွဲ့၊ ဌာန၊ တပ်၊ သို့တည်းမဟုတ် သင်္ဘော်၏ သူစာရင်းတွင်မဆို ပါရှိနေသူတိုင်းကို နည်းလမ်းတကျ စစ်မှုထမ်းအဖြစ်စာရင်းသွင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ထိုသူ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရာ၌ နည်းလမ်းမကျခြင်း အကြောင်းပြချက်တခုခု၊ သို့တည်းမဟုတ် တရားဥပဒေနှင့် ဆန့်ကျင်ခြင်း အကြောင်းပြချက်တခုခု၊ သို့တည်းမဟုတ် အခြားမည်သည့် အကြောင်းပြချက်ကိုမဆို၊ အခြေပြုပြီး ထိုသူ၌ ထွက်ခွင့်တောင်းဆိုပိုင်ခွင့်မရှိစေရ။ ထို့ပြင် အဆိုပါ သုံးလအတွင်း၊ ထိုသူက ထွက်ခွင့်တောင်းဆိုလျှင်၊ ထိုတောင်းဆိုချက်နှင့်အညီ ၎င်းအား ထွက်ခွင့်ပေးလိုက်သည့် အချိန်တိုင်အောင်၊ အဆိုပါ နည်းလမ်းမကျခြင်းအကြောင်းပြချက်၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်ခြင်း အကြောင်းပြချက်၊ သို့တည်းမဟုတ် အခြားအကြောင်းပြချက်တခုခုသည်၊ ၅၂အက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းထားပြီးသူတဦးဖြစ်နေသည့် ထိုသူ၏အခြေအနေကိုမထိခိုက်စေရ၊ သို့တည်းမဟုတ် ထိုသူထွက်ခွင့်မရမီ ပြုလုပ်ခဲ့သော၊ သို့တည်းမဟုတ် ထိုသူ့အပေါ်အရေးယူခဲ့သော မည်သည့်ဆောင်ရွက်ချက်၊ ပြုလုပ်ချက်၊ သို့တည်းမဟုတ် အရာသည်၊ အဆိုပါအကြောင်းပြချက်တခုခုကြောင့် မပျက်ပြယ်စေရ။

စစ်မှုထမ်းအဖြစ်စာရင်းသွင်းခြင်းခိုင်လုံမှု။

သစ္စာဖြိုခြင်း။

၁၅။ ။အောက်ပါသူများသည် သစ္စာပြုကြရမည်။

သစ္စာပြုရသူများ။

(က) တိုက်ပွဲဝင်စစ်မှုထမ်းများအဖြစ် စာရင်းသွင်းပြီးသူအားလုံး၊

(ခ) အကြပ်၊ သို့တည်းမဟုတ် ခေတ္တအကြပ်အဖြစ် ရွေးချယ်ခြင်း ခံရသူအားလုံး၊

(ဂ) နိုင်ငံတော် သမတကသတ်မှတ်သည့် စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသော အခြားသူအားလုံး။

၁၆။ ။(၁) သစ္စာပြုရမည်ဖြစ်သော သူတဦးသည်၊ တာဝန်ဝတ်တရား ထမ်းဆောင်ရန် သင့်တော်သည်ဟု သဘင်ပိုင်ခြင်းခံရသည့်အခါဖြစ်စေ၊ သတ်မှတ်ထားသော အစမ်းခန့် အချိန်ကာလ ပြီးဆုံးသည့်အခါဖြစ်စေ၊ ထိုသူ၏တပ်အဖွဲ့ရှေ့မှောက်တွင်သော်ငင်း၊ ထိုတပ်အဖွဲ့၏ အစိတ်အပိုင်း ရှေ့မှောက်တွင်သော်ငင်း၊ ထိုသူ၏ဌာန၊ တပ်၊ သို့ဘည်းမဟုတ် သင်္ဘော်မှတက်ရောက်နိုင်သမျှသော သူများ၏ရှေ့မှောက်တွင်သော်ငင်း၊ သတ်မှတ်သည့်မူအတိုင်း ထိုသူ၏တပ်မှူးက ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုစေရမည်၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် မူအတိုင်း၊ သတ်မှတ်ထားသည့် အခြားပုဂ္ဂိုလ်တဦးဦးက ထိုသူအား ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုစေရမည်။

သစ္စာပြုနည်း။

(၂) ၅၂ပုဒ်မအရ သတ်မှတ်သည့် ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာမူတွင် သစ္စာပြုရမည့်သူသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို၊ မိမိ၏အသက်စွန့်၍ပင် ထိန်းသိမ်း စောင့်ရှောက်ပါမည်ဟူ၍ဖြင်း၊ တပ်မတော်တွင် ဝင်ရောက် အမှုထမ်းရွက်၍

ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ လေကြောင်းခရီးဖြင့်ဖြစ်စေ၊ မည်သည့်နေရာအရပ်သို့မဆို အမိန့်ပေးသည့်အတိုင်း မိမိ၏အသက်စွန့်၍ပင်သွားမည်ဟူ၍၎င်း၊ မိမိကိုအုပ်ချုပ်သော အထက်အရာရှိ တဦးဦး၏အမိန့်အားလုံးကို၊ မိမိ၏အသက်စွန့်၍ပင် နာခံပါမည်ဟူ၍၎င်း၊ ကတိပြုချက်ပါရှိရမည်။

(၃) စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူတဦးသည်၊ ဤပုဒ်မအရ ဆောင်ရွက်ရန်ညွှန်ကြားသည့်အတိုင်း ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုပြီးကြောင်းကို၊ ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပုံစံတွင်ရေးသွင်းပြီးနောက်၊ ယင်းသို့ရေးသွင်းပြီးကြောင်းကို ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေသည့်အရာရှိက ဟုတ်မှန်ကြောင်း လက်မှတ်ရေးထိုးရမည်။

အခန်း ၄။

စစ်မှုထမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။

နိုင်ငံတော် သမတက စစ်မှုထမ်းခြင်းကို ရပ်စဲခြင်း။

၁၇။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းခြင်းများနှင့်ဝင်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းမျဉ်း ဥပဒေများနှင့်ဝင်း၊ မဆန့်ကျင်စေဘဲ၊ နိုင်ငံတော် သမတသည်၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်နိုင်သည်၊ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည်။

ကာကွယ်ရေးဦးစီးချုပ်နှင့်အခြားအရာရှိများကအမြဲတန်း ထုတ်ပစ်ခြင်း၊ နုတ်ပယ်ခြင်း၊ သို့တည်းမဟုတ် လျှော့ချခြင်း။

၁၈။ ။(၁) ကာကွယ်ရေးဦးစီးချုပ်သည်၊ အရာရှိတဦးဦးမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအားစစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်နိုင်သည်၊ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည့်။

(၂) ကာကွယ်ရေး ဦးစီးချုပ်သည်၊ အရာခံဗိုလ်တဦးဦး၊ သို့တည်းမဟုတ် အကြပ်တဦးဦးအားပို၍နှိမ့်သော အတန်းသို့ဖြစ်စေ၊ ပို၍နိမ့်သော အဆင့်သို့ဖြစ်စေ၊ တပ်သားအဆင့်သို့ဖြစ်စေ၊ လျှော့ချနိုင်သည်။

(၃) ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သောအဖွဲ့အစည်းကိုကွပ်ကဲသည့်အရာရှိတဦးသည်၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိတဦးဦးသည်၊ အရာရှိတဦးမှတပါး မိမိကွပ်ကဲရသူတဦးဦးကို၊ စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်နိုင်သည်၊ သို့တည်းမဟုတ် နုတ်ပယ်နိုင်သည်။

သို့ရာတွင် ကာကွယ်ရေးဦးစီးချုပ်မှတပါး၊ အခြားအရာရှိတဦးသည်၊ အရာခံဗိုလ် (ပဌမတန်း) တဦးကို စစ်မှုထမ်းခြင်းမှ အမြဲတန်းမထုတ်ပစ်ရ၊ သို့တည်းမဟုတ် မနုတ်ပယ်ရ။

(၄) ပုဒ်မခွဲ (၃) တွင် ဖော်ပြပြီးသော အရာရှိတဦးဦးသည်၊ မိမိကွပ်ကဲရသော အရာခံမိုလ်တဦးဦးအား၊ သို့တည်းမဟုတ် အကြပ်တဦးဦးအား၊ပို၍နိုင့်သောအတန်းသို့ ဖြစ်စေ၊ ပို၍နိုင့်သောအဆင့်သို့ဖြစ်စေ၊တပ်သားအဆင့်သို့ဖြစ်စေ၊လျော့ချနိုင်သည်။

သို့ရာတွင် တပ်သားအဆင့်သို့ လျော့ချထားသော အရာခံမိုလ်တဦးအား၊ ၎င်း၏ ဆန္ဒနှင့် ဆန့်ကျင်လျက်တပ်သားအဖြစ်ဖြင့် စစ်မှုမထမ်းစေရ။

(၅) ခေတ္တအကြပ်တဦး၏ တပ်မှူးသည်၊ ထိုအကြပ်ကို အကြပ်တဦးအဖြစ် ၎င်း၏ အမြဲတန်းအဆင့်သို့၊သို့တည်းမဟုတ် ထိုအကြပ်၌တပ်သားအဆင့်ထက်မြင့်သော အမြဲတန်းအဆင့်မရှိလျှင်၊ တပ်သားအဆင့်သို့ ပြန်လည်ဆင်းသက်ရန်အမိန့်ပေးနိုင်သည်။

(၆) ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေ၊သို့တည်းမဟုတ် စည်းမျဉ်းဥပဒေများနှင့်၎င်း၊ မဆန့်ကျင်စေဘဲ ဤပုဒ်မဖြင့် အပ်နှင်းထားသောအာဏာများကို သုံးစွဲရမည်။

မူလ အခွင့်အရေး အချို့ကို ဤအက်ဥပဒေလိုက်နာရသူများနှင့် သက်ဆိုင်စေရာ၌ ပြောင်းလဲပြင်ဆင်နိုင်ခွင့်အာဏာ။

၁၉။ ။တပ်မတော်၊ သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်း တခုခုနှင့် စပ်လျဉ်း၍ တည်ဆဲတရားဥပဒေတရပ်ရပ်၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာဖြင့်ဤအက်ဥပဒေကို လိုက်နာရသူတဦးဦး၏—

(က) မည်သည့် ဝါကီဇူသမဂ္ဂ၊ အလုပ်သမား သမဂ္ဂ၊ ဝါကီဇူ သမဂ္ဂအမျိုးအစား၊ အလုပ်သမား သမဂ္ဂ အမျိုးအစား၊ အဖွဲ့၊ အ ဖွဲ့ အ စည်း၊ အ သင်း၊ အဖွဲ့ အမျိုးအစား၊ အဖွဲ့အစည်းအမျိုး အစား၊ သို့တည်းမဟုတ် အသင်း အမျိုးအစား တခုခုတွင်မဆို၊ အသင်းဝင်ဖြစ်ရန် အခွင့်အရေး၊ သို့တည်းမဟုတ် အဆိုပါသမဂ္ဂ၊ သို့တည်းမဟုတ် အသင်း အဖွဲ့တခုခုနှင့် တနည်းနည်းဆက်သွယ်ရန် အခွင့်အရေး၊

(ခ) နိုင်ငံရေး၊ သို့တည်းမဟုတ် အခြားအရေးကိစ္စများအတွက် လူတစုက ကမကထ ပြုလုပ်သည့် လူထုဆန္ဒပြပွဲ၊ သို့တည်းမဟုတ် အစည်းအဝေးသို့ တက်ရောက်ရန် အခွင့်အရေး၊ သို့တည်းမဟုတ် ထိုဆန္ဒပြပွဲတွင်သော်၎င်း၊ ထိုအစည်းအဝေးတွင်သော်၎င်း၊ ဟောပြောရန် အခွင့်အရေး၊

(ဂ) စာပုံနှိပ်တိုက်နှင့် ဆက်သွယ်ရန်၊ သို့တည်းမဟုတ် စာအုပ်၊ စာ၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသား တခုခုကို ပုံနှိပ်ထုတ်ဝေရန် အခွင့်အရေး၊ သို့တည်းမဟုတ် ပုံနှိပ်ထုတ်ဝေစေရန်အခွင့်အရေး၊

ကိုကန့်သတ်လိုသည့်နည်းဖြင့်ကန့်သတ်လိုသမျှကန့်သတ်ရန် နည်းဥပဒေများပြုနိုင်သည်။

အငြိမ်းစား ပေးခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးခြင်း။

၂၀။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား၊ သတ်မှတ်ထားသည့် အာဏာပိုင်က သတ်မှတ်ထားသည့် နည်းလမ်းအရ စစ်မှုထမ်းခြင်းမှအငြိမ်းစားယူခွင့်၊ သို့တည်းမဟုတ် ထွက်ခွင့်ပေးနိုင်သည်။

၂၁။ ။စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ခြင်း၊နုတ်ပယ်ခြင်း၊ထွက်ခွင့်ပေးခြင်း၊ သို့တည်းမဟုတ် အငြိမ်းစား ပေးခြင်းခံရသည့် စစ်မှုထမ်း အဖြစ်စာရင်းသွင်းပြီးသော သူတိုင်းအား—

စစ်မှုထမ်းခြင်းကို ရပ်စဲရာတွင် ပေးရမည့်လက်မှတ်။

(က) ထိုသူ၏ စစ်မှုထမ်းခြင်းကို ရပ်စဲသောအခွင့်အာဏာ၊
(ခ) ထိုသို့ရပ်စဲခြင်း၏ အကြောင်းရင်း၊
(ဂ) တပ်မတော်တွင် ထိုသူ စစ်မှုထမ်းခဲ့သည့် အချိန်ကာလ၊

တို့ကို ဖော်ပြထားသော လက်မှတ်တစောင်ကို ထိုသူ၏ တပ်မှူးက ပေးအပ်ရမည်။

၂၂။ ။(ခ) စစ်မှုထမ်းအဖြစ်စာရင်းသွင်းခြင်း ဆိုင်ရာစည်းကမ်းချက်များအရ၊ ထွက်ခွင့် ရထိုက်သူဖြစ်၍၊ ထိုကဲ့သို့ ထွက်ခွင့်ရထိုက်သော အခါ၊ သို့တည်းမဟုတ် ထွက်ခွင့်ယူရန်အခွင့်ရအောင်ပိုင်ကာ အမိန့်ချမှတ်ခြင်းခံရသူဖြစ်၍၊ထိုကဲ့သို့ထွက်ခွင့်ယူရန်အမိန့် ချမှတ်ခြင်း ခံရသောအခါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြင် ပ၌ စစ် မှု ထမ်း ရှိကာ၊ နေ ရာ သ ဖြင့်၊ ပြည် ထောင် စု မြန်မာနိုင်ငံသို့ ပြန်ပို့ရန်တောင်းခံသော၊ ဤအက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီး သူတဦးဦးအား ထွက်ခွင့် မပေးမီ၊ ပြည်ထောင်စု မြန်မာနိုင်ငံသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပြန်ပို့ရမည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြင်ပတွင် ရောက်ရှိနေသော အခါ ထွက်ခွင့်ပေးခြင်း၊ သို့တည်းမဟုတ် အငြိမ်းစား ထုတ်ပစ်ခြင်း။

(၂) စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ခြင်းခံရ၍၊ ထိုကဲ့သို့ အမြဲတန်းထုတ်ပစ်ခြင်းခံရသည့်အခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် စစ်မှုထမ်းရှိနေရသော၊ ဤအက်ဥပဒေအရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းပြီးသူ တဦးဦးအား၊ ပြည်ထောင်စု မြန်မာနိုင်ငံသို့ ဆောလျင်နိုင်သမျှဆောလျင်စွာပြန်ပို့ရမည်။

သို့ရာတွင် ထိုသူတဦးဦးအား အမြဲတန်းထုတ်ပစ်ဒဏ်နှင့် အခြားပြစ်ဒဏ်တခုခုကို ပူးတွဲ၍ ချမှတ်သောအခါ၊ ထိုအခြားပြစ်ဒဏ်ကို သော်၎င်း၊ တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်သောအခါ၊ ထိုပြစ်ဒဏ်၏ တစိတ်တဒေသကို သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ထိုသူအား ပြန်မပို့မီ၊ ကုန်ဆုံစေနိုင်သည်။

(၃) ဤပုဒ်မ၏ကိစ္စများအတွက် ''အမြဲတန်းထုတ်ပစ်ခြင်း'' ဆိုသည့် စကားရပ်တွင် ''နုတ်ပယ်ခြင်း'' လည်းပါဝင်ရမည်။

အခန်း ၅။

စစ်မှုထမ်းခြင်းဆိုင်ရာ ကျေးဇူးခံစားခွင့်များ။

၂၃။ ။ဤအက်ဥပဒေကိုလိုက်နာရသူတိုင်းသည်၊တည်ဆဲစည်းမျဉ်းဥပဒေတခုခုအရ၊ ဤအက်ဥပဒေကိုလိုက်နာသူအဖြစ် ရသင့်ရာထိုက်သောလစာနှင့် စရိတ်ငွေကို၊ ဤအက်ဥပဒေက၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရဖြစ်စေ၊ အခြားအက်ဥပဒေတခုခုက၊ သို့တည်းမဟုတ် အခြားအက်ဥပဒေ တခုခုအရဖြစ်စေ၊ နုတ်ယူခွင့်ပြုသည့် ငွေများမှတပါး၊ အခြားမည်သည့်ငွေကိုမျှ နုတ်ယူခြင်းမပြုဘဲ ပေးရမည်။

နုတ်ယူခွင့်ပြုသည့် ငွေများကိုသာလစာနှင့်စရိတ်များမှ နုတ်ရန်။

အရာရှိများ မှ တ ပါး၊ နစ် နာ သော သူ များ ၏ ကာကွယ်ခွင့်၊ ရယူခွင့်။

၂၄။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသည့် အရာရှိမဟုတ်သူတဦးဦးသည်၊ မိမိအား အထက်အရာရှိတဦးဦးက၊ သို့တည်းမဟုတ် အခြား အရာရှိ တဦးဦးကမတရားပြုသည်ဟု မှတ်ယူပါက၊ထိုသူမှာ၊ တပ်တခု၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုသို့ တွဲဘက်ထား သူမဟုတ်လျှင်၊ မိမိကိုကွပ်ကဲသော၊ သို့တည်းမဟုတ် အမိန့် ပေးနိုင်သော အရာရှိထံတိုင်ကြားနိုင်သည်။ ထို့ပြင် ထိုသူမှာ၊ တပ်တခု၊ သို့တည်းမဟုတ် ခွဲထုတ်တပ်တခုသို့ တွဲဘက်ထားသူ ဖြစ်လျှင်၊ ထိုတပ်၊သို့တည်းမဟုတ် ခွဲထုတ်တပ်ကို ကွပ်ကဲသော အရာရှိထံတိုင်ကြားနိုင်သည်။

(၂) တိုင်ကြားခြင်းခံရသော အရာရှိသည်၊ ပုဒ်မခွဲ (၁) အရ တိုင်ကြားချက်ကို လက်ခံရမည့် အရာရှိဖြစ်သည့်အခါ၊ နစ်နာသူသည်၊ ထိုအရာရှိထက် တဆင့်မြင့်သော အထက်အရာရှိထံ တိုင်ကြားနိုင်သည်။

(၃) အဆိုပါတိုင်ကြားချက်ကို လက်ခံရရှိသော အရာရှိတိုင်းသည်၊ ထိုတိုင်ကြား သူအား အစွမ်းကုန် ကာကွယ်ပေးရန်အလို့ငှါ၊ ထိုတိုင်ကြားချက်နှင့် စပ်လျဉ်း၍ ပြည့်စုံ နိုင်သမျှ ပြည့်စုံအောင် စုံစမ်းစစ်ဆေးရမည်၊ သို့တည်းမဟုတ် လိုအပ်လျှင်၊ ထိုတိုင်ကြား ချက်ကို အထက်အာဏာပိုင်ထံသို့ တင်ပြရမည်။

(၄) အဆိုပါ တိုင်ကြားချက် အသီးသီးကို၊ သက်ဆိုင်ရာအာဏာပိုင်က၊ အခါ အားလျော်စွာ၊သီးခြားဖေါ်ပြသည့် နည်းလမ်းအတိုင်း တင်သွင်းရမည်။

(၅) နိုင်ငံတော်သမတသည်၊ကာကွယ်ရေးဦးစီးချုပ်က၊ပုဒ်မခွဲ (၂) အရချမှတ် သောဆုံးဖြတ်ချက်တခုခုကိုပြင်ဆင်နိုင်သည်။ သို့ရာတွင် နိုင်ငံတော်သမတကယင်းသို့ပြင် ဆင်ခြင်းမပြုလျှင်၊ကာကွယ်ရေးဦးစီးချုပ်၏ဆုံးဖြတ်ချက်သည်၊အပြီးအပြတ်ဖြစ်စေရမည်။

နစ်နာသော အရာရှိ၏ ကာကွယ်ခွင့်၊ရယူခွင့်။

၂၅။ ။မည်သည့်အရာရှိမဆို၊ မိမိ၏တပ်မှူးက၊ သို့တည်းမဟုတ် အထက်အရာရှိ တဦးဦးက၊ မိမိအား မတရားပြုသည်ဟု မှတ်ယူ၍၊ မိမိ၏ တပ်မှူးထံနည်းလမ်းတကျ လျောက်ထားလျက်နှင့်မိမိရထိုက် သည်ဟု ယူဆသော ကာကွယ်နိုင်၊ရယူနိုင်ခွင့်ကို မရရှိလျှင်၊ သက်ဆိုင်ရာအာဏာပိုင်က၊ အခါအားလျော်စွာ သီးခြားဖေါ်ပြထားသည့် နည်းလမ်း အတိုင်း နိုင်ငံတော်သမတထံ တိုင်ကြားနိုင်သည်။

ဝန်မခံ ကတ်ခြင်းမှ လွတ် ကင်း ခြင်း။

၂၆။ ။ဘရားမရုံးကဖြစ်စေ၊ အခွန်တော်ရုံးကဖြစ်စေ၊ အခွန်တော် အရာရှိက ဖြစ်စေ၊ ချမှတ်သည့် ဒီကရီ၊ သို့တည်းမဟုတ် အမိန့်ကို အတည်ပြုနှုန်း၊ ထိုရုံး၊သို့တည်းမဟုတ် ထိုအရာရှိကထုတ်ဆင့် သောညွှန်ကြားချက်အရ၊ ဤအက်ဥပဒေကိုလိုက်နာရသူ၏ လက်နက်များ၊ အဝတ်အစားများ၊ ပစ္စည်းကိရိယာတန်ဆာပလာများ၊ လိုအပ်သော အရာဝတ္ထုများ၊သို့တည်းမဟုတ် ထိုသူတဘဝနှံ့တ်တရားဆောင်ရွက်ရန်အတွက် အသုံး ပြုသော တိရစ္ဆာန်ကို သိမ်းယူဘဏ်ဆီးခြင်းမပြုရ၊ သို့တည်းမဟုတ် ထိုသူ၏လစာနှင့် စရိတ်အားလုံး၊ သို့တည်းမဟုတ် တစိတ်တဒေသကို ဝရမ်းကပ်ခြင်းမပြုရ။

၂၇။ ။(၁) ဤအက်ဥပဒေကိုလိုက်နာရသူတဦးသည်၊ တပ်မတော်တွင်ပါဝင်နေသမျှကာလပတ်လုံး၊မည်သည့်တရားမရုံး၊ အခွန်တော်ရုံး၊ သို့တည်းမဟုတ် အခွန်တော်အရာရှိကမဆို ထုတ်ဆင့်သော အမိန့် ဆင့်စာတခုခု အရဖြစ်စေ၊ ထိုရုံး၊ သို့တည်းမဟုတ် ထိုအရာရှိ၏အခွင့် အာဏာနှင့်အညီ၊ ထုတ်ဆင့်သောအမိန့်ဆင့်စာအရဖြစ်စေ၊ ကြွေးမြီ အတွက် ဘဏ်ဆီးခြင်းမခံထိုက်စေရ။

ကြွေးမြီ အတွက် ဘဏ်ဆီးခြင်းမှ လွတ်ကင်းခြင်း။

(၂) တပ်မတော်တွင်ပါဝင်နေသော ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျက် ဘဏ်ဆီးခြင်းနှင့်စပ်လျဉ်း၍၊ ထိုသူ၊ သို့တည်းမဟုတ် ထိုသူ၏ အထက်အရာရှိ၏ တိုင်ကြားချက်ကို အဆိုပါတရားရုံး၏ တရားသူကြီး၊ သို့တည်းမဟုတ် အဆိုပါ အခွန်တော်အရာရှိသည်၊ စစ်ဆေးမေးမြန်း၍၊ ကိုယ်တိုင်လက်မှတ်ရေးထိုးသော ဝရမ်းအရ ထိုသူအားလွှတ်ပစ်နိုင်သည့်ပြင်၊ ထိုတိုင်ကြားသူအား သင့်လျော်သော ကုန်ကျစရိတ်များ ပေးရမည်ဟုလည်း အမိန့်ချမှတ်နိုင်သည်။ ထိုတိုင်ကြားသူသည်၊ အမိန့်ဆင့်စာရရှိသူဒေါ်၊ ဒီကရီတရပ်ဖြင့် ချမှတ်ပေးသော ကုန်ကျစရိတ်များကို၊ ပြန်လည်ရယူနိုင်သည့် နည်းလမ်းအတိုင်း၊ ထိုကုန်ကျစရိတ်များကို ရယူနိုင်သည်။

(၃) အဆိုပါ ကုန်ကျစရိတ်များ ပြန်လည်ရရန်အတွက်၊ တိုင်ကြားသူက ရုံးခွန်တော်မပေးစေရ။

၂၈။ ။(၁) စစ်တရားရုံးတရုံး၏ဥက္ကဋ္ဌ၊ စစ်တရားရုံးတရုံး၏အဖွဲ့ဝင်၊စစ်ဥပဒေအရာရှိ၊ စစ်တရားရုံးတရုံး၏မှုခင်းကိစ္စတခုခုတွင် ပါဝင်သည့် အမှုသည်၊ထိုအမှုသည်၏ရှေ့နေ၊ ထိုအမှုသည်၏ ကိုယ်စားလှယ်၊ သို့တည်းမဟုတ် စစ်တရားရုံးတရုံးသို့ တက်ရောက်ရန် ထုတ်ဆင့်သော သမ္မာန်စာတခုခုနှင့်အညီ လိုက်နာဆောင်ရွက်နေရသည့် သက်သေသည်၊ စစ်တရားရုံးသို့ တက်ရောက်ရန် သွားနေစဉ်သော်၎င်း၊ စစ်တရားရုံး တက်ရောက်နေစဉ်သော်၎င်း၊ စစ်တရားရုံးမှ ပြန်လာနေစဉ်သော်၎င်း၊ တရားမ၊ သို့တည်းမဟုတ် အခွန်တော်ဆိုင်ရာအမိန့်ဆင့်စာအရ ဘဏ်ဆီးခြင်းမခံထိုက်စေရ။

စစ် တ ရား ရုံး တက် ရောက်ကြသူများ ဘဏ်းဆီး ခံရခြင်းမှလွတ်ကင်းခြင်း။

(၂) ထိုသူတဦးဦးအား၊ အဆိုပါ အမိန့်ဆင့်စာတခုခုအရ ဘဏ်းဆီးခဲ့လျှင်၊ စစ်တရားရုံး၏အမိန့်အရ ထိုသူအားလွှတ်ပစ်နိုင်သည်။

၂၉။ ။ပြည်ထောင်စုမြန်မာနိုင်ငံ၏ အရံတပ်ဖွဲ့များတွင် ပါဝင်နေသူတိုင်းသည်၊ လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ စစ်မှုထမ်းခြင်းအတွက်ဖြစ်စေ၊ ဆင့်ခေါ်ခြင်းခံရသည့်အခါ၊ သို့တည်းမဟုတ် လေ့ကျင့်နေဆဲ၊ သို့တည်းမဟုတ် စစ်မှုထမ်းနေဆဲအခါ၊ သို့တည်းမဟုတ် လေ့ကျင့်ရေးမှဖြစ်စေ၊ စစ်မှုထမ်းခြင်းမှဖြစ်စေ၊ ပြန်လာနေသောအခါ၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ ပုဒ်မ ၂၆ နှင့် ၂၇ တို့က ပေးအပ်ထားသောကျေးဇူးခံစားခွင့်အားလုံးကို ရထိုက်စေရမည်။

အရံ စစ်မှုထမ်းများ၏ ကျေးဇူးခံစားခွင့်များ။

၃၀။ ။(၁) ၅၂အက်ဥပဒေကို လိုက်နာရသူ တဦးဦးကဖြစ်စေ၊ ထိုသူ၏ ကိုယ်စားဖြစ်စေ၊ တရားရုံးတခုခုသို့၊ ထိုတရားရုံးတွင် တရားမမှု၊ သို့တည်းမဟုတ် အခြားအမှုတခုခုကို စွဲဆိုရန်ဖြစ်စေ၊ ခုခံ ချေပရန်ဖြစ်စေ၊ ဆိုင်ရာစစ်ဘက် အာဏာပိုင်ထံမှ၊ ထိုသူအား ခွင့်ရက်ပေးထားကြောင်း၊ သို့တည်းမဟုတ် ထိုအာဏာပိုင်ထံ ထိုသူကခွင့်ရက်ရရန် တောင်းဆိုထားကြောင်း သက်သေခံလက်မှတ်တင်ပြ၍၊ ယင်းသို့ပေးထားသော၊ သို့တည်းမဟုတ် တောင်းဆိုထားသော ခွင့်ရက်အတွင်း၊ ထိုတရားမမှု၊ သို့တည်းမဟုတ် အခြားအမှုကို ကြားနာစစ်ဆေး၍၊ အပြီးအပြတ် စီရင်ပေးရန်လျှောက်ထားလျှင်၊ ထိုသို့ စစ်ဆေးစီရင်နိုင်စေခြင်းငှါ၊ ထိုတရားရုံးက ဖြစ်မြောက်နိုင်သမျှ စီစဉ်ပေးရမည်။

စစ်မှုထမ်းများ၏ မှခင်းကိစ္စတို့ကို ဦးစား ပေးခြင်း။

(၂) ဆိုင်ရာစစ်ဘက်အာဏာပိုင်က ထုတ်ပေးသော သက်သေခံလက်မှတ်တွင်၊ ပေးသနားသည့်ခွင့်ရက်၊ သို့တည်းမဟုတ် ပေးရန်ရည်ရွယ်သည့်ခွင့်ရက်၏ ပဌမနှင့် နောက်ဆုံးနေ့ရက်တို့ကို ဖော်ပြထားရမည်။ ထို့ပြင် ခွင့်ရက်ပေးလိုက်ရခြင်း၊ သို့တည်းမဟုတ် ခွင့်ရက်တောင်းဆိုထားခြင်းနှင့်စပ်လျဉ်းသော အမှု၏အကြောင်းကိုလည်းဖော်ပြထားရမည်။

(၃) ထိုသက်သေခံလက်မှတ် တခုခုတင်ပြခြင်းနှင့်စပ်လျဉ်း၍သော်၎င်း၊ မိမိ၏ အမှုကိုဦးစားပေး၍ ကြားနာစစ်ဆေးရန်အတွက် ထိုသူကဖြစ်စေ၊ ထိုသူ၏ကိုယ်စားဖြစ်စေ၊ လျှောက်လွှာတင်သွင်းခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ တရားရုံးသို့ ရုံးခွန်တော် မပေးဆောင်စေရ။

(၄) ယင်းသို့ ပေးထားသည့်၊ သို့တည်းမဟုတ် ပေးရန် ရည်ရွယ်ထားသည့် အဆိုပါခွင့်ရက်အတွင်း တရားမမှု၊ သို့တည်းမဟုတ် အခြားအမှုကို ကြားနာစစ်ဆေး၍ အပြီးအပြတ်စီရင်ပေးရန် တရားရုံးကစီစဉ်မပေးနိုင်သည့်အခါ၊ ထိုသို့စီစဉ်မပေးနိုင်ခြင်း၏ အကြောင်းရပ်များကို ထိုတရားရုံးက ရေးမှတ်ရမည်။ ထို့ပြင် ထိုသူက လျှောက်ထားလျှင်၊ ထိုရေးမှတ်ချက်၏ မိတ္တူနှင့်စပ်လျဉ်း၍သော်၎င်း၊ ထိုရေးမှတ်ချက်၏မိတ္တူအတွက် လျှောက်လွှာနှင့် စပ်လျဉ်း၍သော်၎င်း၊ ထိုသူက မည်သည့်ကြေးငွေ ပေးဆောင်ခြင်းကိုမျှ မပြုစေရဘဲ၊ ထိုသူအား ထိုရေးမှတ်ချက်၏ မိတ္တူတစောင်ကို ပေးအပ်စေရမည်။

(၅) မည်သည့်ကိစ္စတွင်မဆို၊ အဆိုပါ သက်သေခံလက်မှတ်ကို ပေးအပ်လိုက်သော စစ်ဘက်အာဏာပိုင်သည်၊ ထိုလက်မှတ်ကို ပေးနိုင်ခွင့်ရှိသူဟုတ် မဟုတ်ဟူသောပြဿနာ ပေါ်ပေါက်လျှင်၊ ထိုပြဿနာကို၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိတဦးထံ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိတဦးဦးထံ ဆုံးဖြတ်ပေးရန်၊ ထိုတရားရုံးက ချက်ခြင်းလွှဲအပ်ရမည်။ ထိုအရာရှိ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခြား တရား ဥပဒေများက အပ်နှင်းထားသည့် အခွင့် အရေး များ နှင့် ကျေးဇူး ခံစား ခွင့်များ အတွက် ခြွင်းချက်။

၃၁။ ။၅၂အခင်း၏အထက်ပါပုဒ်မများတွင် သီးခြားဖော်ပြထားသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များသည်၊ တည်ဆဲအခြားတရားဥပဒေတခုခုက၊ ၅၂အက်ဥပဒေကို လိုက်နာရသူများအား၊ ယေဘုယျအားဖြင့် အပ်နှင်းထားသည့် အခြားအခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ဖြည့်စွက်ခြင်းသာဖြစ်စေရမည်၊ ယုတ်လျော့စေခြင်း မဖြစ်စေရ။

အခန်း ၆။

ပြစ်မှုများ။

၃၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

ရန်သူနှင့် သက် ဆိုင် သည့်ပြင် သေဒဏ် ထိုက် သင့်သော ပြစ်မှုများ။

(က) မိမိအားလွဲအပ်ထားသော၊ သို့တည်းမဟုတ် မိမိ ကာကွယ်ခုခံရန်တာဝန်ဝတ်တရားရှိသောပို့စောင့် တပ်စခန်း၊ခံတပ်၊တာဝန်ကျနေရာ၊နေရာ၊သင်္ဘော၊ သို့တည်းမဟုတ် ကင်းတခုမှကို ရှက်ဘွယ်ကောင်း စွာ စွန့်ပစ်လျှင်၊ သို့တည်းမဟုတ် ပေးအပ်လျှင်၊ သို့တည်းမဟုတ် အဆိုပါ ပြုလုပ်မှုများအနက် ပြုလုပ်မှုတခုခုကို ကျူးလွန်ရန် တပ်မှူး တဦးဦးအားသော်၎င်း၊ အခြားသူ တဦးဦးအားသော်၎င်း၊အတင်း အကျပ် ပြုရန်ဖြစ်စေ၊ သွေးဆောင်ဖြားယောင်းရန်ဖြစ်စေ၊ မည်သည့် နည်းမျိုးကိုမဆို အသုံးပြုလျှင်၊ သို့တည်းမဟုတ်

(ခ) ရန်သူအပေါ် အရေးယူခြင်းမှ ရှောင်ကြဉ်ရန် စစ်ဘက် ဥပဒေကို လိုက်နာရသူတဦးဦးအား အတင်းအကျပ်ပြုရန်ဖြစ်စေ၊ သွေးဆောင် ဖြားယောင်းရန်ဖြစ်စေ၊ ရန်သူအပေါ်အရေးယူရန် စိတ်ပျက်အောင် ဖြစ်စေ၊ မည်သည့်နည်းမျိုးကိုမဆို တမင်အသုံးပြုလျှင်၊ သို့တည်း မဟုတ်

(ဂ) ရန်သူ၏ရွှေမှောက်တွင် မိမိ၏လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ သို့တည်းမဟုတ် ပစ္စည်းကိရိယာ တန်ဆာပလာများကို ရှက်ဘွယ် ကောင်းစွာစွန့်ပစ်လျှင်၊ သို့တည်းမဟုတ် မိမိသူရဲဘောနည်းခြင်းကို ပြသရာရောက်သည့် အမူအရာဖြင့် မသင့်မလျော်ပြုလျှင်၊ သို့တည်း မဟုတ်

(ဃ) ရန်သူနှင့်ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံအား လက်နက်စွဲကိုင် တိုက်ခိုက်သူတဦးဦးနှင့်ဖြစ်စေ၊ သစ္စာမဲ့စွာ စာပေးစာယူပြုလုပ်လျှင်၊ သို့တည်းမဟုတ် ထိုရန်သူကိုဖြစ်စေ၊ ထိုလက်နက်စွဲကိုင် တိုက်ခိုက် သူ တဦးဦးကိုဖြစ်စေ၊ သစ္စာမဲ့စွာ သတင်းပေး ဆက်သွယ်လျှင်၊ သို့တည်းမဟုတ်

(င) တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍ သော်၎င်း၊ ရန်သူအား ကြေးငွေ၊ လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ပစ္စည်းများ၊ သို့တည်းမဟုတ် ထောက်ပံ့ပစ္စည်းများဖြင့် ကူညီလျှင်၊ သို့တည်းမဟုတ်

(စ) သစ္စာမဲ့စွာ၊ သို့တည်းမဟုတ် သူရဲဘောနည်းသဖြင့် ရန်သူထံ စစ်ရပ် ဆိုင်းရေးအလံတခုကိုပို့လျှင်၊ သို့ဘည်းမဟုတ်

(ဆ) စစ်ဖြစ်သော အခါ၌သော်၎င်း၊ စစ်ဆင်ရေးတခု ပြုလုပ်နေစဉ်တွင် သော်၎င်း၊ တိုက်ပွဲ၊ စစ်စခန်း၊ ပို့စောင့်တပ်စခန်း၊ နေထိုင်ရာနေရာ၊ တပ်၊နေရာ၊ သို့တည်းမဟုတ်သင်္ဘောတွင်မဟုတ်မမှန်သောတပ်လန့် မှုကို တမင်ဖြစ်စေလျှင်၊ သို့တည်းမဟုတ် စစ်ဖြစ်သောအခါ၌သော် ၎င်း၊စစ်ဆင်ရေးတခုခု ပြုလုပ်နေစဉ်တွင် သော်၎င်း၊တပ်လန့်မှုကို ဖြစ်

စေ၊စိတ်ခါတ်ကျဆင်းမှုကိုဖြစ်စေ၊ဖန်တီးစေရန်ရည်ရွယ်းလုပ် သတင်းများလွှင့်လျှင်၊ သို့တည်းမဟုတ်

(၈) တိုက်ပွဲ ဖြစ်ပွါးနေသည့်အခါတွင် နည်းလမ်းတကျ တာဝန်လွှဲပြောင်းပေးခဲ့ခြင်းမရှိဘဲဖြစ်စေ၊ ခွင့်မရရှိဘဲဖြစ်စေ၊ မိမိ၏တပ်မှူး၊ သို့တည်းမဟုတ်မိမိတာဝန်ကျနေရာ၊ ကင်း၊ စောင့်ကင်း၊ လှည့်ကင်း၊ သို့တည်းမဟုတ်အဖွဲ့ကို စွန့်ခွါသွားလျှင်၊ သို့တည်းမဟုတ်

(၈) သုံ့ပန်းတဦး ဖြစ်သွားပြီးသည့်အခါသော်၎င်း၊ရန်သူ၏လက်တွင်းတွင် အကျဉ်းသား တဦး ဖြစ်နေရသော အခါ သော်၎င်း၊ မိမိအလိုအလျောက် ရန်သူနှင့်အတူ အမှုထမ်းရွက်လျှင်၊ သို့တည်းမဟုတ် ရန်သူကိုကူပံ့လျှင်၊ သို့တည်းမဟုတ်

(၉) အကျဉ်းသားတဦးမဟုတ်သော ရန်သူတဦးကိုသိလျက်နှင့် လက်သင့်ခံလျှင်၊ သို့တည်းမဟုတ် ကာကွယ် စောင့်ရှောက်လျှင်၊ သို့တည်းမဟုတ်

(၁၀) စစ်ဖြစ်စဉ်၊ သို့တည်းမဟုတ် တပ်လန့်နေစဉ်၊ ကင်းစောင့်နေရသော အခါဖြစ်စေ၊ သင်္ဘောပေါ်တွင် စောင့်ကြည့် နေရသောအခါဖြစ်စေ၊ တာဝန်ကျနေရာတွင်အိပ်ပျော်နေလျှင်၊ သို့တည်းဟုတ် မူးယစ်နေလျှင်၊ သို့တည်းမဟုတ်

(၁၁) တပ်မတော်ရှိတပ်ဖွဲ့များ၏၊သို့တည်းမဟုတ် တိုတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေသည့်တပ်ဖွဲ့တခုခု၏၊ သို့တည်းမဟုတ် အဆိုပါတပ်ဖွဲ့များရှိအစိတ်အပိုင်းတခုခု၏အောင်မြင်မှုကိုအန္တရာယ်ဖြစ်စေရန် ရည်ရွယ်လျက်၊မည်သည့်ပြုလုပ်မှုကိုမဆိုသိလျက်နှင့်ပြုလျှင်၊သို့တည်းမဟုတ်

(၁၂) မဟုတ်မမှန်သော လေကြောင်း အချက်ပြတခုခုကို သစ္စာမဲ့စွာအသုံးပြုလျှင်၊ သို့တည်းမဟုတ် လေကြောင်းအချက်ပြတခုခုကို ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် နှောင့်ရှက်လျှင်၊ သို့တည်းမဟုတ်

(၁၃) စစ်ဆင်ရေးတခုခုကို ပြုလုပ်ရန်မိမိ၏အထက်အရာရှိက အမိန့်ပေးသည့် အခါဖြစ်စေ၊ အခြားတနည်းနည်းဖြင့် အမိန့်များရရှိပြီးသည့် အခါဖြစ်စေ၊ ထိုအမိန့်များကိုပြီးမြောက်အောင် ဆောင်ရွက်ရေးအတွက် မိမိတတ်စွမ်းသမျှ ကြိုးစား အားထုတ်ရန် သစ္စာမဲ့စွာ၊ သို့တည်းမဟုတ်ရှက်ဘွယ်ကောင်းစွာပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(၁၈) တပ်မတော်၏မည်သည့် စစ်သည်စုများ၊ တိုက်ပွဲဝင် စစ်မှုထမ်းများ၊ သင်္ဘောများ၊ သို့တည်းမဟုတ် လေယာဉ်များကိုမဆို၊ သို့တည်းမဟုတ် ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်နေသောမည်သည့်တပ်ဖွဲ့များကိုမဆို၊ တိုက်ပွဲဖြစ်ပွါးနေသည့်အခါတွင်၊ ဖြစ်မြောက်နိုင်သမျှသော သက်သာစေမှု၊ ထောက်ပံ့ကူညီမှုများကို မပေးဘဲနေလျှင်၊ သို့တည်းမဟုတ်

(တ) တပ်မတော်ပိုင်မည်သည့်လေယာဉ်၊သင်္ဘော၊ တင့်ကား၊ အမြောက်၊ သို့တည်းမဟုတ် အခြားစစ်ပစ္စည်းကိုမဆို၊ ရန်သူကဘမ်းဆီးခြင်းဖြစ်စေ၊ ဖျက်ဆီးခြင်းဖြစ်စေ၊ ပြုနိုင်ရန်သစ္စာမဲ့စွာသော်၎င်း၊ ရှက်ဘွယ်ကောင်းစွာသော်၎င်းပြုလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ရန်သူ အတွက် သူလျှို ဖြစ်နေသည့် ပြင် သေဒဏ် ထိုက်သင့်သောပြစ်မှု။

၃၃။ ။ရန်သူအတွက် သူလျှိုဖြစ်သူတဦးဦးသည်၊ ဤအက်ဥပဒေကို လိုက်နာရသူတဦး ဖြစ်သည်ဟုမှတ်ယူရမည်။ ထို့ပြင်ထိုသူအား စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ထိုသူသည် သေဒဏ်ဖြစ်စေ၊ တကျွန်းပို့ဒဏ်ဖြစ်စေ၊ထောင်ဒဏ် ဖြစ်စေ၊ ထိုက်သင့် စေရမည့်ပြင်၊ ငွေဒဏ်ချမှတ်ခြင်းလည်းခံရမည်။

ရန် သူ နှင့် ပတ် သက် သည့်ပြင် သေဒဏ် မထိုက် သင့်သောပြစ်မှုများ။

၃၄။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

(က) ရှိသင့်သောကြိုတင်စီမံမှု မရှိခြင်းကြောင့် သော်၎င်း၊ အမိန့်များကိုဖိဆန်ခြင်းကြောင့်သော်၎င်း၊ တဝဝန်ဝတ်တရား တမင်ပေါ့လျော့ခြင်းကြောင့်သော်၎င်း၊ သုံ့ပန်း၊ သို့တည်းမဟုတ် အကျဉ်းသား ဖြစ်သွားလျှင်၊ သို့တည်းမဟုတ် သုံ့ပန်းသော်၎င်း၊အကျဉ်းသား သော်၎င်း၊ ဖြစ်သွားပြီးသည့်နောက်၊ တပ်မတော်သို့ ပြန်ရွှေ့လာနိုင်သည့် အခါတွင် ပြန်လာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) ရှိသင့်သောအခွင့်အာဏာမရှိဘဲ၊ ရန်သူနှင့် စာပေးစာယူပြုလုပ်လျှင်၊ သို့တည်းမဟုတ် ရန်သူကိုဆက်သွယ် သတင်းပေးလျှင်၊ သို့တည်းမဟုတ် ယင်းသို့စာပေးစာယူ ပြုလုပ်ခြင်းတခုခုကိုသော်၎င်း၊ ဆက်သွယ်သတင်းပေးခြင်းတခုခုကိုသော်၎င်း၊ သိလျက်နှင့်မိမိ၏တပ်မှုးကိုဖြစ်စေ၊ အခြားအထက် အရာရှိကိုဖြစ်စေ၊ ချက်ခြင်းထုတ်ဖေါ်ပြောရန်တမင်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ပေါ့လျော့စွာပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) ရှိသင့်သောအခွင့်အာဏာမရှိဘဲ၊ ရန်သူထံစစ်ရပ်ဆိုင်းရေး အလံတခုကိုပို့လျှင်၊ သို့တည်းမဟုတ်

(ဃ) တပ်မတော်ပိုင်လေယာဉ်၊ သင်္ဘော၊ တင့်ကား၊ အမြောက်၊ သို့တည်းမဟုတ် အခြားမည်သည့်စစ်ပစ္စည်းကိုမဆို၊ရန်သူကဘမ်းဆီးခြင်းဖြစ်စေ၊ ဖျက်ဆီးခြင်းဖြစ်စေ၊ ပြုနိုင်ရန်ပေါ့လျော့စွာပြုလျှင်၊ သို့တည်းမဟုတ်

(င) စစ်ဆင်ရေး တခုခုကိုပြုလုပ်ရန် မိမိ၏အထက် အရာရှိက အမိန့်ပေးသည့်အခါဖြစ်စေ၊ အခြားတနည်းနည်းဖြင့် အမိန့်များရရှိပြီးသည့် အခါဖြစ်စေ၊ ပေါ့လျော့ခြင်းကြောင့်၊ သို့တည်းမဟုတ်အခြား ချွတ်ယွင်းခြင်းကြောင့်၊ ထိုအမိန့်များကို ပြီးမြောက်အောင် ဆောင်ရွက်ရေးအတွက်၊မိမိတတ်စွမ်းသမျှ ကြိုးစားအားထုတ်ရန်ပျက်ကွက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

၃၅။ ။၅၂အက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

အခြားအချိန်များမှာထက် ဘန်းပြည့် စစ် မှုထမ်း ချိန် တွင်ပိုရှုပ်ထွေးထန်စွာပြစ်ဒဏ် ထိုက်သင့်သော ပြစ်မှုများ။

(က) အစောင့်အကြပ်အား အနှိုင် အထက်ပြုမှုပြုလျှင်၊ သို့တည်းမဟုတ် ကင်းစောင့် တဦးအား အနှိုင် အထက်ပြုမှုပြုလျှင်၊ သို့တည်းမဟုတ် ကင်းစောင့် တဦးအား၊ရာဇဝတ်မကင်းသော အနှိုင် အထက် ပြုမှုပြုလျှင်၊ သို့တည်းမဟုတ်

(ခ) ပစ္စည်းလုယက်ယူရန် မည်သည့်အိမ်၊ သို့တည်းမဟုတ် နေရာကိုမဆို ဝင်ေ်ာက်ထွင်းလျှင်၊ သို့တည်းမဟုတ်

(ဂ) ကင်းစောင့်နေရသောအခါဖြစ်စေ၊သင်္ဘောပေါ်တွင် စောင့်ကြည့်နေရ သောအခါဖြစ်စေ၊ မိမိ၏တာဝန်ကျနေရာတွင် အိပ်ပျော်နေလျှင်၊ သို့တည်းမဟုတ် မူးယစ်နေလျှင်၊ သို့တည်းမဟုတ်

(ဃ) ကင်းစောင့်နေရသောအခါဖြစ်စေ၊ အစောင့်ကျနေသောအခါဖြစ်စေ၊ မိမိအားစောင့်ရှောက်ရန် တာဝန်ပေးထားသော မည်သည့် ပစ္စည်း ကိုမဆို လုယက်ယူလျှင်၊ သို့တည်းမဟုတ် တမင်ဖျက်ဆီးလျှင်၊ သို့ တည်းမဟုတ်ပျက်စီးစေလျှင်၊ သို့တည်းမဟုတ်

(င) မိမိ၏အထက်အရာရှိထံမှ အမိန့်များမရရှိဘဲ၊ မိမိ၏ကင်း၊ စောင့်ကင်း၊ လှည့်ကင်း၊ သို့တည်းမဟုတ် တာဝန်ကျနေရာကို စွန့်ခွါသွားလျှင်၊ သို့တည်းမဟုတ်

(စ) တိုက်ပွဲ၊ စစ်ခန်း၊မြို့စောင့်တပ်စခန်း၊ နေထိုင်ရာနေရာ၊တပ်၊နေရာ၊သို့ တည်းမဟုတ် သင်္ဘောတွင် မဟုတ်မမှန်သော တပ်လန့်မှုကို ဖြစ်စေ လျှင်၊သို့တည်းမဟုတ်တပ်လန့်မှုကိုသော်၎င်း၊ စိတ်ဓါတ်ကျဆင်းမှုကို သော်၎င်း၊ဖန်တီးစေရန်ရည်ရွယ်လျက်သတင်းများလွှင့်လျှင်၊ သို့တည်း မဟုတ်

(ဆ) စကားဝှက်ကိုဖြစ်စေ၊ တုံ့ပြန်စကားဝှက်ကိုဖြစ်စေ၊ တုံ့ပြန်အချက်ပြ ကိုဖြစ်စေ၊ သိုပိုင်ခွင့်မရှိသောသူတဦးဦးအား သိစေလျှင်၊ သို့တည်း မဟုတ် မိမိရရှိထားသည့်အတိုင်းမဟုတ်ဘဲ ကွဲလွဲသော စကားဝှက် တခုကိုဖြစ်စေ၊ တုံ့ပြန်စကားဝှက်တခုကိုဖြစ်စေ၊ တုံ့ပြန် အချက်ပြ တခုကိုဖြစ်စေ၊ သိလျက်နှင့်ပေးလျှင်၊ သို့တည်းမဟုတ်

(ဇ) ရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ လေကြောင်းအချက်ပြ တခုခုကို ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် နှောင့်ရှက်လျှင်၊

တန်းပြည့်စစ်မှုထမ်းချိန်တွင် ကျူးလွန်ပါက၊ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၂အက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့ သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ တန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့် အချိန် တွင် ကျူးလွန်ပါက၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင် ဒဏ်ဖြစ်စေ၊ ၅၂အက်ဥပဒေတွင် ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့် စေရမည်။

၃၆။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

စစ်ပုန်ကန်မှု။

(က) တပ်မတော်တွင်သော်၎င်း၊ တပ်မတော်နှင့်ပူးပေါင်းဆောင်ရွက်နေသော တပ်ဖွဲ့တခုခုတွင် သော်၎င်း၊ စစ်ပုန်ကန်မှုတခုခုဖြစ်ပွါးစေရန် မည်သူနှင့်မဆိုစတင်ပြုလုပ်လျှင်၊လှုံ့ဆော်လျှင်၊ ဖြစ်ပွါးစေလျှင်၊ သို့တည်းမဟုတ် ပူးပေါင်းကြံစည်လျှင်၊ သို့တည်းမဟုတ်

(ခ) အဆိုပါစစ်ပုန်ကန်မှုတခုခုတွင်ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါစစ်ပုန်ကန်မှုတခုခုဖြစ်ပွါးရာတွင် ရှိနေလျက်နှင့် ထိုစစ်ပုန်ကန်မှုကို နှိမ်နင်းရန် မိမိတတ်စွမ်းသမျှ ကြိုးစားအားထုတ်မှုကို မပြုဘဲနေလျှင်၊ သို့တည်းမဟုတ်

(ဃ) အဆိုပါစစ်ပုန်ကန်မှုဘခုခု ရှိကြောင်းကိုသော်၎င်း၊ စစ်ပုန်ကန်မှုပြုရန် ကြံရွယ်ချက်တခုခုရှိကြောင်းကိုသော်၎င်း၊ထိုပူးပေါင်းကြံစည်မှုတခုခု ရှိကြောင်းကိုသော်၎င်း၊ သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မိမိ၏တပ်မှူးအား၊ သို့တည်းမဟုတ် အခြားအထက်အရာရှိအား ကြန့်ကြာမှုမရှိစေဘဲ သတင်းမပေးဘဲနေလျှင်၊သို့တည်းမဟုတ်

(င) တပ်မတော်ဝင်တဦးဦးကို တာဝန်ဝတ်တရား မဆောင်ရွက်စေခြင်းငှါသော်၎င်း၊ နိုင်ငံတော်၏သစ္စာကို ဖေါက်ဖျက်စေခြင်းငှါသော်၎င်း၊ သွေးဆောင်ရန် ကြိုးစားအားထုတ်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

စစ်ပြေးမှုနှင့် စစ်ပြေးမှုကို ကူပံ့မှု။

၃၇။ ။(၁) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊တန်းပြည့်စစ်မှုထမ်းချိန်တွင်ဖြစ်စေ၊ တန်းပြည့်စစ်မှုထမ်းရန်အမိန့်ရရှိပြီးဖြစ်သည့် အချိန်တွင်ဖြစ်စေ၊စစ်ပြေးမှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် စစ်ပြေးမှုကျူးလွန်ရန် အားထုတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ ဆိုခဲ့သည့်အချိန်မဟုတ်သည့် အခြားအချိန်တွင် စစ်ပြေးမှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် စစ်ပြေးမှုကျူးလွန်ရန် အားထုတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၂) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ အဆိုပါစစ်ပြေးတဦးဦးအား၊ သိလျက်နှင့်လက်သင့်ခံလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

(၃) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ဤအက်ဥပဒေကို လိုက်နာရသူတဦး စစ်ပြေးမှုကျူးလွန်ကြောင်းကိုသော်၎င်း၊စစ်ပြေးမှုကျူးလွန်ရန် အားထုတ်ကြောင်း

ကိုသော်၎င်း၊သိမြင်လျက်နှင့် မိမိ၏အထက်အရာရှိအား‌ဖြစ်စေ၊ အခြား အထက်အရာရှိ အား‌ဖြစ်စေ၊ ချက်ခြင်းမတိုင်ကြားဘဲနေလျှင်၊ သို့တည်းမဟုတ် ထိုသူကိုဘမ်းဆီးရမိရန် အလို့ငှာ၊ မိမိတတ်စွမ်းသမျှမဆောင်ရွက်ဘဲနေလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊နှစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊၎င်းအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်၊

၃၈။ ။၎င်းအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

ခွင့်မဲ့ပျက်ကွက်မှု။

(က) ခွင့်မဲ့ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) လုံလောက်သော အကြောင်းမရှိဘဲ၊ မိမိအား ပေးသောခွင့်ရက်ထက်ပို၍နေလျှင်၊ သို့တည်းမဟုတ်

(ဂ) ခွင့်ရက်နှင့်နေစဉ်၊ မိမိပါဝင်သည့်တပ်၊ ခွဲထုတ်တပ်၊ သင်္ဘော၊ သို့တည်းမဟုတ် ဌာနတခုခုအား တန်းပြည့်စစ်မှုထမ်းရန်အတွက်အမိန့်ပေးထားကြောင်းကို ဆိုင်ရာ အာဏာပိုင်ထံမှ အကြောင်းကြား ချက်ရရှိလျက်နှင့် လုံလောက်သောအကြောင်းမရှိဘဲ၊ ထို့ပြင် ကြန့်ကြာမှုမရှိဘဲ ပြန်လာရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဃ) ချိန်းဆိုထားသောအချိန်တွင် စစ်ရေးပြရာသို့သော်၎င်း၊လေ့ကျင့်ခန်းအတွက်ဖြစ်စေ၊ တာဝန်ဝတ်တရား အတွက်ဖြစ်စေ၊ ချိန်းဆိုထားသောအချိန်တွင် ချိန်းဆိုထားသောနေရာသို့သော်၎င်း၊ လုံလောက်သောအကြောင်းမရှိဘဲ လာရောက်ရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(င) စစ်ရေးပြနေစဉ်ဖြစ်စေ၊ စစ်ချီတက်နေစဉ်ဖြစ်စေ၊ လုံလောက်သော အကြောင်းမရှိဘဲသော်၎င်း၊ မိမိ၏အထက်အရာရှိထံမှ ခွင့်မရရှိဘဲသော်၎င်း၊ ထိုစစ်ရေးပြခြင်း၊ သို့တည်းမဟုတ် ထိုစစ်ချီတက်ခြင်းမှ ထွက်ခွါလျှင်၊ သို့တည်းမဟုတ်

(စ) စစ်စခန်း၊မြို့စောင့်တပ်စခန်း၊သို့တည်းဟုတ် မည်သည့်နေရာတွင်မဆို ရှိနေစဉ်၊မိမိ၏အထက်အရာရှိထံမှ ခွင့်ပြုလက်မှတ်ကိုသော်၎င်း၊ ခွင့်စာကိုသော်၎င်း၊မရရှိဘဲ၊ယေဘုယျအမိန့်၊ဒေသန္တရအမိန့်၊ သို့တည်းမဟုတ် အခြားအမိန့်တခုခုအရ ပိုင်ခြားထားသည့် နယ်နိမိတ်အပ်ခြဲဖြစ်စေ၊ တားမြစ်ထားသော နေရာတခုခု၌ဖြစ်စေ၊ တွေ့ရှိရလျှင်၊ သို့တည်းမဟုတ်

(ဆ) မည်သည့်ကျောင်း၊ သို့တည်းမဟုတ် သင်ကြားရာနေရာသို့မဆို တက်ရောက်ရန် နည်းလမ်းတကျ အမိန့်ပေးထားသောအခါ၊ မိမိ၏အထက်အရာရှိထံမှ ခွင့်မရရှိဘဲသော်၎င်း၊ လုံလောက်သောအကြောင်းမရှိဘဲသော်၎င်း၊ မတက်ရောက်ဘဲနေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၎င်းအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၃၉။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ အထက်အရာရှိတဦးအား၊ အထက်အရာရှိဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ တန်းပြည့် စစ်မှုထမ်းချိန်တွင်၊ သို့တည်းမဟုတ် ထိုအထက်အရာရှိ တာဝန်ဝတ်တရား ထမ်းဆောင်နေသည့်အချိန်တွင်၊ ရာဇဝတ်မကင်းသော အနှိုင်အထက်ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ခြိမ်းချောက်သောစကားပြောဆိုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ တဆယ့်လေးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ အဆိုပါအထက်အရာရှိအား၊ တန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့် အခြားအချိန်တွင်၊ သို့တည်းမဟုတ် တာဝန် ဝတ်တရားထမ်းဆောင်နေသည့်အချိန်မဟုတ်သည့်အခြားအချိန်တွင်၊ ရာဇဝတ်မကင်းသော အနှိုင်အထက်ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ခြိမ်းချောက်သောစကားပြောဆိုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ ဆိုခဲ့သည့် မည်သည့် အချိန်တွင်မဆို၊ အဆိုပါအထက်အရာရှိအား၊ စည်းကမ်းဖီဆန်သောစကားပြောဆိုလျှင်၊ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အထက်အရာရှိများအားရိုက်ပုတ်မှု၊ သို့တည်းမဟုတ် ခြိမ်းချောက်မှု။

၄၀။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ မိမိ၏အထက်အရာရှိက ၎င်း၏တာဝန်ဝတ်တရားထမ်းဆောင်ရာ၌ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကြေးနန်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ကိုယ်တိုင်ပေးသည့်၊ တရားဥပဒေနှင့်ညီသောအမိန့်တခုခုကို အာဏာတမင် ဖီဆန်ရာရောက်သော အမူအရာနှင့် ဖီဆန်လျှင်၊ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အထက်အရာရှိကိုဖီဆန်မှု။

(၂) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ တန်းပြည့် စစ်မှုထမ်းချိန်တွင် မိမိ၏ အထက်အရာရှိကပေးသည့်၊ ဥပဒေနှင့်ညီသောအမိန့်တခုခုကိုဖီဆန်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့်လေးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။ ထို့ပြင် ထိုသူသည်၊ အဆိုပါပြစ်မှုကိုတန်းပြည့်စစ်မှုထမ်းချိန်မဟုတ်သည့်အချိန်တွင်ကျူးလွန်လျှင်၊ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၄၁။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) မည်သည့်ခိုက်ရန်ဖြစ်မှု၊ သတ်ပုတ် နှောင့်ရှက်မှု၊ သို့တည်းမဟုတ် ဗရုန်းသုံးကားဖြစ်မှုတွင်မဆိုပါဝင်နေသူကိုနှင့် မိမိအောက်အဆင့်ပင်နိုမ့်သော်လည်း မိမိအား ဘမ်းဆီးခံရန်အမိန့်ပေးသော အရာရှိတဦးဦးအား နာခံရန်

စည်းကမ်းဖီဆန်မှုနှင့် ဟန့်တားမှု။

ခြင်းပယ်လျှင်၊ သို့တည်းမဟုတ် ထိုအရာရှိအား ရာဇဝတ်ပကင်း သောအနိုင်အထက် ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှု ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ခ) မိမိအား ဥပဒေနှင့်အညီ တဦးတယောက်သော သူ၏ လက်အောက် တွင်ချုပ်ထားရာ၌ ထိုသူသည်၊ ဤအက်ဥပဒေကို လိုက်နာရသူဟုတ် သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ထို့ပြင် မိမိ၏အထက်အရာရှိဟုတ် သည်ဖြစ်စေ၊ မဟုက်သည်ဖြစ်စေ၊ ထိုသူ့အား ရာဇဝတ် မကင်း သော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ သို့တည်းမဟုတ် လက်ရောက်မှု ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိအား ဘမ်းဆီးရန်သော်၎င်း၊ စောင့်ထိန်းရန်သော်၎င်း၊ တာဝန် ဝတ်တရားရှိသော အစောင့်အကြပ်တဦးအား ခုခံလျှင်၊ သို့တည်းမ ဟုတ်

(ဃ) စစ်တန်းလျား၊ စစ်စခန်း၊ သို့တည်းမဟုတ် နေထိုင်ရာ နေရာမှခွင့်မဲ့ ထွက်ခွါလျှင်၊ သို့တည်းမဟုတ်

(င) ယေဘုယျအမိန့်၊ ဒေသန္တရအမိန့်၊ သို့တည်းမဟုတ် အခြားအမိန့် တခုခုကိုနာခံရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(စ) တပ်ထိန်းချုပ်ကိုသော်၎င်း၊ တပ်ထိန်းချုပ်၏ကိုယ်စား တရားဥပဒေ အရဆောင်ရွက်နေသောသူတဦးဦးကိုသော်၎င်း၊ ဟန့်တားလျှင်၊သို့ တည်းမဟုတ် တပ်ထိန်းချုပ်ကဖြစ်စေ၊ တပ်ထိန်းချုပ်၏ကိုယ်စား တရားဥပဒေအရ ဆောင်ရွက်နေသောသူတဦးဦးကဖြစ်စေ၊ တာဝန် ဝတ်တရားထမ်းဆောင်ရာ၌အကူအညီတောင်းဆိုသောအခါ၊ကူညီ ရန်ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ဆ) တပ်ဖွဲ့များသို့ စားနပ်ရိက္ခာမွေးဖြစ်စေ၊ ထောက်ပံ့ပစ္စည်းများဖြစ်စေ၊ ယူဆောင်လာသူ တဦးဦးအား၊ ရာဇဝတ်မကင်းသောအနိုင်အထက် ပြုမှုကိုပြုလျှင်၊သို့တည်းမဟုတ် လက်ရောက်မှုကျူးလွန်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သော အခါ၊ အပိုဒ်(ဃ) နှင့် (င)တွင် သီးခြား ဖေါ်ပြထားသောပြစ်မှုများဖြစ်ပါက နှစ်နှစ်ထိ ကောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထို့ပြင် အခြားအပိုဒ်များတွင် သီးခြား ဖေါ်ပြထားသော ပြစ်မှုများဖြစ်ပါက၊ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေ တွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

၄၂။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) မိမိပါဝင်သောတပ်မှ ထွက်ခွင့်ကို နည်းလမ်းတကျ ရှေးဦးစွာမရယူခဲ့ဘဲ၊ထိုတပ်တွင်သော်၎င်း၊ အခြား တပ်တခုခုတွင်သော်၎င်း၊ မြန်မာနိုင်ငံ ပြည်စောင့် တပ် အက်ဥပဒေ (The Burma Territorial Force Act) အရ ဖွဲ့စည်းထားသော တပ်တခုခုတွင်သော်၎င်း၊ စစ်မှုထမ်းအဖြစ်စာရင်း သွင်းလျှင်၊ သို့တည်းမဟုတ်

လိမ်လည်လှည့်ဖျားခြင်း စစ်မှုထမ်းအဖြစ်စာရင်းသွင်းမှု။

(ခ) တဦးတယောက်သောသူကို၊ ထိုသူစစ်ပြေးတဦးဖြစ်သည်ကို သိလျက်နှင့် ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် ဆောင်ရွက်ပေးလျှင်၊ သို့တည်းမဟုတ် ဆောင်ရွက်ပေးရန်အားထုတ်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ၍အက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

စစ်မှုထမ်းအဖြစ်စာရင်းသွင်းရာ၌ မဟုတ်မမှန်ဖြေဆိုမှု။

၄၃။ ။၍အက်ဥပဒေကို လိုက်နာရပြီး ဖြစ်သူတဦးဦးသည်၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန် စစ်မှုထမ်းအဖြစ်စာရင်းသွင်းရေး အရာရှိ၏ မျက်မှောက်သို့ရောက်ရှိသည့်အခါ။ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရန်သတ်မှတ်ထားသည့်ပုံစံတွင်ဖေါ်ပြထားသော မေးခွန်းတခုခုကို၊ မိမိအား ထိုအရာရှိက မေးမြန်းရာ၌ မဟုတ်မမှန်သည့်အဖြေတရပ်ရပ်ကို၊ စစ်မှုထမ်းအဖြစ်စာရင်းသွင်းသည့် အချိန်တွင် တမင်ပေးခဲ့သည်ဟုတွေ့ရှိလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ၍အက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

မလျော်သောအပြုအမူပြုမှု။

၄၄။ ။အရာရှိတဦးဦး၊ သို့တည်းမဟုတ် အရာခံဗိုလ်တဦးဦးသည်၊ မိမိ၏အဆင့်အတန်းနှင့်မလျော်သည့်ပြင် မိမိတွင် ရှိထိုက်သော အကျင့်စာရိတ္တနှင့်မလျော်သောနည်းအတိုင်းပြုမူလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ—

ထိုသူမှာအရာရှိတဦးဖြစ်ပါကရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ၍အက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊

ထိုသူမှာ အရာခံဗိုလ်တဦးဖြစ်ပါက အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ၍အက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊

ထိုက်သင့်စေရမည်။

ရှက်ဘွယ်ကောင်းသော အပြုအမူပြုမှု။

၄၅။ ။၍အက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) ရက်စက်သော၊ သိက္ခာမဲ့သော၊ သို့တည်းမဟုတ် မွေတာနှင့် ဆန့်ကျင်သော အမျိုးအစားတခုဖြစ်သည့် ရှက်ဘွယ်ကောင်းသော၊ အပြုအမူတခုခုကို ပြုလျှင်၊ သို့တည်းမဟုတ်

(ခ) တာဝန်ဝတ်တရားလွဲရှောင်ရန် မကျန်းမာဟန်ဆောင်လျှင်၊ သို့တည်းမဟုတ် မိမိကိုယ်တွင် အနာရောဂါသော်၎င်း၊ ချည့်နဲ့ခြင်းသော်၎င်းဖြစ်ပေါ်ဟန်ဆောင်လျှင်၊ သို့တည်းမဟုတ် ဖြစ်ပေါ်စေလျှင်၊ သို့တည်းမဟုတ် မိမိ၏ပျောက်ကင်းမှုကိုတမင်ကြန့်ကြာစေလျှင်၊ သို့တည်းမဟုတ် ဒဏ်မိ၏အနာရောဂါကိုသော်၎င်း၊ ချည့်နဲ့ခြင်းသော်၎င်း၊ တမင်တိုးစေလျှင်၊ သို့တည်းမဟုတ်

(ဂ) မိဝိကိုယ်တိုင်သော်၎င်း၊ အခြားသူသော်၎င်း၊ စစ်မှုထမ်းခြင်း အတွက် မသင့်တော်စေရန် အကြံဖြင့် မိမိအလိုအလျောက် မိမိကိုယ်ကို ဖြစ်စေ၊ ထိုသူကိုဖြစ်စေ၊ နာကျင်စေလျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့်လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

လက်အောက်ခံ စစ်မှုထမ်းတဦးကို ညှဉ်းပန်း နှိပ်စက်မှု။

၄၆။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ အဆင့်အားဖြင့်သော်၎င်း၊ ရာထူးအားဖြင့်သော်၎င်း၊ မိမိ၏ လက်အောက်ခံ ဖြစ်သော စစ်ဘက်ဥပဒေကို လိုက်နာရသူတဦးဦးအား နှိုက်ပုတ်လျှင်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ညှဉ်းပန်းနှိပ်စက်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

မူးယစ်မှု။

၄၇။ ။(၁) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ တာဝန်ဝတ်တရား ဆောင်ရွက်နေသည့်အခါဖြစ်စေ၊ မဆောင်ရွက်နေသည့်အခါ ဖြစ်စေ၊ မူးယစ်နေလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ၊ထိုသူမှာအရာရှိတဦးဖြစ်ပါကရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုသူမှာ အရာရှိတဦးမဟုတ်ပါက၊ ပုဒ်မခွဲ (၂) ရှိ ငြင်္ဂဒန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၂) တန်းပြည့် စစ်မှုထမ်းချိန်မဟုတ်သည့်အခါသော်၎င်း၊ တာဝန်ဝတ်တရား မဆောင်ရွက်နေသည့်အခါသော်၎င်း၊အရာရှိမှတပါး၊ အခြားသူတဦးသည်၊မူးယစ်မှုတခုကို ကျူးလွန်ပါက၊ ထိုသူအား ချမှတ်သည့်ထောင်ဒဏ်သည်၊ ခြောက်လထက် မပိုစေရ။

ရှင်းလင်းချက်။ ။သေရည် သေရက် တခုတည်း၏ အာနိသင်ကြောင့်ဖြစ်စေ၊ တခုခုသောဆေးဘက်ဝင်ဝတ္ထုဘခုတည်း၏အာနိသင်ကြောင့်ဖြစ်စေ၊သေရည်သေရက်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုကို အခြား ပတ်ဂန်းကျင်ကြောင်းခြင်းရာတခုခုနှင့် ပေါင်းစပ်ခြင်း၏အာနိသင်ကြောင့်ဖြစ်စေ၊ မိမိ၏တာဝန်ဝတ်တရားကိုသော်၎င်း၊မိမိအား ပေးအပ်တန်ဆာသည့် တာဝန်ဝတ်တရားတခုခုကိုသော်၎င်း၊ ပေးအပ်ရန်အတွက် တဦးတယောက်သောသူသည်၊ မသင့်မတော်ဖြစ်လျှင်၊ သို့တည်းမဟုတ် ဤနွေ့သိကျွာမဲ့ သောနည်းဖြင့်သော်၎င်း၊ တပ်မတော်၏ဂုဏ်ကို ထိခိုက်နစ်နာစေတန်ရာသည့် နည်းတမျိုးမျိုးဖြင့်သော်၎င်း၊ တဦးတယောက်သောသူသည် ပြုမူလျှင်၊ ဤပြစ်မှုပါကိစ္စများအလို့ငှါ၊ ထိုသူ၌ မူးယစ်မှုအတွက် ဒဏ်ပြစ်ရှိသည်။

အချုပ်နှင့်ထားသူလွှတ်ပြေးမှု။

၄၀။ ။ဤအက်ဥပဒေ လိုက်နာရသူတဦးဦးသည်—

(က) ကင်း၊ စောင့်ကင်း၊ လှည့်ကင်း၊ သို့တည်းမဟုတ် တာဝန်ကျ နေရာတခုကို ကွပ်ကဲနေသောအခါ၊ တမင်ဖြစ်စေ၊ လုံလောက်သော အကြောင်းမရှိဘဲ နှင့်ဖြစ်စေ၊ မိမိစောင့်ထိန်းရန်လွှဲအပ်ထားသူတဦးဦးကို ဆိုင်ရာ

အခွင့်အာဏာမရရှိဘဲ လွှတ်ပစ်လျှင်၊ သို့တည်းမဟုတ် မိမိထံ နည်းလမ်းတကျ လွှဲအပ်သောသူတဦးဦးကိုဖြစ်စေ၊ အကျဉ်းသားတဦးဦးကိုဖြစ်စေ၊ လက်ခံရန်ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ခ) မိမိအားစောင့်ထိန်းရန် လွှဲအပ်ထားသော၊ သို့တည်းမဟုတ် မိမိစောင့်ထိန်းရန် တာဝန်သော်၎င်း၊ စောင့်ကြပ်ရန် တာဝန်သော်၎င်း၊ ရှိသောသူတဦးဦးအား တမင်ဖြစ်စေ၊ လုံလောက်သော အကြောင်းမရှိဘဲနှင့်ဖြစ်စေ၊ လွှတ်ပြေးစေလျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ တမင်ပြုသောပြုမှုဖြစ်ပါက၊ တဆယ့်လေးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် ယျေ့သောပြစ်ဒဏ်ဖြစ်စေ၊ တမင်ပြုသောပြုမှုမဟုတ်ပါက နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် ယျေ့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၄၉။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

ဘမ်းဆီးခြင်း၊သို့တည်းမဟုတ်ချုပ်နှောင်ထားခြင်းနှင့်စပ်လျဉ်း၍ နည်းလမ်းမကျမှု။

(က) စစ်ဆေး စီရင်ခြင်းမပြုဘဲ၊ တဦးတယောက်သောသူအား အကြောင်းမဲ့ဘမ်းဆီးထားလျှင်၊ သို့တည်းမဟုတ်ချုပ်နှောင်ထားလျှင်၊ သို့တည်းမဟုတ် ထိုသူ၏ အမှုကို စုံစမ်း စစ်ဆေးရန်အတွက် ဆိုင်ရာအာဏာပိုင်ထံတင်ပြရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) တဦးတယောက်သောသူအား၊ စစ်ဘက်အချုပ်သို့ လွှဲအပ်ပြီးသည့်နောက်၊ ဘမ်းဆီးခြင်းခံရသူအားချုပ်ထားရန် လွှဲအပ်ခြင်းခံရသောအရာရှိကိုဖြစ်စေ၊ အခြားသူကိုဖြစ်စေ၊ ထိုသို့ လွှဲအပ်ချိန်တွင်သော်၎င်း၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာသော်၎င်း၊ မည်သည့်နည်းနှင့်မဆို၊ ထိုသို့လွှဲအပ်ပြီးသည့်နောက် နှစ်ဆယ့်လေးနာရီအတွင်းယင်းသို့ အချုပ်ခံရသူအပေါ် စွဲဆိုထားသော ပြစ်မှု၏အကြောင်းအရာကိုရေးသားပြီး၊ မိမိ၊ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပေးအပ်ရန် လုံလောက်သောအကြောင်းမရှိဘဲ၊ ပျက်ကွက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် ယျေ့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၀။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ မိမိအား တရားဥပဒေအရ ချုပ်ထားရာမှ သွက်ပြေးလျှင်၊ သို့တည်းမဟုတ် ထွက်ပြေးရန် အားထုတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် ယျေ့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အချုပ်မှထွက်ပြေးမှု၊

၅၁။ ။ဤအက်ဥပဒေကိုလိုက်နာရသူကဦးဦးသည်—

ပစ္စည်းနှင့်စပ်လျဉ်းသည့် ပြစ်မှုများ။

(က) ပြည်ထောင်စု နိုင်ငံအစိုးရပိုင်သော၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရပိုင်သော၊ သို့တည်းမဟုတ်၊ စစ်ဘက်ရိပ်သာ၊ တိုးပိုင်း၊ သို့တည်းမဟုတ် အဖွဲ့

ပစည်းတခုခုပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက်ဥပဒေကိုလိုက်နာ ရသူတဦးဦးပိုင်သော ပစ္စည်း တခုခုကို ခိုးယူလျှင်၊ သို့တည်း မဟုတ်

(ခ) အဆိုပါ ပစ္စည်းတခုခုကို၊ မရိုးမဖြောင့်သောသဘောဖြင့် အလွဲသုံးစား ပြုလျှင်၊ သို့တည်းမဟုတ် မိမိ၏ ပစ္စည်းအဖြစ်သို့ ပြောင်းလွဲခြင်းပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါ ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍၊ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖေါက်ဖျက်မှုကို ကျူးလွန်လျှင်၊ သို့တည်းမဟုတ်

(ဃ) အပိုဒ်(က)၊ (ခ) နှင့် (ဂ) အရဖြစ်သော ပြစ်မှုများအနက် ပြစ်မှု တခုခုနှင့်စပ်လျဉ်းသော ပစ္စည်းတခုခုကို၊ ထိုပြစ်မှုကျူးလွန်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်း ရှိလျက်နှင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောဖြင့်လက်ခံလျှင်၊သို့တည်းမဟုတ် ဆက်လက် ထားရှိလျှင်၊သို့တည်းဟုတ်

(င) မိမိအားယုံကြည် အပ်နှံထားသော၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏၊ သို့ တည်းမဟုတ် ပြည်နယ်အစိုးရ၏ပစ္စည်းတခုခုကိုတမင်ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပျက်စီးစေလျှင်၊ သို့တည်းမဟုတ်

(စ) လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ၊ တဦးတယောက်သော သူအား မတရားရယူစေရန် အကြံဖြင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြံဖြင့်ဖြစ်စေ၊ အခြားမည်သည့်အရာကိုမဆိုပြုလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

ချောက်လှန့်တောင်းယူမှုနှင့်တရားမဲ့ပြုမှု။

(က) ချောက်လှန့် တောင်းယူမှုကို ကျူးလွန်လျှင်၊ သို့ တည်းမဟုတ်

(ခ) ဆိုင်ရာအခွင့်အာဏာမရှိဘဲ၊ သူတဦးဦးထံမှ ကြေး ငွေ၊ စားနပ်ရိက္ခာများ၊ သို့တည်းမဟုတ် တခုခုဆောင်ရွက်ပေးရန် အတင်း အကျပ်တောင်းဆိုလျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၃။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

ပစ္စည်းကိရိယာ တန်ဆာပလာများထုခွဲမှု။

(က) မိမိအသုံးပြုရန် မိမိအား၊ထုတ်ပေးထားသော၊ သို့ တည်းမဟုတ် မိမိအား ယုံကြည်အပ်နှံထားသော ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရပိုင်၊ သို့တည်း မဟုတ် ပြည်နယ်အစိုးရပိုင် ပစ္စည်းတခုခုကို ထုခွဲလျှင်၊ သို့တည်း မဟုတ် ထိုသို့ ထုခွဲရာတွင်ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ခ) ပေါ့လျော့မှုကြောင့် အပိုဒ် (က) တွင် ဖော်ပြထားသော ပစ္စည်းတခုခု ပျောက်ဆုံးလျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိအားချီးမြှင့်ထားသော ဆုတံဆိပ်၊ သို့တည်းမဟုတ် ဘွဲ့တံဆိပ်တခုခုကိုရောင်းလျှင်၊ ပေါင်နှံလျှင်၊ ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပုံသဏ္ဌာန်ဖျက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ အပိုဒ် (က) တွင် သီးခြားဖော်ပြထားသော ပြစ်မှုအတွက်ဖြစ်ပါက၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၎အက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ အခြား အပိုဒ်များတွင် သီးခြား ဖော်ပြထားသော ပြစ်မှုအတွက်ဖြစ်ပါက၊ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၎အက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၁၄။ ။၎အက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်—

ပစ္စည်းကိုပျက်စီးစေမှု။ (က) ပြည်ထောင်စုနိုင်ငံ အစိုးရပိုင်သော၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက်ရိပ်သာ၊ တိုးပိုင်း၊ သို့တည်းမဟုတ် အဖွဲ့အစည်း တခုခုပိုင်သော၊ သို့တည်းမဟုတ် စစ်ဘက် ဥပဒေကို လိုက်နာရသူ တဦးဦးပိုင်သော၊ သို့တည်း မဟုတ် တပ်မတော်နှင့်အတူ အမှုထမ်းရွက်နေသည့်၊ သို့တည်းမဟုတ် တပ်မတော်သို့ တွဲဘက်ထားခြင်းခံရသည့် သူတဦးဦးပိုင်သော ပစ္စည်းတခုခုကို ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ပျက်စီးစေလျှင်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စု နိုင်ငံအစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ် အစိုးရ၏ ပစ္စည်းဘခုခုကို မီးဖြင့် ပျက်စီးနစ်နာစေခြင်း၊ သို့တည်းမဟုတ် ပျက်ပြုန်းခြင်းဖြစ်စေသော ပြုလုပ်မှုတခုခုကိုပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စု နိုင်ငံအစိုးရကဖြစ်စေ၊ ပြည်နယ်အစိုးရကဖြစ်စေ၊ မိမိအားယုံကြည်အပ်နှံထားသော မည်သည့် တိရစ္ဆာန်ကိုမဆို သတ်ဖြတ်လျှင်၊ နာကျင်စေလျှင်၊ ထုခွဲလျှင်၊ ညှဉ်းပန်းနှိပ်စက်လျှင်၊ သို့တည်းမဟုတ် ဆုံးရှုံးစေလျှင်၊

စစ်တရားရုံးက ပြစ်မှုသင့်ရှားစီရင်သောအခါ၊ တမင်ပြုသော ပြုမှုဖြစ်ပါက၊ တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၎အက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ လုံလောက်သော အကြောင်းမရှိဘဲ ပြုသော ပြုမှုဖြစ်ပါက၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၎အက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၁၅။ ။၎အက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

မဟုတ်မမှန်စွပ်စွဲမှု။ (က) စွပ်စွဲချက်တခုကို မဟုတ်မမှန်ကြောင်း သိလျက်နှင့် ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ စစ်ဘက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊ ထိုသို့ မဟုတ်မမှန် စွပ်စွဲလျှင်၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၂၄၊ သို့တည်းမဟုတ် ပုဒ်မ ၂၅ အရ၊ တိုင်ကြားချက်တခုပြုရာ၌၊ စစ်ဘက် ဥပဒေကို လိုက်နာရသူတဦးဦး၏ အကျင့်စာရိတ္တ ထိခိုက်သော ထွက်ဆိုချက်တခုခုကို၊ ထိုထွက်ဆိုချက် မဟုတ် မှန်ကြောင်းသိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ပြုလျှင်၊ သို့တည်းမဟုတ် အရေးပါသောအကြောင်းခြင်းရာများကို သိလျက်နှင့် တမင်ဖုံးကွယ်ထားလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၎အက် ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၆။ ။၎အက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

မဟုတ်မမှန်ဖေါ်ပြမှုနှင့် အစိုးရ စာတမ်း အမှတ်အသားများကို မဟုတ် မမှန်ပြုမူ။

(က) မိမိပြုလုပ်ထားသော၊ သို့တည်းမဟုတ် မိမိလက်မှတ်ရေးထိုးထားသောအစိုးရဝန်ခံစာ၊ ပြန်တမ်း၊ စာရင်း၊ သက်သေခံလက်မှတ်၊ စာအုပ်၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားတွင်ဖြစ်စေ၊ မိမိမှာ တိကျမှန်ကန်ခြင်းကို စိစစ်ရန် တာဝန် ဝတ်တရားရှိသည့် ၎င်းတို့တွင်ပါရှိသော အကြောင်းအရာများတွင်ဖြစ်စေ၊ မဟုတ်မမှန်သော၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားသော ထွက်ဆိုချက်တခုခုကို သိလျက်နှင့်ပြုလျှင်၊ သို့တည်းမဟုတ် ထိုထွက်ဆိုချက်တခုခုကို ပြုရာ၌ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ခ) အပိုဒ် (က)၌ ဖေါ်ပြထားသော စာတမ်း အမှတ်အသား တမျိုးမျိုးတွင် လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် တခုခုကိုပြုလုပ်ရန် သိလျက်နှင့် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် တခုခုကိုပြုလုပ်ရန် ပျက်ကွက်ရာ၌ ပါဝင်လျှင်၊ သို့တည်းမဟုတ်

(ဂ) ထိန်းသိမ်းထားရန်ဖြစ်စေ၊ တင်ပြရန်ဖြစ်စေ၊ မိမိ၏ တာဝန် ဝတ်တရားဖြစ်သော စာတမ်း အမှတ်အသားတခုခုကို သိလျက်နှင့် သူတဦးဦးနစ်နာစေရန် အကြံဖြင့်၊ သို့တည်းမဟုတ် သိလျက်နှင့် သူတဦးဦးကို လိမ်လည်လှည့်ဖြားလိုသောအကြံဖြင့် ဖုံးကွယ်ထားလျှင်၊ ဘတ်ချ်မရအောင်ပြုလုပ်လျှင်၊ ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် ဖျောက်ဖျက်လျှင်၊ သို့တည်းမဟုတ်

(ဃ) ကိစ္စတရပ်ရပ်နှင့်စပ်လျဉ်း၍ ဖွင့်ဟဖေါ်ပြရန် ရာထူးအလျောက် မိမိ၌တာဝန် ဝတ်တရားရှိရာတွင်၊ သိလျက်နှင့် မဟုတ်မမှန် ဖွင့်ဟဖေါ်ပြလျှင်၊ သို့တည်းမဟုတ်

(င) မဟုတ်မမှန်သည်လည်းဖြစ်သည့်ပြင်၊ မဟုတ်မမှန်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ဟုတ်မှန်သည်ဟု မိမိယုံကြည်ခြင်း မရှိသည်လည်းဖြစ်သော ထွက်ဆိုချက် တခုဖြင့်သော်၎င်း၊ စာအုပ်၊ သို့တည်းမဟုတ် မှတ်တမ်းတခုခုတွင် မဟုတ်မမှန်သော ရေးသွင်းချက်တရပ်ကို ပြုလုပ်ခြင်းဖြင့်သော်၎င်း၊ ယင်းသို့ မဟုတ်မမှန် ရေးသွင်းချက်တရပ်ကို အသုံးပြုခြင်းဖြင့်သော်၎င်း၊ မဟုတ်မမှန်သော ထွက်ဆိုချက်တခုပါရှိ

သည့် စာတမ်း အမှတ် အသား တခုခုကို ပြုလုပ်ခြင်းဖြင့်သော်၎င်း၊ ဟုတ်မှန်သော ရေးသွင်းချက်တခု၊ သို့တည်းမဟုတ် ဟုတ်မှန်သော ထွက်ဆိုချက်တခုပါရှိသော စာတမ်း အမှတ်အသား တခုပြုလုပ်ရန် ပျက်ကွက်ခြင်းဖြင့်သော်၎င်း၊ မိမိအတွက်ဖြစ်စေ၊ အခြားသူ တဦးဦး အတွက်ဖြစ်စေ၊ အငြိမ်းစားလစာ၊ လစာ၊ စရိတ်၊ သို့တည်းမဟုတ် အကျိုးခံစားခွင့်၊ သို့တည်းမဟုတ် ကျေးဇူးခံစားခွင့် တခုခုကိုရယူလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၇။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်—

ကွက်လပ်ချန်၍လက်မှတ်ထိုးမှုနှင့် အစီရင်ခံရန် ပျက်ကွက်မှု။

(က) လစာ၊ လက်နက်များ၊ ခဲယမ်း မီးကျောက်၊ ပစ္စည်းကိရိယာ တန်ဆာ ပလာများ၊ အဝတ် အစား၊ ထောက်ပံ့ပစ္စည်းများ၊ သို့တည်းမဟုတ် ပစ္စည်းများ၊ သို့တည်းမဟုတ် ပြည်ထောင်စု နိုင်ငံ အစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရ၏ ပစ္စည်းတခုခုနှင့် စပ်လျဉ်းသော စာတမ်း အမှတ်အသားတခုခုကို လက်မှတ် ရေးထိုးရာတွင် အရေးပါသော အစိတ်အပိုင်းတခုခုအတွက် မှန်ကန်ကြောင်း မိမိ၏ လက်မှတ်သည်၊ ထောက်ခံချက်ဖြစ်ပါလျက်နှင့် လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့် ထိုအရေးပါသောအစိတ်အပိုင်း တခုခုကို မဖြည့်စွက်ဘဲ ချန်လှပ်၍ထားလျှင်၊

(ခ) ပြုလုပ်ရန်သော်၎င်း၊ပေးပို့ရန်သော်၎င်း၊မိမိ၌တာဝန်ဝတ်တရားရှိသော အစီရင်ခံစာ၊ သို့တည်းမဟုတ် ပြန်တမ်းတခုခုကို ပြုလုပ်ရန်ဖြစ်စေ၊ ပေးပို့ရန်ဖြစ်စေ၊ ငြင်းပယ်လျှင်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ခံထိုက်သော ပေါ့လျော့မှုဖြင့် ပျက်ကွက်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၅၈။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

စစ်တရားရုံးများနှင့် စပ်လျဉ်းသောပြစ်မှုများ။

(က) စစ်တရားရုံးတရုံးသို့သက်သေဘဦးအဖြစ်ဖြင့် တက်ရောက်ရန် သမ္မာန်စာဖြစ်စေ၊ အမိန့်စာဖြစ်စေ၊ နည်းလမ်းတကျ ချအပ်ခြင်းခံရလျက်၊ တမင်သော်၎င်း၊ လုံလောက်သောအကြောင်းမရှိဘဲသော်၎င်း၊ တက်ရောက်ရန် ပျက်ကွက်လျှင်၊သို့တည်းမဟုတ်

(ခ) ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုရန် စစ်တရားရုံးကတရားဥပဒေနှင့်အညီ ခိုင်းသည်ကိုငြင်းပယ်လျှင်၊သို့တည်းမဟုတ်

(ဂ) မိမိ၏အာဏာ၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်မှု အတွင်းရှိသော စာတမ်းအမှတ်အသား တခုခုကို တင်ပြရန်သော်၎င်း၊ ပေးအပ်ရန်သော်၎င်း၊ စစ်တရားရုံးတရုံးက တရားဥပဒေနှင့်အညီ ခိုင်းသည်ကို ငြင်းပယ်လျှင်၊သို့တည်းမဟုတ်

(ဃ) သက်သေတဦးအဖြစ်ဖြင့်တရားဥပဒေအရ ဖြေဆိုရန် တာဝန်ရှိသော မေးခွန်းတခုခုကိုဖြေဆိုရန်ငြင်းပယ်လျှင်၊သို့တည်းမဟုတ်

(င) စော်ကားသော၊သို့တည်းမဟုတ် ခြိမ်းချောက်သောစကားကို အသုံးပြုခြင်းအားဖြင့်သော်၎င်း၊ စစ်တရားရုံးတရုံး၏ မှုခင်းကိစ္စများတွင် ဝင်ရောက် နှောင့်ရှက် ခြင်း၊ သို့တည်းမဟုတ် နှောင့်ရှက်ခြင်းတခုခုကို ဖြစ်စေခြင်း အားဖြင့်သော်၎င်း၊ ထိုစစ်တရားရုံးကို မထီလေးစားပြုလျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊၅၂အက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

မဟုတ်မမှန်သက်သေခံမှု။

၅၉။ ။၅၂အက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ စစ်တရားရုံး တရုံးရှေ့တွင်၊ သို့တည်းမဟုတ် အဖွဲ့တခုခုရှေ့တွင်၊သို့တည်းမဟုတ် ၅၂အက်ဥပဒေအရကျမ်းသစ္စာတိုက်ရန်အာဏာရှိထားသောအရာရှိရှေ့တွင်ရောက်ရှိနေသောမှုခင်းကိစ္စများ၌ မိမိသည်၊ သက်သေတဦးအဖြစ်ဖြင့်သော်၎င်း၊ စကားပြန်တဦးအဖြစ်ဖြင့်သော်၎င်း၊ တရားဥပဒေအရ ကျမ်းသစ္စာကျိန်ဆိုပြီးပါလျက် နှင့် မဟုတ်မမှန်ဟုမိမိသိသော၊ သို့တည်းမဟုတ် ဟုတ်မှန်သည်ဟု မိမိယုံကြည်ခြင်းမရှိသော၊ မှုခင်းကိစ္စများတွင် အရေးပါသော ထွက်ဆိုချက်တခုကိုပြုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ၅၂အက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

တရားဥပဒေနှင့်ဆန့်ကျင်၍လစာကိုဆိုင်းထားမှု။

၆၀။ ။အရာရှိ၊အရာခံဗိုလ်၊သို့တည်းမဟုတ်အကြပ်တဦးဦးသည်၊၅၂အက်ဥပဒေကိုလိုက်နာရသူ တဦး၏ လစာကိုလက်ခံ ထားပြီးသည့်နောက်၊ထိုလစာကိုအချိန်ကျရောက်သည့်အခါ၊ဟရား ဥပဒေနှင့်ဆန့်ကျင်၍ပေးဘဲ၊ဆိုင်းထားလျှင်၊ သို့တည်းမဟုတ်ပေးရန်ငြင်းပယ်လျှင်၊စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ဆယ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊၅၂အက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ပုံသန်းရေးနှင့်လေယာဉ်ဆိုင်ရာပြစ်မှုများ။

၆၁။ ။၅၂အက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) ပြည်ထောင်စု နိုင်ငံအစိုးရပိုင် လေယာဉ်၊သို့တည်းမဟုတ် လေယာဉ်ပစ္စည်းကို၊ တမင်သော်၎င်း၊ လုံလောက်သော အကြောင်းမရှိဘဲ သော်၎င်း၊ ဖျက်စီးနှစ်နာစေလျှင်၊ဖျက်ဆီးလျှင်၊သို့တည်းမဟုတ် ဆုံးရှုံးစေလျှင်၊ သို့တည်းမဟုတ်

(ခ) အဆိုပါပျက်စီးနှစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုဖြစ်စေတန်ရာသော ပြုလုပ်မှု၊ သို့တည်းမဟုတ် ပေါ့လျော့မှုတခုခုကြောင့် ပျက်စီးနှစ်နာမှု၊ ဖျက်ဆီးမှု၊ သို့တည်းမဟုတ် ဆုံးရှုံးမှုဖြစ်စေလျှင်၊ သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုနိုင်ငံအစိုးရပိုင်လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ် ပစ္စည်းကိုတရားဥပဒေနှင့်ညီသော အခွင့်အာဏာမရှိဘဲ ထုခွဲလျှင်၊ သို့တည်းမဟုတ်

(ဃ) အသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်မှုဖြစ်စေသော၊ သို့တည်းမဟုတ် ဖြစ်စေတန်ရာသော်ပြုလုပ်မှု၊သို့တည်းမဟုတ် ပေါ့လျော့မှုတခုခုကြောင့်ပုံသန်းရာတွင်သော်၎င်း၊လေယာဉ်ကို အသုံးပြုရာတွင်သော်၎င်း၊ လေယာဉ်၊သို့တည်းမဟုတ် လေယာဉ်ပစ္စည်းနှင့် စပ်လျဉ်း၍သော်၎င်း၊ သူတဦးဦးအားအသက်ဆုံးရှုံးမှု၊ သို့တည်းမဟုတ် ကိုယ်အင်္ဂါနာကျင်စေမှုဖြစ်စေလျှင်၊သို့တည်းမဟုတ်

(င) စစ်ဖြစ်နေစဉ်တွင် ပြည်ထောင်စုနိုင်ငံအစိုးရပိုင် လေယာဉ်ကို တမင်ဖြစ်စေ၊သင့်လျော်သောအကြောင်းမရှိဘဲဖြစ်စေ၊ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကြားနေတိုင်းပြည်တပြည်ကသော်၎င်း၊ကြားနေ တိုင်းပြည်တပြည်၏ အမိန့်အရသော်၎င်း၊သိမ်းယူခြင်း ခံရစေလျှင်၊ သို့တည်းမဟုတ် ကြားနေတိုင်းပြည်တပြည်တွင်ဖျက်ဆီးခြင်းခံရစေလျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှား စီရင်သောအခါ၊ တမင်ပြုသောပြုမှုဖြစ်ပါက တဆယ့်လေးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ တမင်ပြုသောပြုမှုမဟုတ်ပါက၊ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

၆၂။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

ပုံသန်းရေးနှင့် လေယာဉ်ဆိုင်ရာအခြားပြစ်မှုများ။

(က) ပြည်ထောင်စုနိုင်ငံ အစိုးရပိုင်လေယာဉ်၊ သို့တည်းမဟုတ် လေယာဉ် ပစ္စည်းနှင့် စပ်လျဉ်းသော သက်သေခံ လက်မှတ်တခုခုကို တိကျ မှန်ကန်ကြောင်း သေချာစွာ မစိစစ်ဘဲ လက်မှတ်ရေးထိုးလျှင်၊ သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုနိုင်ငံအစိုးရပိုင်လေယာဉ် တစီး၏လေသူရဲဖြစ်သည်တွင်၊ မြေပြင်မှလေယာဉ်ထွက်ခွါနေစဉ်၊ သို့တည်းမဟုတ် မြေပြင်သို့ လေယာဉ်သက်ဆင်းနေစဉ်၊သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က သီးခြားဖေါ်ပြထားသော အခြားအကြောင်းအချက်များတွင်မှအပ၊ လေယာဉ်ကိုကာကွယ်ရေးဦးစီးချုပ်က သီးခြား ဖေါ်ပြထားသည့် အမြင့်အောက်နိမ့်၍ပုံသန်းလျှင်၊သို့တည်းမဟုတ်

(ဂ) ပြည်ထောင်စုနိုင်ငံအစိုးရပိုင် လေယာဉ်တစီး၏လေသူရဲဖြစ်သည်တွင်၊ သူတဦးဦးအားမလိုလားအပ်သောစိတ်ငြိုငြင်ခြင်းဖြစ်စေသော၊ သို့တည်းမဟုတ် စိတ်ငြိုငြင်ခြင်း ဖြစ်စေတန်ရာသော်ပုံသန်းခြင်းမျိုးဖြင့် ထိုလေယာဉ်ကိုပုံသန်းလျှင်၊

စစ်တရားရုံးကပြစ်မှုသင့်ရှားစီရင်သောအခါ၊နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

၆၃။ ။မည်သည့် အဆင့် မဆို ရှိသည့် ဤအက် ဥပဒေ ကို လိုက် နာ ရ သူ တဦးဦးသည်—

လေယာဉ်မှူး၏ တရား ဥပဒေနှင့်ညီသောအမိန့်ကို ဖီဆန်မှု။

(က) လေယာဉ်တစီး အတွင်း ရှိစဉ်၊ ထိုလေယာဉ်၏ လေယာဉ်မှူးမှာ၊ ဤအက်ဥပဒေကို လိုက်နာရသူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ လေယာဉ် ပျံသန်းရေးနှင့်သော်၎င်း၊ ထိန်းသိမ်းရေးနှင့်သော်၎င်း၊ လုံခြုံမှုနှင့် သော်၎င်း၊ သက်ဆိုင်သည့်ကိစ္စအားလုံးနှင့်စပ်လျဉ်း၍ ထိုလေယာဉ် မှူးကပေးသောတရားဥပဒေနှင့်ညီသည့်အမိန့်တခုခုကို ဖီဆန်လျှင်၊သို့ တည်းမဟုတ်

(ခ) အခြားလေယာဉ်တစီးက ဆွဲသွားရသော စက်ခဲ့ လေယာဉ်တစီး၏ လေယာဉ်မှူးဖြစ်သည်တွင်၊ဆွဲသည့်လေယာဉ်မှူးမှာ၊ဤအက်ဥပဒေကို လိုက်နာရသူဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အထက်ဆိုခဲ့ ပြီးသောကိစ္စအားလုံးနှင့် စပ်လျဉ်း၍ ထိုလေယာဉ်မှူးက ပေးသော တရားဥပဒေနှင့်ညီသည့်အမိန့်တခုခုကိုဖီဆန်လျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ တဆယ့် လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

၆၄။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ တဝ်မတော်ဝိုင်၊ သို့တည်းမဟုတ် တဝ်မတော်ကအသုံးပြုသော ရေယာဉ်ကို၊ ဘေးအန္တရာယ်မကင်းအောင်ပြုလုပ်သဖြင့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်မကင်းအောင်ဖြစ်စေသဖြင့်၊ စစ်တရားရုံးက

သဘော်များနှင့် စပ်လျဉ်း သောပြစ်မှုများ။

ပြစ်မှုထင်ရှား စီရင်သောအခါ၊ တမင်ပြုသောပြုမှုဖြစ်ပါက တဆယ့်လေးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ တမင်ပြုသော ပြုမှုမဟုတ်ပါက၊ ခုနစ်နှစ်ထိဆောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည်။

(၂) သဘော်များ၊ သို့တည်းမဟုတ် ရေယာဉ်များကို ခြိုရံစောင့်ကြပ်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသောသဘော်တစင်း၏ အရာရှိတဦးဖြစ်သည့်၊ ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) တာဝန်ဝတ်တရားကိုဆောင်ရွက်ရန်ကိစ္စအလို့ငှါ ရရှိသောညွှန်ကြား ချက်များနှင့်အညီ မိမိ၏တာဝန်ဝတ်တရားကို ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) အခြားမည်သည့်ကိစ္စကိုမျှ လွှဲပြောင်းဆောင်ရွက်ခြင်းမပြုဘဲ၊ မိမိခြိုရံ စောင့်ကြပ်သောသဘော်များနှင့် ကုန်စည်များကို ကာကွယ်ခုခံရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ဂ) တိုက်ခိုက်ခြင်းခံရပါက၊ အဆိုပါသဘော်များနှင့် ကုန်စည်များကို ကာကွယ်ခုခံပြီးတိုက်ခိုက်ရန်ငြင်းပယ်လျှင်၊ သို့တည်းမဟုတ်

(ဃ) မိမိခြိုရံစောင့်ကြပ်လာသောအဆိုပါသဘော်များကို၊ ဘေးအန္တရာယ် မကင်းအောင် သူရဲဘောနည်းစွာစွန့်ခွါသွားလျှင်၊ သို့တည်းမဟုတ် အကာအကွယ်မရှိဘဲထားလျှင်၊ သို့တည်းမဟုတ်

(ဂ) စောင့်ရှောက်ရန် မိမိအားအပ်နှံထားသောသတ္တဝါများ၊ သို့တည်းမဟုတ် ရေယာဉ်များကို ခြိုရံစောင့်ကြပ်ခြင်းအတွက် ကုန်သည်၊ သို့တည်းမဟုတ် ရေယာဉ်မှူး တဦးဦးထံမှငွေ၊ သို့တည်းမဟုတ် အခြားဆုလာဘ်တခုခုကိုတောင်းဆိုလျှင်၊ သို့တည်းမဟုတ် အတင်းအကျပ်တောင်းယူလျှင်၊ သို့တည်းမဟုတ်

(စ) အဆိုပါသတ္တဝါများ၊ သို့တည်းမဟုတ် ရေယာဉ်များမှ ရေယာဉ်မှူးများ၊ သို့တည်းမဟုတ် သတ္တဝါသားများကို အလွဲအသုံးပြုလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ သေဒဏ်ဖြစ်စေ၊ ဤဥပဒေတွင်ဖေါ်ပြထားသည့် ပျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ တရားလွှတ်တော်က ရေကြောင်း စီရင်ပိုင်ခွင့်အာဏာသုံးစွဲလျက်၊ စီရင်ဆုံးဖြတ်သည့် လျော်ကြေးကိုလည်း၊ ကုန်သည်များ၊ ပိုင်ရှင်များနှင့်အခြားသူများအားပေးရမည်။

(၃) ဤအက်ဥပဒေကို လိုက်နာရသူ ရေယာဉ်မှူး တဦးဦးသည်၊ မိမိသတ္တဝါသုံးရန်သာဖြစ်သော ကုန်စည်များ၊ အရောင်းအဝယ် ကုန်စည်များမှအပ၊ သို့တည်းမဟုတ် ဆိုင်ရာပိုင်ရှင်များအတွက်မဟုတ်စီးရန်ထိန်းသိမ်းထားရမည့်ကုန်သည်တဦးဦးပိုင် ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များမှအပ၊ သို့တည်းမဟုတ် ဆိုင်ရာပိုင်ရှင်များအတွက် မဟုတ်စီးရန်ထိန်းသိမ်းထားရမည့် ပင်လယ်ပြင်တွင်ဖြစ်စေ၊ သတ္တဝါဆိပ်တွင်ဖြစ်စေ၊ ချောင်းတွင်းတွင်ဖြစ်စေ၊ ဆိပ်ကမ်းတွင်ဖြစ်စေ၊ ပျက်စီးသွားသည့် သတ္တဝါပေါ်တွင်သော်ငင်း၊ ဘေးအန္တရာယ်ရောက်မည့်ဆဲဆဲဖြစ်သော သတ္တဝါပေါ်တွင်သော်ငင်း၊ ရှိသည့်ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များမှအပ၊ သို့တည်းမဟုတ် မည်သည့်အချိန်တွင်မဆို နိုင်ငံတော်သမတကဖြစ်စေ၊ မိမိအထက်အရာရှိကဖြစ်စေ၊ သတ္တဝါပေါ်တွင်ယူဆောင်ရန်သော်ငင်း၊ လက်ခံရန်သော်ငင်း၊ မိမိအားအမိန့်ပေးသည့် ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များမှအပ၊ မိမိသတ္တဝါပေါ်တွင် အခြားမည်သည့်ကုန်စည်များ၊ အရောင်းအဝယ်ကုန်စည်များကိုမဆို လက်ခံလျှင်၊ သို့တည်းမဟုတ် လက်ခံရန်ခွင့်ပြုလျှင်၊ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၄) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) သိမ်းရပစ္စည်းအဖြစ်ဖြင့် ဘဏ်ဆီးထားသော သတ္တဝါတစင်းပေါ်တွင် တွေ့ရှိသောစာရွက်စာတမ်းများ၊ သတ္တဝါဂျီးစာချုပ်များ၊ သတ္တဝါကုန်တင် တန်ဆာများ၊ နိုင်ငံကူးလက်မှတ်များနှင့် အခြားမည်သည့် စာတမ်းအမှတ်အသားကိုမဆို ထိန်းသိမ်းထားရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) သိမ်းရပစ္စည်းဖြစ်သည့် အဆိုပါသတ္တဝါကို ယူဆောင်သွားရမည့် ရေယာဉ်၏ ရေယာဉ်မှူးဖြစ်သည်တွင်၊ ရေကြောင်း စီရင်ပိုင်ခွင့် အာဏာရှိ တရားလွှတ်တော်သို့သော်ငင်း၊ အဆိုပါ သိမ်းရပစ္စည်းများကို တရားဥပဒေနှင့်အညီဘဏ်းဆီးခြင်း ဟုတ်၊မဟုတ် ဆုံးဖြတ်ရန် အာဏာလွှဲအပ်ထားသည့်တရားရုံး၊ သို့တည်းမဟုတ် အမှုအရေး

လွဲအပ်ခံရသူအရာရှိများထံသို့သော်၎င်း၊ ထိုရုံးများ၊ သို့တည်းမဟုတ် အရာရှိများကကြည့်ရှုစစ်ဆေးရန်၊ အသုံးချရန်နှင့် တရားဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် ထိုစာရွက်စာတမ်းများ၊ သဘော်ဂွါး စာချုပ်များ၊ သဘော်ကုန်တင် တန်ဆာများ၊နိုင်ငံကူးလက်မှတ်များနှင့် အခြားစာတမ်း အမှတ်အသားမူရင်းအလုံးစုံကို လိမ်လည် လှည့်ဖြားမှုမရှိဘဲ ရေတပ်သက်ဆိုင်ရာတို့မှတဆင့်ဒိုရန်ပျက်ကွက်လျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည့်ပြင်၊ ဘဏ်ဆိုးရမိသည့်ပစ္စည်းထဲမှမိမိ၏ဝေစုကိုသိမ်းယူခြင်းနှင့်ဆုံးရှုံးခြင်းလည်းခံထိုက်စေရမည်။

(၅) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) ရေကြောင်း စီရင်ပိုင်ခွင့်အာဏာသုံးစွဲလျက်၊ တရားလွှတ်တော်က တရားဥပဒေနှင့်အညီ သိမ်းရပစ္စည်းဟုတ်ကြောင်း စီရင်ဆုံးဖြတ်ခြင်း မပြုမီ၊မည်သည့်ွေ့၊ သို့တည်းမဟုတ် ကုန်စည်ကိုဆို၊ ၎င်းတို့၏ ပိုမိုလုံခြုံမှုအတွက် လိုအပ်သည် မဟုတ်ဘဲနှင့်၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံအစိုးရ အသုံးပြုနေသောသဘော်ာတစင်းအတွက် အသုံးပြုရန်လိုအပ်သည်မဟုတ်ဘဲနှင့် သိမ်းရပစ္စည်းထဲမှ၊ သို့တည်းမဟုတ် သိမ်းရပစ္စည်းအဖြစ်ဘဏ်ဆိုးထားသောသဘော်ာထဲမှ ထုတ်ယူလျှင်၊ သို့တည်းမဟုတ်

(ခ) ရေကြောင်း စီရင်ပိုင်ခွင့်အာဏာသုံးစွဲလျက်၊ တရားလွှတ်တော်က တရားဥပဒေနှင့်အညီ သိမ်းရပစ္စည်းဖြစ်ကြောင်းစီရင်ဆုံးဖြတ်ပေးရန် အတွက် ဘဏ်ဆိုးရမိခြင်း၏အကြောင်းအရာ အပြည့်အစုံကို ယူဆောင်၍ မလာဘဲနေလျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ထိုက်သင့်စေရမည့်ပြင်၊ဘဏ်ဆိုးရမိသည့်ပစ္စည်းထဲမှ၊ မိမိ၏ဝေစုကိုသိမ်းယူခြင်းနှင့်ဆုံးရှုံးခြင်းလည်းခံထိုက်စေရမည်။

(၆) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ သိမ်းရပစ္စည်းအဖြစ်ဘဏ်ဆိုးထားသောသဘော်ာ၊ သို့တည်းမဟုတ် ရေယာဉ်ပေါ်ရှိအရာရှိ၊ သဘော်ာသား၊ သို့တည်းမဟုတ်အခြားသူတဦးဦးကိုလုယက်လျှင်၊ ရိုက်နှက်လျှင်၊ နှိပ်စက်ညှဉ်းဆဲလျှင်၊ သို့တည်းမဟုတ် ထိုအရာရှိ၊ သဘော်သား၊ သို့တည်းမဟုတ် အခြားသူ၏အဝတ်အစားကိုဆွဲချွတ်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် ပေျာ့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(၇) ပြည်ထောင်စုနိုင်ငံအစိုးရ အသုံးပြုသောသဘော်ာတစင်းကို ကွပ်ကဲသောအရာရှိဖြစ်သည့်၊ ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) ရန်သူနှင့်အတူပူးပေါင်းကြံစည်ပြီး ရေယာဉ်၊ ကုန်စည်များ၊ သို့တည်းမဟုတ် အရာဝတ္ထုတခုခုကိုသိမ်းရပစ္စည်းအဖြစ်ယူလျှင်၊ သို့တည်းမဟုတ်

(ခ) သိမ်းရပစ္စည်းအဖြစ်ဖြင့် ဘဏ်ဆိုးထားသော ရေယာဉ်၊ ကုန်စည်များ၊ သို့တည်းမဟုတ် အရာဝတ္ထုတခုခုကို ရွှေးယူစေရန်၊ သူတဦးဦးနှင့် တရားဥပဒေနှင့်ဆန့်ကျင်လျက်သဘောတူလျှင်၊ သို့တည်းမဟုတ်

(ဂ) သိမ်းရ ပစ္စည်းအဖြစ်ဖြင့်ဘဏ်ဆိုးထားသောရေယာဉ်၊ ကုန်စည်များ၊ သို့တည်းမဟုတ် အရာဝတ္ထုတခုခုကို ရွှေးယူရန်အတွက်တရားဥပဒေနှင့်ဆန့်ကျင်လျက် သဘောတူညီထားချက်နှင့်အညီ၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ပူးပေါင်းကြံစည် ပြုလုပ်ထားခြင်းနှင့်အညီ၊ လက်လွှတ်လိုက်လျှင်၊သို့တည်းမဟုတ် ပြန်အပ်လိုက်လျှင်၊

စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

(ဂ) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ သိမ်းရပစ္စည်းအဖြစ်ဘဏ်ဆိုးထားသည့်၊ သို့တည်းမဟုတ် စစ်မက်ဘက်ပြိုင်ခြင်း၏အခွင့်အရေးတခုခုကိုသုံးစွဲခြင်းဖြစ်စေ၊ ရေကြောင်းခါးပြတိုက်ခြင်းဆိုင်ရာ၊ သို့တည်းမဟုတ် ကျွန်ကုန်ကူးခြင်းဆိုင်ရာ၊ သို့တည်းမဟုတ် အကောက်တော်ဆိုင်ရာ အက်ဥပဒေတခုခုအရဖြစ်စေ၊ တားဆီးထားသည့် ရေယာဉ်တစင်းပေါ်ရှိ၊ သို့တည်းမဟုတ် ရေယာဉ်ပိုင်မည်သည့်အရာဝတ္ထုကိုမဆို၊အလွဲသုံးစားပြုလုပ်ရန် အကြံဖြင့်အချို့အဝက်ကို ဖေါက်ခွဲနုတ်ယူလျင်၊စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည့်ပြင်၊ ဘဏ်ဆိုးရမိသည့်ပစ္စည်းဆဲမှမိခိုဏ်ဝေစုကို သိမ်းယူခြင်းနှင့်ဆုံးရှုံးခြင်းလည်းခံထိုက်စေရမည်။

စည်းကမ်းဖေါက်ဖျက်မှု။

၆၅။ ။ဤအက်ဥပဒေကို လိုက်နာရသူဘဦးဦးသည်၊ ဤအက်ဥပဒေတွင်သီးခြားဖေါ်ပြမထားသော်လည်း စံနစ်တကျရှိခြင်းနှင့် စစ်စည်းကမ်းကို ထိခိုက်သောပြုလုပ်မှုကိုပြုလျင်၊ သို့တည်းမဟုတ် စံနစ်တကျရှိခြင်းနှင့် စစ်စည်းကမ်းထိခိုက်အောင်ပျက်ကွက်လျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်သို ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အထွေထွေပြစ်မှုများ။

၆၆။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်—

(က) တာဝန်ကျနေရာတခုကိုကွပ်ကဲနေရစဉ်ဖြစ်စေ၊စစ်ချီနေစဉ်ဖြစ်စေ၊ မိမိလက်အောက်ရှိတဦးတယောက်သောသူက အခြားသူတဦးဦးအားရိုက်နှက်သည်၊ သို့တည်းမဟုတ် အခြားနည်းဖြင့် ညှဉ်းပန်းသည်၊ သို့တည်းမဟုတ် ဘိန်ပဲချုတ်ချယ်သည်၊သို့တည်းမဟုတ် ပွဲစေ့းတခုခုကိုသော်၎င်း၊ စေ့းတခုခုကိုသော်၎င်း၊ နှောင့်ရှက်သည်၊ သို့ဘည်းမဟုတ် ရုန်းရင်းဆန်ခတ်မှုကိုသော်၎င်း၊ကျော်နင်းမှုကိုသော်၎င်း၊ကျူးလွန်သည်ဟုတိုင်ကြားချက်တရပ်ကိုရရှိလျက်နှင့် နစ်နာသူကို ထိုက်သင့်သောကျေနပ်မှုရရှိအောင် ပြုလုပ်ရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆိုင်ရာအာဏာပိုင်ထံ အမှုကိုအစီရင်ခံရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်

(ခ) ကိုးကွယ်ဝတ်ပြုသော နေရာတခုခုကို ယုတ်ညံ့စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ သူတဦးဦး၏ဘာသာ သာသနာကိုတမင်စော်ကားလျှင်၊ သို့တည်းမဟုတ် သူတဦးဦး၏ဘာသာရေးဓိတ်ကို တမင်နာကြည်းစေလျှင်၊ သို့တည်းမဟုတ်

(ဂ) မိမိကိုယ်ကိုမိမိသတ်ရန်အားထုတ်၍ ထိုသို့အားထုတ်ရာတွင် ထိုပြစ်မှုကျူးလွန်ရန် ရွေ့ရှသောပြုလုပ်မှုတခုခုကို ပြုလျှင်၊ သို့တည်းမဟုတ်

(ဃ) အရာခံဗိုလ်အောက်အဆင့် ရှိသူဖြစ်လျက်၊ တာဝန်ဝတ်တရား မထမ်းဆောင်သည့်အခါ၊ ဆိုင်ရာအခွင့်အာဏာမပါရှိဘဲ၊ တပ်၊သို့တည်းမဟုတ် စစ်စခန်း၊ သို့ဝည်းမဟုတ် သင်္ဘောအတွင်းတွင်ဖြစ်စေ၊ ပြင်ပတွင်ဖြစ်စေ၊ ရိုင်ဖယ်၊ စစ်ခါးလွယ်၊ သို့ဘည်းမဟုတ် ရန်မူနိုင်သောအခြေးလက်နက်ကို ကိုင်ဆောင်လျှင်၊ သို့တည်းမဟုတ်

(င) သူတဦးဦး၏စစ်မှုထမ်းအဖြစ်စာရင်းသွင်းရေးကို ဆောင်ရွက်ပေးရန်၊ သို့တည်းမဟုတ် စစ်မှုထမ်းနေသူ တဦးဦးအတွက် ခွင့်ရက်ရရေးကို သော်၎င်း၊ ရာထူးတိုးမြှင့်ရေးကိုသော်၎င်း၊ အခြားကျေးဇူးတခုခုကို သော်၎င်း၊ အခြားလိုက်လျောမှု တခုခုကိုသော်၎င်း၊ ဆောင်ရွက်ပေးရန်အတွက်၊ ရည်ရွယ်ချက်အဖြစ်ဖြင့်ဖြစ်စေ၊ ဆုလာဘ်အဖြစ်ဖြင့်ဖြစ်စေ၊ တံစိုးတခုခုကိုမိမိအတွက် သော်၎င်း၊သူတပါးအတွက်သော်၎င်း၊ တိုက်ရိုက်၊သို့တည်းမဟုတ်သွယ်ဝိုက်၍လက်ခံလျှင်၊ သို့တည်းမဟုတ် ရယူလျှင်၊သို့တည်းမဟုတ်လက်ခံရန်သဘောတူလျှင်၊သို့တည်းမဟုတ် ရယူရန်အားထုတ်လျှင်၊သို့တည်းဟုတ်

(စ) မိမိစစ်မှုထမ်းနေသောတိုင်းပြည်တွင် ယာယီ၊ သို့တည်းမဟုတ် အမြဲနေထိုင်သူဘဦးဦး၏ ပစ္စည်းကိုသော်၎င်း၊ကိုယ်ကိုသော်၎င်း၊ ထိခိုက်စေသော ပြစ်မှုတခုခုကိုကျူးလွန်လျှင်၊

စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ခုနစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင်ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

အားထုတ်မှု။

၆၇။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ပုဒ်မ ၃၂ မှ ၆၆ ထိ၊ ထိုပုဒ်မ နှစ်ခုလုံးအပါအဝင်ဖြစ်သော ပုဒ်မများတွင် သီးခြားဖေါ်ပြထားသော ပြစ်မှုများအနက် ပြစ်မှုတခုခုကို ကျူးလွန်ရန်အားထုတ်၍ ထိုသို့အားထုတ်ရာတွင် ပြစ်မှုကျူးလွန်ခြင်းသို့ ရွေ့ရှသောပြုလုပ်မှုတခုခုကိုပြုလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ အဆိုပါအားထုတ်မှု အတွက် ပြစ်ဒဏ်ချမှတ်ရန် ဤအက်ဥပဒေက အတိအလင်းပြဋ္ဌာန်းခြင်းမပြုသည့်အခါ၊

ကျူးလွန်ရန်အားထုတ်သည့်ပြစ်မှုသည်၊ သေဒဏ်စီရင်ထိုက်သည့် ပြစ်မှုဖြစ်ပါက၊ တဆယ့်လေးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေနှင့် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ကျူးလွန်ရန်အားထုတ်သည့်ပြစ်မှုသည်၊ ထောင်ဒဏ်စီရင်ထိုက်သည့်ပြစ်မှုဖြစ်ပါက ထိုပြစ်မှုအတွက် သတ်မှတ်သည့် အများဆုံး ထောင်ဒဏ်ကာလ၏ တဝက်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့်လျော့သော ပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

၆၈။ ။ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ ပုဒ်မ ၃၂ မှ ၆၆ ထိ၊ ထိုပုဒ်မနှစ်ခုလုံးအပါအဝင်ဖြစ်သော ပုဒ်မများတွင် သီးခြားဖော်ပြထားသော ပြစ်မှုများအနက် ပြစ်မှုတခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ထိုအားပေးကူညီခြင်းခံရသော ပြုလုပ်မှုအထမြောက်ခဲ့ရာတွင်၊ အားပေးကူညီခြင်းအတွက် ပြစ်ဒဏ်ကို၊ ဤအက်ဥပဒေကအတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိပါက၊ ကျူးလွန်ခဲ့သောပြစ်မှုရင်းအတွက်ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ထိုက်သင့်စေရမည်။

ကျူးလွန်ပြီးဖြစ်သော ပြစ်မှုကို အားပေးကူညီမှု။

၆၉။ ။ဤအက်ဥပဒေကိုလိုက်နာရသူ တဦးဦးသည်၊ ပုဒ်မ ၃၂၊၃၃၊၃၆၊၃၇ (၁) နှင့် ၆၄ (၂) အရ၊ သေဒဏ်ထိုက်သင့်သော ပြစ်မှုတခုခုကို ကျူးလွန်ရန်အားပေးကူညီလျှင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ၊ ထိုပြစ်မှုကျူးလွန်ခြင်း အထမမြောက်သည်ပြစ်မှုကိုအားပေးကူညီမှု။

သေဒဏ်ထိုက်သင့်သော်လည်း ကျူးလွန်ခြင်းအထမမြောက်သည့်ပြစ်မှုကိုအားပေးကူညီမှု။

၇၀။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ပုဒ်မ ၃၂ မှ ၆၆ ထိ၊ ထိုပုဒ်မနှစ်ခုလုံးအပါအဝင်ဖြစ်သော ပုဒ်မများတွင်သီးခြားဖော်ပြထား၍၊ ထောင်ဒဏ်ထိုက်သင့်သော ပြစ်မှုတခုခုကို ကျူးလွန်ရန်အားပေးကူညီလျှင်၊ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်သောအခါ၊ ထိုပြစ်မှုကျူးလွန်ခြင်း အထမမြောက်ခဲ့ရာတွင်၊ ထိုအားပေးကူညီမှုအတွက် ဤအက်ဥပဒေကပြစ်ဒဏ်အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပါက၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်အများဆုံးထောင်ဒဏ်၏တဝက်ထိထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့်လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

ထောင်ဒဏ်ထိုက်သင့်သော်လည်း ကျူးလွန်ခြင်းအထမမြောက်သည့် ပြစ်မှုကို အားပေးကူညီမှု။

၇၁။ ။ပုဒ်မ ၇၂ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤ အက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ သို့တည်းမဟုတ် ပြင်ပရှိ မည်သည့်နေရာတွင်မဆို၊ နယ်ဘက်ပြစ်မှုတခုခုကို ကျူးလွန်လျှင်၊ ဤ အက်ဥပဒေအရဖြစ်သော ပြစ်မှုတခုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ဤပုဒ်မအရ၊ ထိုပြစ်မှုအတွက်၊ စွဲချက်တင်ခြင်း ခံရပါက၊ စင်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်း ခံရမည့်ပြင်၊ စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောအခါ—

နယ်ဘက်ပြစ်မှုများ။

(က) ထိုပြစ်မှုသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၊ တည်ဆဲတရားဥပဒေ တခုခုအရ သေဒဏ်၊ သို့တည်းမဟုတ် တကျွန်းပိုဒဏ်ချမှတ်နိုင်သော ပြစ်မှုတခုဖြစ်ပါက၊ ကြိမ်ဒဏ်မှအပ၊ အဆိုပါတရားဥပဒေက ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသောပြစ်ဒဏ်အပြင် ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်လည်း ထိုက်သင့်စေရမည်။ ထို့ပြင်

(ခ) အခြားပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတခုခုအတွက်ဖြစ်ပါက၊ ကြိမ်ဒဏ်မှအပ၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း တည်ဆဲတရားဥပဒေက ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်တခုခုဖြစ်စေ၊ ခုနစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်။

စစ်တရားရုံးဖြင့် မစစ်ဆေးနိုင်သော နယ်ဘက်ပြစ်မှုများ။

၇၂။ ။ဤအက်ဥပဒေကို လိုက်နာရသူ တဦးသည်၊ စစ်ဘက် ဥပဒေကို မလိုက်နာသူ တဦးအား၊ သေစေသည့် လူသတ်မှုကိုသော်ငင်း၊ ထိုသို့ မလိုက်နာရသူ တဦးအား၊ သေစေသည့် လူသတ်မှု မမြောက်သော ရာဇဝတ်ပြစ်ဒဏ် ထိုက်သည့် လူသေမှုကိုသော်ငင်း၊ ထိုသို့ မလိုက်နာရသူ တဦးအား၊ မုဒိမ်းမှုကိုသော်ငင်း၊ ကျူးလွန်ခြင်းမှာ—

(က) တန်းပြည့် စစ်မှုထမ်းချိန်တွင်၊ သို့တည်းမဟုတ်

(ခ) ပြည်တောင်စု မြန်မာနိုင်ငံပြင်ပရှိ နေရာတခုခုတွင်၊ သို့တည်းမဟုတ်

(ဂ) နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်၊ ဤကိစ္စအလို့ငှါ၊သီးခြားဖေါ်ပြထားသောနယ်စပ် စစ်စခန်းတွင်၊ ကျူးလွန်ခြင်းမဟုတ်လျှင်၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုခုကို ကျူးလွန်သည်ဟုမမှတ်ယူရ။ထို့ပြင် ထိုပြစ်မှုကျူးလွန်သူအား စစ်တရားရုံးက စစ်ဆေးစီရင်ခြင်းလည်း မပြုရ။

အခန်း ၇။

ပြစ်ဒဏ်များ။

စစ်တရားရုံး များက ချမှတ်နိုင်သောပြစ်ဒဏ်များ။

၇၃။ ။ဤအက်ဥပဒေကို လိုက်နာရသူများသည်၊ မိမိတို့ ကျူးလွန်သည့် ပြစ်မှုများအတွက်၊ စစ်တရားရုံးများက ပြစ်မှုထင်ရှားစီရင်သောအခါ၊ အောက်ပါ အချို့အစားအတိုင်း ပြစ်ဒဏ်ထိုက်သင့်စေရမည်။

(က) သေဒဏ်။

(ခ) တသက်တာကျွန်းဒဏ်၊ သို့တည်းမဟုတ် ခုနစ်နှစ် အောက် မလျော့သော တကျွန်းပို့ဒဏ်။

(ဂ) တဆယ့်လေးနှစ်ထက် မပိုသော အလုပ်ကြမ်းနှင့်၊ သို့တည်းမဟုတ် အလုပ်မဲ့ထောင်ဒဏ်။

(ဃ) အရာရှိများအတွက်ဖြစ်ပါက ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်။

(င) စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ်။

(စ) အရာခံဗိုလ်များအတွက်ဖြစ်ပါက၊ ပို၍နိမ့်သောအဆင့်၊ ပို၍နိမ့်သောအတန်း၊ ၎င်းတို့၏ အဆင့်စာရင်းတွင် ပို၍နိမ့်သောနေရာ၊ သို့တည်းမဟုတ် တပ်သားအဆင့်သို့ လျော့ချဒဏ်။ ထို့ပြင် အကြပ်များအတွက်ဖြစ်ပါက၊ ပို၍နိမ့်သောအဆင့်၊ သို့တည်းမဟုတ် တပ်သား

အဆင့်သို့လျော့ချဒဏ်။ သို့ရာတွင် တပ်သားအဆင့်သို့လျော့ချထား သော အရာခံဗိုလ်တဦးအား၊ ၎င်း၏ဆန္ဒနှင့် ဆန့်ကျင်လျက် တပ် သားအဖြစ်ဖြင့် စစ်မှုမထမ်းစေရ။

(ဆ) အရာရှိများ၊ အရာခံဗိုလ်များနှင့်အကြပ်များအတွက်ဖြစ်ပါက၊ အဆင့် သက်တမ်း လျော့ဒဏ်၊ ထို့ပြင် အဆင့်တိုးမြှင့်ရေးသည်၊ စစ်မှုထမ်း သက်တမ်းပေါ်တွင်အမှီပြုရသူများဖြစ်ပါက၊ အဆင့်တိုးမြှင့်ရေးကိစ္စ အတွက်၊ ၎င်းတို့၏ စစ်မှုထမ်း သက်အားလုံး၊ သို့တည်းမဟုတ် တစိတ်တဒေသကို ဆုံးရှုံးစေသည့်ဒဏ်။

(ဇ) လစာတိုးမှုကိစ္စအတွက်သော်၎င်း၊ အငြိမ်းစား၊ လစာအတွက်သော် ၎င်း၊ အခြားသတ်မှတ်ထားသော ကိစ္စတရပ်ရပ်အတွက်သော်၎င်း၊ စစ်မှုထမ်းသက်လျော့ဒဏ်။

(ဈ) အရာရှိများ၊ အရာခံဗိုလ်များနှင့် အကြပ်များအတွက်ဖြစ်ပါက၊ ပြင်း ထန်စွာ ပြစ်တင်ရှုတ်ချဒဏ်၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချဒဏ်။

(ည) တန်းပြည့်စစ်မှုထမ်းချိန်တွင် ကျူးလွန်သောပြစ်မှုတခု အတွက်ဖြစ်ပါ က၊ သုံးလထက် မပိုသောလစာနှင့်စရိတ်များကို ဖြတ်တောက်ဒဏ်။

(ဋ) ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ်ချမှတ်ခံရသူ တဦးအတွက်ဖြစ်ပါက၊ ယင်းသို့ ရှုတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်၊ သို့တည်းမဟုတ် စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ်ခံရချိန်တွင်၊ထိုသူအားပေးရန်ကုန်ရှိနေသော လစာနှင့်စရိတ်များအပြင်၊ အစိုးရထံမှ ထိုသူ ရထိုက်သော အခြား ငွေအားလုံးသိမ်းယူဒဏ်။

(ဌ) ထိုသူအား ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့် ပြစ်မှုကြောင့် ဆုံးရှုံး ကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း ထင်ရှားသက်သေ ခံချက်ရှိသော ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းတခုခု အတွက် လျော်ပေးပြီးသည်အထိ လစာနှင့်စရိတ်များရပ်စဲဒဏ်။

စစ် တရားရုံးက သဲ ပြောင်း ချမှတ် နိုင်သော ပြစ်ဒဏ်များ။

၇၄။ ။ပုဒ်မ ၃၂ မှ ၇၀ ထိ၊ ထိုပုဒ်မနှစ်ခုလုံး အပါအဝင်ဖြစ်သော ပုဒ်မများ တွင် သီးခြားဖေါ်ပြထားသောပြစ်မှုများအနက်၊ ပြစ်မှုတခုခု ကျူးလွန်သည့် ဤအက်ဥပဒေကို လိုက်နာရသူ တဦးအား၊ ပြစ်မှု ထင်ရှားစီရင်ရာတွင်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်မဆန့်ကျင်စေဘဲ၊ ပြစ်မှုအမျိုးအစားနှင့်အကြိုးအငယ် ကို ထောက်ထားပြီး၊ ထိုပြစ်မှုအတွက် စီရင်နိုင်သည်ဟု အဆိုပါ ပုဒ်မများတွင် ဖေါ်ပြ ထားသော သီးခြားပြစ်ဒဏ်ကိုဖြစ်စေ၊ ထိုပြစ်ဒဏ်အစား ပုဒ်မ ၇၃ တွင် ဖေါ်ပြထား သော အချိုးအစားအောက် ပို၍လျော့သော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုခုကို ဖြစ်စေ၊ စစ်တရားရုံးက ချမှတ်နိုင်သည်။

စုပေါင်းချမှတ်နိုင်သော ပြစ်ဒဏ်များ။

၇၅။ ။စစ်တရားရုံးတရုံးသည်၊ ချမှတ်လိုက်သည့် ပြစ်ဒဏ်တခုအပြင်၊ ပုဒ်မ ၇၃ ၏ အပိုဒ် (ဃ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ) တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်နှင့်ထိုပုဒ်မ၏ အပိုဒ် (စ) မှ (ဌ) အထိ ဖြစ်သော အပိုဒ်များတွင် သီးခြားဖေါ်ပြထား

သော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ၊ ပူးပေါင်းပြီး ချမှတ်နိုင်သည်၊ ထို့ပြင် စစ်တရားရုံးတရုံးသည်၊ အခြားပြစ်ဒဏ်တခုမချမှတ်စေကာမူ၊ ပုဒ်မ ၇၃ ၏ အပိုဒ် (၈)၊ သို့တည်းမဟုတ် အပိုဒ် (၄) တွင် သီးခြား ဖော်ပြထားသော ပြစ်ဒဏ်နှင့်ထိပုဒ်မ၏ အပိုဒ် (စ) မှ (၌) အထိ ဖြစ်သောအပိုဒ်များတွင် သီးခြား ဖော်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုဖြစ်စေ၊ တခုထက်ပို၍ဖြစ်စေ၊ ပူးပေါင်းပြီး ချမှတ်နိုင်သည်။

အရာရှိများ အတွက် ရွှတ်ချ၍ အမြဲတန်း ထုတ်ပစ်ဒဏ်။

၇၆။ ။အရာရှိတဦးအား၊ ပုဒ်မ ၇၃ ၏ အပိုဒ် (က) မှ (ဂ) အထိ ဖြစ်သော် အပိုဒ်များတွင် သီးခြား ဖော်ပြထားသော ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုခု မချမှတ်ခဲ့၊ ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ် ချမှတ်ရမည်။

စစ်မြေပြင် ပြစ်ဒဏ်။

၇၇။ ။စစ်တရားရုံးသည်၊ အရာခံဗိုလ်အဆင့် အောက်နိုင်ငံသော၊ ကျွန်အက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် ပြစ်မှုဘခုခုကို ကျူးလွန်သည့်အတွက်၊ စစ်မြေပြင် ပြစ်ဒဏ်ဟု၊ သတ်မှတ်ထားသည့်၊ ပြစ်ဒဏ် တခုခုချမှတ်နိုင်သည်။ စစ်မြေပြင် ပြစ်ဒဏ်သည်၊ လူကို ချုတ်ချယ်ခြင်းမျိုး၊ သို့တည်းမဟုတ် အလုပ်ကြမ်းမျိုး ဖြစ်သော ပြစ်ဒဏ်ဖြစ်စေရမည်။ သို့သော်လည်း အသက်ကို သော်၎င်း၊ ကိုယ်အင်္ဂါ ကိုသော်၎င်း၊ ထိခိုက်စေသည့် ပြစ်ဒဏ်မျိုး မဖြစ်စေရ။ ထို့ပြင် အဆိုပါ စစ်မြေပြင် ပြစ်ဒဏ်တွင်၊ ရိုက်နှက်ဆုံးမခြင်း မပါဝင်စေရ။

ပြစ်ဒဏ်များ အချိုးအစားတွင် စစ်မြေပြင် ပြစ်ဒဏ်၏ နေရာ။

၇၈။ ။ပြစ်ဒဏ်လျော့ပေါ့ ပြောင်းလွဲခြင်း ကိစ္စအတွက် စစ်မြေပြင် ပြစ်ဒဏ်သည်၊ ပုဒ်မ ၇၃ ရှိ သီးခြားဖော်ပြထားသော ပြစ်ဒဏ်များ အချိုးအစားတွင် အမြဲတန်း ထုတ်ပစ်ဒဏ် အောက်ကဝ်ဂျက်ရှိသည်ဟု မှတ်ယူရမည်။

အရာခံ ဗိုလ်၊ သို့တည်းမဟုတ် အကြပ် တဦးအား ချမှတ်သော အချို့ပြစ်ဒဏ်များ၏ အကျိုးသက်ရောက်ခြင်း။

၇၉။ ။စစ်တရားရုံး တရုံးက တကျွန်းပို့ဒဏ်၊ထောင်ဒဏ်၊ စစ်မြေပြင်ပြစ်ဒဏ်၊ သို့တည်းမဟုတ် စင်မှုထမ်းခြင်းမှ အမြဲတန်း ထုတ်ပစ်ဒဏ် ချမှတ်ခြင်းခံရသော အရာခံဗိုလ်၊ သို့တည်းမဟုတ် အကြပ် တဦးသည်၊ တပ်သားအဆင့်သို့လည်း လျော့ချခြင်းခံရသည်ဟုမှတ်ယူရမည်။

တန်းပြည့်စစ်မှုထမ်းချိန်တွင်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတဦးကို တပ်သားအဆင့်တွင် ဆက်လက်ထားရှိခြင်း။

၈၀။ ။စစ်မှုထမ်းအဖြစ် စာရင်း သွင်းပြီးသူတဦးဦးအား၊ တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်တရားရုံးက အမြဲတန်း ထုတ်ပစ်ဒဏ်ဖြစ်စေ၊ တကျွန်းပို့ဒဏ်ကို၊ သို့တည်းမဟုတ် ထောင်ဒဏ်ကိုအမြဲတန်း ထုတ်ပစ်ဒဏ်နှင့်ပူးပေါင်းလျက်ဖြစ်စေ၊ မပူးပေါင်းဘဲဖြစ်စေ၊ ချမှတ်သည့်အခါ၊ သတ်မှတ်ထားသော အရာရှိက၊ ထိုသူကို တပ်သားအဆင့်တွင် ဆက်လက်စစ်မှုထမ်းရန် ညွှန်ကြားနိုင်သည်။ ထို့ပြင် တကျွန်းပို့ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်ကို

ဖြစ်စေ၊ ချမှတ်ခဲ့လျှင်၊ ယင်းသို့ တပ်သားအဖြစ်နှင့် စစ်မှုထမ်းသည့်ကာလကို ထိုသူ ကျခံရသောတကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်၏ တစ်တိတဒေသအဖြစ်ဖြင့် ရေတွက်ရမည်။

စစ်တရားရုံးဖြင့် မဟုတ်ဘဲ၊ အခြားနည်းဖြင့် ချမှတ်သောပြစ်ဒဏ်များ။

၈၁။ ။ဤ အက်ဥပဒေကို လိုက်နာရသူများက ကျူးလွန်သော ပြစ်မှုများနှင့် စပ်လျဉ်း၍၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းမပြုဘဲ၊ ပုဒ်မ ၈၂၊ ၈၅၊ ၈၆ နှင့် ၈၇ တို့တွင် ဖော်ပြ ထားသည့် နည်းလမ်းအတိုင်း ပြစ်ဒဏ်များကိုချမှတ်နိုင်သည်။

အရာရှိနှင့် အရာခံဗိုလ်မဟုတ်သူများအား ချမှတ်နိုင်သောပြစ်ဒဏ်များ။

၈၂။ ။ပုဒ်မ ၈၃ ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ တပ်မှူးတဦးသည်၊ သို့တည်းမဟုတ် နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့်၊ ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖော်ပြသော အခြားအရာရှိတဦးသည်၊ ဤအက်ဥပဒေအရ ဖြစ်သော ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည်လည်း ဖြစ်၍၊ အရာရှိ၊ သို့တည်းမဟုတ် အရာခံဗိုလ်လည်းမဟုတ်သော ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးစီရင်၍၊ အောက်ပါပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုကိုသော်၎င်း၊ တခုထက်ပို၍သော်၎င်း၊ သတ်မှတ်ထားသည် အထိ ချမှတ်နိုင်သည်။

(က) စစ်ဘက်အချုပ်တွင် နှစ်ဆယ့်ရှစ်ရက်ထိထောင်ဒဏ်။

(ခ) စစ်တန်းလျားများတွင်၊ သို့တည်းမဟုတ် သဘော်ဘတွင် နှစ်ဆယ့်ရှစ်ရက်ထိလိုင်းချုပ်။

(ဂ) (၁) အပိုကင်းတာဝန်များ၊ သို့တည်းမဟုတ် အပိုတာဝန်များ။

(၂) အပိုအလုပ်၊ သို့တည်းမဟုတ် အပိုစစ်ရေးပြခြင်းများ။

သို့ရာတွင် အဆိုပါတာဝန်များ၊ သို့တည်းမဟုတ် စစ်ရေးပြခြင်းများသည်၊ အရေအတွက်အားဖြင့်တဆယ့်လေးကြိမ်ထက် မပိုစေရ။

(ဃ) နှစ်ဆယ့်ရှစ်ရက် အတွက်ထက် မပိုသော အရည်အချင်း လစာကို ဖြတ်တောက်ခြင်း၊ ထို့ပြင်၊ အကြပ်များအတွက်ဖြစ်ပါက၊ ခေတ္တ အဆင့်ကိုဖြုတ်ပစ်ခြင်း။

(င) မည်သည့် လ တလတွင်မဆို၊ တဆယ့်လေးရက်အတွက်ထိ လစာနှင့် ညီမျှသောငွေဒဏ်။

(စ) ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချခြင်း။

(ဆ) ပုဒ်မ ၉၃ ၏ အပိုဒ် (ဆ) အရ၊ ဒဏ်အဖြစ်လစာနှင့် စရိတ်များ ဖြတ်တောက်ခြင်း။

(ဇ) တန်းပြည့်စစ်မှုထမ်းနေသူတဦးအတွက်ဖြစ်ပါက၊သတ်မှတ်ထားသော စစ်မြေပြင်ပြစ်ဒဏ်တမျိုးမျိုးကို နှစ်ဆယ့်ရှစ်ရက်ထိ။

ပုဒ်မ ၀၂ အရချမှတ်နိုင်သော ပြစ်ဒဏ် များကို ကန့်သတ်ခြင်း။

၀၃။ ။(၁) ပုဒ်မ ၀၂ ပါပြစ်ဒဏ်ချမှတ်ရာတွင် စစ်ဆေးပြင်ပြစ်ဒဏ်ကို ထိုပုဒ်မ၏အပိုဒ် (က) နှင့် (ခ) တွင် သီးခြားဖေါ်ပြထားသော ပြစ်ဒဏ်များအနက်၊ပြစ်ဒဏ်တခုခုနှင့်သော်၎င်း၊နှစ်ခုလုံးနှင့်သော်၎င်း၊ ပူးပေါင်းချမှတ်ခြင်းမပြုရ။

(၂) အဆိုပါပုဒ်မ၏ အပိုဒ် (က)၊ (ခ) နှင့် (ဂ) တို့တွင် သီးခြားဖေါ်ပြထားသည့် ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်နှစ်ခုသော်၎င်း၊ နှစ်ခုထက်ပိုရှိသော်၎င်း၊ ချမှတ်ခဲ့ပါက၊ အပိုဒ် (က) တွင် သီးခြားဖေါ်ပြထားသည့် ပြစ်ဒဏ်ကျခံပြီးမှသာလျှင်၊ အပိုဒ် (ခ)၊ သို့တည်းမဟုတ် အပိုဒ် (ဂ) တွင် သီးခြားဖေါ်ပြထားသည့်ပြစ်ဒဏ်ကို စတင်ကျခံစေရမည်။

(၃) သူတဦးအား၊ အဆိုပါ အပိုဒ် (က) နှင့် (ခ) များတွင် သီးခြားဖေါ်ပြထားသောပြစ်ဒဏ်မျိုးကို ပေါင်းစပ်ရှုချမှတ်သည့်အခါ၊ သို့တည်းဟုတ် အဆိုပါပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခု ကျခံနေရသည့်အခါ၊ စုစုပေါင်း ပြစ်ဒဏ်သည်၊ နှစ်ဆယ့်ရှစ်ရက်ထက်မပိုစေရ။

(၄) အကြပ်အဆင့်ရှိသူတဦးဦး၊ သို့တည်းမဟုတ် အပြစ်ပေးခံရသော ပြစ်မှုကို ကျူးလွန်ချိန်တွင် အကြပ်အဆင့်ရှိသူတဦးဦးအား၊ အဆိုပါ ပုဒ်မ၏အပိုဒ် (က)၊ (ခ)၊ (ဂ) (၂) နှင့် (၈) တို့တွင် သီးခြားဖေါ်ပြထားသောပြစ်ဒဏ်များကို မချမှတ်ရ။

(၅) အကြပ်အဆင့်အောက် နိမ့်သောအဆင့်ရှိသူတဦးဦးအား၊ အဆိုပါပုဒ်မ၏ အပိုဒ် (စ) တွင် သီးခြားဖေါ်ပြထားသောပြစ်ဒဏ်ကို မချမှတ်ရ။

ပုဒ်မ ၀၂ တွင်သီးခြား ဖေါ်ပြထားသော ပြစ်ဒဏ် များအပြင် ချမှတ်နိုင်သော ပြစ်ဒဏ်များ။

၀၄။ ။ပုဒ်မ ၀၂ တွင် သီးခြား ဖေါ်ပြထားသော ပြစ်ဒဏ်များ အနက်၊ ပြစ်ဒဏ် တခုခုနှင့် ပူးပေါင်း၍သော်၎င်း၊ ပြစ်ဒဏ် တခုခုမပါဘဲသော်၎င်း၊ ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ ပုဒ်မ ၀၂ အရချမှတ်နိုင်သော အခြား ပြစ်ဒဏ်များနှင့် ထို အခြားပြစ်ဒဏ်များကို မည်သို့မည်မျှအထိ ချမှတ်နိုင်သည်ကို သီးခြား ဖေါ်ပြနိုင်သည်။

တပ်မတော်မှုးများနှင့် အခြား အရာရှိများက အရာရှိများနှင့် အရာခံ ဗိုလ်များအား ချမှတ်နိုင်သော ပြစ်ဒဏ်များ။

၀၅။ ။ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မတော်အောက် မဂယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက် ဖြစ်ပါက၊ တပ်မတော် (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့်အဖွဲ့အစည်းအောက် မဂယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိဟဦး၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြား အရာရှိ တဦးဦးက၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဗိုလ်မှူးအဆင့်အောက် နိမ့်သည့်အရာရှိတဦးဦးအား၊ သို့တည်းမဟုတ် အရာခံဗိုလ်တဦးအား စစ်ဆေးစီရင်၍၊ အောက်ပါပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုကိုသော်၎င်း၊ တခုထက်ပိုရှိသော်၎င်း၊ ချမှတ်နိုင်သည်။

(က) ပြင်ထန်စွာပြစ်တင်ရှုတ်ချခြင်း၊ သို့တည်းမဟုတ် ပြစ် တင်ရှုတ်ချခြင်း။

(ခ) ထိုသူအား ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြစ်မှုကြောင့် ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း ထင်ရှားသက်သေခံချက်ရှိသော်ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းတရုံးအတွက် လျော်ပေးပြီးသည်အထိ လစာနှင့်စရိတ်များ ရပ်စဲဒဏ်။

၈၆။ ။ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မ အောက်မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိတဦး၊ **ရော်**၊ သို့တည်းမဟုတ် လေတပ်အဖွက်ဖြစ်ပါက၊ စစ်တရားရုံးချုပ်ဖွဲ့စည်းနိုင်ခွင့် အာဏာ အပ်နှင်းခြင်း ခံရသော အရာရှိတဦး၊ သို့တည်းမဟုတ် နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့်၊ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖေါ်ပြသည့် အခြားအရာရှိသည်၊ ၎င်း အက်ဥပဒေအရဖြစ်သော ပြစ်မှုတခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဒုတိယ မိုလ်မှူးကြီး အဆင့်အောက်နိမ့်သောအရာရှိတဦးအား၊ သို့တည်းမဟုတ် အရာခံမိုလ်တဦးအား၊ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်းစစ်ဆေးစီရင်၍ အောက်ပါ ပြစ်ဒဏ်များအနက်၊ ပြစ်ဒဏ်တခုကိုသော်၎င်း၊ တခုထက်ပို၍သော်၎င်း၊ ချမှတ်နိုင်သည်။

တပ်မမှူးနှင့် အခြားအရာရှိများက အရာရှိများနှင့် အရာခံ မိုလ်များအား ချမှတ်နိုင်သော ပြစ်ဒဏ်များ။

(က) အဆင့်သက်တမ်း လျော့ဒဏ်၊ သို့တည်းမဟုတ် မိမိ၏ အဆင့်တိုးမြှင့်ရေး သည်၊ စစ်မှုထမ်းသက်ပေါ်တွင် အမှီပြုရသော သူဖြစ်ပါက၊ တဆယ့်နှစ်လထက် မပိုသောစစ်မှုထမ်းသက်ကို အဆင့်တိုးမြှင့်ရေးကိစ္စအတွက်လျော့ဒဏ်။

သို့ရာတွင် ပြစ်ဒဏ်မချမှတ်မီ တရားခံသည်၊ စစ်တရားရုံးဖြင့်စစ်ဆေးစီရင်ခြင်းကို ရွေးချယ်နိုင်သည်။

(ခ) မည်သည့် လ တ့်လတွင်မဆို၊ တဆယ့်လေးရက်အတွက်ထိ လစာနှင့် ညီမျှသောငွေဒဏ်။

(ဂ) ပြင်းထန်စွာပြစ်တင်ရှုတ်ချဒဏ်၊ သို့တည်းမဟုတ် ပြစ်တင်ရှုတ်ချဒဏ်။

(ဃ) ထိုသူအား ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်ပြစ်မှုကြောင့်ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း ထင်ရှားသက်သေခံချက်ရှိသော်ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းတရုံးအတွက် လျော်ပေးပြီးသည်အထိလစာနှင့်စရိတ်များရပ်စဲဒဏ်။

၈၇။ ။တပ်မှူးတဦး၊ သို့တည်းမဟုတ် နိုင်ငံတော်သမတ၏သဘောတူညီချက်ဖြင့်၊ ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖေါ်ပြသည့် အခြားအရာရှိသည်၊ ၎င်းအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုကျူးလွန်သည်ဟုစွပ်စွဲခြင်းခံရသည့် အရာခံမိုလ်တဦးအား၊ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စစ်ဆေးစီရင်၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်ပြစ်မှုကြောင့် ဆုံးရှုံးကြောင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာကြောင်း၊ ထင်ရှားသက်သေခံချက်ရှိသော ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပျက်စီးနစ်နာခြင်းတခုခုအတွက် လျော်ပေးပြီးသည်အထိ လစာနှင့်စရိတ်များ ရပ်စဲဒဏ်ချမှတ်နိုင်သည်။

တပ်မှူးများက အရာခံမိုလ် များ အား ချမှတ်နိုင်သောပြစ်ဒဏ်များ။

အမှုတွဲများ ပို့ပေးခြင်း။

၁၀။ ။ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ တို့အနက်၊ ပုဒ်မ တခုခုအရ ပြစ်ဒဏ်ချမှတ်လိုက်သည့်အမှုတိုင်းတွင်၊ ပြစ်ဒဏ်ချမှတ်သော အရာရှိသည်၊ အမှုတွဲ၏တာဝန်ခံမိတ္တူမှန်များကို၊ ပုဒ်မ ၉၀ တွင် အမိပ္ပါယ်ဖေါ်ပြထားသောစစ်ဘက် အထက်အာဏာပိုင်ထံ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းပေးပို့ရမည်။

အမှုတွဲများကို ပြန်လည်သုံးသပ်ခြင်း။

၁၉။ ။ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၇ တို့အနက်၊ ပုဒ်မ တခုခုအရ ချမှတ်လိုက်သည့် ပြစ်ဒဏ်ဘခုခုသည်၊ တရားဥပဒေနှင့်မညီ၊ တရားမမျှတ၊ သို့တည်းမဟုတ် များလွန်းသည်ဟု ပုဒ်မ ၉၀ တွင်အမိပ္ပါယ်ဖေါ်ပြသားသော စစ်ဘက်အထက်အာဏာပိုင်တဦးကယူဆလျှင်၊ အဆိုပါအာဏာပိုင်သည်၊ ထိုပြစ်ဒဏ်ကိုဖျက်သိမ်း၊ ပြောင်းလဲ၊ သို့တည်းမဟုတ် လျော့ပစ်နိုင်သည့်ပြင်၊ ထိုအမှု၏အဖြစ်အပျက် အကြောင်းခြင်းရာများနှင့် သင့်လျော်မည့်အခြားညွှန်ကြားချက်တရပ်ကိုလည်း ပြုလုပ်နိုင်သည်။

စစ်ဘက် အထက် အာဏာပိုင်။

၉၀။ ။ပုဒ်မ ၁၀ နှင့် ၁၉ တို့၏ ကိစ္စအလို့ငှါ၊ ''စစ်ဘက်အထက်အာဏာပိုင်''ဆိုသည်မှာ—

(က) တပ်မှူးတဦးက ချမှတ်သော ပြစ်ဒဏ်များ အတွက်ဖြစ်ပါက၊ ထိုတပ်မှူး၏ အထက်အရာရှိတဦးဦးကို ဆိုလိုသည်။

(ခ) အခြားအာဏာပိုင်တဦးဦးက ချမှတ်သောပြစ်ဒဏ်များအတွက်ဖြစ်ပါက၊ နိုင်ငံတော်သမတ၊ ကာကွယ်ရေးဦးစီးချုပ်၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖေါ်ပြသည့် အခြားအရာရှိကို ဆိုလိုသည်။

စုပေါင်းဒွေဒဏ်များ။

၉၁။ ။(၁) တပ်၊ တပ်ခွဲ၊ သို့တည်းမဟုတ် အလားတူတပ်တခု၏ ပစ္စည်းကိရိယာတန်ဆာပလာတွင် ပါဝင်သည့် လက်နက်တခုခုသော်၎င်း၊ လက်နက်တခု၏အစိတ်အပိုင်းတခုခုသော်၎င်း၊ ပျောက်ဆုံးသည့်အခါဖြစ်စေ၊ ခိုးယူခြင်းခံရသည့် အခါဖြစ်စေ၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သောအဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သောအဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိတဦးဦးသည်၊ စုံစမ်းရေးခုံရုံးတခု၏ အစီရင်ခံချက်ကိုရယူပြီးနောက်၊ အဆိုပါတပ်ရှိ အရာခံဗိုလ်များ၊ အကြပ်များနှင့် တပ်သားများအား၊ သို့တည်းမဟုတ် အဆိုပါပျောက်ဆုံးမှုအတွက်ခေသင်ဒဏ်း၊ ခိုးမှုအဘွက်သော်ငင်း၊ တာဝန်ရှိသည်ဟု၊ မိမိထင်မြင်ယူဆသောသူဟူသမျှအား စုပေါင်းဒွေဒဏ်ချမှတ်နိုင်သည်။

(၂) အဆိုပါဒဏ်ငွေကို၊ ပေးဆောင်ရမည့်သူတဦးချင်း၏ လစာပေါ်မူတည်သည့် ရာခိုင်နှုန်းအဖြစ်ဖြင့်၊ပေးစေရမည်။

အခန်း ၈။

ဒဏ်အဖြစ်ဖြင့်ငွေနှုတ်ယူခြင်းများ။

၉၂။ ။အရာရှိများ၏လစာနှင့် စရိတ်များထဲမှ ဒဏ်အဖြစ်ဖြင့်အောက်ပါငွေများ နှုတ်ယူနိုင်သည်။

အရာရှိများ၏ လစာနှင့် စရိတ်ထဲမှ ငွေနှုတ် ယူ ခြင်း များ။

(က) အရာရှိတဦးသည်၊ ခွင့်မဲ့ပျက်ကွက်သဖြင့်၊ ကျေနပ် ဘွယ်ကောင်းသော ထုချေချက်တရပ်ကို၊ မိမိ၏ တပ်မှူးအားပေးပြီးသည့်ပြင်၊ နိုင်ငံတော်သမတက လည်း ထိုထုချေချက်ကိုလက်ခံသည့် ကိစ္စမျိုးမှတပါး၊ထိုအရာရှိခွင့်မဲ့ ပျက်ကွက်သည့် ရက်အသီးသီးအတွက် ရသင့်သောလစာနှင့်စရိတ် အားလုံး။

(ခ) အရာရှိတဦးသည်၊ ပြစ်မှုတခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရပြီးသည့် နောက်၊ ရာဇဝတ်တရားရုံးက၊ သို့တည်းမဟုတ် စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၁၅ အရဖြစ်စေ၊ ပုဒ်မ ၁၆ အရဖြစ်စေ၊ အာဏာသုံးစွဲနိုင်သော အရာရှိတဦးက၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရ လျှင်၊ထိုပြစ်မှုအတွက် ထိုအရာရှိအချုပ်ခံနေရသည့်၊ သို့တည်းမဟုတ် ရာထူးမှခေတ္တချထားခြင်းခံနေရသည့် ရက်အသီးသီးအတွက်ကျန်ရှိ နေသေးသည့်လစာနှင့်စရိတ်အားလုံး။

(၁) တရားဥပဒေနှင့် ဆန့်ကျင်လျက် လက်ရှိထားသော၊ သို့တည်းမဟုတ် တရားဥပဒေနှင့်ဆန့်ကျင်လျက်ပေးရန်ငြင်းပယ်ခဲ့သော၊ ၎င်းအက်ဥပဒေ ကိုလိုက်နာရသူ တဦးဦး၏လစာအတွက် လျော်ပေးရန်လိုအပ်သည့် ငွေ။

(ဃ) ပြစ်မှုတခုကျူးလွန်သဖြင့်၊ အရာရှိတဦးအား ပြစ်မှုထင်ရှားသည်ဟု စီရင်သောစစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၁၅ အရဖြစ်စေ၊ ပုဒ်မ ၁၆ အရဖြစ်စေ၊ အာဏာသုံးစွဲနိုင်သော အရာရှိတဦးက၊ ထိုပြစ်မှုကျူးလွန်ခြင်းကြောင့် ဖြစ်ပေါ်ရသည့် စရိတ်စကများ၊ ဆုံးရှုံး ခြင်း၊ ပျက်စီးနစ်နာခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးခြင်းအတွက် ဆုံးဖြတ်သည့်ငွေကြေးကိုပေးရန်လိုအပ်သည့်ငွေ။

(င) စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၁၇ အရအာဏာသုံးစွဲနိုင်သည့် အရာရှိတဦးက သိမ်းယူစေရန်၊ သို့တည်းမဟုတ် ရပ်စဲစေရန်အမိန့် ချမှတ်သောလစာနှင့်စရိတ်အားလုံး။

(စ) ရာဇဝတ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၇၁ အရ စီရင်ပိုင်ခွင့် အာဏာသုံးစွဲနိုင်သည့် စစ်တရားရုံးက၊ သို့တည်းဟုတ်ပုဒ်မ ၁၆ အရ အာဏာသုံးစွဲနိုင်သော အရာရှိတဦးက ချမှတ်သည့်ဒဏ်ငွေကို ပေးဆောင်ရန် လိုအပ်သည့်ငွေ။

(ဆ) လုပ်သင့်လုပ်ထိုက်သော စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပြီးသည့်နောက်၊ အရာရှိ၏ မတရားပြုလုပ်မှုကြောင့်ဖြစ်စေ၊ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ဖြစ်ပေါ်ရသည်ဟု၊နိုင်ငံတော်သမတကယူဆသောပြည်သူပိုင်ပစ္စည်း

သို့တည်းမဟုတ် တပ်ရင်းပိုင်ပစ္စည်းဆုံးရှုံးခြင်း၊ ပျက်စီးနစ်နာခြင်း၊ သို့တည်းမဟုတ် ဖျက်ဆီးခြင်းအတွက် လျော်ပေးရန်လိုအပ်သည့်ငွေ။

(ဇ) အရာရှိဟဉီးသည်၊ တပ်မှရန်သူ့ထံသို့ ထွက်ပြေးသည်ဟု၊ သို့တည်းမဟုတ် ရန်သူ၏လက်တွင်းသို့ကျရောက်နေစဉ် ရန်သူနှင့်ဒေတူ အမှုထမ်းရွက်သည်၊ သို့တည်းမဟုတ် ရန်သူ၏အမိန့်များကိုခံယူသည်ဟု၊ သို့တည်းမဟုတ် ရှိသင့်သော ကြိုတင်စီမံမှု မရှိခြင်းကြောင့်သော်၎င်း၊ ထင်ရှားသက်သေခံချက်ရှိသော ဒုအမိန့်ဖိဆန်မှုကြောင့် သော်၎င်း၊ တာဝန်ဝတ်တရား ဆောင်ရွက်ရန် တမင်ပျက်ကွက်မှုကြောင့်သော်၎င်း၊ သုံ့ပန်း၊သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားသည်ဟု၊ သို့တည်းမဟုတ် အကျဉ်းသားဖြစ်သွားပြီးနောက်၊ မိမိစစ်မှုထမ်းရွက်ရေးအတွက် ပြန်၍လာနိုင်သည့် အခါတွင် ပြန်လာရန်ပျက်ကွက်သည်ဟု ကာကွယ်ရေးဦးစီးချုပ်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ သတ်မှတ်ထားသောအရာရှိတဦးဦးက ဒုစည်းသော စုံစမ်းစစ်ဆေးရေးခုံရုံးတခုကယူဆလျှင်၊ နိုင်ငံတော်သမတ၏အမိန့်အရ သိမ်းယူရမည့် ထိုအရာရှိ၏လစာနှင့်စရိတ်အားလုံး။

(ဈ) အရာရှိတဦး၏မယားစရိတ်၊ သို့တည်းမဟုတ် အရာရှိတဦး၏ တရားဝင်ကလေး၊ သို့တည်းမဟုတ် တရားမဝင်သော ကလေး၏စရိတ်အတွက်၊ သို့တည်းမဟုတ် အဆိုပါမယားကိုဖြစ်စေ၊ ကလေးကိုဖြစ်စေ၊ပြည်ထောင်စုနိုင်ငံအစိုးရကပေးသော ကူညီထောက်ပံ့မှုတခုခု၏ကုန်ကျစရိတ်အတွက်၊နိုင်ငံတော်သမတ၏၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတက ဆောင်ရွက်ရန် လွှဲအပ်ထားသော အရာရှိတဦးဦး၏ အမိန့်အရပေးရမည့် လိုအပ်သည့်ငွေ။

အရာရှိ မဟုတ်သူများ၏ လစာနှင့်စရိတ်များထဲမှ ငွေနုတ်ယူခြင်းများ။

၉၃။ ။ပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ အရာရှိတဦးမှတပါး ဤအက်ဥပဒေကို လိုက်နာရသောအခြားသူတဦး၏ လစာနှင့် စရိတ်များထဲမှ ဒဏ်အဖြစ်ဖြင့် အောက်ပါငွေများကို နုတ်ယူနိုင်သည်။

(က) တပ်မှထွက်ပြေးခြင်း ကြောင့်သော်၎င်း၊ ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့်သော်၎င်း၊ သုံ့ပန်းတဦးအဖြစ်ဖြင့်သော်၎င်း၊ ပျက်ကွက်သည့် ရက်အသီးသီးအတွက်၊ ထို့ပြင် ရာဇဝတ်တရားရုံးကဖြစ်စေ၊စစ်တရားရုံးကဖြစ်စေ၊ ပုဒ်မ ၀၂ အရ အာဏာသုံးစွဲနိုင်သည့် အရာရှိတဦးကဖြစ်စေ၊ ချမှတ်သောတကျွန်းပို့ဒဏ်၊ ထောင်ဒဏ်၊ သို့တည်းမဟုတ် ထိုအရာရှိကဖြစ်စေ၊ စစ်တရားရုံးကဖြစ်စေ၊ ချမှတ်သော စစ်မြေပြင်ပြစ်ဒဏ်ခံရသည့် ရက်အသီးသီးအတွက် လစာနှင့်စရိတ်အားလုံး။

(ခ) အရာရှိမဟုတ်သူတဦးသည်၊ ပြစ်မှုတခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရပြီးသည့်နောက်၊ ရာဇဝတ်တရားရုံးက၊ သို့တည်းမဟုတ် စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၀၂ အရ အာဏာသုံးစွဲနိုင်သော အရာရှိတဦးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ထိုပြစ်မှုအတွက်

ထိုအရာရှိမဟုတ်သူ အချုပ်ခံနေရသည့်ရက်အသီးသီးအတွက် ကန့်ရှိ
နေသေးသည့် လစာနှင့်စရိတ်အားလုံး။

(ဂ) အရာရှိမဟုတ်သူတဦး၏ဖျားနာမှုသည်၊ ဤအက်ဥပဒေအရဖြစ်သော
ပြစ်မှုတခုခုကို ထိုသူကျူးလွန်ခြင်းကြောင့် ဖြစ်ပေါ်သည်ဟု၊ ထိုသူ
အား ဆေးကုပေးသော ဆေးဘက်အရာရှိက သက်သေခံလျှင်၊
ထိုသူဆေးရုံတက်မနေရသည့် ရက်အသီးသီးအတွက် လစာနှင့်စရိတ်
အားလုံး။

(ဃ) အရာရှိမဟုတ်သူတဦး၏ ဖျားနာမှုသည်၊ ထိုသူ၏အကုန်ပျက်ပြားမှု၊
သို့တည်းမဟုတ် ဆင်ခြင်ခြင်းကင်းမဲ့မှုကြောင့် ဖြစ်ပေါ်သည်ဟု၊ ထို
သူအား ဆေးကုပေးသော ဆေးဘက်အရာရှိက သက်သေခံလျှင်၊
ထိုသူဆေးရုံတက်နေရသည့် ရက်အသီးသီးအတွက် ကာကွယ်ရေး
ဦးစီးချုပ်၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖေါ်
ပြသည့်အရာရှိက ချမှတ်သောအမိန့်အရ သီးခြားဖေါ်ပြသည့်ငွေ။

(င) စစ်ဘာရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၀၂၊ ၀၅၊ ၀၆ နှင့် ၀၇
တို့အနက် ပုဒ်မတခုခုအရ အာဏာသုံးစွဲနိုင်သည့် အရာရှိတဦးက
သိမ်းယူစေရန်၊ သို့တည်းမဟုတ် ရပ်စဲစေရန် အမိန့်ချမှတ်သော
လစာနှင့်စရိတ်အားလုံး။

(စ) အရာရှိမဟုတ်သူတဦးကို ရန်သူ့ထံမှပြန်လည်ရရှိသည့် နေ့ရက်နှင့်
ရန်သူကအကျဉ်းသားအဖြစ်ဘမ်းဆီးထားစဉ်၊သို့တည်းဟုတ် ထိုသူ
ရန်သူ့လက်တွင်းရှိနေစဉ်၊ ၎င်း၏အပြုအမူကြောင့် စစ်မှုထမ်းခြင်းမှ
၎င်းအားအမြဲတန်း ထုတ်ပစ်ခြင်းခံရသည့် နေ့ရက်အကြားရှိ ရက်
အသီးသီးအတွက် လစာနှင့်စရိတ်အားလုံး။

(ဆ) ပြည်ထောင်စုနိုင်ငံ အစိုးရ၊ သို့တည်းမဟုတ် ပြည်နယ်အစိုးရအား
စရိတ်စကများ ကုန်ကျအောင်ဖြစ်စေ၊ ဆုံးရှုံးအောင်ဖြစ်စေ၊ ပြုလုပ်
သည့်အတွက်၊ သို့တည်းမဟုတ် အဆောက်အအုံတခုခုကို၊သို့တည်း
မဟုတ် ပစ္စည်းတခုခုကို ပျက်စီးနစ်နာအောင်ဖြစ်စေ၊ပျက်ပြုန်းအောင်
ဖြစ်စေ၊ပြုလုပ်သည့်အတွက် တပ်မှူးကချမှတ်သည့်လျော်ကြေးကိုပေး
ရန် လိုအပ်သည့်ငွေ။

(ဇ) ဈ၀တ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၇၁ အရ စီရင်ပိုင်ခွင့်
အာဏာသုံးစွဲနိုင်သော စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၀၂
အရဖြစ်စေ၊ ပုဒ်မ ၉၁ အရဖြစ်စေ၊ အခွင့်အာဏာသုံးစွဲနိုင်သည့်
အရာရှိတဦးက ချမှတ်သည့်ဒဏ်ငွေကို ပေးဆောင်ရန်လိုအပ်သည့်
ငွေ။

(ဈ) အရာရှိမဟုတ်သူတဦး၏မယားစရိတ်၊ သို့တည်းမဟုတ် အရာရှိမဟုတ်
သူတဦး၏ တရား၀င်သောကလေး၊ သို့တည်းမဟုတ် တရားမ၀င်
သော ကလေး၏စရိတ်အတွက်၊ သို့တည်းမဟုတ် အဆိုပါမယားကို
ဖြစ်စေ၊ ကလေးကိုဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံ အစိုးရကပေးသော
ကူညီထောက်ပံ့မှု တခုခု၏ ကုန်ကျစရိတ်အတွက် ကာကွယ်ရေးဦးစီး

ချုပ်၏၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အရာရှိတဦးဦး၏ အမိန့်အရ ပေးရမည့် လိုအပ်သည့်ငွေ။

၉၄။ ။ပုဒ်မ ၉၃၊ အပိုဒ် (က) နှင့် (ခ) တို့၏ ကိစ္စများအလို့ငှါ—

ခွင့်မဲ့ပျက်ကွက် ခြင်း၏၊ သို့တည်းမဟုတ် အချုပ်နှင့် နေရခြင်း၏ အချိန်ကာလ တွက်စနည်း။

(က) ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့် နေရခြင်းသည် လုံးဝအားဖြင့် တရက်အတွင်းတွင် ဖြစ်စေ၊ တစိတ်တဒေသအားဖြင့် တရက်အတွင်း နှင့်တစိတ်တဒေသအားဖြင့် အခြားတရက်အတွင်း တွင် ဖြစ်စေ၊ တဆက်ထည်းခြောက်နာရီသော်၎င်း၊ ခြောက်နာရီထက် ပို၍သော်၎င်း၊ မကြာမြင့်ဘဲ မည်သူ့ကိုမျှ တရက်အတွက် ခွင့်မဲ့ပျက်ကွက်သည်၊ သို့တည်းမဟုတ် အချုပ်နှင့်နေရသည်ဟု မယူဆရ။

(ခ) တဦးတယောက်သောသူသည်၊ တရက်အောက်လျော့၍ ခွင့်မဲ့ပျက်ကွက်သဖြင့်၊ သို့တည်းမဟုတ် အချုပ်နှင့်နေရသဖြင့် စစ်ဘက်တာဝန် ဝတ်တရားတခုခုကို ပြီးမြောက်အောင် မဆောင်ရွက်နိုင်ရာ၊ ထိုတာဝန်ဝတ်တရားကို အခြားသူတဦးကဆောင်ရွက်ရလျှင်၊ အဆိုပါ ခွင့်မဲ့ပျက်ကွက်ခြင်းကို ဖြစ်စေ၊ အချုပ်နှင့် နေရခြင်းကိုဖြစ်စေ၊ တရက်ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့်နေရခြင်းဟု ရေတွက်နိုင်သည်။

(ဂ) တဆက်ထည်း တဆယ့်နှစ်နာရီဖြစ်စေ၊ တဆယ့်နှစ်နာရီထက် ပို၍ဖြစ်စေ၊ ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့်နေရခြင်း၏ တစိတ်တဒေသ ကျရောက်သည့် ရက်တိုင်းကို တရက်လုံးအတွက် ခွင့်မဲ့ပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အချုပ်နှင့် နေရခြင်းဟု ရေတွက်နိုင်သည်။

(ဃ) ည ၁၂ နာရီအချိန်မတိုင်မီ အစပြု၍၊ ည ၁၂ နာရီကျော်လွန်ပြီးသည့်နောက်တွင် အဆုံးသတ်သော ခွင့်မဲ့ပျက်ကွက်ခြင်း ကာလ အပိုင်းအခြားကို၊ သို့တည်းမဟုတ် ထောင်ဒဏ်ကို တရက်အဖြစ် မရေတွက်နိုင်သည်။

စစ်ဆေးစီရင်နေစဉ်လစာ နှင့် စရိတ်များ။

၉၅။ ။၌အက်ဥပဒေကို လိုက်နာရသူတဦးသည်၊ ပြစ်မှုတခု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသဖြင့်၊ အချုပ်ခံနေရသည့်၊ သို့တည်းမဟုတ် ရာထူးမှခေတ္တချထားခြင်း ခံရသည့်အခါ၊ ထိုစွပ်စွဲခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးစီရင်ခြင်း မပြီးပြတ်ဘဲ ရှိနေဆဲတွင်၊ ထိုသူ၏ လစာနှင့် စရိတ်များအနက် သုံးပုံ နှစ်ပုံထက်မပိုသောငွေကို မပေးသေးဘဲ ဆိုင်းထားရန်၊ သတ်မှတ်ထားသော အရာရှိက ညွှန်ကြားနိုင်သည်။

ငွေနှုတ်ယူခြင်း အချို့ကို ကန့်သတ်ခြင်း။

၉၆။ ။ပုဒ်မ ၉၃ ၏အပိုဒ် (ဂ) နှင့် (ဆ) မှ (ဈ) အထိ အပိုဒ်များအရ၊ တဦးတယောက်သောသူ၏ လစာနှင့် စရိတ်များထဲမှ နှုတ်ယူသည့် စုစုပေါင်းငွေသည်၊ ထိုသူအား ဒဏ်ငွေ ချမှတ်သည့်အခါမှတပါး၊ မည်သည့်လတွင်မဆို၊ ထိုလအတွက် လစာနှင့် စရိတ်များ၏ တဝက်ထက်မပိုစေရ။

၉၇။ ။သူတဦးဦး၏ လစာနှင့် စရိတ်များထဲမှ၊ ၎အက်ဥပဒေအရ နုတ်ယူခွင့်ပြုသောငွေကို၊ ထိုငွေပြန်လည်ရယူတောင်းခံနိုင်သည့် အခြားနည်းတခုခုကို မထိခိုက်စေဘဲ၊ အငြိမ်းစား လစာထဲမှတပါး၊ ထိုသူရထိုက်သည့် အစိုးရငွေ တခုခုထဲမှ နုတ်ယူနိုင်သည်။

တဦး တယောက်သော သူရသင့်သည့် အစိုးရငွေမှ နုတ်ယူခြင်း။

၉၈။ ။၎အက်ဥပဒေကိုလိုက်နာရသူတဦးသည်၊ရန်သူ၏တမ်းဆိုးခြင်းကိုခံရစဉ်၊ သို့တည်းမဟုတ် ရန်သူ၏ လက်တွင်းကျရောက်နေစဉ်၊ မိမိ၏ အပြုအမူကို၊ ၎အက်ဥပဒေအရဖြစ်စေ၊ အခြားတရားဥပဒေတခုခုအရဖြစ်စေ၊ စုံစမ်းစစ်ဆေးရမည့်အခါ၊ ကာကွယ်ရေးဦးစီးချုပ်ကသော်၎င်း၊ ကာကွယ်ရေးဦးစီးချုပ်က အာဏာလွှဲအပ်သော အရာရှိတဦးဦးကသော်၎င်း၊ အဆိုပါစုံစမ်းစစ်ဆေးခြင်း မပြီးပြတ်မီ၊ ထိုသူ၏ လစာနှင့်စရိတ်များ၏ သုံးပုံ. နှစ်ပုံထက် မပိုသောငွေကို မပေးသေးဘဲ ဆိုင်းထားရန်အမိန့်ချမှတ်နိုင်သည်။

သုံ့ပန်းတဦး၏အပြုအမူကို စုံစမ်း စစ်ဆေးနေစဉ် ထိုသူ၏ လစာနှင့် စရိတ်များ။

၉၉။ ။၎အက်ဥပဒေ၏ခွင့်ပြုချက်အရ လစာနှင့်စရိတ်များထဲမှ နုတ်ယူခြင်းတခုခုကို၊ အခါအားလျော်စွာ၊ သတ်မှတ်ထားသည့် အာဏာပိုင်က၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ သတ်မှတ်ထားသရွေ့ လျှော့နိုင်သည်။

နုတ်ယူငွေများလျှော့ခြင်း။

၁၀၀။ ။ပုဒ်မ ၉၂၊ အပိုဒ် (၈) အရဖြစ်စေ၊ ပုဒ်မ ၉၃၊အပိုဒ် (က) အရဖြစ်စေ၊ လစာနှင့်စရိတ်များ သိမ်းယူခြင်းခံရသည်ဖြစ်၍၊ ပုဒ်မ ၉၉ အရ လျှော့ချခွင့်ရသည်လည်းဖြစ်သော၊ သုံ့ပန်းများဖြစ်ကြရသည့်၊ ၎အက်ဥပဒေကို လိုက်နာရသူအားလုံးနှင့် စပ်လျဉ်း၍၊ သတ်မှတ်ထားသော အာဏာပိုင်များသည်၊ ထိုလစာနှင့် စရိတ်များထဲမှ၊ ထိုသူများအပေါ် မှီခိုနေသူများ အတွက်၊ သင့်လျော်သောထောက်ပံ့ကြေးငွေကို ပေးနိုင်စေရမည်။ ထို့ပြင် ထိုသို့ထောက်ပံ့ကြေးငွေပေးလျှင်၊ ဆိုခဲ့သည့်လျှော့ခြင်းသည်၊ ထောက်ပံ့ကြေးငွေနုတ်ပြီး ကျန်ရှိနေသောလစာ၊ စရိတ်များနှင့်သာ သက်ဆိုင်သည်ဟု မှတ်ယူရမည်။

နုတ်ယူငွေအနှက်လျှော့ငွေထဲမှ သုံ့ပန်းအား မှီခိုနေသူများ အတွက် စရိတ်ထောက်ခြင်း။

၁၀၁။ ။သုံ့ပန်းတဦးဖြစ်သော၊သို့တည်းမဟုတ်ပျောက်နေသော၊ ၎အက်ဥပဒေကို လိုက်နာရသူ တဦးဦးအပေါ် မှီခိုနေရသူများ အတွက်၊ သတ်မှတ်ထားသော အာဏာပိုင်များက၊ ထိုသုံ့ပန်း၏လစာနှင့် စရိတ်များထဲမှ တဝက်အောက် မလျော့သော ငွေကို၊ ထောက်ပံ့ကြေးငွေအဖြစ် ပေးနိုင်စေရမည်။

သုံ့ပန်းအား မှီခိုနေသူများ အတွက် ထိုသုံ့ပန်း၏ လစာနှင့် စရိတ်များထဲမှစရိတ်ထောက်ခြင်း။

၁၀၂။ ။ပုဒ်မ ၁၀၀ နှင့် ၁၀၁ တို့၏ကိစ္စများအလို့ငှါ၊ တဦးတယောက်သောသူအား၊ ပုဒ်မ ၉၈ တွင်ရည်ညွှန်းထားသည့်အတိုင်း၊ ထိုသူ၏ အပြုအမူကို စုံစမ်း စစ်ဆေးခြင်း ပြီးဆုံးသည် အထိ၊ သုံ့ပန်းတဦး ဆက်လက် ဖြစ်နေသည်ဟု မှတ်ယူရမည့်ပြင်၊ အဆိုပါအပြုအမူကြောင့် စစ်မှုထမ်းခြင်းမှ ထိုသူအားရှောင်ချ၍ အမြဲတန်း ထုတ်ပစ်လျှင်ဖြစ်စေ၊ အမြဲတန်းထုတ်ပစ်လျှင်

တဦး တယောက်သော သူအား သုံ့ပန်း တဦးဖြစ်သည်ဟု မှတ်ယူ ရမည့် ကာလ အပိုင်းအခြား။

ဖြစ်စေ၊ထိုသို့ရှုတ်ချ၍အမြဲတန်းထုတ်ပစ်သည့်၊ သို့တည်းမဟုတ် အမြဲတန်းထုတ်ပစ်သည့် အချိန်အထိ၊ ထိုသူသည်၊ သုံ့ပန်းတဦး ဆက်လက်ဖြစ်နေသည်ဟုလည်း မှတ်ယူရမည်။

အခန်း ၉။

ဘဏ်းဆီးခြင်းနှင့် စစ်ဆေးစီရင်ခြင်းမပြုမီ မှုခင်းကိစ္စဆောင်ရွက်ခြင်း။

ပြစ်မှု ကျူးလွန်သူများကို ချုပ်ထားခြင်း။

၁၀၃။ ။(၁) ပြစ်မှုတခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသော၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးကို၊ စစ်ဘက်အချုပ်နှင့်ထားနိုင်သည်။

(၂) အဆိုပါ သူတဦးဦးကို စစ်ဘက်အချုပ်နှင့် ထားရန်အထက်အရာရှိ တဦးဦးက အမိန့်ပေးနိုင်သည်။

(၃) အရာရှိတဦးသည်၊ ခိုက်ရန်ဖြစ်မှု၊ သတ်ပုတ်နှောင့်ရှက်မှု၊ သို့တည်းမဟုတ် ဗျူနံသုံးကားဖြစ်မှုတွင် ပါဝင်သော အရာရှိတဦးဦးကို အဆင့်အားဖြင့် မိမိထက်ပို၍ မြင့်သူ ဖြစ်စေကာမူ၊ စစ်ဘက်အချုပ်နှင့်ထားရန် အမိန့်ပေးနိုင်သည်။

ချုပ်ထားခြင်းနှင့် စပ်သျှင်း၍ တပ်မှူး၏ တာဝန်ဝတ်တရား။

၁၀၄။ ။(၁) တပ်မှူးတိုင်းသည်၊ ပြစ်မှုတခု ကျူးလွန် သည်ဟု စွပ်စွဲခြင်းခံရသော မိမိကွပ်ကဲရသူတဦးတယောက်ကို အချုပ်နှင့်ထားကြောင်း မိမိအားသတင်းပို့ပြီးသည့်နောက်၊ ပြည်သူ့အကျိုးကို ထောက်ထားရခြင်းကြောင့်၊ လေးဆယ့်ရှစ်နာရီအတွင်း စုံစမ်းစစ်ဆေးခြင်းပြုလုပ်ရန်မဖြစ်နိုင်ဟု မိမိယူဆသည့်အခါမှတပါး၊ ထိုစွပ်စွဲချက်ကိုမစုံစမ်းမစစ်ဆေးဘဲ၊ လေးဆယ့်ရှစ်နာရီထက်ပို၍၊ ထိုသူကို အချုပ်နှင့်မထားရန်ဂရုစိုက်ရမည်။

(၂) တပ်မှူးသည်၊ လေးဆယ့်ရှစ်နာရီထက်ကျော်လွန်ပြီး ချုပ်ထားခြင်းခံရသူတိုင်း၏ကိစ္စကိုငင်း၊ ထိုသို့လေးဆယ့်ရှစ်နာရီထက်ပို၍ ချုပ်ထားရခြင်း၏ အကြောင်းပြချက်ကိုငင်း၊ စွပ်စွဲခြင်းခံရသူအား စစ်ဆေးစီရင်ရေးအဘွက်၊ တိုင်းစစ်တရားရုံးတခုဖွဲ့စည်းပေးရန်လျောက်ထားခြင်းခံရမည့်အရာရှိထံအစီရင်ခံရမည်။

(၃) ပုဒ်မခွဲ(၁)တွင် သီးခြားဖေါ်ပြထားသောလေးဆယ့်ရှစ်နာရီကိုရေတွက်ရာ၌၊တနင်္လာနေ့မှာနှင့်အစိုးရ၏အခြားရုံးပိတ်ရက်များကိုချန်လှပ်ထားရမည်။

(၄) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေကိုလိုက်နာရသူတဦးအား ထိုသူကျူးလွန်ခဲ့သော ပြစ်မှုတခုခုနှင့် စပ်လျဉ်း၍၊ အခွင့်ရအာဏာပိုင်တဦးဦးက စစ်ဆေးစီရင်ခြင်းမပြီးပြတ်မီ၊ဘဏ်းဆီးခြင်း၊ စစ်ဘက်အချုပ်တွင် ချုပ်ထားခြင်းဆိုင်ရာစည်းကမ်းနည်းလမ်းနှင့် ချုပ်ထားနိုင်သည့် ကာလအပိုင်းအခြားကိုပြဋ္ဌာန်းရန်နည်းဥပဒေများပြုနိုင်သည်။

အချုပ်နှင့်ထားခြင်းနှင့် စစ်တရားရုံးဖွဲ့စည်းခြင်း စပ်ကြားရှိအချိန်ကာလ။

၁၀၅။ ။ပုဒ်မ ၁၀၃ တွင် ဖေါ်ပြထားသည့်အတိုင်း ချုပ်ထားခြင်းခံနေရသူဖြစ်သည့်ပြင်၊ တန်းပြည့် စစ်မှုထမ်းနေရသူလည်း မဟုတ်သောသူတဦးဦးအား စစ်ဆေးစီရင်ရန်အတွက် စစ်တရားရုံးတရုံးဖွဲ့စည်းစေရန် အမိန့်မပေးသေးဘဲ ရှစ်ရက်ထက်ပို၍ အချုပ်ခံနေရသည့်အမှုတိုင်းတွင်၊ ထိုသူ၏တပ်မှူးက၊ ကြန့်ကြာရသည့်အကြောင်းများပါရှိသည့် အထူးအစီရင်ခံချက်တခုကို သတ်မှတ်ထားသည့်

နည်းလမ်းအတိုင်းခပးပို့ရမည့်ပြင်၊ စစ်တရားရုံးအဖွဲ့ဝင်များရုံးထိုင်ရန် စုဝေးရောက်ရှိသည် အထိ၊ သို့တည်းမဟုတ် ထိုသူကို အချုပ်မှ လွှတ်သည်အထိ၊ အလားတူ အစိုရင်ခံချက် တခုကိုလည်း ရှစ်ရက်တကြိမ်ပေးပို့ရမည်။

နယ်ဘက်အာဏာပိုင်များက ဘမ်းဆီးခြင်း။

၁၀၆။ ။မည်သည့် အခါမဆို၊ ရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ရဲအရာရှိတဦးဦး၏ အာဏာပိုင်နက်အတွင်း၊ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးရှိနေလျှင်၊ ထိုရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ်ရဲအရာရှိသည်၊ ထိုသူအားဘမ်းဆီးရေးနှင့် စစ်ဘက်အချုပ်သို့ လက်ရောက် အပ်ရေးအတွက် ထိုသူ၏ တပ်မှူးလက်မှတ် ရေးထိုးသော တောင်းဆိုစာတစောင်ကို ရရှိသောအခါ၌၊ ထိုအရေးများတွင်ကူညီရမည်။

စစ်ပြေး များကို ဘမ်းဆီးခြင်း။

၁၀၇။ ။(၁) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ တပ်မှထွက်ပြေးလျှင်၊ ထိုသူ ပါဝင်သည့်တပ်အဖွဲ့၊ ဌာန၊ တပ်၊ သင်္ဘော၊ သို့တည်းမဟုတ် ခွဲထုတ်တပ်၏တပ်မှူးက၊ ထိုစစ်ပြေးကိုဘမ်းဆီးရန် အကူအညီပေးနိုင်မည်ဟုယူဆသည့်၊ နယ်ဘက်အာဏာပိုင်များထံ၊ ထိုတပ်မှထွက်ပြေးကြောင်း စာရေးအကြောင်းကြားရမည်။ အဆိုပါအာဏာပိုင်များသည်၊ ထိုအကြောင်းကြားစာ ရသည့်အခါ၊ အဆိုပါစစ်ပြေးအား ဘမ်းဆီးရန်အတွက် ရာဇဝတ်တရားသူကြီးက ဘမ်းဆီးရန်ဝရမ်းထုတ်ထားသူတဦး ဖြစ်ဘိသကဲ့သို့ အရေးယူရမည့်ပြင်၊ ဘမ်းဆီးရမိသောအခါ၊ ထိုသူကိုစစ်ဘက်အချုပ်သို့ လက်ရောက် အပ်ရမည်။

(၂) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းရှိပြီး၊ စစ်ပြေးတဦး၊ သို့တည်းမဟုတ် အခွင့်အာဏာမပါဘဲ ခရီးသွားနေသူတဦး ဖြစ်သည်ဟုလည်း ယုံကြည်ရန်အကြောင်းရှိသောသူတဦးဦးကို၊ ရဲအရာရှိတဦးဦးက ဝရမ်းမရှိဘဲ ဘမ်းဆီးနိုင်သည့်ပြင်၊ တရားဥပဒေနှင့်အညီ အရေးယူရန် အနီးဆုံး ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ ကြန့်ကြာမှုမရှိဘဲ၊ ထိုသူကိုခေါ်လာရမည်။

ခွင့်မဲ့ ပျက် ကွက် ခြင်း ကို စုံစမ်းစစ်ဆေးခြင်း။

၁၀၈။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ရရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ နှစ်ဆယ့်တရက်မှ၊ မိမိ၏တာဝန် ဝတ်တရားဆောင်ရွက်ရန် ပျက်ကွက်သည့် အခါ၊ စုံစမ်းစစ်ဆေးရေးခုံရုံးတခုကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ ဖွဲ့စည်းစေရမည်။ ထိုပြင်သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း၊ ထိုခုံရုံးကသက်သေများကို ကျမ်းသစ္စာသော်၎င်း၊ ကတိသစ္စာသော်၎င်း၊ ပြုစေပြီးနောက်၊ ထိုသူ၏ခွင့်မဲ့ပျက်ကွက်မှုနှင့် ထိုသူအား အပ်နှံထားသော အစိုးရပိုင်ပစ္စည်းများ၊ သို့တည်းမဟုတ် လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ပစ္စည်းကိရိယာတန်ဆာပလာများ၊ အဝတ်အစား၊ သို့တည်းမဟုတ် လိုအပ်သောပစ္စည်းများလျော့၍ နေခြင်းတခုခုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရမည်။ ထို့နောက် အဆိုပါခွင့်မဲ့ပျက်ကွက်ခြင်းသည်၊ ရရှိသင့်သော အခွင့်အာဏာမရှိဘဲ၊ သို့တည်းမဟုတ် အခြားလုံလောက်သော အကြောင်းမရှိဘဲ၊ ပျက်ကွက်ခြင်းဖြစ်သည်ဟု ကျနော်ပါက၊ ထိုခုံရုံးသည်၊ အဆိုပါခွင့်မဲ့ပျက်ကွက်ခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း၏ ကာလအပိုင်းအခြားအပြင်၊ ပစ္စည်း လျော့နေခြင်း ရှိလျှင်၊

အဆိုပါ ပစ္စည်းလျော့နေခြင်းကိုပါ ကျေညာရမည်။ ထို့နောက် ၊ ထိုသူပါဝင်သော တပ်အဖွဲ့၊ တပ်၊ သို့တည်းမဟုတ် သင်္ဘောကို ကွပ်ကဲသည့်အရာရှိက၊ ထိုတပ်အဖွဲ့၊ တပ်၊ သို့တည်းမဟုတ် သင်္ဘော၏ စစ်တရားရုံးမှတ်တမ်းစာအုပ်တွင် ထိုကျေညာချက်ကို ရေးသွင်းရမည်။

(၂) ခွင့်မဲ့ပျက်ကွက်သည်ဟု ကျေညာခြင်းခံရသူသည်၊ ယင်းသို့ ကျေညာပြီးသည့်နောက် လာ၍ဘမ်းဆီးခြင်းမခံလျှင်၊ သို့တည်းမဟုတ် ထိုသူအားဘမ်း၍မရလျှင်၊ ဤအက်ဥပဒေ၏ကိစ္စများအလို့ငှါ၊ စစ်ပြေးတယောက်ဖြစ်သည်ဟုမှတ်ယူရမည်။

တပ်ထိန်းချုပ်များ။

၁၀၉။ ။(၁) တပ်ထိန်းချုပ်များကို၊ ကာကွယ်ရေးဦးစီးချုပ်ကသော်၎င်း၊ သတ်မှတ်ဆားသော အရာရှိစာဦးဦးကသော်၎င်း၊ ခန့်အပ်နိုင်သည်။

(၂) တပ်ထိန်းချုပ်တဦး၏ တာဝန်ဝတ်တရားများသည်၊ ပြစ်မှုတခုခုအတွက် အချုပ်နှင့်ထားသူများကိုစောင့်ထိန်းရန်၎င်း၊ စည်းကမ်းနှင့်စံနှစ်တကျရှိမှုကို ထိန်းသိမ်းရန်၎င်း၊ တပ်မတော်တွင် ပါဝင်အမှုထမ်းရွက်နေကြသော၊ သို့တည်းမဟုတ် တွဲဘက်ထားသောသူများက အဆိုပါစည်းကမ်းနှင့် စံနှစ်တကျရှိမှုဖေါက်ဖျက်ခြင်းကို တားမြစ်ရန်၎င်း၊ ဖြစ်သည်။

(၃) တပ်ထိန်းချုပ်တဦးသည်၊ ပြစ်မှုတခုကိုကျူးလွန်သော၊ သို့တည်းမဟုတ် ပြစ်မှုတခုနှင့်စွပ်စွဲခြင်းခံရသော၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးကို မည်သည့်အခါမဆို ဘမ်းဆီးပြီးနောက်၊ စစ်ဆေးစီရင်ရန်အတွက် ချုပ်ထားနိုင်သည်ဖြင့်၊ စစ်တရားရုံးကသော်၎င်း၊ ပုဒ်မ ဂ၂ အရ အခွင့်အာဏာသုံးစွဲနိုင်သည့် အရာရှိတဦးကသော်၎င်း၊ ချမှတ်သည့် ပြစ်ဒဏ်စီရင်ခြင်းနှင့်အညီ ကျခံရမည့်ပြစ်ဒဏ်တခုခု အကျိုးသက်ရောက်အောင်ဆောင်ရွက်နိုင်သည်။ သို့သော်လည်း တပ်ထိန်းချုပ်တဦးသည်၊ မိမိ၏ အခွင့်အာဏာကိုသုံးစွဲပြီး မည်သည့်ပြစ်ဒဏ်ကိုမျှမပေးရ။

သို့ရာတွင် အရာရှိမဟုတ်သူ တပ်ထိန်းချုပ်တဦးသည်၊ အရာရှိတဦးကိုအခြားအရာရှိတဦး၏ အမိန့်အရမှတပါး၊ မဘမ်းဆီးရ၊ သို့တည်းမဟုတ် ချုပ်မထားရ။

အခန်း ၁၀။

စစ်တရားရုံးများ။

စစ်တရားရုံး အမျိုးအစားများ။

၁၁၀။ ။ဤအက်ဥပဒေ၏ကိစ္စများအလို့ငှါ၊ အောက်ပါအတိုင်း၊ စစ်တရားရုံးလေးမျိုးရှိရမည်။

(က) စစ်တရားရုံးချုပ်၊
(ခ) တိုင်းစစ်တရားရုံး၊
(ဂ) အကျဉ်းစစ်တရားရုံးချုပ်နှင့်
(ဃ) တပ်တွင်းစစ်တရားရုံး။

၁၁၁။ ။နိုင်ငံတော် သမတကဖြစ်စေ၊ ကာကွယ်ရေး ဦးစီးချုပ်က ဖြစ်စေ၊ နိုင်ငံတော်သမတ၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်က၊ ဤကိစ္စအလို့၄၊ အမိန့်စာဖြင့် အာဏာအပ်နှင်းထားသော အရာရှိ တဦးဦးက ဖြစ်စေ၊ စစ်တရားရုံးချုပ် တခုကို ဖွဲ့စည်းနိုင်သည်။

စစ်တရားရုံးချုပ် ဖွဲ့စည်းရန် အာဏာ။

၁၁၂။ ။စစ်တရားရုံးချုပ်တခု ဖွဲ့စည်းရန်အာဏာရှိထားသော အရာရှိတဦးက ဖြစ်စေ၊ ထိုအရာရှိတဦးဦးက၊ ဤကိစ္စအလို့၄၊ အမိန့်စာဖြင့် အာဏာ အပ်နှင်းထားသော အရာရှိတဦးဦးက ဖြစ်စေ၊ တိုင်းစစ်တရားရုံးတရုံးကိုဖွဲ့ဧည်းနိုင်သည်။

တိုင်းစစ်တရားရုံးဖွဲ့စည်းရန် အာဏာ။

၁၁၃။ ။ပုဒ်မ ၁၁၁၊ သို့တည်းမဟုတ် ပုဒ်မ ၁၁၂ အရ၊ ထုတ်ပေးသော အမိန့်စာတွင် ထိုအမိန့်စာကို ထုတ်ပေးသော အရာရှိက သင့်တော်မည်ဟုထင်သည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များ ပါဝင်နိုင်သည်။

ပုဒ်မ ၁၁၁ နှင့် ၁၁၂ အရ၊ထုတ်ပေးသော အမိန့်စာတွင် ပါ၀င် သည့် အကြောင်း အရာများ။

၁၁၄။ ။အောက်ပါ အာဏာပိုင်များမှာ အကျဉ်းစစ် တရားရုံးချုပ် တခုကို ဖွဲ့စည်းရန်အာဏာရှိရမည်။

အကျဉ်းစစ် တရားရုံး ချုပ် ဖွဲ့စည်းရန်အာဏာ။

(က) နိုင်ငံတော်သမတကဖြစ်စေ၊ ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ ဤကိစ္စ အလို့၄၊အမိန့်တရပ်ဖြင့် အာဏာအပ်နှင်းထားသော အရာရှိတဦး၊

(ခ) တန်းပြည့်စစ်မှုထမ်းချိန်တွင်၊ စစ်မြေပြင်၌ တပ်ဖွဲ့များကို ကွပ်ကဲနေသည့်အရာရှိ၊ သို့တည်းမဟုတ် ထိုအရာရှိက၊ ဤကိစ္စအလို့၄၊ အာဏာအပ်နှင်းထားသည့် အရာရှိတဦး၊

(ဂ) စစ်စည်းကမ်းနှင့် စစ်ဘက်လတ်တလောလိုအပ်ခြင်းများကို ထိုက်သင့်သလို ထောက်ထား၍၊ ပြစ်မှုတမှုကို စစ်တရားရုံးချုပ် တခုဖြင့် စစ်ဆေးစီရင်ရန်မဖြစ်နိုင်ဟု ထင်မြင်ယူဆသည့်အခါ၊ တန်းပြည့် စစ်မှုထမ်းချိန်တွင် တပ်မတော်၏ခွဲထုတ်ထားသော အစိတ်အပိုင်း တခုခုကို ကွပ်ကဲနေသည့်အရာရှိတဦး။

၁၁၅။ ။စစ်တရားရုံးချုပ်တခုတွင် ငါးဦးအောက် မနည်းသော အရာရှိများ ပါဝင်ရမည်။ ထိုအရာရှိအသီးသီးသည်၊ ပြန်တမ်းဝင်အရာရှိ အဖြစ်ဖြင့် အနည်းဆုံး သုံးနှစ်အမှုထမ်းရွက်ပြီးသူ ဖြစ်ရမည့်ပြင်၊ ထိုအရာရှိများအနက်၊ အနည်းဆုံး လေးဦးသည်၊ ဗိုလ်ကြီးအဆင့်ရှိသူများဖြစ်ရမည်။

စစ်တရားရုံးချုပ်တွင် ပါဝင် သူများ။

သို့ရာတွင် သုံးနှစ်အောက်လျော့သော စစ်မှုထမ်းသက်ရှိသည့် အရာရှိတဦးသည်၊ စက်ရှင်တရားသူကြီးတဦးအဖြစ်ဖြင့်သော်၎င်း၊ ရာဘက်စက်ရှင် တရားသူကြီးတဦးအဖြစ်ဖြင့်သော်၎င်း၊ အနည်းဆုံးနှစ်နှစ် အမှုထမ်းရွက်ခဲ့ဘူးသူဖြစ်လျှင်၊ သို့တည်းမဟုတ် တရားလွှတ်တော်ရှေ့နေတဦးအဖြစ်ဖြင့် အနည်းဆုံးဆယ်နှစ် အမှုလိုက်လံဆောင်ရွက်ခဲ့ဘူးသူဖြစ်လျှင်၊ ထိုသူအား စစ်တရားရုံးချုပ်တွင် ခန့်အပ်နိုင်သည်။

တိုင်းစစ်တရားရုံးတွင် ပါဝင်သူများ။

၁၁၆။ ။တိုင်းစစ်တရားရုံးတရုံးတွင် သုံးဦးအောက်မနည်းသော အရာရှိများ ပါဝင်ရမည်။ ထိုအရာရှိအသီးသီးသည်၊ ပြန်တမ်းဝင်အရာရှိ အဖြစ်ဖြင့် အနည်းဆုံး နှစ်နှစ် အမှုထမ်းရွက်ပြီးသူဖြစ်ရမည်။

အကျဉ်းစစ်တရားရုံးချုပ်တွင် ပါဝင်သူများ။

၁၁၇။ ။အကျဉ်းစစ်တရားရုံးချုပ်တခုတွင်၊ သုံးဦးအောက်မနည်းသောအရာရှိများပါဝင်ရမည်။

စစ်တရားရုံးများတွင် ပါဝင်သူများ။

၁၁၈။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်အသီးသီးတွင်၊ တရားခံသည် ကြည်းတပ်မှဖြစ်လျှင်၊ အဖွဲ့ဝင်အများသည်၊ ကြည်းတပ်မှဖြစ်ရမည်။ တရားခံသည် ရေတပ်မှဖြစ်လျှင်၊ အဖွဲ့ဝင်အများသည်၊ ရေတပ်မှဖြစ်ရမည်။ တရားခံသည် လေတပ်မှဖြစ်လျှင်၊အဖွဲ့ဝင်အများသည်၊ လေတပ်မှဖြစ်ရမည်။

တပ်တွင်းစစ်တရားရုံး။

၁၁၉။ ။(၁) တပ်တွင်းစစ်တရားရုံးတရုံးတွင်၊ အောက်ပါအရာရှိများရုံးထိုင်နိုင်သည်။

(က) ကြည်းတပ်အတွက်ဖြစ်လျှင် တပ်အဖွဲ့၊တပ်၊ ဌာန၊ သို့တည်းမဟုတ် ခွဲထုတ်တပ် တခုခု၏တပ်မှူး။

(ခ) ရေတပ်အတွက်ဖြစ်လျှင် သင်္ဘော၊ တပ်၊ ရေတပ်စခန်း၊သို့တည်းမဟုတ် ရေတပ်စခန်းခွဲတခုခု၏တပ်မှူး။

(ဂ) လေတပ်အတွက်ဖြစ်လျှင် လေတပ်စခန်း၊ လေတပ်ရင်း၊ တပ်၊သို့တည်းမဟုတ် ခွဲထုတ်တပ်တခုခု၏တပ်မှူး။

(ဃ) ဗွဲ့ဘက်ထား၍ အမှုထမ်းရွက်နေကြသည့်၊ ဤအက်ဥပဒေကို လိုက်နာရသောအကြပ်နှင့်တပ်သားများကို ကွပ်ကဲနေသော၊သို့တည်းမဟုတ် အမိန့်ပေးနိုင်သော အပိုဒ်(က)၊(ခ)၊ သို့တည်းမဟုတ် အပိုဒ်(ဂ)တွင်ဖော်ပြထားသည့်တပ်မှူးတဦးဦး။

(၂) တပ်တွင်းစစ်တရားရုံးအသီးသီးတွင် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့် အရာရှိတဦးတည်းသာပါဝင်ရမည်။ သို့သော်လည်း အခြားအရာရှိနှစ်ဦးသည်၊ မှုခင်းကိစ္စဆောင်ရွက်ချက်များတလျှောက်လုံးတွင် ဟက်ရောက်ရမည်။ ထိုသို့တက်ရောက်သော အရာရှိနှစ်ဦးမှာ၊ ကျွမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ မပြုစေရ။

စစ်တရားရုံးများ ဖျက်သိမ်းခြင်း၊

၁၂၀။ ။(၁) စစ်ဆေးစီရင်ခြင်း စတင်ပြီးသည့်နောက်၊ စစ်တရားရုံးတရုံးတွင် ပါဝင်သည့်အဖွဲ့ဝင်ဦးရေသည်၊ အနည်းဆုံးတရားဝင်ဦးရေအောက်လျော့သွားလျှင်၊ ထိုစစ်တရားရုံးကို ဖျက်သိမ်းရမည်။

သို့သော်လည်း စစ်တရားရုံးချုပ်ဖွဲ့စည်းသည့်အရာရှိက အနည်းဆုံးတရားဝင်ဦးရေပြည့်ရန် အဖွဲ့ဝင်အသစ်များကို ခန့်အပ်သည့်ပြင် စစ်တရားရုံး၏ မူလအဖွဲ့ဝင် သုံးဦးလည်း စစ်ဆေးစီရင်ခြင်းတလျှောက်လုံးတွင် ကျန်ရှိနေသမျှကာလပတ်လုံး ဤပုဒ်မခွဲပါပြဋ္ဌာန်း

ချက်များသည်၊ စစ်တရားရုံးချုပ်တခုနှင့် မသက်ဆိုင်စေရ၊ ထို့ပြင်အဖွဲ့ဝင်သစ် တဦးဦး သည်၊ ကျမ်းသစ္စာဖြင့်စေ၊ ကတိသစ္စာဖြင့်စေ၊ ပြုပြီးသောအခါ၊ တရားခံ၊ တရားလို ဘက်မှလိုက်ပါသူများ၊ တရားခံဘက်မှလိုက်ပါသူများနှင့် စစ်ဥပဒေအရာရှိ၏ရှေ့တွင် ယခင်ကစစ်ဆေးမေးမြန်းပြီးသည့်သက်သေတဦးစီ၏ ရေးမှတ်ထားပြီး သက်သေခံချက် ကို စစ်တရားရုံးအား ဘတ်ပြပြီးနောက်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ပြုလုပ်နိုင်သည်။

(၂) ဆုံးဖြတ်ချက်မချမှတ်မီ၊ တရားခံဖျားနာသောကြောင့် ဆက်လက်စစ်ဆေး စီရင်ရန် မဖြစ်နိုင်လျှင်၊စစ်တရားရုံးကိုဖျက်သိမ်းရမည်။

(၃) စစ်တရားရုံးဖွဲ့စည်းသည့်အရာရှိသည်၊ စစ်ဘက်လတ်တလော လိုအပ်ခြင်း များ၊ သို့တည်းမဟုတ် စစ်စည်းကမ်းအရ လိုအပ်ခြင်းများကြောင့်၊ ထိုစစ်တရားရုံးဆက် လက်ရုံးထိုင်ရန်မဖြစ်နိုင်၊ သို့တည်းမဟုတ် မသင့်လျော်ဟုထင်မြင်လျှင်၊ အဆိုပါစစ်တရား ရုံးကိုဖျက်သိမ်းနိုင်သည်။

(၄) ဤပုဒ်မအရ စစ်တရားရုံးကို ဖျက်သိမ်းသည့်အခါ၊တရားခံကိုထပ်မံစစ်ဆေး စီရင်နိုင်သည်။

စစ်တရားရုံးချုပ်နှင့် အကျဉ်းစစ်တရားရုံးချုပ်တို့၏ အာဏာများ။

၁၂၁။ ။စစ်တရားရုံးချုပ်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်မှာ၊ ဤ အက်ဥဒေအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့်ပြစ်မှုတခုခုအတွက် ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား စစ်ဆေးစီရင်ရန် နှင့် ဤအက်ဥပဒေကခွင့်ပြုသည့်ပြစ်ဒဏ်တခုခုချမှတ်ရန် အာ ဏာရှိရမည်။

တိုင်းစစ် တရားရုံးများ၏ အာဏာများ။

၁၂၂။ ။တိုင်းစစ်တရားရုံးမှာ ဤအက်ဥပဒေအရ ပြစ်ဒဏ် ချမှတ်ထိုက်သည့် ပြစ်မှုတခုခုအတွက် အရာရှိမှတပါး၊ ဤအက်ဥပဒေကိုလိုက် နာရသော အခြားသူတဦးဦးအား စစ်ဆေးစီရင်ရန်နှင့် သေ ဒဏ်၊ တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် နှစ်နှစ်ထက်ပိုသော ထောင်ဒဏ်မှတပါး ဤအက်ဥပဒေက ခွင့်ပြုသည့် အခြားပြစ်ဒဏ်တခုခုကို ချမှတ်ရန် အာဏာရှိရမည်။

သို့ရာတွင် တိုင်းစစ်တရားရုံးတရုံးသည်၊ အရာခံဗိုလ်တဦးအား ထောင်ဒဏ်မချ မှတ်ရ။

တပ်တွင်း စစ်တရားရုံးများ ၏အာဏာများ။

၁၂၃။ ။(၁) တပ်တွင်းစစ်တရားရုံးသည်၊ပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ ပြစ်ဒဏ် ချမှတ်ထိုက် သော မည်သည့်ပြစ်မှုကိုမဆိုစစ်ဆေးစီရင်နိုင်သည်။

(၂) တပ်တွင်း စစ်တရားရုံးသည်၊ အမြန်အရေးယူ ရန် အရေးကြီးသော အကြောင်းလည်းမရှိသည့်ပြင်၊ စစ်စည်းကမ်းကို ထိခိုက်နစ်နာမှု လည်းမရှိလျှင်၊ပြစ်မှုကျူးလွန်သည်ဟုစွပ်စွဲခြင်းခံရသောသူအား စစ်ဆေးစီရင်ရန်အတွက် တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချီနိုင်တွင်အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းနိုင်သည့် အခွင့်အာဏာရ အရာရှိထံ အမှုကိုတင်ပြနိုင်သည့်အခါ၊ထိုသို့တင်ပြခြင်း မပြုဘဲ၊ပုဒ်မ ၃၂၊၃၃၊၃၆၊၆၄ (၂) နှင့် ၇၁ တို့အနက် ပုဒ်မတခုခုအရ ပြစ်ဒဏ်ချမှတ် ထိုက်သည့်ပြစ်မှုတခုခု၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး၊ ရုံးထိုင်နေသည့်အရာရှိ အပေါ် ကျူးလွန်သောပြစ်မှုတခုခုကို စစ်ဆေးစီရင်ခြင်းမပြုရ။

(၃) တပ်တွင်းစစ်တရားရုံးသည်၊ အရာရှိ၊ သို့တည်းမဟုတ် အရာခံဗိုလ်မှတပါး ထိုတပ်တွင်းစစ်တရားရုံး၊ ရုံးထိုင်နေသည့်အရာရှိ၏ ကွပ်ကဲခြင်းခံနေရသော ဤအက်ဥပဒေကိုလိုက်နာရသောအခြားသူတဦးဦးအား စစ်ဆေးစီရင်နိုင်သည်။

(၄) တပ်တွင်းစစ်တရားရုံးသည်၊ သေဒဏ်၊ သို့တည်းမဟုတ် တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၅) တွင် သီးခြားဖေါ်ပြထားသော ကန့်သတ်ချက်ထက်ပိုသည့် ထောင်ဒဏ်မှတပါး၊ ဤအက်ဥပဒေအရ ချမှတ်နိုင်သည့်အခြားပြစ်ဒဏ်တခုခုကို ချမှတ်နိုင်သည်။

(၅) တပ်တွင်းစစ်တရားရုံး၊ ရုံးထိုင်သည့်အရာရှိသည်၊ ဗိုလ်မှူးအဆင့်အောက် မနိမ့်သောအဆင့်ရှိသူဖြစ်လျှင်၊ ပုဒ်မခွဲ (၄) တွင် ရည်ညွှန်းသည့် ကန့်သတ်ချက်သည် ထောင်ဒဏ်တနှစ်၊ ထို့ပြင်အဆိုပါအရာရှိသည်၊ ဗိုလ်မှူးအဆင့်အောက်နိမ့်သောအဆင့် ရှိသူဖြစ်လျှင်၊ ပုဒ်မခွဲ (၄) တွင် ရည်ညွှန်းသည့်ကန့်သတ်ချက်သည် ထောင်ဒဏ်သုံးလ ဖြစ်ရမည်။

ဒုတိယအကြိမ် စစ်ဆေးစီရင်ခြင်းကိုတားမြစ်ပိတ်ပင်ခြင်း။

၁၂၄။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား၊ စစ်တရားရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံးကဖြစ်စေ၊ ပြစ်မှုတခုအတွက် တရားသေ လွှတ်လိုက်သည့်အခါ၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှားစီရင်လိုက်သည့်အခါ၊ သို့တည်းမဟုတ် ပုဒ်မ ၀၂၊ ၀၅၊ ၀၆ နှင့် ၀၇ တို့အနက်၊ ပုဒ်မတခုခုအရ အရေးယူပြီးသည့်အခါ၊ ထိုသူကို ထိုပြစ်မှုအတွက် စစ်တရားရုံးဖြင့်ထပ်မံ၍ စစ်ဆေးစီရင်ခြင်းမပြုရ၊ သို့တည်းမဟုတ် အဆိုပါပုဒ်မများအရ အရေးယူခြင်းမပြုရ။

ရှင်းလင်းချက်။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်မပြုသေးသမျှ ထိုဆုံးဖြတ်ချက်သည် ခိုင်လုံခြင်းမရှိ၊ ထိုသို့ခိုင်လုံခြင်း မရှိသောကြောင့် တရားခံအား တရားသေလွှတ်သည်၊ သို့တည်းမဟုတ် ပြစ်မှုထင်ရှားစီရင်သည်ဟုမဆိုရ။

စစ်ဆေး စီရင်ခြင်း ဆိုင်ရာ ကာလစည်းကမ်းသတ်။

၁၂၅။ ။(၁) ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းသည့်အတိုင်းမှတပါး၊ ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား ပြစ်မှုကျူးလွန်သည့်နေ့ရက်မှ သုံးနှစ်ကုန်ဆုံးသည့်အခါ၊ ထိုပြစ်မှုအတွက် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခြင်းကိုစတင်မပြုလုပ်ရ။

(၂) ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များသည်၊ စစ်ပြေးမှု၊ သို့တည်းမဟုတ် လိမ်လည်လှည့်ဖြားခြင်းစစ်မှုထမ်းအဖြစ် စာရင်းသွင်းမှု၊ သို့တည်းမဟုတ် ပုဒ်မ ၃၆ တွင် ဖေါ်ပြထားသည့်ပြစ်မှုများအနက် ပြစ်မှုတခုခုကိုစစ်ဆေးစီရင်ခြင်းနှင့်မသက်ဆိုင်စေရ။

(၃) ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသည့်ကာလအပိုင်းအခြားကို တွက်စစ်ရာတွင် ထိုသူ ပြစ်မှုကျူးလွန်ပြီးသည့်နောက် သုံ့ပန်းတယောက်ဖြစ်နေသည့်၊ သို့တည်းမဟုတ် ရန်သူ၏နယ်မြေတွင် ရောက်ရှိနေသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးခြင်းကိုရှောင်တိမ်းနေသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးထားခြင်းကိုဖြစ်စေ၊ရာထူးမှဧတွ်ချထားခြင်းကိုဖြစ်စေ၊ ခံနေရစဉ် ဆေးရုံတက်ရသည့်၊ ကာလကို ထည့်သွင်း တွက်စစ်ခြင်းမပြုရ။

(၄) လိမ်လည်လှည့်ဖျား၍ စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့်ပြစ်မှု၊ သို့တည်းမဟုတ် တန်ပြည့်စစ်မှုထမ်းချိန် မဟုတ်သည့်အခါတွင် စစ်ပြေးမှုကျူးလွန်သူဟဉီးသည်၊ အရာရှိမဟုတ်သည့်ပြင်၊ ထိုပြစ်မှုကျူးလွန်ပြီးသည့်နောက်၊ တပ်မတော်၏အစိတ်အပိုင်း

တခုခုတွင်၊ သုံးနှစ်အောက်မနည်း၊ စံနမူနာပြုလောက်အောင်လည်း တဆက်ထည်း အမှုထမ်းရွက်ခဲ့လျှင်၊ ထိုသူအား၊ထိုပြစ်မှုအတွက် စစ်ဆေးစီရင်ခြင်းကို စတင်မပြုလုပ်ရ။

ပြစ်မှုကျူးလွန်ပြီးနောက် ဤအက်ဥပဒေကို လိုက်နာရသူ အဖြစ်မှ ရပ်စဲပြီး သွားသူ၏ တာဝန်။

၁၂၆။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးသည်၊ဤအက်ဥပဒေပါ ပြစ်မှုတခုကို ကျူးလွန်ပြီးနောက်၊ ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲပြီးဖြစ်သော်လည်း၊ ထိုသူကို ထိုပြစ်မှုအတွက် စစ်ဘက်အချုပ်နှင့် ထားနိုင်သည့်ပြင်၊ဤအက်ဥပဒေကို ဆက်လက်လိုက်နာနေရဘိသကဲ့သို့၊ ထိုသူအား စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်နိုင်သည်။

(၂) ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲပြီးသည့်နောက် ခြောက်လ အတွင်း၊ ထိုသူအား စစ်ဆေးစီရင်ခြင်း စတင်မပြုလုပ်လျှင်၊ ထိုသူအား ပြစ်မှုတခုအတွက် စစ်ဆေးစီရင်ခြင်းမပြုလုပ်ရ။

သို့ရာတွင် ဤပုဒ်မခွဲပါပြဋ္ဌာန်းချက်များသည်၊ စစ်ပြေးမှုကိုဖြစ်စေ၊ လိမ်လည်လှည့်ဖျား၍ စစ်မှုထမ်းအဖြစ် စာရင်းသွင်းသည့်ပြစ်မှုကိုဖြစ်စေ၊ ပုဒ်မ ၃၆ တွင်ဖေါ်ပြထားသော ပြစ်မှုများအနက်၊ပြစ်မှုတခုခုကိုဖြစ်စေ၊ ကျူးလွန်သောထိုသူတဦးအား စစ်ဆေးစီရင်ခြင်းနှင့် မသက်ဆိုင်စေရ၊ သို့တည်းမဟုတ် ရာဇဝတ်တရားရုံးအပြင်၊ စစ်တရားရုံးကလည်း စစ်ဆေးစီရင်နိုင်သော ပြစ်မှုတခုကို စစ်ဆေးစီရင်ရန် ရာဇဝတ်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာကို မထိခိုက်စေရ။

(၃) ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ စစ်တရားရုံးကတကျန်းပြဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ချမှတ်သောအခါ၊ ထိုသူသည် ရှုတ်ချ၍အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ စစ်မှုထမ်းခြင်းမှ အမြဲတန်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ကျခံရစေကာမူ၊ သို့တည်းမဟုတ်၊ အခြားတနည်းနည်းဖြင့်၊ ဤအက်ဥပဒေကို လိုက်နာရသူအဖြစ်မှ ရပ်စဲသွားငြိုဖြစ်စေကာမူ ထိုသူတကျန်းပြဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ကျခံရသည့်ကာလအတွင်း ဤအက်ဥပဒေသည်၊ ထိုသူနှင့်သက်ဆိုင်စေရမည့်ပြင်၊ ထိုသူသည်၊ ဤအက်ဥပဒေကို လိုက်နာရသူ ဆက်လက်ဖြစ်နေဘိသကဲ့သို့၊ ထိုသူအား အချုပ်နှင့် ထားနိုင်သည်၊ ရွှေ့ပြောင်းနိုင်သည်၊ ထောင်ချနိုင်သည်၊ ထို့ပြင် ပြစ်ဒဏ်ချမှတ်နိုင်သည်။

(၄) ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ စစ်တရားရုံးက သေဒဏ်ချမှတ်သောအခါ၊ ထိုပြစ်ဒဏ်ကို ဆောင်ရွက်ပြီးသည်အထိ၊ ဤအက်ဥပဒေသည်၊ ထိုသူနှင့် သက်ဆိုင်စေရမည်။

စစ်ဆေးစီရင်သည့်နေရာ။

၁၂၇။ ။ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုခုကိုကျူးလွန်သည့်၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား၊ မည်သည့်နေရာတွင်မဆို၊ အဆိုပါပြစ်မှုအတွက် စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်နိုင်သည်။

ရာဇဝတ် တရားရုံးကို ဖြစ်စေ၊ စစ်တရားရုံးကို ဖြစ်စေ၊ ရွေးချယ်ခြင်း။

၁၂၀။ ။ရာဇဝတ်တရားရုံးနှင့် စစ်တရားရုံးမှာ၊ ပြစ်မှုတခုနှင့် စပ်လျဉ်း၍ စီရင်ပိုင်ခွင့် အာဏာအသီးသီးရှိနေသောအခါ၊ ထိုမှုခင်းကိစ္စကို မည်သည့်တရားရုံးက စစ်ဆေးစီရင်ရမည်ဟု၊ တရားခံအား စစ်ဆေးရန်အတွက်၊ စစ်တရားရုံးချုပ်ဖွဲ့စည်းနိုင်သည့်အခွင့် အာဏာရအရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက မိမိ၏သဘောအတိုင်း ဆုံးဖြတ်ပေးနိုင်သည်။ ထို့ပြင် ထိုအရာရှိသည်

ထိုမှုခင်းကိစ္စကို၊ စစ်တရားရုံးက စစ်ဆေးစီရင်ရမည်ဟု ဆုံးဖြတ်လျှင်၊ တရားခံအား စစ်ဘက်အချုပ်နှင့်ထားရမည်ဟု၊ မိမိ၏သဘောအတိုင်း ညွှန်ကြားနိုင်သည်။

ပြစ်မှု ကျူးလွန် သူကို လက်ရောက် ပေးအပ်ရန် ရာဇဝတ် တရား ရုံးက တောင်းဆိုနိုင်သည့် အာဏာ။

၁၂၉။ ။(၁) စီရင်ပိုင်ခွင့် အာဏာရရှိထားသော ရာဇဝတ်တရားရုံးသည်၊ စွပ်စွဲထားသော ပြစ်မှုတခုခုနှင့်စပ်လျဉ်းသည့် မှုခင်းကိစ္စကို၊ မိမိရုံးတွင်ပင် စွဲဆိုရမည်ဟု ထင်မြင်ယူဆသည့်အခါ၊ ပြစ်မှုကျူးလွန်သူကို၊ အနီးဆုံးရာဇဝတ် တရားသူကြီးထံ တရားဥပဒေနှင့်အညီဆက်လက်အရေးယူရန်လက်ရောက်ပေးအပ်ခြင်းကိုဖြစ်စေ၊ နိုင်ငံတော်သမတထံ တင်ပြခြင်းကိုဖြစ်စေ၊ မူခင်းကိစ္စဆောင်ရွက်ချက်များ ရွှေ့ဆိုင်း ထားခြင်းကိုဖြစ်စေ၊ ပုဒ်မ ၁၂၀ တွင်ရည်ညွှန်းထားသည့်အရာရှိအား၊ ၎င်း၏သဘောအတိုင်း ဆောင်ရွက်ရန်၊ ထိုရာဇဝတ်တရားရုံးက နို့တစ်စာဖြင့် တောင်းဆိုနိုင်သည်။

(၂) အဆိုပါကိစ္စတိုင်းတွင်၊ ထိုအရာရှိသည်၊ တောင်းဆိုချက်အရ လိုက်နာဆောင်ရွက်လျက် ပြစ်မှုကျူးလွန်သူကို လက်ရောက်ပေးအပ်ရမည်၊ သို့တည်းမဟုတ် မူခင်းကိစ္စ စွဲဆိုရမည့်ရုံး ရွေးချယ်ရေး ပြဿနာကို ဆုံးဖြတ်ရန်၊ နိုင်ငံတော်သမတထံ ချက်ခြင်းတင်ပြရမည်။ ထိုသို့တင်ပြသည့် ကိစ္စနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်သမတ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(၃) ဤအက်ဥပဒေကို လိုက်နာရသည့် တရားခံတဦးသည်၊ ရာဇဝတ်တရားရုံးတွင် စစ်ဆေးစီရင်ခြင်းကို ခံနေရသောအခါ၊ သို့တည်းမဟုတ် ထိုတရားခံအား စစ်ဆေးစီရင်ရမည့်ရုံး ဒေသမျိုးအစားနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတက ဆုံးဖြတ်ချက်မချရသေးမီ၊ ထိုတရားခံကို စစ်ဘက်အချုပ်နှင့်ထားနိုင်သည်။ စစ်ဆေးသည့် တရားရုံးက၊ ထိုတရားခံကို ခေါ်လာရမည်ဟု တောင်းဆိုသည့်အခါ၊ ထိုတရားရုံးရှေ့မှောက်သို့ပို့ရမည်။

စစ်တရားရုံးဖြင့်စစ်ဆေးစီရင်ပြီးသော အမှုများကို ရာဇဝတ်တရားရုံးက ထပ်မံစစ်ဆေးစီရင်ခြင်း။

၁၃၀။ ။(၁) တည်ဆဲအခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ စစ်တရားရုံးကပြစ်မှုထင်ရှားစီရင်ခြင်း၊ သို့တည်းမဟုတ် တရားသေလွန်ခြင်းခံရသူတဦးအား၊ ထပ်တူ ဖြစ် သည့် ပြစ် မှု၊ သို့တည်းမဟုတ် ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက်၊ ရာဇဝတ်တရားရုံးက၊ နိုင်ငံတော်သမတ၏ကြိုတင်ခွင့်ပြုချက်ဖြင့် ထပ်မံစစ်ဆေးစီရင်နိုင်သည်။

(၂) ဤအက်ဥပဒေအရ စစ်တရားရုံးက ပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းခံရသူတဦးကိုဖြစ်စေ၊ ပုဒ်မ ၁၂၊ ၁၅၊ ၁၆၊ သို့တည်းမဟုတ် ပုဒ်မ ၁၇ တို့အနက်၊ ပုဒ်မတခုခုအရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူတဦးကို ဖြစ်စေ၊ ထပ်တူဖြစ်သည့် ပြစ်မှုအတွက် သော်၎င်း၊ ထပ်တူဖြစ်သည့် အကြောင်းခြင်းရာများအတွက် သော်၎င်း၊ ရာဇဝတ်တရားရုံးက စစ်ဆေး၍၊ ပြစ်မှုထင်ရှားစီရင်လျှင်၊ ထိုတရားရုံးသည်၊ ပြစ်ဒဏ်ချမှတ်ရာတွင်၊ အဆိုပါပြစ်မှုအတွက်ထိုသူခံရပြီးဖြစ်သည့် ပြစ်ဒဏ်ကိုထောက်ရှု၍ ချမှတ်ရမည်။

အခန်း ၁၁။

စစ်တရားရုံးများလိုက်နာရမည့်ကျင့်ထုံး။

ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိ။

၁၃၁။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်တွင် ပါဝင်သည့်အဖွဲ့ဝင်များအနက်၊ ဝါအရင့်ဆုံးအဖွဲ့ဝင်သည် ထိုစစ်တရားရုံး၏ဥက္ကဋ္ဌဖြစ်ရမည်။

စစ်ဥပဒေအရာရှိ။

၁၃၂။ ။စစ်တရားရုံးချုပ်အသီးသီးတွင်၊ စစ်ဥပဒေအရာရှိတဦး ပါဝင်ရမည့်ပြင်၊ တိုင်းစစ်တရားရုံးအသီးသီး၊ သို့ဟုတ်မဟုတ် အကျဉ်းစစ်တရားရုံးချုပ် အသီးသီးတွင်လည်း စစ်ဥပဒေအရာရှိတဦး ပါဝင်နိုင်သည်။ ထိုစစ်ဥပဒေအရာရှိသည်၊ စစ်ဥပဒေချုပ်ဌာနမှ အရာရှိတဦးသော်၎င်း၊ အဆိုပါအရာရှိတဦးကို မရနိုင်လျှင်၊ စစ်ဥပဒေဌာနချုပ်ကဖြစ်စေ၊ ဒုတိယ စစ်ဥပဒေချုပ်တဦးဦးက ဖြစ်စေ၊ သဘောတူသည့် သင့်တော်သူတဦးဦးသော်၎င်း၊ ဖြစ်ရမည်။

ကန့်ကွက်ခြင်း။

၁၃၃။ ။(၁) စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစီရင်သည့် အခါတိုင်း၊ စစ်တရားရုံး၊ ရုံးထိုင်လျှင်ထိုင်ခြင်း၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သောအရာရှိနှင့် အဖွဲ့ဝင်များ၏အမည်များကို တရားခံအား ဘတ်ပြရမည်။ ထိုသို့ဘတ်ပြပြီးသောအခါ၊ ထိုစစ်တရားရုံးတွင် ပါဝင်ရုံးထိုင်နေသောအရာရှိတဦးဦး၏ စစ်ဆေးစီရင်ခြင်းကို ကန့်ကွက်လို၊ မလိုတရားခံအားမေးမြန်းရမည်။ ထို့ပြင် ပုဒ်မ ၁၂၀ ၏ပုဒ်မခွဲ (၁) အရ အဖွဲ့ဝင်အသစ် တဦးဦးခန့်အပ်လျှင်၊ ထိုသို့ခန့်အပ်ပြီးနောက် စစ်တရားရုံးချုပ် ရုံးထိုင်လျှင်ထိုင်ခြင်း၊ ထိုအဖွဲ့ဝင်အသစ်တဦးနှင့် စပ်လျဉ်း၍လည်း ဤနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၂) အဆိုပါအဖွဲ့ဝင်အရာရှိ တဦးဦးအား တရားခံကကန့်ကွက်လျှင်၊ တရားခံ၏ကန့်ကွက်ချက်နှင့် ကန့်ကွက်ခံရသောအရာရှိ၏ ချေပချက်တို့ကိုကြားနာ၍၊ ရေးမှတ်ရမည်။ ထို့ပြင် ကန့်ကွက်ခံရသောအရာရှိ၏ မျက်ကွယ်တွင်၊ ကျန်ရှိနေသောအဖွဲ့ဝင်အရာရှိများက ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ရမည်။

(၃) မဲပေးပိုင်ခွင့်ရှိသော အဖွဲ့ဝင်အရာရှိများ၏ ဦးရေတဝက်ကဖြစ်စေ၊ တဝက်ထက်ပိုသောအဖွဲ့ဝင်အရာရှိများကဖြစ်စေ၊ ကန့်ကွက်ချက်ကို ထောက်ခံမဲပေးလျှင်၊ ကန့်ကွက်ချက်ကိုလက်ခံရမည်။ ထိုအခါ၊ ကန့်ကွက်ခံရသောအဖွဲ့ဝင်သည် နုတ်ထွက်ရမည်။ ထို့နောက် တရားခံ၏ ကန့်ကွက်နိုင်သည့်အခွင့်အရေးကို မထိခိုက်စေဘဲ၊ လစ်လပ်သည့်နေရာတွင် အခြားအရာရှိတဦးအား၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ခန့်အပ်နိုင်သည်။

(၄) ကန့်ကွက်ခြင်း မပြုလုပ်သည့်အခါတွင်ဖြစ်စေ၊ ကန့်ကွက်ခြင်း ပြုလုပ်ပြီး ကန့်ကွက်ခြင်းကို ပယ်လိုက်သည့်အခါတွင်ဖြစ်စေ၊ ကန့်ကွက်ချက်ကို လက်ခံသဖြင့်၊ နုတ်ထွက်သွားသောအရာရှိတဦး၏နေရာတွင်၊ အခြားအရာရှိတဦးကို ခန့်အပ်ပြီး၊ ထိုအရာရှိအား ကန့်ကွက်ခြင်းမပြုလုပ်သည့်အခါ၊ သို့တည်းမဟုတ် ပြုလုပ်သည့်ကန့်ကွက်ချက်ကို လက်မခံသည့်အခါတွင်ဖြစ်စေ၊ စစ်တရားရုံးသည်၊ စစ်ဆေးစီရင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။

အဖွဲ့ဝင်၊စစ်ဥပဒေအရာရှိနှင့် သက်သေတို့ ကျမ်းသစ္စာပြုခြင်း။

၁၃၄။ ။(၁) ပုဒ်မ ၁၂၀ နှင့် ပုဒ်မ ၁၃၃ တို့တွင် ပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး၊ စစ်တရားရုံးတရုံး၏ အဖွဲ့ဝင်အသီးသီးနှင့် စစ်ဥပဒေအရာရှိသည်၊ စစ်ဆေးစီရင်ခြင်းကိုမစခင်၊ ကျမ်းသစ္စာကိုဖြစ်စေ၊ ကတိသစ္စာကိုဖြစ်စေ၊ ပြုရမည်။

(၂) စစ်တရားရုံးတွင် သက်သေခံသူ အသီးသီးအား၊ သတ်မှတ်ထားသည့်အတိုင်း ကျမ်းသစ္စာကိုဖြင့်စေ၊ ကတိသစ္စာကိုဖြင့်စေ၊ နည်းလမ်းတကျပြုစေပြီးမှ စစ်မေးရမည်။

(၃) သက်သေသည်၊ အသက်တဆယ့်နှစ်နှစ်အောက် ကလေးတယောက်ဖြစ်သည့်ပြင်၊ အမှန်ထွက်ဆိုရမည့် တာဝန်ဝတ်တရားကိုနားလည်စေကာမူ၊ ကျမ်းသစ္စာ၏ သဘောကိုသော်၎င်း၊ ကတိသစ္စာ၏သဘောကိုသော်၎င်း၊ နားမလည်ဟု စစ်တရားရုံးကထင်မြင်ယူဆသောအခါ၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမပြုရ။

အဖွဲ့ဝင်များက မဲပေးခြင်း။

၁၃၅။ ။(၁) ပုဒ်မခွဲ (၂) နှင့် (၃) တို့၏ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ စစ်တရားရုံးသည်၊ ဆုံးဖြတ်ချက်တခုကို တဝက်ထက်ပိုသည့် မဲများအရချမှတ်ရမည်။ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ မဲအရေအတွက်တူညီနေသည့်အခါ၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်သည်၊ တရားခံကိုသက်သာခွင့်ပေးသည့် ဆုံးဖြတ်ချက်ဖြစ်စေရမည်။

(၂) စစ်တရားရုံးချုပ်သည်၊ အဖွဲ့ဝင်အနည်းဆုံး သုံးပုံနှစ်ပုံ၏ သဘောတူညီချက်ကိုမရရှိဘဲ၊ သေဒဏ်မချမှတ်ရ။

(၃) အကျဉ်းစစ်တရားရုံးချုပ်သည်၊ အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကိုမရရှိဘဲ၊ သေဒဏ်မချမှတ်ရ။

(၄) ကန့်ကွက်ချက်၊ သို့ကည်းမဟုတ် ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်းသည့်ကိစ္စမှအပ၊ အခြားကိစ္စများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့်အရာရှိ၌၊ အနိုင်မဲပေးပိုင်ခွင့်ရှိရမည်။

သက်သေခံနှင့်စပ်လျဉ်းသည့် ယေဘုယျ နည်းဥပဒေ။

၁၃၆။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ သက်သေခံအက်ဥပဒေ (The Evidence Act) သည်၊ စစ်တရားရုံးတရုံးတွင် စစ်ဆေးစီရင်သည့် မှုခင်းကိစ္စအားလုံးနှင့်သက်ဆိုင်စေရမည်။

တရားခံ၏သက်သေခံချက်။

၁၃၇။ ။ပြစ်မှုတခုဖြင့်စွဲဆိုခြင်း ခံရသူသည်၊ တဦးတည်းစွဲဆိုခြင်းခံရသည်ဖြစ်စေ၊ အခြားသူတဦးနှင့်၊ သို့တည်းမဟုတ် အခြားသူများနှင့်ပူးတွဲ၍ စွဲဆိုခြင်းခံရသည်ဖြစ်စေ၊ ထိုပြစ်မှုဆိုင်ရာစစ်ဆေးစီရင်မှုတွင် မိမိအတွက်ကိုယ်တိုင်သက်သေခံရန်အရည်အချင်းရှိသူဖြစ်ရမည်။ ထိုသူ၏သက်သေခံချက်ကို၊ ထိုသူနှင့်ပူးတွဲ၍ စစ်ဆေးစီရင်ခြင်းခံရသူ တဦးအပေါ်တွင်ဖြစ်စေ၊ အများအပေါ်တွင်ဖြစ်စေ အသုံးပြုနိုင်သည်။

သို့ရာတွင်—

(က) တရားခံက မိမိသဘောအတိုင်း သက်သေခံလိုသောအခါမှတပါး၊ အခြားအခါများတွင် တရားခံကိုသက်သေအဖြစ် စစ်မေးခြင်းမပြုရ။

(ခ) တရားခံကသက်သေမခံမီ၊ စစ်တရားရုံးသည်၊ တရားခံ၌သက်သေခံရန် တာဝန်ဟူ၍မရှိဟုငင်း၊ တရားခံကသက်သေခံလျှင်၊ တရားခံနှင့်ပူးဘွဲ့ ၍ စစ်ဆေးစီရင်ခြင်း ခံရသူတဦးအပေါ်တွင်ဖြစ်စေ၊ အများအပေါ်တွင်ဖြစ်စေ၊ တရားခံ၏သက်သေခံချက်ကို အသုံးပြုနိုင်သည်ဟုငင်း တရားခံအားသတိပေးရမည်။

(ဂ) တရားခံက သက်သေမခံ ပျက်ကွက်ခြင်းကြောင့် ထိုသို့ပျက်ကွက်ခြင်းကို အကြောင်းပြုလျက်၊ တရားလိုဘက်က အာဘော်ကိုမပြောရ။ အဆိုပါပျက်ကွက်ခြင်းကို အကြောင်းပြုလျက် တရားခံအား နစ်နာစေမည့် ယူဆချက်ကို မည်သည့်စစ်တရားရုံးကမျှ မယူဆရ။

၅၂။ ။စစ်တရားရုံးသည်၊ တရားစီရင်ရာတွင် မည်သည့် အကြောင်းကိစ္စနှင့်မဆို စပ်လျဉ်း၍ အဖွဲ့ဝင်များ၏ စစ်ဘက်မဟုသုတကို သက်သေခံချက်မယူဘဲ လက်ခံနိုင်သည်။

တရားစီရင်ရာတွင် ကိစ္စအချို့ကို သက်သေခံချက်မယူဘဲလက်ခံခြင်း။

၁၃၉။ ။(၁) စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိ၊ စစ်တရားရုံး၏ ဥက္ကဋ္ဌ၊ စစ်ဥပဒေအရာရှိ၊ သို့တည်းမဟုတ် တရားခံ၏တပ်မှူးသည်၊ မိဒဓိလက်မှတ်ရေးထိုးသော သမ္မာန်စာဖြင့် သူတဦးဦးအား၊ သက်သေခံရန်ဖြစ်စေ၊ စာတမ်းအမှတ်အသား တခုခုကို သော်ငင်း၊ အခြားအရာတခုခုကိုသော်ငင်း၊ တင်ပြရန်ဖြစ်စေ၊ သမ္မာန်စာတွင် ဖေါ်ပြထားသည့် နေ့ရက်နှင့်အချိန်တွင် ဖေါ်ပြထားသည့်နေရာသို့ လာရောက်ရန် ဆင့်ခေါ်နိုင်သည်။

သက်သေများအား သမ္မာန်စာချအပ်ခြင်း။

(၂) စစ်ဘက်အမိန့်အာဏာကို လိုက်နာရသူတဦးအတွက် ဖြစ်ပါက ထိုသူ၏တပ်မှူးထံသို့ သမ္မာန်စာကို ပို့ရမည်။ ထိုတပ်မှူးက ထိုသူအပေါ်သမ္မာန်စာချအပ်ရမည်။

(၃) အခြားသက်သေ တဦးဦးအတွက် ဖြစ်ပါက ထိုသက်သေရှိနိုင်သော၊ သို့တည်းမဟုတ် နေထိုင်သောဒေသအဘွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားဝင်ကြီးထံ သမ္မာန်စာပို့ရမည်။ ထို့ပြင် အဆိုပါ ရာဇဝတ်တရားသူကြီးသည်၊ ထိုသက်သေအပေါ် မိမိ၏တရားရုံးတွင် အလိုရှိသည့် သက်သေဖြစ်ဘိသကဲ့သို့ သမ္မာန်စာချအပ်ရမည်။

(၄) သက်သေတဦး၏ လက်ရှိဖြစ်သော၊ သို့တည်းမဟုတ် နိမ့်ခန့်ခွဲနိုင်ခွင့်ရှိသော သီးခြားစာတမ်းအမှတ်အသား တခုခုကိုသော်ငင်း၊ အခြားအရာ တခုခုကို

သော်၎င်း၊ ထိုသက်သေအား တင်ပြခိုင်းသောအခါ၊ သမ္မာန်စာတွင် ထိုစာတမ်းအမှတ်အသား၊ သို့တည်းမဟုတ် အရာတခုခုကို တိကျမှန်ကန်နိုင်သမျှ မှန်ကန်အောင်ဖော်ပြရမည်။

တင်ပြခြင်းမှ ကင်းလွတ်ခွင့်ရသည့် စာတမ်းအမှတ်အသားများ။

၁၄၀။ ။(၁) ပုဒ်မ ၁၃၉ ပါ မည်သည့် ပြဋ္ဌာန်းချက်ကမျှ သက်သေခံအက်ဥပဒေရှိ ပုဒ်မ ၁၂၃ နှင့် ပုဒ်မ ၁၂၄ တို့၏ အကျိုးသက်ရောက်ခြင်းကို မထိခိုက်ဟု၊ သို့တည်းမဟုတ် စာတိုက်နှင့် ကြေးနန်းဆိုင်ရာ အာဏာပိုင်များက ထိန်းသိမ်းထားရသော ချောစာနှင့်ဖြစ်စေ၊ စာပို့ကဒ်နှင့်ဖြစ်စေ၊ ကြေးနန်းစာနှင့်ဖြစ်စေ၊ အခြားစာတမ်းအမှတ်အသားနှင့်ဖြစ်စေ၊ မသက်ဆိုင်ဟု မှတ်ယူရမည်။

(၂) ထိုသို့ ထိန်းသိမ်းထားသော စာတမ်းအမှတ်အသား တခုခုကိုစစ်တရားရုံး၏ ကိစ္စအတွက်အလိုရှိသည်ဟု ခရိုင်ရာဇဝတ်တရားသူကြီး၊ စက်ရှင်တရားရုံး၊ သို့တည်းမဟုတ် တရားလွှတ်တော်က ထင်မြင်ယူဆလျှင်၊ ထိုရာဇဝတ်တရားသူကြီးက ဖြစ်စေ၊ စက်ရှင်တရားရုံးကဖြစ်စေ၊ တရားလွှတ်တော်ကဖြစ်စေ၊ ညွှန်ကြားသူထံသို့ ထိုစာတမ်းအမှတ်အသားကို လက်ရောက်ပေးအပ်ရန်၊ ထိုရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် စက်ရှင်တရားရုံး၊ သို့တည်းမဟုတ် တရားလွှတ်တော်၊ သက်ဆိုင်ရာရာကစာတိုက်ဆိုင်ရာအာဏာပိုင်များကို သော်၎င်း၊ ကြေးနန်းဆိုင်ရာ အာဏာပိုင်များကိုသော်၎င်း၊ ဆင့်ဆိုနိုင်သည်။

(၃) အဆိုပါ စာတမ်းအမှတ်အသားတခုခုကို ထိုကိစ္စတခုခုအတွက် အလိုရှိသည်ဟု အခြားရာဇဝတ်တရားသူကြီး တဦးဦးကသော်၎င်း၊ ရဲမင်းကြီးတဦးဦးကသော်၎င်း၊ ခရိုင်ရဝန် တဦးဦးကသော်၎င်း၊ ထင်မြင်ယူဆလျှင်၊ ထိုခရိုင်ရာဇဝတ်တရားသူကြီး၊ စက်ရှင်တရားရုံး၊ သို့တည်းမဟုတ် တရားလွှတ်တော်ကအမိန့်မချမှတ်မီ၊ အဆိုပါ စာတမ်းအမှတ်အသားကို ရှာဖွေစေပြီးနောက် သိမ်းဆည်း ထားရန် ထိုရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ရဲမင်းကြီး၊ သို့တည်းမဟုတ် ခရိုင်ရဝန် သက်ဆိုင်ရာရာက စာတိုက်ဆိုင်ရာအာဏာပိုင်များကိုဖြစ်စေ၊ ကြေးနန်းဆိုင်ရာအာဏာပိုင်များကိုဖြစ်စေ၊ ဆင့်ဆိုနိုင်သည်။

သက်သေများကို စစ်ဆေးမေးမြန်းရန် အတွက်ကော်မရှင်များ။

၁၄၁။ ။(၁) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နေစဉ် တရားမျှတမှု ရရှိရေးအတွက် သက်သေကို စစ်မေးရန် လိုအပ်သည်ဟု ထိုစစ်တရားရုံးက ထင်မြင်ယူဆသည့်ပြင်၊ အမှု၏ အခြေအနေအရ မသင့်တော်သော နှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ၊ စနိုတ် စကကုန်ကျခြင်းမရှိဘဲ၊ သို့တည်းမဟုတ် ကသိကအောက် ဖြစ်ခြင်းမရှိဘဲ၊ ထိုစစ်တရားရုံးရှေ့သို့ ထိုသက်သေတက်ရောက်ခြင်းကိုမရရှိနိုင်ဟုလည်း ယူဆသောအခါ၊ ထိုစစ်တရားရုံးသည်၊ ထိုသက်သေ၏သက်သေခံချက်ကို ရယူရန် ကော်မရှင်ထုတ်ပေးစေခြင်းငှါ၊ စစ်ဥပဒေချုပ်အားတိုက်ရိုက် အကြောင်းကြားနိုင်သည်။

(၂) ထိုအခါ၊ စစ်ဥပဒေချုပ်သည်၊ လိုအပ်သည်ဟု မိမိယူဆလျှင်၊ ထိုသက်သေနေထိုင်သော ဒေသန္တရနယ်နိမိတ်အတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော ခရိုင်ရာဇဝတ်တရားသူကြီး၊ ပဌမတန်းရာဇဝတ်တရားသူကြီး၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၄) တွင် ဖော်ပြထားသည့် အရာရှိတဦးဦးထံသို့ ထိုသက်သေ၏သက်သေခံချက်ကို ရယူရန် ကော်မရှင်ထုတ်ပေးနိုင်သည်။

(၃) ကော်မရှင် ထုတ်ပေးခြင်းခံရသော ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် အရာရှိ၊ သို့တည်းမဟုတ် ထိုရာဇဝတ် တရားသူကြီးမှာ၊ ခရိုင်ရာဇဝတ်တရားသူကြီးဖြစ်လျှင်၊ ထိုခရိုင်ရာဇဝတ် တရားသူကြီးသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ ထိုခရိုင်ရာဇဝတ်တရားသူကြီးက ခန့်အပ်သော ပဌမတန်း ရာဇဝတ်တရားသူကြီးသည်၊ ထိုသက်သေရှိရာနေရာသို့ သွားရောက်၍ဖြစ်စေ၊ ထိုသက်သေကို မိမိရှေ့သို့ သမ္မာန်စာဖြင့်ဆင့်ခေါ်၍ဖြစ်စေ၊ သက်သေခံချက်ကို ရေးမှတ်ယူရမည့်ပြင်၊ ရာဇဝတ်ကျင့်ထုံးဥပဒေအရ ဝရမ်းမှုများ စစ်ဆေးစီရင်ရာတွင် သက်သေခံချက်ကို ရယူသည့်နည်းလမ်းအတိုင်း ထိုသူ၏ သက်သေခံချက်ကို ရယူမည်ဖြစ်၍၊ ထို့သို့စစ်ဆေးစီရင်ရာတွင် သုံးစွဲသည့် အာဏာများကို ဤကိစ္စအလို့ငှါ သုံးစွဲနိုင်သည်။

(၄) သက်သေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြင်ပတွင်နေထိုင်သောဒုတိယခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ကောင်စစ်ဝန်တဦးဦးထံသို့ဖြစ်စေ၊ ထိုသက်သေနေထိုင်သည့် နေရာတွင်ကျမ်းသစ္စာကိုသော်၎င်း၊ ကတိသစ္စာကိုသော်၎င်း၊ ပြုခိုင်းရန် အခွင့်အာဏာရှိသော ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြားအရာရှိတဦးဦးထံသို့ဖြစ်စေ၊ ထိုကော်မရှင်ကို ထုတ်ပေးနိုင်သည်။

(၅) ဤပုဒ်မနှင့် ပုဒ်မ ၁၄၂ ရှိ "စစ်ဥပဒေချုပ်" ဆိုသည့် စကားရပ်တွင် ဒုတိယစစ်ဥပဒေချုပ်ပါဝင်သည်။

ကော်မရှင် အရ သက်သေတဦးအားစစ်ဆေးမေးမြန်းခြင်း။

၁၄၂။ ။(၁) ပုဒ်မ ၁၄၁ အရ ကော်မရှင်ထုတ်ပေးရသော အမှုတခုခုတွင် တရားလိုဘက် အမှုလိုက်အရာရှိနှင့် တရားခံအသီးသီးတို့သည်၊ အမှုနှင့်သက်ဆိုင်သည်ဟုစစ်တရားရုံးက ထင်မြင်သော မေးမြန်းချက်စာတမ်းများကို ရေးသားပေးနိုင်နိုင်သည်။ ထို့နောက် ကော်မရှင်အရာ ဆောင်ရွက်ရမည့် ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အရာရှိကဖြစ်စေ၊ ထိုမေးမြန်းချက်စာတမ်းများအရ သက်သေကို စစ်မေးရမည်။

(၂) ထိုတရားလိုဘက်အမှုလိုက်အရာရှိနှင့် ထိုတရားခံသည်၊ ထိုရာဇဝတ်တရားသူကြီးရှေ့သို့၊ သို့တည်းမဟုတ် ထိုအရာရှိရှေ့သို့ မိမိတို့ကိုယ်စားရှေ့နေများအား သွားရောက်စေနိုင်သည်၊ သို့တည်းမဟုတ် တရားခံသည်၊ အချုပ်နှင့်နေရသည့်အခါမှတပါး၊ ထိုရာဇဝတ်တရားသူကြီးရှေ့သို့၊ သို့တည်းမဟုတ် ထိုအရာရှိရှေ့သို့၊ ကိုယ်တိုင်လာရောက်နိုင်သည်။ ထို့ပြင် အဆိုပါသက်သေအားစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်း၊ ထပ်မံစစ်မေးခြင်းတို့ကို အကြောင်းအားလျော်စွာ ပြုလုပ်နိုင်သည်။

(၃) ပုဒ်မ ၁၄၁ အရ ထုတ်သော ကော်မရှင်ကို နည်းလမ်းတကျ ဆောင်ရွက်ပြီးသည့်နောက်၊ ထိုကော်မရှင်အရ စစ်မေးပြီးသည့် သက်သေ၏ အစစ်ခံချက်နှင့်အတူ ထိုကော်မရှင်ကို၊ စစ်ဥပဒေချုပ်ထံသို့ ပြန်ပို့ရမည်။

(၄) ပုဒ်မခွဲ (၃) အရ ပြန်ပို့သည့်ကော်မရှင်နှင့် သက်သေအစစ်ခံချက်ကိုရသည့်အခါ၊ စစ်ဥပဒေချုပ်သည်၊ ထိုကော်မရှင်နှင့် သက်သေအစစ်ခံချက်ကို၊ ကော်မရှင်ထုတ်ပေးရန် တောင်းဆိုသည့် စစ်တရားရုံးသို့ဖြစ်စေ၊ ထိုစစ်တရားရုံးဖျက်သိမ်းပြီးဖြစ်လျှင်၊ ထိုတရားခံအား စစ်ဆေးစီရင်ရန် ဖွဲ့စည်းသည့် အခြားစစ်တရားရုံးသို့ဖြစ်စေ၊ ပို့ရမည်။ ထို့ပြင် တရားလိုဘက် အမှုလိုက်အရာရှိနှင့်တရားခံအား ထိုကော်မရှင်၊ ထိုကော်မရှင်အတွက် အစီရင်ခံစာနှင့် ထိုသက်သေအစစ်ခံချက်တို့ကို ကြည့်ရှုစစ်ဆေးနိုင်ခွင့်ပေးရမည့်

ပြင်၊ တရားမျှတသောကန့်ကွက်ချက်များကိုထောက်ထားလျက်၊ ထိုအမှုတွင် တရားလို ဘက်အမှုလိုက်အရာရှိကဖြစ်စေ၊ တရားခံကဖြစ်စေ၊ သက်သေခံအဖြစ် ဘတ်ပြနိုင်၍၊ ထိုကော်မရှင်အတွက် အစီရင်ခံစာနှင့် ထိုသက်သေအစစ်ခံချက်တို့သည်၊ ထိုအမှုတွဲ၏ အစိတ်အပိုင်းဖြစ်စေရမည်။

(၅) ပုဒ်မ ၁၄၁ အရ ကော်မရှင်ထုတ်ပေးရသည့်အမှုတိုင်းတွင်၊ ထိုကော်မရှင်အတိုင်း ဆောင်ရွက်ရန်နှင့် ထိုကော်မရှင်ကို ပြန်ပို့ရန်အတွက် သင့်တော်လုံလောက်အောင် သီးခြားဖေါ်ပြသည့်အချိန်ထိ၊ စစ်ဆေးစီရင်ခြင်းကို ရွှေဆိုင်းထားနိုင်သည်။

စွပ်စွဲခြင်းမရှိသည့် ပြစ်မှုအရ ပြစ်မှုထင်ရှား စီရင်ခြင်း။

၁၄၃။ ။(၁) စစ်တရားရုံးတွင်၊ စစ်ပြေးမှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ စစ်ပြေးမှုကျူးလွန်ရန်အားထုတ်မှု၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက်ကွက်မှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးကဆုံးဖြတ်နိုင်သည်။

(၂) စစ်တရားရုံးတွင်၊ စစ်ပြေးမှုကျူးလွန်ရန် အားထုတ်မှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ ခွင့်မဲ့ပျက်ကွက်မှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၃) စစ်တရားရုံးတွင်၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ လက်ရောက်မှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၄) စစ်တရားရုံးတွင်၊ ခြိမ်းချောက်သောစကားပြောဆိုမှုဖြင့် စွပ်စွဲခြင်းခံရသူတဦးသည်၊ စည်းကမ်းဖိဆန်သော စကားပြောဆိုမှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၅) ပုဒ်မ ၅၁ ၏ အပိုဒ် (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တွင် သီးခြားဖေါ်ပြထားသော ပြစ်မှုများအနက်၊ ပြစ်မှုတခုခုဖြင့် စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ သီးခြားဖေါ်ပြထားသည့် ထိုပြစ်မှုများအနက်၊ ထိုသူအားစွပ်စွဲနိုင်သော အခြားပြစ်မှုတခုခုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၆) ပုဒ်မ ၇၁ အရ ပြစ်ဒဏ်ထိုက်သင့်သော ပြစ်မှုတခုဖြင့်၊ စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ပါက၊ ထိုသူအပြစ်ရှိကြောင်းဆုံးဖြတ်နိုင်မည့် အခြားပြစ်မှုတခုခုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၇) ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုခုဖြင့်၊ စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ ပို၍ကြီးလေးသည့်ပြစ်ဒဏ် ထိုက်သင့်နိုင်သော အခြေအနေတွင် ကျူးလွန်ခဲ့ကြောင်း သက်သေထင်ရှားမပြနိုင်သည့်အခါ၊ ပေါ့ပျော့သည့်ပြစ်ဒဏ် ထိုက်သင့်နိုင်သော အခြေအနေတွင် ထိုပြစ်မှုကျူးလွန်ခဲ့သည့်အတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

(၈) ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတခုခုဖြင့်၊ စစ်တရားရုံးတွင် စွပ်စွဲခြင်းခံရသူတဦးသည်၊ ထိုပြစ်မှုကျူးလွန်ရန် အားထုတ်မှုဖြင့်ဖြစ်စေ၊ ထိုပြစ်မှုကျူးလွန်ရန် အားပေးကူညီမှုဖြင့်ဖြစ်စေ၊ ခွဲခြား၍စွပ်စွဲခြင်းမခံရသော်လည်း၊ထိုအားထုတ်မှု၊ သို့တည်းမဟုတ် ထိုအားပေးကူညီမှုအတွက် အပြစ်ရှိသည်ဟု ထိုစစ်တရားရုံးက ဆုံးဖြတ်နိုင်သည်။

ထိုးမြဲလက်မှတ် များကို အမှန်ကဲ့သို့မှတ်ယူခြင်း။

၁၄၄။ ။၅၏အက်ဥပဒေအရမှုခင်းကိစ္စဆောင်ရွက်ခြင်းတခုခုတွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏၊ ညွှတည်းမဟုတ် ပြည်နယ်တနယ် အစိုးရ၏လက်အောက်တွင် အမှုထမ်းနေသောအရာရှိတဦးက လက်မှတ် ရေးထိုးသည်ဟု သဘော သက်ရောက်သော လျှောက်လွှာ၊ သက်သေခံလက်မှတ်၊ ဝရမ်း၊ ပြန်ကြားစာ၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားတခုခုကို တင်ပြရာတွင်၊ ဆန့်ကျင်ကဲ့လွဲကြောင်း သက်သေထင်ရှားမပြနိုင်သမျှကာလပတ်လုံး၊ ထိုးမြဲလက်မှတ်ဟု သဘောသက်ရောက်သောလက်မှတ်ဖြင့် လက်မှတ်ထိုးရမည့်သူက၊ နည်းလမ်းတကျထိုးထားသည့် ထိုးမြဲလက်မှတ်အမှန်ကဲ့သို့ဝင်း၊ ထိုးမြဲလက်မှတ်ဟု သဘောသက်ရောက်သောလက်မှတ်ဖြင့် လက်မှတ်ထိုးရမည့်သူက ရာထူးအရ နည်းလမ်းတကျ ထိုးထားသည့် ထိုးမြဲလက်မှတ်အမှန်ကဲ့သို့ဝင်း၊ မှတ်ယူရမည်။

စစ်မှုထမ်းအဖြစ်စာရင်းသွင်းလွှာ။

၁၄၅။ ။(၁) ၅၏အက်ဥပဒေအရမှုခင်းကိစ္စဆောင်ရွက်ခြင်းတခုခုတွင်၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိတဦးက လက်မှတ်ရေးထိုးထားသည်ဟုသဘောသက်ရောက်သော စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာသည်၊ ထိုစာရင်းသွင်းလွှာပါ မေးခွန်းများကို စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းခံရသူကဖြေဆိုသည့်အတိုင်း ဖေါ်ပြထားကြောင်း သက်သေခံချက်ဖြစ်စေရမည်။

(၂) ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာမူရင်းကိုဖြစ်စေ၊ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာကို ထိန်းသိမ်းရသော အရာရှိက မိတ္တူမှန်ဟု သက်သေခံလက်မှတ်ရေးထိုးထားသည့် သဘောသက်ရောက်သော၊ ထိုသူ၏ စစ်မှုထမ်းအဖြစ် စာရင်းသွင်းလွှာမိတ္တူတခုကိုဖြစ်စေ၊ တင်ပြခြင်းဖြင့် ထိုသူ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းကို သက်သေထင်ရှားပြနိုင်သည်။

စာတမ်းအမှတ်အသားအချို့ကို အမှန်ကဲ့သို့ မှတ်ယူခြင်း။

၁၄၆။ ။(၁) နိုင်ငံတော် သမတကဖြစ်စေ၊ ကာကွယ်ရေး ဦးစီးချုပ်ကဖြစ်စေ၊ နိုင်ငံတော်သမတ၏ကိုယ်စားဖြစ်စေ၊ ကာကွယ်ရေး ဦးစီးချုပ်၏ကိုယ်စားဖြစ်စေ၊ သတ်မှတ်ထားသော အရာရှိတဦးဦးကဖြစ်စေ၊ လက်မှတ်ရေးထိုးထားသည်ဟု သဘော သက်ရောက်သော၊ တပ်မတော်၏ အစိတ်အပိုင်းတခုခုတွင် သူတဦးဦးစစ်မှုထမ်းခွဲကြောင်းနှင့် စပ်လျဉ်းသည့်၊ သို့တည်းမဟုတ် တပ်မတော်၏ အစိတ်အပိုင်းတခုခုမှ သူတဦးဦးအား ရွှေ့ပြောင်း အမြဲတန်း ထုတ်ပစ်ခြင်းနှင့်ဖြစ်စေ၊ ထွက်ခွင့်ပေးခြင်းနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်၊ သို့တည်းဟုတ် တပ်မတော်၏ အစိတ်အပိုင်းတခုခုတွင် သူတဦးဦး စစ်မှုမထမ်းရွက်ခဲ့ကြောင်းနှင့် ဖြစ်စေ၊တပ်မတော်၏အစိတ်အပိုင်းတခုခုတွင် သူတဦးဦးမပါဝင်ခဲ့ကြောင်းနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်စာ၊ ပြန်တမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားသည်၊ ထိုစာ၊ ပြန်တမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတွင် ဖေါ်ပြထားသည့် အကြောင်းခြင်းရာများ၏ သက်သေခံဖြစ်စေရမည်။

(၂) အဓိန့်အရ ထုတ်ပြန်သည်ဟု သဘောသက်ရောက်သော ကြည်းတပ်၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်ဆိုင်ရာစာရင်း၊ သို့တည်းမဟုတ် ပြန်တမ်းတခုသည်၊ ၎င်းတွင်ဖေါ်ပြထားသည့် အရာရှိများ၏ အဆင့်အတန်း၊ အဆင့်၊ ထိုအရာရှိများရရှိ

ထားသည့်ရာထူး၊ ထိုအရာရှိများ ပါဝင်သည့်တပ်အဖွဲ့၊ သဘော်ဘာ၊ တပ်၊စစ်လက်ရုံး၊ သို့တည်းမဟုတ် ဌာနနှင့်ငင်း၊ ကြည်းတပ်၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်နှင့်ငင်း စပ်လျဉ်းသည့် သက်သေခံဖြစ်စေရမည်။

(၃) ဤအက်ဥပဒေနှင့်အညီဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီ ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ စစ်ဘက်တာဝန်ဝတ်တရားအရ လိုက်နာဆောင်ရွက်ရသည်နှင့်အညီ ဖြစ်စေ၊ တပ်ရင်းမှတ်တမ်းစာအုပ်တွင် အကြောင်းအရာတခုကို ရေးမှတ်ထားသည့်ပြင်၊ ထိုရေးမှတ်ချက်ကို တပ်မှူးကဖြစ်စေ၊ ထိုသို့ရေးမှတ်ရန် တာဝန်ရှိသည့်အရာရှိက ဖြစ်စေ၊ လက်မှတ်ရေးထိုးသည်ဟု သဘောသက်ရောက်သော ထိုရေးမှတ်ချက်သည်၊ ၎င်းတွင်ဖော်ပြထားသည့် အကြောင်းခြင်းရာများ၏သက်သေခံ ဖြစ်စေရမည်။

(၄) တပ်ရင်းမှတ်တမ်း စာအုပ်တခုခုကို ထိန်းသိမ်းရသောအရာရှိက၊ ထို စာအုပ်တခုခုမှ မိတ္တူမှန်ဟု သက်သေခံလက်မှတ် ရေးထိုးထားသည့် သဘောသက်ရောက်သော မှတ်တမ်းတင်ချက်တခုခု၏ မိတ္တူသည်၊ ထိုမှတ်တမ်းတင်ချက်၏ သက်သေခံဖြစ်စေရမည်။

(၅) ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား စစ်ပြေးမှုအတွက်၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက်ကွက်မှုအတွက် စစ်ဆေးစီရင်ရာတွင်၊ ထို့ပြင် ထိုသူက အရာရှိတဦးဦးထံသော်ငင်း၊ ဤအက်ဥပဒေ ကိုလိုက်နာရသည့် အခြားသူ တဦးဦးထံသော်ငင်း၊ တပ်မတော်၏အစိတ်အပိုင်းတခုခုသို့သော်ငင်း၊ လာ၍ဘမ်းဆီးခြင်းခံရာတွင်၊ သို့တည်းမဟုတ် ထိုအရာရှိကသော်ငင်း၊ ဤအက်ဥပဒေကို လိုက်နာရသည့် ထိုအခြားသူက သော်ငင်း၊ ထိုသူအား ဘမ်းဆီးထားရာတွင်၊ ထိုအရာရှိ၊ သို့တည်းမဟုတ် ထိုသူလာ၍ ဘမ်းဆီးခြင်းခံရသည့် တပ်မတော်အစိတ်အပိုင်းတခု၏ တပ်မှူး၊ သို့တည်းမဟုတ် ထိုသူ ပါရှိသည့် တပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ တပ်၊ သို့တည်းမဟုတ် သဘော်ဘာကို ကွပ်ကဲသည့် အရာရှိ၊ သက်ဆိုင်ရာရာက လက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သည့်ပြင်၊ ထိုသို့လာ၍ ဘမ်းဆီးခြင်းခံသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးထားသည့် အကြောင်းခြင်းရာ၊ နေ့ရက်၊နေရာနှင့် ထိုသူဝတ်ဆင်ထားပုံတို့ကို ဖော်ပြသည့်သက်သေခံ လက်မှတ်သည်၊ ထိုသို့ဖော်ပြထားသည့် အကြောင်းအရာများ၏သက်သေခံဖြစ်စေရမည်။

(၆) ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးအား စစ်ပြေးမှုအတွက်၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက်ကွက်မှုအတွက် စစ်ဆေးစီရင်ရာတွင်၊ ထို့ပြင် ထိုသူက ရဲဌာနတခုကို အုပ်ချုပ်သည့် ရဲအရာရှိအဆင့်အောက် မနိမ့်သည့် ရဲအရာရှိတဦးထံလာ၍ ဘမ်းဆီးခြင်း ခံရာတွင်ဖြစ်စေ၊ ထိုရဲအရာရှိက ဘမ်းဆီးထားရာတွင်ဖြစ်စေ၊ ထိုရဲအရာရှိက လက်မှတ်ရေးထိုးထားသည်ဟု သဘောသက်ရောက်သည့်ပြင်၊ ထိုသို့လာ၍ ဘမ်းဆီးခြင်းခံသည့်၊ သို့တည်းမဟုတ် ဘမ်းဆီးထားသည့် အကြောင်းခြင်းရာ၊ နေ့ရက်၊ နေရာနှင့် ထိုသူ ဝတ်ဆင်ထားပုံတို့ကို ဖော်ပြသည့် သက်သေခံလက်မှတ်သည်၊ ထိုသို့ဖော်ပြထားသည့် အကြောင်းအရာများ၏သက်သေခံဖြစ်စေရမည်။

(၇) စမ်းသပ်ကြည့်ရှုရန်၊ သို့တည်းမဟုတ် ဓါတ်ခွဲ၍ အစီရင်ခံရန်၊ အစိုးရဓါတုဗေဒဝန်ထံသို့ဖြစ်စေ၊ အစိုးရလက်ထောက် ဓါတုဗေဒဝန်ထံသို့ဖြစ်စေ၊ နည်းလမ်းတကျ တင်သွင်သော ဝတ္ထုပစ္စည်းအစေပါတွင်သော်ငင်း၊ အရာတခုခုအပေါ်တွင် သော်ငင်း၊

အဆိုပါသူတဦးဦးကရေးသားလက်မှတ်ထိုးသော အစီရင်ခံစာ သဘောသက်ရောက်သည့် စာတမ်းအမှတ်အသားကို၊ ဤအက်ဥပဒေအရ ဆောင်ရွက်သော မှုခင်းကိစ္စတွင် သက်သေခံအဖြစ် အသုံးပြုနိုင်သည်။

တရားခံက အစိုးရအရာရှိကို ကိုးကားခြင်း။

၁၄၇။ ။(၁) စစ်ပြေးမှုအတွက်၊ သို့တည်းမဟုတ် ခွင့်မဲ့ပျက် ကွက်မှုအတွက် ဖြစ်စေ၊ ပေးသည့်ခွင့်ရက်ထက်ပို၍ နေမှုအတွက်ဖြစ်စေ၊ စစ်မှုထမ်းရန် သတိပေးသောအခါ ပြန်၍လာမှုအတွက်ဖြစ်စေ၊ စစ်ဆေးစီရင်မှုတခုတွင်၊ စစ်ဆေးစီရင်ခြင်းခံရသူက မိမိ၏ခုခံချေပချက်တွင် အခွင့်မရရှိသော မိမိ၏ ပျက်ကွက်မှုအတွက် လုံလောက်သည့်၊ သို့တည်းမဟုတ် ယုတ္တိရှိသည့်အကြောင်းကိုပြ၍ ထိုအကြောင်းပြချက်ကို ခိုင်လုံစေရန် ပြည်ထောင်စု နိုင်ငံအစိုးရ၏၊ သို့တည်းမဟုတ် ပြည်နယ်တနယ်အစိုးရ၏ အရာရှိတဦးဦးအား ကိုးကားလျှင်၊ သို့တည်းမဟုတ် ထိုသို့ကိုးကားခြင်းခံရသည့်အရာရှိက၊ ထိုတရားခံ၏ အဆိုပါ အကြောင်းပြချက်မှန်၊ မမှန်သက်သေခံတန်ရာသည့် အကြောင်းပေါ်ပေါက်လျှင်၊ ထိုစစ်တရားရုံးသည်၊ ထိုအရာရှိထံ အကြောင်းကြားရမည့်ပြင်၊ ထိုအရာရှိ၏ ပြန်ကြားစာကို လက်ခံရရှိသည့်အချိန်ထိလည်း ထိုမှုခင်းကိစ္စကို ရွှေဆိုင်းထားရမည်။

(၂) ထိုသို့ ကိုးကားခြင်းခံရသည့် အရာရှိ၏ ပြန်ကြားစာသည်၊ ထိုအရာရှိက လက်မှတ်ရေးထိုးထားလျှင်: သက်သေခံအဖြစ်နှင့် လက်ခံရမည့်ပြင်၊ စစ်တရားရုံးတွင် ကျမ်းသစ္စာပြုပြီး ထွက်ဆိုသည့်သက်သေ ခံချက်ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

(၃) အဆိုပါ ပြန်ကြားစာကို မရရှိမီ၊ ထိုစစ်တရားရုံးကို ဖျက်သိမ်းလျှင်၊ သို့တည်းမဟုတ် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ထိုစစ်တရားရုံးက ပျက်ကွက်လျှင်၊ စစ်တရားရုံး ဖွဲ့စည်းသည့်အရာရှိက၊ မိမိ၏သဘောအတိုင်း၊ ထိုမှုခင်းဆောင်ရွက်ချက်များကို ပယ်ဖျက်၍ စစ်ဆေးစီရင်ခြင်း အသစ်တရပ်ကို ပြုလုပ်ရန် အမိန့်ပေးနိုင်သည်။

ယခင် ပြစ်မှုထင်ရှား စီရင် ခံရခြင်းများနှင့် အကျင့်စာရိတ္တသက်သေခံ၊

၁၄၈။ ။(၁) စစ်တရားရုံးသည်၊ ဤအက်ဥပဒေကို လိုက်နာရသူ တဦးဦးအား ပြစ်မှု တခုခုအတွက် ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ ထိုသူအား စစ်တရားရုံး တရုံးကဖြစ်စေ၊ ရာဇဝတ်တရားရုံး တရုံးကဖြစ်စေ၊ ယခင် ပြစ်မှုထင်ရှား စီရင်ခံရခြင်းများကို၊ သို့တည်းမဟုတ် ပုဒ်မ ၀၂၊ ၀၅၊ ၀၆ နှင့် ၀၇ တို့အနက်၊ ပုဒ်မတခုခုအရ ယခင်ပြစ်ဒဏ်ချမှတ်ခြင်း တခုခုကို ထိုစစ်တရားရုံးက စုံစမ်းနိုင်သည့်ပြင်၊ ၎င်းတို့နှင့် စင်လျဉ်းသည့် သက်သေခံများကိုရယူ၍ ရေးမှတ်နိုင်သည်။ ထို့ပြင် ဆက်လက်၍ ထိုသူ၏ အကျင့်စာရိတ္တနှင့် သတ်မှတ်ထားသည့် အခြားအကြောင်းအရာများကို စုံစမ်း၍ ရေးမှတ်နိုင်သည်။

(၂) ဤပုဒ်မအရ လက်ခံရရှိသည့် သက်သေခံသည်၊ နှုတ်သက်သေခံ၊ သို့တည်းမဟုတ် စစ်တရားရုံးစာအုပ်များတွင်ဖြစ်စေ၊ အစိုးရ၏ဒေခြေးမှတ်တမ်းများတွင်ဖြစ်စေ၊ ရေးသွင်းချက်များ၊ သို့တည်းမဟုတ် စစ်တရားရုံးစာအုပ်များမှ ဖြစ်စေ၊ အစိုးရ၏အခြားမှတ်တမ်းများမှဖြစ်စေ၊ တာဝန်ခံကောက်နုတ်ချက်များဖြစ်နိုင်သည်။ထို့ပြင် တရားခံအား

ငင်း၏ ယခင်ပြစ်မှုထင်ရှား စီရင်ခံရခြင်းများနှင့်ဖြစ်စေ၊ အကျင့်စာရိတ္တနှင့် ဖြစ်စေ၊ စဉ်လျှင်းသည့်သက်သေခံကို ရယူမည်ဟု စစ်ဆေးစီရင်ခြင်းမပြုမီ အကြောင်းကြားထားရန် မလိုချေ။

(၃) တပ်တွင်း စစ်တရားရုံးတွင် စစ်ဆေးစီရင်ခြင်းကို ပြုလုပ်နေသည့် အရာရှိသည်၊ သင့်တော်သည်ဟု မိမိထင်မြင်လျှင်၊ ပြစ်မှုကျူးလွန်သူခံခဲ့ရသော ယခင် ပြစ်မှုထင်ရှားစီရင်ခြင်းများ၊ထိုသူ၏အကျင့်စာရိတ္တ၊ ထို့ပြင် သတ်မှတ်ထားသည့်အခြားအကြောင်းအရာများကို ဤပုဒ်မပါပြဋ္ဌာန်းချက်များအရ သက်သေထင်ရှား ပြစေမည့်အစား၊ မိမိကိုယ်တိုင်သိရှိသည့် ထိုသူ၏အကြောင်းအရာဟူသမျှကို ရေးမှတ်နိုင်သည်။

တရားခံရွေးသွပ်ခြင်း။

၁၄၉။ ။(၁) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်နေစဉ် တရားခံသည်၊ စိတ်ပေါ့သွပ်သူဖြစ်သောကြောင့် ခုခံ ချေပနိုင်စွမ်းမရှိဟု၊ သို့တည်း မဟုတ် ထိုတရားခံ ကျူးလွန်သည်ဟု စွပ်စွဲသော ပြုလုပ်မှုကို ထိုတရားခံ ကျူးလွန်သော်လည်း စိတ်ပေါ့သွပ်နေသည့် အကြောင်းကြောင့် မိမိ၏ပြုလုပ်မှုသည်၊ မည်သို့ သဘောရှိသည်ကိုသော်၎င်း၊ မတော်မမှန်သည်ကိုသော်၎င်း၊ တရားဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်၎င်း၊ မသိနိုင်ဟု စစ်တရားရုံးက ထင်မြင် ယူဆသော အခါ၊ ထိုသို့ ထင်မြင် ယူဆသည့်အတိုင်း၊ ဆုံးဖြတ်ချက်တရပ်ကို စစ်တရားရုံးက ရေးမှတ်ရမည်။

(၂) စစ်တရားရုံး၏ ဥက္ကဋ္ဌသည်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံး ဖြစ်ပါက၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်နေသည့်အခါရှိသည်၊ ထိုကိစ္စကို အတည်ပြုအရာရှိ၊ သို့တည်းမဟုတ် ပုဒ်မ ၁၆၆ အရ စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် အခွင့်အာဏာအပ်နှင်းထားသည့် အာဏာပိုင်၊ သက်ဆိုင်ရာသို့ ချက်ခြင်းအကြောင်းကြားရမည်။

(၃) ပုဒ်မခွဲ (၂) အရ ထိုကိစ္စကို အကြောင်းကြားခြင်းခံရသည့် အတည်ပြုအရာရှိသည်၊ ဆုံးဖြတ်ချက်ကိုအတည်မပြုလျှင်၊ အဆိုပါစစ်တရားရုံးဖြင့်ဖြစ်စေ၊ အခြားစစ်တရားရုံးဖြင့်ဖြစ်စေ၊ ထိုတရားခံအား မူလက စွပ်စွဲထားသည့် ပြစ်မှုအတွက် စစ်ဆေးစီရင်စေရန် ဆောင်ရွက်နိုင်သည်။

(၄) ပုဒ်မခွဲ (၂) အရ တပ်တွင်းစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို အကြောင်းကြားခြင်းခံရသည့် အာဏာပိုင်သည်ဉင်း၊ ထိုသို့အကြောင်းကြားသည့် အမှုတခုခုတွင် ဆုံးဖြတ်ချက်တခုကို အာဏာပြုသည့် အတည်ပြုအရာရှိ တဦးဦးသည်ဉင်း၊ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း တရားခံကို ချုပ်ထားရန်အမိန့်ပေးရမည့်ပြင်၊ နိုင်ငံတော် သမတ၏ အမိန့်ရယူရန်အလို့ငှါ၊ ထိုအမှုအကြောင်းကို အစီရင်ခံရမည်။

(၅) ပုဒ်မခွဲ (၄) အရ အစီရင်ခံချက်တရပ်ကို ရရှိသောအခါ၊ နိုင်ငံတော် သမတသည်၊ တရားခံအား စိတ္တဇဆေးရုံတွင်ဖြစ်စေ၊ လုံခြုံစွာ ချုပ်ထားနိုင်မည့်အခြားသင့်တော်သည့်နေရာဘွင်ဖြစ်စေ၊ ချုပ်ထားရန်အမိန့်ချမှတ်နိုင်သည်။

ရွေးသွပ်သော တရားခံ ပြန်၍ ကျန်းမာ လာသဖြင့် စစ်ဆေးစီရင်ခြင်း။

၁၅၀။ ။စိတ်ပေါ့သွပ်သည့်အကြောင်းကြောင့် ခုခံချေပနိုင်စွမ်းမရှိဟု ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသည့်တရားခံတဦးအား၊ ပုဒ်မ ၁၄၉ အရ ချုပ်ထားသည့် ကိစ္စတွင်၊ ထိုတရားခံအား ချုပ်ထားသည့် နယ်မြေကိုကွပ်ကဲရှု၊ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်

မှတ်ထားသည့်အဖွဲ့အစည်းအောက်မငယ်သောအဖွဲ့အစည်းကို၊ ကွစ်ကဲရသည်လည်းဖြစ်သော အရာရှိသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ သတ်မှတ်ထားသည့် အခြားအရာရှိတဦးသည်—

(က) ထိုတရားခံကို ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၄) အရချုပ်ထားလျှင်၊ထိုတရားခံ၌ ခုခံချေပနိုင်စွမ်းရှိပြီဟု ဆေးဘက် အရာရှိက အစီရင်ခံသော အခါ၊ သို့တည်းမဟုတ်

(ခ) ထိုတရားခံကို ပုဒ်မ ၁၄၉၊ ပုဒ်မခွဲ (၅) အရ ထောင်တွင် ချုပ်ထားလျှင်၊ အကျဉ်းထောင်မင်းကြီးထံမှ၊ ထို့ပြင် ထိုတရားခံကို၊ အဆိုပါပုဒ်မခွဲအရ စိတ္တဇဆေးရုံတွင်ချုပ်ထားလျှင်၊ ထိုစိတ္တဇဆေးရုံကြည့်ရှုရသော လူကြီးများအနက်၊ လူကြီးနှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦးထက်ပိုသော လူကြီးများထံမှ၊ ထိုတရားခံ၌ ခုခံ ချေပနိုင်စွမ်းရှိပြီဟု သက်သေခံလက်မှတ်ရရှိသောအခါ၊

တရားခံအား မူလကစွပ်စွဲဆားသည့် ပြစ်မှုအတွက် ဆိုခဲ့သည့် စစ်တရားရုံးဖြင့် ဖြစ်စေ၊ အခြားစစ်တရားရုံးဖြင့်ဖြစ်စေ၊ စစ်ဆေးစီရင်ရန်၊ သို့တည်းမဟုတ် ပြစ်မှုသည် နယ်ဘက်ပြစ်မှုဖြစ်လျှင်၊ ရာဇဝတ်တရားရုံးဖြင့်ဖြစ်စေ၊ စစ်ဆေးစီရင်ရန် ဆောင်ရွက်နိုင်သည်။

နိုင်ငံတော် သမတ ထံ ပုဒ်မ ၁၅၀ အရ အမိန့်ကို ပို့ဆောင်ပေးခြင်း၊

၁၅၁။ ။ပုဒ်မ ၁၅၀ အရ တရားခံကို စစ်ဆေးရန် အရာရှိတဦးကထုတ်သည့် အမိန့်စာတိုင်း၏ မိတ္တူကို၊ နိုင်ငံတော်သမတထံ ချက်ခြင်းပေးပို့ရမည်။

ရွေးသွင်းသည့် တရားခံအား လွှတ် ခြင်း၊

၁၅၂။ ။ပုဒ်မ ၁၄၉ ၏ ပုဒ်မခွဲ (၄) အရဖြစ်စေ၊ ပုဒ်မခွဲ (၅) အရဖြစ်စေ၊ တရားခံ တဦးအား ချုပ်ထားသည့် ကိစ္စတွင် နိုင်ငံတော်သမတသည်—

(က) ထိုတရားခံကို အဆိုပါပုဒ်မခွဲ (၄) အရ ချုပ်ထားလျှင်၊ ဆေးဘက် အရာရှိက အစီရင်ခံသောအခါ၊ သို့တည်းမဟုတ်

(ခ) ထိုတရားခံကို အဆိုပါပုဒ်မခွဲ (၅) အရ ချုပ်ထားလျှင်၊ ပုဒ်မ ၁၅၀ ၏ အပိုဒ် (ခ) တွင် ဖေါ်ပြထားသည့် အကျဉ်းထောင် မင်းကြီး၏၊ သို့တည်းမဟုတ် စိတ္တဇဆေးရုံကြည့်ရှုရသော လူကြီးများ၏ ထင်မြင်ယူဆချက်အရ၊ ထိုတရားခံသည်၊ မိမိကိုယ်ကိုဖြစ်စေ၊ အခြားသူတဦးဦးကိုဖြစ်စေ၊ နစ်နာစေမှုပြုမည်ဟု စိုးရိမ်ဘွယ်ရာမရှိသဖြင့် ထိုတရားခံအား လွှတ်နိုင်ကြောင်း၊ ထိုမင်းကြီးထံမှဖြစ်စေ၊ ထိုလူကြီးများထံမှဖြစ်စေ၊ သက်သေခံလက်မှတ်ရရှိသောအခါ၊

ထိုတရားခံအား လွှတ်ရမည်၊ သို့တည်းဟုတ် အချုပ်နှင့်ထားရမည်၊ သို့တည်းမဟုတ် ထိုသူကို စိတ္တဇဆေးရုံသို့ မပို့ရသေးလျှင်၊ စိတ္တဇဆေးရုံသို့ ပို့ရမည်ဟု အမိန့်ချမှတ်နိုင်သည်။

၁၅၃။ ။ဥပဒေမ ၁၄၉ ၏ ပုဒ်မခွဲ (၄)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၅) အရ ချုပ်ထားခြင်းခံရသူ၏ ဆွေမျိုးကဖြစ်စေ၊ မိတ်ဆွေကဖြစ်စေ၊ ထိုသူကိုစောင့်ရှောက်အုပ်ထိန်းထားရန်၊ မိမိအား ပေးအပ်စေလို၍ ထိုသို့ပေးအပ်စေလိုကြောင်း လျှောက်ထားလျှင်၊ ထိုသူကိုကောင်းမွန်စွာစောင့်ရှောက်ပါမည်ဟုဆိုင်း၊ သူ့ကိုယ်ကို ဖြစ်စေ၊ အခြားသူတဦးတယောက်ကိုဖြစ်စေ၊ နှစ်နာစေမှုမပြုအောင် တားဆီးပေးပါမည်ဟုဆိုင်း၊ နိုင်ငံတော်သမတ ညွှန်ကြားသောအချုပ်ခံရသူ၏ ထိုသူကို၊ ညွှန်ကြားသောအချိန်နှင့်နေရာများတွင်၊ ထိုအရာရှိက စစ်ဆေးရန်အလို့ငှါ ပို့ပေးပါမည်ဟုဆိုင်း၊ နိုင်ငံတော်သမတကျေနပ်အောင် ခံဝန်ချုပ်၊ချုပ်ဆိုသောအခါ၊ ထိုသူကို အဆိုပါဆွေမျိုးထံသို့ဖြစ်စေ၊အဆိုပါမိတ်ဆွေထံသို့ဖြစ်စေ၊ ပေးအပ်စေဟု နိုင်ငံတော်သမတက အမိန့်ချမှတ်နိုင်သည်။

ရှေးသွပ်သည့် တရားခံကို ဆွေမျိုး များအား လက်ရောက်ပေးအပ်ခြင်း။

၁၅၄။ ။ကျူးလွန်ခဲ့ပုံပေါ်သည့် ပြစ်မှုနှင့်စပ်လျဉ်းသော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းအတွက် အသုံးပြုခဲ့ပုံပေါ်သောပစ္စည်းကို၊ အမှုစစ်ဆေးစီရင်နေစဉ်အတွင်း၊ စစ်တရားရုံးရှေ့သို့ တင်ပြသောအခါ၊ ထိုစစ်တရားရုံးသည်၊ ထိုစစ်ဆေးစီရင်မှုမပြီးပြတ်သေးမီအတွင်းဘွင်၊ ထိုပစ္စည်းကိုကောင်းမွန်စွာထိန်းသိမ်းရန်၊ မိမိသင့်တော်သည်ဟုထင်မြင်သောအမိန့်ကိုချမှတ်နိုင်သည်။ ထိုပစ္စည်းသည်၊ အလျင်အမြန်သော်ငင်း၊ ဓမ္မတာအတိုင်းသော်ငင်း၊ ပျက်စီးလွယ်သည့်ပစ္စည်းဖြစ်လျှင်၊ ထိုစစ်တရားရုံးသည်၊ လိုအပ်သည်ဟုထင်မြင်သောသက်သေခံကိုရေးမှတ်ပြီးနောက်၊ ထိုပစ္စည်းကို ရောင်းချရန်ဖြစ်စေ၊ အခြားနည်းဖြင့် စီမံခန့်ခွဲရန်ဖြစ်စေ၊ အမိန့်ချမှတ်နိုင်သည်။

စစ်ဆေးစီရင်ခြင်း မပြီးပြတ်သေးသော အမှုများတွင် ပစ္စည်းကို ထိန်းသိမ်းရေးအတွက်၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးအတွက် အမိန့်။

၁၅၅။ ။(၁) စစ်တရားရုံးတွင် စစ်ဆေးစီရင်ခြင်းပြီးဆုံးသည့်အခါ၊ ထိုစစ်တရားရုံး၊ သို့တည်းမဟုတ် ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊အတည်ပြုသည့်အရာရှိ၊ သို့ဘည်းမဟုတ် ထိုအရာရှိ၏အထက်အာဏာပိုင်၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးကို ဖွဲ့စည်းသည့်အရာရှိ၏ အထက်အာဏာပိုင်၊ သို့တည်းမဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အတည်ပြုရန်မလိုသည့် စစ်တရားရုံးအတွက်ဆိုသော်၊ ကြည်းတပ်အတွက် ဖြစ်ပါက၊ တပ်မဟာအတွင်း စစ်ဆေးစီရင်သောအမှုတွင်၊ တပ်မဟာအောက် မငယ်သောအဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းအတွင်း စစ်ဆေးစီရင်သောအမှုတွင်၊ ထိုအဖွဲ့အစည်းကိုကွပ်ကဲသောအရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိက၊ စစ်တရားရုံးတွင်တင်ပြထားသည့်၊ သို့တည်းမဟုတ် စစ်တရားရုံးကထိန်းသိမ်းထားသည့်၊ သို့တည်းမဟုတ် ကျူးလွန်ခဲ့ပုံပေါ်သည့်ပြစ်မှုနှင့်စပ်လျဉ်းသော၊ သို့တည်းမဟုတ် ပြစ်မှုကျူးလွန်ခြင်းအတွက်အသုံးပြုခဲ့သောပစ္စည်းကိုဖြစ်စေ၊ စာတမ်းအမှတ်အသားကိုဖြစ်စေ၊ ဖျက်ဆီး

ကျူးလွန်ပြီး ပြစ်မှုနှင့် စပ်လျဉ်းသောပစ္စည်းကိုစီမံခန့်ခွဲရန်အမိန့်။

ခြင်းဖြင့်သော်၎င်း၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းဖြင့်သော်၎င်း၊ လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအား ပေးအပ်ခြင်းဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ စီမံခန့်ခွဲရန်သင့်တော်သည်ဟုထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(၂) ကျူးလွန်ခဲ့ပုံပေါ်သည့် ပြစ်မှုနှင့်စပ်လျဉ်းသည့် ပစ္စည်းနှင့် သက်ဆိုင်သော အမိန့်တခုခုကို ပုဒ်မခွဲ (၁) အရ ချမှတ်သည့်အခါ၊ စစ်ဆေးစီရင်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြုလုပ်ခဲ့သည်ဖြစ်စေ၊ ပြင်ပတွင်ပြုလုပ်ခဲ့သည်ဖြစ်စေ၊ ထိုပစ္စည်းအခါအားလျော်စွာတည်ရှိရာနယ်နိမိတ်အတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် ရာဇဝတ်တရားသူကြီးတဦးထံ၊ အဆိုပါအမိန့်ကိုချမှတ်သည့်အာဏာပိုင်က၊ ထိုအမိန့်၏တာဝန်ခံမိတ္တူတစောင်ကို လက်မှတ်ရေးထိုးပြီး ပို့နိုင်သည်။ ထိုရာဇဝတ် တရားသူကြီးသည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ ထိုအမိန့်ကို မိမိကချမှတ်သည့် အမိန့်ဖြစ်ဘိသကဲ့သို့ ပြီးမြောက်အောင်ဆောင်ရွက်ရမည်။

ရှင်းလင်းချက်။ ။ဤပုဒ်မတွင် ‘‘ပစ္စည်း’’ ဆိုသည့်စကားရပ်၌ ကျူးလွန်ခဲ့ပုံပေါ်သောပြစ်မှုနှင့်စပ်လျဉ်းသည့်ပစ္စည်းဖြစ်လျှင်၊ တဦးတယောက်သောသူ မူလလက်ရှိဖြစ်သော၊ သို့တည်းမဟုတ် ကြိုးကြပ်အုပ်ချုပ်ထားသောပစ္စည်းသာမက၊ ထိုပစ္စည်းမှပြောင်းလဲလိုက်သည့်၊ သို့တည်းမဟုတ် ထိုပစ္စည်းနှင့်လဲလှယ်လိုက်သည့်ပစ္စည်းပါဝင်သည့်ပြင်၊ ထိုသို့ပြောင်းလဲခြင်းဖြစ်စေ၊ လဲလှယ်ခြင်းဖြင့်ဖြစ်စေ၊ ချက်ခြင်းသော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ ရရှိသောပစ္စည်းလည်းပါဝင်သည်။

ဤ အက်ဥပဒေအရ မှုခင်းကိစ္စ ဆောင်ရွက်ခြင်းများနှင့်စပ်လျဉ်းသည့် စစ်တရားရုံး၏အာဏာများ။

၁၅၆။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ စစ်တရားရုံးဖြင့်စစ်ဆေးစီရင်ခြင်းကို၊ ရာဇသတ်ကြီးပုဒ်မ ၁၉၃ နှင့် ၂၂၀ တို့၏အဓိပ္ပါယ်အရ တရားစီရင်သော မှုခင်းကိစ္စတခုဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုစစ်တရားရုံးကိုလည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၀ နှင့် ၄၀၂ တို့၏အဓိပ္ပါယ်အရ တရားရုံးဟု မှတ်ယူရမည်။

အခန်း ၁၂။

အတည်ဖြုခြင်းနှင့် ပြန်လည်ဖြင့်ဆင်ခြင်း။

ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ် ချမှတ်ချက် တို့သည် အတည်မပြုမခြင်းမခိုင်လုံ။

၁၅၇။ ။စစ်တရားရုံးချုပ်၊ တိုင်းစစ်တရားရုံး၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်တခု၏ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ဤအက်ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အတိုင်း အတည်မပြုမခြင်း မခိုင်လုံ။

စစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ် ချမှတ်ချက်တို့ကို အတည်ပြုရန်အာဏာ။

၁၅၈။ ။နိုင်ငံတော်သမတက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ သို့တည်းမဟုတ် နိုင်ငံတော်သမတကဖြစ်စေ၊ ကာကွယ်ရေးဦးစီးချုပ်ကဖြစ်စေ၊ ဤကိစ္စအလို့ငှါ အမိန့်စာဖြင့် ဒေသာအပ်နှင်းသားသည့် အရာရှိတဦးဦးက၊ စစ်တရားရုံးချုပ်များ၏ဆုံးဖြတ်ချက်များနှင့်ပြစ်ဒဏ် ချမှတ်ချက်များကို အတည်ပြုနိုင်သည်။

၁၅၉။ ။စစ်တရားရုံးချုပ်တခုကို ဖွဲ့စည်းရန် အာဏာရ အရာရှိတဦးဦးက၊ သို့တည်းမဟုတ် ထိုအရာရှိက ဤကိစ္စအလို့ငှါ အမိန့်စာဖြင့် အာဏာ အပ်နှင်းထားသည့် အရာရှိတဦးဦးက တိုင်းစစ်တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုနိုင်သည်။

တိုင်း စစ် တ ရား ရုံး၏ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ် ချမှတ်ချက်တို့ကို အတည်ပြုရန် အာဏာ။

၁၆၀။ ။ပုဒ်မ ၁၅၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၅၉ အရ ထုတ်သည့်အပိုဒ်နှစ်ခုတွင် ထိုအမိန့်စာကို ထုတ်သည့်အာဏာပိုင်က သင့်တော်မည် ထင်သည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များပါဝင်နိုင်သည်။

အတည်ပြု အာဏာပိုင်၏ အာဏာများကို ကန့်သတ်ခြင်း။

၁၆၁။ ။အကျဉ်းစစ်တရားရုံးချုပ် ဖွဲ့စည်းသည့် အရာရှိက၊ အကျဉ်းစစ်တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ် ချမှတ်ချက်များကို အတည်ပြုနိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိက မိမိအထက် အာဏာပိုင်တဦးက အတည်ပြုလိမ့်မည်ဟု ဖေါ်ပြလျှင်၊ ထိုအထက်အာဏာပိုင်က အတည်ပြုနိုင်သည်။

အကျဉ်းစစ် တရားရုံးချုပ်၏ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ် ချမှတ်ချက်တို့ကို အတည်ပြုရန် အာဏာ။

၁၆၂။ ။(၁) ပုဒ်မ ၁၅၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၅၉ အရ ထုတ်သည့် အမိန့်စာတွင်ပါဝင်သည့် ကန့်သတ်ချက်များ၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် စည်းကမ်းချက်များအပြင်၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်စေဘဲ၊ အတည်ပြု အာဏာပိုင်သည်၊ စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုသောအခါ၊ ထိုစစ်တရားရုံးက ချမှတ်သည့်ပြစ်ဒဏ်ကို လျှော့နိုင်သည်၊ သို့တည်းမဟုတ် လွှတ်ငြိမ်းသက်သာခွင့် ပြုနိုင်သည်၊ သို့တည်းမဟုတ် ပုဒ်မ ၇၃ တွင်ဖေါ်ပြထားသည့် အချိုးအစားရှိ ပိုရှိနိုင်မှုသောပြစ်ဒဏ်တခုခုနှင့်ဖြစ်စေ၊ ပြစ်ဒဏ်များနှင့်ဖြစ်စေ၊ ထိုပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲနိုင်သည်။

ပြစ်ဒဏ်ချမှတ်ချက်များကို လျှော့ပေါ့ရန်၊ လွှတ်ငြိမ်း သက်သာခွင့် ပြုရန်၊ သို့ တည်း မ ဟုတ် လျှော့ပေါ့ပြောင်းလဲရန် အတည်ပြု အာဏာပိုင်၏အာဏာ။

(၂) စစ်တရားရုံးက ချမှတ်သည့် တကွန်းဒဏ်ကို၊ ၎င်း၏ကာလထက်ပိုသည့် ကာလအတွက် ထောင်ဒဏ်နှင့် လျှော့ပေါ့ပြောင်းလဲခြင်းမပြုလုပ်ရ။

၁၆၃။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ သဘော်ဘတစ်းပေါ်တွင် ရှိနေစဉ်၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည့်အခါ၊ ထိုဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်ကို၊ ထိုသဘော်ပေါ်တွင် အတည်ပြုခြင်း၊ ဆောင်ရွက်ခြင်းမပြုရသေးပါက၊ ထိုသူအား ထိုသဘော်ဆိုက်သည့် ဆိပ်ကမ်းမြို့တွင် စစ်ဆေးစီရင်ဘိသကဲ့သို့ အတည်ပြု၍၊ ထိုသို့အတည်ပြုသည့်အတိုင်း ဆောင်ရွက်ရမည်။

သဘော်ပေါ်တွင် ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုခြင်း။

ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကို ပြန်လည်ပြင်ဆင်ခြင်း။

၁၆၄။ ။(၁) အတည်ပြုချက်လိုသေးသည့် စစ်တရားရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက်ကို၊ အတည်ပြု အာဏာပိုင်၏အမိန့်ဖြင့် ပြန်လည်ပြင်ဆင်ခြင်း တကြိမ်ပြုလုပ်နိုင်သည့်ပြင်၊ ထိုသို့ပြန်လည်ပြင်ဆင်ရာတွင်၊ အတည်ပြုအာဏာပိုင်က ညွှန်ကြားလျှင်၊ ထိုစစ်တရားရုံးသည်၊ ညွှန်ကြားသည့်အတိုင်း နောက်ထပ်သက်သေခံချက်ယူနိုင်သည်။

(၂) မူလဆုံးဖြတ်ချက်ချမှတ်စဉ်က ရှိကြသည့်အရာရှိများအနက်၊ တဦးဦး မလွဲမရှောင်သာ၍ ပျက်ကွက်သည်မှအပ၊ ပြန်လည်ပြင်ဆင်ခြင်းပြုလုပ်ရာ၌၊ ထိုစစ်တရားရုံးတွင် ထိုအရာရှိများပါဝင်ရမည်။

(၃) ထိုသို့ မလွဲမရှောင်သာသည့် ပျက်ကွက်ခြင်းမျိုးတွင်၊ ထိုသို့ပျက်ကွက်ရခြင်း၏ အကြောင်းပြချက်ကို၊ အမှုတွဲ၌ နည်းလမ်းတကျ ရေးသားလက်မှတ်ထိုးပြီးနောက်၊ ထိုစစ်တရားရုံးသည်၊ ပြန်လည်ပြင်ဆင်ခြင်းကို ဆက်လက်ဆောင်ရွက်ရမည်။ သို့ရာတွင် စစ်တရားရုံးချုပ်တခုဖြစ်နေလျှင်၊ ထိုရုံးတွင် အရာရှိငါးဦးပါဝင်လျက်ပင် ရှိနေရမည်၊ သို့တည်းမဟုတ် အကျဉ်းစစ်တရားရုံးချုပ်တခုသော်၎င်း၊ တိုင်းစစ်တရားရုံးသော်၎င်း၊ ဖြစ်နေလျှင်၊ ထိုရုံးတွင် အရာရှိသုံးဦးပါဝင်လျက်ပင်ရှိနေရမည်။

တပ်တွင်း စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်။

၁၆၅။ ။(၁) ပုဒ်မခွဲ (၂) တွင် အတိအလင်း အခြားနည်း ပြဋ္ဌာန်းထားသည့်မှတပါး၊ တပ်တွင်းစစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့်ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုရန် မလိုသည့်ပြင်၊ ထိုဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ် ချမှတ်ချက်တို့ကို ချက်ခြင်း ဆောင်ရွက်နိုင်သည်။

(၂) စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိသည်၊ပြန်တမ်းဝင်အရာရှိအဖြစ် စစ်မှုထမ်းသက် ငါးနှစ်အောက် လျော့သူဖြစ်လျှင်၊ တန်းပြည့်စစ်မှုထမ်းချိန်မှတပါး၊ ကြည်းတပ်အတွက်ဖြစ်ပါက၊ တပ်မဟာအောက် မငယ်သောအဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့် အရာရှိ၏၊ သို့တည်းမဟုတ် အခြားသတ်မှတ်ထားသည့်အရာရှိ၏ သဘောတူညီချက်ကို မရမခြင်း၊ ထိုအရာရှိသည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို ပြီးမြောက်အောင် မဆောင်ရွက်ရ။

တပ်တွင်း စစ်တရားရုံး၏အမှုတွဲများကိုပေးပို့ခြင်း။

၁၆၆။ ။ကြည်းတပ်အတွက်ဆိုလျှင်၊ တပ်မဟာအတွင်း စစ်ဆေးစီရင်သောအမှုဖြစ်ပါက၊ တပ်မဟာအောက်မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသည့်အရာရှိထံ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဆိုလျှင်၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းအတွင်း စစ်ဆေးစီရင်သောအမှုဖြစ်ပါက၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိထံ၊ သို့တည်းမဟုတ် သတ်မှတ်ထားသောအရာရှိထံ၊ တပ်တွင်းစစ်တရားရုံးအသီးသီး၏ အမှုတွဲကို ကြန့်ကြာခြင်းမရှိဘဲ ပို့ရမည်။ ထို့ပြင် ထိုအရာရှိက၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က၊ ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အရာရှိက၊ အမှု၏အရည်အသွေးကို မထိခိုက်သည့် အကြောင်းများသက်သက်ကိုအခြေမပြုဘဲ၊ အမှု၏အရည်အသွေးကိုသာ

အခြေပြု၍၊ မှခင်းကိစ္စဆောင်ရွက်ချက်များကို ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးက ချမှတ်နိုင်မည့် အခြားပြစ်ဒဏ်တခုခုသို့၊ ထိုပြစ်ဒဏ်ကို လျှော့ချနိုင်သည်။

အချို့အမှုများတွင် ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ် ချမှတ် ချက် ကို ပြောင်းလဲခြင်း။

၁၆၇။ ။(၁) အတည်ပြုပြီးသော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော စစ်တရားရုံး၏ အပြစ်ရှိသည်ဆိုသည့် ဆုံးဖြတ်ချက်တရပ်မှာ၊ အကြောင်း တခုခုကြောင့် မခိုင်လုံဟု တွေ့ရှိသည့်အခါ၊ သို့တည်းဟုတ် သက်သေခံ အထောက် အထားမရှိသည့် အခါ၊ ထိုဆုံးဖြတ်ချက်ခိုင်လုံသည်ဖြစ်ခဲ့လျှင် ထိုက်သင့်စေသည့် ပြစ်ဒဏ်ကို ပုဒ်မ ၁၀၂ အရ၊ လျှော့ပေါ့ပြောင်းလဲရန် အာဏာရှိမည့် အာဏာပိုင်က ထိုဆုံးဖြတ်ချက်အစား ဆုံးဖြတ်ချက်အသစ်တခုကို ချမှတ်နိုင်သည့်ပြင်၊ ထိုဆုံးဖြတ်ချက်အသစ်တွင် သီးခြားဖေါ်ပြသည့်ပြစ်မှုအတွက်သော်၎င်း၊ ထိုဆုံးဖြတ်ချက် အသစ်တွင် ပေါ်လွင်သည့်ပြစ်မှု အတွက်သော်၎င်း၊ ပြစ်ဒဏ် ချမှတ်နိုင်သည်။

သို့ရာတွင် စွဲချက်အရ ထိုစစ်တရားရုံးက ခိုင်လုံစွာချမှတ်နိုင်မည့် ဆုံးဖြတ်ချက်မျိုး မဟုတ်သည့်ပြင်၊ အဆိုပါပြစ်မှုကို ထင်ရှားစေသည့် အကြောင်းခြင်းရာများရှိကြောင်း ထိုစစ်တရားရုံးက ကျေနပ်နိုင်ဘွယ်ရှိပုံလည်းမပေါ်လျှင်၊ ယင်းသို့ အစားထိုးခြင်းကို မပြုလုပ်ရ။

(၂) ပုဒ်မခွဲ (၁) အရ အစားထိုးသည့် ဆုံးဖြတ်ချက်အသစ်နှင့်အညီ ချမှတ်သည့် ပြစ်ဒဏ်မဟုတ်ဘဲ၊ အတည်ပြုပြီးဖြစ်သော၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသော စစ်တရားရုံးကချမှတ်သည့်ပြစ်ဒဏ်မှာ အကြောင်းတခုခုကြောင့် မခိုင်လုံဟုတွေ့ရှိသည့်အခါ၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့်အာဏာပိုင်သည်၊ ခိုင်လုံသည့် ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

(၃) ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၂) အရ ချမှတ်သည့် ပြစ်ဒဏ်သည်၊ ဤပုဒ်မအရ ပြစ်ဒဏ်ချမှတ်ချက်အသစ်တခုဖြင့် အစားထိုးခြင်းခံရသော ပြစ်ဒဏ်ထက်မပိုစေရ၊ သို့တည်းမဟုတ် ပြစ်ဒဏ်များအချို့အစားတွင် ထိုအစားထိုးခြင်းခံရသော ပြစ်ဒဏ်ထက် မမြင့်စေရ။

(၄) ဤပုဒ်မအရ အစားထိုးသည့် ဆုံးဖြတ်ချက်တခုခု၊ သို့တည်းမဟုတ် ချမှတ်ချက်ပြစ်ဒဏ်တခုခုသည်၊ ဤအက်ဥပဒေနှင့်ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၏ကိစ္စများအလို့ငှါ၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်ချမှတ်ချက် ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

စစ်တရားရုံး၏ အမိန့်၊ ဆုံး ဖြတ် ချက်၊ သို့ တည်း မဟုတ် ပြစ်ဒဏ်ချမှတ်ချက် နှင့် စပ်လျဉ်း၍ ကာ ကွယ် ခွင့်၊ ရယူခွင့်။

၁၆၈။ ။(၁) ဤအက်ဥပဒေကိုလိုက်နာရသူတဦးဦးသည်၊ မိမိအားစစ်တရားရုံးချမှတ်သောအမိန့်၊ နစ်နာစေသည်ဟုယူဆလျှင်၊ ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ် ချမှတ်ချက်ကို ဖြစ်စေ၊ အတည်ပြုရန် အာဏာအပ်နှင်းခြင်းခံရသည့် အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်ထံ လျှောက်လွှာတင်နိုင်သည့်ပြင်၊ ချမှတ်သည့်ထိုအမိန့် မှန် မမှန် တရားဥပဒေနှင့် ညီ မညီ၊ သင့်လျော်အပ်စပ်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍၊ သို့တည်းမဟုတ်

ထိုအမိန့်နှင့်စပ်ဆိုင်သည့် မှုခင်းကိစ္စ ဆောင်ရွက်ခြင်းတွင် နည်းလမ်း ကျ မကျနှင့် စဝ်လျဉ်း၍ ကျေနပ်အောင်၊ လိုအပ်သည်တို့ကို ထိုအတည်ပြုအာဏာပိုင်က ဆောင်ရွက်နိုင်သည်။

(၂) ဤအက်ဥပဒေကို လိုက်နာရာသူ တဦးဦးသည်၊ မိမိအားစစ်တရားရုံး၏ ဆုံးဖြတ်ချက်ကဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကဖြစ်စေ၊ နစ်နာစေသည်ဟု ယူဆလျှင်၊ အတည်ပြုအရာရှိထံသော်၎င်း၊တပ်တွင်းစစ်တရားရုံး တရုံးအတွက်ဖြစ်ပါကပြန်လည်သုံးသပ်ရေးအာဏာပိုင်ထံသော်၎င်း၊ လိုက်နာရမည့်လမ်းစဉ်အတိုင်း လျှောက်လွှာတင်နိုင်သည်ပြင်၊ နိုင်ငံတော်သမတသည်၊ သို့တည်းမဟုတ် ကာကွယ်ရေး ဦးစီးချုပ်သည်၊ သို့တည်းမဟုတ် မှုခင်းကိစ္စကိုအတည်ပြုသည့်အရာရှိထက် ကွပ်ကဲမှုတွင်တဆင့်မြင့်သောအရာရှိသည်၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးအတွက်ဖြစ်ပါက ပုဒ်မ ၁၆၆ အရထိုမှုခင်းကိစ္စကို ပြန်လည်သုံးသပ်သည့်အရာရှိသည်၊ ထိုမှုခင်းကိစ္စတွင် မိမိသင့်တော်မည်ထင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

၁၆၉။ ။နိုင်ငံတော်သမတ၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အရာရှိသည်၊ တရားဥပဒေနှင့်မညီ ဆိုသည့်အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ တရားမျှတမှု မရှိဆိုသည့် အကြောင်းပြချက်ဖြင့်ဖြစ်စေ၊ မှုခင်းကိစ္စဆောင်ရွက်ခြင်းများကို ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် စစ်တရားရုံး၏ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်နိုင်သည်။

မှုခင်းကိစ္စ ဆောင်ရွက်ခြင်းများကို ပယ်ဖျက်ခြင်း။

အခန်း ၁၃။

ပြစ်ဒဏ်ချမှတ်ချက်များကို ဆောင်ရွက်ခြင်း။

၁၇၀။ ။စစ်တရားရုံးတရုံးသည်၊ သေဒဏ်ချမှတ်သည့်အခါ၊ ပြစ်မှုကျူးလွန်သူအား လည်ပင်းကြိုးတပ်၍ မသေမခြင်း ကြိုးဆွဲချသတ်ရမည်ဟု၊ သို့တည်းမဟုတ် သေနတ်ဖြင့် မသေမခြင်း ပစ်သတ်ရမည်ဟု ထိုစစ်တရားရုံး၏သဘောအတိုင်း ညွှန်ကြားရမည်။

သေဒဏ် ချမှတ်နည်း။

၁၇၁။ ။ဤအက်ဥပဒေအရ၊ သုတဦးအား စစ်တရားရုံးက တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်သောအခါ၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကို ပြန်လည်ပြင်ဆင်သည်ဖြစ်စေ၊ ပြန်လည် မပြင်ဆင်သည်ဖြစ်စေ၊ ထိုတကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်သည်၊ စစ်တရားရုံးဥက္ကဋ္ဌက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးတရုံးအတွက်ဖြစ်ပါက၊ ထိုစစ်တရားရုံးက မူရင်းအမှုတွဲတွင် လက်မှတ်ရေးထိုးသည့်နေ့ရက်မှ စတင်သည်ဟု ရေတွက်ရမည်။

တကျွန်းပို့ဒဏ်၊သို့တည်းမဟုတ် ထောင်ဒဏ် စတင်ခြင်း။

၁၇၂။ ။ဤအက်ဥပဒေအရ၊တကျွန်းပို့ဒဏ်ကိုချမှတ်သည့်အခါ၊သို့တည်းမဟုတ် သေဒဏ်ကို တကျွန်းပို့ဒဏ်သို့ လျှော့ပေါ့ ပြောင်းလဲသည့်အခါ၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ တပ်မှူးက၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက ထိုသူကို ချုပ်ထားရမည်ဖြစ်သော နံယံဘက်အကျဉ်းထောင် အုပ်ချုပ်သည့်အရာရှိထံ သတ်မှတ်

တကျွန်းပို့ဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

ထားသည့် ပုံစံအတိုင်း ဝရမ်းတစောင်ပေးရှိရမည့်ပြင်၊ ထိုသူကို ဝရမ်းနှင့်အတူတကွ ထိုနယ်ဘက်အကျဉ်းထောင်သို့ပို့ရန် စီစဉ်ရမည်။

ထောင်ဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

၁၇၃။ ။(၁) ဤအက်ဥပဒေအရ စစ်တရားရုံးက ထောင်ဒဏ် ချမှတ်သည့် အခါ၊ သို့တည်းမဟုတ် သေဒဏ်ကိုဖြစ်စေ၊ တကျွန်းပို့ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်သို့ လျော့ပေါ့ပြောင်းလဲ ချမှတ်သည့် အခါ၊ ပုဒ်မခွဲ (၃) နှင့် (၄) တွင် အခြားနည်းပြဋ္ဌာန်းထားသည်မှတပါး၊ စစ်ဘက်အကျဉ်းထောင်တွင် ချုပ်ထားခြင်းဖြင့်ဖြစ်စေ၊နယ်ဘက်အကျဉ်းထောင်တွင် ချုပ်ထားခြင်းဖြင့်ဖြစ်စေ၊ ထိုထောင်ဒဏ်ချမှတ်ချက်ကို ကျူးခံစေရမည်ဟု အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် တပ်တွင်းစစ်တရားရုံးအတွက်ဖြစ်ပါက ထိုစစ်တရားရုံး၊ ရုံးထိုင်သည့်အရာရှိက၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့်အခြားအရာရှိက ညွှန်ကြားရမည်။

(၂) ပုဒ်မခွဲ (၁) အရ ညွှန်ကြားချက်ပေးပြီးသည့်အခါ၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူကို ကွပ်ကဲသည့်အရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသည့် အခြားအရာရှိက၊ ထိုသူကို ချုပ်ထားရမည်ဖြစ်သော အကျဉ်းထောင်အုပ်ချုပ်သည့်အရာရှိထံ သတ်မှတ်ထားသည့် ပုံစံအတိုင်း ဝရမ်းတစောင်ပေးရှိရမည့်ပြင်၊ ထိုသူကို၊ ဝရမ်းနှင့်အတူတကွ၊ ထိုအကျဉ်းထောင်သို့ပို့ရန် စီစဉ်ရမည်။

(၃) စစ်တရားရုံးက ဤအက်ဥပဒေအရ ချမှတ်သည့် သုံးလထက် မပိုသော ထောင်ဒဏ်အတွက်ဖြစ်ပါက၊ နယ်ဘက်အကျဉ်းထောင်၊ သို့တည်းမဟုတ် စစ်ဘက်အကျဉ်းထောင်အစား၊ စစ်ဘက်အချုပ်တွင် ချုပ်ထားခြင်းဖြင့်၊ ထိုထောင်ဒဏ်ချမှတ်ချက်ကိုကျူးခံစေရမည်ဟု ပုဒ်မခွဲ (၁) တွင် ဖေါ်ပြသည့်သက်ဆိုင်ရာအရာရှိက ညွှန်ကြားနိုင်သည်။

(၄) တန်းပြည့် စစ်မှုထမ်းချိန်တွင်၊ စစ်မြေပြင်ရှိ တပ်ဖွဲ့များကို ကွပ်ကဲသည့်အရာရှိက၊ အခါအားလျော်စွာ သီးခြားဖေါ်ပြသည့်နေရာ၌ ချုပ်ထားခြင်းဖြင့်၊ ချမှတ်သော ထောင်ဒဏ်ကိုကျူးခံစေနိုင်သည်။

ပြစ်မှုကျူးလွန်သူကိုယာယီ ချုပ်ထားခြင်း။

၁၇၄။ ။တကျွန်းပို့ဒဏ်ကို၊ သို့တည်းမဟုတ် ထောင်ဒဏ်ကို၊ နယ်ဘက်အကျဉ်းထောင်တွင် ကျူးခံစေရမည်ဟု ညွှန်ကြားသည့်အခါ၊ နယ်ဘက်အကျဉ်းထောင်သို့မပို့နိုင်သေးမီ၊ စစ်ဘက် အကျဉ်းထောင်တွင် ဖြစ်စေ၊ စစ်ဘက်အချုပ်တွင် ဖြစ်စေ၊ သင့်တော်သည့် ဒေသခြားနေရာတွင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူကိုထားနိုင်သည်။

အထူး ကိစ္စ များတွင် ထောင်ဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

၁၇၅။ ။ထောင်ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်၏ တစိတ်တဒေသကိုဖြစ်စေ၊ ပုဒ်မ ၁၇၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ စစ်ဘက်အကျဉ်းထောင်တွင် သော်၎င်း၊ စစ်ဘက် အချုပ်တွင် သော်၎င်း၊ အကြောင်း ထူးများကြောင့်၊ လွယ်ကူစွာ ကျူးခံစေနိုင်မည်မဟုတ်ဟု ကြည်းတပ်အတွက် ဖြစ်ပါက တပ်မတော်အောက်

မငယ်သော အဖွဲ့အစည်းကို၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက် ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့် တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက် မငယ်သော အဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိ၊ သို့တည်းမဟုတ် သတ်မှတ်ထားသော အခြားအရာရှိက ထင်မြင်ယူဆသောအခါ၊ နယ်ဘက်အကျဉ်းထောင်တွင်ဖြစ်စေ၊ သင့်တော်သည့် အခြားနေရာတွင်ဖြစ်စေ၊ ချုပ်ထားခြင်းအားဖြင့်၊ ထိုထောင်ဒဏ်ကိုသော်၎င်း၊ ထိုထောင်ဒဏ်၏ တစိတ်တဒေသကို သော်၎င်း၊ ကျခံစေရမည်ဟု ထိုအရာရှိက၊ ညွှန်ကြားနိုင်သည်။

တကျွန်းပို့ဒဏ် ချမှတ်ခြင်းခံရသည့်ပြစ်မှုကျူးလွန်သူများ နှင့် ပတ် သက်၍ ကျွန်းသို့ မပို့သေးမီ ဆောင်ရွက်နည်း။

၁၇၆။ ။၅၂အက်ဥပဒေအရ တကျွန်းပို့ဒဏ်ချမှတ်သည့်အမှုတိုင်းတွင် ပြစ်မှုကျူးလွန်သူကို၊ ကျွန်းသို့မပို့ရသေးမီ၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်ခြင်းခံရဘိသကဲ့သို့၊ထိုသူအား၊ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ကျခံစေရမည်။ ထို့ပြင် အဆိုပါအလုပ်ကြမ်းနှင့် ထောင်ဒဏ် ကျခံနေရသည့် ကာလကိုလည်း တကျွန်းပို့ဒဏ်ခံနေရသည့်ကာလကဲ့သို့ မှတ်ယူရမည်။

အကျဉ်းသားကို တနေရာမှ တနေရာသို့ယူဆောင်ခြင်း။

၁၇၇။ ။တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်ခြင်းခံရသူကို၊ တနေရာမှတနေရာသို့ ယူဆောင်သွားနေစဉ်၊ ထိုသူအား လုံခြုံစွာ ယူဆောင်ရေးနှင့် ရွှေ့ပြောင်းရေးအတွက် လိုအပ်သည့်ချုပ်ချယ်မှုများပြုနိုင်သည်။

အချို့အမိန့်များနှင့် စပ်လျဉ်း၍ အ ကျဉ်း ထောင် အရာရှိများထံ အကြောင်းကြားခြင်း။

၁၇၈။ ။တဦးတယောက်သောသူအား၊ နယ်ဘက်အကျဉ်းထောင်၊ သို့တည်းမဟုတ် စစ်ဘက်အကျဉ်းထောင်တွင် ကျခံစေသည့် ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ အမိန့် ကိုဖြစ်စေ၊ ဝရမ်းကို ဖြစ်စေ၊ ပယ်ဖျက်သည့်၊ သို့တည်းမဟုတ် ပြောင်းလဲသည့် အမိန့်ကို၊ ၅၂အက်ဥပဒေအရ နည်းလမ်းတကျထုတ်သည့်အခါ၊ထိုအမိန့်ထုတ်သည့် အရာရှိက သော်၎င်း၊ ထိုအရာရှိ၏ ဦးစီးအရာရှိကသော်၎င်း၊ သတ်မှတ်ထားသော အခြားအရာရှိကသော်၎င်း၊ ထုတ်သည့် အမိန့်နှင့်အညီ ဝရမ်းတစောင်ကို၊ ထိုသူအားချုပ်သားသည့် အကျဉ်းထောင်အုပ်ချုပ်သောအရာရှိထံပို့ရမည်။

ဒွေဒဏ် ချမှတ်ချက်ကို ဆောင်ရွက်ခြင်း။

၁၇၉။ ။စစ်တရားရုံးက၊ ပုဒ်မ ၇၁ အရ ဒွေဒဏ်ချမှတ်သောအခါ၊ စစ်ဆေးစီရင်ခြင်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ပြုလုပ်ခဲ့သည်ဖြစ်စေ၊ ပြင်ပတွင် ပြုလုပ်ခဲ့သည်ဖြစ်စေ၊ အတည်ပြုအရာရှိက၊ သို့တည်းမဟုတ် အတည်ပြုရန် မလိုသည့်အခါ၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့်အရာရှိက လက်မှတ်ရေးထိုးသော ထိုပြစ်ဒဏ်ချမှတ်ချက်၏ ကာဝန်ခံမိတ္တူတစောင်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရာဇဝတ်တရားသူကြီးတဦးထံပို့နိုင်သည်ပြင်၊ ထိုပြစ်ဒဏ်ချမှတ်ချက်၏ ကာဝန်ခံမိတ္တူကိုရရှိသည့်အခါ၊ ထိုရာဇဝတ်တရားသူကြီးသည်၊ ထိုဒွေဒဏ်မှာ၊ မိမိချမှတ်သော ဒွေဒဏ်ဖြစ်ဘိသကဲ့သို့၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ဒဏ်ငွေကောက်ခံခြင်းနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုဒဏ်ငွေကို ကောက်ခံစေရမည်။

၁၀၀။ ။နိုင်ငံတော်သမတသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိအဆောက်အအုံတခုခုကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ နေရာဘခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ထောင်ဒဏ်ချမှတ်ခြင်းခံရသူများ ချုပ်ထားရန်အတွက်၊ စစ်ဘက်အကျဉ်းထောင်အဖြစ် သီးသန့်ထားရှိနိုင်သည်။

စစ်ဘက် အကျဉ်းထောင်များထားရှိခြင်း။

၁၀၁။ ။ဤအက်ဥပဒေအရ၊ တဦးတယောက်သောသူအား၊ တကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ချမှတ်သည့်ပြင်၊ ဤအက်ဥပဒေနှင့်အညီထုတ်သည့်အမိန့်အရဖြစ်စေ၊ ဝရမ်းအရဖြစ်စေ၊ ထိုသူအား ချုပ်ထားရမည့်နေရာတွင်၊ သို့တည်းမဟုတ် ထိုသူအား ချုပ်ထားရမည့်နည်းလမ်းအတိုင်း ထိုသူပြစ်ဒဏ်ခံနေရသည့်အခါ၊ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားဖြင့် ပေးအပ်သည့် အာဏာအရဖြစ်စေ၊ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားဖြင့် ပေးအပ်သည့် အာဏာအရ ဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုသူအား ထိုနေရာတခုခုသို့ ယူဆောင်စေခဲ့ခြင်းသည်၊ သို့တည်းမဟုတ် ထိုနေရာတခုခုတွင် ချုပ်ထားစေခဲ့ခြင်းသည်၊ အဆိုပါ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်း အမှတ်အသားစည်းကမ်းမကျသည့် အကြောင်းကြောင့်သာဖြစ်စေ၊ အဆိုပါ အမိန့်၊ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားတွင် မှားယွင်းချက်ပါရှိသည့်အကြောင်းကြောင့်သာဖြစ်စေ၊ တရားဥပဒေနှင့်မညီဟု မမှတ်ယူရ။ ထို့ပြင် အဆိုပါ အမိန့်၊ ဝရမ်း၊ သို့တည်းမဟုတ် အခြားစာတမ်းအမှတ်အသားကို လိုအပ်သည့်အဘိုးပြင်ဆင်နိုင်သည်။

အမိန့်၊သို့တည်းမဟုတ် ဝရမ်းတွင်စည်းကမ်း မကျခြင်း၊ မှားယွင်းခြင်း၊

အခန်း ၁၄။

ပြစ်ဒဏ်လွှတ်ငြိမ်း ချမ်းသာခွင့်များ၊ ပြစ်ဒဏ်လွှတ်ငြိမ်း သက်သာခွင့်များနှင့် ပြစ်ဒဏ်ဆိုင်းငံ့ထားခြင်းများ။

၁၀၂။ ။ဤအက်ဥပဒေကို လိုက်နာရသူတဦးဦးသည်၊ ပြစ်မှုတခုခုအတွက် စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ၊ နိုင်ငံတော်သမတကဖြစ်စေ၊ ကာကွယ်ရေး ဦးစီးချုပ်ကဖြစ်စေ၊ ထိုသူသည် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည့်အချိန်၌၊ ကြည်းတပ်အတွက်ဖြစ်ပါက တပ်မဟာအောက်မငယ်သောအဖွဲ့အစည်းတခုတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကိုကွပ်ကဲသောအရာရှိ၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်အတွက်ဖြစ်ပါက၊ တပ်မဟာ (ကြည်းတပ်) နှင့်တူညီသည်ဟု သတ်မှတ်ထားသည့် အဖွဲ့အစည်းအောက်မငယ်သော အဖွဲ့အစည်းတွင် အမှုထမ်းရွက်နေသော်၊ ထိုအဖွဲ့အစည်းကို ကွပ်ကဲသောအရာရှိအတည်ပြုနိုင်သည့် ပြစ်ဒဏ်ချမှတ်ချက်၊ သို့တည်းမဟုတ် အတည်ပြုရန်မလိုသည့် ပြစ်ဒဏ်ချမှတ်ချက်အတွက်ဆိုလျှင်၊ ထိုအရာရှိကဖြစ်စေ၊ သတ်မှတ်ထားသောအရာရှိကဖြစ်စေ—

ပြစ်ဒဏ် လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ် လွှတ်ငြိမ်းသက်သာခွင့်။

(က) ပြစ်ဒဏ် ချမှတ်ခြင်းခံရသူက လက်ခံသော စည်းကမ်းချက်များနှင့်ဖြစ်စေ၊ ထိုစည်းကမ်းချက်များမပါရှိဘဲဖြစ်စေ၊ ထိုသူအား ပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည်၊ သို့တည်းမဟုတ် ချမှတ်သည့်

ပြစ်ဒဏ်တခုလုံးကိုဖြစ်စေ၊ ထိုပြစ်ဒဏ်၏ တစိတ်တဒေသကိုဖြစ်စေ၊ လွှတ်ငြိမ်းသက်သာခွင့်ပေးနိုင်သည်၊ သို့တည်းမဟုတ်

(ခ) ချမှတ်သောပြစ်ဒဏ်ကို ပေါ့လျော့စေနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ချမှတ်သောပြစ်ဒဏ်ကို၊ ဤအက်ဥပဒေတွင် ဖေါ်ပြထားသည့် လျော့သော ပြစ်ဒဏ်တခုခုနှင့်၊ သို့တည်းမဟုတ် လျော့သော ပြစ်ဒဏ်များနှင့် လျော့ပေါ့ပြောင်းလဲနိုင်သည်။

သို့ရာတွင် စစ်တရားရုံးကချမှတ်သည့်တကျွန်းပို့ဒဏ်ကို၊ ၎င်း၏ကာလထက်ပိုသည့်ကာလအတွက် ထောင်ဒဏ်နှင့်လျော့ပေါ့ပြောင်းလဲခြင်းမပြုလုပ်ရ၊ သို့တည်းမဟုတ်

(ဃ) ပြစ်ဒဏ်ချမှတ်ခြင်းခံရသူက လက်ခံသော စည်းကမ်းချက်များနှင့်ဖြစ်စေ၊ ထိုစည်းကမ်းချက်များမပါရှိဘဲဖြစ်စေ၊ ထိုသူအား ကတိထားစေ၍ လွှတ်နိုင်သည်။

စည်း ကမ်းချက်ဖြင့်ပြစ်ဒဏ်လွှတ်ငြိမ်း ချမ်းသာခွင့်၊ ကတိထားစေ၍ စည်းကမ်းချက် ဖြင့် လွှတ် ခြင်း၊ သို့တည်းမဟုတ် စည်းကမ်းချက် ဖြင့် ပြစ် ဒဏ် လွှတ်ငြိမ်းသက်သာခွင့်ကို ဖျက်သိမ်းခြင်း။

၁၀၃။ ။(၁) တဦးတယောက်သောသူအား ပြစ်ဒဏ်လွှတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ သို့တည်းမဟုတ် ကတိထားစေ၍လွှတ်ခြင်း၊ သို့တည်းဟုတ် ပြစ်ဒဏ်ကို လွှတ်ငြိမ်းသက်သာခွင့်ပေးခြင်းနှင့် သက်ဆိုင်သည့်စည်းကမ်းချက်တခုခုကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည်ဟု၊ လွှတ်ငြိမ်းချမ်းသာခွင့်ပေးသည့်၊ ကတိထားစေ၍လွှတ်သည့်၊ သို့တည်းမဟုတ် လွှတ်ငြိမ်းသက်သာခွင့်ပေးသည့်အာဏာပိုင်က ထင်မြင်ယူဆလျှင်၊ ထိုအာဏာပိုင်သည်၊ လွှတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ ကတိထားစေ၍လွှတ်ခြင်း၊ သို့တည်းမဟုတ် လွှတ်ငြိမ်းသက်သာခွင့်ပေးခြင်းကို ဖျက်သိမ်းနိုင်သည်။ ထို့ပြင် ထိုသို့ဖျက်သိမ်းသည့်အခါ၊ ထိုသူအား လွှတ်ငြိမ်းချမ်းသာခွင့်၊ ကတိထားစေ၍လွှတ်ခွင့်၊ သို့တည်းမဟုတ် လွှတ်ငြိမ်းသက်သာခွင့်ကိုမပေးဘိသကဲ့သို့၊ ထိုစစ်တရားရုံး၏ပြစ်ဒဏ်ချမှတ်ချက်ကိုကျခံစေရမည်။

(၂) တကျွန်းပို့ဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ကျခံရသူတဦးဖြစ်လျှင်၊ ပုဒ်မ ၃၂ (၁) ပါ ပြဋ္ဌာန်းချက်များအရ စစ်တရားရုံး၏ပြစ်ဒဏ်ချမှတ်ချက်ကို ကျခံစေသည့်အခါ၊ ထိုဘကျွန်းပို့ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်၏ကျန်ရှိနေသေးသည့် အစိတ်အပိုင်းကိုသာကျခံစေရမည်။

အရာခံဗိုလ်၊ သို့တည်းမဟုတ် အကြပ်ကို လျော့ချခြင်း၊

၁၀၄။ ။ပုဒ်မ ၇၉ ပါ ပြဋ္ဌာန်းချက်များအရ၊ အရာခံဗိုလ်တဦးကို၊ သို့တည်းမဟုတ် အကြပ်တဦးကို တပ်သားအဆင့်သို့ လျော့ချလိုက်သည်ဟု မှတ်ယူရသည့်အခါ၊ ပုဒ်မ ၁၀၂ ၏ကိစ္စအလို့ငှါ ယင်းသို့လျော့ချခြင်းကို၊ စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်အရ ကျခံစေသည့်ပြစ်ဒဏ်ကဲ့သို့မှတ်ယူရမည်။

တ ကျွန်း ပို့ ဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ကိုဆိုင်းငံ့ထားခြင်း။

၁၀၅။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသူတဦးအား၊ စစ်တရားရုံး တရုံးက တကျွန်းပို့ဒဏ်ကိုသော်၎င်း၊ ထောင်ဒဏ်ကို သော်၎င်း၊ ချမှတ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းထောင်၊ သို့တဉ်းမဟုတ် စစ်ဘက်အချုပ်သို့ ပို့ပြီးသည်ဖြစ်စေ၊ မပို့ရသေးသည်ဖြစ်စေ၊ နိုင်ငံတော်သမတက၊ သို့တည်းမဟုတ်

ကာကွယ်ရေးဦးစီးချုပ်က၊သို့တည်းမဟုတ် စစ်တရားရုံးချုပ်ကိုဖြစ်စေ၊ အကျဉ်းစစ်တရားရုံးချုပ်ကိုဖြစ်စေ၊ ဖွဲ့စည်းရန် အာဏာအပ်နှင်းထားသည့်အရာရှိက ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားနိုင်သည်။

(၂) ထိုသို့ ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားရန် အမိန့်ချမှတ်ခြင်းခံရသည့် ပြစ်မှုကျူးလွန်သူ တဦးအတွက်ဖြစ်ပါက၊ ပုဒ်မခွဲ (၁) တွင် သီးခြားဖေါ်ပြထားသည့် အာဏာပိုင်သည်၊ သို့တည်းမဟုတ်အရာရှိသည်၊ မိမိ၏အမိန့်များကို မရမခြင်း ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ၊ မပို့ရဟုညွှန်ကြားနိုင်သည်။

(၃) အတည်ပြုပြီးသော၊ လျှော့ချပြီးသော၊ သို့တည်းမဟုတ် လျှော့ပေါ့ပြောင်းလဲပြီးသော၊ ထိုပြစ်ဒဏ် ချမှတ်ချက်မျိုးနှင့် စပ်လျဉ်းသည့်ကိစ္စတွင်၊ ပုဒ်မခွဲ (၁) နှင့် (၂) ဖြင့် အပ်နှင်းထားသည့် အာဏာများကို သုံးစွဲနိုင်သည်။

ပြစ်ဒဏ် ဆိုင်းငံ့ထားခြင်းမပြုလုပ်ရသေးဘဲ ချမှတ်သည့်အမိန့်များ။

၁၀၆။ ။(၁) ပုဒ်မ ၁၀၅ တွင် ရည်ညွှန်းသည့် ပြစ်ဒဏ် ချမှတ်ချက်ကို တင်တွင်းစစ်တရားရုံးမှတပါး၊ အခြားစစ်တရားရုံးက ချမှတ်သည့်ကိစ္စတွင်၊ အတည်ပြုအရာရှိသည်၊ထိုပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုသောအခါ၊ အဆိုပါပုဒ်မတွင် သီးခြားဖေါ်ပြထားသည့် အာဏာပိုင်၊ သို့တည်းမဟုတ် အရာရှိ၏ အမိန့်များကိုမရမခြင်း ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ၊ မပို့ရဟု ညွှန်ကြားနိုင်သည်။

(၂) တပ်တွင်း စစ်တရားရုံးက ထောင်ဒဏ် ချမှတ်သည့်ကိစ္စတွင်၊ စစ်ဆေးစီရင်ခြင်းကို ပြုလုပ်သည့် အရာရှိကသော်၎င်း၊ ပုဒ်မ ၁၆၅ ၏ ပုဒ်မခွဲ (၂) အရ ပြစ်ဒဏ်ချမှတ်ချက်ကို သဘောတူညီရန် အာဏာအပ်နှင်းခြင်းခံရသော အရာရှိကသော်၎င်း၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ညွှန်ကြားချက်ကို ထုတ်နိုင်သည်။

ပြစ် ဒဏ် ချ မှတ် ချက် ဆိုင်း ငံ့ ထား သော အခါ လွှတ်ခြင်း၊

၁၀၇။ ။ပုဒ်မ ၁၀၅ အရ၊ ပြစ်ဒဏ်ချမှတ်ချက်ကို ဆိုင်းငံ့ထားသောအခါ၊ ပြစ်မှုကျူးလွန်သူကို အချုပ်မှချက်ခြင်းလွှတ်ရမည်။

ပြစ်ဒဏ် ဆိုင်းငံ့ ထားခြင်း၏ ကာလအပိုင်း အခြားတွက်စစ်နည်း။

၁၀၈။ ။ပြစ်ဒဏ်ဆိုင်းငံ့ထားသည့် ကာလအပိုင်းအခြားကို ထိုပြစ်ဒဏ်ချမှတ်ချက်ပါ ကာလ၏ တစိတ်တဒေသအဖြစ် ရေတွက်ရမည်။

ပြစ်ဒဏ် ဆိုင်းငံ့ထားပြီးသည့် နောက် ထုတ် သည့် အမိန့်။

၁၀၉။ ။ပုဒ်မ ၁၀၅ တွင် သီးခြားဖေါ်ပြထားသော အာဏာပိုင်ကသော်၎င်း၊ အရာရှိကသော်၎င်း၊ ပြစ်ဒဏ်ချမှတ်ချက်၊ ဆိုင်းငံ့ထားစဉ်၊ မည်သည့်အချိန်တွင်မဆို—

(က) ပြစ်မှုကျူးလွန်သူအား၊ ပြစ်ဒဏ်၏ ကျန်ရှိနေသေးသည့် အစိတ်အပိုင်းကို ကျခံရန် ပို့ရမည်ဟု အမိန့်ထုတ်နိုင်သည်၊ သို့တည်းမဟုတ်

(ခ) ပြစ်ဒဏ် လွှတ်ငြိမ်းသက်သာခွင့် ပေးသည်ဟုအမိန့်ထုတ်နိုင်သည်။

ပြစ်ဒဏ် ဆိုင်းငံ့ထားပြီး သည့်နောက် အမှုကို ပြန်လည်စဉ်းစားခြင်း။

၁၉၀။ ။(၁) ပြစ်ဒဏ်ချမှတ်ချက် ဆိုင်းငံ့ထားရာတွင် ပုဒ်မ ၁၀၅ ပ၊ သီးခြားဖေါ်ပြထားသော အာဏာပိုင်ကဖြစ်စေ၊ အရာရှိကဖြစ်စေ၊ သို့တည်းမဟုတ် ပုဒ်မ ၁၀၅ ပ၊ သီးခြားဖေါ်ပြထားသည့် အာဏာပိုင်ကသော်၎င်း၊ အရာရှိကသော်၎င်း၊ နည်းလမ်းတကျအာဏာပေးအပ်ထားသည့် ဗိုလ်ချုပ်တဦးဦးကဖြစ်စေ၊ ဗိုလ်မှူးအဆင့်အောက်မနိမ့်သော အခြားအရာရှိ တဦးဦးကဖြစ်စေ၊ မည်သည့်အချိန်မဆို အမှုကို ပြန်လည်စဉ်းစားနိုင်သည်ပြင်၊ လေးလထက်မပိုသည့် ကြားကာလများတွင် အမှုကို ပြန်လည်စဉ်းစားရမည်။

(၂) အဆိုပါ အာဏာပေးခြင်း ခံရသည့်အရာရှိက၊ ထိုသို့ပြန်လည်စဉ်းစားရာတွင်၊ ပြစ်မှုထင်ရှားစီရင်ပြီးသည့်အချိန်မှစ၍ ပြစ်မှုကျူးလွန်သူ၏အပြုအမူသည်၊ ပြစ်ဒဏ်ချမှတ်ချက်ကို လွှတ်ငြိမ်းသက်သာခွင့်ပြုထိုက်လောက်အောင် ကောင်းမွန်လာသည်ဟု ယူဆလျှင်၊ ထိုအရာရှိက၊ ပုဒ်မ ၁၀၅ တွင် သီးခြားဖေါ်ပြထားသည့်အာဏာပိုင်၊ သို့တည်းမဟုတ် အရာရှိအား ထိုအကြောင်းကို တင်ပြရမည်။

ပြစ်ဒဏ် ဆိုင်းငံ့ထားပြီး သည့်နောက်၊ ချမှတ်သည့် ပြစ်ဒဏ်အသစ်။

၁၉၁။ ။ပြစ်မှုကျူးလွန်သူတဦးအပေါ် ချမှတ်ခဲ့သည့်ပြစ်ဒဏ်တခုကို၊ ဤအက်ဥပဒေအရဆိုင်းငံ့ထားစဉ်၊ အခြားပြစ်မှုတခုခုအတွက်၊ ထိုသူပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်အခါ—

(က) ထပ်မံချမှတ်သည့်ပြစ်ဒဏ်ကိုပါ၊ ဤအက်ဥပဒေအရဆိုင်းငံ့ထားလျှင်၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုတပြိုင်တည်းကျခံစေရမည်။

(ခ) ထပ်မံချမှတ်သည့်ပြစ်ဒဏ်သည်၊ ကာလအပိုင်းအခြားအားဖြင့် သုံးလ၊ သို့တည်းမဟုတ် သုံးလထက်ပိုသည့်ပြင်၊ ဤအက်ဥပဒေအရလည်း ဆိုင်းငံ့ခြင်းမထားလျှင်၊ ပြစ်မှုကျူးလွန်သူအား၊ အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ၊ ယခင်ကနှိမ်ခြင်းသည့် ပြစ်ဒဏ်အစိတ်အပိုင်းအတွက်ပါ ပို့ရမည်။ သို့သော်လည်း ပြစ်ဒဏ်နှစ်ရပ်လုံးကို တပြိုင်တည်းကျခံစေရမည်။ ထို့ပြင်

(ဂ) ထပ်မံချမှတ်သည့်ပြစ်ဒဏ်သည်၊ ကာလအပိုင်းအခြားအားဖြင့် သုံးလအောက်လျော့သည့်ပြင်၊ ဤအက်ဥပဒေအရလည်း ဆိုင်းငံ့ခြင်းမထားလျှင်၊ ပြစ်မှုကျူးလွန်သူကို ထိုပြစ်ဒဏ်အတွက်သာလျှင် အကျဉ်းထောင်သို့ဖြစ်စေ၊ စစ်ဘက်အချုပ်သို့ဖြစ်စေ၊ ပို့ရမည်။ ထို့ပြင် ယခင်ပြစ်ဒဏ်ချမှတ်ချက်ကို၊ ပုဒ်မ ၁၀၉ အရဖြစ်စေ၊ ပုဒ်မ ၁၉၀ အရဖြစ်စေ၊ ချမှတ်နိုင်သည့် အမိန့်တခုခုနှင့်မဆန့်ကျင်စေဘဲ၊ ဆက်လက်ဆိုင်းငံ့ထားရမည်။

ပြစ်ဒဏ် ဆိုင်းငံ့ ထားခြင်း၏ အာဏာ သက်ရောက်ခြင်း။

၁၉၂။ ။ပုဒ်မ ၁၀၅ နှင့် ၁၀၉ အရ အပ်နှင်းထားသည့် အာဏာများသည်၊ ပြစ်ဒဏ်လျော့သော၊ ပြစ်ဒဏ်လွှတ်ငြိမ်းသက်သာခွင့်ပြုသော၊ ပြစ်ဒဏ်လျော့ပေါ့ပြောင်းလဲသော အာဏာများကိုဖြည့်စွက်ခြင်းများသာ ဖြစ်စေရမည်၊ ယုတ်လျော့ စေခြင်းများမဖြစ်စေရ။

၁၉၃။ ။(၁) စစ်တရားရုံးက၊ အခြားပြစ်ဒဏ် တခုခုအပြင်၊ အမြဲတန်းထုတ်ပစ်ဒဏ်ကိုပါဖြစ်စေ၊ ရွှတ်ချ၍ အမြဲတန်း ထုတ်ပစ်ဒဏ်ကိုပါဖြစ်စေ၊ ချမှတ်ပြီး၊ ပုဒ်မ ၁၀၅ အရထိုအခြားပြစ်ဒဏ်ကိုဆိုင်းငံ့ထားပါက၊ ထိုအမြဲတန်းထုတ်ပစ်ဒဏ်သည်၊ သို့တည်းမဟုတ် ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်ဒဏ်သည်၊ အဆိုပါပုဒ်မတွင် သီးခြားဖေါ်ပြထားသည့် အာဏာပိုင်ကသော်၎င်း၊ အရာရှိကသော်၎င်း၊ အတည်ဖြစ်စေဟုအမိန့်မချမခြင်း၊ အတည်မဖြစ်စေရ။

အမြဲတန်း ထုတ် ပစ်ခြင်း၊ သို့တည်းမဟုတ် ရွှတ်ချ၍ အမြဲတန်းထုတ်ပစ်ခြင်းတွင် ပြစ်ဒဏ် ဆိုင်းငံ့ထားခြင်းနှင့် ပြစ်ဒဏ် လွှတ်ငြိမ်းသက်သာခွင့် ပြုခြင်းတို့ အတည်ဖြစ်ခြင်း။

(၂) ပုဒ်မ ၁၀၉ အရ ထိုအခြားပြစ်ဒဏ်ကို လွှတ်ငြိမ်းသက်သာခွင့်ပြုလျှင်၊ အမြဲတန်းထုတ်ပစ်ဒဏ်၊ သို့တည်းမဟုတ် ရွှတ်ချ၍အမြဲတန်းထုတ်ပစ်ဒဏ်ကိုပါ လွှတ်ငြိမ်းသက်သာခွင့်ပြုရမည်။

အခန်း ၁၅။

သင်္ဘောများနှင့်စပ်လျဉ်းသည့် အထူးပြဋ္ဌာန်းချက်များ။

၁၉၄။ ။တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံအစိုးရသင်္ဘော (Ship of the Union Government in commission) တစင်း၏ ခြံရံစောင့်ကြပ်မှုကို ခံယူသော ကုန်သည်ရေယာဉ်တစင်းကိုဖြစ်စေ၊ အခြားရေယာဉ်တစင်းကိုဖြစ်စေ၊ ကွပ်ကဲသောရေယာဉ်မှူး၊ သို့တည်းမဟုတ် အခြားအရာရှိတိုင်းသည်၊ ခြံရံစောင့်ကြပ်ထားသည့်ရေယာဉ်စု၏သွားလာမှု၊သို့တည်းမဟုတ် လုံခြုံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးတွင်၊ ခြံရံစောင့်ကြပ်သောတာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံအစိုးရသင်္ဘောကို ကွပ်ကဲသောအရာရှိ၏ အမိန့်များကို နာခံရမည်ပြင်၊ ထိုကွပ်ကဲသည့်အရာရှိက ညွှန်ကြားသည့်အတိုင်း၊ ရန်သူကိုရှောင်ရှားရေးအတွက် ကြိုတင်စီမံမှုများကို ပြုလုပ်ရမည်။ ထို့ပြင် အဆိုပါညွှန်ကြားချက်များကို၊ ထိုသူလိုက်နာရန်ပျက်ကွက်လျှင်၊ ထိုကွပ်ကဲသည့်အရာရှိသည်၊ လက်နက်ဖြင့် အတင်းအကျပ်လိုက်နာစေနိုင်သည်။ အဆိုပါအရာရှိက ထိုသို့လက်နက်အသုံးပြုရခြင်းမှ ပေါ်ပေါက်နိုင်သည့်အသက်ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် ပစ္စည်းဆုံးရှုံးခြင်းတခုခုအတွက်၊ ထိုအရာရှိအပေါ် တာဝန်မရှိစေရ။

ကုန်သည် ရေယာဉ်၏ ရေယာဉ်မှူးသည် ခြံရံစောင့်ကြပ်သည့် အရာရှိ၏အမိန့်များကို နာခံရန်။

၁၉၅။ ။တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံအစိုးရ၏ မည်သည့်သင်္ဘောပေါ်တွင် မဆို၊ အမိန့်အရ လက်ခံထားသော်၊ သို့တည်းမဟုတ် ခရီးသည်များဖြစ်ကြသောအခြားသူအားလုံးသည်၊ နိုင်ငံတော်သမတက၊ စည်းမျဉ်းဥပဒေများအရ၊ အခါအားလျော်စွာ၊ ညွှန်ကြားသည့်အတိုင်း၊ ဤအက်ဥပဒေကို လိုက်နာရသူများဖြစ်သည်ဟု မှတ်ယူရမည်။

ခရီးသည်များ အဖြစ် လိုက်ပါသည့် အခြား သူများ။

၁၉၆။ ။ပြည်ထောင်စုနိုင်ငံအစိုးရပိုင်သည်ဖြစ်စေ၊ မပိုင်သည်ဖြစ်စေ၊ ရေတပ်သားစင်းလုံးပြည့်မပါရှိသော်လည်း၊ လက်နက်တပ်ဆင်ထားသော၊ သို့တည်းမဟုတ် ရေတပ်တွင်အမှုထမ်းသည့် အရာရှိက ကွပ်ကဲသော၊ စစ်ဖြစ်သောအခါ ရေတပ်တွင် အသုံးပြုသည့် ရေယာဉ်များနှင့် စပ်လျဉ်း၍၊ နိုင်ငံတော်သမတက ညွှန်ကြားသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း ညွှန်ကြားလျှင်၊ အောက်ပါပြဋ္ဌာန်းချက်များသည် အတည်ဖြစ်စေရမည့်ပြင်၊ အဆိုပါညွှန်ကြားချက်ကို ထုတ်သောအခါ၊ ထိုညွှန်ကြားချက်ကို၊ ထိုသင်္ဘော၏ စည်းမျဉ်းများတွင် သီးခြားဖေါ်ပြထားရမည်။

စစ်ဖြစ်သောအခါ၊ ရေတင်တွင်၊ အသုံးပြုသည့် သင်္ဘောများတွင် စည်းကမ်းနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များ။

(က) အဆိုပါ ရေယာဉ်တစင်း၏ သင်္ဘောသားစာရင်းတွင် ပါရှိသူတိုင်းသည်၊ ၎အက်ဥပဒေကို လိုက်နာရမည်။

(ခ) ထိုသူတဦးဦးက ကျူးလွန်သည့်ပြစ်မှုကို၊ ၎အက်ဥပဒေကို လိုက်နာရန် သူတဦးဦးက အလားတူပြစ်မှုကို ကျူးလွန်လျှင်၊ စစ်ဆေးစီရင်၍ ပြစ်ဒဏ်ချမှတ်သည့်နည်းတူ၊ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ပြစ်ဒဏ်ချမှတ်ရမည်။

(ဂ) စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ရမည်ဖြစ်သော အဆိုပါပြစ်မှုကျူးလွန်သူတိုင်းကို၊ စစ်တရားရုံးဖြင့် မစစ်ဆေးနိုင်သေးမီ၊ လိုအပ်သော ချုပ်ချယ်မှုများဖြင့် ထားရှိရမည်။

(ဃ) တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံ အစိုးရ၏ မည်သည့် သင်္ဘောကို မဆို၊ ကွပ်ကဲသည့် အရာရှိသည်၊ ထိုသင်္ဘောပေါ်ရှိ အရာရှိများ၊သင်္ဘောသားများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ထိုသင်္ဘောပေါ်ရှိ အခြားသူများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အခိုက်အတန့်အားဖြင့် အာဏာများရရှိသကဲ့သို့၊ ထိုရေယာဉ်တိုင်းကို ကွပ်ကဲသည့်အရာရှိ သည်လည်း၊ ထိုရေယာဉ်၏ သင်္ဘောသားစာရင်းတွင် ပါရှိသည့်၊ သို့တည်းမဟုတ် ထိုရေယာဉ်ပေါ်တွင်၊ အခိုက်အတန့်အားဖြင့်၊ ရှိကြသည့်အခြားသူများအားလုံးနှင့် စပ်လျဉ်း၍ ထပ်တူအာဏာများရရှိရမည်။

သို့ရာတွင် ထိုရေယာဉ်များကို ကွပ်ကဲသည့်အရာရှိ မရှိသည့်အခါ၊ အခိုက်အတန့်အားဖြင့် အဆိုပါသူအား အချုပ်နှင့်ထားနိုင်ရာဖြစ်သည့် သင်္ဘောကိုဖြစ်စေ၊ ရေယာဉ်ကိုဖြစ်စေ၊ စခန်းကိုဖြစ်စေ၊ ကွပ်ကဲသည့် အရာရှိသည်၊ အထက်တွင်ဆိုခဲ့သည့် အာဏာကိုရရှိရမည်။

(င) ကာကွယ်ရေးဦးစီးချုပ်နှင့် ရေတပ်တိုင်းမှူးသည်၊ ပြည်ထောင်စုနိုင်ငံ အစိုးရအသုံးပြုနေသော သင်္ဘောတစင်း၏ အရာရှိများနှင့် သင်္ဘောသားများအပေါ် အခိုက်အတန့်အားဖြင့် အာဏာများရှိသကဲ့သို့၊ ထိုရေယာဉ်တိုင်း၏ အရာရှိများနှင့် ရေတပ်သားများအပေါ်တွင် ထပ်တူအာဏာများရရှိရမည်။

သဘော်များ ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီး ခံရခြင်း၊ သို့ဘည်းမဟုတ် ဘမ်းဆီး ခံရခြင်းနှင့် စပ် လျဉ်းသည့် ပြဋ္ဌာန်းချက်များ။

၁၉၇။ ။(၁) တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံအစိုးရ၏ မည်သည့်သဘော်မဆို ပျက်သည့်အခါ၊ ဆုံးရှုံးသည့်အခါ၊ ဖျက်ဆီးခြင်းခံရသည့်အခါ၊ သို့တည်းမဟုတ် ရန်သူ၏ဘမ်းဆီးခြင်းကို ခံရသည့်အခါ၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ အခြားစစ်သဘော်အစ်ချို့သို့၊ ထိုသဘော်သားများကို နည်းလမ်းတကျ ရွှေပြောင်းမပေးရသေးခဲ့၊ သို့တည်းမဟုတ် ထိုကိစ္စများတွင် ရေတပ်ဓလေ့ထုံးစံနှင့်အညီ အဆိုပါသဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန်ခုံရုံး၊ ရုံးမထိုင်နိုင်သေးခဲ့၊ ၎င်အက်ဥပဒေ၏ကိစ္စများအလို့ငှါ၊ အဆိုပါသဘော်များကို ပြည်ထောင်စုနိုင်ငံအစိုးရက အသုံးပြုနေသေးသည်ဟု မှတ်ယူရမည်။

(၂) အဆိုပါသဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းအတွက်သော်၎င်း၊ အဆိုပါသဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းနှင့် စပ်လျဉ်း၍သော်၎င်း၊ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းကြောင့်သော်၎င်း၊ ထိုရေတပ်တော်၏ အရာရှိတဦးဦးကိုဖြစ်စေ၊ သဘော်သားတဦးဦးကိုဖြစ်စေ၊ အခြားသူတဦးဦးကိုဖြစ်စေ၊ သီးခြားစွပ်စွဲခြင်းမပြုသည့်အခါ၊ အဆိုပါသဘော်၏ အရာရှိများနှင့် သဘော်သားအားလုံးကို၊ သို့တည်းမဟုတ် မသေဘဲ ကျန်ရှိနေသည့် အရာရှိများနှင့် သဘော်သားအားလုံးကို စစ်တရားရုံးတရုံးတည်းဖြင့် အတူတကွ စစ်ဆေးစီရင်နိုင်ခွင့်ပြု၊ ထိုသူအားလုံးကိုသော်၎င်း၊ ထိုသူတို့အနက် တဦးဦးကိုသော်၎င်း၊ စုံစမ်းစစ်ဆေးခဲ့အကြောင်းအရာများအနက်၊ အကြောင်းအရာတခုခုနှင့် စပ်လျဉ်း၍လည်း၊ တိုစစ်တရားရုံးတွင် ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြစ်စေ၊ ပြုပြီး သက်သေခံစေနိုင်သည်။ သို့သော်လည်း အရာရှိ၊သဘော်သား၊ သို့တည်းမဟုတ် အခြားသူမှာ မိမိအပေါ် ပြစ်မှုထင်ရှားစေသည့် သဘောသက်ရောက်နိုင်သော သက်သေခံချက်ပေးရန် တာဝန် မရှိစေရ။

(၃) နိုင်ငံတော်သမတက၊သို့တည်းမဟုတ် စစ်တရားရုံးများဖွဲ့စည်းရန် အာဏာအပ်ထားခြင်းခံရသည့် အရာရှိတဦးဦးက လိုအပ်သည်ဟု မှတ်ယူသည့်အခါ၊ အဆိုပါသဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီး ခံရခြင်းအတွက်ဖြစ်စေ၊ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အဆိုပါ သဘော်ပျက်ခြင်း၊ ဆုံးရှုံးခြင်း၊ ဖျက်ဆီးခံရခြင်း၊ သို့တည်းမဟုတ် ဘမ်းဆီးခံရခြင်းကြောင့်ဖြစ်စေ၊ အဆိုပါအရာရှိများနှင့် သဘော်သားများအနက်၊ တယောက်၊ သို့တည်းမဟုတ် တယောက်ထက်ပိုသော သူများကို စစ်ဆေးစီရင်ခြင်းအတွက် သီးခြားစစ်တရားရုံးများ ရုံးထိုင်စေရမည်။

(၄) အဆိုပါသဘော်ပျက်စီးပြီးနောက်၊ဆုံးရှုံးပြီးနောက်၊ဖျက်ဆီးခံရပြီးနောက်၊ သို့တည်းမဟုတ် ဘမ်းဆီးခံရပြီးနောက်၊ အရာရှိတဦးဦးကဖြစ်စေ၊ ရေတပ်သားတဦးဦးကဖြစ်စေ၊ ကျူးလွန်သည့်ပြစ်မှုတခုမှအတွက် ထိုပြစ်မှုကျူးလွန်သူကို စစ်ဆေး စီရင်ရန် သီးခြားစစ်တရားရုံးတရုံး ရုံးထိုင်စေရမည်။

(၅) တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုနိုင်ငံအစိုးရသဘော်များအနက်၊ သဘော်နှစ်စင်းကိုဖြစ်စေ၊ နှစ်စင်းထက်ပိုသော သဘော်များကိုဖြစ်စေ၊ ကွပ်ကဲရန်အမိန့်ရရှိသည့်အရာရှိတဦးဦး၏သဘော်ပျက်လျှင်၊ ဆုံးရှုံးလျှင်၊သို့တည်းမဟုတ်အခြားနည်းဖြင့် ဖျက်ဆီးခံရလျှင်၊ ထိုအရာရှိသည်၊ မိမိ၏သဘော်ပျက်ချိန်၌ဖြစ်စေ၊ ဆုံးရှုံးချိန်၌ဖြစ်စေ၊

ဖျက်ဆီးခံရချိန်၌ဖြစ်စေ၊ မိမိ၏ကွပ်ကဲမှုအောက်တွင်ရှိသော အခြားသဘော်တစင်းကို သော်၎င်း၊အများကိုသော်၎င်း၊ ဆက်လက်ကွပ်ကဲလျက်ရှိရမည်ပြင်၊ ယင်းသို့ ဖျက်သည့်၊ ဆုံးရှုံးသည့်၊သို့တည်းမဟုတ် ဖျက်ဆီးခံရသည့်သဘော်များမှမသေဘဲ ကျန်ရှိနေကြသော အရာရှိများနှင့် သဘော်သားများအား၊ မိမိ၏ကွပ်ကဲမှုအောက်ရှိ အခြားသဘော်တစင်းတွင် လိုက်ပါကြရမည်ဟု အမိန့်ပေးနိုင်သည်၊ သို့တည်းမဟုတ် မိမိ၏ကွပ်ကဲမှုအောက်တွင် သဘော်တစင်းထက်ပိုနေလျှင်၊ ထိုသဘော်များသို့ ထိုသူများကို ခွဲဝေပို့နိုင်သည်။ ထို့ပြင် ထိုအရာရှိသည်၊ မိမိထက်အဆင့်မြင့်သည့် အခြားအရာရှိ တဦးဦးနှင့် မတွေ့မခြင်း မိမိ၏သဘော်မှာ မပျက်စီး၊ မဆုံးရှုံး၊ သို့တည်းမဟုတ် ဖျက်ဆီးမခံရဘဲ သက်ဆိုင်ကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍ ထပ်တူအာဏာနှင့် အခွင့်အာဏာကို ရရှိရမည်။

အခန်း ၁၆။

သေဆုံးသူများ၊ စစ်ပြေးများနှင့် ရူးသွပ်သူများ၏ပစ္စည်း။

၁၉၀။ ။(၁) ဤအက်ဥပဒေကို လိုက်နာရသော အရာရှိမဟုတ်သူ တဦးဦး သေဆုံးသောအခါ၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသော အခါ၊ သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေးပါဝင်သည့်တပ်အဖွဲ့၊ ဌာန၊ ခွဲထုတ်တပ်၊ သဘော်၊ သို့တည်းမဟုတ် တပ်၏တပ်မှူးသည်၊ ဤကိစ္စအလို့ငှါ ပြဌာန်းသည့် နည်းဥပဒေများနှင့်မဆန့်ကျင်စေဘဲ၊ ဆောလျင်နိုင်သမျှဆောလျင်စွာ—

ဒုသ ဆုံး သော၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသော အရာရှိ မဟုတ် သူများ၏ပစ္စည်း။

(က) သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေးပိုင်ဆိုင်သည့်၊ စခန်းဌာဖြစ်စေ၊ နေထိုင်ရာနေရာဌာဖြစ်စေ၊ ရှိသောရွှေပြောင်းနိုင်သည့်ပစ္စည်းအားလုံးကို ရယူထားရမည့်ပြင်၊ ထိုပစ္စည်းများ၏စာရင်းတခုကိုလည်း ပြုလုပ်စေရမည်။

(ခ) ထိုသူရထိုက်သောလစာနှင့် စရိတ်ကိုထုတ်ယူရမည်။

(ဂ) ထိုသူ၏၊စခန်းဌာဖြစ်စေ၊ နေပိုင်ရာနေရာဌာဖြစ်စေ၊ တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများရှိခဲ့လျှင်၊ ထိုကြွေးမြီများကို ပေးဆပ်ရန်အတွက် ထိုက်သင့်သောငွေ ထားရှိရမည်။

(၂) သေဆုံးသူတဦးနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်လျှင်၊ တပ်မှူးသည်—

(က) ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ စခန်းဌာဖြစ်စေ၊ နေထိုင်ရာနေရာဌာဖြစ်စေ၊ ရှိသည့် တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများကို ပေးဆပ်ရန်သာမက၊ သေဆုံးသူ၏မသာစရိတ်စကများအပြင်၊ သေဆုံးသူ၏ ပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍ တပ်မှူးကကုန်ကျရသည့် စရိတ်စကများရှိခဲ့လျှင်၊ ထိုစရိတ်စကများကိုပါပေးရန် လိုအပ်သည်ဟု မိမိထင်မြင်ယူဆငါက၊ ဘဏ်တွင် (စာတိုက်၊ငွေစုဘဏ်တခုခု၊ သို့တည်းမဟုတ် သမဝါယမဘဏ်တခုခု၊ သို့တည်းမဟုတ် အဖွဲ့တခုခု၊ သို့တည်းမဟုတ် မည်သည့်

အမည်ဖြင့်မဆို ခေါ်ထားစေကာမူ၊ အပ်ငွေများလက်ခံသည့် အခြားအဖွဲ့အစည်းတခုခုပါဝင်သည်)၊ သေဆုံးသူထားခဲ့သည့် ငွေအားလုံးကိုတောင်းယူရမည်။ ထို့ပြင်

(ခ) အခြားကိစ္စတခုခုအတွက်လည်း ထိုငွေများအားလုံးကို တောင်းယူနိုင်သည်။

ထို့ပြင် အထက်တွင်ဆိုခဲ့သည့်ကိစ္စများအတွက်၊ ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်း၏နည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ထိုငွေများကို တပ်မှူးအား ချက်ခြင်းပေးရန် ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်း၏ကိုယ်စားလှယ်၊မန်နေဂျာ၊သို့တည်းမဟုတ် အခြားဆိုင်ရာအရာရှိအားတောင်းဆိုနိုင်သည်။ ထိုသို့တောင်းဆိုသည့်အခါ၊ ထိုကိုယ်စားလှယ်၊ မန်နေဂျာ၊ သို့တည်းမဟုတ် အခြားဆိုင်ရာအရာရှိသည်၊ ထိုသို့တောင်းဆိုသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲ (၂) အရတောင်းဆိုသည့်အတိုင်း လိုက်နာဆောင်ရွက်၍၊ ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်းက ငွေကိုထုတ်ပေးပြီးသောအခါ၊ ထိုဘဏ်၊ အဖွဲ့၊ သို့တည်းမဟုတ် အခြားအဖွဲ့အစည်းအား ထိုငွေနှင့်စပ်လျဉ်း၍ မည်သူ့မှာမျှ တောင်းဆိုပိုင်ခွင့်မရှိစေရ။

(၄) သေဆုံးသူမှာ၊ စခန်းဌာဖြစ်စေ၊ နေထိုင်ရာနေရာဌာဖြစ်စေ၊ တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများရှိခဲ့လျှင်၊ ထိုကြွေးမြီများကိုပေးဆပ်ရန်၊ ထို့ပြင် သေဆုံးသူ၏ မသာစရိတ်စကများပေးရန် အခြားနည်းစိမံရာထားခြင်းမရှိလျှင်၊ ထိုစရိတ်စကများကိုပေးရန်၊ ထို့ပြင် သေဆုံးသူ၏ပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍ တပ်မှူးကကုန်ကျရသည့်စရိတ်စကများရှိခဲ့လျှင်၊ ထိုစရိတ်စကများကိုပေးရန်၊ သေဆုံးသူ၏ကိုယ်စား ဆောင်ရွက်သူက တပ်မှူးကျေနပ်လောက်အောင် ခံဝန်ပေးသောအခါ၊ တပ်မှူးသည်၊ ပုဒ်မခွဲ (၁) နှင့် (၂) အရ လက်ခံရရှိသောပစ္စည်းကို၊ ထိုကိုယ်စား ဆောင်ရွက်သူအား လက်ရောက်ပေးအပ်ရမည်။ ထိုသို့လက်ရောက်ပေးအပ်လိုက်သောအခါ၊ သေဆုံးသူ၏ပစ္စည်းဥစ္စာကို စီမံခန့်ခွဲရေးအတွက် တပ်မှူး၏တာဝန်သည် ရပ်စဲရမည်။

(၅) ပုဒ်မခွဲ (၄) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅ အရ၊ ပစ္စည်းဥစ္စာကို စီမံခန့်ခွဲခြင်းမခံရသည့် သေဆုံးသူတဦး၏ကိစ္စတွင်၎င်း၊ စစ်ပြေးတဦး၏ ကိစ္စတွင်၎င်း၊ တပ်မှူးသည်—

(က) သေဆုံးသူ၏၊ သို့တည်းမဟုတ် စစ်ပြေး၏၊စခန်းဌာဖြစ်စေ၊ နေထိုင်ရာနေရာဌာဖြစ်စေ၊ ရှိသည့် တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများ၊ သေဆုံးသူ၏ မသာစရိတ်စကများရှိခဲ့လျှင်၊ ထိုမသာစရိတ်စကများ၊ ထို့ပြင် သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေး၏ ပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍ တပ်မှူးက ကုန်ကျရသည့်စရိတ်စကများရှိခဲ့လျှင်၊ ထိုစရိတ်စကများ မပျက်မကွက်ပေးဆပ်နိုင်စေခြင်းငှါ၊ သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေး၊ သက်ဆိုင်ရာရာ၏ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းရန်သော်၎င်း၊ ငွေအဖြစ်သို့ ပြောင်းလဲရန်သော်၎င်း၊ လိုအပ်သည်ဟု မိမိထင်မြင်ယူဆလျှင်၊ ထိုရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းစေရမည်၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ပြောင်းလဲစေရမည်၊ ထို့ပြင်

(ခ) အခြားကိစ္စတခုခုအတွက်လည်း၊ ထိုရွှေပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းစေနိုင်သည်၊ သို့တည်းမဟုတ် ငွေအဖြစ်သို့ ပြောင်းလဲစေနိုင်သည်။

(၆) ပုဒ်မခွဲ (၁)၊ (၂) နှင့် (၅) အရ လက်ခံရရှိသည့်၊ ဘောင်ယူရရှိသည့်၊ သို့တည်းမဟုတ် ထုခွဲ၍ရယူသည့်ငွေများထဲမှ၊ သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေး၊ သက်ဆိုင်ရာရာ၏၊ စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ တပ်ကြွေးမြီများနှင့်အခြားကြွေးမြီများရှိခဲ့လျှင်၊ ထိုကြွေးမြီများကို သေဆုံးသူ၊ သို့တည်းမဟုတ် စစ်ပြေး၏ ပစ္စည်းဥစ္စာနှင့်စပ်လျဉ်း၍ တပ်မှူးက ကုန်ကျရသည့်စရိတ်စကများရှိခဲ့လျှင်၊ ထိုစရိတ်စကများကို၊ ထို့ပြင် သေဆုံးသူဘဦး၏ကိစ္စတွင်၊ ထိုသူ၏မသာစရိတ်စကများဆပေးရန်၊ အခြားနည်းစီမံရာထားခြင်းမရှိလျှင်၊ အဆိုပါ မသာစရိတ်စကများကို တပ်မှူးကပေးရမည်။

(၇) ပုဒ်မခွဲ (၆) တွင် သီးခြားဖေါ်ပြထားသည့် ကြွေးမြီများနှင့် စရိတ်စကများကို ပေးပြီးသည့်နောက် ငွေပိုရှိခဲ့လျှင်၊ ထိုပိုငွေကို—

(က) သေဆုံးသူတဦး၏ကိစ္စတွင်၊ သေဆုံးသူ၏ကိုယ်စား ဆောင်ရွက်သူရှိခဲ့လျှင်၊ ထိုကိုယ်စား ဆောင်ရွက်သူအား၊ သို့တည်းမဟုတ် သေဆုံးပြီးနောက် တဆယ့်ခွစ်လအတွင်းထိုပိုငွေ ရထိုက်ကြောင်း ခိုင်လုံသော အထောက်အထား ပြ၍မတောင်းဆိုလျှင်၊ သတ်မှတ်ထားသူအားပေးရမည်၊ ထို့ပြင်

(ခ) စစ်ပြေးတဦး၏ကိစ္စတွင်၊ သတ်မှတ်ထားသူအား ချက်ခြင်းပေးရမည်။ ထို့ပြင် ထိုသူ တပ်မှထွက်ပြေးသည့် နေ့ရက်မှအစပြု၍၊ သုံးနှစ်မကုန်ဆုံးမီ၊ ထိုစစ်ပြေးလာ၍ ဘမ်းဆီးခြင်းမခံလျှင်၊ သို့တည်းမဟုတ် ထိုစစ်ပြေးအားဘမ်းဆီးရမိခြင်းမရှိလျှင်၊ ထိုသုံးနှစ်ကုန်ဆုံးသောအခါ၊ ထိုပိုငွေကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်၊

သို့ရာတွင် ထိုသုံးနှစ်မကုန်ဆုံးမီ၊ ထိုစစ်ပြေးလာ၍ ဘမ်းဆီးခြင်းမခံလျှင်၊ သို့တည်းမဟုတ် ထိုစစ်ပြေးအား ဘမ်းဆီးရမိခြင်းမရှိလျှင်၊ သတ်မှတ်ဆားသူသည်၊ အပိုဒ် (ခ) အရ မိမိလက်ခံရရှိသော ပိုငွေအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ထိုစစ်ပြေး၏ မယားအားသော်ငင်း၊ သားသမီးများအားသော်ငင်း၊ အခြားမှီခိုသူတဦးဦးအားသော်ငင်း၊ ထိုသုံးနှစ်ကာလ အပိုင်းအခြားအတွင်း၊ မည်သည့်အချိန်အခါ၌မဆို ပေးနိုင်သည်။

သေဆုံးသော၊ သို့တည်းမဟုတ် တပ်မှ ထွက် ပြေးသောအရာရှိများ၏ပစ္စည်း။

၁၉၉။ ။ပုဒ်မ ၁၉၀ ပါ ပြဋ္ဌာန်းချက်များသည်၊ အောက်ပါ ပြောင်းလဲပြင်ဆင်ခြင်းများနှင့်မဆန့်ကျင်စေဘဲ သေဆုံးသော၊ သို့တည်းမဟုတ် တပ်မှထွက်ပြေးသောအရာရှိတဦးဦး၏ပစ္စည်းကို စီမံခန့်ခွဲရေးနှင့်လည်း သက်ဆိုင်စေရမည်။

(က) ပုဒ်မ ၁၉၀ အရ၊ တပ်မှူးကဆောင်ရွက်ရမည့် အလုပ်၀တ်တရားများကို၊ ၎င်းကိစ္စအလို့ငှါ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ဖွဲ့စည်းသည့်စီမံခန့်ခွဲရေးကော်မိတီက ဆောင်ရွက်ရမည်။

(ခ) သေဆုံးသော အရာရှိတဦး၏ကိစ္စတွင်၊ပုဒ်မ ၁၉၀ ၏ ပုဒ်မခွဲ (၆) ၌ သီးခြားဖေါ်ပြထားသော ကြွေးမြီများနှင့် စရိတ်စကများကို ပေးပြီးသည့်နောက် ငွေပို ရှိခဲ့လျှင်၊ ထိုငွေကို သာဓုတ်ထားသူအား ပေးရမည်။

စခန်းဌာဖြစ်စေ၊ နေထိုင်ရာ နေရာဌာဖြစ်စေ၊ ရှိသည့် တပ်ကြွေး မြီများ၊ အခြားကြွေးမြီ များနှင့် စပ် လျဉ်း သည့်ပြဿနာများဆုံးဖြတ်ခြင်း၊

၂၀၀။ ။သေဆုံးသောအရာရှိတဦး၏၊သို့တည်းမဟုတ် စစ်ပြေးတဦး၏၊ စခန်းဌာဖြစ်စေ၊ နေထိုင်ရာနေရာဌာဖြစ်စေ၊ ရှိသည့် တပ်ကြွေးမြီများနှင့်အခြားကြွေးမြီများသည်၊ မည်သည်တို့ဖြစ်ကြသည်ဆိုသည့် အချက်နှင့် စပ်လျဉ်း၍၊ သို့တည်းမဟုတ် ထိုပေးဆပ်ရမည့် ကြွေးမြီ မည်ခန့်မည်မျှရှိသည်ဆိုသည့် အချက်နှင့်စပ်လျဉ်း၍ သံသယသော်ငင်း၊ ကွဲလွဲမှုသော်ငင်း၊ရှိလျှင်၊ သတ်မှတ်ထားသောသူ၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ်ဖြစ်စေရမည်ဟုပြင်၊ ကိစ္စအရပ်ရပ်အတွက် အားလုံးသောသူများအပေါ် အတည်ဖြစ်စေရမည်။

တပ်မှူး၊သို့တည်းမဟုတ် ကော်မိတီက ကိုယ် စားဆောင်ရွက် နိုင်သည့် အာဏာများ။

၂၀၁။ ။တပ်မှူး၊ သို့တည်းမဟုတ် စိမံခန့်ခွဲရေးကော်မိတီ၊ သက်ဆိုင်ရာရာက၊ ပုဒ်မ ၁၉၀ အရဖြစ်စေ၊ ပုဒ်မ ၁၉၉ အရဖြစ်စေ၊ မိမိ၏ တာဝန်ဝတ်တရားများကိုဆောင်ရွက်ရာတွင်၊ အခြားအာဏာပိုင်အားလုံးနှင့် အခြားသူအားလုံးက မည်သို့မျှ စွက်ဖက်ခွင့်မရှိစေဘဲ၊ သေဆုံးသူနှင့်သက်ဆိုင်သည့်ကိုယ်စားဆောင်ရွက်နိုင်ခွင့်လက်မှတ်ကို တပ်မှူး၊ သို့တည်းမဟုတ် စိမံခန့်ခွဲရေးကော်မိတီက ရယူထားကိုသက့ဲသို့ ထပ်တူအခွင့်အရေးနှင့် အာဏာများကို ရရှိရမည့်ပြင်၊ ထိုတပ်မှူး၊ သို့ဘည်းမဟုတ် ထိုကော်မိတီ၊ သက်ဆိုင်ရာရာကပေးသောပြေစာသည်လည်း၊ ထိုအခွင့်အရေးနှင့် အာဏာများအရပေးသောခပြေစာကဲ့သို့ အကျိုးသက်ရောက်စေရမည်။

သေဆုံး သူ၏ ပစ္စည်းဥစ္စာကိုအမွေထိန်း မင်းကြီးထံ လွှဲအပ်ရန် နိုင်ငံတော်သမတ၏အာဏာ။

၂၀၂။ ။(၁) အမွေထိန်းမင်းကြီး အက်ဥပဒေ (The Administrator General's Act) တွင် မည်သို့ပင် ပါရှိစေကာမူ၊ အမွေထိန်းမင်းကြီးသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက် များက၊ သို့တည်းမဟုတ် ထိုပြဋ္ဌာန်းချက်များအရ၊ မိမိအား အတိအလင်း ဆောင်ရွက်စေသည့် အတိုင်း၊ သို့တည်းမဟုတ် ဆောင်ရွက်ခွင့်ပြုသည့်အတိုင်းဆောင်ရွက်ရန်ရှိသည်မှတပါး၊ ပုဒ်မ ၁၉၀၊ သို့တည်းမဟုတ် ပုဒ်မ ၁၉၉ ပါပြဋ္ဌာန်းချက်များအရ စိမံခန့်ခွဲထားသော သေဆုံးသူဘဦး၏ ပစ္စည်းတခုခုနှင့်စပ်လျဉ်း၍၊ တနည်းနည်းဖြင့် ကြားဝင်ဆောင်ရွက်ခြင်းမပြုရ။

(၂) နိုင်ငံတော်သမတသည်၊ မည်သည့်အခါမဆို၊ အခြေအနေအရ သင့်တော်မည်ထင်လျှင် တပ်မှူး၊ သို့တည်းမဟုတ် စိမံခန့်ခွဲရေးကော်မိတီအား၊ သေဆုံးသူတဦး၏ ပစ္စည်းဥစ္စာကို စိမံခန့်ခွဲရေးအတွက် အမွေထိန်းမင်းကြီးထံ လွှဲအပ်ရမည်ဟု ညွှန်ကြားနိုင်သည်။ ထို့ပြင် ထိုသို့ညွှန်ကြားသည့်အခါ၊ ထိုတပ်မှူး၊ သို့တည်းမဟုတ် ထိုကော်မိတီသည်၊ အဆိုပါပစ္စည်းဥစ္စာကို အမွေထိန်းမင်းကြီးထံ လွှဲအပ်ရမည်။

(၃) ဤပုဒ်မအရ ပစ္စည်းဥစ္စာကို အမွေထိန်းမင်းကြီးထံ လွှဲအပ်သောအခါ၊ အမွေထိန်းမင်းကြီးသည်၊ အမွေထိန်းမင်းကြီး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိုပစ္စည်းဥစ္စာကို စီမံခန့်ခွဲရမည်။

သို့ရာတွင် သေဆုံးသူ၏၊စခန်း၌ဖြစ်စေ၊နေထိုင်ရာနေရာ၌ဖြစ်စေ၊ တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများရှိခဲ့လျှင်၊ ထိုကြွေးမြီများကို၊ ထိုသူပေးဆပ်ရမည့် အခြားကြွေးမြီတခုခုထက် ဦးစားပေး၍ ပေးဆပ်ရမည်။

(၄) အမွေထိန်းမင်းကြီးသည်၊ကြွေးမြီများနှင့် စရိတ်များကိုပေးပြီးသည့်နောက်၊ မိမိလက်ဝယ်ငွေပိုကျန်နေလျှင်၊ ထိုပိုငွေကို၊ သေဆုံးသူ၏ အမွေစားအမွေခံများအား ပေးရမည်။ ထို့ပြင် အမွေစားအမွေခံကို ရှာဖွေ၍မရလျှင်၊ သတ်မှတ်ထားသောသူထံ၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ထိုပိုငွေကို ပေးအပ်ရမည်။

(၅) အမွေထိန်းမင်းကြီးသည်၊ မိမိ၏လက်ဝယ်ရောက်ရှိသည့် စုစုပေါင်းငွေ၏၊ သို့တည်းမဟုတ် စခန်း၌ဖြစ်စေ၊ နေထိုင်ရာနေရာ၌ဖြစ်စေ၊ ရှိသည့်တပ်ကြွေးမြီများနှင့် အခြားကြွေးမြီများပေးဆပ်ပြီးသည့်နောက်၊ မိမိ၏လက်ဝယ် ကျန်ရှိသည့်ငွေ၏သုံးရာခိုင်နှုန်းထက်ပို၍၊ မိမိ၏တာဝန်ဝတ်တရားများနှင့်စပ်လျဉ်းပြီး အခကြေးငွေမယူရ။

သတ်မှတ်ထားသောသူများက ပိုငွေကို စီမံခန့်ခွဲခြင်း။

၂၀၃။ ။သတ်မှတ်ထားသောသူသည်၊ ပုဒ်မ ၁၉၀ ၏ ပုဒ်မခွဲ (၇) တွင် သော်၎င်း၊ ပုဒ်မ ၁၉၉ ၏ အပိုဒ် (ခ) တွင် သော်၎င်း၊ ပုဒ်မ ၂၀၂ ၏ ပုဒ်မခွဲ (၄) တွင်သော်၎င်း၊ ရည်ညွှန်းထားသည့် ပိုငွေကို လက်ခံရရှိသောအခါ—

(က) သေဆုံးသူနှင့် စပ်လျဉ်း၍ ကိုယ်စားဆောင်ရွက် သူရှိကြောင်း မိမိသိရှိလျှင်၊ ထိုပိုငွေကို ထိုကိုယ်စား ဆောင်ရွက် သူအား ပေးရမည်။

(ခ) ထိုကိုယ်စား ဆောင်ရွက်သူ ရှိကြောင်း မိမိ မသိသည့်ပြင်၊ ပုဒ်မ ၂၀၅ အရ ပိုငွေကို စီမံခန့်ခွဲမှု မပြုရသေးလျှင်လည်း၊ နို့တစ်စာတစောင်ကို၊ သတ်မှတ်ထားသည့် ပုံစံဖြင့်၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ ခြောက်နှစ်ဆက်၍ နှစ်စဉ်နှစ်တိုင်း ထုတ်ပြန်ကျေညာရမည်။ ထို့ပြင် အဆိုပါ နို့တစ်စာများအနက်၊ နောက်ဆုံး နို့တစ်စာထုတ်ပြန်ကျေညာပြီးသည့်နောက် ခြောက်လအတွင်း၊ ထိုသေဆုံးသူနှင့်စပ်လျဉ်းသည့် ကိုယ်စား ဆောင်ရွက် သူတဦးဦးက၊ ထိုပိုငွေကို တောင်းဆိုခြင်း မပြုလျှင်၊ သတ်မှတ်ထားသောသူသည်၊ ထိုပိုငွေကို ထိုငွေမှဖြစ်ထွန်းသည့် အမြတ်အစွန်းနှင့် ဖြစ်စေ၊ ထိုအမြတ်အစွန်းမှ တိုးပွါးလာသည့် အမြတ်အစွန်းများနှင့် ဖြစ်စေ၊ အတူတကွ အစိုးရ၏ ရငွေအဖြစ်အပ်နှံရမည်။

သို့ရာတွင်တဦးတယောက်သောသူမှာထိုပိုငွေကိုအခြားနည်းဖြင့်ရထိုက်ခွင့်ရှိလျှင်၊ ယင်းသို့ အစိုးရရငွေအဖြစ်အပ်နှံခြင်းသည်၊ ထိုပိုငွေကိုဖြစ်စေ၊ ထိုပိုငွေ၏ တစိတ်တဒေသကိုဖြစ်စေ၊ ထိုသူတောင်းဆိုပိုင်ခွင့်ကို တားမြစ်ခြင်းမဖြစ်စေရ။

၂၀၄။ ။သေဆုံးသူတဦး၏ ပစ္စည်းဥစ္စာ တစိတ်တဒေသတွင် ငွေအဖြစ်သို့ မပြောင်းလဲရသေးသည့်ပစ္စည်းအရပ်ရပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားပစ္စည်း ပါဝင်သည့် အခါ၊ ထိုပစ္စည်းအရပ်ရပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားပစ္စည်းများကို လက်ရောက်ပေးအပ်ခြင်း၊ ပို့ပေးခြင်း၊ သို့တည်းမဟုတ် လွှဲပြောင်းခြင်းအတွက်၊ သတ်မှတ်ထားခြင်းမရှိလျှင်၊ ပို့ငွေပေးခြင်းနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၁၉၈ ၏ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၁၉၉ ၏ အပိုဒ် (ခ) နှင့် ပုဒ်မ ၂၀၃ ၏ အပိုဒ် (ခ) ပါ ပြဋ္ဌာန်း ချက်များသည်၊ ၎င်းတို့နှင့်လည်း သက်ဆိုင်စေရမည်။ ထို့ပြင် သတ်မှတ်ထားသောသူသည်၊ သေဆုံးသူနှင့်စပ်လျဉ်းသည့် ကိုယ်စားဆောင်ရွက်သူတဦးကဲ့သို့၊ ထိုပစ္စည်းအရပ်ရပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ငွေအဖြစ်သို့ပြောင်းလဲခြင်းအတွက် ထပ်တူအာဏာရရှိရမည်။

ငွေမဟုတ် သည့် ပစ္စည်း အရပ်ရပ်ကို စီမံခန့်ခွဲခြင်း၊

၂၀၅။ ။သေဆုံးသူနှင့်စပ်လျဉ်းသည့် ကိုယ်စားဆောင်ရွက်သူအား၊ ပုဒ်မ ၁၉၈ အရ ဖြစ်စေ၊ ပုဒ်မ ၁၉၉ အရဖြစ်စေ၊ ပုဒ်မ ၂၀၃ အရဖြစ်စေ၊ လက်ရောက်ပေးအပ်ရမည့် ပစ္စည်း နှင့် ပေးရမည့်ငွေကို၊ ထိုပစ္စည်း၏တန်ဘိုးသည်ထင်း၊ ထိုငွေအရေအတွက်သည်ထင်း၊ ကျပ်ငါးထောင်ထက်မပိုလျှင်၊ ထို့ပြင် သတ်မှတ်ထားသောသူက သင့်တော်သည်ဟုယူဆလျှင်၊ သတ်မှတ်ထားသောသူသည်၊ ထိုပစ္စည်းကိုဖြစ်စေ၊ ထိုငွေကိုဖြစ်စေ၊ လက်ခံရယူပိုင်ခွင့်ရှိသည်ဟု၊ မိမိထင်မြင်သောသူတဦးဦးအား၊ သို့တည်းမဟုတ် သေဆုံးသူ၏ပစ္စည်းဥစ္စာကို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု မိမိထင်မြင်သောသူတဦးဦးအား၊ သေတမ်းစာအတည်ပြု လက်မှတ်ကို ဖြစ်စေ၊ အမွေထိန်းလက်မှတ်ကိုဖြစ်စေ၊ အမွေ ဆက်ခံရန်သက်သေခံလက်မှတ်ကိုဖြစ်စေ၊ ထိုသို့ပိုင်ဆိုင်ခွင့်ရှိကြောင်း အပြီးသတ် သက်သေအထောက်အထားကို ဖြစ်စေ၊ မတင်ပြစေဘဲလက်ရောက် ပေးအပ်နိုင်သည်၊ သို့တည်းမဟုတ် ပေးနိုင်သည်။

သေတမ်းစာ အတည်ပြု လက်မှတ် အစရှိသည်တို့ကို မတင်ပြဘဲ ပစ္စည်းတခုခုကို စီမံခန့်ခွဲခြင်း။

၂၀၆။ ။ပုဒ်မ ၁၉၈၊ ပုဒ်မ ၁၉၉၊ ပုဒ်မ ၂၀၃၊ ပုဒ်မ ၂၀၄၊ သို့တည်းမဟုတ် ပုဒ်မ ၂၀၅ နှင့် အညီ တပ်မှူးကဖြစ်စေ၊ စီမံခန့်ခွဲရေးကော်မိတီကဖြစ်စေ၊ သတ်မှတ်ထားသော သူကဖြစ်စေ၊ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်သည့်သဘော သက်ရောက်စေသော ငွေပေးခြင်း၊ သို့တည်းမဟုတ် ငွေသုံးစွဲခြင်းသည်၊ သို့တည်းမဟုတ် ပစ္စည်းတခုခုကို သုံးစွဲခြင်းသည်၊ လက်ရောက်ပေးအပ်ခြင်းသည်၊ ရောင်းခြင်းသည်၊ သို့တည်းမဟုတ်အခြားစီမံခန့်ခွဲခြင်းသည်၊ ခိုင်လုံရမည်ပြင်၊ ထိုငွေနှင့်ဖြစ်စေ၊ ပစ္စည်းနှင့်ဖြစ်စေ၊ စပ်လျဉ်း၍ တပ်မှူး၊ သို့တည်းမဟုတ် စီမံခန့်ခွဲရေးကော်မိတီ၊ သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၊ သို့တည်းမဟုတ် နိုင်ငံတော်သမတ၊ သက်ဆိုင်ရာရာသည်၊ ဆက်လက်တာဝန်ရှိခြင်းမှ ကင်းလွတ်စေရမည်။ သို့သော်လည်း ဤပုဒ်မတွင်ပါရှိသော မည်သည့်အချက်ကမျှ၊ ထိုသို့ငွေပေးခြင်း၊ သို့တည်းမဟုတ် လက်ရောက်ပေးအပ်ခြင်းခံရသူတဦးဦးအား၊ သေတမ်းစာအတည်ပြုသူကဖြစ်စေ၊ အမွေထိန်းကဖြစ်စေ၊ အခြားကိုယ်စားဆောင်ရွက်သူကဖြစ်စေ၊ သေဆုံးသူ၏မြေရှင်းကဖြစ်စေ၊ တောင်းဆိုနိုင်သည့်အခွင့်အရေးကိုမထိခိုက်စေရ။

တပ်မှူး၊ ကော်မိတီ၊ သတ် မှတ် ထားသောသူ၊ ထို့ပြင် နိုင်ငံတော်သမတတွင် တာဝန် ကင်းလွတ်ခြင်း။

၂၀၇။ ။ပုဒ်မ ၁၉၀ အရသော်ထင်း၊ ပုဒ်မ ၁၉၉ အရသော်ငင်း၊ ပုဒ်မ ၂၀၂ ၏ ပုဒ်မခွဲ (၄) အရသော်ငင်း၊ တပ်မှူး၊ စိမံခန့်ခွဲရေးကော်မီတီ၊သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၏လက်ဝယ်သို့ ရောက်လာသောပစ္စည်းသည်၊ ထိုသို့လက်ဝယ်ရောက်လာသည့် အကြောင်းကြောင့် ထိုတပ်မှူး၊ ထိုကော်မီတီ၊ သို့တည်းမဟုတ် ထိုသတ်မှတ်ထားသောသူတာဝန်ထမ်းဆောင်ရာဖြစ်သည့်နေရာ အရပ်တွင် သေသူကျန်ရှိသည့် ပစ္စည်းဥစ္စာများဖြစ်သည်ဟု မမှတ်ယူရ။ ထို့ပြင် ထိုသို့လက်ဝယ်ရောက်လာသည့် အကြောင်းကြောင့်၊ထိုနေရာအရပ်အတွက်၊ ထိုပစ္စည်းဥစ္စာများနှင့် စပ်လျဉ်း၍ ကိုယ်စားဆောင်ရွက်ခွင့်လက်မှတ်ကိုလည်း ထုတ်မယူစေရ။

တပ်မှူး၊ ကော်မီတီ၊ သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၏ လက်ဝယ်တွင်ရှိသည့် ပစ္စည်းသည် ထိုတပ်မှူး၊ ကော်မီတီ၊သို့တည်းမဟုတ် သတ်မှတ်ထားသောသူ၏ ဘာဝန်ထမ်းဆောင်ရာ ဖြစ်သည့် နေရာအရပ်တွင် သေသူကျန်ရှိသည့် ပစ္စည်းဥစ္စာများမဖြစ်စေရ။

၂၀၈။ ။တပ်မှူး၊ သို့တည်းမဟုတ် စိမံခန့်ခွဲရေး ကော်မီတီသည်၊ ပုဒ်မ ၁၉၀ ၏ ပုဒ်မခွဲ (၇) အရဖြစ်စေ၊ ပုဒ်မ ၁၉၉ ၏အပိုဒ် (ခ) အရဖြစ်စေ၊ သတ်မှတ်ထားသောသူထံ၊ သေဆုံးသူ၏ ပစ္စည်းအနက် ပိုနေသောပစ္စည်းကို အပ်ပြီးသည့်နောက်၊ သေဆုံးသူနှင့် စပ်လျဉ်းသည့် ကိုယ်စား ဆောင်ရွက်သူ၊ သို့တည်းမဟုတ် အမွေထိန်းမင်းကြီးသည်၊ ထိုတပ်မှူးကသော်ငင်း၊ ထိုကော်မီတီက သော်ငင်း၊ စုဆောင်း ထိန်းသိမ်းမထားသည့်ပြင်၊ အထက်ဆိုခဲ့သည့် ပိုနေသောပစ္စည်း တစိတ်တဒေသ အဖြစ်နှင့်လည်း မပါဝင်သည့် သေဆုံးသူ၏ပစ္စည်းနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၁၉၀ နှင့် ၁၉၉ တို့ကိုပြဋ္ဌာန်းခြင်းမပြုဘိသကဲ့သို့၊ စိမံခန့်ခွဲရန်အခွင့်အရေးများနှင့် တာဝန်ဝတ်တရားများရရှိစေရမည်။

ကိုယ်စားဆောင်ရွက်သူ၏အခွင့် အရေးများနှင့်စပ်လျဉ်းသည့်ခြင်းချက်။

၂၀၉။ ။ရူးသွပ်ခြင်းအက်ဥပဒေ (The Lunacy Act) တွင် မည်သို့ပင်ပါရှိစေကာမူ၊ သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အမှန်ရူးသွပ်သည်ဟုစုံစမ်းသိရှိရသော၊ ဤအက်ဥပဒေကိုလိုက်နာရာတွင်၊ ထိုသူရူးသွပ်ခြင်းမှန်ကန်ကြောင်းစုံစမ်းသိရှိရသည့်နေ့ရက်၌၊ ထိုသူသေဆုံးဘိသကဲ့သို့၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟု အကြောင်းကြားခြင်းခံရသော၊ ဤအက်ဥပဒေကို လိုက်နာရာသူတရိုး၏ကိစ္စတွင်၊ ထိုသို့အကြောင်းကြားခြင်း ခံရသည့်နေ့ရက်၌၊ ထိုသူသေဆုံးဘိသကဲ့သို့၊ပုဒ်မ ၁၉၀ မှ ပုဒ်မ ၂၀၀ ထိဖြစ်သော ပုဒ်မများပါပြဋ္ဌာန်းချက်များသည်၊ အဆိုပါသူများနှင့်သက်ဆိုင်နိုင်သမျှသက်ဆိုင်စေရမည်။

ပုဒ်မ ၁၉၀ မှ ပုဒ်မ ၂၀၀ ထိဖြစ်သော ပုဒ်မများသည်၊ ရူးသွပ်သူများ၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံး နေ ပြီ ဟု အကြောင်းကြားခြင်း ခံရသူများနှင့် သက်ဆိုင်ခြင်း။

သို့ရာတွင် ပျောက်ဆုံးနေပြီဟု အကြောင်းကြားခြင်းခံရသူ၏ကိစ္စတွင်၊ ထိုသူသေဆုံးပြီဟု ဆိုင်ရာအာဏာပိုင်ကမှတ်ယူခြင်းမပြုသေးသမျှ၊ ပုဒ်မ ၁၉၀ ၏ ပုဒ်မခွဲ (၂) မှ (၆) တိုဖြစ်သော ပုဒ်မခွဲများအရဖြစ်စေ၊ ပုဒ်မ ၁၉၉ အရဖြစ်စေ၊ ပုဒ်မ ၂၀၂ အရဖြစ်စေ၊ အရေးမယူရ။

၂၁၀။ ။အရာရှိတဦးသေဆုံးသည့်အခါ၊ သို့တည်းမဟုတ် တဝ်မှ ထွက်ပြေးသည့်အခါ၊ သို့တည်းမဟုတ် အမှန်ရှူးသွဝ်သည်ဟု သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စုံစမ်းသိရှိရသည့်အခါ၊ သို့တည်းမဟုတ် တန်းပြည့်စစ်မှုထမ်းချိန်တွင် ပျောက်ဆုံးနေပြီဟုအကြောင်းကြားခြင်းခံရသည့်အခါ၊ ဤအခန်းရှိအထက်ဆိုခဲ့သည့်ပြဋ္ဌာန်းချက်များတွင် စိမံခန့်ခွဲရေးကော်မိတီကို ရည်ညွှန်းသောအခါ၊ ဤကိစ္စအလို့ငှါ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ခန့်အပ်သောအမြဲတန်း စိမံခန့်ခွဲရေးကော်မိတီရှိခဲ့လျှင်၊ ထိုအမြဲတန်း စိမံခန့်ခွဲရေး ကော်မိတီကို ရည်ညွှန်းဘိသကဲ့သို့ အဓိပ္ပါယ်ကောက်ယူရမည်။ ထို့ပြင်ထိုအမြဲတန်းစိမံခန့်ခွဲရေးကော်မိတီကသာ ဤအမင်္ဂလာပါစိမံခန့်ခွဲရေးကော်မိတီ၏ အလုပ်ဝတ်တရားများကိုဆောင်ရွက်ခွင့်ရရှိရမည်။

အသိုကိစ္စများတွင်အမြဲတန်းစိမံခန့်ခွဲရေးကော်မိတီခန့်အပ်ခြင်း။

အခန်း ၁၇။

အယူခံခြင်းများ။

၂၁၁။ ။(၁) စစ်ဘက်အယူခံ တရားရုံးတရုံးရှိရမည်။ ထိုစစ်ဘက်အယူခံတရားရုံး၏ တရားသူကြီးများသည်၊ အောက်ပါအတိုင်းဖြစ်ရမည်။

စစ်ဘက်အယူခံတရားရုံးဖွဲ့စည်းခြင်း။

(က) နိုင်ငံတော်တရားဝန်ကြီးချုပ်က၊ ဤကိစ္စအလို့ငှါ၊ တရားလွှတ်တော်တရားဝန်ကြီးများထဲမှအခါအားလျော်စွာရွေးချယ်သောတရားလွှတ်တော်တရားဝန်ကြီးများ၊

(ခ) နိုင်ငံတော် တရား ဝန်ကြီးချုပ်က၊ ဤကိစ္စအလို့ငှါ၊ တပ်မတော်ရှိ ဒုတိယဗိုလ်မှူးကြီးအဆင့်အောက်မနိမ့်သော အရာရှိများထဲမှ အခါအားလျော်စွာ ရွေးချယ်သောအရာရှိများ၊ ထို့ပြင်

(ဂ) အစိုးရအမှုထမ်းမဟုတ်သည့် ဥပဒေကျွမ်းကျင်သူများထဲမှ နိုင်ငံတော်တရားဝန်ကြီးချုပ်က ခန့်အပ်သူများ။

(၂) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) အရ၊ စစ်ဘက်အယူခံတရားရုံး၏ တရားသူကြီးများအဖြစ်ခန့်အပ်ခြင်းခံရသူများအား၊ နိုင်ငံတော်သမတက ဆုံးဖြတ်သည့် အခကြေးငွေ၊ ခရီးစရိတ်နှင့် စားစရိတ်ပေးနိုင်သည်။

(၃) နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်တရားဝန်ကြီးချုပ်က ခန့်အပ်သောစစ်ဘက်အယူခံတရားရုံး၏အတွင်းဝန်တဦးရှိရမည်။ ထို့ပြင် နိုင်ငံတော်တရားဝန်ကြီးချုပ်သည်၊ စစ်ဘက်အယူခံတရားရုံး၏ အခြားအရာရှိများနှင့် အမှုထမ်းများကို မိမိဆုံးဖြတ်သည့်အတိုင်း နိုင်ငံတော်သမတက သဘောတူညီသောအရေအတွက်ထက်မပိုစေဘဲ ခန့်အပ်နိုင်သည်။

၂၁၂။ ။(၁) ဤအခန်းအရအယူခံမှုများကိုဖြစ်စေ၊ အယူခံမှု၏ အစအဦး ကိစ္စတခုခုကိုဖြစ်စေ၊ အယူခံမှုမဖြစ်ပေါ်လာသောကိစ္စတခုခု ကိုဖြစ်စေ၊ ကြားနာစစ်ဆေးဆုံးဖြတ်ရန်အလို့ငှါ နိုင်ငံတော် တရားဝန်ကြီးချုပ်က ထုတ်သည့်ညွှန်ကြားချက်များနှင့်အညီ စစ်ဘက်အယူခံတရားရုံးကို ဆင့်ခေါ်ရမည်။ ထို့ပြင် ထိုစစ်ဘက်အယူခံတရားရုံးတွင် အောက်ပါအတိုင်း တရားသူကြီးများပါဝင်လျှင်၊ ထိုစစ်ဘက်အယူခံတရားရုံးသည်၊ နည်းလမ်းတကျဖွဲ့စည်းပြီးဖြစ်သော စစ်ဘက် အယူခံတရားရုံးဖြစ်သည်ဟုမှတ်ယူရမည်။

စစ်ဘက် အယူခံတရားရုံးနှင့်သက်ဆိုင်သော ဖြည့်စွက်ပြဋ္ဌာန်းချက်များ။

(က) သုံးဦးအောက်မလျော့သော၊ စုံ မဟုတ်သည့် အရေအတွက်ရှိသော တရားသူကြီးများ၊ ထို့ပြင်

(ခ) (၅)အခန်း၌နောက်တွင်ပါရှိသည့်ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ)ပုဒ်မ ၂၁၁၊ ပုဒ်မခွဲ(၁)၏ အပိုဒ်(က)တွင် ဖော်ပြထားသည့် တရားသူကြီးများအနက် အနည်းဆုံး တရားသူကြီးတဦးနှင့် အပိုဒ်(ခ)တွင် ဖော်ပြထားသည့် တရားသူကြီးများအနက် အနည်းဆုံးတဦး။

(၂) စစ်ဘက်အယူခံတရားရုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာဖြစ်စေ၊ ပြင်ပမှာဖြစ်စေ၊ နိုင်ငံတော်တရားဝန်ကြီးချုပ်က ညွှန်ကြားသည့်နေရာတွင် ရုံးထိုင်ရမည်။

(၃) စစ်ဘက်အယူခံတရားရုံးတွင် ပြဿနာတရပ်ရပ်ကို ဆုံးဖြတ်ခြင်းသည်၊ အမှုကိုကြားနာစစ်ဆေးသည့် တရားသူကြီးများအနက်၊ များရာတရားသူကြီးများ၏ ထင်မြင်ယူဆချက်အတိုင်းဖြစ်စေရမည်။

(၄) စစ်ဘက် အယူခံတရားရုံးသည်၊ အထက်မော်ကွန်း ရုံးတရုံးဖြစ်ရမည်။ ထို့ပြင် စစ်ဘက်အယူခံတရားရုံး၌အမှုတခုခုတွင် တရားမျှတမှုရှိအောင် ဆောင်ရွက်ရန် အတွက် ဆုံးဖြတ်အပ်သည့်ပြဿနာတရပ်ရပ်ကို၎င်းအခန်း၏ကိစ္စများအလို့ငှါ၎င်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအခန်းပါပြဋ္ဌာန်းချက်များအတိုင်း ဆုံးဖြတ်ရန် အာဏာကုန်ရှိစေရမည်။

(၅) နိုင်ငံတော်တရားဝန်ကြီးချုပ်၏ ရာထူးလစ်လပ်လျှင်ဖြစ်စေ၊ နိုင်ငံတော် တရားဝန်ကြီးချုပ်အလုပ်ခွင်၌မရှိခြင်းကြောင့်၊ သို့တည်းမဟုတ် အခြားအကြောင်းတခုခုကြောင့် နိုင်ငံတော်တရားဝန်ကြီးချုပ်သည် မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ်တရားများကို မဆောင်ရွက်နိုင်လျှင်ဖြစ်စေ၊ ဤပုဒ်မအရ နိုင်ငံတော်တရားဝန်ကြီးချုပ်က ထုတ်နိုင်သော ညွှန်ကြားချက်များကို နိုင်ငံတော်တရားဝန်ကြီးချုပ်နောက် ဝါအရင့်ဆုံးဖြစ်သော တရားလွှတ်တော်ချုပ်တရားဝန်ကြီးက ထုတ်ရမည်။

၂၁၃။ ။(၁) စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည်၊ မိမိအား ပြစ်မှုထင်ရှားစီရင်ခြင်းကို ဤအခန်းနှင့် မဆန့်ကျင်စေဘဲ၊ စစ်ဘက်အယူခံတရားရုံးတွင် အယူခံနိုင်သည်။

စစ်တရားရုံး၏ ဆုံး ဖြတ်ချက်ကိုအယူခံနိုင်ခွင့်။

(၂) သေဒဏ်ပါဝင်သည့် ပြစ်မှုထင်ရှားစီရင်ခြင်းမှတပါး၊ စစ်တရားရုံးတရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား၊ ပုဒ်မခွဲ (၁) ဖြင့် ပေးအပ်ထားသော အခွင့်အရေးကို—

(က) ထိုသူက ဆိုင်ရာအာဏာပိုင်ထံ မိခိအားပြစ်မှုထင်ရှားစီရင်ခြင်း ပယ်ဖျက်ပေးရန် လျှောက်လွှာကို သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း ပုဒ်မ ၁၆၁ ၏ ပုဒ်မခွဲ (၂) နှင့်အညီ မတင်လျှင် သုံးစွဲခြင်းမပြုရ၊ ထို့ပြင်

(ခ) ထိုသို့လျှောက်လွှာတင်သည့်နေ့ရက်မှ အစပြုသော၊ သတ်မှတ်ထားသည့် ကာလအပိုင်းအခြားမကုန်ခင်းသို့တည်းမဟုတ် ထိုလျှောက်လွှာနှင့် စပ်လျဉ်း၍ မိမိမကျေနပ်သည့်အမိန့်ချမှတ်ကြောင်းကို ထိုအာဏာပိုင်က မိမိအား အကြောင်းမကြားမခင်း၊ ထိုကာလအပိုင်းအခြားကုန်ဆုံးခြင်းနှင့် ထိုသို့အကြောင်းကြားခြင်းအနက်၊ ထိုကာလအပိုင်းအခြားကုန်ဆုံးခြင်းမှာ ထိုသို့ အကြောင်းကြားခြင်းထက် ဦးစွာဖြစ်လျှင်၊ ထိုကာလအပိုင်းအခြားမကုန်မခင်းသုံးစွဲခြင်းမပြုရ။ အကယ်၍ ထိုသို့ အကြောင်းကြားခြင်းမှာ ထိုကာလအပိုင်းအခြား ကုန်ဆုံးခြင်းထက် ဦးစွာဖြစ်လျှင်၊ ထိုသို့အကြောင်းမကြားမခင်းသုံးစွဲခြင်းမပြုရ။

(၃) စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများ၌ သီးခြားဖေါ်ပြထားသော အခြေအနေများတွင် ထိုနည်းဥပဒေများ၌ သီးခြားဖေါ်ပြထားသော သူထံတင်သွင်းသည့် ပုဒ်မခွဲ (၂) တွင် ဖေါ်ပြထားသော လျှောက်လွှာသည်၊ ထိုပုဒ်မခွဲ၏ကိစ္စများအလို့ငှါ၊ ဆိုင်ရာအာဏာပိုင် ထံတင်ပြီးသည့် လျှောက်လွှာဖြစ်ဘိုသကဲ့သို့ ယူဆရမည်ဟု ထိုနည်းဥပဒေများက ပြဋ္ဌာန်းနိုင်သည်။

အယူခံလွှာ တင်သွင်းခြင်း။

၂၁၄။ ။(၁) စစ်ဘက်အယူခံတရားရုံးသို့ တင်ရန်အယူခံလွှာကို အတွင်းဝန်ထံ သတ်မှတ်ထားသော ကာလ အပိုင်းအခြားအတွင်း တင်သွင်းရမည်။

(၂) စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများ၌ သီးခြားဖေါ်ပြထားသော အခြေအနေများတွင် ထိုနည်းဥပဒေများ၌ သီးခြားဖေါ်ပြထားသောသူ (အတွင်းဝန်မဟုတ်သူ) ထံတင်သွင်းသည့် ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသော အယူခံလွှာသည်၊ ထိုပုဒ်မခွဲ၏ကိစ္စများအလို့ငှါ၊ အတွင်းဝန်ထံတင်သွင်းပြီးသည့်အယူခံလွှာဖြစ်ဘိသကဲ့သို့ ယူဆရမည်ဟု ထိုနည်းဥပဒေများကပြဋ္ဌာန်းနိုင်သည်။

(၃) ပုဒ်မခွဲ (၂) ကိုအကြောင်းပြု၍ အကျိုးသက်ရောက်သည့် စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများနှင့်အညီ၊ အတွင်းဝန်မဟုတ်သော အခြားသူတဦးထံ အယူခံလွှာတင်သွင်းသောအခါ ထိုအခြားသူသည်၊ ထိုအယူခံလွှာကိုဆောလျင်စွာ ဆောလျင်စွာ အဘွင်းဝန်ထံသို့ပို့ရမည်မှာ ထိုအခြားသူ၏တာဝန် ဝတ်တရားဖြစ်ရမည်။

သာမန် အမှုများ တွင် အယူခံ မှုများကို ဆုံးဖြတ်ခြင်း။

၂၁၅။ ။(၁) ပုဒ်မ ၂၁၆ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအခန်းအရအယူခံမှုနှင့်စပ်လျဉ်း၍ စစ်တရားရုံး၏ဆုံးဖြတ်ချက်သည်၊ သက်သေခံအထောက်အထားမရှိသဖြင့် မဖြစ်နိုင်ဟု၊ သို့တည်းမဟုတ် ထိုဆုံးဖြတ်ချက်တွင် ဥပဒေကြောင်းဆိုင်ရာ ပြဿနာတရပ်ကို မှားယွင်းစွာ ဆုံးဖြတ်ထားခြင်း

ပါဝင်သည်ဟု၊သို့တည်းမဟုတ် ထိုဆုံးဖြတ်ချက်သည်၊အကြောင်းတခုခုကြောင့် တရား စီရင်မှု လွဲမှားသည်ဟုစစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ ထိုတရားရုံးသည်၊ အယူခံမှုကိုခွင့်ပြုရမည်။ အဆိုပါ အကြောင်းတခုခုမရှိလျှင်၊ အယူခံမှုကိုပယ်ရမည်။

သို့ရာတွင် စစ်ဘက်အယူခံ တရားရုံးသည်၊ အယူခံမှုတွင် ထုတ်ဖော်ပြသည့် အချက်ကို အယူခံတရားလို၏ အကျိုးအတွက်ဆုံးဖြတ်ပေးနိုင်သည်ဟု၊ မိမိထင်မြင်ယူဆ စေကာမူ၊ အရေးယူလောက်သည့် တရားစီရင်မှုလွဲမှားခြင်း အနှောင့်အစ်ပေါ်ပေါက်ဟု ယူဆလျှင်၊ အယူခံမှုကို ပယ်နိုင်သည်။

(၂) စစ်ဘက်အယူခံ တရားရုံးသည်၊ ဤအခန်းအရ အယူခံမှုကိုခွင့်ပြုလျှင်၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရမည်။

စစ်ဘက် အယူခံ တရားရုံး၏ အာဏာများ။

၂၁၆။ ။(၁) အယူခံတရားလိုတဦးအား စစ်ဆေးစီရင်သည့်စစ်တရားရုံးက၊ ထိုသူကိုစွဲဆိုသည့်စွဲချက်အချို့အတွက်ပြစ်မှုထင်ရှားစီရင်ခြင်းသည် နည်းလမ်းတကျ မရှိသော်လည်း၊ စွဲဆိုသည့်အခြားစွဲချက်အချို့အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းသည် နည်းလမ်းတကျရှိသည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ ထို့နောက် အခြားစွဲချက်အတွက်၊ ထိုအယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်ခြင်း ခံရစေသည့် ပြစ်မှုနှင့် စပ်လျဉ်း၍၊ ထိုသူ့အပေါ် စစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်သည်၊ ဤအက်ဥပဒေက ခွင့်ပြုသော ပြစ်ဒဏ်မဟုတ်လျှင်၊ စစ်ဘက်အယူခံတရားရုံးသည်၊ ထိုသူအပေါ်စစ်တရားရုံးက ချမှတ်သည့်ပြစ်ဒဏ်အစား၊ ဤအက်ဥပဒေကခွင့်ပြုသည့်ပြင်၊ အယူခံတရားရုံးက သင့်မြတ် လျော်ကန်သည်ဟုလည်း ယူဆသောပြစ်ဒဏ်ကို ထိုသူအပေါ် ချမှတ်ရမည်။

(၂) အယူခံ တရားလိုတဦးသည်၊ ပြစ်မှုတခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီး၊ ထိုသူအား စစ်ဆေးစီရင်သည့် စစ်တရားရုံးက၊ အခြားပြစ်မှုအတွက် အပြစ်ရှိသည်ဟု တရားဥပဒေနှင့်အညီ ဆုံးဖြတ်နိုင်မည့်အခါ၊ ထို့ပြင် ထိုသူအား ထိုအခြားပြစ်မှုအတွက် အပြစ်ရှိကြောင်း ထင်ရှားစေသည့် အကြောင်းခြင်းရာများ ရှိကြောင်းကို စစ်တရားရုံးက ကျေနပ်ပြီးဖြစ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆသောအခါ၊ စစ်ဘက်အယူခံတရားရုံးသည်၊ အယူခံမှုကို ခွင့်ပြုမည့်အစား၊ သို့တည်းမဟုတ် ပယ်မည့်အစား၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်ကို၊ အခြားပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်နှင့် အစားထိုးနိုင်သည်။ ထို့ပြင် စစ်တရားရုံးက ထိုသူ့အပေါ်ချမှတ်သည့် ပြစ်ဒဏ်အစား၊ စစ်ဘက်အယူခံတရားရုံးက သင့်တော်လျော်ကန်သည်ဟု ထင်သည့် အတိုင်း၊ ထိုအခြားပြစ်မှုအတွက်၊ ဤအက်ဥပဒေက ခွင့်ပြုသည့်ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။ သို့သော်လည်း အစားထိုးချမှတ်သည့်ပြစ်ဒဏ်သည်၊ စစ်တရားရုံးက ချမှတ်ခဲ့သည့် ပြစ်ဒဏ်ထက်ပို၍ မကြီးလေးစေရ။

(၃) (က) ကြီးလေးသော ပြစ်ဒဏ်နှင့် ပေါ့သည့်ပြစ်ဒဏ် နှစ်မျိုးအနက်၊ ကြီးလေးသော ပြစ်ဒဏ်နှင့် အကျုံးဝင်သည့် အခြေအနေတွင် ကျူးလွန်သော ပြစ်မှုတခုအတွက်၊ အယူခံတရားလို တဦးသည်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အခါ၊ ပေါ့သည့်ပြစ်ဒဏ်နှင့်အကျုံးဝင်သောအခြေအနေတွင် ထိုပြစ်မှုကိုကျူးလွန်ဘိသကဲ့သို့ ထိုသူမှာ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ထိုသူအား စစ်ဆေးစီရင်သည့်

စစ်တရားရုံးက ဆုံးဖြတ်သင့်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) အယူခံတရားလိုတဦးသည်၊ ပြစ်မှုတခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ၊ ထိုသူအား စစ်ဆေးစီရင်သည့် စစ်တရားရုံးက၊ ခြွင်းချက်များ၊ သို့တည်းမဟုတ် ပြောင်းလဲချက်များပြုလုပ်၍၊ ထိုသူသည်၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ် သင့်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊

စစ်ဘက်အယူခံတရားရုံးသည်၊ အယူခံခြင်းကို ခွင့်ပြုမည့်အစား၊ သို့တည်းမဟုတ် ပယ်မည့်အစား၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို၊ ပေါ့သောပြစ်ဒဏ်နှင့် အကျုံးဝင်သည့်အခြေအနေများတွင် ထိုပြစ်မှုကို ကျူးလွန်ကဲသကဲ့သို့ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်းဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ခြွင်းချက်များကိုဖြစ်စေ၊ ပြောင်းလဲချက်များကိုဖြစ်စေ၊ ပြုလုပ်၍၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်၊ သက်ဆိုင်ရာနှင့်အစားထိုးနိုင်သည်ပြင်၊ စစ်တရားရုံးက၊ ထိုသူအပေါ်ချမှတ်သည့်ပြစ်ဒဏ်ကို၊ သီးခြားဖေါ်ပြထားသောပြစ်မှုအတွက်ဖြစ်စေ၊ အစားထိုးထားသည့်ဆုံးဖြတ်ချက်တွင်ပါဝင်သောပြစ်မှုအတွက်ဖြစ်စေ၊ ဤအက်ဥပဒေက ခွင့်ပြုသည်လည်းဖြစ်၍၊ ပို၍မကြီးသည်လည်းဖြစ်သော၊ စစ်ဘက်အယူခံတရားရုံးက သင့်တော်လျောက်နှန်သည်ဟုလည်း ယူဆသည့်ပြစ်ဒဏ်တရပ်ကို၊ အယူခံတရားလိုအပေါ် အစားထိုးချမှတ်နိုင်သည်။

(၄) အယူခံသည့်အခါ၊ အယူခံတရားလိုသည်၊ စွပ်စွဲသည့်ပြုလုပ်မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှုအတွက် အပြစ်ရှိသော်လည်း၊ ထိုပြုလုပ်မှု၊ သို့တည်းမဟုတ် ပျက်ကွက်မှု ကျူးလွန်သည့် အချိန်၌၊ ထိုသူသည်ရူးသွပ် နေသည်ဖြစ်၍၊ ၎င်း၏ပြုမူမှုအတွက်၊ တရားဥပဒေအရ တာဝန်မရှိဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ စစ်ဆေးစီရင်သည့် အခါက ချမှတ်သည့်ပြစ်ဒဏ်ကို စစ်ဘက်အယူခံတရားရုံးက ပယ်ဖျက်နိုင်သည်ပြင်၊ အယူခံတရားလိုအား ပြစ်မှုထင်ရှားစီရင်သည့် စစ်တရားရုံးက၊ ရူးသွပ်သည်ဟု အထူးဆုံးဖြတ်ချက်တရပ် ချမှတ်သည်တွင် အမိန့်ပေးသည့်နည်းအတူ၊ အယူခံတရားလိုကို အချုပ်နှင့်ထားရန် အမိန့်ပေးနိုင်သည်။

(၅) ဤပုဒ်မ၏ အထက်တွင် ဆိုခဲ့သည့်ပြဋ္ဌာန်းချက်များအနက်၊ ပြဋ္ဌာန်းချက်တခုခုအရ၊ စစ်ဘက်အယူခံတရားရုံးက ချမှတ်သည့်ပြစ်ဒဏ်တခုခုသည်၊ စစ်ဘက်အယူခံတရားရုံးက အခြားနည်းညွှန်ကြားခြင်းမပြုလျှင်၊ အယူခံဝင်သည့် မူလအမှုတွဲတွင်၊ ထိုပြစ်ဒဏ်ကိုချမှတ်ခဲ့သော်၊ ထိုပြစ်ဒဏ်အစပြုမည့် အချိန်မှအစပြုရမည်။ ထို့ပြင် စစ်ဘက်အယူခံတရားရုံးက အထက်တွင်ဆိုခဲ့သည့်အတိုင်း ချမှတ်သည့်ပြစ်ဒဏ်သည်၊ ထိုစစ်တရားရုံးက ချမှတ်သည့်ပြစ်ဒဏ် ဖြစ်သည်ဟုမှတ်ယူရမည်။

၂၁၇။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ အယူခံ ဝင်မှုတွင်၊ စစ်ဘက်အယူခံတရားရုံးက ဆုံးဖြတ်ချက်ချသော နေ့ရက်မှအစပြု၍ တဆယ့်လေးရက်အတွင်း၊ နိုင်ငံတော်ရှေ့နေချုပ်ထံ၊ ထိုကိစ္စအလို့ငှါလျောက်လွှာတင်သွင်းလျှင်၊ နိုင်ငံတော်ရှေ့နေချုပ်က စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်တွင်အများပြည်သူနှင့်ပတ်သက်သည့် အထူးအရေးကြီးသော ဥပဒေကြောင်း ဆိုင်ရာ အချက်တခုပါဝင်နေသည့်ပြင် အများပြည်သူအကျိုးအတွက် ထပ်မံအယူခံဝင်သင့်ကြောင်း ထွေ့ာက်ခံ

တရား လွှတ်တော် ချုပ်သို့ အယူခံ ဝင်ခြင်း ကို ထောက်ထား၍ စစ်ဘက် အယူခံတရားရုံး၏ ဆုံးဖြတ်ချက်သည်၊ အပြီး အပြတ် ဖြစ်စေရမည်။

ချက်လက်မှတ်ကို လျှောက်ထားသူအားပေးလျှင်၊ ထိုထောက်ခံချက်လက်မှတ်ရရှိသူ၌၊ စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်ကို တရားလွှတ်တော်ချုပ်တွင် အယူခံဝင်ခွင့် ရှိသည်။ သို့သော်လည်း ဤပုဒ်မပါ အဆိုက်ဖေါ်ပြခဲ့သော ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ စစ်ဘက်အယူခံ တရားရုံးက အယူခံဝင်မှုကို ဆုံးဖြတ်ခြင်းသည်၊ သို့တည်းမဟုတ် စစ်ဘက်အယူခံတရားရုံးက ဆုံးဖြတ်ရန်အာဏာရှိသော အခြားကိစ္စကိုဆုံးဖြတ်ခြင်းသည်၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံတရားစီရင်ရေး အက်ဥပဒေ၏ ပုဒ်မ ၆ တွင် မည်သို့ပင်ပါရှိစေကာမူ၊ အပြီးအပြတ် ဖြစ်စေရမည်။ ထို့ပြင် စစ်ဘက်အယူခံတရားရုံး၏ဆုံးဖြတ်ချက်ကို၊ အခြားမည်သည့်တရားရုံးတွင်မျှ၊ အယူခံဝင်ခွင့်မရှိစေရ။

စစ်ဘက်အယူခံတရားရုံးက၊ အယူခံဝင်မှုကို ခွင့်ပြုပြီးနောက်၊ စစ်ဘက်အယူခံတရားရုံး၏ ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ကို ချမှတ်ပြီးလျှင်ပြီးခြင်း၊ နိုင်ငံတော်ရှေနေချုပ်ထံအထက်တွင်ဆိုခဲ့သည့် ထောက်ခံချက်လက်မှတ်အတွက်၊ လျှောက်ထားရန် ကြီးရွယ်ကြောင်းကို စစ်ဘက်အယူခံတရားရုံးအား အကြောင်းကြားသောအခါ၊ နိုင်ငံတော်ရှေနေချုပ်က ထောက်ခံချက်လက်မှတ်ပေးရန် ငြင်းပယ်သည့်တိုင်အောင်၊ သို့တည်းမဟုတ် တရားလွှတ်တော်ချုပ်က အယူခံဝင်မှုတွင် ဆုံးဖြတ်ချက် ချမှတ်ပြီးသည့်တိုင်အောင်၊ သို့တည်းမဟုတ် အယူခံဝင်ခြင်းကို လက်လျှော့လိုက်သည့် တိုင်အောင်၊ တရားခံအား ချုပ်ထားခွင့်သော်ငင်း၊ တရားခံအား အချုပ်မှမလွှတ်ရန် ညွှန်ကြားချက်သော်ငင်း၊ ပါရှိသည့်အမိန့်ကို၊ စစ်ဘက်အယူခံတရားရုံးက ထုတ်နိုင်သည်။

စစ်ဘက် အယူခံ တရားရုံး၏ ဖြည့်စွက် အာဏာများ။

၂၁၈။ ။(၁) ဤအခန်းပါကိစ္စများအလိုငှါ၊ တရားမျှတမှုရှိစေရန် လိုအပ်သည်၊ သို့တည်းမဟုတ် လျော်ကန် သင့်မြတ်သည်ဟု စစ်ဘက် အယူခံတရားရုံးက ထင်မြင်ယူဆလျှင်၊ ထိုစစ်ဘက် အယူခံတရားရုံးသည်—

(က) အမှုဆုံးဖြတ်ရေးအတွက် တင်ပြရန်လိုအပ်သည်ဟု ယူဆပါက၊ မှုခင်းကိစ္စ ဆောင်ရွက်ချက်များနှင့် စပ်ဆိုင်သော စာတမ်းအမှတ်အသားကိုဖြစ်စေ၊ သက်သေခံ ပစ္စည်းကိုဖြစ်စေ၊ အခြားအရာကိုဖြစ်စေ၊ တင်ပြရန်အမိန့်ပေးနိုင်သည်။

(ခ) အမှုနှင့် ဖြစ်စေ၊ ထိုအမှုတွင်ပေါ်ပေါက်သည့် အချက်အလက်တခုနှင့်ဖြစ်စေ၊ စပ်လျဉ်း၍၊ စစ်ဆေးစီရင်သော စစ်တရားရုံး၏ အဖွဲ့ဝင်တဦးဦး၊ သို့တည်းမဟုတ် စစ်ဆေးစီရင်ရာတွင် စစ်ဥပဒေအရာရှိအဖြစ်ဖြင့်ဆောင်ရွက်သူ၏ ထင်မြင်ယူဆချက်ကို ဖေါ်ပြထားသော၊ သို့တည်းမဟုတ် အမှု၏အကြောင်းခြင်းရာတခုခုအကြောင်းရေးသားပါရှိသော အစီရင်ခံစာတစောင်ကို အမှုစီရင်ဆုံးဖြတ်ရန်အတွက်၊ အမှန်သိရှိနိုင်ရန် အလိုငှါ၊ စုံစမ်းရန်လိုအပ်သည်ဟု စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆပါက၊ အယူခံတရားလိုအား စစ်ဆေးစီရင်သော စစ်တရားရုံး၏ အဖွဲ့ဝင် တဦးဦးထံမှသော်ငင်း၊ စစ်ဆေးစီရင်ရာတွင် စစ်ဥပဒေအရာရှိအဖြစ်ဖြင့်ဆောင်ရွက်သူထံမှသော်ငင်း၊ ရယူရေးအတွက် လိုအပ်သလို အရေးယူဆောင်ရွက်ရန် အမိန့်ပေးနိုင်သည်။

(ဂ) စစ်ဆေးစီရင်ရာတွင် ဆင့်ခေါ်ခြင်းခံခဲ့ရသည်ဖြစ်စေ၊ဆင့်ခေါ်ခြင်းမခံခဲ့ရသည်ဖြစ်စေ၊ စစ်ဆေးရာတွင် မျက်မကွက် လာရောက်အစစ်ခံရန် အတင်းအကျပ် ဆင့်ခေါ်ခြင်းခံရမည့် မည်သည့်သက်သေကိုမဆို စစ်ဘက်အယူခံတရားရုံးသို့ လာရောက်ရန်နှင့် စစ်မေးခြင်းခံရန် အမိန့်ပေးနိုင်သည်၊ သို့တည်းမဟုတ် ထိုသက်သေများအား စစ်မေးခြင်းကို စစ်ဘက်အယူခံတရားရုံး၏ တရားသူကြီး တဦးဦးရှေ့တွင် သော်၎င်း၊ စစ်ဘက်အယူခံတရားရုံးက ထိုကိစ္စအလို့ငှါ၊ ခန့်အပ်သော အခြားသူတဦးဦး ရှေ့တွင်သော်လည်း၊ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းပြုလုပ်ဆောင်ရွက်ရန် အမိန့်ပေးနိုင်သည်။ ထို့ပြင် ထိုသို့ရယူသည့် အစစ်ခံချက်များကို စစ်ဘက်အယူခံ တရားရုံးတွင် သက်သေခံအဖြစ်ဖြင့် ခွင့်ပြုနိုင်သည်။

(ဃ) မျက်မကွက် လာရောက်အစစ်ခံရန် အတင်းအကျပ် မဆင့်ခေါ်နိုင်သော်လည်း သက်သေခံရန် အရည်အချင်းရှိသည့် သက်သေများ (အယူခံတရားလိုပါဝင်သည်)၏ သက်သေခံချက်ကို တင်ပြလျှင်၊ ထိုသက်သေခံချက်ကို လက်ခံနိုင်သည်။

(င) အယူခံမှုဌာနေပါဝေါက်သောပြဿနာတခုခုတွင် စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ ဌေစာရင်းများကိုဖြစ်စေ၊ အချိန်ကြာမြင့်စွာစစ်ဆေးခြင်း၊ သို့တည်းမဟုတ် သိပ္ပံပညာအရ စစ်ဆေးခြင်း၊ သို့တည်းမဟုတ် နေရာဌာနများ ကြည့်ရှုစစ်ဆေးခြင်းပါဝင်ရာတွင်၊ စစ်ဘက်အယူခံတရားရုံး၌ အကြောင်းညီညွတ်စွာဆောင်ရွက်နိုင်မည် မဟုတ်ဟု ထင်မြင်ယူဆပါက၊ ထိုပြဿနာကို စုံစမ်းစစ်ဆေး၍ အစီရင်ခံရန် ထိုစစ်ဘက်အယူခံတရားရုံးက ခန့်အပ်သောအမှုအရေးလွှဲအပ်ခံရသူ အထူးအရာရှိ တဦးထံ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း လွှဲအပ်ရန် အမိန့်ပေးနိုင်သည်။ထို့ပြင်စစ်ဘက်အယူခံတရားရုံးသည်၊ ထိုအမှုအရေး လွှဲအပ်ခံရသူ အထူးအရာရှိ၏ အစီရင်ခံစာထဲမှ မိမိတို့ လက်ခံနိုင်မည်ဟု ထင်မြင်ယူဆသည့် အချက်များကို လက်ခံ၍ အရေးယူ ဆောင်ရွက်နိုင်သည်။ ထို့ပြင်

(စ) နည်းလမ်းတကျ အမှုစီရင်ဆုံးဖြတ်နိုင်ရန်အတွက်၊ အထူးကျွမ်းကျင်နားလည်မှုလိုသည်ဟု၊ စစ်ဘက်အယူခံတရားရုံးက ထင်မြင်ယူဆပါက၊ စစ်ဘက်အယူခံတရားရုံး၏ အဆက်ဆာ လူကြီးအဖြစ်ဖြင့် ဆောင်ရွက်ရန် မည်သည့် အထူးကျွမ်းကျင် နားလည်သူကို မဆို ခန့်အပ်နိုင်သည်။

ထို့ပြင် ထိုစစ်ဘက် အယူခံတရားရုံး၏ အမိန့်များနှင့် ပြစ်ဒဏ် ချမှတ်ချက်များ အာဏာတည်စေရန် လိုအပ်သော ဝရမ်းများကို ထုတ်နိုင်သည်။

သို့ရာတွင် စစ်တရားရုံးဥက္ကဋ္ဌထံမှ အစီရင်ခံစာကို ရယူရန်ကိစ္စအလို့ငှါ၊ စစ်ဘက်အယူခံတရားရုံးက အမိန့်မပေးလျှင်၊ သို့တည်းမဟုတ် ထိုစစ်တရားရုံးဥက္ကဋ္ဌထံမှ အစီရင်ခံစာရယူရန် မဖြစ်နိုင်ဟု သော်၎င်း၊ မလျော်သော ကြန့်ကြာမှု ရှိမည်ဟုသော်၎င်း၊ စစ်ဘက်အယူခံတရားရုံးက ကျေနပ်သည်မဟုတ်လျှင်၊ ဤပုဒ်မခွဲ၏ အပိုဒ် (ခ) အရ၊

စစ်ဘက်အယူခံတရားရုံးသည်၊ စစ်တရားရုံး၏ဥက္ကဋ္ဌထံမှအပ၊ အဖွဲ့ဝင်တဦးထံမှအစီရင်ခံစာ ရယူရန်ကိစ္စအလို့ငှါ၊ အမိန့်မထုတ်ရ။

(၂) စစ်ဘက်အယူခံတရားရုံး၏နည်းဥပဒေများကသတ်မှတ်သည့်အတိုင်း၊ ခရီးစရိတ်နှင့် စားစရိတ်ကို အောက်ပါတို့အား ပေးနိုင်သည်။

(က) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဂ) အရ ထုတ်သောအမိန့်ကို လိုက်နာလျက် စစ်ဘက်အယူခံတရားရုံးသို့ လာရောက်သော၊ သို့တည်းမဟုတ် ထိုအပိုဒ်တွင် ဖော်ပြထားသူ တဦးဦးထံတွင်၊ ထိုအမိန့်နှင့်အညီ စစ်မေးခြင်းခံရသော သက်သေတဦး၊

(ခ) ပြဿနာတရပ်ကို စုံစမ်းစစ်ဆေး၍ အစီရင်ခံရန်အလို့ငှါ၊ ထိုပုဒ်မခွဲ၏ အပိုဒ် (ဃ) အရ လွှဲအပ်ခံရသော အမှုအရေး လွှဲအပ်ခံရသူ အထူးအရာရှိ၊ ထို့ပြင်

(ဂ) စစ်ဘက်အယူခံတရားရုံးတွင် အဆက်ဆောလူကြီးအဖြစ်ဖြင့် ဆောင်ရွက်ရန် ထိုပုဒ်မခွဲ၏ အပိုဒ် (စ) အရ၊ ခန့်အပ်ခြင်းခံရသူ။

(၃) စစ်ဘက်အယူခံတရားရုံး၏နည်းဥပဒေများက သတ်မှတ်ထားသည့်အတိုင်း အခကြေးငွေကို ပုဒ်မခွဲ (၂) ၏ အပိုဒ် (ခ) နှင့် (ဂ) တွင် ဖော်ပြထားသောသူများကို ပေးနိုင်သည်။

မိမိ၏အမှုကို ရေးသားဖွင့်ဆို တင်ရန် အယူခံတရားလို၏ အခွင့်အရေး။

၂၁၉။ ။အယူခံတရားလိုသည်၊မိမိအမှု၏ အဖြစ်အပျက်အကြောင်းအရာများကို၊ နှုတ်ဖြင့် တင်ပြ ပြောဆို မည့်အစား၊ ထိုအဖြစ် အပျက်အကြောင်းအရာများကို စာဖြင့် ရေးသားတင်ပြလိုလျှင် တင်ပြနိုင်သည်။

အယူခံ တရားလို များအား ဥပဒေကြောင်း ကူညီမှု။

၂၂၀။ ။အယူခံတရားလိုတဦးသည်၊ မိမိအပေါ် စစ်တရားရုံးက ချမှတ်သော သေဒဏ်ပါဝင်သည့် ပြစ်မှုထင်ရှားစီရင်ခြင်းကို စစ်ဘက်အယူခံတရားရုံးတွင် အယူခံဝင်သောအခါ၊အဆိုပါကိစ္စများအတွက် ရာဇဝတ် တရားရုံးများတွင် တည်ဆဲ ကျင့်ထုံးစည်းကမ်း နည်းလမ်းနှင့်အညီ၊ ထိုအယူခံတရားလို တဦးအား အခလွတ်ဥပဒေကြောင်း ကူညီမှုပေးရမည်။

အယူခံ တ ရား လို များ မရှိဘဲ မှုခင်း ကိစ္စ များကို ကြားနာစစ်ဆေးခြင်း။

၂၂၁။ ။ဤအခန်းပါပြဋ္ဌာန်းချက်များအရစစ်ဘက်အယူခံတရားရုံးတွင် အယူခံမှုကို ကြားနာစစ်ဆေးရာတွင်သော်၎င်း၊ ထိုအယူခံမှု၏ အစအဦးဖြစ်သော၊ သို့တည်းမဟုတ် ထိုအယူခံမှုမှ ပေါ်ပေါက်သော မှုခင်းကိစ္စ ဆောင်ရွက် ချက်များတွင် သော်၎င်း၊ စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများက အယူခံတရားလိုဘို့ရုံးသို့လာရောက်ခွင့် ရှိစေရမည်ဟု ပြဋ္ဌာန်းထားသော အခါမှတပါး၊ သို့တည်းမဟုတ် စစ်ဘက်အယူခံ တရားရုံးက အယူခံတရားလိုအား ရုံးသို့လာရောက်ခွင့် ပေးသောအခါမှတပါး၊ အယူခံတရားလိုသည်၊ ရုံးသို့ကိုယ်တိုင်လာရောက်ခွင့် မရှိစေရ၊

ထို့ပြင် ထိုသို့ ရုံးသို့ လာရောက်ခွင့် မပေးသည်နှင့်အညီ၊ အယူခံတရားလို ရုံးသို့လာရောက်ခြင်းမရှိစေကာမူ၊ ဤအခန်းပါပြဋ္ဌာန်းချက်များအရ စစ်ဘက် အယူခံတရားရုံးသည် ပြစ်ဒဏ်ချမှတ်နိုင်သည့်အာဏာကိုသုံးစွဲနိုင်သည်။

အယူခံမှုများတွင်ပါဝင်ဆောင်ရွက်ခွင့်။

၂၂၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၌၊ စစ်ဘက်အယူခံ တရားရုံးရှိမည်သည့်အယူခံမှုတွင်မဆို၊ ကိုယ်စားလှယ်ဖြင့် ချေပဆောင်ရွက်ခွင့် ရှိရမည်။

(၂) အယူခံ တရားလိုဌာနသည် အဆိုပါအယူခံမှုကွင် တရားလွှတ်တော်ရှေ့နေဖြင့်ဆောင်ရွက်ခွင့်ရှိရမည်။

သေဒဏ်ချမှတ်ချက်များဆိုင်းငံ့ထားခြင်း။

၂၂၃။ ။(၁) စစ်တရားရုံးတရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းတွင် သေဒဏ်ပါဝင်သောအခါ—

(က) ပုဒ်မ ၂၁၃ ၏ပုဒ်မခွဲ (၂) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် လျှောက်လွှာတင်သွင်းရမည့်၊ ဤအခန်းတွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားမကုန်မခြင်း၊ မည်သည့် ပြစ်ဒဏ် ချမှတ်ချက်ကိုမျှမဆောင်ရွက်ရ။

(ခ) ထိုလျှောက်လွှာကိုနည်းလမ်းတကျ တင်သွင်းလျှင်၊ ထိုလျှောက်လွှာကို အပြီးအပြတ်မပယ်မီဖြစ်စေ၊ မရုပ်သိမ်းမီဖြစ်စေ၊ အယူခံမှုကိုမဆုံးဖြတ်မီဖြစ်စေ၊ လက်မလျှော့မီဖြစ်စေ၊ ပြစ်ဒဏ် ချမှတ်ချက်ကို မဆောင်ရွက်ရ။

သို့ရာတွင် တန်းပြည့်စစ်မှုထမ်းချိန်၌၊ စစ်တရားရုံးက၊ တဦး တယောက်သော သူအား ချမှတ်သည့်သေဒဏ်ကို အတည်ပြုသောအခါ၊ ထို့ပြင် ထိုသေဒဏ်ချမှတ်ချက်ကို အတည်ပြုသည့် အာဏာပိုင်က၊ စစ်စည်းကမ်း၏ အကျိုးအတွက်နှင့် ထိုသူပါရှိသည့် တပ်ဖွဲ့၏ လုံခြုံမှုရရှိရေးအတွက်၊ ထိုသေဒဏ် ချမှတ်ချက်ကို ချက်ခြင်းဆောင်ရွက်သင့်ကြောင်း သက်သေခံလက်မှတ် ပေးသောအခါ၊ ဤပုဒ်မခွဲရှိ အထက်တွင် ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များသည်၊ ထိုသေဒဏ် ချမှတ်ချက်နှင့် မသက်ဆိုင်စေရ။

(၂) စစ်တရားရုံးကချမှတ်သည့် သေဒဏ်ပါဝင်သော ပြစ်မှုထင်ရှား စီရင်ခြင်းကို၊ စစ်ဘက်အယူခံတရားရုံး၌ အယူခံဝင်ရာတွင်၊ စစ်ဘက်အယူခံတရားရုံးသည်၊ ထိုအယူခံမှုကို၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာ ကြားနာစစ်ဆေး၍ စီရင်ဆုံးဖြတ်ရမည်။

ခိုးရာပါပစ္စည်း အစရှိသည်ကို ပြန်အပ်ခြင်း။

၂၂၄။ ။(၁) စစ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ပုဒ်မ ၁၅၁ အရ ဂုတ်သည့် (ပစ္စည်းကို ပြန်အပ်ခြင်းနှင့် သက်ဆိုင်သော) အမိန့်အရ၊ ဆောင်ရွက်ခြင်းကို (ထိုပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွါးဘွယ်မရှိဟု၊ ထိုအမိန့်ကို ထုတ်သော အာဏာပိုင်ကထင်မြင်ယူဆသောအမှုတွင်၊ ထိုအာဏာပိုင်က ဆန့်ကျင်၍ ညွှန်ကြားခြင်းမပြုလျှင်)—

(က) အမှုတခုခုတွင်၊ ပုဒ်မ ၂၁၃ ၏ ပုဒ်မခွဲ (၂) အရ၊ ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ရန် လျှောက်လွှာတင်သွင်းရမည့်၊ ဤအခန်းတွင် သတ်မှတ်ထားသော ကာလအပိုင်းအခြား မကုန်ဆုံးမခြင်း၊ ထို့ပြင်

(ခ) ထိုလျှောက်လွှာကိုနည်းလမ်းတကျတင်သွင်းလျှင်၊ ထိုလျှောက်လွှာကို အပြီးအပြတ် မပယ်မဲဖြစ်စေ၊ မရှင်သိမ်းမဲဖြစ်စေ၊ အယူခံမှုကို မဆုံးဖြတ်မီဖြစ်စေ၊ လက်မလျှော့မီဖြစ်စေ၊

ဆိုင်းငံ့ထားရမည်။ ထို့ပြင် ဤပုဒ်မခွဲအရ၊ အထက်တွင် ဆိုခဲ့သည့် ထိုအမိန့်အတိုင်း ဆောင်ရွက်ခြင်း ဆိုင်းငံ့ထားသောအခါ၊ ပြစ်မှုထင်ရှား စီရင်ခြင်းကို၊ အယူခံဝင်ရာတွင် ပယ်ဖျက်လျှင်၊ ထိုအမိန့်သည် အတည်မဖြစ်စေရ။

(၂) စစ်ဘက်အယူခံ တရားရုံးသည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်ခြင်းမပြုသော်လည်း၊ ထိုအမိန့်ကို၊ အမိန့်ဖြင့်ပယ်ဖျက်နိုင်သည်၊ ယင်တည်းမဟုတ် ပြောင်းလဲနိုင်သည်။ ပယ်ဖျက်လျှင်၊ ထိုအမိန့်သည် အတည်မဖြစ်စေရ။ ပြောင်းလဲလျှင်၊ ပြောင်းလဲသည့်အတိုင်း အတည်ဖြစ်စေရမည်။

(၃) ဤပုဒ်မအရ၊ ထိုအမိန့်နှင့်အညီ ဆောင်ရွက်ခြင်း ဆိုင်းငံ့ထားသော ကာလအပိုင်းအခြားအတွင်း၊ အထက်တွင်ဆိုခဲ့သည့်အတိုင်း၊ ထိုအမိန့်နှင့် သက်ဆိုင်သော ပစ္စည်းတခုခုကို လုံခြုံစွာ ထိန်းသိမ်းထားရေးအတွက်၊ စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

ပြစ်မှုထင်ရှား စီရင်ခြင်းကို ပယ်ဖျက်သောအခါ၊ သူတဦးအား ထပ်မံစစ်ဆေး စီရင်ခြင်းမပြုရ။

၂၂၅။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ၊ တဦးတယောက်သော သူအား၊ ပြစ်မှုတခုအတွက်၊ စစ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်သည့်အခါ၊ ထိုသူသည်၊ ထိုပြစ်မှုအတွက်၊ စစ်တရားရုံးဖြင့်ဖြစ်စေ၊ ရာဇဝတ်တရားရုံးဖြင့်ဖြစ်စေ၊ ထပ်မံစစ်ဆေးစီရင်ခြင်းမခံထိုက်စေရ။

အယူခံဝင်ရာတွင်၊ စစ်ဆေးစီရင်ခြင်းနှင့်သက်ဆိုင်သော စာတမ်းအမှတ်သားများကို ပေးအပ်ခြင်း။

၂၂၆။ ။စစ်တရားရုံးကချမှတ်သော ပြစ်မှုထင်ရှားစီရင်ခြင်းကို၊ စစ်ဘက်အယူခံ တရားရုံးတွင် ဤအခန်းပါပြဋ္ဌာန်းချက်များအရ အယူခံဝင်သည့်အမှုတိုင်း၌၊ စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများနှင့်အညီ—

(က) စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပြစ်ဒဏ်ချမှတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၁၆၄ ၏ ပုဒ်မခွဲ (၁) နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ ထို့ပြင် စစ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ပြစ်ဒဏ်ချမှတ်ချက် အတည်ပြုခြင်းနှင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ၏ လျှောက်လွှာနှင့်စပ်လျဉ်းသည့်မှုခင်းကိစ္စဆောင်ရွက်ခြင်းဆိုင်ရာအမှုတွဲများကို စစ်ဥပဒေချုပ်ကအတွင်းဝန်ထံ၊ သို့တည်းမဟုတ်

(ခ) ပုဒ်မ ၁၆၆ နှင့်အညီ စစ်တရားရုံးတရုံးက ပြန်လည်သုံးသပ်သည့်အမှုတွဲကို၊ ထို့ပြင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ၏ လျှောက်လွှာနှင့်စပ်လျဉ်းသည့် မှုခင်းကိစ္စ ဆောင်ရွက်ခြင်းဆိုင်ရာ အမှုတွဲကို၊ တပ်မတော် မှတ်တမ်းရုံး၏ တပ်မှူးက သော်၎င်း၊ သတ်မှတ်ထားသော အခြားအရာရှိက သော်၎င်း၊ အတွင်းဝန်ထံ၊

ပေးအပ်ရမည်။

၂၂၇။ ။ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ၊ အယူခံမှုနှင့်စပ်လျဉ်း၍၊ ဆုံးဖြတ်ချက် ရရှိစေခြင်းအလို့ငှါ၊ အတွင်းဝန်သည်၊ လိုအပ်သော ဆောင်ရွက်ချက်များ ပြုလုပ်ရမည့်ပြင်၊ အယူခံတရားလိုကို စစ်ဆေးစီရင်သည့် စစ်တရားရုံးတွင် မှုခင်းကိစ္စ ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သော ထိုအယူခံမှုကို မှန်ကန်စွာ ဆုံးဖြတ်ရန်အတွက်လည်း၊ လိုအပ်သည်ဟု ထင်မြင်သည့် စာတမ်းအမှတ်အသားများ၊ သက်သေခံပစ္စည်းများနှင့်အခြားပစ္စည်းအားလုံးကိုရယူ၍၊ စစ်ဘက်အယူခံတရားရုံးတွင်၊ နည်းလမ်းတကျတင်ပြရမည်။

အယူခံခြင်းများ အစရှိသည်တို့နှင့် စပ်လျဉ်း၍ အတွင်းဝန်၏ တာဝန်ဝတ်တရားများ။

၂၂၈။ ။စစ်တရားရုံးက၊ တဦးတယောက်သောသူအား ပြစ်မှုထင်ရှား စီရင်သောအခါ—

စစ်ဘက်အယူခံ တရားရုံးသို့ အထူးလွှဲအပ်တင်ပြခြင်းများ။

(က) စစ်ဘက်အယူခံ တရားရုံးက ဆုံးဖြတ်သင့်သည်ဟု၊ စစ်ဥပဒေချုပ်ကထင်မြင်ယူဆသော၊ အထူးအရေးကြီးသည့် ဥပဒေကြောင်းဆိုင်ရာ အချက်တချက်သည်၊ စစ်တရားရုံး၏ဆုံးဖြတ်ချက်တွင်ပါဝင်နေသည်ဟု စစ်ဥပဒေချုပ်ကထင်မြင်ယူဆလျှင်၊ သို့တည်းမဟုတ်

(ခ) စစ်ဆေးစီရင်ရာတွင် စစ်တရားရုံးက သိရှိခဲ့ပုံမပေါ်ဟု၊ ပုဒ်မ ၁၆၀ ၏ ပုဒ်မခွဲ (၂) ၌ ဖော်ပြထားသည့် သက်ဆိုင်ရာအာဏာပိုင်က ထင်မြင်ယူဆသော အကြောင်းကိစ္စများကို ထည့်သွင်းစဉ်းစားသည့်အခါ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို စစ်ဘက်အယူခံတရားရုံးက စဉ်းစားသင့်သည်၊ သို့တည်းမဟုတ် ပြန်လည်စဉ်းစားသင့်သည်ဟု၊ အဆိုပါ ပုဒ်မခွဲတွင် ဖော်ပြထားသော သက်ဆိုင်ရာအာဏာပိုင်က ထင်မြင်ယူဆလျှင်၊

စစ်ဥပဒေချုပ်၊ သို့တည်းမဟုတ် သက်ဆိုင်ရာအာဏာပိုင်၊ ဆိုင်သင့်ရာရာသည်၊ ဆုံးဖြတ်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း၊ စစ်ဘက်အယူခံ တရားရုံးသို့ လွှဲအပ်တင်ပြနိုင်သည်။ ထို့ပြင် ဤအခန်းရှိအထက်တွင်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်များ၏ကိစ္စများအလို့ငှါ၊ ဤပုဒ်မအရ လွှဲအပ်တင်ပြခြင်းသည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူက၊ ၎င်းအား ပြစ်မှုထင်ရှားစီရင်ခြင်းကို အယူခံဝင်ခြင်းဖြစ်သည်ဟု ယူဆရမည်။

စစ်ဘက် အယူခံတရားရုံး၏အချို့အာဏာများကို စစ်ဘက် အယူခံတရားရုံး၊ တရားသူကြီးတဦးက သုံးစွဲခြင်း။

၂၂၉။ ။ဤအခန်းပါပြဋ္ဌာန်းချက်များအရမှုခင်းကိစ္စဆောင်ရွက်ချက်များတွင်၊ အယူခံတရားလိုအား၊ ရုံးသို့ကိုယ်တိုင် လာရောက်ခွင့်ပြုရန်၊ စစ်ဘက် အယူခံတရားရုံး၏ ဤအခန်းရှိ အာဏာများကို၊ စစ်ဘက်အယူခံတရားရုံးက သုံးစွဲနိုင်သည့်ထပ်တူနည်းလမ်းအတိုင်း၊ စစ်ဘက်အယူခံတရားရုံး၏ တရားသူကြီး တဦးကလည်း၊ ထပ်တူပြဋ္ဌာန်းချက်များကို လိုက်နာလျက် သုံးစွဲနိုင်သည်၊ သို့သော်လည်း ထိုသို့ ရုံးသို့ကိုယ်တိုင်လာရောက်ခွင့်ရရန် လျှောက်လွှာပယ်သည့် အာဏာကို၊ ဤအခန်းအရ အယူခံမှုများ ကြားနာစစ်ဆေးခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်းအတွက်၊ နည်းလမ်းတကျ ဖွဲ့စည်းထားသည့် စစ်ဘက်အယူခံ တရားရုံးကသာလျှင် သုံးစွဲနိုင်သည်။

၂၃၀။ ။စစ်ဘက်အယူခံ တရားရုံးက လိုက်နာရမည့် ကျင့်ထုံးနှင့် စည်းကမ်းနည်းလမ်းများကို စစ်ဘက်အယူခံ တရားရုံး၏ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

စစ်ဘက်အယူခံတရားရုံး၏ နည်းဥပဒေများ။

၂၃၁။ ။ဤအခန်း၏ ကိစ္စများအလို့ငှါ၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်အတွက် ဖြစ်စေ၊ စစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်အတွက်ဖြစ်စေ၊ ဤအက်ဥပဒေက၊ ထိုကိစ္စအလို့ငှါ ပေးအပ်ထားသော အာဏာများကို အကြောင်းပြု၍ အစားထိုးသည့် ဆုံးဖြတ်ချက်သည်၊ သို့တည်းမဟုတ် အစားထိုးသည့် ပြစ်ဒဏ်ချမှတ်ချက်သည်၊ ထိုစစ်တရားရုံး၏ ဆုံးဖြတ်ချက် ဖြစ်သည်ဟု သော်၎င်း၊ ထိုစစ်တရားရုံးက ချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်ဟု သော်၎င်း၊ မှတ်ယူရမည့်ပြင်၊ အထက်တွင် ဆိုခဲ့သည့်အတိုင်း အစားထိုးသော ဆုံးဖြတ်ချက်တရားရုံးကို အကြောင်းပြု၍ ရရှိသည့် ပြစ်မှုထင်ရှား စီရင်ခြင်းသည်၊ ထိုစစ်တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

အစားထိုးသည့်ဆုံးဖြတ်ချက်နှင့်ပြင်ဒဏ် ချမှတ်ချက်တို့ကို အဓိပ္ပါယ်ကောက်ယူခြင်း။

အခန်း ၁၈။

နည်းဥပဒေများ။

၂၃၂။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများ ပြုနိုင်သည်။

နည်းဥပဒေပြုအာဏာ။

(၂) ပုဒ်မခွဲ (၁)ဖြင့် အပ်နှင်းထားသော အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုပုဒ်မခွဲအရ ပြုသည့်နည်းဥပဒေများသည်၊ အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ဤအက်ဥပဒေကို လိုက်နာရသူများအား၊ စစ်မှုထမ်းခြင်းမှအမြဲတန်း ထုတ်ပစ်ခြင်း၊ နုတ်ပယ်ခြင်း၊ အငြိမ်းစားပေးခြင်း၊ သို့တည်းမဟုတ် ထွက်ခွင့်ပြုခြင်း၊

(ခ) ပုဒ်မ ၉၁ အရချမှတ်သော ဒဏ်ငွေမည်ရွေမည်မျှနှင့် ထိုဒဏ်ငွေကိုထမ်းဆောင်ရန်တာဝန်သတ်မှတ်ခြင်း၊

(ဂ) ပုဒ်မ ၇၇ နှင့် ၈၂ အရ စစ်မြေပြင်ပြစ်ဒဏ်များအဖြစ်ဖြင့်ချမှတ်နိုင်သောပြစ်ဒဏ်များကို သီးခြားသတ်မှတ်ခြင်း၊

(ဃ) စုံစမ်းစစ်ဆေးရေးခုံရုံးများ ဖွဲ့စည်းခြင်းနှင့် ၎င်းတို့လိုက်နာရမည့်ကျင့်ထုံး၊ စည်းကမ်းနည်းလမ်းသတ်မှတ်ခြင်း၊ သက်သေခံအကျဉ်းချုပ်များရေးမှတ်ခြင်း၊ ထို့ပြင် ထိုခုံရုံးများက ကျမ်းသစ္စာဖြစ်စေ၊ ကတိသစ္စာဖြင့်စေ၊ ပြုစေခြင်း၊

(င) စစ်တရားရုံးများဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များခန့်အပ်ခြင်း၊ ထို့ပြင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သော အမှုများအတွက်၊ အမှုလိုက်အရာရှိများခန့်အပ်ခြင်း၊

(စ) စစ်တရားရုံးများ ဖွဲ့ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း၊ ထို့ပြင် ရုံးထိုင်ခြင်း၊

(ဆ) စစ်တရားရုံးဖြင့် စစ်ဆေး စီရင်သော အမှုနှင့်စပ်လျဉ်း၍ ထိုရုံးက လိုက်နာရမည့် ကျင့်ထုံး၊စည်းကမ်းနည်းလမ်းသတ်မှတ်ခြင်း၊ ထို့ပြင် စစ်တရားရုံးတွင် ရှေ့နေများအမှုလိုက်လဲဆောင်ရွက်ခြင်း၊

(ဇ) စစ်တရားရုံးများ၏ ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို အတည်ပြုခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ ထို့ပြင် ထိုဆုံးဖြတ်ချက်များ၊ ပြစ်ဒဏ် ချမှတ်ချက်များနှင့် စပ်လျဉ်းသည့် လျှောက်လွှာများ၊

(ဈ) စစ်တရားရုံး၏ ပြစ်ဒဏ်ချမှတ်ချက်များကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊

(ည) စစ်တရားရုံးများ၊ တကျွန်းပွိုဒဏ်၊ ထို့ပြင် ထောင်ဒဏ်နှင့်သက်ဆိုင်သော ဤအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ထုတ်မည့်အမိန့်ပုံစံများ သတ်မှတ်ခြင်း၊

(ဋ) ပုဒ်မ ၁၀၁ အရ၊ မည်သည့်မှီခိုသူများအား ထောက်ပံ့ရမည်၊ ငွေမည်မျှမည်မျှ ထောက်ပံ့ရမည်၊ ထို့ပြင် မည်သည့် နည်းလမ်းဖြင့် ထောက်ပံ့ရမည်ဟု ဆုံးဖြတ်ရန် အာဏာပိုင်များကို ခန့်အပ်ခြင်း၊ ထို့ပြင် ထိုဆုံးဖြတ်ချက်များ အထမြောက်အောင်ဆောင်ရွက်ခြင်း၊

(ဌ) ဤအက်ဥပဒေအရ၊ နည်းဥပဒေများဖြင့် သတ်မှတ်ရန်လိုသည့် အခြားကိစ္စများ။

၂၃၃။ ။နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအတွက် နည်းဥပဒေများ ပြဋ္ဌာန်းသည်။

အကျဉ်းထောင်များ၊ အကျဉ်းသားများနှင့် စပ်လျဉ်းသောနည်းဥပဒေများ ပြဋ္ဌာန်းအာဏာ။

(က) စစ်ဘက် အကျဉ်းထောင်များကို အုပ်ချုပ်ခြင်း၊ စီမံကြီးကြပ်ခြင်း၊ ထိုအကျဉ်းထောင်များ အတွက် စည်းမျဉ်းသတ်မှတ်ခြင်း၊

(ခ) အကျဉ်းထောင် ကြည့်ရှုစစ်ဆေးရေး အရာရှိများ၊ အကျဉ်းထောင်ကြည့်လူကြီးများ၊ ထောင်ပိုင်ဝန်များနှင့် ထောင်အရာရှိများ ခန့်အပ်ခြင်းနှင့်နုတ်ပယ်ခြင်း၊ ထို့ပြင် ၎င်းတို့၏အာဏာများသတ်မှတ်ခြင်း၊

(ဂ) အကျဉ်းထောင်များတွင် ထောင်ဒဏ်ကျခံနေရသော အကျဉ်းသားများလုပ်ရမည့် အလုပ်သတ်မှတ်ခြင်း၊ ထို့ပြင် အလုပ်ကို အထူးကြီးပမ်းလုပ်ကိုင်ခြင်းနှင့် အပြုအမူကောင်းခြင်းကြောင့် ပြစ်ဒဏ်တစိတ်တဒေသလွှတ်ငြိမ်းခွင့်ကို အကျဉ်းသားများအား ပေးစေခြင်း၊

(ဃ) အကျဉ်းသားများကို လုံခြုံစွာအကျဉ်းထားခြင်း၊ ထို့ပြင် အကျဉ်းသားများ၏စည်းကမ်း သေဝပ်မှုကို ထိန်းသိမ်းခြင်း၊ ထို့ပြင်အကျဉ်းသားများ ကျူးလွန်သည့် ပြစ်မှုများအတွက် လူကိုယ်ပြုပြင်ပေးခြင်း၊ ချုတ်ချယ်ခြင်း၊ သို့တည်းမဟုတ် ဒဏ်ခြားနည်းဖြင့် ပြစ်ဒဏ်ပေးခြင်း၊

(ငး) အကျဉ်းထောင်အရာရှိများ၏တာဝန်ဝတ်တရားများအပြင်၊ အကျဉ်းသား မဟုတ်သူများအား ပြစ်ဒဏ်ပေးခြင်းနှင့်သက်ဆိုင်သော အကျဉ်းထောင်အက်ဥပဒေ (The Prisons Act) ပါ မည်သည့် ပြဋ္ဌာန်းချက်ကိုမဆို၊ စစ်ဘက် အကျဉ်းထောင်များနှင့် သက်ဆိုင်စေခြင်း၊

(စ) အကျဉ်းသားများကတွေ့လိုသူများကို သင့်လျော်သော အချိန်များ၌၊ သင့်လျော်သော ကန့်သတ်ချက်များကို လိုက်နာစေ၍၊ အကျဉ်းထောင်ထဲသို့ ဝင်ခွင့်ပြုခြင်း၊ ထို့ပြင် တတ်နိုင်သရွေ့ ကြားနိုင်သည့် နေရာတွင်၊ အခြားသူ တဦးဦးမရှိစေဘဲ၊ စစ်ဆေး စီရင်ခြင်းခံရသဲ့ အကျဉ်းသားများနှင့် ၎င်းတို့၏ရွေနေများ ညှိနှိုင်းတိုင်ပင်ခြင်း၊

(ဆ) အယူခံဇာရားလိုကိုအချုပ်နှင့်ထားသောအခါ၊ အခင်း ၁၇ ပါ ကိစ္စများအလို့ငှါ၊ အယူခံတရားလိုလာရောက်ခွင့်ရှိသောနေရာ၊သို့တည်းမဟုတ် စစ်ဘက်အယူခံ တရားရုံးကဖြစ်စေ၊ ထိုတရားရုံး၏ တရားသူကြီးတဦးကဖြစ်စေ၊ အဆိုပါတရားရုံး၏မှုခင်းကိစ္စဆောင်ရွက်ချက် တခုခုအတွက်၊ ထိုအယူခံတရားလိုကို ယူဆောင်ခဲ့ရမည်ဟု အမိန့်ချမှတ်သောနေရာသို့၊ မည်သို့ယူဆောင်ရမည့်၊ ထိုနေရာ၌ အချုပ်နှင့် မည်သို့ထားရမည့်၊ ထို့ပြင် ထိုနေရာမှ မည်သို့ပြန်ပို့ရမည့် နည်လမ်းသတ်မှတ်ခြင်း။

ကိုယ်ခန္ဓာဆိုင်ရာ ပြစ်ဒဏ်နှင့် စပ်လျဉ်းသော နည်းဥပဒေပြုခြင်းအာဏာကို ကန့်သတ်ခြင်း။

၂၃၄။ ။ပုဒ်မ ၂၃၃ အရပြုသော နည်းဥပဒေများသည်၊ ကိုယ်ခန္ဓာဆိုင်ရာ ပြစ်ဒဏ်ကို၊ ပြစ်မှုတခုခုအတွက် ပေးရန်ခွင့်မပြု။ ထို့ပြင် နယ်ဘက်အကျဉ်းထောင်နှင့် သက်ဆိုင်သော တည်ဆဲတရားဥပဒေပါ ထောင်ဒဏ်ထက် ကြီးလေးသည့် ထောင်ဒဏ်ကို လည်း၊ ထိုနည်းဥပဒေများက ခွင့်မပြု။

စည်းမျဉ်း ဥပဒေများ ပြုရန် အာဏာ။

၂၃၅။ ။နိုင်ငံတော်သမတသည်၊ ပုဒ်မ ၂၃၂ တွင် သီးခြား ဖော်ပြထားသည့် ကိစ္စများမှတပါး၊ ဤအက်ဥပဒေ၏ အခြားကိစ္စရပ်များအနက်၊ ကျန်ကိစ္စအားလုံး၊ သို့တည်းမဟုတ် တခုခုအတွက် စည်းမျဉ်း ဥပဒေများပြုနိုင်သည်။

အစိုးရ ပြန်တမ်းတွင် နည်းဥပဒေ များနှင့် စည်းမျဉ်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း။

၂၃၆။ ။ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေနှင့် စည်းမျဉ်းဥပဒေအားလုံးကို၊ အစိုးရပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ယင်းသို့ ထုတ်ပြန်ကြေညာသည့်အခါ၊ ၎င်းတို့သည်၊ ဤအက်ဥပဒေ၌ပြဋ္ဌာန်းထားဘိသကဲ့သို့ အတည်ဖြစ်စေရမည်။

ရုပ်သိမ်းခြင်း။

၂၃၇။ ။ဤအက်ဥပဒေ၏ဇယားတွင် ဖော်ပြထားသော အက်ဥပဒေများကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ဇယား။။

(ပုဒ်မ ၂၃၇ ကိုကြည့်)

အမည်။	အမှတ်။	နှစ်။
မြန်မာနိုင်ငံ ကြည်းတပ်အက်ဥပဒေ (The Burma Army Act).	....	....
မြန်မာနိုင်ငံကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Army (Amendment) Act, 1943].	၁၇ XVII	၁၉၄၃ 1943
မြန်မာနိုင်ငံကြည်းတပ် (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ [The Burma Army (Second Amendment Act), 1943].	၂၅ XXV	၁၉၄၃ 1943
မြန်မာနိုင်ငံကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Army (Amendment) Act, 1944].	၉ IX	၁၉၄၄ 1944
မြန်မာနိုင်ငံကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Army (Amendment) Act, 1948].	၁၅ XV	၁၉၄၈ 1948
မြန်မာနိုင်ငံကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Army (Amendment) Act, 1953].	၄၁ XLI	၁၉၅၃ 1953
မြန်မာနိုင်ငံကြည်းတပ် (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Army (Amendment) Act, 1955].	၂၄ XXIV	၁၉၅၅ 1955
မြန်မာနိုင်ငံကြည်းတပ် ပြစ်ဒဏ်ချမှတ်ချက်များ ဆိုင်းငံ့ထားခြင်း အက်ဥပဒေ [The Burma Army Suspension of Sentences Act, 1920].	၂၀ XX	၁၉၂၀ 1920
မြန်မာနိုင်ငံရေတပ်စည်းကမ်း အက်ဥပဒေ [The Burma Naval Discipline Act. 1947].	၀၁ LXXXI	၁၉၄၇ 1947
မြန်မာနိုင်ငံရေတပ်စည်းကမ်း (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Naval Discipline (Amendment) Act, 1949].	၄၅ XLV	၁၉၄၉ 1949
မြန်မာနိုင်ငံရေတပ်စည်းကမ်း (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Naval Discipline (Amendment) Act, 1953].	၁ I	၁၉၅၃ 1953
မြန်မာနိုင်ငံရေတပ်စည်းကမ်း (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Naval Discipline (Amendment) Act, 1957].	၂၀ XX	၁၉၅၇ 1957
မြန်မာနိုင်ငံလေတပ် (စည်းကမ်း) အက်ဥပဒေ [The Burma Air Force (Discipline) Act, 1947].	၄၅ XLV	၁၉၄၇ 1947

အမည်။	အမှတ်။	နှစ်။
မြန်မာနိုင်ငံလေတပ် (စည်းကမ်း) (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Air Force (Discipline) (Amendment) Act, 1950].	၂ II	၁၉၅၀ 1950
မြန်မာနိုင်ငံလေတပ် (စည်းကမ်း) (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Air Force (Discipline) (Amendment) Act, 1957].	၂၁ XXI	၁၉၅၇ 1957
မြန်မာနိုင်ငံလေတပ် (စည်းကမ်း) (ပြင်ဆင်ချက်) အက်ဥပဒေ [The Burma Air Force (Discipline) (Amendment) Act, 1958].	၃၄ XXXIV	၁၉၅၈ 1958

ပဒေသာမြေပဲ—အမှတ် ၁၅၊ တရားရေးဝန်ကြီးဌာန၊ ၁-၁၂-၅၉—၂,၂၀၀—၂။

THE CITY OF RANGOON MUNICIPAL (AMENDMENT) ACT, 1959.

[Act No. XLIV of 1959.]

It is hereby enacted as follows :—

1. (*1*) This Act may be called the City of Rangoon Municipal (Amendment) Act, 1959.

(*2*) It shall come into force on the 1st October, 1959.

2. Section 5 of the City of Rangoon Municipal Act hereinafter referred to as the said Act *shall be deleted.*

3. In section 19 of the said Act, the words " the Education Board or " and the words " Board or " *shall be deleted.*

4. In section 20 of the said Act, the words " of the Education Board or ", the words " or of the Education Board " and the words " or Education Board " *shall be deleted.*

5. In section 21 of the said Act, the words " or of the Education Board " and the words " Board or " *shall be deleted.*

6. In section 22 of the said Act, the words " or of the Education Board " *shall be deleted.*

7. In section 23 of the said Act, the words " of the Education Board or " and the words " or of such board " *shall be deleted.*

8. In clause (*a*) of section 24 of the said Act, the words " or of the Education Board " *shall be deleted.*

9. In section 25 of the said Act—

(*a*) *after* the semi-colon (;) at the end of clause (xxviii) the word " and " *shall be inserted* ; and

(*b*) clause (xxix) *shall be deleted.*

10. In clause (ii) of section 26 of the said Act—

(*a*) the words " schools or " *shall be deleted* ; and

(*b*) sub-clauses (*a*) and (*b*) *shall be deleted.*

11. In clause (*b*) of sub-section (*1*) of section 38 of the said Act, the words " or Education " *shall be deleted.*

12. Section 63 of the said Act *shall be deleted.*

13. In section 64 of the said Act, the words " or of the Education Fund " and the words " or the account of the Education Fund of the City of Rangoon ", as the case may be' *shall be deleted.*

14. In section 65 of the said Act, the words " or out of the Education Fund " *shall be deleted.*

15. In section 68 of the said Act, the words " or of the Education Board " *shall be deleted.*

Price,—10 pyas.]

16. In section 69 of the said Act, the words " and Education Fund " *shall be deleted* and *for* the words " of each fund ", the words " of the fund " *shall be substituted.*

17. Sub-section (2) of section 70 of the said Act *shall be deleted.*

18. In section 71 of the said Act—

(*a*) in sub-section (*1*), *for* the words " Municipal and Education Funds ", the words " Municipal Fund " *shall be substituted.*

(*b*) in sub-section (2), clause (*c*) *shall be deleted.*

19. Section 76 of the said Act *shall be deleted.*

20. In section 203 of the said Act, the words " or the Education Board " *shall be deleted.*

21. In section 224 of the said Act, the words " or of the Education Board " *shall be deleted.*

22. In section 235 of the said Act—

(*a*) in clause (iii)—

(i) in sub-clause (*a*), the words " Education Board and " *shall be deleted.*

(ii) in sub-clauses (*b*) and (*c*), the words " board and " wherever they occur *shall be deleted.*

(iii) in sub-clause (*d*), the words " of such board or " *shall be deleted.*

(*b*) in clause (iv)—

(i) in sub-clauses (*a*) and (*c*), the words " the Education Board " wherever they occur *shall be deleted.*

(ii) in sub-clauses (*d*) and (*e*), the words " the Education Board or " wherever they occur *shall be deleted.*

(iii) in sub-clause (*g*), the words " or member of the Education Board " *shall be deleted.*

(iv) in sub-clause (*h*), the words " Education Board " *shall be deleted.*

(*c*) in clause (xi), *for* sub-clause (*a*), the following *shall be substituted* as sub-clause (*a*); namely :—

" (*a*) the manner in which and the person by whom payments may be made out of the Municipal Fund or cheques drawn upon the said fund may be signed ;".

G.U.B.C.P.O.—No. 31, M. of J.A., 28-10-59—2,200—II.

THE SHAN STATE CRIMINAL LAW AND PROCEDURE EXTENSION ACT, 1959.

[ACT NO. XLV OF 1959.]

WHEREAS the criminal laws and procedure in force in the Shan State are indefinite and are now obsolete ;

AND WHEREAS it is expedient that the said laws be replaced by laws that are in force in the Union of Burma.

It is hereby enacted as follows :—

1. (*1*) This Act may be called the Shan State Criminal Law and Procedure Extension Act, 1959.

(*2*) It shall come into force on such date and in such area in the Shan State as the President may, by notification, appoint in that behalf and different dates may be appointed for different areas.

2. Notwithstanding anything in any other law for the time being in force and subject to the provisions in sub-section (*2*) of section 1, the Penal Code and the Code of Criminal Procedure shall come into force in the Shan State.

3. On the issue of a notification by the President under sub-section (*2*) of section 1 for any area in the Shan State—

(*a*) the following notifications, namely :—

(i) the Government of Burma, Political Department Notification No. 33, dated the 21st June 1926 with which was published " the Federated Shan States Laws and Criminal Justice Order, 1926 ";

(ii) the Government of Burma, Political Department Notification No. 12, dated the 11th July 1895 relating to " Control over Administration of Criminal Justice ";

(iii) the Government of Burma, Foreign Department Notification No. 10, dated the 5th September 1889 relating to " Modification of the Customary Laws in all the Shan States except the Myolat as to Capital Sentences ";

(iv) the Government of Burma, Foreign Department Notification No. 11, dated the 19th November 1890 relating to " Orders modifying the Customary Laws in the Federated Shan States ";

(v) the Government of Burma, Political Department Notification No. 54, dated the 21st December 1932 relating to the appointment of certain *Sawbwas* as Additional Sessions Judges; and

(vi) the Government of Burma, Political Department Notification No. 43, dated the 5th October 1922, as amended by No. 23, dated the 30th April 1928 relating to the appointment of certain *Myosas* and *Ngwegunhmus* as Magistrates of the second class;

Price,—10 pyas.]

shall cease to have effect in that area from the date appointed in the said Notification ;

(*b*) the provisions of section 5 of the Burma General Clauses Act as respects repeal of an enactment shall apply when Notifications mentioned in clause (*a*) cease to have effect;

(*c*) all cases and proceedings pending before Courts established under the provisions of any notification mentioned in clause (*a*) shall be heard and decided by a competent Court established under the Code of Criminal Procedure or any other law for the time being in force.

4. Notwithstanding anything contained in section 3 officers in the service of the Government exercising any magisterial powers in any area in the Shan State prior to the commencement of this Act shall continue to exercise the said magisterial powers.

Explanation.—For the purpose of this section "Government" means the Shan State Government or the Union Government, as the case may be.

G.U.B.C.P.O.—No. 25, Min. of J.A., 27-10-59—2,200—II.

၁၉၅၉ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်)' အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင်စတင်အာဏာတည်ရမည်။

၃။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေ ပုဒ်မ ၂ တွင် အောက်ပါကို ပုဒ်မခွဲ (၃) အဖြစ်ထည့်သွင်းရမည်။

"(၃) နိုင်ငံတော်သမ္မတ သည် ဆူပူခြင်း၊ သို့တည်းမဟုတ် ထကြွခြင်းကြောင့် ငြိမ်ဝပ်ပိပြားရေးအတွက်လိုအပ်သည်ဟုယူဆလျှင်၊ ဤအက်ဥပဒေ အာဏာတည်ဆဲဖြစ်သည့်ဒေသတခုခုတွင် အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင်သီးခြားဖေါ်ပြသည့်နေ့ရက်၌ ဤအက်ဥပဒေအာဏာတည်ခြင်းမှ ရပ်စဲရမည်ဟုကျေညာနိုင်သည်။ ထိုသို့ကျေညာသည့်အခါ မြန်မာနိုင်ငံယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရမည်။"

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၄-က နောက်တွင် အောက်ပါကို ပုဒ်မ ၁၄-ခ အဖြစ်ထည့်သွင်းရမည်။

"၁၄-ခ။ ။နိုင်ငံတော်သမ္မတ က ပုဒ်မ ၂၊ ပုဒ်မခွဲ (၃) အရထုတ်ပြန်သည့်အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသောနေ့ရက်၌—

(က) မြန်မာနိုင်ငံ ယေဘုယျစကားရပ် အက်ဥပဒေ ပုဒ်မ ၅ တွင် မည်သို့ပင်ပါရှိစေကာမူ ဤအက်ဥပဒေ အာဏာတည်အံ့ဆဲဆဲကာလတွင် စာည့်ဆဲဖြစ်သော တရားဥပဒေများသည်၊ ပုဒ်မ ၁၄-က အရပျက်ပြယ်သည်ဟုမှတ်ယူရမည်ဖြစ်သော်လည်း ၎င်းတို့ကို ဤအက်ဥပဒေကပယ်ဖျက်ခြင်းမပြုဘိသကဲ့သို့ ဤအက်ဥပဒေ အာဏာတည်ခြင်းမှရပ်စဲသည့်ဒေသနှင့် ပြန်လည်သက်ဆိုင်စေရမည်။

သို့ရာတွင် အဆိုပါတရားဥပဒေများပါ ပြဋ္ဌာန်းချက်များဖြင့် အပ်နှင်းထားသောအာဏာနှင့်တာဝန်ဝတ်တရားများကိုသုံးစွဲဆောင်ရွက်ရန်အာဏာဝိုင်ကို သက်ဆိုင်ရာဒေသဆိုပါတရား

ဥပဒေများနှင့်အညီမခန့်ထားနိုင်မီ၊ နိုင်ငံတော် သမ္မတက အဓိန် ကြော်ငြာစာဖြင့် ခန့်ထားသည့် ပုဂ္ဂိုလ်တဦးက၊ ထိုအာဏာနှင့်တာဝန်ဝတ်တရားများကို သုံးစွဲဆောင်ရွက်ရမည်။

(ခ) ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့် သက်ဆိုင်ရာ ဒေသန္တရ အဖွဲ့ဝင်လူကြီးများနှင့် ကျေးရွာတရားရုံး လူကြီးများ၁ည်း၊ မိမိတို့၏ အာဏာနှင့် တာဝန်ဝတ်တရားများကို စွန့်လွှတ်ပြီးဖြစ်သည်ဟုမှတ်ယူရမည်။

(ဂ) ဒေသန္တရ အဖွဲ့အသီးသီးနှင့် ကျေးရွာတရားရုံးတို့၏ ပစ္စည်း၊ တောင်းဆိုရယူပိုင်ခွင့်များနှင့် ကြေးမြိတာဝန်အားလုံးသည် နိုင်ငံတော်သမ္မတ တွင် တည်ရှိပြီးဖြစ်သည်ဟုမှတ်ယူရမည်။ ထိုပစ္စည်းတောင်းဆိုရယူပိုင်ခွင့်များနှင့် ကြေးမြိတာဝန်အားလုံးကို မည်သူကမည်ကဲ့သို့ ဆက်ခံသုံးစွဲဆောင်ရွက်ရမည်ကို နိုင်ငံတော်သမ္မတက အခါအားလျော်စွာအမိန့်ကြော်ငြာစာဖြင့်သတ်မှတ်နိုင်သည်။

(ဃ) ဤအက်ဥပဒေအရဖွဲ့စည်းထားသည့် သက်ဆိုင်ရာဒေသန္တရ အဖွဲ့ကဖြစ်စေ၊ ကျေးရွာ တရားရုံးကဖြစ်စေ၊ စစ်ဆေးစီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည့်မည်ပြီးပြတ်သေးသော ဂုဇဝတ်မှု၊ သို့တည်းမဟုတ် တရားမမှု၊ သို့တည်းမဟုတ် အခွန်တော်မှု၊ သို့တည်းမဟုတ် အထွေထွေမှုများကို အခြားတည်ဆဲတရား ဥပဒေများအရထိုအမှုများနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်၊ သို့ဟည်းမဟုတ် တရားရုံးကလက်ခံ၍ဆက်လက်စစ်ဆေးစီရင်ဆောင်ရွက်ရမည်။

(င) ဤအက်ဥပဒေအာဏာတည်ခြင်းမှရပ်စဲသည့်ဒေသနှင့်စပ်လျဉ်း၍ တည်ဆဲတရား ဥပဒေများ၀ါ ပြဋ္ဌာန်းချက်များအားလုံး၊ သို့တည်းမဟုတ် တခုခုကို ထမြောက် အောင်မြင်အောင် ဆောင်ရွက်ရာတွင်၊ အခက်အခဲပေါ်ပေါက်လာလျှင်၊ နိုင်ငံတော် သမ္မတ သည်၊ ထိုအခက်အခဲပယောက်စေရန်အလို့ငှါ အကြောင်းအားလျော်စွာအမိန့်ဖြင့် လိုအပ်သည့် ထင်မြင်သော မည်သည့်ဆောင်ရွက်မှုကိုမဆို ပြုလုပ်ဆောင်ရွက်နိုင်သည်။''

၁၈၈၁ခု—အမှတ် ၂၆၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၉—၂,၂၀၀—၂။

၁၉၅၉ ခုနှစ်၊မော်လမြိုင်မြို့ ကုလားတန်းစူရတီစျေးကိုမြို့နိုစီပါယ် ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်း စူရတီစျေးကို မြို့နိုစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ ၂ သည်၊ ၁၉၅၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ မော်လမြိုင်မြို့ ကုလားတန်းစူရတီစျေးကို မြို့နိုစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၄ ၏ ပုဒ်မခွဲ (၁) ၌ ''မော်လမြိုင်မြို့ရှိ ကုလားတန်း စူရတီစျေးကို'' ဆိုသည့် စကားရပ်နောက်တွင်၊ ''ပြည်သူ့အကျိုးအတွက်လိုအပ်ပါက၊'' ဆိုသည့် စကားလုံးကို ထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၁ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၁၂ အဖြစ်ထည့်သွင်းရမည်။

''၁၂။ ။(၁) စျေးအုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော် သမတ က ဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက်၊ မိမိ၏ငွေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို၊ နိုင်ငံတော် သမတ ထံပေးပို့ရမည်။

(၂) စျေးအုပ်ချုပ်ရေးအဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သောငွေစာရင်းများကို၊ နိုင်ငံတော် သမတ ၏သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။

(၃) စျေးအုပ်ချုပ်ရေးအဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် စျေးအုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံတင် စာရင်းစစ်များအား၊ နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့်၊ မိမိ၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) ဈေးအုပ်ချုပ်ရေးအဖွဲ့၏ ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊ ဈေးအုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်သမတ ထံသို့၊ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွတင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့်အစီရင်ခံစာအသီးသီး၏မိတ္တူတစောင်စီကို၊ ဈေးအုပ်ချုပ်ရေးအဖွဲ့၏မဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန် အတွက်ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့်၊ မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော် စာရင်းစစ်ချုပ်က၊ ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ်ထားသည့်၊ ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့၊ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန်၊လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်းမပြုရ။''

၁၂၊၅၁၀—၂၊၂၀၀—၁၇ ဒုတိယအကြိမ်၊ ၂၇-၁၀-၅၉—အမှတ် ၂၇၊ တရားရေးဝန်ကြီးဌာန၊

THE BURMA COMPANIES (AMENDMENT) ACT, 1959.

[Act No. XLVIII of 1959.]

It is hereby enacted as follows :—

1. This Act may be called the Burma Companies (Amendment) Act, 1959.

2. *After* section 145 of the Burma Companies Act, hereinafter referred to as the said Act, the following *shall be inserted* as sections 145A, 145B and 145C :—

" 145A. (*1*) In the case of a company in which Government holds any share the following provisions shall apply notwithstanding anything contained in sections 131, 144 and 145.

Application of sections 131, 144 and 145 to company in which Government holds shares.

Explanation.—" Government " includes State Government.

(*2*) The auditor of a company in which Government holds any share shall be appointed or re-appointed by the President of the Union on the advice of the Auditor-General.

(*3*) The Auditor-General shall have power—

(*a*) to direct the manner in which the company's accounts be audited by the auditor appointed in pursuance of sub-section (*2*) and to give such auditor instructions in regard to any matter relating to the performance of his functions as such ;

(*b*) to conduct a supplementary or test audit of the company's accounts by such person or persons as he may authorise in this behalf ; and for the purposes of such audit, to require information or additional information to be furnished to any person or persons so authorised, on such matters, by such person or persons, and in such form, as the Auditor-General may, by general or special order, direct ;

(*c*) to require the company to produce before him such records or documents in its possession or under its control for the purposes of audit or supplementary or test audit of the company's account and at such time as may be specified by him.

(*4*) Any order requiring any information, records or documents to be furnished or produced by a company may also be addressed to any person who is, or has at any time been, an officer or employee of the company, and all the provisions of this section, so far as may be, shall apply in relation to such person as they apply in relation to the company.

Price,—10 pyas.]

(5) The auditor aforesaid shall submit a copy of his audit report to the Auditor-General who shall have the right to comment upon, or supplement, the audit report in such manner as he may think fit.

Delegation.

145B. Anything which under section 145A is required to be done by the Auditor-General may be done by any person authorised by him, either generally or specially.

Penalty.

145C. If a company in which Government holds any share fails to comply with an order made under section 145A, the company and every officer or employee thereof who is in default shall be punishable with imprisonment which may extend to two years or with fine which may extend to ten thousand kyats, or with both."

G.U.B.C.P.O.—No. 32, Min. of J.A., 28-10-59—2,200—II.

၁၉၅၉ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးစျေး) ကို မြို့နိုစီပါယ်ဝိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးစျေး) ကို မြို့နိုစီပါယ်ဝိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ပုဒ်မ ၂ သည်၊ ၁၉၅၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးစျေး) ကို မြို့နိုစီပါယ်ဝိုင်ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၉ ၏ ပုဒ်မခွဲ (၁) ၌ "စူရတီဘာရားဘဇား (သိမ်ကြီးစျေး) မြေရာအဆောက်အဦ စသည်တို့ကို ၎င်းတို့တွင်အမြဲတမ်းဆင်ထားသော အရာများနှင့်တကွ" ဆိုသည့် စကားရပ်နောက်တွင်၊ "ပြည်သူအကျိုးအာဂက် လိုအပ်ပါက၊" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၉ နောက်တွင်၊ အောက်ပါကို၊ ပုဒ်မ ၉-က အဖြစ်ထည့်သွင်းရမည်။

"၉-က။ ။(၁) အုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော် သဟတ က ဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက်၊ မိမိ၏ငွေစာရင်းရှင်းတမ်းအပြင်၊ အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို၊ နိုင်ငံတော် သမတ ထံပေးပို့ရမည်။

(၂) အုပ်ချုပ်ရေးအဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သောငွေစာရင်းများကို၊ နိုင်ငံတော် သမတ ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော် စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။

(၃) အုပ်ချုပ်ရေးအဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော် စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက် အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် အုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီး ခန့်ထားသော မှတ်ပုံတင် စာရင်းစစ်များအား နိုင်ငံတော် သမတ၏ သဘောတူညီချက်ဖြင့်၊ မိမိ၏ ငွေစာရင်းများကို ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အုပ်ချုပ်ရေးအဖွဲ့၏ ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီး သည်နှင့်တပြိုင်နက်၊ အုပ်ချုပ်ရေးအဖွဲ့သည်၊ နိုင်ငံတော် သမတ ထံသို့၊ ထိုနှစ်ချုပ်ငွေစာရင်း မိတ္တူတစောင်ကို၊ စာရင်းစစ်ချက် အစီရင်ခံစာ မိတ္တူတစောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထို ရှင်းတမ်းနှင့် အစီရင်ခံစာ အသီးသီး၏ ဒိတ္တူ တစောင်စီကို၊ အုပ်ချုပ်ရေးအဖွဲ့၏မဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန် အတွက်ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ နိုင်ငံတော်စာရင်းစစ်ချုပ်ကဆောင်ရွက်ရမည့်၊ မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က၊ ယေဘုယျ အမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ၊ အာဏာလွှဲအပ် ထားသည့်၊ ၎င်း၏ လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရ မည်။ သို့ရာတွင် နိုင်ငံတော် စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူ ထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်ခဲစေ၊ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကတင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန်၊ လက်အောက်အရာ ရှိအား၊ အာဏာလွှဲအပ်ခြင်းမပြုရ။''

ပါမောက္ခ၊ စာ—အမှတ် ၂၀။ တရားရေးဝန်ကြီးဌာန၊ ၂၀-၁၀-၅၉—၂,၂၀၀—၂၊ ၂၀၀၄—၂၊

၁၉၅၉ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။အမည်နှင့် စတင် အာဏာတည်သည့်နေ့ရက်။ ။(၁) ဤအက်ဥပဒေကို ၁၉၅၉ ခုနှစ်၊ ဘဏ္ဍာတော်အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။အမြတ်တော်ခွန်နှင့် နောက်ထပ်အခွန်တော် စည်းကြပ်သည့် နှုန်းများ။ ။(၁) ပုဒ်မခွဲ (၃) နှင့် (၄) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြု၍ ဘဏ္ဍာတော်နှစ်အတွက် အောက်ပါအတိုင်း အခွန်တော်စည်းကြပ်ရမည်—

(က) ဤအက်ဥပဒေ၏ ပဌမဇယား၊ အပိုင်း ၁ တွင် သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်းအမြတ်တော်ခွန် နှင့်

(ခ) မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၅၅ ပါ ကိစ္စများအလို့ငှာ၊ ဤအက်ဥပဒေ၏ပဌမဇယား၊ အပိုင်း ၂ တွင်သီးခြားဖော်ပြထားသည့်နှုန်းများအတိုင်းနောက်ထပ်အခွန်တော်။

(၂) ၁၉၆၀ ပြည့်နှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် အခွန်တော်စည်းကြပ်ခြင်း၊ သို့တည်းမဟုတ် ပြန်ပေးခြင်းပြုလုပ်ရာ၌ စည်းကြပ်ခံရသူ၏ စုစုပေါင်း၀င်ငွေတွင်၊ အလုပ်လုပ်၍ရသည့်၀င်ငွေ ပါ၀င်လျှင်၊ ထို၀င်ငွေ၏ ငါးပုံ တပုံနှင့် ညီမျှသောငွေကို၊ ထိုသူ၏စုစုပေါင်း၀င်ငွေမှ မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၅-က (၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နုတ်ရမည်။ သို့ရာတွင် ထိုသို့နုတ်ဒေါကျပ်ငွေမှာ၊ မည်သည့်အချက်တွင်မျှ လေးထောင်ထက် မပို စေရ။ ထို့ပြင် စည်းကြပ်ခံရသူမှာ၊ ကုန်သည်အစုစပ်လုပ်ငန်းတွင်ပါ၀င်သူဖြစ်လျှင်၊ ထိုကုန်သည်အစုစပ်လုပ်ငန်း အပေါ်တွင် အခွန်တော်စည်းကြပ်ရာ၌ အလုပ်လုပ်၍ရသည့် ၀င်ငွေအတွက်ခွင့်ပြုသမျှငွေကို၊ အဆိုပါနုတ်ရမည့်ငွေထဲမှ လျော့ရမည်။ ထိုခွင့်ပြုသည့်ငွေမှာလည်း၊ ကုန်သည်အစုစပ်လုပ်ငန်း၏ အမြတ်ငွေများတွင် ထိုသူ၏အမြတ်၀စုနှင့် သက်ဆိုင်သမျှသောငွေသာဖြစ်ရမည်။

(၃) ၁၉၅၉ ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့မှအစပြု၍ဘဏ္ဍာတော်နှစ်အတွက် မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၈၊ပုဒ်မခွဲ (၂)၊သို့တည်းမဟုတ် ပုဒ်မခွဲ (၂-ခ) အရ၊ ‘‘ လစာငွေများ ’’ ဧ၊ငါးစဉ်အောက်တွင် စည်းကြပ်နိုင်

အတိုး—၁၅ ပြား]

သည့် အလုပ်လုပ်၍ ရသောဝင်ငွေမှ အမြတ်တော်ခွန်နှုတ်ရန်အလို့ငှါ၊ နှုတ်ရမည့်အမြတ်တော်ခွန်ကို၊ တွက်သောအခါ၊ ဤခေါင်းစဉ်အောက်ရှိ စည်းကြပ်ခံရသူ၏ ခန့်မှန်းခြေစုစုပေါင်းဝင်ငွေမှ ထိုအလုပ်လုပ်ရသောဝင်ငွေ၏ ငါးပုံတပုံနှင့် ညီမျှသောငွေကို လျှော့ရမည်။ သို့ရာတွင် ထိုသို့လျှော့သောငွေမှာ မည်သည့်အခါတွင်မျှ ကျပ်ငွေလေးထောင်ထက်မပိုစေရ။

(၄) ၁၉၅၉ ခုနှစ်၊အောက်တိုဘာလ ၁ ရက်နေ့မှအစပြုမည့်ဘဏ္ဍာတော်နှစ်အတွက် မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၂) အရ၊ '' လစာငွေများ ''ခေါင်းစဉ်အောက်တွင် စည်းကြပ်နိုင်သည့်ဝင်ငွေမှ အမြတ်တော်ခွန်နှုတ်ရန်အလို့ငှါ၊ နှုတ်ရမည့် အမြတ်တော်ခွန် (နောက်ထပ်အခွန်တော်မပါ) ကို တွက်သောအခါ၊ ဤခေါင်းစဉ်အောက်ရှိ စည်းကြပ်ခံရသူ၏ခန့်မှန်းခြေစုစုပေါင်းဝင်ငွေမှ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေ ပုဒ်မ ၁၅-က (၂)အရ၊ မယားနှင့်သားသမီးများအတွက် ခွင့်ပြုသည့်ငွေကို လျှော့ရမည်။

(၅) ဤပုဒ်မပါ ကိစ္စများအတွက်၎င်း၊ ဤပုဒ်မအရစည်းကြပ်သည့်အခွန်တော်နှုန်းများအတွက်၎င်း '' စုစုပေါင်းဝင်ငွေ '' ဆိုသည့်စကားရပ်မှာ၊ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ အမြတ်တော်ခွန်၊ သို့တည်းမဟုတ် နောက်ထပ်အခွန်တော်ဆိုင်သင့်ရာရာ ကိစ္စများအတွက် သတ်မှတ်သည့်အတိုင်း စုစုပေါင်းဝင်ငွေကိုဆိုလိုသည်။ ထို့ပြင် '' အလုပ်လုပ်၍ရသည့်ဝင်ငွေ '' ဆိုသည့်စကားရပ်မှာ၊ ထိုအက်ဥပဒေ ပုဒ်မ ၂၊ အပိုဒ် (၆-က) တွင်၊ ထိုစကားရပ်ကို အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်းပင်ဖြစ်သည်။

၃။ ။ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်။ ။(၁) ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက် မြန်မာနိုင်ငံ အမြတ်တော်ခွန် အက်ဥပဒေ အရ၊ အခွန်တော်စည်းကြပ်ခြင်းနှင့်သက်ဆိုင်သော မည်သည့် အထက်နှစ်အတွက်မဆို ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန် အက်ဥပဒေပုဒ်မ ၂၊ အပိုဒ် (၁)၊ အပိုဒ်ခွဲ (စ) အရသတ်မှတ်ရန် အခွန်တော်ကင်းလွတ်ခွင့်ပြုသည့်ငွေသည် ကျပ်ငွေတသိန်းဖြစ်ရမည်။

(၂) ၁၉၆၀ ပြည့်နှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက်၊ မြန်မာနိုင်ငံအမြတ်တော်ခွန်အက်ဥပဒေအရ၊ အခွန်စည်းကြပ်ခြင်းနှင့် သက်ဆိုင်သောမည်သည့် အထက်နှစ်အတွက်မဆို၊ ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်အက်ဥပဒေ ပုဒ်မ ၄ အရ၊စည်းကြပ်သော အခွန်တော်သည်၊ စည်းကြပ်ထိုက်သည့် အမြတ်အစွန်း၏ ဆယ့်ခြောက်နှင့်သုံးပိုင်းနှစ်ပိုင်းရာခိုင်နှုန်းနှင့်ညီမျှရမည်။

၄။ ။စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း။ ။၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်ခန့်မှစသော ဘဏ္ဍာတော်နှစ်အတွက်၊ ဤအက်ဥပဒေ၏ ဒုတိယဇယားကို၊ မြန်မာနိုင်ငံ စာပို့ဝိုက်အက်ဥပဒေ၌၎င်း၊ ထိုအက်ဥပဒေ၏ ပဌမဇယားအဖြစ်ထည့်သွင်းရမည်။

ပဌမဇယား။

၁၉၅၉-၆၀ ခု၊ ဘဏ္ဍာတော်နှစ်အတွက်၊ အမြတ်တော်ခွန် နှင့် နောက်ထပ်အခွန်တော်နှုန်းများ ဇယား။

[ပုဒ်မ ၂ ကိုကြည့်။]

အပိုင်း ၁။

အမြတ်တော်ခွန်နှုန်းများ။

က။ ။သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုးအိမ်ထောင်သားစု၊ မှတ်ပုံမတင်သည့် ကုန်ဖက်စပ်လုပ်ငန်း အသီးသီးနှင့် ဤအပိုင်း အပိုဒ် ခ၊ သို့တည်းမဟုတ် အပိုဒ် ဂ နှင့်မသက်ဆိုင်သော အခြားအသင်းအဖွဲ့ဖြစ်လျှင်—

၁။ ။စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၁,၅၀၀ ပေါ်တွင် ... မရှိ။

၂။ ။စုစုပေါင်းဝင်ငွေအနက် နောက်ကျပ်ငွေ ၃,၅၀၀ ပေါ်တွင် ... ၇ ရာခိုင်နှုန်း။

၃။ ။စုစုပေါင်းဝင်ငွေ အနက် နောက်ကျပ်ငွေ ၅,၀၀၀ ပေါ်တွင် ... ၁၃ ရာခိုင်နှုန်း။

၄။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၅,၀၀၀ ပေါ်တွင် ... ၂၂ ရာခိုင်နှုန်း။

၅။ ။စုစုပေါင်း ဝင်ငွေအနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၃၂ ရာခိုင်နှုန်း။

သို့ရာတွင်—

(၁) အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့် သားသမီးများ အတွက်ခွင့်ပြုသမျှငွေကို မနုတ်မီ၊ကျပ်ငွေ ၄,၂၀၀ ထက်မပိုသော စုစုပေါင်းဝင်ငွေပေါ်တွင် အမြတ်တော်ခွန်မပေးဆောင်ရ။

(၂) ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ (အလုပ်လုပ်၍ရသည့်ဝင်ငွေ အတွက်နှင့်မယားနှင့် သားသမီးများအတွက် အဆိုပါ ခွင့်ပြုငွေကို မနုတ်မီ) စုစုပေါင်းဝင်ငွေက ကျပ်ငွေ ၄,၂၀၀ ထက်ပိုသမျှသော ငွေ၏ထက်ဝက်ထက်မည်သည့်အချက်တွင်မျှ မပိုစေရ။

(၃) အလုပ်လုပ်၍ရသည့် ဝင်ငွေအတွက်နှင့် မယားနှင့် သားသမီးများ အတွက် ခွင့်ပြုသမျှငွေနုတ်ပြီးဖြစ်သည့် စုစုပေါင်း ဝင်ငွေပေါ်တွင်

ပေးဆောင်ရမည့် အမြတ်တော်ခွန်မှာ၊ အောက်ပါငွေနှစ်ရပ်အနက် နည်းရာငွေထက်မပိုစေရ—

(က) ယင်းသို့ လျော့ပေါ့ထားသည့် စုစုပေါင်းဝင်ငွေနှင့် မလျော့ပေါ့ရသေးသည့် စုစုပေါင်း ဝင်ငွေနှစ်ရပ်၏ အချိုးအစား အတိုင်း (အလုပ်လုပ်၍ရသည့်ဝင်ငွေအတွက်နှင့် ဓနသားသမီးများအတွက် ခွင့်ပြုသမျှငွေကို မနုတ်မီ) စုစုပေါင်းဝင်ငွေကျပ် ၄,၂၀၀ ထက်ပိုသမျှသောငွေ၏ထက်ဝက်နှင့် အချိုးအစား တူသည့်ငွေပေါင်း၊ သို့တည်းမဟုတ်

(ခ) ယင်းသို့ လျော့ပေါ့ထားသည့် ဝင်ငွေပေါ်တွင်၊ ဤဇယားဖြင့် သီးခြားဖေါ်ပြထားသည့် နှုန်းများအတိုင်း ပေးဆောင်ရမည့် အမြတ်တော်ခွန်ငွေ။

၃။ ။ကုမ္ပဏီ အသီးသီးဖြစ်လျှင်၎င်း၊ မြန်မာနိုင်ငံ အမြတ်တော်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အများဆုံးနှုန်းဖြင့် အမြတ်တော်ခွန် ကောက်ခံရမည်ဖြစ်လျှင်၎င်း—

စုစုပေါင်း ဝင်ငွေအားလုံးအပေါ်တွင် ... ၃၂ ရာခိုင်နှုန်း။

၈။ ။မှတ်ပုံတင်ထားသည့် ကုန်ဖက်စပ်လုပ်ငန်းအသီးသီးဖြစ်လျှင်—

၁။ ။စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် ... မရှိ။

၂။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၃၀,၀၀၀ ပေါ်တွင် ... ၅ ရာခိုင်နှုန်း။

၃။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၇၀,၀၀၀ ပေါ်တွင် ... ၇ ရာခိုင်နှုန်း။

၄။ ။စုစုပေါင်း ဝင်ငွေအနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၁၀ ရာခိုင်နှုန်း။

အပိုင်း ၂။

နောက်ထပ်အခွန်တော်နှုန်းများ။

က။ ။သီးခြားပုဂ္ဂိုလ်၊ ပစ္စည်းမဲ့ဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု၊ မှတ်ပုံမတင်သည့် ကုန်ဖက်စပ် လုပ်ငန်းအသီးသီးနှင့် ဤအပိုင်းပါ အပိုဒ် ခ၊ သို့တည်းမဟုတ် အပိုဒ် ဂ နှင့် မသက်ဆိုင်သော အခြားအသင်းအဖွဲ့ဖြစ်လျှင်—

၁။ ။စုစုပေါင်း ဝင်ငွေအနက် ပဌမကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... မရှိ။

၂။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၂၀,၀၀၀ ပေါ်တွင် ... ၁၀ ရာခိုင်နှုန်း။

၃။ ။စုစုပေါင်း ဝင်ငွေအနက် နောက်ကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... ၃၁ ရာခိုင်နှုန်း။

၄။ ။စုစုပေါင်း ဝင်ငွေ အနက် နောက်ကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... ၃၀ ရာခိုင်နှုန်း။

၅။ ။စုစုပေါင်း ဝင်ငွေ အနက် နှောက်ကျပ်ငွေ ၉၁၆,၀၀၀ ပေါ်တွင် ... ၄၀ ရာခိုင်နှုန်း။
၆။ ။စုစုပေါင်း ဝင်ငွေ အနက် နှောက်ကျပ်ငွေ ၇၅,၀၀၀ ပေါ်တွင် ... ၅၀ ရာခိုင်နှုန်း။
၇။ ။စုစုပေါင်း ဝင်ငွေ အနက် နှောက်ကျပ်ငွေ ၁,၀၀,၀၀၀ ပေါ်တွင် ... ၅၆ ရာခိုင်နှုန်း။
၀။ ။စုစုပေါင်း ဝင်ငွေ အနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၆၆ ရာခိုင်နှုန်း။

၃။ ။သမဝါယမအသင်းများ အက်ဥပဒေအရမှတ်ပုံတင်သွင်းထားလျက်ရှိသော သမဝါယမအသင်းဖြစ်လျှင်—

၁။ ။စုစုပေါင်း ဝင်ငွေ အနက် ပဌမကျပ်ငွေ ၂၅,၀၀၀ ပေါ်တွင် ... မရှိ။
၂။ ။စုစုပေါင်း ဝင်ငွေ အနက် ကျန်ကျပ်ငွေ ပေါ်တွင် ... ... ၁၃ ရာခိုင်နှုန်း။

၀။ ။ကုမ္ပဏီအသီးသီးဖြစ်လျှင်—

စုစုပေါင်း ဝင်ငွေအားလုံးပေါ်တွင် ... ၁၀ ရာခိုင်နှုန်း။

ဒုတိယဇယား။

မြန်မာနိုင်ငံစာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား။

[ပုဒ်မ ၄ ကိုကြည့်။]

ချောစာများ။

	ပြား။
၃ အောင်စထက်မပိုလျှင်	၁၅
နှောက်ထပ် ၃ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း ...	၇

စာပို့ကဒ်များ။

တစောင်လျှင်	၅
ပြန်စာအတွက်ပါ	၁၀

စာအုပ်၊ ပုံစံနှင့် နမူနာအထုပ်များ။

ပဌမ ၂ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း ...	၅
၂ အောင်စထက်ပိုသည့်နောက်ထပ် ၁ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း	၃

မှတ်ပုံတင်ငြိုးသတင်းစာများ။

	ပြား။
၄ အောင်စထက်မပိုလျှင်	၂
၅ အောင်စထက်ပို၍ ၈ အောင်စထက်မပိုလျှင်	၃
၈ အောင်စထက်ပိုသည့် အလေးချိန် ၈ အောင်စတိုင်း၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း	၃

အထုပ်တခုတည်းတွင်ပါရှိသည့် တနေ့တည်းထုတ်မှတ်ပုံတင်ငြိုးသတင်းစာ တစောင်ထက်ပိုလျှင်—

၄ အောင်စထက်မပိုလျှင်	၃
နောက်ထပ် ၂ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း	၁

သို့ရာတွင် ထိုအထုပ်များကို လိပ်စာပါသူ၏ နေအိမ်သို့ မပို့ရ။ အသိ အမှတ်ပြုထားသည့် ကိုယ်စားလှယ်အားစာပို့တိုက်၌ပေးအပ်ရမည်။

ပါဆယ်ထုပ်များ။

၁ ပေါင်ထက်မပိုလျှင်	၁၀
၂၂ ပေါင်အထိ၊ နောက်ထပ် အလေးချိန် ၁ ပေါင်၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း	၁၀

နိုင်ငံတွင်းစာပို့ကဒ်များ၊ ချောစာများနှင့် ငွေလွှဲလက်မှတ်များအတွက် နောက်ထပ်လေကြောင်းချောပို့ခများ။

စာပို့ကဒ်	၅
ချောစ်ာအတွက် ၃ အောင်စ၊ သို့တည်းမဟုတ်၎င်း၏အစိတ်အပိုင်း	၅
နောက်ထပ် ၃ အောင်စ၊ သို့တည်းမဟုတ် ၎င်း၏အစိတ်အပိုင်း	၅
ငွေလွှဲလက်မှတ်တစောင်လျှင်	၅

ပါမောက္ခချုပ်၊—အမှတ် ၂၉၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၉—၂၄,၂၀၀—၂။

၁၉၅၉ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ။

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၁။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁,၃၇,၃၄,၅၀,၀၀၀ (၅)အက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၂။ ။(၁) ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ ၄,၀၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များထုတ်ပေးခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ငင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များထား၍ငင်း၊ အာမခံစာချုပ်များ ပြုလုပ်၍ထုတ်ပေးနိုင်သည်။

၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက်ငွေချေးယူခြင်း။

(၂) ပါလီမန်၏အက်ဥပဒေများအရသော်ငင်း၊ နိုင်ငံတော်သမတ က ဟဲ့ဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်များအရသော်ငင်း၊ ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ဖြင့် ချေးယူသည့်ငွေများကို ကျသင့်သော အတိုးနှင့်တကွ ပေးဆပ်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးက ထာဝန်ခံနိုင်သည်။ သို့သော် ၁၉၆၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၊ ထိုကဲ့သို့တာဝန်ခံသည့် ချေးငွေစုစုပေါင်းသည် ကျပ်ငွေ ၁၅ ကုဋေထက်မပိုစေရ။

(၃) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၄) ဤအက်ဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့် အတိုးကိုငင်း၊ ထိုအာမခံစာချုပ်များ ထုတ်ပေးသည့် ကိစ္စနှင့် စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုငင်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

နောက်ဆက်တွဲဇယား

အစိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ၊ ကျပ်
အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော်	၅၇,၀၃,၀၀၀
အမြတ်တော်ခွန်	၂၁,၀၀,၀၀၀
မြန်မာနိုင်ငံတော် အောင်ဘာလေသိန်းဆု	၀,၃၄,၀၀၀
မြေခွန်တော်	၁,၀၄,၉၁,၀၀၀
ယစ်မျိုး	၂၇,၀၉,၀၀၀
တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှ	၃,၀၇,၀၀၀
သစ်တော	၇၅,၀၉,၀၀၀
အခြားအခွန်တော်များနှင့် အကောက်တော်များ	၉,၉၀,၀၀၀
ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ	၁,၃၀,၄၃,၀၀၀
စာပို့တိုက်နှင့်ကြေးနန်း	၁,၉၂,၄၄,၀၀၀
အတိုးနှင့်ကြေးမြို	၃,၀၂,၆၀,၀၀၀
ပါလီမန်	၂၆,၀၆,၀၀၀
အရပ်ရပ်စီရင်အုပ်ချုပ်မှ	၃,၁၁,၀၁,၀၀၀
စာရင်းစစ်	၆၁,၅၇,၀၀၀
တရားရေး	၀၉,၉၇,၀၀၀
အကျဉ်းထောင်များ	၀၆,၁၅,၀၀၀
ရဲအဖွဲ့	၁၀,၀၀,၀၀,၀၀၀
ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များ	၁,၄၀,၇၇,၀၀၀
သာသနာရေးကိစ္စများ	၃၅,၂၉,၀၀၀
နိုင်ငံခြားရေး	၇၅,၀၇,၀၀၀
လောကဓါတ်ပညာဆိုင်ရာဌာနများ	၅၆,၄၃,၆၀၀
ပညာရေး	၁၂,၁၄,၃၀,၀၀၀
ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး	၃,၃၀,၅၁,၀၀၀
လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး ...	၂,၀၅,၉၃,၀၀၀
စက်မှု လက်မှုအလုပ်အကိုင်များ	၁၄,၀၇,၀၀၀
လေကြောင်းပျံသန်းသွားလာမှု	၃၄,၆၀,၀၀၀
အထွေထွေဌာနများ	၃,၉၆,၀၇,၀၀၀
ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ	၆,၀၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများ	၂,၆၅,၂၀,၀၀၀
ပင်ရှင်လစာငွေများ	၃,၂၁,၅၂,၀၀၀
စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း	၆၄,၀၇,၀၀၀
အထွေထွေ	၃၀,၃၅,၀၀၀
ကာကွယ်ရေး	၃၃,၇၅,၀၀,၀၀၀
ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ	၂,၅၈,၀၀,၆၀၀
စစ်ကြောင်းထွက်ခွါမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ ...	၇၇,၀၀၀
အကောက်တော်နှင့်နိုင်ငံတွင်းအကောက်တော်အတွက် မှတည်ငွေရင်း	၇,၂၄,၀၀၀
သစ်တောအတွက် မှတည်ငွေရင်း	၃၄,၁၇,၀၀၀
ဆည်မြောင်းအတွက် မှတည်ငွေရင်း	၇၂,၂၀,၀၀၀
စာပို့တိုက်နှင့်ကြေးနန်းအတွက် မှတည်ငွေရင်း	၆၅,၁၃,၀၀၀
ရဲအဖွဲ့အတွက် မှတည်ငွေရင်း	၂,၃၁,၇၀,၀၀၀

နောက်ဆက်တွဲဇယား။ ။အဆိုး

အဖိုးရဌာန။	ခွဲဝေသုံးစွဲသည့်ငွေ ။
	ကျပ်
ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ...	၄၅,၁၅,၀၀၀
နိုင်ငံခြားရေးအတွက် ,မ,တည်ငွေရင်း	၂၇,၅၀,၀၀၀
ပညာရေးအတွက် မ,တည်ငွေရင်း	၃၁,၀၀,၀၀၀
ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေးအတွက် မ,တည်ငွေရင်း ...	၃၆,၆၁,၀၀၀
လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမငွေစုငွေချေး လုပ်ငန်းနှင့် တော့်တ်ခေါင်းပါးခြင်း ကယ်ဆယ်ရေးအတွက် မ,တည်ငွေရင်း	၁၀,၈၄,၀၀၀
လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ...	၃၄,၅၀,၀၀၀
ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့် ဒင်္ဂသွန်းစက်ရုံအတွက် မ,တည်ငွေရင်း	၁,၉၀,၄၀,၀၀၀
မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း	၃,၀၀,၀၀,၀၀၀
စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်းအတွက် မ,တည်ငွေရင်း ...	၁၀,၀၀,၀၀၀
ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ..	၈,၀၀,၀၀,၀၀၀
စက်မှု လက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း ...	၇၆,၆၉,၀၀၀
အဖိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ ...	၁၈,၂၁,၀၀,၀၀၀
အခြားအဖိုးရသည့် ကြိုတင် ထုတ်ပေးငွေများနှင့် အဖိုးမရသည့်ကြိုတင် ထုတ်ပေးငွေများ	၄,၉၈,၄၀,၀၀၀
ပေါင်း ...	၁,၃၇,၃၄,၅၀,၀၀၀

ပါမောက္ခချုပ်—အမှတ် ၃၀၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၁-၅၉—၂,၁၀၀—ဦး